
THA KHIN

## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ထုတ်ဝေဖြန့်ချိရေး | ဒေါ်ဝါဝါထွေး(မြ-၀၂၁၇၄) ပတ္တမြားသိက်စာပေ အမှတ်(၈၆)၊ ဥက္ကာ(၃)လမ်း၊ (၇)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့်အတွင်း ပုံနှိပ် | ဦးကျင်ရင်(မြ-၀၀၃၂၇) ရွှေခြသေ့ပုံနှိပ်တိုက် အမှတ်(၁၇၉)၊ ၃၁ လမ်း၊ (၁၁)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်ခြင်း | ၂၀၁၉ခုနှစ်၊ အောက်တိုဘာလ။ |
| အုပ်ရေ | ၅၀၀အုပ် |
| တန်ဖိုး | ၄၅၀၀ကျပ် |

ထုတ်ဝေသည့်စာ ကတ်တလောက်အညွှန်း(CTP)

ဂါဘုရင်မ(ဒုတိယပိုင်း) / သျှင်မ– ရန်ကုန်
ပတ္တမြားသိက်စာပေ။
စာမျက်နှာ(၄၅၄)၊ ၁၃.၂စင်တီ× ၂၀.၅
(၁) ဂါဘုရင်မ(ဒုတိယပိုင်း)





(ဒုတိယပိုင်း)

ချက်ချင်းဝေ့တက်လာလို့ပါ.. ။

သူမက ကာယကံရှင်..ကိုယ့်ကိုမြင်လိုက်ရရင် ဖြုန်းခနဲဘယ်လိုနေမလဲဆိုသည့်အတွေး ကားထဲကမထွက်ခင်တည်းက ဝင်ခဲ့မိသည်။ ထို့ကြောင့် သူမတွေးချိန်မရလောက်အောင် အစကလည်းဘာမှမဖြစ်ခဲ့သလိုမျိုး ကိုယ့်ကိစ္စပဲကိုယ်ပြောဖို့ အာရုံများနေသလိုလို အတင်းကြီးပြောနေခဲ့မိတာဖြစ်သည်။ ခဏလေးတိတ်ကျသွားပြီး သူမမျက်နှာခဏအတွင်း ငိုင်ကျသွားတာနှင့် ဥမ္မာ့မျက်နှာပေါ်က ဟန်ဆောင်ပြုံးရယ်ခြင်းတွေလည်း ကွာကျပျောက်ကွယ်လျက်.. ။

"နင်ဘယ်မှာမှအလုပ်ရှာဖို့ မလိုတော့ဘူးဒါဒါ..မကြီးသန်းဝင်းက သူ့ယောက်ျားဆီပြန်သွားမှာ၊ အဲ့ဒီတိုက်ကြီးပြီးတာနဲ့ ငါတို့လုပ်ငန်းကို အဲ့ဒီကိုရွှေ့မှာ..ဖန်စီစတိုးလည်းထည့်မှာ၊ အဲ့ဒါက နင့်အတွက်ပဲ..မကြီးပြန်လာတော့ ဟိုလေ.နင်တို့သတင်းတွေကြားပြီး အတော်စိတ်မကောင်းဖြစ်သွားတာ၊ လုပ်ငန်းတိုးချဲ့ဖို့ စိတ်ကူးကလည်း အစတည်းကရှိခဲ့တယ်..နင်လည်း ဒုက္ခများနေမှာသိလို့.."

"ငါရန်ကုန်ကိုပြန်မလာချင်ဘူး.."

ဒီသမီးလေးနဲ့ အမေ့ပုံရိပ်တွေကို ဘယ်လိုဖျောက်ပစ်ရမလဲ..ရန်ကုန်မှာအမြဲမနေဘူးဆိုပေမယ့် ကိုယ့်မွေးရပ်ဇာတိမြို့ ကိုယ်ခင်တွယ်တဲ့နေရာ။ ခြေရာချင်းတူရင်တောင် ရန်ကုန်မှာထင်ခဲ့တဲ့ခြေရာက နက်ရှိုင်းလိမ့်မည်။ ပြီးတော့ ဦးဝင်းမောင်.. ။

"နင်ဦးဝင်းမောင်ကြီးနဲ့ နေလို့မဖြစ်တာငါတို့သိတယ်လေ..အခု မကြီးသန်းဝင်းက နင့်ကိုပါညီမရင်းတစ်ယောက်လို မွေးစားမှာဟ၊ လုပ်ငန်းခွဲမယ်..ငါ့ဘေးမှာနင်ရှိမယ်ဆို သူဟိုမှာစိတ်ဖြောင့်ဖြောင့်အလုပ်လုပ်နေနိုင်တယ်တဲ့၊ အရင်လို အလုပ်သမားပုံစံမဟုတ်ဘူးလေ..ရှယ်ယာရှင်ဖြစ်သွားမှာ ဖန်စီဒီဇိုင်းလေးတွေ နင်ဘယ်လိုဆန်းသစ်တီထွင်တတ်တာ မကြီးကအကုန်သိနေတော့ ဖန်စီစတိုးကို နင်ပဲဦးစီးရမှာ.."

ဘယ်လိုအားတက်ဖွယ်စကားကမှ ဒါဒါ့မျက်နှာကို ပြုံးရယ်လာအောင် မစွမ်းနိုင်ဘဲရှိလေသည်။ ဘယ်သူမှမသိလိုက်သော အတင်းစကားတချို့က ကိုယ့်နားထဲကိုပဲ တိုးတိုးလေးလာကပ်သတိပေးနေခဲ့ပြီး.. ။

မလုပ်နဲ့ဒါဒါ..အဲ့ဒီလို နင့်ဘဝပြောင်းပြန်လှန်သလို ပြောင်းလဲသွားခဲ့ရင် နင်ပျော်ရမယ်ထင်နေသလား.. ။

"အေးပါ..ပြီးတော့မှ သတိမပေးဘဲနေခဲ့ရကောင်းလားဖြစ်မှာစိုးလို့ပါ အဲ့ဒီဒါဒါဆိုတဲ့ကောင်မလေးက ရိုင်းကရိုင်းသေးတယ်..လုလိုက်တာ



လည်း မပြောနဲ့၊ မအေမိဘကိုတောင် သူငယ်ချင်းလိုပြန်ခံပြောနေတာ စဉ်းစားကြည့်..တစ်ခုလပ်တစ်လင်ကွာဆိုတာမျိုးက စည်းစောင့်ကြတာမဟုတ်ဘူးလေ၊ သူ့လိုလူကြီးလူကြီးမှန်းမသိအောင် ဖလန်းဖလန်းဖြစ်နေတဲ့ တစ်ခုလပ်တော့ မပြောနဲ့တော့..ညည်းလင်ကို ညည်းသံကွန်ချာနဲ့အုပ်ထားနိုင်လို့လား၊ ဒီလိုမိန်းမမျိုးကို အနားမှာထားရင် မီးစနေ၁မီးစ..အထက်ဘဝဂ်အောက်အဝီစိထိ လောင်မယ့်မီးစ.."

မသန်းဝင်းနဲ့ဆွေမျိုးသားချင်းလို ရင်းနှီးနေသော အလုပ်ရုံဘေးတိုက်က ဒေါ်တရုတ်မဆိုသည့် မိန်းမကြီးပြောနေတာတွေပါ။ ဒီစကားတွေကို သူမကျမှ တစ်လုံးမကျန်ကြားခဲ့ရသည်။ ကိုယ့်ကွယ်ရာဆိုပြီး ခြေဟန်လက်ဟန်တွေစုံအောင် ပြောနေတာအားပါးတရ။ သူခိုးဖမ်းပြီး ပက်ပက်စက်စက်ရန်တွေပစ်ရမှာတောင် ပြန်အားနာမိတဲ့အထိ စကားလုံးတွေက ရှင်းသီး၏။

"ငါကတော့ အဲ့ဒီကောင်မလေး ငါ့အိမ်ရှေ့ကဖြတ်သွားရင်တောင် ငါ့ယောက်ျားနဲ့ငါ့သားတွေကို ဘယ်တောင်းနဲ့ထအုပ်ထားရမှန်းမသိဘူး.. သူ့ကိုမြင်မိရင် မကြိုက်တဲ့ယောက်ျားလေးက ခပ်ရှားရှားလေ၊ ကိုယ်လုံးကိုယ်ပေါက်ကမယ်ဗမာ..မျက်တောင်ကော့ကော့ မျက်လုံးရွဲရွဲနဲ့ ငါတို့ကတော့ အဲ့ဒါကိုကြာမျက်လုံးလို့ပဲ သတ်မှတ်တယ်.."တဲ့.. ။

ဒါတွေကျတော့ အလုပ်သမတစ်ယောက်ကကြားလာပြီး ဒေါ်တရုတ်အတင်းတုပ်နေသည့်ပုံစံကို သရုပ်ဖော်ပြောနေကြတာဖြစ်သည်။ သူဌေးဖြစ်ကြသည့် အလုပ်ရှင်တွေကတော့ ဒီစကားတွေပျံ့နှံ့နေပြီမှန်း ဘယ်သိမှာလဲ..။ ထို့ပြင် ဒါတွေကြောင့် မသန်းသန်းဝင်းတို့ရဲ့ဆက်ဆံဖော်ရွေမှုတွေ ဆုတ်လျော့ပြောင်းလဲသွားခဲ့တာ မရှိပေ။ ထို့ကြောင့်လည်း သူမမသိသလိုပဲနေခဲ့သည်။ 'ငါမှန်တယ်..သူတို့ပြောကြသလို ငါမဟုတ်ဘူး'ဆိုသည့် မာနခြင်း ဖြတ်ကျော်လာခဲ့တာ အားငယ်ကြေကွဲစိတ်ဆိုတာ အထုံအကျဉ်ဖွဲ့နေတဲ့အတိုင်း။ ဒါပေမဲ့ ခုတော့ ထုံဆေးပြယ်ခဲ့ပါပြီ.. ။

"အဲ့ဒါသေချာကြည့်ထား..စနိုက်ကျော်မယ့်ရုပ်.."တဲ့.. ။

"ကိုယ့်လင်ကိုယ့်သားတွေကို ဘယ်တောင်းနဲ့အုပ်ထားရမှန်းမသိဘူး"

စကားသံတွေ ဆူညံစွာပြန်ကြားနေရသည်။ ရှုံ့မဲ့ကဲ့ရဲ့နေတာ အတင်းပြောနေတာတွေ ခုပဲကိုယ့်ရှေ့မှာပြောကြတာလိုလို အပီအပြင်ပေါ်၏။ အသွေးအသားတို့သည် မီးအပူဟပ်ခံနေရသလို ရှိန်းရှိန်းထလာခဲ့သည်။

"ဒါဒါ.."

ဥမ္မာက တောင့်မတ်သည့်ကိုယ်လေးနှင့် မျက်တောင်မခတ်ဘဲ သတိလစ်နေသူလို ငေးငိုင်နေသည့် ဒါဒါ့လက်မောင်းလေးကို ဖျစ်ညှစ်ကိုင်လှုပ်

ရင်း.. ၊

"ငါတကယ်ပြောနေတာဒါဒါ..ရန်ကုန်ကကိုယ့်ရဲ့မွေးရပ်မြေ၊ သေသွားတဲ့လူတွေကိုလွမ်းလို့ ပြန်မလှည့်ချင်တော့ဘူးဆိုတာ ငါနားလည်ပေးလို့ရတယ်..ဒါပေမဲ့ ဘယ်တော့မှဆိုတာမျိုးတော့ မလုပ်ပါနဲ့ဟာ၊ နင့်မိသားစုတွေ ဆုံးရှုံးသွားပေမယ့် ငါတို့ကိုမိသားစုတွေလို သဘောမထားနိုင်ဘူးလား..သွေးသားတော်မှ ပေးဆပ်ကြင်နာကြတာလည်း မဟုတ်ပါဘူး.."

"ဟုတ်ပါတယ်..ငါတစ်ယူသန်နေမှန်းသိပါတယ်၊ ဒါပေမဲ့ ငါ..ငါဘယ်လိုမိန်းမပဲဖြစ်ဖြစ် ငါ့ကိုသူများတွေဘယ်လိုမြင်မြင် ပတ်ဝန်းကျင်နဲ့ငါ့ကိုယ်ငါ အမြဲတမ်းခွဲခြားကြည့်ခဲ့တယ်၊ ခုထိငါခံစားမိတဲ့အတိုင်း ငါနေခဲ့တာ၊ ငါမမှားသေးဘူး..ဒါပေမဲ့ ငါ့ကိုဆိုလူတွေက အမြဲတမ်းဘောင်ခတ်ကြတယ်၊ လမ်းပေါ်မှာသွားနေရင်လည်း ငါသွားနေတာ လူတွေကြားထဲမဟုတ်သလိုမျိုး..လူတွေနဲ့တိုးတိုက်သွားနေရင်တောင် တစ်လောကလုံးမှာ ငါတစ်ယောက်တည်းလို.."

"အဲ့ဒါက.."

"ငါအထီးကျန်တာကို ခံစားကြည့်နေတာမဟုတ်ဘူးဉမ္မာ..ဘယ်မှာဖြစ်ဖြစ် ပတ်ဝန်းကျင်ရှိတယ်၊ ငါဂရုစိုက်စိုက်မစိုက်စိုက် ရှိတယ်..ငါပြောချင်တာက ငါနင့်တို့ဆီပြန်လှည့်လာခဲ့ရင်လည်း နင်တို့နဲ့ပတ်သက်ဆက်နွယ်နေကြတဲ့ ပတ်ဝန်းကျင်ဆိုတာ ရှိနေမှာပဲ.."

ဒါဒါသည် ရေဆိုးမြောင်းအပေါ်ယံမှာ တလှုပ်လှုပ်မျောနေသည့် အမှိုက်တို့ဆီ အဓိပ္ပာယ်မဲ့ငေးနေရင်း.. ၊

"ခွေးရူးလိုက်လို့ ပြေးနေရပြီဆိုရင် ရှေ့မှာစိန်ခဲရွှေခဲတွေ တန်းစီချပေးထားရင်တောင် သေငယ်ဇောကြောင့် အဲ့ဒါတွေကိုမြင်မှာမဟုတ်ဘူး..မြင်ရင်တောင်မှ ဖန်ကွဲစလား စိန်တုံးလားလို့ ဘယ်သူကခွဲခြားနေနိုင်မှာလဲ၊ ငါ့ဘဝလျှောင်သွက်သွက်ခါလှုပ်နေတဲ့အချိန် ငါ့နောက်မှာဘယ်လိုအဖိုးတန်ရတနာတွေပဲ ကျန်ခဲ့ကျန်ခဲ့ ပြန်မလှည့်ချင်တော့ဘူး.."

"နောက်ထပ်တစ်ယူသန်နေပြန်ပြီဒါဒါရယ်..နင်ဟာလေ.."

ဒါဒါမျက်လွှာချလိုက်ရင်း ခေါင်းပါငုံ့သွားကာ.. ၊

"ဟုတ်တယ်..ငါ့အကျင့်ကိုက တံခါးတစ်ချပ်ကနေ ဖွင့်ထွက်လိုက်ပြီဆိုရင် တံခါးနောက်မှာ ဘာဖြစ်နေနေ စိတ်မဝင်စားချင်ဘူး.."

"ဒါဒါ.."

ဉမ္မာအားမလိုအားမရဖြစ်လာရင်း ဒါဒါ့လက်မောင်းကိုဖျန်းခနဲရိုက်သည်။ ပြီးတော့ လွယ်ထားရဆဲအိတ်ကြီးကို အုတ်ဘောင်ပေါ်မှာ ဆောင့်



အောင့်သွားတင်ထားလိုက်ပြီး.. ၊

"ဒါဆို အခုငါကရန်ကုန်နဲ့မန္တလေး အစုန်အဆန်ကားစီးရတာ ဘယ်လိုနေလဲ စီးကြည့်ရှုံလား.."

တောင်းပန်သည့်မျက်ဝန်းလေးတွေ တက်လာတော့ ဉမ္မာကရှုံ့မဲ့ခေါင်းခါပစ်သည်။ သူမလိုလူက ပတ်ဝန်းကျင်ဆိုတာတွေ ထည့်ပြောလာတာ အံ့ဩမိသည်။ ဒါဒါဘယ်တုန်းကမှ ပတ်ဝန်းကျင်ကိုဂရုမစိုက်ခဲ့တာ အားလုံးသိသည်။ ထို့ပြင် သူမစိတ်ရင်းကောင်းရှိတာ အကျင့်စာရိတ္တမပျက်ပြားတာလည်း သူတို့တွေသိကြသည်။ အားနည်းသူကို အားပေးတတ်သည်။ နှစ်ဘက်လွန်ဆွဲရပြီဆို ဒါဒါဘယ်တော့မှဘက်လိုက်မဲခွဲခဲ့တာမရှိပေ။ ငွေရှိတဲ့သူကိုလည်း ဂရုမစိုက်တတ်.. ၊

"သူက ငါနဲ့တော့မတည့်ဘူး..ဒါပေမဲ့ ခုကိစ္စမှာ သူမမှားဘူးဉမ္မာ၊ မသန်းဝင်းက အလုပ်သမားပြဿနာတွေ နင့်လောက်မသိပါဘူး..သေချာပြောပြပေးလိုက်ပါ၊ လိုအပ်ရင် ငါ့ကိုခေါ်..ဒီကိစ္စဟိုဘက်က မတရားတာအရှင်းကြီး.."ဆိုတာမျိုး.. ၊

ဒါဒါက ပြောလည်းပြောရဲသည်။ နေရာတကာ ရှာဆော်ပွကြီးလုပ်ဘာမျိုးလည်းမဟုတ်ဘဲ ပြောရမည်ဆို သူမသည်အလွန်နေတတ်ထိုင်တတ်သော မိန်းမတစ်ယောက်ဖြစ်၏။

"နင်ကတော့ အံ့ဩနေမှာပဲ..ဟုတ်တယ် ဘယ်တုန်းကမှငါမကြောက်ခဲ့ဘူး၊ ခုလည်းမကြောက်ပါဘူး..ဒါပေမဲ့ ငါဟာအရင်တည်းက သူများကဂရုစိုက်ကဲ့ရဲ့တာကို ခံခဲ့ရတဲ့သူလေ၊ ခုကျတော့ ငါ့ရဲ့ကံဆိုးမှုကြီးက တစ်လောကလုံးမြင်အောင် မီးမောင်းထိုးပြလိုက်သလိုပဲ..တစ်ခုလပ်ကလေးအမေဖြစ်တုန်းကလည်း လူတွေသိတယ်၊ ကလေးမရှိတော့တဲ့ မုဆိုးမဖြစ်သွားတော့ ပိုသိကြတယ်.."

"သိတော့ဘာဖြစ်သလဲပြောပါဦး..အဲ့ဒီလူတွေကို နင်ဘယ်တုန်းကဂရုစိုက်တတ်သွားတာလဲ.."

"မစိုက်ပါဘူး..ဒါပေမဲ့ သူတို့ကတော့ ငါ့ကိုအထူးဂရုစိုက်ကြတယ်၊ နင်တို့ကိုပါ ဂရုစိုက်လာကြမှာ ငါမလိုချင်ဘူး.."

"လိုချင်ချင် မလိုချင်ချင် ဘဝဆိုတာ မလိုချင်တာကိုပဲပေးတာဆို..ကိုယ်လိုချင်တာဆိုရင် ကိုယ့်ဘာသာရအောင်ယူမှ ရတာဆို၊ အဲ့ဒါနင့်ရဲ့ဒိုင်ဘာလော့ဂ်တွေလေ..နင်ပဲပြောခဲ့တာ မဟုတ်ဘူးလား.."

နားရည်ဝနေပြီဖြစ်သည့် အတင်းအဖျင်းစကားတွေကို ဉမ္မာအသံလေးဘာ တိုးမပေါက်တော့ဘဲရှိကာ သူမဘာတွေပြောနေနေ ဘယ်လောက်ပဲအား

မလိုအားမရဖြစ်နေပါစေ ကိုယ်လျှောက်ခဲ့ပြီးသည့်လမ်း နေထိုင်ခဲ့ဖူးသည့် ပတ်ဝန်းကျင်ကို ပြန်လှည့်ကြည့်ဖို့ စိတ်မကူးတော့ဘဲ.. ။

"နင်လည်းခရီးပမ်းလာတာဆိုတော့ ငါတို့ဆရာလေးကျောင်းမှာပဲ ပြန်နားရအောင်လေ.."

စကားမဆက်ဖြစ်အောင် ပြောလိုက်ရင်း ဒါဒါကဥမ္မာသွားတင်ထားသည့်အိတ်ကို သူမပဲပခုံးမှာ ကောက်ချိတ်လိုက်၏။ ဥမ္မာက ကလေးဆိုးကြီးလို ခေါင်းခါ၍ အိတ်ကိုလည်းမရမကပြန်လုယူသည်။ ပြီးတော့ သူမပခုံးမှာပဲ လွယ်ထားလိုက်ပြီး.. ။

"ဆရာလေးဆီဝင်ခဲ့လို့ နင်အလုပ်လျှောက်ဖို့သွားတာရော နင်ပြောသွားပေမယ့် ခြောက်ဆယ့်ငါးလမ်းလား ရှစ်ဆယ့်ငါးလမ်းလား မမှတ်မိလို့ဆိုလို့ ငါအဲ့ဒီလမ်းတွေမှာ ပတ်ရှာလိုက်တာ ခုမှတွေ့တယ်..အဲ့ဒီတော့ ခုထိ မနက်စာမစားရသေးတဲ့အတွက် မနက်စာရော နေ့လည်စာပါ ပေါင်းစားရမယ်..သွားမယ်လာ.."

"ဥမ္မာ.."

"ပြော.."

"ငါနင့်ကိုပြောစရာတွေရှိတယ်သိလား.."

သူ့အကြောင်းတွေပြောပြချင်သည်။ မိန်းမသားပီပီ ယောကျ်ားတစ်ယောက်အကြောင်း ရှုပ်ထွေးလာပြီဆို တစ်ယောက်ယောက်ကိုပြောပြပြီး အတွေးချင်းငြိချင်မိတာမျိုး။ ထိုလူကို သူမသိတောင်မသိခဲ့ဘဲ သူပေးတာတွေယူမိ သူ့ကိုမချေမင်တွေပြောမိ။ သူမထိုသို့ဆက်ဆံသင့်ပါသလား..ဒီလူဘယ်လိုလူဖြစ်နိုင်သလဲ..မေးသင့်သင့် မသင့်သင့် ဥမ္မာ့ကိုဖွင့်ပြောတိုင်ပင်ဖို့ သူမဆုံးဖြတ်မိ၏။ ထို့ပြင် သူပေးထားတဲ့ငွေတွေကို ကိုယ့်ငွေလိုသဘောပိုက်ဖို့ သင့်ပါ့မလား..။ သူမလိုအပ်နေသည်။ သို့သော် မသုံးရဲခဲ့သော.. ။

☎



အခန်း(၅၈)

"ဒါနဲ့ လူကြီးမင်းတို့က ကေတူးဆောက်လုပ်ရေးသူဌေးတွေလား..ဒါ အဟုတ် ကျုပ်တစ်ခါတွေ့ဖူးခဲ့တဲ့ ခပ်ချောချောထောင်ထောင်မောင်းမောင်း နဲ့.."

"ဟုတ်ပါတယ်..သူပါ၊ မြန်မာတစ်နိုင်ငံလုံးရှိသမျှ ကေတူးကွန်စထရက်ရှင်ရဲ့ပိုင်ရှင်ပါ.."

"သြော်..ဒါဖြင့် လူကြီးမင်းတို့က.."

မေးဖို့မသင့်တာကို မေးမြန်းစပ်စုပြီး ဆုံးအောင်လည်းမမေးဘဲ ဘုန်းကြီးတရားဟောသလို နောက်ကစကားထောက်ကို စောင့်သေးသည်။ ဝေဒ ကတော့ အပြုံးမပျက်ဘဲ ရှင်းပြနေလျက်.. ။

"ကျွန်တော်တို့က ကွန်စထရက်ရှင်ကို ဦးစီးဆောင်ရွက်ကြတဲ့အင်ဂျင်နီယာတွေပါ.."

"ဟုတ်လား..ဒီလုပ်ငန်းက အင်ဂျင်နီယာတွေအများကြီးလိုတာပေါ့ နော်.."

"ဟုတ်တယ်.."

"တိုက်ကြီးတစ်လုံးကို အင်ဂျင်နီယာဘယ်နှစ်ယောက်တောင် ရှိရတာ လဲ..အဟွန်း ကျုပ်ကြားတာ သူဌေးကလည်း အင်ဂျင်နီယာပဲဆိုလို့ပါ.."

"အဲ..အကြမ်းဖျင်းပြောရရင်တော့ အင်ဂျင်နီယာနှစ်ယောက်ပေါ့၊ ဆောက်လုပ်ရေးလုပ်ငန်းမှာ သဘောတရားတွေ အနေအထားတွေအများကြီးကွာတယ်လေ..ဥပမာ.."

"အဟမ်း..အဟမ်း.."

စကားမဆက်ဖြစ်အောင် ထွန်းထွန်းကချောင်းဟန့်လိုက်သည်။ လွှင်လွှန်းလာတာကိုလည်း သည်းမခံချင်တော့ဘဲ.. ၊

"တွေ့ဖို့ချိန်းထားတာ ရှိတယ်လေ..နောက်ကျနေပြီ.."

ဦးဝင်းမောင်က လှည့်ကြည့်ပြီး နားလည်သွားသည့်ပုံနှင့်.. ၊

"ဟုတ်လား..အားနာလိုက်တာ၊ သွားကြပါ သွားကြပါ.."

ပြောပြီး ကမန်းကတန်းနောက်ဆုတ်ရပ်၏။ သူတို့နောက်မှာ စာရင်းကိုင်တွေရော ရှေ့နေတွေရော အနားရောက်လာကြတော့ ဦးဝင်းမောင်ကို အံ့သြသလိုကြည့်ကြသည်။ ဒီလူကြီးက ဘယ်လိုပုဂ္ဂိုလ်မို့လို့ ဒီနေရာမှာရပ်ပြီး လက်ခံစကားပြောနေတာလဲဆိုသည့် နားမလည်ခြင်းတွေနဲ့ဖြစ်လျက်..၊

"ဝေဒ မင်းဘယ်တုန်းက စိတ်ရှည်သည်းခံတတ်သွားတာလဲ..မသိရင် တောကယောက္ခမကို သမက်ကအလိုလိုက်နေရတဲ့ပုံမျိုး.."

"ငါ့ယောက္ခမမဟုတ်ဘူးဟေ့ကောင်ရေ..ကိုကို့ယောက္ခမ.."

ဝေဒကလည်း ပြန်ရွဲ့သည်။ မျက်နှာသည် သူသည်လည်းစိတ်ရှည်နေတာမဟုတ်ကြောင်း ဖော်ပြနေကာ.. ၊

"မင်းတို့ကောင် အဲ့ဒီလူကိုစကားလက်ခံပြောသွားတာ တွေ့တယ်မို့လား..အဲ့ဒါဘာကြောင့်မို့လဲ.."

"ဘာကြောင့်ဖြစ်ဖြစ် မင်းပြောသလောက်မများဘူး..ဒါဒါနဲ့ပတ်သက်နေတဲ့လူအဖြစ်ပဲ ရိုးရိုးလေး.."

ထွန်းထွန်းက ရှုံ့မဲ့ကဲ့ရဲ့နေရင်း အထွေထွေအကြံပေးကိုလှမ်းခေါ်ကာ..

"ဦးသိန်းစံ ခင်ဗျားမှတ်တမ်းတွေကို တင်ပြပြီးရင် ဒီဇရှင်ကိုပြောဦးနော်..တစ်ခါတလေ အဲ့ပုဂ္ဂိုလ်လေးက အသံတိတ်ပျောက်ပျောက်သွားတာ.."

ခုလည်း ကိုကိုရန်ကုန်မှာလား..မန္တလေးမှာလားဆိုတာ သူတို့တောင် သေချာမသိပေ။ 'မင်းတို့ပြန်နှင့်ကြ'ဆိုပြီး ကျန်ရစ်ခဲ့တာ ဖုန်းပြောခဲ့တဲ့အချိန်ထိ မန္တလေးမှာပဲရှိနေသေးလျက်.. ၊

"ဒီမှာ ဒီမှာ..အဟွန်း မေးစရာလေးရှိလို့ပါ.."

ပြောပြန်ရင်လည်း မောင်မင်းလွန်ရာကျလိမ့်မည်။ ကိုယ့်အလုပ်ကိစ္စကိုယ်တွေးချိန်လေးတောင် မရလိုက်ဘဲ ဦးဝင်းမောင်ကရှေ့မှာပေါ်လာပြန်ကာ..



"အခု ဆံပင်ဒိုင်က သုံးထပ်တိုက်ဆောက်ဖို့ကိစ္စ လူကြီးမင်းတို့နဲ့သေချာသွားပြီပေါ့..ဟုတ်လား စိန်ကောင်းကျောက်ကောင်းရောင်းကြတဲ့အထဲ ဆေးရိုးသည်ကန့်လန့်ကန့်လန့်ဆိုတော့ ကျုပ်တို့က အဲ့ဒါကိုကြွားနေတယ်ထင်လို့ပါ..အိမ်ရာကိစ္စကြီးကို မလုပ်သေးဘဲ သူ့ကိုအရင်ဆောက်ပေးမှာဆိုတော့လေ အဲ့ဒါဟုတ်သလား၊ သူ့တိုက်ကိုအရင်ဆောက်ပေးမှာပေါ့.."

"ဟုတ်ပါတယ်..ဆေးရိုးသည်ကန့်လန့်ကန့်လန့်ဖြစ်ဖြစ် ဘိန်းမှုန့်သည် မှောက်လျက်ပဲလဲလဲ၊ အဲ့ဒီကော့စ်က ပထမဦးစားပေး..လုပ်ငန်းကဒုတိယပါ..ဒီကဦးလေးနောက်ထပ်သိချင်တာရှိရင် ကျွန်တော်တို့ပြောင်းရွှေ့ရေးအစီအစဉ်အတွက် အစည်းအဝေးလုပ်ပေးမှာပါ၊ အဲ့ဒီမှာမေးလို့ရပါတယ်.."

စကားကတော့ ပြေပြေလည်လည်ပြောသွားတာပါပဲ..။ ဒါပေမဲ့ မျက်လုံးတွေက စိတ်မရှည်ခြင်းကို ဦးဝင်းမောင်မြင်လိုက်သဖြင့် အိုးတိုးအမ်းတမ်းကြီးကျန်ရစ်လေသည်။ သူ့ဘေးကို သန်းသန်းဝင်းနဲ့အလုပ်သမသုံးယောက်တို့ ရောက်လာခဲ့ပြီး.. ၊

"သြော်..ကျွန်မတို့တိုက်ဆောက်မယ့်ကိစ္စ အသည်းအသန်လိုက်မေးနေတာ ဘယ်သူများလဲလို့၊ ဒါဒါတို့အိမ်က ဦးဝင်းမောင်ပဲ.."

ဒါဒါတို့အိမ်ကဆိုသည့်စကားကြောင့် ဦးဝင်းမောင်ရဲ့အပြုံးမျက်နှာကြီးက အပြုံးမပျက်ဘဲ မျက်မှောင်ကုတ်သွားခဲ့သည်။

"ဦးဝင်းမောင်က သတိမထားမိပေမယ့် လူကြီးဦးမင်းလွင်အိမ်ထဲမှာ နေတည်းက သတင်းကကျွန်မဆီ တန်းရောက်လာတာ.."

"မဟုတ်ပါဘူးဗျာ..အဲ့ဒီသုံးထပ်တိုက်ကြီးကို အရင်ဆောက်ပေးမယ့်အကြောင်း တစ်ရပ်ကွက်လုံး ပျံ့နှံ့နေတာပါ၊ ဘယ့်နှယ့်ကျုပ်မေးတာကိုပဲ ထွက်သိနေရတယ်လို့.."

ဦးဝင်းမောင်ကလည်း ခေတဲ့သူမဟုတ်ပေ။ မျက်နှာတစ်ချက်ပဲပျက်သွားပြီး ခနီးခနဲ့တွေပြန်လှည့်ပြောလာသည်။ 'တော်ဝင်သူ'ဆံပင်ဒိုင်ကလူတွေ ဒါဒါနဲ့ပတ်သက်ပြီး သူ့ကိုအမြင်စောင်းနေကြတာ သိသည်။ သူတို့အပေါ်ရှုံကို ဒေါ်သီတာအေးနဲ့တစ်ခါတလေသွားခဲ့တာရှိသလို စတိုးဆိုင်မှာလည်းခြမ်းဖြစ်တိုင်းလည်း ဒါဒါ့ပထွေးမှန်းသိနေသည့်မျက်လုံးတွေနဲ့ ကြည့်တာ ဖော်ရွေမှုမပါ။ ဒီလိုတွေဖြစ်နေတာ ဘာကြောင့်လဲ..ဒါဒါဘယ်လောက်တောင် သူ့အကြောင်းမကောင်းတရောင်းတွေ ပြောဆိုထားခဲ့သလဲ..။ ဒီကထွေးပေမယ့် ပထွေးကိုမကောင်းပုတ်ချပြောခြင်းသည်လည်း မအေကိုစော်ကားခြင်းမည်တာ နားမလည်ဘူးလား.. ၊

"အဟွန်း..ကျွန်မတို့မြင်တာတော့ ကျွန်မအကြောင်းမေးနေတာ ဦးဝင်း

မောင်ချည်းပဲလေ၊ ဒါနဲ့ ရန်စကားပြောတာမဟုတ်ဘူးနော်..ဦးဝင်းမောင်နဲ့ ခုမှစကားပြောဆိုမိပေမယ့် ဒါဒါ့ဆီကကြားရတဲ့ မိသားစုအကြောင်းတွေထဲမှာ ဦးဝင်းမောင်နာမည်ကိုတော့ ရင်းနှီးနေတာပါ.."

"ထင်ပါတယ်ဗျာ..ကျုပ်သမီးအလိမ္မာတုံးလေးက ဘာတွေပြောဆိုထားပြီလဲဆိုတာ.."

"ဟုတ်တယ် ပြောတယ်..ဒါဒါကစွာသလိုရှိပေမယ့် တကယ်ကမဟုတ်မခံစိတ်လေး နည်းနည်းပြင်းတာပါ၊ သူများမကောင်းကြောင်း မပြောတတ်တာတော့ မဟုတ်ဘူး..ဒါပေမဲ့ ကောင်းနေတဲ့သူကို မကောင်းမပြောဘူး၊ မကောင်းရင်တော့ မကောင်းဘူးပြောမှာပေါ့လေ.."

ဦးဝင်းမောင်က မဲ့တဲ့တဲ့မျက်နှာကြီးနှင့် ခေါင်းညိတ်နေ၏။ ပြီးတော့ မသန်းသန်းဝင်းပြောပြီးတဲ့အထိ စောင့်နေပြီးမှ.. ၊

"ဟုတ်ပါတယ်..သူ့ကိုခင်ဗျားတို့ပဲ နားလည်ကြဆုံးပါ၊ ဒါကြောင့်ထင်နေတာ..သူ့အမေမရှိတော့ဘူးဆိုတော့ ခင်ဗျားတို့အလုပ်ရုံမှာများ အပြီးလက်သပ်မွေးလိုက်မှာလားလို့.."

"လက်သပ်မွေးရအောင် အိမ်မွေးတိရစ္ဆာန်လေးမှ မဟုတ်တာ..ဒါဒါကသာနေမယ်ဆိုရင် သူ့လိုတော်တဲ့အလုပ်သမားမျိုးကို နေရာကောင်းကောင်းတောင်ပေးထားလိုက်ဦးမှာ၊ ဒီတိုက်ဆောက်ပြီးရင်လည်း သူ့အတွက်အလုပ်လုပ်စရာနေရာတစ်ခု ရလာမှာပါ.."

ဒါဒါ့အတွက် ဘယ်လောက်တောင်စိတ်ကူးတွေရှိထားပြီလဲဆိုတာတော့ အကောင်အထည်ပေါ်မှပဲ သိကြပါစေ။ သန်းသန်းဝင်းက သူ့ကောင်မလေးတွေကို 'သွားစို့'လို့ လှည့်ပြောပြီး ခြေလှမ်းပြင်လျှင်.. ၊

"ဟုတ်တယ်..ကျုပ်နဲ့ကျတော့လည်း ပထွေးနဲ့နေလို့မဖြစ်ဘူး..အခုမန္တလေးအိမ်ကလူတွေနဲ့ မသင့်မြတ်ကြဘူးကြားတယ်၊ ဒီကောင်မလေးဘယ်တွေလွင့်ပါနေပြီလဲတောင် မသိတော့ဘူး..ရင်လေးစရာပဲ၊ မိန်းကလေးတစ်ယောက်က ဒီလိုထင်သလိုနေထိုင်သွားလာနေရင် ကြာလာလေ ပတ်ဝန်းကျင်ကဖယ်ကျဉ်လေဖြစ်မှာပဲ.."

"ကျွန်မတို့ကြားလာတော့ ပတ်ဝန်းကျင်ကို သူကဖယ်ထားတာပါ..မိန်းမတစ်ယောက်အားကိုးမဲ့လာပြီဆိုရင် ဆိုးရွားတဲ့ကံကြမ္မာတွေဖြစ်လာတာ အဲ့ဒီပတ်ဝန်းကျင်ပဲလေ..နေရာတကာထည့်သွင်းစဉ်းစားနေလို့တော့ မရပါဘူး၊ ဟုတ်တယ်မလား..ကျွန်မတို့ကတော့ ဒါဒါ့စိတ်ကိုကြိုက်တယ်.."

ပြောနေရင်း ဦးဝင်းမောင်ကိုစိုက်ကြည့်သည်။ ပြီးတော့မှ မသိမသာမျက်လုံးလွှဲလိုက်ကာ.. ၊



"ဦးဝင်းမောင်က သူ့အတွက်စိတ်ပူနေတာထင်တယ်..ကျွန်မတို့တောင် ဒါဒါဒုက္ခရောက်နေတုန်းက လူကြီးနေရာမှာခဏဝင်ပြီး ဦးဝင်းမောင်နဲ့လာဆွေးနွေးပေးကြဖို့ စိတ်ကူးသေးတာ၊ နိုင်ငံခြားမှာရောက်နေတာနဲ့ မတတ်နိုင်ခဲ့ဘူး.."

"ဘာများလဲဗျ..ဘာတွေဆွေးနွေးမှာလဲ.."

ဒီအသက်အရွယ်ကြီးနဲ့ လူကြီးလူငယ်ဘယ်သူ့ကိုဖြစ်ဖြစ် ခင်ဗျားတွေကျွန်တော်တွေနဲ့ ခနိုးခနဲ့ပြောတတ်သည့်ပုံစံကြောင့် ဒါဒါ့ကိုခင်ကြသည့်အလုပ်သမတွေကလည်း နှာခေါင်းရှုံ့နေကြ၏။ သန်းသန်းဝင်းကတော့ ဟန်ဆောင်ပြုံးနေခဲ့ရင်း.. ၊

"သြော်..တခြားဟာမဟုတ်ပါဘူး၊ ဦးဝင်းမောင်လည်း မိန်းကလေးတစ်ယောက်ကို စိတ်ပူရှာမှာပဲဆိုပြီး တွေးမိခဲ့တာပါ..ယောကျ်ားကြီးတစ်ယောက်နဲ့ မိန်းကလေးတစ်ယောက် ဒုက္ခရောက်ပြီဆိုရင် ဘယ်သူ့ဒုက္ခကပိုကြီးမလဲပေါ့နော်၊ ဥပမာ ယောကျ်ားတစ်ယောက်အိုးအိမ်မဲ့တာနဲ့ မိန်းမတစ်ယောက်အိုးအိမ်မဲ့တာမျိုး.."

"ဟား ဟား ဟား ဟား.."

ဦးဝင်းမောင်က ရှိုင်းစိုင်းစွာရယ်ချလိုက်သည်။ ပတ်ဝန်းကျင်ကပါငဲ့စောင်းကြည့်လာကြတဲ့အထိ..။ ဒီနေ့ ဦးမင်းလွင်အိမ်မှာ ဆံပင်ဒိုင်အတွက် သုံးထပ်တိုက်ကနေ နှစ်ထပ်ခွဲနဲ့သဘောတူစာချုပ်ချုပ်ကြသည်။ ဘာရယ်မဟုတ်ဘဲ ရပ်ကွက်လူကြီးတွေထဲမှာ ဦးဝင်းမောင်ရောယောင်လိုက်ပါလာခဲ့သေးသည်။ ရည်ရွယ်ချက်ကတော့ ကိုကိုနဲ့ထပ်တွေ့ချင်တာပဲဖြစ်ကာ ရပ်ကွက်ထဲမှာ အိမ်ရာဆောက်မည့်ကိစ္စအတွက် အရာရာသူ့ကိုသာလက်စွဲခိုင်းရန် ဒီတစ်ခါတည့်တည့်ပြောဖို့ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ သုံးထပ်တိုက်ကိစ္စကို မေးမြန်းမိတာက အဓိကစိတ်ဝင်စားခြင်းနဲ့မဟုတ်ခဲ့ဘဲ.. ၊

"အဲ့လိုတွေတောင်ပြောဖို့ စိတ်ကူးနေကြတာလား..ဟား ဟား ဟား ဒါကြောင့်ထင်တယ်ဗျ၊ အဲ့ဒီကာလတုန်းက ကျုပ်ခေါင်းကျိန်းနေခဲ့တာ.."

လှောင်ရယ်ခံလိုက်ရတော့ သန်းသန်းဝင်းမျက်နှာနီသွားသည်။ တကယ်တမ်းက ဦးဝင်းမောင်နဲ့လည်းမရင်းနှီး ဒါဒါကလည်း ကိုယ့်ဆွေမျိုးသားချင်းမဟုတ်ဘဲ သူများအိမ်တွင်းရေးကိစ္စကို ဝင်စွတ်ဖက်သလိုဖြစ်သွားခဲ့တာမှန်သည်။ ထို့ကြောင့်.. ၊

"ဒီလိုပါ..ပြောလည်းမပြောဖြစ်ခဲ့ပါဘူး၊ အဲ့ဒါက.."

"ကိစ္စမရှိဘူး..ကိစ္စမရှိဘူး.."

သွားကြီးအဖြီးသားနှင့် လက်ကာပြနေသေးသည်။ ပြီးတော့..

"လာပြောလည်း ကိုယ့်ဆန္ဒဘယ်လိုရှိတာကို ပြောလိုက်ရုံပဲဟာ..အခု ပြောပြီဆိုတော့ ကျုပ်လည်းပြောပြခွင့်ရသွားတာပေါ့၊ ဒီလိုရှိတယ်မသန်းသန်းဝင်းရဲ့.."

နာမည်ကိုတရင်းတနှီးခေါ်ပြောလိုက်တော့ နည်းနည်းခံရခက်သွားသည်။ ဘာကြောင့်ပဲသိနေနေ ဒီလူ့ပါးစပ်က ရင်းနှီးသည့်ခေါ်ပုံမျိုးကို မနှစ်မြို့နိုင်။ ဒါပေမဲ့ကြည့်နေလိုက်သည်။

"အဲ..ဘယ်လိုပြောရမလဲဗျာ၊ လူတိုင်းက ကိုယ့်ကိုယ်ကိုသာအချစ်ဆုံးလေ..ဘုရားဟောကိုက ဒီတိုင်းရှိခဲ့တာဆိုတော့ ကိုယ့်ကိုယ်ကိုထက် ဘယ်သူ့ကိုချစ်တယ်ဆိုရင် အဲ့ဒါအလကားပြောတာပဲ၊ ယောက်ျားတွေလည်း ဆင်းရဲမှုကိုကြောက်ကြတာပဲဗျာ..မိန်းမတွေပဲပစ္စည်းမက်တတ်တာလည်း မဟုတ်ဘူး၊ ယောက်ျားလည်းကိုယ်ပိုင်သင့်တယ်ဆိုရင် လိုချင်တာပဲ..ဒီထိမှန်တယ်မို့လား၊ ဟဲ ဟဲ..အိမ်မှာသူနေခွင့်ရှိသလို ကျုပ်လည်းရှိတယ်၊ ဒါပေမဲ့ သူကမနေသင့်ဘူးဆိုပြီး ထွက်သွားတယ်..မနေနိုင်တဲ့သူထွက်သွားတာ ဘာမတရားတာရှိနေလို့လဲ ပြောပါဦး.."

ထပ်ပြောနေလည်း သူများအိမ်တွင်းရေးကိစ္စမို့ ကိုယ့်ဘက်မှာပဲစကားလုံးရှားနေတော့မှာဖြစ်သည်။ ထို့ပြင် ဒီလူကြီးရဲ့ခပ်ရိရိစကားလုံးတွေက နောက်ထပ်ဘယ်အတိုင်းအတာထိ နစ်ကျွံလာဦးမလဲဆိုတာ မပြောနိုင်။ ဒီလိုလူကိုသွားစလိုက်မိတာပဲ ကိုယ့်အပြစ်လို့တွေးကာ ကျေကျေနပ်နပ်အရှုံးပေးလိုက်သည်။ လူပုံကြည့်တော့ အင်္ကျီအရောင်နုနုလေးတွေဝတ်ကာ ပုဆိုးခြေဖျားကပ်နှင့်ကြွရွနေသည်။ သူ့ကိုအမြဲမြင်နေကြသည့် အလုပ်သမတွေထဲက တချို့ပြောနေကြတာရှိသည်။

"အန်တီအေးမရှိကာမှ ဝတ်လိုက်စားလိုက်တာ လူပျိုရှုံးတယ်အေ..ငါတို့ကအိမ်ချင်းနီးနေတော့ မမြင်ချင်မှအဆုံးပဲ၊ ပုံစံကြည့်ရတာ မိန်းမသေတာ သူ့အတွက် 'လွတ်ပြီ ကျွတ်ပြီ'ဖြစ်သွားတဲ့အတိုင်း.."

"လူကပုပုသေးသေး မျက်နှာကစုတ်ချွန်းချွန်း..ဒီကြားထဲ ရယ်လိုက်ရင် ပါးစောင်နှစ်ဖက်က နားထင်ရောက်သွားတာ ဂျိုကာကြီးကျနေတာပဲ.."

"ဘယ်သူနဲ့စကားပြောပြော သူ့သားလောက်လေးတွေလည်း ငါ့ညီလို့ခေါ်လိုခေါ်..ဘာရှိဆိုတာကရှိသေး၊ သမီးအရွယ်တွေကို အစ်မကြီးလို့ခေါ်တာများ အန်ချင်လိုက်တာမပြောနဲ့.."

"ခုပိုဆိုးနေတာဟ..ရပ်ကွက်လူကြီးတွေကြားထဲ ဟိုပါဒီပါလုပ်နေတာကို သူ့ကိုယ်သူလူကြီးမှတ်နေလားမသိဘူး၊ တကယ်တော့ သူများကခိုင်းကောင်းလို့ခိုင်းနေတာလေ..ခိုင်းဖတ်.."



"ဒါတော့မပြောနဲ့..ခုခေတ်က အကပ်ရှိမှအဆင်ပြေတာ၊ ပညာမလိုဘူး..ကြော်ငြာကောင်းရင်ဖြစ်တယ်၊ ဖားရမှာကိုမရှက်ရဘူး..မျက်နှာပြောင်ပြောင် ဝမ်းမခေါင်တဲ့..မကြားဖူးဘူးလား.."

"ဟော့အေး..ဘယ်သူပြောတာလဲ.."

"ငါပြောတာလေ.."

ဤကဲ့သို့အလုပ်ချိန်မှာ ပြောနေကြပြီဆို ဒါဒါ့အကြောင်းပဲဖြစ်နေတတ်ခဲ့ပြီး ထိုလူကြီးအကြောင်းကလည်း မပါမပြီး။ ခုတော့ ဘယ်လိုလူကိုမှ မကြောက်တတ်သည့် ဒါဒါကပျောက်နေသည်။ ပြောသင့်သည့်စကားဆိုအခြေအနေအချိန်အခါမရွေးပြောတတ်သည့်ဒါဒါက ရေငုံနှုတ်ပိတ်နေခဲ့သည်။ သူမတို့ဘက်က ဘာများပြောနိုင်မှာလဲ.. ၊

တကယ်ဆို အရာရာတိုင်းမှာ ညီမျှခြင်းချဖို့လိုသည့် မညီမျှမှုတွေရှိနေတတ်တာ နည်းနည်းပြန်တွေးသင့်သည်မဟုတ်ဘူးလား..။ ဖေဒါဖြူဆိုတဲ့မိန်းကလေးတစ်ယောက်အတွက် တရားမျှတမှုက ဘာလဲ..မမျှတမှုက ဘာလဲ.. ၊

ဒါတွေကို သူမဘယ်တော့သတိရမှာလဲ.. ၊

☎

အခန်း(၅၉)

အားလုံးသိသွားသည့် ဥမ္မာ့မျက်နှာက နှုတ်ခမ်းအစုံအရင်ပွင့်သွားသည်။ ပြီးတော့ မျက်လုံးတွေပြူး၏။ အံ့ဩသည့်စကားသံတို့သည် နောက်ဆုံးမှထွက်ဆိုခွင့်ရလျက်.. ။

"သိန်းနှစ်ဆယ်တောင် ဟုတ်လား..အဲ့ဒီဖုန်းကို သိန်းနှစ်ဆယ်နဲ့ပြန်ဝယ်တယ်.."

"အင်း.."

"ခု..အဲ့ဒါတွေက.."

"ငါပြောသားပဲ..ငါသူ့ကိုပြန်ပေးရမလား ငါသုံးလို့ရသလား အဲ့ဒါကိုဝေခွဲမရဖြစ်နေတာ၊ ငါ့အတွက်ဒီလောက်ငွေက တစ်သက်မှာတစ်ခါမှမကိုင်ဘူးခဲ့တဲ့ပမာဏပဲ..ရင်းနှီးလုပ်ကိုင်လို့ရတယ် သုံးမယ်ဆိုစိတ်ကြိုက်ပဲ.."

"စိတ်ကြိုက်တော့မသုံးပါနဲ့ဟယ်.."

"ပြောပြတာလေ..ငါလည်းလိုချင်တာပဲ၊ ဒါပေမဲ့ သူကသုံးလို့ရပါတယ်လို့ပြောလာတာတောင် ငါမသုံးချင်ဘူးဖြစ်နေတာ..ကိုယ့်ကိုယ်ကိုသိမ်ငယ်နေတာလား မာနခံနေတာလား ငါ့ကိုယ်ငါလည်းမသိတော့ဘူး သူပေးတာကို လက်ခံမိတာတောင် နောင်တရသလိုကြီး.."

"ဒါဆိုရင်တော့ နင်အဲ့လူကိုကြိုက်နေတာပဲ.."



ရင်ထဲမှာ ဒိန်းခနဲဆောင့်ခါသွားသည်။ ချစ်ခြင်းစကားကြောင့် လှုပ်ရှားသွားတာမျိုးမဟုတ်ပါ။ ပူပူလောင်လောင်ကြီးထိတ်လန့်သွားတာဖြစ်သည်။

"လုံးဝမဟုတ်ဘူးဥမ္မာ..ငါအဲ့ဒီလိုတွေလည်း မတွေးအားဘူး၊ ငါစားဖို့နေဖို့တောင်မှ.."

"ဒါဒါရယ်..ချစ်တဲ့စိတ်ဆိုတာ နင်စားဖို့နေဖို့ပြည့်စုံမှ တွေးအားမှဖြစ်လာတာမဟုတ်ဘူးလေ.."

"ဟာ..အဓိပ္ပာယ်မရှိတာ.."

ဒါဒါ ခါးခါးသီးသီးခေါင်းခါနေသဖြင့် ဥမ္မာဆက်မပြောတော့ဖို့ ဆုံးဖြတ်လိုက်သည်။ သူမလည်းပြန်ဖို့အတွက် အဝေးပြေးကားဝင်းထဲတောင် ရောက်နေပါပြီ။ နှစ်ယောက်က ဂိတ်ရှေ့ကလက်ဖက်ရည်ဆိုင်လေးထဲမှာ ထိုင်နေကြတာဖြစ်ကာ ကားထွက်ချိန်မို့ ခရီးသည်တွေရော တက္ကစီတွေပါရှုပ်ယှက်ခတ်နေကြ၏။ မီးရောင်အောက်မှာ ဒါဒါ့မျက်နှာလေးက ထိုင်ကာစနဲ့မတူဘဲ လေးနက်တွေဝေခြင်းတို့ဖြင့် မျက်ခုံးတန်းလေးတွေပါ တွန့်ကုတ်နေခဲ့ပြီ ။

"ငါစိတ်ကူးယဉ်ဆန်တာတွေ တွေးနေရင်း အချိန်မကုန်ချင်တော့ဘူး..အဲဒီပိုက်ဆံတွေကို သူကသုံးလိုက်ပါလို့ပြောတည်းက ဘာမှလျှောက်တွေးမနေဘဲ တစ်ခုခုရင်းနှီးထားလိုက်ရင် ခုလောက်ဆို.."

"ဒါကတော့ နင်သူ့အကြောင်းတွေးမိနေတာကို ကြောက်လာလို့ဖြစ်တာဒါဒါ..ရင်းနှီးမြှုပ်နှံလိုက်တိုင်း အကျိုးအမြတ်တွေချည်းရလာကြတာ မဟုတ်ဘူး၊ အထူးသဖြင့် ကိုယ့်ကံမကောင်းနေတာကို သတိထားမိရင် တစ်ထောင်ရင်းမယ့်ဟာကို တစ်ရာနဲ့ပဲစကြည့်ရတယ်..စီးပွားဥစ္စာဆိုတာ အရည်အချင်းတစ်ခုတည်းပေါ်မှာပဲ မူတည်တာမဟုတ်ဘူးဟ.."

"နင်ကငါ့ကိုဒါပဲစွပ်စွဲနေတာပါ့ရော.."

ဒါတောင် ဒီလူကိုသူမမြင်ဖူးသေးတာ မဟုတ်ပေ။ မြင်လိုက်ရင်ဘယ်လိုပြောမလဲ..။ ဒါဒါမျက်တောင်တွေဖိခတ်ပစ်ရင်း ထိုမျက်နှာပြန်ပျောက်သွားအောင် တိုက်ထုတ်ပစ်သည်။ သူမဘဝအတွက် ငွေလိုသည်။ နောက်ပြဿနာနောက်မှရှင်းမည်။ ဒီငွေကိုတစ်ခုခုရင်းနှီးဖို့မှလွဲ၍.. ။

"ဒါဆိုလည်း ပိုက်ဆံကိစ္စပဲပြောမယ်ဟာ..ဒီလိုလုပ် နင်လည်းငါ့ငွေတွေပျောက်ပျက်သွားမလားလို့ စိုးရိမ်နေဖို့မလိုတော့ဘူး၊ ဒီကြားထဲမှာ အဲ့လူဘက်က အခြေအနေမဟန်တာတွေ့လာရင်လည်း 'ရော့..ရှင့်ငွေပြန်ယူသွား'ဆိုပြီး ပစ်ပေါက်ပေးထည့်လိုက်ရုံပဲ.."

"အင်း..စိတ်ဝင်စားလာပြီ၊ ဘာလုပ်ရမလဲ..ပြောစမ်းပါ.."

ဒါဒါ့မျက်နှာလေး မျှော်လင့်ချက်ရောင်ခြည်တွေနဲ့ ဝင်းဝင်းလက်လက်ဖြစ်လာတော့ ဥမ္မာစိတ်ချမ်းသာသွားသည်။ ထိုကိစ္စအတွက် အစွမ်းကုန်ကူညီပေးဖို့လည်း ပို၍ခိုင်မာသွားခဲ့ပြီး.. ။

"နင်မကြီးသန်းဝင်းလုပ်ငန်းထဲမှာ ရှယ်ယာဝင်လိုက်လေ.."

"ဘယ်လို.."

မယုံနိုင်စရာကြားရသလို မျက်လုံးဝိုင်းသွားသည်။ ပြီးမှ ဒါဒါကပြုံးနေရင်း ခေါင်းခါလိုက်ပြီး.. ။

"လူရယ်အောင်ပြောနေပြန်ပြီဥမ္မာရယ်..ဈေးဆိုင်လေးဘာလေးဖွင့်ပါလားဆိုရင် ကြားကောင်းသေးတယ်၊ ဒီငွေလေးနဲ့ငါက.."

"ဒါဒါရယ်..နင်ကလည်း အရင်တုန်းကနင့်ရဲ့ဖွဲ့လုံ့လမာနတွေ ဘယ်ရောက်ကုန်ပြီလဲ၊ ဘာဖြစ်လို့မဖြစ်နိုင်တာပဲ အရင်တွေးနေရတာလဲ..ငါတို့တိုက်လည်း မပြီးသေးပါဘူး၊ သိန်းနှစ်ဆယ်ပဲဖြစ်ဖြစ် တစ်ပြားမှမပါဘဲလည်း နင်ပြန်လာပြီးလုပ်မယ်ဆိုရင် မကြီးသန်းဝင်းက အရင်တုန်းကအလုပ်သမလေးလို မခိုင်းတော့ဘူးတဲ့..မကြီးသန်းဝင်းစိတ်ကို ငါသိတယ်၊ ငါ့ကိုအကုန်လုံးပြောပြတယ်..အဲ့ဒီငွေရှိတော့ 'ငါကရှယ်ယာဝင်'ဆိုပြီး နင်လည်း ကိုယ့်ကိုယ်ကိုယုံကြည်ချက်ရှိသွားတာပေါ့ မဟုတ်ဘူးလား.."

ကိုယ့်ငွေဘယ်လောက်ပဲရှိရှိ ရှယ်ယာရှင်အဖြစ်ကို nameနဲ့ပဲ သတ်မှတ်ပေးထားကာ အကျိုးအမြတ်ရလာအောင် ကြိုးစားကြမည်။ ရလာပြီဆိုမှ အရင်းအနှီးအတွက် ဘယ်လောက်ထည့်မယ်ဆိုတာကိုယ့်ဘာသာသတ်မှတ်သွားဖို့ ဥမ္မာကအားတက်သရောပြောပြနေ၏။ ဒါကအိပ်မက်လား..စိတ်ကူးတွေလား..။ ဒီလောက်ထိကြည့်ရှုစောင်မပေးကြမည်ဆိုတာ ကိုယ့်ကိုယ်ကိုကံကောင်းလှချေရဲ့လို့ သတ်မှတ်ရမလား..မပြီးဆုံးသေးတဲ့ အိပ်မက်ရှည်လား.. ။

ဒါဒါက ဥမ္မာကိုငေးကြည့်နေဆဲဖြစ်ကာ ဝမ်းလည်းသာနေသည်။ သို့သော် ဒါတကယ်ဖြစ်လာမယ့်အနာဂတ်ဆိုတာလည်း မယုံရဲ.. ။

"ငါမကြီးသန်းဝင်းကို မပြောရသေးပေမယ့် ပြောလို့ရဖို့သေချာတယ် ဒါဒါ..သူစိတ်ကူးမရှိထားရင်တောင် ငါရအောင်ပြောပေးမယ်၊ စိတ်ချလက်ချသာနေလိုက်..ရှယ်ယာဝင်မယ်ဆိုပြီး သေလောက်တဲ့အထိ အပင်ပန်းခံပြီးပိုက်ဆံရှာဖို့မလိုဘူး ရှိတဲ့ပိုက်ဆံလေးပဲ မပျောက်ပျက်အောင်ထား..နင်ကျွမ်းကျင်တဲ့အလုပ်မှာမှ နင့်အရည်အချင်းပြလို့ရမှာ၊ ငါတို့ဆီရောက်လာရင် နင့်ကိုယ်နင်ဘာလဲဆိုတာ သိခွင့်ရမယ်..အားလုံးသိအောင်လည်း ပြနိုင်မယ်



ဘယ်လောက်ကောင်းလဲ.."

ဒါဒါ့ကိုအကဲခတ်ပြီး ဥမ္မာပျော်သွားသည်။ ရန်ကုန်မှာလုပ်ငန်းတိုးချဲ့မယ်ဆိုတာကိုက သူမနဲ့ဒါဒါ့ကိုထည့်သွင်းစဉ်းစားပြီး စီစဉ်လာခဲ့တာဖြစ်သည်။ ပြန်ရောက်တာနဲ့ ဒါဒါမရှိတော့ဘူးဆိုသည့်သတင်းကြောင့် ဟင်ခနဲဖြစ်သွားသည့်ပုံစံကို ဒါဒါမြင်စေချင်မိသည်။

"သူဒုက္ခရောက်နေတုန်း အလုပ်ကိစ္စလေးပြောပြပြီး အားပေးမလို့တာ.."

မျက်နှာပျက်ပျက်နှင့် တမ်းတမ်းတတပြောသေးသည်။ ပြီးတော့ တိုးချဲ့ချင်သည့်အလုပ်ကိစ္စတွေကို ယောကျ်ားနဲ့ဘယ်လိုတွေတိုင်ပင်ခဲ့ကြောင်း လုပ်ငန်းစတော့မည်ဆိုမှ သူရောက်လာမည့်အကြောင်းနှင့် ဒီမှာစိတ်ချရမှု သူမတို့လင်မယားနိုင်ငံခြားပြန်ထွက်မည့်အကြောင်းတွေ ပြောဖြစ်ကြတာအခုံ.. ။

"ဒါဒါက အလုပ်လုပ်ရင် အလုပ်သမားစိတ်ဓာတ်နဲ့လုပ်တာမဟုတ်ဘူး..သူ့ပစ္စည်းသူ့လုပ်ငန်းလိုသဘောထားပြီး စေတနာထားတယ်၊ ဟိုအရင်တုန်းတည်းက သူမန္တလေးပြန်သွားပြီဆို ငါ့မှာလက်တစ်ဖက်ပြုတ်သွားသလိုပဲ..နင်ကသိပေမယ့် အေးတိအေးစက်နဲ့၊ အလုပ်သမားတွေအများကြီးအုပ်ချုပ်ရရင် ခေါင်းဆောင်ကအေးစက်ထုံထိုင်းနေလို့ မရဘူး.."

လို့ပြောပြီး ညီမဖြစ်သူကိုလည်း အပြည့်အဝအမှတ်ပေးသေးသည်။ သူမစိတ်မဆိုးခဲ့ပါ။ အလုပ်လုပ်ပြီဆို အရေးကြီးရင်ကြီးသလို Over Timeဆင်းပေးဖို့ပြောတိုင်း ဒါဒါကခေါင်းခါခဲ့တာမရှိ။ မညီညွတ်သည့်အလုပ်သမတွေကိုပါ သူမကအားပေးစည်းရုံးလိုက်သေးသည်။ ဥမ္မာတစ်ယောက်တည်းကျန်နေခဲ့တိုင်း အလုပ်ကိစ္စအဆင်မပြေမှုတစ်ခုခုရှိလာလျှင် ဒါဒါကပဲ ရှေ့ကထွက်ပြီး ဝိုင်းကူဖြေရှင်းပေးတတ်ကာ ဘယ်တော့မှလည်း ဂုဏ်ဖော်ခဲ့သူမဟုတ်။ နောက်ဆုံး အလုပ်အရေးကြီးပါသည်ဆိုလျှင် ကလေးနေမကောင်းရင်တောင် ကလေးကိုပခုံးပေါ်ထမ်းလာပြီး အနားမှာချ၍ အလုပ်လုပ်ပေးတဲ့သူ.. ။

ထို့ကြောင့် သူမရဲ့စိတ်ကို လေးစားခဲ့ကြသည်။ ကိုယ့်အတွက်လိုအပ်နေတာနှင့် သူမအတွက်လိုအပ်ချက်ကို လှယ်ယူဖြည့်ဆည်းပေးဖို့ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ထိုက်တန်သည်လို့ပဲ တွက်ထားခဲ့သည်။ ခုတော့ ငွေသိန်းနှစ်ဆယ်အရင်းပြု၍ ဒါဒါနဲ့သူမတို့အတူလက်တွဲဖြစ်ကြဖို့ အလားအလာတွေရှိခဲ့ပြီဖြစ်သည်။ ဒီငွေဘာကြောင့်ရထားတာပဲဖြစ်ဖြစ် ကိုယ်ကဝိသမလောဘစိတ်နဲ့ ရှာဖွေထားတာမှမဟုတ်ဘဲ။ ကိုယ်ရထိုက်တဲ့ပိုက်ဆံလို့ တွေး

ပြီးတော့ဘဲ ရင်းနှီးလုပ်ကိုင်ရမှာဖြစ်သည်။

"ငါပြောလိုက်ရဦးမယ်သိလား..ညနေက ဆရာလေးတို့နဲ့နင် ဖွန်ပန်းခူးနေကြတုန်းကလေ.."

"အင်း.."

ဥမ္မာစကားပြန်စလိုက်တော့ ခရီးသည်တွေဘက်ကို လှမ်းငေးနေသည့် ဒါဒါကဖျတ်ခနဲလှည့်ကြည့်ကာ.. ။

"အဲ့ဒီတုန်းက နင်ပန်းဝိုင်းခူးပေးနေရင်း ဖုန်းလာလို့ထွက်သွားတာမို့လား.."

"ဟုတ်တယ်လေ..အဲ့ဒါမကြီးသန်းဆက်တာ၊ အဆောက်အဦးကိစ္စအတွက် လက်မှတ်ထိုးတာတွေ ပြီးသွားပြီတဲ့၊ သူများတကာတိုက်ဆောက်မှာကို ဘေးကထိုင်ကြည့်ပြီး မနာလိုတိုရှည်ဖြစ်နေတာ ဦးဝင်းမောင်ကြီးလေ.."

ထိုမှစ၍ သန်းသန်းဝင်းနဲ့စကားအချေအတင်တွေ ပြောကြတဲ့အကြောင်း ဖုန်းထဲကသိရတဲ့အတိုင်း ဥမ္မာကပြန်ပြောပြကာ.. ။

"ဦးဝင်းမောင် သူဌေးရဲ့လက်စွဲတော်ဖြစ်ချင်လွန်းလို့ ပျာယာခတ်နေတာများ နင့်ကိုပြချင်တယ်ဒါဒါရယ်..အဲ့ဒီလူကြီး သတင်းကြားလိုက်မြင်လိုက်ရတိုင်း ငါ့မှာအကုသိုလ်တက်လွန်းလို့.."

"အရင်တုန်းကတော့ သူအဲ့လောက်မပျာပါဘူး.."

"အမလေး..ခုပျာတာမှ ငါးရှဉ့်ရွှံ့လူးတာမှ လေးဦးမယ်၊ သူကဟောသလို ဟောသလိုကိုပြာနေတာ.."

လက်တစ်ဖက်နဲ့ မြွေလိမ်မြွေကောက်လိုလုပ်ပြနေရင်း ပတ်ဝန်းကျင်ကိုလည်း မလုံမလဲကြည့်သေးသည်။

"အစက နည်းနည်းအလှမ်းကွာကြတော့ မြင်ဖို့တွေ့ဖို့လည်း မလိုဘူးလေ..အခု ကေတူးနဲ့ပဲတိုက်ဆောက်ဖို့ဖြစ်လာတော့ သူတို့ကလည်း အိမ်ရာကိစ္စနဲ့ အဲ့ဒီရပ်ကွက်ထဲမှာ..ပြောရရင် မတွေ့ချင်မြင်လျက်သားဆိုတာလို.."

ဒါဒါကမျက်နှာတည်တည်လေးနှင့် နားထောင်နေသည်။ ဦးဝင်းမောင်ပြောသမျှ ဥမ္မာကပြောပြခဲ့တာမို့ သင်းနဲ့အတူနေခြင်းမနေခြင်း စကားတွေက ဦးဝင်းမောင်ကိုယ်တိုင်ပြောတာကို ကြားနေရသလို အာရုံထဲမှာ သက်ဝင်နေသည်။ မခံချင်စိတ်တော့ဖြစ်မိပေမယ့် အရင်ကလိုဒေါသနဲ့ ဟုန်းခနဲထမဖြစ်။ သို့သော် ရင်ထဲမှာမကောင်းခြင်းဖြစ်သွားသည့် ခံစားချက်တွေကိုလည်း မပြီးဖျောက်နိုင်.. ။

"နင်စိတ်မကောင်းဖြစ်သွားတာလား..ဖြစ်မနေနဲ့၊ ငါကအချင်းချင်းမို့ အိတ်သွန်ဖာမှောက်ပြောပြနေတာ..ဒီလူကြီး အန်တီအေးဆုံးသွားကာမှ ဝမ်း



[illegible]ဆို့ပြီး ရူးသွားတာသိလား၊ နင့်ကိုစိတ်ဆင်းရဲအောင်ပြောတာမဟုတ် [illegible]သူ့ပုံစံကိုက အဲ့လိုဖြစ်နေတာ၊ ဒါမှမဟုတ်ရင်လည်း နင်ကအိမ်ရာမြေ [illegible] ဘာမှပြန်မကြည့်ဘဲထွက်သွားတော့ မိန်းမဆီကအမွေရလိုက်သလို [illegible]ကြွရူးသွပ်နေတာပဲ.."

"ရူးပါစေဟာ..သူ့ယောကျ်ားအဲ့လိုမပူမပင် မကြောင့်မကျကျန်ရစ်ဖို့ပဲ [illegible]လည်းလုံးပမ်းခဲ့တာ ငါသိတယ်၊ ငါပြန်လာပြီဆို အမေတစ်ခါမှမျက် [illegible]ကောင်းတာတွေလေ.."

"ဒါကတော့ နင့်ကိုတွေ့ချင်ပေမယ့် ပထွေးနဲ့မတင့်တယ်တာတွေ [illegible] ပါမှာပါဟယ်..အခုအခေါက်မှာ အန်တီအေးကနင့်ကိုခေါ်တာမို့လား"

ပြန်ပါတော့အေ'လို့ပြောပြီး ညည်းတွားခဲ့တာဘယ်နှစ်ခါလဲ..။ တွေး[illegible] ရင်ထဲမှာကျင်ခနဲရှ၏။ အမေ့ကို သူမချစ်ပါသည်။ အမေနဲ့အတူရှိခဲ့[illegible]ဒေသကို ခြေဦးမလှည့်ချင်တော့တာလည်း ချစ်လို့ပဲဖြစ်သည်။ သို့[illegible] အမေကြင်နာခဲ့တာတွေရော မကြင်နာခဲ့တာတွေရော ဘာဆိုဘာမှ [illegible]သိချင်တော့ပါ။ ခွဲကြရမယ့်အချိန်ဟာ အချစ်နဲ့သာဖြစ်သင့်သည်ဆို [illegible] ကိုယ့်ရဲ့အတိတ်တစ်လျှောက်လုံးကို မှင်နီသားလိုက်ဖို့အပြင်မရှိ.. ။

"ဒါဒါ ငါပြောလိုက်ကာမှ စိတ်ဆင်းရဲစရာတွေ ဖြစ်ကုန်ပြီလား..အဲ့[illegible]ကြီးကိုက ဦးနှောက်မရှိတာပါဟာ၊ ဟိုသူဌေးကဖြင့် ချောချောသန့်သန့် [illegible]လာလိုက်ရင်လည်း သူ့ဘေးမှာနောက်လိုက်နောက်ပါတွေ တပြုံကြီး [illegible]ကိုများ သူကသူဌေးရဲ့ပျာတာဖြစ်ချင်နေသေးတယ်၊ အဲ့လိုသူဌေးတွေ [illegible] ပျာတာဖြစ်ဖို့များ နောက်ထပ်ဆယ်သက်လောက် အိပ်မက်မက်ဦး.."

"ငါသူ့အကြောင်းမတွေးပါဘူး.."

သူမအတိအလင်း ညာပစ်လိုက်သည်။ ပြီးတော့ ဘာမှမဖြစ်သလို [illegible]မှော့ကာ.. ။

"ငါ့ကိုပြောပေးနော်.."

"ဟင်..ဘာကိုလဲ.."

"ငါရှယ်ယာဝင်ဖို့ကိစ္စ.."

ဥမ္မာ့မျက်နှာ ဝင်းထိန်သွားသည်။ ဇက်ကျိုးမတတ် ဆတ်ခနဲခေါင်း[illegible]လိုက်ရင်း.. ။

"လုံးဝစိတ်ချပါဆိုမှ.."

"ငါဆုံးဖြတ်လိုက်ပြီ..နင်တို့တိုက်ဆောက်မှာနဲ့ လုပ်ငန်းမစခင်ကြား[illegible] ငါအစွမ်းကုန်ကြိုးစားမယ်၊ ဒီထက်ငွေရင်းများများနဲ့ဝင်နိုင်ဖို့.."

"ဒါဒါရယ်..အရမ်းလည်း.."

"အကျိုးအမြတ်များများလိုချင်ရင် ပင်ပန်းခံရမှာပဲ..နင်ပြောသလို ငါကစိတ်ကူးယဉ်အိပ်မက်မက်နေတယ်လို့ မမသန်းဝင်းမထင်ဘူးဆိုရင် ငါ့ဘက်က အစွမ်းကုန်ကြိုးစားပါ့မယ်လို့နော်.."

"ဩော်..ငါ့ကိုဒီထိလွှတ်ပြီး နင့်ကိုခေါ်ခိုင်းတာကြည့်ပါဦး၊ မကြီးသန်းဝင်းက လုပ်ငန်းတိုးချဲ့ချင်တာရယ် နင့်ကိုကူညီဖို့ရယ် အဓိကပါ..နင်ဒီတိုင်းပါလာရင်ကို အရမ်းဝမ်းသာနေမယ့်သူ.."

"ငါပိုက်ဆံစုဦးမယ်..ခုလိုအမာခံငွေလေးရှိထားပြီဆိုတော့ နင်ရောက်လာတာ ငါ့အတွက်ကံကောင်းခြင်းလက်ဆောင်လို့ပဲ တွက်ပါတယ်..ငါလမ်းပျောက်နေခဲ့တာကြာပြီ၊ ခုမှ ငါ့စိတ်ကိုငါပြန်ရတာ.."

ဆုံးဖြတ်ချက်တစ်ရပ်သည် မှောင်နက်မည်းမည်းမှာ မီးအိမ်ရှင်ပေါ်လာသလိုမျိုး ဘဝရဲ့အမှောင်တို့ချုပ်ငြိမ်းသွားသည့်နှယ်.. ။

သဲတောမှာနစ်ကျွံလုလုလှည်းဘီးကဲ့သို့ ကိုယ့်ဘဝကိုအနာဂတ်အတွက် အင်တိုက်အားတိုက် ရုန်းကန်ရပါမည်။ ဒီအခြေအနေကသာ အမေနဲ့သမီးလေးအတွက် သူမလုပ်ပေးချင်တဲ့ ရည်ရွယ်ချက်ဖြစ်မြောက်နိုင်မှာ ဖြစ်သည်။ ထို့ကြောင့် ကျေးဇူးတင်ထိုက် သူအားလုံးကို ကျေးဇူးတင်နေမိရင်း..

ရှင်သိနိုင်ပါစေ.. ။



အခန်း(၆၀)

"အခုသေချာသွားပြီလား.."

"အေး..အလုပ်ဝင်နေပါပြီဆို၊ မပူစမ်းပါနဲ့..ငါ့အစ်ကိုရဲ့ပါတနာကြီး မင်းရဲ့ရောဂါအခြေအနေပါ အသေးစိပ်ပြောပြထားတယ်..ဗေဒါဖြူဆိုတဲ့ မည်တွေ့တာနဲ့ ပြောတဲ့လစာနဲ့ရာထူးအင့်ခနဲပေးပစ်လိုက်တာတဲ့၊ ကျေ ပြီလား.."

ဝေဒရဲ့စိတ်မရှည်သံကြောင့် သူပြုံးလိုက်မိသည်။ သို့သော်.. ။

"တစ်ခုတော့ရှိတယ်.."

"ဘယ်နှစ်ခုရှိရှိ ပြော.."

"အေး..ပြောပြီးရင်တော့ အမိန့်တွေထပ်မပေးနဲ့တော့နော်၊ မင့်ချာ တ်မက သူသွားနေတဲ့လမ်းကြောင်းမဆုံးဘဲ ရွှေထုပ်ကြီးပစ်ချပေးရင် ောင် ခြေလှမ်းရပ်မှာမဟုတ်ဘူး.."

"အဟွန်း.."

"အေးပါ..ရယ်ပါ၊ မင်းကဟိုတယ်လ်လုပ်ငန်းတွေနဲ့ ပင်ပန်းမှာစိုးလို့ တစ်ဝက်နဲ့လစာတွေ ပစ်ခတ်ပေးထားတယ်..အဲ့ဒီချာတိတ်မက အခုဘာ ပ်နေလဲသိလား.."

"မသိဘူး.."

"ဒလီဗာလုပ်နေတယ်ဗျ.."
"ဘာ.."
စီးကရက်မီးညှိဖို့ပြင်ပြီးမှ မီးခြစ်ဖို့မေ့ကာ ဒီတိုင်းထရပ်လိုက်မိသည် ဟိုတယ်လ်အလုပ်မှာ သက်တောင့်သက်သာလေးရှိဖို့အရေးတောင်မှ သူမ အနီးပတ်ဝန်းကျင်မှာ ကိုယ့်လူတွေဖြန့်ဖျောက်ပြီး အလုပ်သတင်းပေး လွှတ် လိပ်စာနဲ့တကွလမ်းညွှန်သူပါ သူမဆီအရောက်ပို့ထားရသည်။
ရန်ကုန်ပြန်လာပြီး လုပ်ငန်းထဲမှာ စိတ်ပြန်နှစ်ထားရပေမယ့် အချိန် တိုင်းလိုလို သည် သူမအဆင်ပြေရဲ့လားဆိုသည့် နောက်ဆံတင်းသည့် စိတ် ကြောင့် ခက်သည်။ သူ့အတွက်အကြောင်းပြဖို့ မန္တလေးမှာလည်း စက် လုပ်ငန်းတွေရှိ သည်။ ဒါပေမဲ့ ရန်ကုန်မှာလည်း ပရော့ဂျက်အသစ်က စ ပြီမို့ အရင်လိုသည့်အလုပ်နေရာမှာ သူရှိနေရ၏။ ဒါဒါမန္တလေးရောက် သွားသည့်အဖြစ်က သူ့အတွက်အတော့်ကိုအဆင်မပြေဖြစ်ရလေသည်။
ဒီအလုပ်လေးလုပ် ဒီလိုနေပါဆိုပြီး ထားတဲ့နေရာမှာနေ ပေးတာလေး နဲ့ကျေနပ်နေတဲ့ ချာတိတ်လေးတစ်ယောက်ဆို တော်သေးသည်။ ခုတော့ သူမလေးက ဒီလိုမဟုတ်.. ।
"ဒလီဗာလုပ်ရအောင် သူ့မှာဘာရှိလို့လဲ..ကျွတ်.."
"အေး..မင်းသိရင် အဲ့လိုဖြစ်မှာသိတယ်၊ ဒါပေမဲ့ ထားလိုက်တော့ ကို..အဲ့ကောင်မလေးက တစ်ခုခုဆို စူးစူးစမ်းစမ်းနဲ့ သူ့ကိုစကားပြောရတဲ့ လူတွေ အသေညည်းတာ.."
"ဒါကတော့ မိန်းကလေးကိုကွ.."
"အေးပါ..မင်းပဲနားလည်.."
"ညနေ မင်းငါ့ဆီလာခဲ့ကွာ.."
"မလာဘူးဟေ့ကောင်..ဘာထပ်ခိုင်းဦးမလို့လဲ၊ ငါလည်းမန္တလေး ကောက်ကောက်ပြေးရတာ လျှာထွက်တော့မယ်..မင်းကဖုန်းလေးနဲ့ခိုင်း မယ့် ငါဆက်ဆံရတာ အဲ့လိုမရဘူး၊ တစ်ခုခုတိမ်းစောင်းသွားရင်လည်း.."
"တစ်ခုခုမှ တိမ်းစောင်းလို့မရဘူး.."
"ဟွန်း.."
"ဗေဒါဖြူ့ဘဝမှာ ငါရှိနေသားနဲ့ ဘာကြောင့်မှထိခိုက်နစ်နာတာ ထပ် မဖြစ်စေရဘူး.."
"အဲ့ဒါကြောင့် ငါပြောမယ်..ဖုန်းပြောပြီး တစ်ခါတည်းလက်ထပ်လိုက် တော့လို့.."
"လျှောက်ပြောမနေနဲ့..အဲ့ဒီဒလီဗာကိစ္စအတွက်လည်း.."



"ဟေ့..ဟေ့ ငါပြောထားတယ်နော်၊ စမလာနဲ့.."
"ဝေဒ.."
"ဘာတုံး.."
"ငါမင်းဆီကိုပဲ အိတ်သွန်ဖာမှောက်ပြောထားတာ.."
"ဟား.."
ဝေဒရဲ့စိတ်ပျက်သံကြီးက ဒဏ်ရာဗလပွနဲ့ ဗုန်းဗုန်းလဲကျတော့မယ့် အတိုင်း.. ।
"တစ်ခုခုလုပ်ကွာ..အသူရာချောက်ကြီးထဲ ခုန်ချဖို့ပြင်နေလည်း တား ရရင် ချောက်ကိုရွှေ့ရုံပဲရှိတာ.."
"အေးပါ..ရွှေ့ပေးလိုက်ပါ၊ မင်းက အဲ့ကောင်မလေးအတွက်ဆို မြင့် မိုရ်တောင်ကို ဖီးစေ့လောက်ပဲထင်တဲ့ကောင်..ထိုင်ရာမထခိုင်းနေရတာ အ ဆင်ကိုပြေလို့.."
"ထိုင်ရာမထခိုင်းလို့မရဘူး..အလုပ်ကတစ်ကန့် သူ့အတွက်ကတစ် ခွမ်း၊ ခေါင်းထဲမှာထည့်ထားရတာ လွယ်တယ်မှတ်လို့လား.."
"မလွယ်ရင် ထုတ်ပစ်လိုက်ပေါ့..မင်းကိုဘယ်သူက ခိုင်းနေလို့လဲ.."
စီးကရက်မီးညှိရင်း သူရယ်လိုက်မိကာ.. ।
"ဘဏ်မပိတ်ခင် ငွေသွင်းဖို့လုပ်လိုက်ဦး.."
"အဲ့ဒါတွေကပါသေး.."
ဝေဒကလည်း အပီအပြင်ညည်း၏။ ထို့ပြင်.. ।
"မပြောမရှိနဲ့နော်..အဲ့ဒီကောင်မလေးအတွက်နဲ့ မင်းရူးသွားလိမ့်မယ်."
........ဒီကောင်မလေးအတွက် ငါရူးသွပ်လိမ့်မယ်ပြောပါစေ.....
........ဒီကောင်မလေးအတွက် ငါအသိုင်းအဝိုင်းထဲမှာ ဘယ်လိုကဲ့ရဲ့..
........ဒီကောင်မလေးအတွက် ငါတစ်ဖက်သတ်အရူးအမူးပဲ........
ရင်ထဲမှာ သီချင်းထဲကစာသားတွေက စကားလုံးတွေလိုပြောင် မြောက်လာသည်။ ပြီးတော့ စားပွဲမှာပြန်ထိုင်လိုက်ပြီး ဘေးအံဆွဲထဲက စာ အုပ်မည်းလေးကို ထုတ်သည်။ အထဲက ဓာတ်ပုံလေးတစ်ပုံကိုဆွဲထုတ်လိုက် တော့ သူမသည်ဗေဒါဖြူဖြစ်လျက်..
မင်းကိုသိပ်ချစ်တယ် ဒါဒါ.. ।

☎

## အခန်း(၆၁)

နာရီကြည့်လိုက်တော့ ဆယ့်တစ်နာရီထိုးနေပြီ။ နောက်ထပ်တစ်ကြောင်းအတွက် ချောထုတ်တစ်ထုပ်ပို့ဖို့ ကျန်သေးသည်။ ဟိုတယ်လ်အလုပ်ပြန်ဝင်ဖို့ သူမတွက်ထားသည့်အချိန်ထက် တစ်နာရီနီးပါးနောက်ကျနေပြီဖြစ်သည်။ ထို့ကြောင့် ခြေလှမ်းကိုပိုမြန်အောင် လျှောက်၍ လမ်းထဲဝင်တော့ အပြေးတပိုင်းဖြစ်လာသည်။ သူများတွေလို ဆိုင်ကယ်လ်မရှိ။ လုပ်နေမကျဘဲ ကိုယ့်ခြေထောက်ကိုယ်အားကိုးရ ဘတ်စ်ကားတွေအားကိုးရမို့ ချိန်ကိုက်ထားသလို ဘယ်တော့မှကွက်တိမပြီး။ ဟိုတယ်လ်အလုပ်ကို ပြန်ဝင်ပြီဆို အမြဲတမ်းဖက်ဖက်မော.. ။

"ဟလို.."

ဖုန်းခေါ်တာသုံးခါရှိပါပြီ။ ကိုင်လိုက်ပြီထင်ကာ အသည်းအသန်ခေါ်မိပေမယ့် ကိုင်တာမဟုတ်သေး။ ထို့ကြောင့် ထပ်ခေါ်တာသုံးခါ.. ။

"ဂျောက်..ဂျောက်.."

အိမ်ရှေ့ရောက်နေတာလည်း အတော်ကြာနေပြီဖြစ်သည်။ တံခါးမျောက်လက်ကို လက်နဲ့ရိုက်ပုတ်ပြီး အသံပေးတာလည်း အိမ်ထဲကတုတ်တုတ်တောင်မလှုပ်။ အိမ်သည်ပျဉ်ထောင်အိမ်အမြင့်ဖြစ်ကာ သိပ်မကျယ်သည့်ခြံဝင်းထဲမှာ တိုင်းရင်းဆေးဖော်စပ်ထားပုံရသော ဆေးလုံးသေးသေး



ဆေးတွေကို ဆန်ကောသုံးချပ်နှင့် ဖြန့်ခင်းလှန်းထား၏။ ပြီးတော့ အဝတ်ကြိုးတန်းတစ်ခုမှာ အမျိုးသမီးအင်္ကျီတွေရော ကလေးအင်္ကျီတွေပါ လှန်းထားတာရေစက်တွေ တောက်တောက်ကျနေဆဲ.. ။

ထို့ပြင် ခြံတံခါးထဲမှာရော အထဲအိမ်တံခါးမှာပါ သော့ခတ်ထားတာလည်းမဟုတ်ဘဲ ဖုန်းလည်းဝင်နေသားနဲ့ ဘာလို့အသံတိတ်နေတာလဲ..။ ဒါတမင်ရှောင်နေပြီဆိုသည့် လက္ခဏာမှန်းသိလိုက်သည်။ ဒီခေတ်မှာအွန်လိုင်းကပစ္စည်းဝယ်ကြတာတွေ အများကြီး။ ဒီလိုလုပ်တဲ့သူတော့ အများကြီးမရှိနိုင်ပါ။ ကိုယ့်ကျမှဘယ်လိုဆိုးရွားမှုလဲ..။ ရှေ့တိုးပြီးရင် ပြန်မဆုတ်တတ်သည့်အကျင့်က ဒီအထုပ်ကိုရွေးမည့်သူမရှိလျှင် သူမဘာဝပျက်မည့်အပြင် လမ်းစရိတ်ပါဆုံးမှာမို့ လက်လျှော့ပြန်ဖို့တော့ စိတ်မကူးပေ.. ။

ဖုန်းခေါ်လိုက် ခဏစောင့်လိုက်နှင့် အချိန်တွေကြာသွားသည်။ ခြေရင်းခေါင်းရင်းအိမ်က လူတချို့ခေါင်းပြူကြည့်လာကြပေမယ့် ဒီအိမ်ကဒီအတိုင်း.. ။

ဒါဒါစိတ်တိုလာကာ တံခါးမျောက်လက်ကို လက်လျှိုစမ်းပြီး ခပ်နာနာပုတ်ပစ်လိုက်သည်။

"ဂျိုင်း..ဂျိုင်း.."

"အိမ်ရှင်တို့ရှင်.."

ဘယ်သူကြားကြား အသံပါပေးပစ်လိုက်သည်။

"ဒုန်း.."

သူမခေါ်သံနှင့် မရှေးမနှောင်းမှာ စိတ်မရှည်သောတံခါးဖွင့်သံခပ်ဆောင့်ဆောင့်ပါလာကာ အိမ်တံခါးပွင့်လေသည်။ အမျိုးသမီးကြီးတစ်ယောက်သည် အပြင်ထွက်လာပုံကိုက ထမီမထားလျက် မသိရင် ကိုယ်လုံးကျင်းပစ်တိုက်ပြီး လုံးထွေးသတ်ပုတ်တော့မယ့်အတိုင်း.. ။

"ဟဲ့..ဘာလဲ၊ အိမ်ရှေ့ကနေ လူကြားမကောင်းအသံအမျိုးမျိုးပေးနေတာ ဘာကိစ္စလဲ.."

လူကြားမကောင်းမှန်းသိရင်လည်း အစတည်းကထွက်လာပါလားလို့ ပြောလိုက်ချင်သည်။ သို့သော်.. ။

"ဟုတ်ကဲ့ပါရှင့်..အထဲမှာလူရှိမှာပဲလို့ တွေးမိလို့ပါ..တချို့ကျတော့ အိမ်သာဝင်နေတာတို့ ရေချိုးခန်းဝင်နေတာတို့ ရှိတတ်တော့လေ.."

"ဘယ်မှမဝင်ဘူး..ဒီလောက်အလိုက်ကမ်းဆိုးမသိခေါ်နေတာ ဘယ်သူမကြားဘဲနေမှာလဲ၊ အထဲမှာလူမမာပြုစုနေရတာ..ဘာလဲပြော.."

ထွက်လာတည်းက ဒါဒါအထုပ်ကိုပြပြီး စကားပြောတာပါ။ သူမ

လည်း မျက်လုံးကအထုပ်မှာပဲ တဝဲဝဲရှိနေကာ.. ၊

"ပစ္စည်းလာပို့တာပါရှင့်..ဒီအိမ်ကမသိမ့်သဲဖြူက.."

"သိမ့်သဲဖြူမရှိဘူး..ပြန်လာစရာအကြောင်းလည်း မရှိဘူး၊ သူမှာထားရင် သူရှိတဲ့နေရာလိုက်ပေးချေ..ဖြစ်မှဖြစ်ရလေတယ် လေထဲကမှာပြီး လေထဲကနေရောက်လာတဲ့ပစ္စည်းတွေကိုများ ပိုက်ဆံဆီးပေးပြီး ယုံယုံကြည်ကြည်နဲ့..ဘယ်လိုခေတ်ကြီးထဲမှာ လူလာဖြစ်ရမှန်းမသိဘူး.."

"အန်တီ.."

သူမကပဲထင်သလိုပြောဆိုပြီး ခြံတံခါးသော့ကို အသံမြည်အောင်ပိတ်သွားသေးသည်။ ဒါဒါကမန်းကတန်း လှမ်းခေါ်လိုက်ရင်း.. ၊

"မသိမ့်သဲဖြူက အန်တီသမီးလားဟင်..အွန်လိုင်းကပစ္စည်းတွေကလေ မှာပြီးမှမယူရင် အန်တီ့သမီး.."

အမျိုးသမီးကြီးက 'မ'ထားဆဲထမီကို လွှတ်မချသေးဘဲ သမင်လည်ပြန်လှည့်ကြည့်သည်။ ပြီးတော့ ခြံစပ်ကကုက္ကိုပင်ဆီ ခပ်သွက်သွက်လျှောက်သွားကာ ကြွေကျထားသည့်ကုက္ကိုသီးတောင့်တွေကို လက်နဲ့ဆုံ့သလောက်အပြေးအလွှားကောက်သည်။ ပြီးတော့ ချက်ချင်းပြန်လှည့်လာပြီး ဒါဒါ့ဆီဘအားလွှဲပေါက်၍.. ၊

"မှာပြီးမှမယူတော့ ဘာဖြစ်လဲ..ကဲဟာ ကဲဟာ.."

"ဒေါင်..ထန်.."

ကုက္ကိုသီးတွေ ပလူပျံလာသည်။ လမ်းပေါ်ချော်ထွက်ပျံဝဲသွားကြသလို တံခါးတန်းတွေကိုမှန်ပြီး ပြုတ်ကျတာလည်းရှိကာ.. ၊

"အား.."

ဒါဒါ့နဖူးမှာ ပူထူသွားသည်။ မျက်လုံးထဲမှာမီးပွင့်သွားခဲ့လျက်.. ၊

သူမအတွက် ကံကြမ္မာသည် အဆိုမပါ အကမပါသော ဘီလူးဆိုင်းဖြင့် ဤသို့ချဉ်းနင်းခဲ့ပြီး.. ၊

☎



အခန်း(၆၂)

အရင်က လှိုင်းသေးသေးလေးတွေနှင့် ကော်ဖီရောင်ဆံပင်သည် လှိုင်းအနည်းငယ်ပျော့ကာ ရွှေရောင်ဖျော့ဖျော့လက်လက်လေးဖြစ်နေသည်။ ဟိုတယ်လ်ဝတ်စုံကြေးဥစိမ်းရောင်စကက်ဒူးကျအကျပ်လေးနှင့် ကုတ်အင်္ကျီကအတော်ကျ၏။ ကားထဲကနေ မုန့်တွေခံနေတာကို အားမရဘဲ မုန့်တစ်ဝက်ကောက်ချလိုက်သည်။ ထိုအခါ သူမရဲ့မျက်တောင်ရှည်တွေ ပို၍ရှည်လျားကော့နက်နေတာကို အနီးကပ်မြင်ရလျက် ပန်းနုရောင်နှုတ်ခမ်း ကြွေသားလိုပြောင်နေသော နှုတ်ခမ်းသည့်ပါးပြင်တို့ကို မယုံနိုင်။ ဒီလောက်ပြင်ထားရအောင် ဟိုတယ်လ်မှာသင်းက ဘာအဆင့်မို့လို့လဲ.. ၊

ကူရှင်မှာမှီ၍ ခပ်မိန့်မိန့်ကြည့်နေသည့် ဇကရီ့ခန္ဓာကိုယ်က မသိမသာတောင့်မတ်လာသည်။ ထို့နောက် မှန်နားကိုမျက်နှာတိုးလိုက်မိသည်အခါ ပို၍စူးစိုက်ကြည့်၏။ ဒါဒါကဆလင်းဘက်ခ်အိတ်လေးလွယ်ထားကာဟိုတယ်လ်ထဲကို ရှေ့ကမဝင်ဘဲ ဘေးဘက်ကလျှောက်ဝင်သွားသည်။

စီးထားသည့်ဖိနပ်က အဖြူရောင်ပွိုင့်ဒေါက်ဖြစ်ကာ စီးနေကျဖြစ်နေသည့်ပုံစံက အပြေးတပိုင်းလျှောက်သွားတာတောင် ကြည့်ကောင်းနေသည်။ ဒါသည် သူမခုကျမှ ပြင်ဆင်ဖို့ ကောက်ကပ်လေ့ကျင့်နေရတာ မဟုတ်မှန်းထင်သာစေသည့်အချက်ဖြစ်၏။ ရန်ကုန်မှာမြင်ဖူးတည်းက ဒီဆံပင်ဒီလောက်

အရှည်ကို တစ်ခေါင်းလုံးအရောင်ဆိုး၍ ရဲရဲတင်းတင်းဖြန့်ချထားသော ဆင်းရဲသားရပ်ကွက်ထဲက မိန်းမအဖြစ် သူမမဲ့ရွဲ့ကဲ့ရဲ့ခဲ့ဖူးသည်။ ကဲ့ရဲ့နေရင်းမသိစိတ်မှာ မကျေနပ်ခြင်းတို့ ဖိစီးကာ သူမကိုမရှုစိမ့်နိုင်ခြင်းက ဆက်တွဲဖြစ်ခဲ့၏။ ခုကျတော့ ဟိုတယ်လ်ကြီးတစ်ခုမှာ သင်းကဟန်ကျပန်ကျဝင်လုပ်လို့.. ၊

ရှာတုန်းကရှာလိုက်ရတာ တွေ့လိုက်တော့လည်း ကိုယ့်မျက်စိရှေ့ဝမ်းလျားမှောက်လဲပြီပေါ့ဆိုသည့် အောင်နိုင်သူ၏ပီတိက အသက်တစ်အောင့်လေး.. ၊

ခပ်ကြိတ်ကြိတ်တက်ခေါက်ရင်း ဒက်ရှ်ဘုတ်ပေါ်က မျက်မှန်ကိုယူပြီးတပ်လိုက်သည်။ အနီရောင်အိတ်လေးကိုဖြစ်သလို ဆွဲယူပြီး တံခါးဖွင့်ဆင်းလိုက်လျှင်.. ၊

ဘာလုပ်နေကြတာလဲ.. ၊

သူမမျက်လုံးရှေ့မှာ အနက်ရောင်Honda Fitလေးတစ်စီးက ဟိုတယ်လ်ဘက်ကို ခပ်စောင်းစောင်းဦးလှည့်ထားလျက် ကားထဲကတစ်ယောက်သည် တံခါးမှန်ချထားထဲက ဖုန်းထုတ်၍ ဒါဒါ့ကိုဓာတ်ပုံရိုက်နေ၏။ သေချာကြည့်လေ သေချာလေ။ လက်ပြန်ရှုတ်ကာ အထဲကလူတစ်ယောက်နှင့် ခေါင်းချင်းဆိုင်ပြီး ဓာတ်ပုံကိုကြည့်လိုက် ဒါဒါဝင်သွားသည့်ဘက်ကို ခေါင်းထွက်ကြည့်လိုက်.. ၊

ဟွန်း..ဒီဟာမ အဲ့လိုလုပ်စားနေတာလား.. ၊

ပြောစရာစကားတွေ တစ်ပွေ့တစ်ပိုက်နှင့် ဟိုတယ်လ်ထဲကိုဝင်လာခဲ့သည်။ Receptionက မိန်းကလေးတွေ သူမကိုလှမ်းကြည့်ပေမယ့် ဘာမှမမေးကြ။ ဒီကိုနှစ်ခါလောက်ရောက်ဖူးသဖြင့် ကေရီက မန်နေဂျာရုံးခန်းဆီတိုက်ရိုက်သွားခဲ့လိုက်ပြီး.. ၊

"နင် ငါ့သူငယ်ချင်းဖြစ်ပြီး ဒါလေးတောင် မကူညီနိုင်ဘူးလားဟန်သီရယ်.."

"ကူညီချင်တာပေါ့ကေရီရယ်..နင်ကသူငယ်ချင်းလည်းဟုတ် ကျေးဇူးရှိတဲ့သူဆိုလည်းဟုတ်တယ်.."

အတူကျောင်းတက်ခဲ့ကြသည့် ကာလတွေမှာ မပြေလည်ခဲ့သည့်ဟန်သီ့အတွက် ကေရီကအများကြီးကူညီခဲ့ဖူးပါသည်။ သို့သော်.. ၊

"အဲ့ဒီကောင်မလေးက သူဌေးရဲ့ပါတနာကသွင်းလိုက်တာ..အဲ့ဒါကြောင့် ငါကမန်နေဂျာပေမယ့်.."

"ဖြစ်အောင်လုပ်ကြည့်ပါဟန်သီရယ်..ဒီမှာ.."



ကေရီက သူမရဲ့လက်ကိုင်အိတ်ကို ဟန်သီ့ရှေ့မှာ ခပ်ဆောင့်ဆောင့်ချလိုက်ပြီး.. ၊

"ငါရက်ရောတတ်တာ နင်သိပါတယ်.."

ဟန်သီမျက်နှာပျက်သွားသည်။ အိတ်နဲ့ကေရီ့ကို ဝေ့ကြည့်လိုက်ပြီး..၊

"ငါ့ကိုလာဘ်ထိုးနေတာလားကေရီ.."

"နင်အဲ့လိုသဘောကျတယ်ဆိုရင် ကြိုက်တဲ့ဂဏန်းပြောလိုက်လေ.."

"သဘောကျတာပေါ့..ငွေမမက်တဲ့သူဆိုတာ မရှိဘူး၊ ဒါပေမဲ့ ဒီလိုမျိုးတော့ ငါမယူဝံ့ပါဘူးကေရီရယ်..ဒါကိုယူပြီး တာဝန်ကျေရမှာကလည်း လူတစ်ယောက်ရဲ့နေရာပျောက်အောင် လုပ်ရမယ့်ကိစ္စကြီး.."

"နင်ကသူတော်ကောင်းစကားတွေ ပြောနေတာလား..အဲ့ဒီတစ်ယောက်ကြောင့် ငါ့ယောကျ်ားပါသွားပြီး ငါ့ဘဝပျက်ရရင်ရော.."

ဟန်သီအသံတိတ်သွားသည်။ ကေရီကြိတ်ပြုံးလိုက်မိ၏။ ဟိုတုန်းကည်းက ဟန်သီကယုံလွယ်မှန်း သူမသိသည်။ ထို့ပြင် သူမကသနားတတ်သေးသည်။ ဒီလူကသူများကို သနားတာမဟုတ်ဘဲ ကိုယ့်ကိုသနားတဲ့သူဖြစ်အောင် မလုပ်နိုင်ရင် ကေရီကဘာလဲ.. ၊

"သူကအရမ်းဆင်းရဲတယ်..ယောကျ်ားတွေ ကွဲလိုက်ကွာလိုက်နဲ့ နာ‌ည်ပျက်တွေဗလပွနဲ့ပါ၊ ပြောရရင် နင့်ဟိုတယ်လ်မှာတောင် သူ့ကြောင့်ဂုဏ်တက်ဖို့မရှိဘူးဟန်သီ.."

"အဲ့ဒါတွေက ငါနဲ့တိုက်ရိုက်သက်ဆိုင်နေတာမှ မဟုတ်ဘဲ..သူများဘလုပ်မို့ လက်လွှတ်စပယ်ပြောတာ မဟုတ်ပါဘူး၊ ဒါပေမဲ့ သူဌေးကအရမ်းတိကျတာ..အပြောလည်းဆိုးတယ်၊ သူ့အလုပ်ကိုထိခိုက်စေမယ့်သူလား တိုးတက်စေမယ့်သူလား သူသိပါတယ်..ငါနင့်ကိုမကူညီချင်လို့ မဟုတ်ပါဘူးကေရီရယ်..ငါမတတ်နိုင်လို့ပါ.."

ပြီးတော့ ဒီမိန်းကလေးက ကံမကောင်းတဲ့သူတစ်ယောက်ဖြစ်သည်။ ဟိုတယ်လ်မှာ သူမရဲ့အလုပ်ချိန်က နေ့လည်နှစ်နာရီကနေ ညနေငါးနာရီအထိရယ်..။ ဒါကိုသူမက အွန်လိုင်းပစ္စည်းတွေကို Deliveryလုပ်လိုက်သေးသည်။ အစကတော့ သူမတို့မသိခဲ့ပေ။ တစ်ခါက ပစ္စည်းရွေးမည့်အိမ်က ခွေးလိုက်လို့ပြေးရင်း ချော်လဲတာဒူးပြဲလာ၏။ တစ်ခါကျတော့ ပစ္စည်းထုပ်ချပြီး ရေသောက်နေတုန်း အထုပ်လုခံရလို့ အတင်းလိုက်တာ ကားတိုက်ခံရသည်။ မနေ့ကတော့ အိမ်ထဲကနေ လူထွက်လာပြီး ပစ္စည်းမရွေးဘဲ ကုဋ္ဌိုသီးနဲ့ပေါက်လွှတ်လိုက်သည်တဲ့.. ၊

ဟိုတယ်လ်ကို ဒဏ်ရာဒဏ်ချက်နဲ့ရောက်လာကာမှချည်း သူတို့သိရ

ကာ ဒီအလုပ်မလုပ်ပါနဲ့ဆိုလည်း မရ။ ပစ္စည်းပို့ပေးဖို့အတွက် ပစ္စည်းရှင်ဆီမှာ စပေါ်တင်ထားသည်။ အရင်းမစိုက်ရဘဲ ပိုက်ဆံဝင်အောင်ရှာနိုင်တဲ့အလုပ်မို့ လက်မလွှတ်နိုင်ပါဘူးဆိုတော့ ဘာမှမတတ်နိုင်။ သူမသည် ရုပ်ရည်လေးလည်းရှိကာ စိတ်ကလည်းမာ၏။ သူမအလုပ်လုပ်တာ တစ်လလောက်ရှိပြီပေမယ့် ဘယ်သူနဲ့မှလည်း ပူးတွဲရောနှောနေတာ မတွေ့ဘဲ အလုပ်အားတိုင်း ဖုန်းတစ်လုံးနဲ့တိတ်တိတ်ဆိတ်ဆိတ်တစ်ယောက်တည်းနေ၏။

"နင်က ဒီဟိုတယ်လ်က မန်နေဂျာတစ်ယောက်ဖြစ်ပြီး သူ့လို.."

"သူကမိန်းကလေးဝန်ထမ်းတွေရဲ့ ကြီးကြပ်ရေးမှူးလေ.."

"ဘာ.."

ဒေါ်သသည် မျက်နှာနှင့်လေသံကို ထိန်းညှိဖို့ ဘယ်လိုမှသတိမထားမိလိုက်ဘဲ.. ၊

"ဘာပြောတယ်.."

"တိုးတိုးပြောလေဇေရီ..အခန်းရှေ့မှာ လုံခြုံရေးဝန်ထမ်းတွေ အမြဲတမ်းသွားလာဖြတ်လျှောက်နေတာ.."

ဒီနေရာမှာ မန်နေဂျာဆိုသည့်မာနနှင့် ရက်စိတ်တော့ဝင်၏။ ဟိုတုန်းက ဘယ်လိုပတ်သက်မှုတွေရှိကြပါစေ လက်ရှိအခြေအနေမှာ ကိုယ့်ဘဝနဲ့ကိုယ်လမ်းကို လျှောက်နေကြပြီမို့ အပြန်အလှန်လေးစားမှုတော့ ရှိသင့်တာပေါ့.. ၊

"ဒါနဲ့တင် နင်သူ့ကိုဖြုတ်ထုတ်လိုက်ဖို့ အဆင်ပြေနေပြီလေ..သူ့ကိုယ်သူ ဘယ်လိုတွေလိမ်ညာထားမှန်း တခြားသူမသိပေမယ့် နင့်ကိုငါအကုန်ပြောပြပြီးပြီ..လုပ်လိုက်စမ်းပါဟန်သီရယ်၊ နင်ဒီလောက်မအပါဘူး.."

"ဟုတ်တယ်..မအဘူး၊ ဒါပေမဲ့ ငါအဲ့လိုလုပ်ဖို့ထိ အခွင့်အရေးမရှိဘူးလေ..နင့်ကိုကူညီဖို့ ငါအဆင်သင့်ရှိတယ်ဇေရီ၊ နင်လည်းအဆင်ပြေမယ်..ငါ့အတွက်လည်း နင်ဘာပြန်လုပ်ပေးမယ်ဆိုတာ ငါသိတယ်..တကယ်မတတ်နိုင်လို့ပါ.."

"အေး..နင်သိတာတွေအများကြီးပဲ၊ ဒါပေမဲ့ ငါကနင့်ထက်နင့်ကိုပိုသိတယ်ဆိုရင် ယုံလား..ဟွန်း လုပ်ပိုင်ခွင့်မရှိတာထက် နင်မလုပ်ချင်တာပါ"

ခေါင်းခါနေရင်း ဟန်သီက သက်ပြင်းရှည်ကြီးချသည်။ ဇေရီက မျက်နှာလေးညိုးသွားကာ.. ၊

"သူ့ကိုဒီမှာ မလုပ်စေချင်တာ ငါသူတို့ကိုလိုက်ကြည့်မနေနိုင်လို့ပါ..ပြီးတော့ ဟိုတယ်လ်ကြီးလေ၊ တခြားဧည့်သည်တွေလိုပဲ ကိုကိုလာတည်းမယ်..သူနဲ့နေကြမယ်၊ နောက်ဆို ကိုကိုငါ့ကိုထားသွားနိုင်သေးတယ်..ငါတို့



[illegible]အောင်ရေးက အစတည်းကမပြေလည်ဘူးဟ၊ ငါသူ့ကိုအလုပ်ဖြုတ်စေ[illegible]ကာ ငါ့မျက်စိအောက်မှာ ထားချင်လို့.."

"ဟင်..ဘယ်လို.."

ဇေရီပြောသည့်စကားထဲမှာ ဟန်သီစိုးဝင်စပြု၏။ ထို့နောက် ဒါကိုပဲ[illegible]နဲ့ ပြောပြလိုက်တော့ ကြွေလေသည်။

"အေးပေါ့..ခုခေတ်မှာ ယောကျ်ားမြင်ရင် ပျို့ပျို့အိုအိုမရှောင်ကြတော့ [illegible] အားကိုးရှာကြတာထက် ဝါသနာကိုပါနေကြတာ..ပေးကမ်းထောက်ပံ့[illegible] အပိုင်ရဖို့ကြိုးစားကြတာ၊ နောက်ဆုံး ငါမရရင် သူများလည်းမရ[illegible]တဲ့ မစားရတဲ့အမဲ သဲနဲ့ပက်တာမျိုးတွေ လုပ်ကြတယ်..ကြားနေမြင်[illegible]တာ နားမချမ်းသာပါဘူး.."

"ဟုတ်တယ်..သူ့ကိုငါ မျက်စိအောက်မှာထားမှဖြစ်မယ်၊ သူကငါ့ကို[illegible]မိန်းမမှန်းမသိဘူးလေ..အဲ့ဒါကြောင့် သူတို့ကိုငါ့နည်းငါ့ဟန်နဲ့တားဖို့[illegible]အားနေတာ၊ ကိုကို့ကိုလည်း ငြင်ငြင်ဟန်မပြရဲဘူး..ဓာတ်လမ်းတွေထဲ[illegible] အဲ့ဒီဟာမကို သွားတားပြန်ရင်လည်း ပိုဆိုးတာလုပ်ပြတော့မှာ.."

"ဟုတ်တယ်..အဲ့လိုမိန်းမတွေကလုပ်မှာ.."

ဒါပေမဲ့ သူမမှာအဲ့လိုယောကျ်ားမျိုး အားကိုးရှိနေသားနဲ့ အလုပ်တွေ[illegible]ဒီလောက်တောင် လုပ်နေတာလဲ..။ တစ်ဖက်ကတွေးမိပြန်လျှင်.. ၊

"အခု ငါနဲ့သူ့ရှေ့ဆင့်နောက်ဆင့်ဝင်လာကြတာပဲ..ဒီဟိုတယ်လ်ဝင်း[illegible]ကနေကာမှတောင် ဒီမှာကြည့်..အဲ့ကောင်တွေသူ့နောက်လိုက်နေတာ"

ခုနကားထဲမှာ ဓာတ်ပုံရိုက်နေကြသည့်ပုံကို သူမအမိအရပြန်ရိုက်ထား[illegible]၊ ဒါဒါကမြင်ကွင်းထဲမှာမပါတော့ပေမယ့် ဓာတ်ပုံကသိသာနေသ[illegible] ဟန်သီမျက်မှောင်ကုတ်နှင့် စိုက်ကြည့်နေ၏။ ဇေရီကဟန်သီ့ခေါင်းထဲ[illegible] ဒါ့အကြောင်းအကောင်းမြင်ဝါဒတွေ နည်းနည်းမှကူးစပ်ခွင့်မပေးဘဲ..၊

"နင်သူ့ကိုမဖြုတ်ဘဲ ထားရင်တော့ ငါဘဝပျက်မှာပဲဟန်သီရယ်..လုပ်[illegible] ငါ့ကိုကူညီပါ..ငါ့ကိုလင်တရူးနေတဲ့မိန်းမလို့ပဲထင်ထင် ငါမရှက်[illegible]ပါဘူး၊ ဒီမှာလောလောဆယ် ဒီပိုက်ဆံတွေ ငါအကုန်လုံးပေးခဲ့ပါ့မယ်..[illegible]ဖြုတ်ပြီးရင်လည်း.."

"မလုပ်ပါနဲ့ဇေရီရယ်..ငါတာဝန်ကြီးမှာစိုးလို့ပါ၊ အေးပါ ငါသူ့ကို[illegible]ထောက်နိုင်အောင် စောင့်ကြည့်နေပါ့မယ်..ငါတတ်နိုင်တာ အဲ့လောက်[illegible]ဟာ၊ အဲ့ဒါကြောင့် ပိုက်ဆံတွေရလာမျိုးလည်း မလိုချင်ဘူး..နင့်အိမ်[illegible]ောင်ရေးမပြိုကွဲဖို့ ငါအတတ်နိုင်ဆုံး ကြိုးစားပေးမယ်၊ အဲ့ဒါတော့ ကတိ[illegible]ယ်.."

"ဟော့အေး..နင်ဒါကိုယူမှဖြစ်မယ်၊ ဒါမှ ငါအိပ်လို့ပျော်မှာ..ငါအားကိုးမဲ့နေလို့ပါဟန်သီရယ်၊ နော်.."

ဟန်သီအသံတိတ်သွားတော့ ဧကရီတစ်ဖက်လှည့်ပြီးမဲ့သည်။

နင်ကဘာမို့လဲ ဟန်သီရယ်.. ၊

*မီးသည် ပြာကျစေလို၍လောင်၏။*
*မိုးသည် အေးမြစေခြင်းဖြင့်ရွာ၏။*
*ပြာလည်းမကျ အေးခြင်းမရသောထိုအရာသည်ကား.. ၊*

☎



အခန်း(၆၃)

"မင်း ခုဘာလုပ်နေလဲ.."

"ကြည့်နေတယ်.."

"ဟား ဟား ဟား.."

ဘာကိုကြည့်နေသလဲလို့ မေးစရာမလိုမှန်း သိနေကြတဲ့အထိ သူက အည်းရူးသွပ်ပါ၏။ ဒရင်းဘက်ဒ်ပေါ်မှာ လှဲနေရင်း မန္တလေးကပို့ထားသည့် ဒါဒါ့ပုံလေးကို ကြည့်နေမိတာ အချိန်တွေဘယ်လိုကုန်သွားခဲ့မှန်းမသိ.. ၊

"ဘယ်လိုလဲကိုကို..ရင်ဘက်ကြီးမီးလောင်နေတာ ငြိမ်းသွားပြီလား.."

"ခွေးကောင်.."

ပုံထဲမှာ ဟိုတယ်လ်ဝန်ထမ်းဝတ်စုံလေးနဲ့ ဒါဒါ့ကိုယ်လေးက လက်ရာမြောက်စွာ ထုဆစ်ထားသလိုထင်းနေသည်။ ဆံပင်တွေက အရင်လိုပွနေတာမဟုတ်ဘဲ ပိုလှနေသည်။ ဘေးတစောင်းပုံပဲကြည့်ကြည့် နောက်ကျော အပုံပဲဖြစ်ဖြစ် ပုံတိုင်းကအဝေးရိုက်တွေပေမယ့် သူမအလှက ပတ်ဝန်းကျင်ထဲမှာ မှိန်ဖျော့မသွားပေ။ ဒီလိုအလုပ်အကိုင်လေးနဲ့ ဣန္ဒြေရရလေးဖြစ်သွားဖို့ သူဘယ်လောက်တောင်ကြိုးစားခဲ့ရသလဲ.. ၊

စခရင်န်ပေါ်မှာ သူမပုံလေးကိုအနီးကပ်ဆွဲကြည့်ရင်း နှုတ်ခမ်းတွေ ကွေး၍ ပြုံးနေမိသည်။

နောက်ထပ် လောဘတွေမကြီးနဲ့တော့ချာတိတ်..ကိုယ်မင်းနားကို လာနိုင်သေးဘူး၊ မင်းငြိမ်ငြိမ်လေးနေမှဖြစ်မယ်..

ထိုစဉ် ဖုန်းမြည်လာသဖြင့် သူနေရာမှထသွားပြီး ကိုင်လိုက်ကာ..

"မန္တလေးကို ကျွန်တော်ရောက်ဖြစ်မှာမဟုတ်ဘူးအန်ကယ်လ်.."

"...................."

"အင်း..လကုန်တဲ့အထိ ရန်ကုန်မှာပဲရှိမယ်.."

"................"

"ဟုတ်တယ်..ဒီမှာပရော့ဂျက်စနေပြီလေ၊ ဟင်..ဘယ်လို.."

ကိုကို့မျက်နှာချက်ချင်းပြောင်းလဲသွားကာ ဖုန်းကိုအိတ်ထဲထည့်ထား လိုက်ပြီး စားပွဲမှာထိုင်ချလိုက်၏။

"ဘာမှမဆိုင်ဘူးအန်ကယ်လ်..နယူးစီးတီးအီလက်ထရွန်းနစ်ကအ ဖြစ်ဖြစ် မူပိုင်ခွင့်နဲ့ရော ထုတ်လုပ်မှုအပိုင်းရော ကျွန်တော်နဲ့ဘာမှမဆိုင်ဘူး"

"................"

"အိုခေ..အိုခေ၊ ဟုတ်တယ်..အဲ့ဒီအတိုင်းပဲ၊ လင်းမြတ်ဖော်နဲ့ကော ဘယ်လိုပတ်သက်ပူးပေါင်းပြီး လုပ်ကြသလဲ ကျွန်တော်မသိဘူး..သူတို့နဲ့ ကျွန်တော့်လုပ်ငန်းတွေနဲ့လည်း မဆိုင်ဘူး၊ ကျေးဇူးပြုပြီး လုပ်ငန်းအကြောင်း ပဲပြောရအောင်ပါအန်ကယ်လ်.."

လင်းမြတ်ဖော်က ဘာဖြစ်လို့လုပ်ငန်းမှတ်ပုံတင်ကိစ္စတွေ ပူးတွဲရေး နေတာလဲ.. ၊

"တောက်.."

ဖုန်းကိုဂွက်ခနဲမြည်အောင် ချပစ်မိကာ ကုလားထိုင်မှာ ပစ်စလက် ခတ်မှီချလိုက်သည်။ ဒီမောင်နှမနဲ့ပတ်သက်ပြီး စိတ်ပျက်ပူလောင်ရခြင်းတွေ ဘယ်တော့အဆုံးသတ်မှာလဲ..။ ထိုစဉ် အိတ်ထဲကဖုန်းကမြည်လာသဖြင့် ထုတ်လိုက်ပြီး.. ၊

"ဟလို.."

"................"

"ဝေဒလုပ်လိမ့်မယ်..ဒီတစ်ပတ်အတွင်း ဘတ်ဂျက်ထွက်လာမယ် ထွန်းထွန်းနဲ့အောင်ဟိန်းတို့ စက်ံပူက ပြန်မလာကြလို့.."

".............."

"အေး..ဒီတစ်ခါ ငါ့ဖုန်းဖိုးထူးကိုပေးလိုက်၊ ငါပြောမယ်.."

နောက်ထပ် ဘယ်ဖုန်းမှထပ်မဝင်သေးခင် မန္တလေးကဖုန်းကိုသူပဲခေါ် လိုက်ကာ နေရာမှထ၍ အပြုရောင်လိုက်ကာနားမှာ ရပ်လိုက်သည်။



"ငါပြောမယ်..သီလရှင်ကျောင်းက စထွက်တည်းက တစ်ယောက်အ မြဲပါပေ့စေ၊ သူလုံးဝမရိပ်မိအောင် ကြည့်နေခိုင်း..နေ့လည်ပိုင်းဟိုတယ်လ် ရောက်မချင်း သူ့ကိုယ်မှာဆူးခြစ်ရာတောင် ထပ်မဖြစ်စေနဲ့၊ သီလရှင် ကျောင်းကိုချောချောမောမောပြန်ရောက်တဲ့အထိ.."

ပြောနေရင်း နောက်မှာလူရိပ်တွေလိုက်သဖြင့် လှည့်ကြည့်မိလျှင် ဒေါ် မေစိုးဦးကခပ်လှုပ်လှုပ်လျှောက်ဝင်လာလျက် စားပွဲရှေ့မှာ ဝင်ထိုင်၏။ သူ နှုတ်ချပြီး အနားရောက်သွားမှမော့ကြည့်ကာ.. ၊

"သီလရှင်ကျောင်းမှာနေရတဲ့ မိန်းကလေးကို သားသဘောကျနေတာ လား.."

ကိုကိုမျက်နှာပျက်သွားသည်။ သို့သော် ခေါင်းညိတ်လိုက်ပြီး.. ၊

"ရောက်ဖို့မလွယ်သေးတဲ့ ကျွန်တော်အလိုချင်ဆုံး တစ်ခုတည်းသော နေရာတိုင်.."

ဒေါ်မေစိုးဦးက ခေါင်းမညိတ်ခေါင်းမခါ တိတ်ဆိတ်သွားခဲ့သည်။ မျက်နှာခပ်လွှဲလွှဲနှင့် အတန်ကြာငြိမ်နေပြီးမှ.. ၊

"ဒုက္ခတစ်ခုကို ဖြုတ်မချနိုင်သေးဘူးနော်.."

"ဒုက္ခက တစ်ခုမဟုတ်တစ်ခု ကပ်တွယ်နေမှာပဲကြီးကြီး..ဒီဒုက္ခက ကျွန်တော်လိုလိုချင်ချင်ဖက်တွယ်ထားချင်တဲ့ ဒုက္ခပါ.."

"အဲ့ဒီလောက်တန်ဖိုးထားစရာ တန်လို့လား.."

ကိုကိုမျက်နှာညိုသွားတော့ ဒေါ်မေစိုးဦးက မပြုံးချင်သည့် နွမ်းယဲ့ သောမျက်နှာနှင့်.. ၊

"ကြီးကြီးအဆင့်အတန်းစကားပြောတာ မဟုတ်ဘူး..ဒါပေမဲ့ အမှား ဆိုတာ မတော်တဆပဲဖြစ်သင့်တာ၊ ထပ်ခါထပ်ခါဆိုရင် ဒါကအကျင့်ဆိုး ဖြစ်သွားပြီ..တစ်ယောက်နဲ့တင် ပညာမစုံသေးလို့လားသားရယ်.."

"သူကအဲ့လိုမိန်းကလေးမဟုတ်ဘူး.."

"အထည်ကြီးပျက်ဆိုတဲ့ မိန်းကလေးတွေကျတော့ ဆင်းရဲတဲ့ဒဏ်ကို ခံနိုင်လို့ ပျက်စီးကြတယ်..ဆင်းရဲပြီးသားမိန်းကလေးကျတော့ ချမ်းသာ လာရင် မပျက်စီးဘူးလား.."

မေးခွန်းနဲ့တူပေမယ့် ကိုကိုကဘာမှမဖြေဘဲ ကုလားထိုင်မှာဝင်ထိုင် သည်။ သူထိုင်လိုက်ကာမှ ဖုန်းဝင်လာသဖြင့်.. ၊

"ခဏလေးကြီးကြီး.."

ဆိုပြီး ဖုန်းကိုင်လိုက်ကာ..

"အေး..ဟုတ်တယ်၊ သူပြောတာ သုံးထောင်ငါးရာ..အစွန်းထွက်မပါ

ဘူး..”

“.................”

“အဲ့ဒါငြိနေရင် နည်းနည်းညှိပေးလိုက်ထိန်ဝင်း..ထွန်းထွန်းကိုငါလွှတ်လိုက်မယ်လေ..”

သူဖုန်းပြောပြီး ချလိုက်တဲ့အထိ ဒေါ်မေစိုးဦးကစောင့်၍.. ၊

“ကြီးကြီးပြောချင်တာက ‘စားရလေလေ ငက်လေလေ’ဆိုတဲ့ စကားရှိသလို ‘မကိုင်ဘူးတာကိုင်ရရင် မစားဘူးတာစားရရင်’ဆိုတဲ့ စကားလည်းရှိသေးတာပဲ..”

“ကြီးကြီးက သတိပေးချင်တာလား..ကျွန်တော့်ကိုတားနေတာလား”

“ကြီးကြီးမတားပါဘူး..သားကကလေးမှ မဟုတ်တော့တာ၊ ဒါပေမဲ့ကလေးတစ်ယောက်က အိမ်ထောင်ပြုမှားတဲ့ အမှားမျိုးကျူးလွန်မှာမှမဟုတ်ဘဲ ဟုတ်တယ်မို့လား..အိမ်ထောင်ပြုတဲ့အရွယ်တွေပဲမှားကြတာ၊ မချစ်ဘူးတဲ့လူတွေပဲ ရှုံးကြတာ..”

ကိုကိုက ရယ်မြူးရိပ်သမ်းသွားသည့်မျက်နှာနှင့် ခပ်လွဲလွဲပြုံးကာ..

“ကျွန်တော်မရှုံးပါဘူး..”

“ရှုံးသွားမှာတော့ စိုးရိမ်တယ်သား..သားမှာအိမ်ထောင်ရှိပေမယ့် အချစ်ကိုမခံစားဖူးသေးဘူး၊ သားမှာချစ်သူမရှိခဲ့ဘဲ ဧကရီ့ကိုလက်ထပ်ခဲ့ရတာလေ..အခု သူနဲ့ကင်းပြတ်သွားဖို့အတွက် ဒီမိန်းကလေးကို ရွေးချယ်နေတာလား၊ ဆင်းရဲတဲ့မိန်းကလေးဆိုတော့ အောက်သက်ကြေမှာပဲလို့တွက်ပြီး..”

“ကြီးကြီးကလည်း..”

သူရယ်လိုက်တော့ ဒေါ်မေစိုးဦးစကားလက်စနှင့် ရပ်တန့်သွားခဲ့သည်။

“အောက်သက်ကြေတဲ့အရည်အချင်းကို အမှတ်ပေးပြီး လက်ထပ်ရအောင် ကျွန်တော်ကအိမ်အကူလိုချင်တာမှ မဟုတ်ဘဲ..”

“ကြီးကြီးကလည်း အဲ့လိုကြီးပဲပြောတာ မဟုတ်ဘူးလေ..စိတ်ဓာတ်စာရိတ္တအားလုံးကို ဆင်းရဲတာနဲ့ ချိန်ထိုးပြီး..”

“ကျွန်တော့်ဘက်က ချစ်နေတာတစ်ခုတည်းနဲ့ ချိန်ထိုးခဲ့တာပါ..”

နှစ်ယောက်စလုံး အသံတိတ်သွားသည်။

“သူကအပျိုလည်းမဟုတ်ဘူး..”

ဒါကိုသိပြီးသားမို့ ဒေါ်မေစိုးဦးမတုန်မလှုပ်ကြည့်နေ၏။ အိမ်ထောင်သည်မိန်းမမို့ ရင့်ကျက်တည်ငြိမ်မှုတွေရှိမှာပဲလို့များ ကောင်းတဲ့ဘက်ကတွေးယူခဲ့တာလားလို့တော့ စိတ်ထဲမှာမေးခွန်းလေး ပေါ်လိုက်သေးသည်။

“ဆင်းရဲတယ်..မိဘဆွေမျိုးဘာမှမရှိဘူး..”



“ဒါဆိုဘာရှိသေးလဲ..”

“ကျွန်တော်ကမြတ်နိုးချင်တဲ့စိတ်..”

တစ်ယူသန်နေတာလား..ငါအရွယ်ရောက်ပြီ ငါထင်တာအမှန် ငါဆုံးဖြတ်ခွင့်ရှိတယ်..ဒီလိုမာနတွေလား..။ ကိုကို့မျက်ဝန်းတွေကိုကြည့်ရင်း ဒါကရွေးချယ်မှုပဲဆိုတာ ဒေါ်မေစိုးဦးနားလည်လိုက်သည်။ ထို့ကြောင့် နားလည်ပေးရုံမှလွဲ၍မရှိတော့ရာ.. ၊

“ဟုတ်ပါတယ်..ကိုယ်ကမြတ်နိုးနေရင် အရာရာကလှနေတာပဲ၊ ကြီးကြီးက ဂုဏ်ပကာသနတွေ ခွဲခြားချင့်ချိန်ပြီး ပြောနေတာမဟုတ်ပါဘူး..ဒါကြောင့် စိတ်ဆင်းရဲနေရတာတွေကိုလည်း ကြောက်နေပြီ..”

တကယ့်ကိုကြောက်နေမိတာပါ။ ချမ်းသာဖူးတဲ့သူက ဆင်းရဲဒဏ်ကိုခံနိုင်လို့ ငွေမက်သလို ဆင်းရဲတဲ့ဘဝကနေလာပြီး မကိုင်ဘူးတာတွေကိုင်ရရင် အပျော်လွန်အမှောင်ဖုံးခဲ့ရင်ရော ဒါလည်းချမ်းသာတဲ့ဒဏ်ကိုမခံနိုင်တာပဲ မဟုတ်ဘူးလား.. ၊

“ဒါပေမဲ့ သားရဲ့ရွေးချယ်မှု မှန်ကန်မယ်ဆိုရင် ကြီးကြီးလက်ခံပေးနိုင်တယ်..သားလေးစိတ်ချမ်းသာမယ်ဆိုရင် အဲ့ဒီစိတ်ချမ်းသာမှုကို ဘာနဲ့မှမဖြစ် လဲယူပေးမယ်၊ ဖြစ်နိုင်ရင် အခုဖြတ်သန်းခဲ့ရတဲ့အချိန်တွေ လူတွေအားလုံးပျောက်ကွယ်သွားပြီး အသစ်ကနေပြန်စစေချင်တာ..”

ပြောနေရင်း မျက်ရည်ရောင်တွေလက်လာတော့ ကိုကိုသက်ပြင်းချပြီး ထရပ်သည်။ ဒေါ်မေစိုးဦးက သူထရပ်လိုက်တာကို လိုက်ကြည့်၍.. ၊

“ဒါပေမဲ့ ဧကရီနဲ့သား ဇနီးမောင်နှံတွေဖြစ်နေသမျှ ဘာကိုမှအသစ်ပြန်စလို့ မဖြစ်နိုင်ဘူး..”

“ကျွန်တော့်ကိုနောက်တစ်ယောက်နဲ့ ငြိမ်းချမ်းစေချင်တာလား..ဧကရီ့ကို ကွာရှင်းဖို့တော့ မစဉ်းစားနဲ့လို့ သတိပေးနေတာလား..”

“သားရယ်..”

ရင်ထဲမှာနင့်သွားသည်။ ဒီလောက်ထိလူကြီးမိဘကို ငဲ့တဲ့သား..။ အယ်လိုစိတ်နဲ့ ပြောရက်ပါမလဲ..။ ဒါပေမဲ့ စိတ်ရှိတိုင်း ဘာမှလုပ်လို့မရတဲ့အခြေအနေတွေ ဧကရီဖန်တီးခဲ့တာ။ ဒေါ်မေစိုးဦးဘာမှဖြေရှင်းသံထွက်မလာတော့ ကိုကိုကပြုံးကာ.. ၊

“ဘယ်အခြေအနေတွေဖြစ်နေနေ ဧကရီ့ကိုကွာရှင်းဖို့ လုပ်တော့သားကို ကြီးကြီးမပြောနိုင်ဘူး..”

“အဲ့ဒါကလေ ဧကရီက..”

“ဆိုတော့ ကျွန်တော်ပြောတဲ့သဘောတွေပဲ သက်ရောက်တာမို့လား..”

"သက်ရောက်သွားတာဖြစ်နိုင်တယ်..ဒါပေမဲ့ ကြီးကြီးအဲ့လိုလုံးဝမဖြစ်စေချင်ဘူးဆိုတာ ယုံပါသားရယ်၊ ဒီလောက်ထိစက်စုပ်စရာကောင်းတဲ့ မိန်းကလေးကိုအသက်အောင့်နမ်းနေရတဲ့သားရဲ့ဒုက္ခကို ကြီးကြီးမသိဘဲနေပါ့မလား.."

"မနမ်းပါဘူး.."

ကလေးဆန်ဆန်စကားပေမယ့် ထိုစကားကြောင့် တင်းခနဲဖြစ်သွားသည့် ကိုကို့မျက်နှာမှာ အံ့ဩလောက်ဖွယ် ဒေါသတွေဖုံးလွှမ်းနေလျက်..

"အသက်အောင့်နမ်းလို့တောင် မရတဲ့တစ်စုံတစ်ရာလို့ တွေးကြည့်လိုက်ရင် လေတင်နဲ့လေအောက်ထိုင်မိရင်တောင် သတိစရာမရှိဘူး.."

အဲ့လောက်တောင် မုန်းတီးရွံရှာနေတာလား..ဆိုသည့်မျက်လုံးတွေနှင့် ကိုကို့ကိုမော့ငေးနေမိသည်။

"ကျွန်တော်သူ့ကိုကွာရှင်းဖို့ မပြောဘူး..အဲ့ဒါသူခြိမ်းခြောက်တာတွေကို ဂရုမစိုက်လို့ မဟုတ်ဘူး၊ ကြီးကြီးအသေအလဲစိုးရိမ်နေတဲ့ ဘယ်သူ့ဂုဏ်သိက္ခာ ဘယ်သူ့သမိုင်းကောင်းဖို့မှလည်း မပါဘူး..လူတစ်ယောက်သမိုင်းကောင်းတာမကောင်းတာက ဘယ်လိုနေထိုင်ရှင်သန်ခဲ့သလဲဆိုတာနဲ့ပဲဆိုင်တယ်၊ သေသွားပြီးမှ အဲ့ဒီလူ့သမိုင်းကြောင်းကောင်းဖို့ဆိုတာ ဘယ်သူ့မှာတာဝန်ရှိသလဲ.."

ဘယ်သူ့မှာမှ မရှိပါဘူးလို့ စကားထောက်မိမတတ် ပြောသွားတာကမှန်နေသဖြင့် ဒေါ်မေစိုးဦးမငြင်းသာ.. ၊

"ကျွန်တော်ဇေကရီနဲ့မပြတ်သားခဲ့သေးတာ လူကြီးတွေစိတ်ဆင်းရဲမှာစိုးတာတစ်ခုတည်းကြောင့်ပဲ..အဲ့ဒီအတွက်ကြီးကြီးကျွန်တော့်ကို သနားဖို့မလိုဘူး၊ ရင်နင့်ကြေကွဲဖို့လည်း မလိုဘူး၊ ကျွန်တော်ကလေးမှမဟုတ်တာ..အချိန်တန်ရင်ပြီးသွားမှာပါ.."

စကားတို့သည် ဒီနေရာမှာအဆုံးသတ်သည်မသတ်သည်မသိ။ ဖုန်းမြည်သံက ပီပြင်စွာကြားဖြတ်ဝင်လာသည်။ ရုတ်တရက်ဘယ်ကမြည်မှန်းမသိလိုက်ဘဲ နှစ်ယောက်စလုံးတိတ်သွားကြ၏။ ပြီးတော့ ကိုကိုမျက်မှောင်ကုတ်သွားကာ စားပွဲဆီလျှောက်သွားပြီး အံဆွဲတစ်ခုဆွဲဖွင့်လိုက်၏။ ဒီထဲက ဖုန်းမြည်နေမှန်းသိလိုက်တည်းက ဘယ်သူခေါ်တာလဲဆိုတာ သူတွက်မိခဲ့သည်။ ထင်သည့်အတိုင်း ဇေကရီပဲဖြစ်နေခဲ့လျက်.. ၊

"ပြော.."

"တော်သေးတာပေါ့..ဇေကရီ့ဖုန်းမှန်းသိရင် ချပစ်လိုက်မှာလားလို့.."

"အဲ့ဒါသိချင်လို့ ဆက်တာလား.."



"နီး.."

သူမရဲ့ဖြေရှင်းသံက ပျာပျာသလဲနိုင်လျက် လျှာမှာ ခဲ(ဂဲ)ဆွဲပြီးပြော[illegible]သောင် လေးနက်မှာမဟုတ်သည့်ပေါ့ပျက်ပျက် ခနိုးခနဲ့ သူမရဲ့လေသံ[illegible]နဝန်အတိုင်း.. ၊

"သိလားကိုကို..ဇေကရီရန်ကုန်ရောက်နေတာ.."

"မင်းဘယ်ရောက်နေနေ ဘယ်သူကစိတ်ဝင်စားလို့ လာပြောနေတာ[illegible].."

"ကိုကိုရယ်..ကိုကိုကလွဲရင် အားလုံးဝင်စားပါတယ်၊ ကိုကိုသာ.."

"အဲ့ဒါဆို ငါ့ကိုချန်ပြီး စိတ်ဝင်စားတဲ့အားလုံးကို သွားအကြောင်း[illegible]လိုက်.."

"ကိုကို..ကိုကိုနော်၊ ဒီမှာပြောစရာရှိလို့.."

ဖုန်းခွာမည်ပြင်ပြီးမှ ကျိခနဲအံကြိတ်မိသည်။ တစ်ဖက်ကဖုန်းပြောနေ[illegible]တာ ဇေကရီဖြစ်မယ်မှန်း ဒေါ်မေစိုးဦးသိလိုက်သည်။ ထို့ကြောင့် ဘာမှမ[illegible]တော့ဘဲ နှုတ်ဆိတ်နေလိုက်၏။

"မင်းမောင်ဒီလောက်တောင် အထူအပါးနားမလည်တာကို ငါက က[illegible]ခွေးပြန်သင်ပေးရမှာလား..အပိုတွေပြောမနေနဲ့ဇေကရီ၊ ဒီကိစ္စအတွက်[illegible]တာ ငါ့ကိုဖုန်းဆက်မေးရမှာမဟုတ်ဘူး..ငါ့ဖုန်းကိုပဲ မင်းစောင့်ရမှာ၊ ခုက[illegible] ငါ့လုပ်ငန်းတွေမှာ မင်းတို့မောင်နှမနာမည်တောင် မပါစေနဲ့.."

"ကိုကိုဘာပြောလိုက်တာ.."

"အေး..မင်းအခု မဟားတရားနေရာယူပြီး အဆင်ပြေတဲ့ ကွင်းနဲ့လုပ်[illegible]တစ်ခုလုံးနဲ့ ရှော့ပင်းမောလ်ကခြွင်းချက်.."

"ကိုကို့ဇနီးတစ်ယောက်က ဒါလေးပဲပိုင်ဆိုင်ခွင့်ရှိနေတာလားကိုကို..[illegible]မပြောနဲ့၊ လုပ်ပိုင်ခွင့်တောင် မရှိဘူးဆိုတာ မလွန်ဘူးလား.."

"လွန်တာမလွန်တာ ငါဆုံးဖြတ်ရမယ့်ကိစ္စ.."

"ကိုကိုဆုံးဖြတ်ရတဲ့ကိစ္စရပ်တိုင်း ဇေကရီနဲ့ဆိုင်တယ်ဆိုရင်ရော.."

"လုပ်ကြည့်လေ..မင်းကိုငါအခွင့်အရေးပေးပြီးပြီ၊ စည်းသားသတ်မှတ်[illegible]..နောက်ထပ်မရဘူး၊ မင်းမောင် လင်းမြတ်ဇော်ရဲ့မူပိုင်ခွင့်အလွဲသုံးစား[illegible] ကေတူးနဲ့ခေါင်းမတည်နဲ့..ငါလုံးဝဖြေရှင်းပေးမှာ မဟုတ်ဘူး.."

"ဒါဆို ဘယ်သူ့အနှံခနဲကျသွားမှာလဲစဉ်းစားလေကိုကို..ဇေကရီက[illegible]နဲ့မယားသူ့ပစ္စည်းကိုယ့်ပစ္စည်း မခွဲခြားခဲ့ဘူး၊ ဒါကြောင့်ပြောချင်တာ[illegible] ကိုကို့လုပ်ငန်းထိခိုက်နစ်နာပါစေဆိုတဲ့စိတ်နဲ့ လုံးဝမဟုတ်ဘူး..ဒါပေမဲ့[illegible]တဲ့သူက ဒီလိုလုပ်ခဲ့တဲ့အတွက် အစ်မဖြစ်တဲ့ဇေကရီမှာပဲ တာဝန်ရှိတယ်၊

ကေရီ့အတွက်ကိုကို့မှာ.."

"တာဝန်ယူစိတ်ဆိုတာ ပတ်သက်မှုရှိတဲ့သူတိုင်းကို ဖြစ်လို့ရတာမျိုး မဟုတ်ဘူး.."

ကေရီ့အသံတိတ်သွားသည်။ ကိုကိုကမဲ့၏။ အစ်မအကြီးမို့ ကိုယ့်မိသားစုကို စောင့်ရှောက်ရမယ့်ဝတ္တရားရှိသည်လို့ ထင်ရင်လည်း ထောက်ခံပါ။ မိသားစုကို ပုံပိုးလိုက်လို့ ကုန်သွားသည်ဆိုရင် ဒါကအပြစ်ကြီးငယ် တစ်ခုမဟုတ်။ ခုကျတော့ သူမကိုယ်တိုင်ထင်သလို လောင်းကစားသုံးစွဲနေ သည်။ ဝယ်စရာရှိပြီဆို ဦးကိုကိုလို့ခေါင်းစဉ်တပ်ရမလား သားကိုကိုလို့ခေါ် ချမလား.. ၊

စိန်ပွဲစားကလာလိုက် ပတ္တမြားတစ်ဆက်ဖိုးဆိုတာ ခဏခဏ။ ထို့ပြင် ဖေဖေမဆုံးခင်လေးကပဲ အိမ်ဆောက်ပစ္စည်းကုန်မာဆိုင်ကြီးက ဦးကိုကိုနာမည်နဲ့ ကြွေးစာရင်းကြီးရောက်ချလာသေးသည်။ ဦးကိုကိုနဲ့သားကိုကို ဆိုတဲ့ သားအဖနှစ်ယောက်ကပဲ သူမအတွက် ရာသက်ပန်တာဝန်ရှိဆုံးလူ တွေလိုလို။ ဒါကိုယောက္ခမမို့အားကိုးတာလို့ တချို့ကရိုးရိုးတွေးပေမယ့် တ မင်တကာမှားကွက်ရှာနေကြသည့်လူတချို့က အခြေအနေကိုနှိုက်ထုတ်ဖို့ ကြိုးစားနေကြသည်။ မိန်းကလေးတစ်ယောက်ဟာ ပြည့်စုံပိုလျှံစွာ သုံးစွဲနေ ထိုင်ဖို့ကလွဲပြီး မိမိဂုဏ်သိက္ခာကာဏ္ဍနေ့ကိုတောင် ထည့်မတွက်ဂရုမစိုက် တော့ဘူးဆိုတာ သူဘယ်လိုမှနားမလည်နိုင်။ ဒီလောက်ထိဖိုးရိုးဖြစ်နေသည် စိတ်ဓာတ်ဂုဏ်အင်ကို ဆွဲတင်ပြုပြင်ဖို့ဆိုတာရော ဖြစ်နိုင်မလား.. ၊

ခဏတဖြုတ်တိတ်သွားခဲ့ပြီးမှ ကေရီဘက်က ဟွန့်ခနဲမဲ့လိုက်သည့်အ သံမျိုးကြားလိုက်ရကာ.. ၊

"ရှင်ပြောချင်တိုင်းပြောပါ..ဒါပေမဲ့ ကေရီတို့ကပြောမနာဆိုမနာလူ တွေ မဟုတ်ဘူးဆိုတာတော့ မမေ့နဲ့နော်၊ အခု ရှင်ဘာတွေပေးပေး နံရံကြီး လိုဥပေက္ခာထားနိုင်အောင် ကျွန်မကြိုးစားနေတယ်..အဲ့ဒါ ရှင်နဲ့မှမနေရရင် သေလောက်အောင်ဖြစ်နေလို့ မဟုတ်ဘူး၊ ရှင်ပေးသမျှ ရှင့်ဆီပြန်သွားစေ့ မယ်ဆိုတဲ့သိန္နိဋ္ဌာန်ကြောင့်ပဲ..ရှင့်အလှည့်ကျရင်သာ ကေရီ့လိုပြုံးမပျက်နေ နိုင်ပါစေ.."

"မေတ္တာပို့ပြီးပြီးဆိုတော့ ပြီးပြီလား.."

"ကျန်သေးတယ်..ကိုကို့မွေးနေ့မှာ ကိုကို့ကြီးတော်က အမွေတွေလွှဲ ပေးတော့မှာဆို.."

"မင်းသိချင်သွားမေးလေ.."

သူတောင် ဘာမှမသိခဲ့သည့်ကိစ္စ..။ ဒေါ်မေစိုးဦးကို လှမ်းကြည့်မိ



တော့ တူဝရီးနှစ်ယောက် မျက်လုံးချင်းဆုံသွားသည်။ ဒေါ်မေစိုးဦးက သူမ ကိုယ်သူမတောင် ရင်ဘက်ဖိပြပြီး 'ငါ့ကိုပြောနေတာလား'ဆိုသည့် အသံ တိတ်မေးခွန်းနှင့်။ ကိုကိုက ဘာမှမပြောဘဲ တစ်ဖက်လှည့်လိုက်ပြီး.. ၊

"ဒီမှာပြောတာနားထောင်..ငါ့အိမ်မှာ ငါတို့ဘာအကြောင်းတွေပဲရှိရှိ ဘယ်သူနဲ့မှ မသက်ဆိုင်ဘူး၊ မင်းနဲ့လည်းမဆိုင်ဘူး..အမွေကိစ္စဆိုတာတွေ မှာ ပိုဆိုးတယ်.."

"ဟုတ်ပါတယ်..ကိုကို့ကိုလည်း ကေရီကအမွေခွဲဖို့ပြောနေတာ မ ဟုတ်ဘူး၊ ဒါပေမဲ့ ကေရီလုပ်လို့ရတဲ့အပိုင်းကို လုပ်ခွင့်ရပြီဆိုရင်တော့ ကိုကို ပျော်စေချင်တာတွေရော ကိုကိုမပါစေချင်တာတွေရော အားလုံးစီးရီးစ်လိုက် အောမှာနော်..ကေရီ့အတွက်ဆို ထောင့်စေ့အောင်မြင်တတ်လွန်းတဲ့ ဒေါ်မေ စိုးဦးကို သိစေချင်တာပါ၊ အဟွန်း..ဦးရှိနေတုန်းကလည်း ဦးနဲ့ပတ်သက် သမျှ ကေရီဘက်ကဘာမှ.."

"ကေရီ.."

"ရှင်ကအစ သိပ်ကိုအကဲပိုခဲ့တာသားကိုကိုး..အခု အမွေလွှဲတဲ့ကိစ္စအ ထိ ထောင့်ကိုစေ့နေတာပဲ၊ ကိုကိုနဲ့ကေရီ အတူတူမနေကြတော့ဘူးဆိုပြီး အခေါ်လုပ်တဲ့သူက ဝမ်းသာအားရကြီး အမွေထလွှဲတယ်..တူဖြစ်တဲ့သူက လည်း.."

စကားရပ်လိုက်ပြီး ကြားရသည့်ရယ်သံသဲ့သဲ့သည် လူကိုတစ်ခုခုပြော လိုက်သလို ခံစားမိစေလျက်.. ၊

"အဟွန်း..ဟွန်း ဒါပဲနော်ကိုကို၊ အရမ်းချစ်တယ်လို့..ဆီးယူ.."

နောင်ဘယ်တော့မှ ထပ်မတွေ့ကြဘူးဆိုရင် ကျေးဇူးကမ္ဘာပါ.. ၊

## အခန်း(၆၄)

"ကျေးဇူးတင်ဖို့မလိုဘူးဗေဒါဖြူ..သင်ပေးနေရတာက အလုပ်ထဲမှာ အဆင်ပြေအောင်လို့ အခုဟိုတယ်လ်မှာ ငါမရှိတုန်းနင်သေချာဂရုစိုက်ပါ။ အထွေထွေတာဝန်ခံဆိုတာ ဝန်တော့ကြီးတယ်..ဘာမှမတတ်တဲ့ နင့်လိုလူ အတွက် ပိုဆိုးတာပေါ့.."

ရင်ထဲမှာ နည်းနည်းတော့ခံရခက်၏။ ပြောတာမှန်ပေမယ့် သူမ ရောက်တာ တစ်လတောင်မပြည့်သေးပါ။ ဒီအလုပ်ကိုလျှောက်ခဲ့တုန်းက လည်း ဒီရာထူးဒီလစာမျိုးရဖို့ မှန်းခဲ့တာမဟုတ်။ တွဲဘက်အထွေထွေတာဝန် ခံရာထူးရလို့ ကိုယ်ဘယ်လောက်ကံကောင်းခဲ့သလဲဆိုတာထက် ရသည့်နေ ရာလေးမြဲမြဲရေးသည် သူမအတွက် သေရေးရှင်ရေးဖြစ်နေခဲ့သည်။ ထို့ ကြောင့် သူများတွေအလုပ်နားချိန်မှာ အေးချမ်းနေသလောက် သူမအတွက် လေ့ကျင့်ကျက်မှတ်စရာတွေ ဗလပွနဲ့အမြဲတမ်းလုံးထွေးနေခဲ့သည်။ အိမ်စာ ဆိုတာ အိမ်ပြန်မရောက်ခင်တည်းက ခေါင်းထဲထည့်ထားရသည့် အိမ်စာ ဖြစ်ကာ အိမ်ရောက်တော့လည်းအိမ်စာ.. ।

"ဒါဒါ.."

"ဟုတ်ကဲ့..ကြားပါတယ်မမ.."

"တာဝန်ခံတစ်ယောက်ကလည်း ခွင့်ယူထားတာ ရက်မစေ့သေးဘူး.."



"သိပါတယ်မမ.."

"အေး..အလုပ်ကိုဂရုစိုက်၊ သူဌေးရဲ့ပါတနာနဲ့ ပတ်သက်တဲ့လူတွေ ...ဟိုတယ်လ်မှာ နေရာကောင်းကောင်းရကြတယ်..တချို့က လစားအေး ...ယူပြီး နပ်နေကြတယ်၊ တချို့ကျတော့ ဟိုမရောက်ဒီမရောက်လုပ်ပြနေ ...ငါတို့တာဝန်ကတော့ သူဌေးကပေးဆိုပေး ကျွေးဆိုကျွေးဒါပဲ၊ အပြစ် ...လာရင်တော့ ပါတနာဆိုတာမရှိဘူး..အဲ့ဒါကိုမှတ်ထား.."

ဟုတ်ကဲ့လို့ပြောနိုင်ဖို့ အားယူနေဆဲမှာ မန်နေဂျာက ဖုန်းချသွား ...ည်။ သူဌေးခိုင်းထားသဖြင့် မန်နေဂျာက ခရီးထွက်နေရသည်။ ဟို ...ယ်လ်ကိစ္စတွေမှန်သမျှကို မန်နေဂျာကပဲ စီမံညွှန်ကြားနေခဲ့လျက် ဖုန်း ...တိုင်းလည်း မန်နေဂျာပဲဖြစ်သည်။ သူဌေးကတော့ တော်ရုံကိစ္စလောက် ...တိုက်ရိုက်ပြောဆိုညွှန်ကြားတာမျိုး မလုပ်ခဲ့ဘဲ.. ।

"ဟုတ်ကဲ့ ဟုတ်ကဲ့နဲ့ မန်နေဂျာဘာတွေမိုးခြိမ်းနေတာလဲ.."

ဝင်းရီက အနားရောက်လာပြီး အခြေအနေကိုအကဲခတ်ရင်း မေးခွန်း ...တ်သည်။ သူမက ဒါဒါအလုပ်စလုပ်တည်းက ပထမဆုံးရင်းနှီးခဲ့သူဖြစ် ... အကူအညီလည်းရခဲ့၏။ ကိုယ့်ထက်ရာထူးနိမ့်တဲ့သူဖြစ်ပေမယ့် ဘာ ...သိခဲ့သည့် အဖြစ်ကနေ တာဝန်ခံရာထူးကို ရခဲ့သည့်သူမအတွက် အရင် ...ပ်ဝင်ခဲ့သည့် သူကလည်းဆရာပဲဖြစ်သည်မို့.. ।

"ဟိုတယ်လ်ကိုဂရုစိုက်ဖို့ပါ.."

မဖြေချင်ပေမယ့် ကောင်းကောင်းမွန်မွန်ပဲပြန်ဖြေမိသည်။ သူမက ...လက်သလောက် နည်းနည်းလည်းစပ်စပ်စုစုရှိတတ်ကာ.. ।

"အဲ့ဒီမန်နေဂျာမမကိုတော့ နားလည်လိုက်တော့ဒါဒါရေ..သူကိုကသူ ...အဆင်ပြေသွားရင် သဘောမကျတဲ့အကျင့်ရှိတာ.."

"ဘယ်လိုမျိုးလဲ.."

"ဘယ်လိုရှိကမှာလဲ..သူဌေးက သူ့ပါတနာတွေကို ကူညီတယ်၊ ဒုက္ခ ...တ်တဲ့သူကို ကူညီချင်စိတ်ကိုရှိတာပါ..သူကတော့ သူဌေးတင်သွင်းသမျှ ...ပ်သမားတိုင်းကို ဘာမှမတတ်ဘူး မသိဘူးလို့ထိုင်ပြောနေရတာကို ဝါ ...ကြီးတယ်.."

"သူဌေးကလည်း သည်းခံတတ်တယ်နော်.."

"သည်းခံနိုင်သမျှ ခံပါတယ်..ဒါပေမဲ့ ဟိုတစ်ခါပြဿနာတက်သေး ...ယ်လေ၊ သူဌေးမိန်းမကို သူကပြန်တိုင်.."

"အင်းပါဝင်းရီရယ်..အဲ့ဒါတွေပြောဖြစ်ကြရင် စကားကပြတ်မှာမ ...တ်တော့ဘူး၊ ခုပဲ သတိပေးသွားတယ်..ပြောစရာဖြစ်နေပြန်ရင် မကောင်း

ဘူး၊ သွားမယ်နော်.."

ဖုန်းပြောနေတည်းက ဆက်မစားဖြစ်တော့သည့် ပလက်စတစ်ထမင်း ဘူးလေးကို ပြန်ပိတ်ရင်း နေရာမှထရပ်လိုက်၏။ သွားမယ်နော်လို့သာ ပြော မိလျက် ထမင်းဘူးအဖုံးက အနားစောင်းလေးနည်းနည်းပွဲနေသဖြင့် ဘယ် လိုလှည့်ဖိဖိ အံမကျဘဲပိတ်လို့မရဖြစ်နေခဲ့သည်။ ဒါကိုကြည့်၍ ဝင်းရီက ခေါင်းတခါခါဖြစ်နေ၏။ ဖုံးလိုက်ဖိလိုက် နေရာလှည့်ဖုံးကြည့်လိုက်လုပ်နေ စဉ် ဘူးထဲကထမင်းတွေကို ကြည့်လိုက်တော့ ဘဲဥဟင်းနဲ့ထမင်းထည့်လာ မှန်းသာ သိလိုက်သည်။ ထမင်းက တစ်ဝက်မကျိုးသေးဘဲ ဘဲဥကတော့ အစအနတောင် မကျန်တော့ပေ။ ထိုအခါ ရောက်လာတည်းက နာမည်ကြီး နေသော ဒါဒါ့အကြောင်းပြောကြတာကို တွေးမိကာ.. ।

"ရွှေရောင်ဆံပင်ကောက်ကောက်အရှည်ကြီးနဲ့ အသစ်တစ်ယောက် လေ..လူကသာ တွဲဘက်အထွေထွေရာထူးရထားတာ၊ ကွန်ပျူတာတောင် မကျွမ်းကျင်ဘူးတဲ့သိလား.."

"ဆယ်တန်းတောင် မအောင်ဘူးဆိုတာလား.."

"ဒါတင်မကဘူး..နေစရာမရှိလို့ သီလရှင်ကျောင်းမှာနေရတာတဲ့၊ အ တိအကျကိုသိထားတာ.."

"ဟုတ်လား..ဘုန်းကြီးကျောင်းမှာကပ်နေရတာ ယောကျ်ားတွေပဲကြား ဖူးပါတယ်၊ သူ့ကျမှပဲ သီလရှင်ကျောင်းမှာ ကပ်နေရတဲ့မိန်းကလေးဖြစ်နေ တယ်လို့.."

"ဘယ်လောက်တောင်ကုန်းကောက်စရာမရှိအောင် မွဲနေလဲဆိုတာ.."

ပြောကြတာတွေစုံလို့ပါ။ ဒါဒါရောက်လာတာနှင့် သူမနဲ့သူမရဲ့ နောက်ကြောင်းရာဇဝင်တွေက ဟုတ်တာတွေလည်းပါ မဟုတ်တာတွေ လည်းပါကာ မသိချင်မကြားချင်မှအဆုံး။ ထို့ပြင် ဒီလိုဝန်ထမ်းတွေအပေါ် မျက်မုန်းကျိုးတတ်သည့်မန်နေဂျာမမရဲ့ ငြိုငြင်မျက်ရှုခြင်းတွေရယ်.. ।

"ဝှတ်.."

"ဟင်..သွားပါပြီ.."

တစ်စုံတစ်ရာကျိုးပွဲသံနှင့် ဒါဒါ့ရဲ့အထိတ်တလန့်သံကြောင့် ဝင်းရီ ဆတ်ခနဲဖြစ်သွားသည်။ ကြည့်လိုက်တော့ ဒါဒါမရမကဖုံးဖို့ကြိုးစားနေ သည့် ပလပ်စတစ်ဘူးဖုံးလေးက နှစ်ပိုင်းပြတ်လုနီးပါးကျိုးသွားခဲ့ပြီး.. ।

"ဒုက္ခပါပဲ..ငါစိတ်လောပြီး အတင်းဖိချလိုက်မိတာ.."

"ငါမြင်သားပဲ..နင်ဘာဖြစ်လို့ ဒီလောက်တောင်ပျာယာခတ်နေရတာ လဲ မန်နေဂျာက ဘန်ကောက်မှာပါဟယ်..မျက်နှာလုပ်ချင်ရင်လည်း အနား



ကျိုးမှလုပ်စမ်းပါ၊ ခုနေ သေအောင်ပျာနေလည်း နင့်ကိုဘယ်သူမှအမှတ် ပေးမှာမဟုတ်ဘူး.."

"ဟုတ်ပါတယ်..ဒါပေမဲ့ သူများအမှတ်ပေးချင်အောင်လို့ ငါ့ကိုယ်ငါ အရင်း အမှတ်ပေးကြည့်ရတယ်လေ၊ ဒီကအားလုံးလည်းသိကြမှာပါ..ငါ့ဘဝ မှာ ရထားတဲ့ရာထူးက မတန်မရာရယ်.."

သူများတွေ ဘယ်လိုလက်တို့ဝေဖန်နေကြသလဲဆိုတာ သူမသိသည်။ ပြောကြတာလည်းမှန်နေတာပဲမို့ ဒီစကားတွေအတွက် သူမထူးခြားပြီး ခံ စားနေတော့ပါ။ သမီးလေးနဲ့အမေ့နာရေးပြီးတဲ့နောက်ပိုင်းမှာ စိတ်လေယိုင် နေခဲ့သမျှ ကိုယ့်ဘဝရေစုန်မမျောမိ အဖက်ဆည်နိုင်ဖို့ ကြိုးစားရမည်။ ပတ်ဝန်းကျင်လေတိုက်ခြင်းအတွက် ဥပေက္ခာထားနိုင်ဖို့သာ ကြိုးစားဖို့ဆုံး ဖြတ်ထားသည်မို့.. ।

"မျက်နှာရဖို့လည်း မဟုတ်ဘူး..အားလုံးထက်ထူးအောင်ပျာနေတာ လည်း မဟုတ်ဘူး၊ အားလုံးနဲ့တန်းတူ တာဝန်ထမ်းဆောင်နိုင်ဖို့ပဲ ငါကြိုး စားနေတာပါ..ဒါဒါက ဘာမှမသိဘဲနဲ့ တာဝန်ခံတက်လုပ်နေတာဆိုတဲ့ အ ပြောတွေ ရပ်သွားမယ်ဆိုရင် သူဌေးကမျက်နှာသာပေးတာထက် ငါပိုပျော် မှာ.."

"အေးပါ..နင်ကြိုးစားတာ ငါတို့တွေသိကြတာပဲ၊ ဒါပေမဲ့ နင်သိသိမ သိသိ ငါပြောလိုက်မယ်..နင်ဘယ်လောက်ပဲကြိုးစားနေနေ မန်နေဂျာမမဆီ က ကျေနပ်မှုကို ဘယ်တော့မှရမှာ မဟုတ်ဘူး၊ သူမကျေနပ်လို့ ဆူပြောနေ သရွေ့ နင်ကြိုးစားနေတာ နင်တတ်ကျွမ်းသမျှ အဲ့ဒါတွေလည်း ဘာမှထူး ခြားပြောင်မြောက်မှာ မဟုတ်ဘူး..အဆုံးသတ်ပြောရမယ်ဆိုရင်တော့ တတ် သိနားလည်ဆိုတာ နင်ကြားဖူးမှာပေါ့၊ တတ်ဖို့လိုသလို သိဖို့လည်းလိုသေး တယ်..အဲ့ဒီစာလုံးနှစ်လုံးကို သတ်ပုံမှားရင်တော့ နင်ဘယ်တော့မှလူဖြစ်မှာ မဟုတ်ဘူး.."

ကိုယ့်ထက်အသက်ငယ်ပုံရသော ကိုယ့်အောက်ဂျူနီယာလည်းဖြစ် သည့် ဝင်းရီစကားတွေကြောင့် ဒါဒါအံ့သြသွားသည်။ အစကတော့ သူမ အတင်းလာပြောခြင်းကို တားဆီးလိုက်မိသဖြင့် ရှက်ရမ်းရမ်းသွားသည်လို့ ထင်ခဲ့ပေမယ့် ဒီလိုမဟုတ်တာကို သိလိုက်ရသည့်အချိန်တွင် ပတ်ဝန်းကျင် က မျက်လုံးတွေကိုပါ လန့်သွားမိလေသည်။ ထိုစဉ်.. ।

"မမဒါ.."

မိန်းကလေးတစ်ယောက် ယောကျ်ားလေးတစ်ယောက် ကပျာကယာ ခြေလှမ်းတို့နှင့် ရောက်လာကြလျက်..

"သရီးအိုတူးကဧည့်သည် မဒါကိုမေးနေတယ်.."

"ဘယ်လို.."

"မဒါ မနက်ကအခန်းထဲဝင်သေးတယ်ဆို.."

"ဝင်တယ်လေ..အဲရိုကွန်းမအေးဘူးဆိုလို့ ဝင်ကြည့်တာ၊ အဲ့ဒီအခန်းက မစ်ဆူဘီရှီအလုံးသစ်ကြီးလဲထားတာ ကြာမှမကြာသေးတာကို.."

"အဲ့ဒီတုန်းက ဧည့်သည်ရှိလား.."

အောက်ခြေဝန်ထမ်းတွေက စစ်မေးသလိုလုပ်လာသဖြင့် ရင်ထဲမှာ နေသည့်အနာခံက ဆားပက်မခံနိုင်သည့်ဒဏ်ရာလို ခံရခက်လျက်.. ၊

"ရှိတယ်..ရေအိမ်ဝင်နေတယ်.."

ဖြေသံက မာဆတ်ဆတ်ဖြစ်သွားသည်။ နဂိုတည်းက သည်းမခံတတ်သည့်ငတ်စိတ်က ကိုယ့်ကိုယ်ကိုသတိထားမိလိုက်ပေမယ့် ဆင်ခြင်ဖို့မတတ်နိုင်ခဲ့.. ၊

"အခု ဘာတွေဖြစ်နေလို့လဲ..သူ့အခန်းထဲမှာ ငါကအနုမြူဗုံးချပ်ခဲ့တယ်တဲ့လား.."

"သိန်းကိုးရာတန် နဝရတ်လက်စွပ်ကြီး ပျောက်သွားလို့တဲ့.."

"ဘာ.."

ဒေါသကြောင့် ဘယ်သူ့ကိုမှဘာမှထပ်မမေးတော့ဘဲ ထိုဆီတန်းတန်း မတ်မတ်သွားသည်။ အဲရိုကွန်းပျက်နေသည်လို့ ဖုန်းဆက်သောကြောင့် ကြွန်းနှစ်တွေသေချာစစ်ကြည့်ပြီး အဲရိုကွန်းဘာမှမဖြစ်တာ သက်သေပြသည်။ ပြီးတော့ ပြန်ထွက်သွားကြ၏။ ကိုယ်ကတော့ ဒါကိုပြောပြချင်သေးလို့ ခဏချန်နေရစ်တဲ့သူပါ.. ၊

"မဒါတစ်ယောက်တည်းအခန်းထဲမှာ ကျန်ခဲ့သေးတယ်တဲ့..ပြီးမှပြန်သွားတာတဲ့၊ သူ့လက်စွပ်ကို.."

"တစ်ယောက်တည်းကျန်ခဲ့တိုင်း ဒီလိုစွပ်စွဲနေရင် ဘိန်းစားသူခိုးက အစ စိန်ထုပ်ပျောက်ပါတယ် ရွှေထုပ်ပျောက်ပါတယ်ဖြစ်ကုန်မှာပေါ့.."

ဝန်ထမ်းတွေကလည်း အပြေးတပိုင်းလိုက်ပြောပြသည်။ ဒါဒါက လည်း ခြေလှမ်းမရပ်ဘဲ လှည့်ပြောနေခဲ့လျက် အခန်းရှေ့ရောက်တော့ တံခါးခေါက်လိုက်သည်။

"ဝင်ခဲ့ပါ.."

အထဲက အသံပေးမှ တံခါးဖွင့်လိုက်လျှင် ဧည့်သည်ကလယ်သာဂျာကင်အသားရောင်နှင့် တံခါးကိုကျောပေး၍ စားပွဲခုံနားမှာ ဘာတွေလုပ်နေသည်မသိ။ ဒါဒါ ထိုသူ့ဘေးကိုရောက်သွားခဲ့ပြီး.. ၊



"ဒီမှာ..ရှင့်အခန်းထဲကို ကျွန်မက.."

လှည့်ကြည့်လာသည့်မျက်နှာကြောင့် ဒါဒါဟင်ခနဲဖြစ်သွားသည်။ မပြုံးပြုံးမျက်နှာ ပြုံးရိနေသောမထိတထိမျက်ဝန်းတို့ဖြင့် လင်းမြတ်ဇော်..၊

"ရှင်.."

"ဟုတ်တယ်..ကိုယ့်ကိုမြင်လို့ လန့်သွားတာလား.."

"ရှင်ဘယ်လိုဖြစ်လို့ ဒီထိ.."

"ဟား ဟား ဟား.."

လင်းမြတ်ဇော်က မျက်နှာချင်းဆိုင်လှည့်ရပ်လိုက်ပြီး ခါးထောက်ရယ်သည်။ တံခါးနားမှာရပ်နေကြသည့် ဟိုတယ်လ်ကဝန်ထမ်းနှစ်ယောက်၏ မျက်နှာတွေက လင်းမြတ်ဇော်နဲ့ဒါဒါသိနေကြသည့်အဖြစ်ကို အံ့အားသင့်စွာလျက် တိတ်ဆိတ်စွာရပ်ကြည့်နေကြ၏။ ရှမ်းလိုလို တရုတ်လိုလို ကပြားပေါက်နေသောမျက်နှာနှင့် လင်းမြတ်ဇော်က မြင်တဲ့သူရှိန်သွားလောက်သည့် ဥပဓိရုပ်မျိုးလည်းရှိကာ သိန်းကိုးရာတန်နဝရတ်လက်စွပ်ပျောက်သည်ဆိုသော သူဌေးတစ်ယောက်ဖြစ်ခြင်းအတွက် ဘယ်သူမှသံသယရှိမှာမဟုတ်၊ သူမလည်း သံသယမရှိပါ။ ဒီလူဘာတွေပိုင်ဆိုင်နိုင်သလဲဆိုတာ စိတ်ဝင်စားချိန်လည်းမရှိ။ ကိုယ်ဘာမှမသိခဲ့သော ပြဿနာထဲမှာပါနေရသည့် အဖြစ်အတွက်သာ.. ၊

"ဘာရယ်နေတာလဲကိုလင်းမြတ်ဇော်..ရှင့်အခန်းထဲမှာ ကျွန်မတစ်ယောက်တည်း ရပ်ကျန်ခဲ့တဲ့ကိစ္စကြောင့် ဒီလိုစွပ်စွဲတာဆိုရင် အခုချက်ချင်း စီစီတီဗီမှာ ပြန်ကြည့်လို့ရတယ်..လူတွေကို ငတုံးအေတွေမှတ်နေလို့လား.."

"မင်းလိုမိန်းမတစ်ယောက်ကို ငတုံးလို့ထင်ရင် ယောကျ်ားတွေချိုးနှုတ်အမြီးပေါက်လာတော့မှာပေါ့..ဗေဒါဖြူလည်းလွန်းလို့ ငါနဲ့ငါ့လိုကောင်တွေ ဘယ်လောက်တောင်ဂျွမ်းပြန်ကျန်ခဲ့ကြသလဲ၊ ဒါမေ့စရာမှမဟုတ်တာ"

လင်းမြတ်ဇော်အပြုံးတွေက စဉ်းလဲခြင်းအပြည့်နှင့် မျက်ဝန်းတွေက ရက်ကျည်းစွာလက်လက်ထနေကြ၏။ နားမလည်နိုင်ဖြစ်နေသည့် ဒါဒါ့မျက်ဝန်းလေးတွေကိုကြည့်နေရင်း သူမနောက်ကဝန်ထမ်းနှစ်ယောက်ဆီ မျက်လုံးဝေ့သည်။ ပြီးမှ လက်ဖဝါးဖြန့်လိုက်ပြီး.. ၊

"နဝရတ်လက်စွပ်က မပျောက်သေးပါဘူး..ဟိုတစ်ခါ ရန်ကုန်ဟိုတယ်လ်မှာ မင်းအလစ်သုတ်ပြေးဖို့ ကြိုးစားခဲ့တာ မအောင်မြင်ဘူးလေ၊ အခု ဒါလိုချင်ရင် ငါနဲ့အဖော်လာလုပ်ပေး..အများကြီးမဟုတ်ဘူး သုံးရက်ပဲ"

လက်ဖဝါးပေါ်တင်ပြထားသည့် နဝရတ်လက်စွပ်ကြီးက ပြူးပြောင်

နေသည်။ ဒါဒါနှုတ်ခမ်းသားလေးတွေ တဆတ်ဆတ်တုန်လာခဲ့လျက် လက်ချောင်းတို့ကို ကျစ်ခဲနေတဲ့အထိ ဖိဆုပ်ပစ်သည်။

"မင်းလိုချင်တယ်မို့လား..ဟော့ သွားကြ၊ ဒါမင်းတို့ကိစ္စမဟုတ်တော့ဘူး.."

ဒါဒါ့ကိုပြော၍ ဝန်ထမ်းတွေကိုပါ တဆက်တည်းနှင်လွှတ်သည်။ ဒါဒါ တက်တစ်ချက်ခေါက်၍ လက်လှမ်းမီရာပစ္စည်းတစ်ခုကို ဆွဲယူသည်။ ပါလာတော့ ကြိမ်နဲ့လုပ်ထားသည့် တစ်ရှူးဘောက်စ်ဖြစ်ကာ လင်းမြတ်ဇော်ဆီ ရိပ်ခနဲလွင့်ထွက်သွား၏။ ထို့ပြင် ပေါက်ကွဲချင်နေသည့် ရှက်ဒေါသဖြင့် လင်းမြတ်ဇော်ပါးကို တအားပြေးရိုက်ပစ်လိုက်သည်။ တစ်ခုကိုရှောင်ဖို့ ကြိုးစားနေရင်းပြေးရိုက်လာလျှင် လင်းမြတ်ဇော်ကဒါဒါ့လက်ကိုဆွဲထားလိုက်ကာ.. ၊

"မင်းက ကျေးဇူးမတင်တဲ့အပြင် စော်ကားလှချေလားဗေဒါဖြူ..ငါမင်းကိုထောင်ချပစ်လို့ရတယ် နားလည်လား၊ လောလောဆယ်မင်းရဲ့အကျင့်စာရိတ္တဓိးရိုးပဲရှိတယ်ဆိုတာ ဒီဟိုတယ်လ်ကိုဖွင့်ပြောလိုက်ရင် မင်းဘာဖြစ်သွားမယ်ထင်လဲ.."

သူ့လက်ထဲမှာ ဆွဲချုပ်မခံရအောင် ရုန်းကန်တွန်းထိုးရင်း ဟိုတယ်လ်ကဝန်ထမ်းတွေကို ဒါဒါအမှတ်ရသွားသည်။ လူကိုပွဲဖက်စော်ကားဖို့ကြိုးစားနေတာတောင် တစ်ချက်မှမကူညီတဲ့အပြင် နောက်တောင်ဆုတ်သွားကြသေးသည်။ ပုံစံက သူတို့အရှုပ်သူတို့ရှင်းနေကြတာဆိုပြီး ရှောင်ထွက်သွားဖို့ ခြေလှမ်းပြင်နေကြတာမျိုး.. ၊

ထိုစဉ် ဝင်းရီအခန်းထဲ အပြေးအလွှားဝင်လာကာ.. ၊

"ရှင်ဘာလုပ်တာလဲ..ညှို့သည်ကညှို့သည်လိုမနေရင်တော့ ကျွန်မတို့သည်းခံနေမှာ မဟုတ်ဘူးနော်.."

ဒါဒါ့ကိုပြေးတွဲလိုက်ပြီး တယ်လီဖုန်းရှိရာသွားကာ လိုင်းခွဲနံပါတ်တွေ နှိပ်ဖို့ပြင်လျှင်.. ၊

"မင်းတို့ဝန်ထမ်းဘယ်လိုလူလဲဆိုတာ ငါဖွင့်ချလိုက်ရင်ရော.."

ဝင်းရီမျက်နှာပျက်ကာ မကျေမနပ်လှည့်ကြည့်၏။ လင်းမြတ်ဇော်ကကြမ်းပေါ်မှာကျနေသည့် တစ်ရှူးဘောက်စ်ကို ခြေထောက်တစ်ဖက်နဲ့လှဲကန်ထုတ်ပစ်လိုက်ပြီး ခါးထောက်ကာ.. ၊

"ဟိုတယ်လ်ဂုဏ်သိက္ခာနဲ့ ကိုယ်နဲ့မသက်ဆိုင်တဲ့ အကျင့်ပျက်မိန်းမတစ်ယောက် ဘာကိုရွေးမှာလဲ.."

ငေးငိုင်သွားသည့်မျက်နှာတွေရဲ့နောက်မှာ တိတ်ဆိတ်ငြိမ်သက်ခြင်း



[illegible] ဒါဒါ့ရင်ဘက်ပေါ်ကို မြင့်မိုရ်တောင်ကြီးတစ်ခုလုံး ပြိုကျလာသည့် [illegible] ၊

## အခန်း(၆၅)

"ဟား ဟား ဟား.."

ဇကရီအားပါးတရရယ်သည်။ လက်ဝါးချင်းရိုက်ပြီး ရယ်ရင်း ဗိုက်နှိပ်ထားပြီးရယ်၏။ ဖြစ်လာသမျှကို ပုံပန်းတကျပြောပြနေသည့် လင်းမြတ်ဇော်က စားပွဲပေါ်မှာခြေထောက်နှစ်ဖက်စလုံးကို တစ်ဖက်ကွေးတစ်ဖက်ဆန့် တင်လျက် ဆိုဖာကျောမှီမှာ လက်တို့ကိုဆန့်တင်ထား၏။ ပါးစောင်တစ်ဖက်ထဲမှာ ပီကေထည့်ထားသောကြောင့် မေးရိုးတို့က ခပ်လှုပ်လှုပ်နှင့်.. ။

"နင်အရမ်းတော်တယ်ကိုလင်း..ဟား ဟား ဟား မထင်ရဘူး၊ ဘယ်လိုလဲ..နင်လည်းအတော်လေး ဆွဲလိုက်ကိုင်လိုက်ရတယ်မို့လား၊ ဒီလောက်တောင် မာန်တက်နေတဲ့မုဆိုးမ.."

ဒါဒါ့ကိုဆို မုန်းအားကကြီးသည်။ 'ကျွန်တော်သူ့ကိုထိကိုင်လိုက်ရပြီးတည်းက သူ့ကိုသတိရမိရင် ထိုင်မရထမရနဲ့မမရာ..အဲ့ဒီမိန်းမ ပဥ္စပါဝိ ဝင်စားသလားပဲ'လို့ မောင်ဖြစ်သူကပြောတော့ မုန်းလွန်းလို့သေနိုင်၏။ တကယ်လို့သာ သင်းနဲ့ကိုကို တကယ်ငြိစွန်းနေကြတာမှန်လျှင် ကိုကိုလည်း သူ့အသားကိုထိမိပြီး စွဲလမ်းနေရော့သလား..။ အဓိပ္ပာယ်မရှိမုန်းသိရက်နဲ့ တွေးလိုက်မိသည်။ ကိုကို့လိုမာနမင်းသားကြီးက ဒီလိုမိန်းမကိုကျမှ အလိုလိုက်ကြည်ဖြူနေတယ်ဆိုတာ နောက်ထပ်ဖြစ်နိုင်ချေ ဘာတွေရှိနိုင်သေးလို့



ထဲ.. ။

"မမနော်..ကျွန်တော့်ရင်ထဲမှာ ချိတာမဟုတ်ဘူး၊ ဒါပေမဲ့ မမအတွက် အဆပ်ရင်းနှီးထားလိုက်ရတာ..ကျေးဇူးမမေ့နဲ့.."

"ငါလုပ်နေတာ နင့်အတွက်လည်းပါတယ်..အပိုတွေမပြောနဲ့၊ အခုချုပြုတ်သွားတာနဲ့ ငါ့ဘက်ကဆွဲစေ့လိုက်ရုံပဲ.."

"သူ့ကိုသူဌေးထည့်ထားတာဆိုတော့ သိပ်မလွယ်ဘူး..ခုထိဖြုတ်လိုက်ရဲ့အသံ မထွက်သေးဘူး.."

"သူဌေးကထည့်ပေမယ့် သူဌေးလည်းမကောင်းတတ်တဲ့ ပါစင်နယ်လ်တွေရှိမှာပဲကိုလင်း..သူဌေးနဲ့ဗေဒါဖြူတိုက်ရိုက် ပတ်သက်ထားတာရှိဘူး၊ အဲ့ဒီသူဌေးအကြောင်း ငါအကုန်လုံးစုံစမ်းပြီးပြီ.."

ဗေဒါဖြူလိုမိန်းကလေးတစ်ယောက်ကို လက်ထောက်တာဝန်ခံရာထူး အပ်လိုက်တာကို မယုံနိုင်ခဲ့ပေ။ တကယ်တမ်းကျတော့ ဒီမိန်းမအလုပ်လက်မဲ့ဖြစ်နေတာကို ကူညီချင်တာပဲဖြစ်ကာ အလုပ်မှာတကယ်တမ်းပါဝင်လှုပ်ရှားကြတော့ ဘာပညာမှမတတ်သည့် သူမကဘာမှမသုံးမဝင်.. ။

"ငါလည်းနားမလည်ခဲ့ဘူး..သူဘာမှမသိတာတွေကို ဘယ်လိုတာဝန်ခံလဲပေါ့၊ ဒါပေမဲ့ သူကြိုးတော့ကြိုးစားပါတယ်..သူများတွေနှစ်နဲ့ချီမှရနိုင်မယ့် အတွေ့အကြုံမျိုးကို သူအချိန်တိုတိုနဲ့ရဖို့ ကြိုးစားနေတာ အဲ့ဒီလောက်အထိ..သူဌေးကလည်း သူ့ပါတနာအပေါ် တာဝန်ကျေချင်ရုံပဲဆိုပေမယ့် သူဒီလောက်ကြိုးစားနေတော့ အတည်ဖြစ်သွားမလား မပြောနိုင်ဘူး.."တဲ့..။

ဟန်သီ့ဆီကရနေသည့် အစဉ်မပြတ်သောသတင်းများအရ ရှေ့ကြောင်းနောက်ကြောင်းတွေကို ဆက်စပ်တွေးကြည့်လိုက်မည်ဆိုလျှင် ဒါဒါဆိုသည့်သူမအတွက် အခိုင်အမာကုတ်တွယ်စရာ ဘာဆိုဘာမှမရှိ။ အလုပ်ထဲမှာ အဆင်မပြေတဲ့ဝန်ထမ်းကို သူဌေးကလည်း အလိုရှိမှာမဟုတ်။ ဟန်သီ့လိုလူကတော့ ဆိုစရာမရှိတော့ပေ.. ။

"သူ့ကိုအဲ့ဒီကနေလွင့်သွားအောင် လုပ်နိုင်တဲ့သူကို ငါကကြိုးကိုင်ထားတာ..ဗေဒါဖြူဆိုတဲ့မိန်းမ သူနဲ့ထိုက်တန်တဲ့မြစ်ပြင်ထဲက ဒိုက်သရောကြားကို ဝှမ်းထိုးပြန်သွားရတော့မှာ မကြာတော့ဘူး.."

"ဟမ်..မမအဲ့လောက်ထိတော့ မလုပ်နဲ့လေ၊ ကျွန်တော့်မျက်နှာလေးကို ထောက်ရဦးမှာ..ဟဲ ဟဲ.."

ကိုယ့်အတွက်နဲ့ကိုယ် အဆင်ပြေနေသည့်ထဲ မလိုချင်သည့်စကားကို ကြားလိုက်ရသဖြင့် ဇကရီကဆတ်ခနဲလှည့်ကြည့်သည်။

"လိုချင်တာယူ ဝါးမျိုပြီးရင် လွှင့်ပစ်လိုက်ပေါ့..နင်ကဘာလုပ်ပေးချင်

သေးလို့ ငါကမျက်နှာထောက်ရမှာလဲ.."

မျက်စောင်းတစ်ချက်ပေမယ့် ပြင်းထန်သည်။ လင်းမြွတ်ဇော်မသိ သာမျက်နှာငုံ့လိုက်ရင်း ပခုံးတွန့်၏။ ကိုယ့်ကိုထိခိုက်ဒဏ်ရာရတဲ့အထိ လု ချလိုက်လို့ ဒေါသထွက်ပေမယ့် သူမကိုပဲမေ့မရဖြစ်နေတာက နင်းချေဖျ ဆီးပြီး ကန်ထုတ်ပစ်လိုက်ဖို့သက်သက် မဟုတ်တာတော့ သေချာသည်။ ဒါဒါ့မျက်နှာလေးကို သူမြင်လိုက်သည့်အချိန်တိုင်း သူမကအပျိုမဟုတ်တာ ကိုလည်း သတိမရ။ မမပြောနေတဲ့အခြေအနေမှဲ့ အောက်တန်းစားဆိုတာ လည်း မသိ။ မရလေ စိတ်တိုလေ စိတ်တိုတိုင်းပြောထွက်နေသည့်စကား တွေ ဘယ်ပုံဘယ်အဓိပ္ပာယ်ဖြစ်နေလည်း ဂရုမစိုက်။ ဒါပေမဲ့ သူမကိုလိုချ တာ တစ်ခါသုံးတော့ မဟုတ်ပေ။ ဟိုတယ်လ်မှာ သူမရဲ့စာရိတ္တကိုချိုးဖဲ့ဖျ ဆီးပြီး ပြောဆိုခဲ့မိပေမယ့် ပြောပြီးသွားတော့ သနားနေမိသည်။

နှုတ်ခမ်းလေးပွင့်ဟလျက် မယုံနိုင်အောင်ငေးသွားသည့်မျက်နှာလေး နဲ့ မျက်ရည်တွေဝေ့သီလျက် ဆတ်ဆတ်ခုန်လာသည့် နှုတ်ခမ်းသားလေးတွေ ကို ဖိကိုက်ထားရှာသည့် မချိတရိပုံစံလေး။ ခုလောက်ဆို သူမဘယ်လော တောင် ပြဿနာတွေကြီးမားပြီး ဘယ်လိုရင်ဆိုင်နေရမလဲ.. ၊



အခန်း(၆၆)

ငါဘာမှမဖြစ်ဘူး..ဒါဘာမှမဟုတ်သေးဘူး၊ စိတ်မလျှော့နဲ့..အရှုံးမ ပေးနဲ့.. ၊

ကိုယ့်ကိုယ်ကိုအားတင်းပြီး လက်ဖက်သုတ်အကြော်စုံဆိုင်ကို ဖြတ် လျှောက်လာခဲ့သည်။ သို့သော်.. ၊

"ဒီနေ့မစားတော့ဘူးလားသမီးရဲ့.."

ဒါဒါခြေလှမ်းတုံ့သွားသည်။ ပြီးတော့ ပြန်ငဲ့ကြည့်၍ပြုံးပြကာ.. ၊

"ဟုတ်..မစားသေးဘူးအန်တီ.."

လက်ဖက်သုတ်တစ်ပွဲကိုခြောက်ရာ။ အကြော်ဆိုရင် တစ်ရာရှိသည်။ [illegible]ရာဖိုးဆို ဆီဆမ်းဆားဖြူးလာခဲ့သည့်ထမင်းနဲ့ သူမအေးဆေးဝသည်။ ဟိုတယ်လ်အလုပ်စဝင်တည်းက တက်ကြွပျော်ရွှင်နေသည့်စိတ်က ဟင်း [illegible]ကောင်းစားရဖို့လည်းမမက်။ ဒီနေ့ဘာဟင်းနဲ့စားမည်ဆိုတာလည်း စိတ်မ [illegible]ဖြစ်။ အလုပ်လုပ်ရင်း လေ့လာကျက်မှတ်ရင်း ပင်ပန်းတာတောင် ပျော်နေ [illegible]၏။ ခုတော့ သူမအလုပ်ပြုတ်ခဲ့ပြီဖြစ်သည်။ အလုပ်ပြန်ရအောင် ကြိုးစား [illegible]ဆုံးဖြတ်ထားပေမယ့် မရဖို့က ရှစ်ဆယ်ရာနှုန်းရှိနေသည်။ ဝင်ငွေမရှိဘဲ [illegible]ငွေကမရပ်တန့်လျှင် ခြူးတစ်ပြားမှမရှိသည့် သူမလိုဘဝမျိုး ဘယ်လို [illegible]တက်မှုရှာမလဲ.. ၊

တယူသန်သည်ပဲဆိုဆို 'တစ်မူးတစ်ပဲအသုံးရဲတော့ အမွဲတာရှည်သည်'ဆိုသော ဆိုရိုးစကားကို ဒီနေရာမှာ လေးစားလိုက်နာဖို့ဆုံးဖြတ်ခဲ့သည်။ သူမတွေးရမှာက ဒီအလုပ်ကို မျှော်လင့်ခွင့်မရှိတော့ဘူးဆိုရင် ဘာဆက်လုပ်မလဲ.. ၊

"ထမင်းဘူးအကွဲနဲ့ ရောက်လာပြန်ပြီဟဲ့.."

"မနေ့ကဖြုတ်လိုက်ပြီမို့လား.."

"ပညာမတတ်ဘဲ အလုပ်ရပြီး လုပ်ချင်တိုင်းလုပ်လို့ရမယ်ထင်နေတာ"

စကားသံတွေ နားနားကကပ်ဖြတ်သွားကြသည်။ မကြားသလိုနေဖို့ ဆုံးဖြတ်ထားသော်လည်း ရင်ထဲမှာတုတ်ချည်ထားသည့်ကြိုးစကို ဆောင့်ဆွဲခံလိုက်ရတဲ့အတိုင်း တင်းခဲနာကျင်သွား၏။ မာနက ခေါင်းပြူလာကာ မျက်နှာကိုဆတ်ခနဲလွှဲပစ်မိသည်။ သို့သော် 'မတုံ့ပြန်နဲ့..သူတို့စကားကို နင်ခံစားသွားရမှန်းသိရင် ပိုဆိုးလာလိမ့်မယ်..နင်ရင်ဆိုင်ရမှာ သူတို့မဟုတ်ဘူး'.. ၊

မန်နေဂျာဟန်သီချိုက ကြက်သွေးရောင်ကားလုံးလုံးလေးနဲ့ လာတတ်မှန်းသိထားသဖြင့် ထိုကားကိုပဲမျှော်နေခဲ့မိသည်။ ဟန်သီချိုရောက်လာသော်လည်း.. ၊

"နင်ဘာလာလုပ်တာလဲ.."

သူမရှေ့မှာ ဒါဒါကာဆီးရပ်မိပြီးမှ နောက်ပြန်ဆုတ်ရသည်။ ပြီးတော့ ပခုံးနှစ်ဖက်ကြားမှာ ခေါင်းဝင်တော့မတတ် ဇက်လေးပု၍ တောင်းပန်သလိုကြည့်ရင်း.. ၊

"မနေ့တုန်းက အဲ့ဒီဇည့်သည်နဲ့ဖြစ်ရတဲ့အကြောင်းကို ကျွန်မ.."

"တော်..တော် ဘာမှမလိုတော့ဘူး၊ နင့်လိုဝန်ထမ်းအတွက် ဒီမှာနေရာမရှိတော့ဘူးလို့မှတ်ပြီး ပြန်တော့.."

"မမ.."

ဒါဒါက ဖွတ်ကပ်လိုက်သွားခဲ့ရင်း Receptionရှေ့ကို ရောက်မှ ဟန်သီကဆလင်းဘက်ခ်ကြိုးကို ပခုံးပေါ်ဆောင့်ဆွဲတင်လိုက်ပြီး မျက်နှာချင်းဆိုင်လှည့်ရပ်ကာ.. ၊

"နင့်ကိုယ်နင်ဘာထင်နေသလဲဗေဒါဖြူ..နင့်လိုဘာမှမသိ ဘာမှမတတ်ဘဲ ပြဿနာကောင်းကောင်းရှာဖို့တစ်ခုပဲသိတဲ့ ဝန်ထမ်းမျိုး ဒီဟိုတယ်လ်မှာရှိတာ ငါတို့ဘယ်လောက်အန္တရာယ်ကြီးသလဲ နားလည်ရဲ့လား..ဒါပေမဲ့ သူဌေးက တစ်ဖက်ကမိတ်ဆွေကို မျက်နှာနာလို့ လက်ခံထားခဲ့တာ အခု သူ့ဘက်ကဝတ္တရားကုန်ပြီ..နင်နေသင့်တဲ့နေရာမှန်ကို ပြန်လိုက်တော့.."



ခြေလှမ်းပြင်ပြီးမှ ဟန်သီကဒါဒါ့ကို ခြေဆုံးခေါင်းဆုံးကြည့်ကာ..

"နင်အရမ်းကြိုးစားခဲ့တာတွေအတွက်တော့ စိတ်မကောင်းပါဘူး..ဒါပေမဲ့ ကိုယ်နဲ့အံမဝင်ခွင်မကျတဲ့ အလုပ်ဆိုတာ နင်ဘယ်လောက်ကြိုးစားကြိုးစား နေပူမယ်ထင်ရင် မိုးရွာမှာပဲ..မိုးရွာမှာပဲလို့ထင်ရင် နေပူလိမ့်မယ်၊ နင်ဒီ[illegible]ထားသမျှ ထီးတွေဖိနပ်တွေအပိုဆောင်းထားရင်တောင် နင့်အတွက် ဘယ်တော့မှ အသုံးတည့်မှာမဟုတ်ဘူး.."

"အဲ့လိုတော့ တဆုံးမပြောပါနဲ့မမရယ်..ကျွန်မအများကြီးလေ့လာထားခဲ့တယ်၊ အလုပ်ထဲမှာ ခုလိုပြဿနာမျိုး ထပ်ပြီးမဖြစ်.."

"ခုဖြစ်သွားတာ ပြဿနာမဟုတ်ဘူး..နင့်ကိုယ်ကျင့်တရား.."

ထပ်ကြားရသည့် စကားလုံးတွေက မနေ့ကကြားခဲ့ရတဲ့အတိုင်း နားထဲကိုသံရည်ပူတွေလို ဝင်၏။ မနေ့ကနာကျင်မှုတွေကို ဖျောက်ဖျက်နိုင်ခဲ့တာက ဒီအလုပ်ကပေးထားသည့်လစာကြောင့်ဖြစ်ကာ ခုတော့ ဘာနဲ့ဖြေရမလဲ..၊

လစာပဲဗေဒါဖြူ..ဒီလစာမျိုးနဲ့အလုပ်ကို ဘယ်မှာထပ်ရှာမလဲ..ဘယ်သူသွင်းပေးတာပဲဖြစ်ဖြစ် သူတို့ဘယ်လိုပဲအပြစ်တင် ကဲ့ရဲ့နေနေ လူ့အောက်ကျလို့ လူမပိဘူး..မာနတွေ ဘေးဖယ်စမ်း.. ၊

"မမ.."

ဟန်သီထွက်သွားသည့် ခြေလှမ်းတွေကို လိုက်ငေးနေမိပြီးမှ သူမအံသွားကြိတ်လိုက်ရင်း နောက်ကထပ်လိုက်သည်။ သို့သော်.. ၊

"ခဏလေးပါမမရယ်..ကျွန်မလေ.."

"တောက်.."

"ဒေါက်..ချွင်.."

အနားကပ်လိုက်တာနှင့် ဟန်သီကလက်နဲ့လှည့်ရမ်းပစ်လိုက်၏။ ထမင်းဘူးကို ပုတ်ထုတ်လိုက်သလိုဖြစ်ကာ ဒါဒါ့လက်ထဲက ထမင်းဘူးလွင့်ထွက်သွား၏။ ပွင့်လျက်သားပြန်ကျသဖြင့် ထမင်းတွေဖွေးဖွေးလှုပ်သွားခဲ့ပြီး ခုန်းကတခြားမှာကျသွားသည်။

"ဟယ်..ပေကုန်ပြီ.."

"သွားပါပြီ..ညစ်ပတ်ကုန်ပြီ.."

"သူ့ကိုယ်သူအပိုင်တွက်ပြီး အလုပ်ဆင်းမယ့်စတိုင်လ်နဲ့ တကယ်ပါပဲ.."

Receptionကမိန်းကလေးတွေ ပျာပျာသလဲပြေးထွက်လာကြသည်၊ သန့်ရှင်းရေးက သူတို့အလုပ်မဟုတ်သော်လည်း တစ်ယောက်တစ်

ခွန်းရှဲ့မဲ့ပြောဆိုနေကြ၏။

"အဲ့ဒါပဲ မလိုအပ်တဲ့ပြဿနာ ရှင်းနေရတယ်ဆိုတာ.."

ဟန်သီကပြောပြီး နောက်ထပ်တက်ခေါက်သည်။

"ဟေ့..သန့်ရှင်းရေးမြန်မြန်သွားခေါ်၊ ဧည့်သည်တစ်ယောက်မှမရှေ့ ခင် မြန်မြန်ရှင်း..ဒါကြောင့်အတိုင်ခံရရင် နင်တို့အကုန်လုံးနာပြီမှတ်.."

ဒေါက်ဖိနပ်သံက ပြင်းသည်။ ချာခနဲလှည့်ထွက်သွားသဖြင့် ဆံ တွေပါလွင့်ခါသွားကြသည်။ ဒါဒါသူများစကားကို ခေါင်းထဲမထည့် ကိုယ့်ကြောင့်ဖြစ်ရသည်လို့သာ တွေးမိသဖြင့် သန့်ရှင်းရေးပစ္စည်းတွေထား သည့်အခန်းကို ပြေးသွားသည်။ တံမြက်စည်းကို ကိုင်လိုက်မိလျှင်.. ၊

"ဒါဘာလုပ်မလို့လဲ.."

သူမလက်ထဲက တံမြက်စည်းကို တစ်ယောက်ကဆောင့်ဆွဲယူ နောက်တစ်ယောက်ရောက်လာပြီး.. ၊

"ဘာလဲ..ဟိုတယ်လ်ထဲမှာ ခဏလေးထပ်နေရနေရဆိုပြီး မျှော်လင့် တာလား၊ နင့်ကြောင့် ငါတို့ပါမျက်ခုံးလှုပ်နေပြီ မမြင်ဘူးလား.."

ဒါဒါမျက်နှာတင်းသွားသည်။ သို့သော် 'မျှော်လင့်ခြင်းဆိုသည်မှာ ကိုယ်တိုင်ဖြိုဖျက်မှသာ ပျောက်ကွယ်တတ်သည်ဖြစ်ရာ..'.. ၊

"ငါ့ပစ္စည်းတွေကြောင့်ဖြစ်သွားတာမို့လို့ပါ..ဝန်ထမ်းအချင်းချင်း ဒီ လောက်ထိ မပြောပါနဲ့.."

"တော်တော့သမီး.."

သန့်ရှင်းရေးဝန်ထမ်းဒေါ်ချစ်စုက ကိုယ်တိုင်ပျာယာခတ်နေကြသည် Receptionကမိန်းကလေးတွေ လှည့်မပြောအားဘဲဖြစ်နေကြစဉ် ဒါဒါ့နား မယောင်မလည်ကပ်ပြောသည်။ မျက်နှာသည်လည်း စိတ်မကောင်းဖြစ်နေ တာ အထင်းသားပေါ်လွင်လျက်.. ၊

"စိတ်လျှော့ပြီး ပြန်လိုက်တော့နော်သမီး..ဒီမှာအလုပ်ထပ်ရမှာမဟုတ် တော့ဘူး၊ ဒေါ်ကြီးပြောတာကိုယုံပါ.."

"ဒေါ်ချစ်စုက ဘာလုပ်နေတာလဲ..အဲ့ဒီမှာရောပြီး တစ်ရာ့ကိုးတစ်ရာ တစ်ဆယ်လုပ်မနေနဲ့.."

"လာပါပြီ..လာပါပြီ.."

ဟိုတယ်လ်ကြီးထဲကနေ ထွက်လာခဲ့စဉ် မျက်ဝန်းမှာမျက်ရည်တွေ ပြည့်သီပ်တက်လာ၏။ ဒေါ်ချစ်စုနဲ့သူမစကားပြောခဲ့ဖူးသည်။ မရင်းနှီးပေ မယ့် ခင်ခင်မင်မင်ဆက်ဆံခဲ့ဖူး၏။ သိသာတာတစ်ခုက သူမကိုဆို လိုက် ကြည့်နေတတ်သည့်ပြင် ဆုံးမစကားတွေလည်း ပြောတတ်သည်။ သတိ



ပြောခဲ့တုန်းကလည်း ဘာကြောင့်မှန်းမသိပေမယ့် ကျေးဇူးတင်ခဲ့မိ သည်။

"သမီးက နောက်မှရောက်လာပြီး ရာထူးကြီးတာကို..တချို့မလိုစ တွေကို ဂရုစိုက်မနေနဲ့နော်သမီး.."

"ဟုတ်တယ်..သမီးနေတာမှန်တယ်..နံရံကိုဘောလုံးနဲ့ပစ်နေရင် နံရံ ကြီးက အဲ့ဒီဘောလုံးကို ဖမ်းယူထားတာမှမဟုတ်တာ၊ ပစ်တဲ့သူဆီပြန်ကန် ဘာပေါ့..တစ်ယောက်ပြောတာ တစ်ခါခံစားနေရင် အဲ့ဒါသမီးက လက် ခံထားတဲ့သူ ဖြစ်သွားမှာပဲ၊ သမီးစိတ်ထားတတ်ပုံလေးကို ဒေါ်ကြီးသ ဘောကျတယ်..အောင်မြင်ချင်တဲ့သူက နံရံကြီးလိုကျင့်ရတယ်.."

ဒါတွေပြောခဲ့တုန်းကလည်း ဘာတွေသိနေလို့ ဒီစကားတွေပြောမှန်း ခဲ့၊ ခုတော့ သိပါပြီ။ အလုပ်ပြုတ်သွားပြီဆိုတာလည်း နားလည်သွား ၊ မိန်းမတစ်ယောက်၏ သည်းခံပါရမီဘယ်လောက်ရင့်သန်ရမည်ကို သေမယ့် သူမမျက်ရည်ကိုမထိန်းနိုင်။ မနေ့တည်းက ကိုယ့်ကိုယ်ကိုနှိပ် ကလုပြု၍ ထိန်းချုပ်ခဲ့ရသမျှ ပါးပြင်ထက်ကိုဖြတ်သန်းခွင့်မပေးနိုင်ဘဲ နှင့်ပစ်မိသည်။ ထိုအခါ မျက်ရည်စက်တို့က မျက်တောင်ဖျားတို့ကို နက်ကာ ခုန်ပေါက်ဆင်းကြ၏။ မျက်ရည်သည် ရင်ခုန်သံမရပ်သရွေ့ ဝန်းမှာအခိုင်အမာဗိုလ်စွဲသည့်သူ့ရဲကောင်းကြီးလား ဒါမှမဟုတ် ခန္ဓာ မှာသွေးတို့ဖြင့် ရောနှောစီးမျောနေသော အသက်ဝိညာဉ်နှင့်အတူ ရှင် နေခဲ့သည့်အရာလား..။ ကုန်ခမ်းသည်လည်းမရှိ။ ထိန်းချုပ်တားဆီးဖို့ မလွယ်။ သူမမငိုချင်ပါဘဲ ငိုနေရသည်။ မရမကထိန်းချုပ်ထားသည့် ကျ၏။

"နင်ပိုက်ဆံကြီးစားစုလေ..အခု သိန်းနှစ်ဆယ်ကအမာခံပေါ့ဟာ၊ နင် မှာပါတယ်..မကြီးတို့တိုက်ကြီးပြီးသွားရင် နင်ပိုက်ဆံတွေစုမိနေမယ် ငါယုံတယ်.."

"ရှိသလောက်နဲ့ပဲ စာရင်းဝင်ထားလိုက်ပါ..နင်ကရှယ်ယာရှင်ဆိုတာ သန်းဝင်းသတ်မှတ်ရမယ့်ကိစ္စပါဒါဒါရယ်၊ မကြီးစိတ်ကိုငါသိတယ်.. လာမယ်ဆိုရင် ငွေကအဓိကမဟုတ်တော့ဘူး.."

ဥမ္မာပြောခဲ့တာတွေကို တွေးရင်း သူမအားအင်သစ်တွေနဲ့ ကျော်ဖြတ် နေ့တွေ တစ်လကနေနှစ်လသို့ပင် မကူးခဲ့ပါလား.. ၊

"တီ.."

ကားဟွန်းသံကြားလိုက်သည်။ အနီးကပ်ကြီးမို့ ကမန်းကတန်းရှောင် ၏။ သို့သော်.. ၊

"အား.."

"ကျွိ.."

လက်မောင်းတစ်ဖက်ကို ပွတ်ဆွဲသွားသဖြင့် လက်လေးလွှဲပစ်လိုက်မိကာ ဘေးတိုက်ပစ်လဲသွားလေသည်။ ဟိုတယ်လ်ဘေးပေါက်ကထွက်လာတာမို့ ဟိုတယ်လ်ကိုဝင်ထွက်သည့်ကားလမ်းလေးမှာ လူသူကင်းရှင်းနေ၏။

"ဆောရီး..ဆောရီး၊ ထနိုင်ရဲ့လား.."

အသံနှင့်အတူ ကားထဲကအမျိုးသမီးတစ်ယောက် ထွက်လာသည်။ ခါးလောက်ဆံပင်ရှည်အဖြောင့်ကို နဖူးတွေအပြောင်သိမ်းတင်ထားသည်။ စိတ်ပူပုံပေါ်ပေမယ့် ဆင်းလာပုံက ခံစားချက်မပါသော လှုပ်ရှားမှုမျိုးဖြစ်ကာ.. ।

"လွတ်တယ်မှတ်လို့တက်လိုက်တာ..ဒီမှာအရင်လိုလာလို့လေ၊ ဆောရီးနော်ညီမ.."

သူမတွဲကူလိုက်ကာမှ ပေါင်ထိပ်တစ်ဖက်မှာ မျက်ခနဲဖြစ်သွားသည်။ ဝဲဘက်လက်တံတောင်ဆစ်နဲ့ လက်ဖျံကပြန်ဆန့်ချလို့မရအောင် နာကျင်နေခဲ့သဖြင့်.. ।

"အား..လက် လက်.."

သူမဆွဲလိုက်မှာစိုးသဖြင့် အသည်းအသန်အော်မိသည်။ ထိုအခါကျမှ သူမမျက်လုံးပြူးသွားကာ.. ।

"လက်ဘာဖြစ်သွားတာလဲဟင်..ဆေးခန်းသွားရအောင်နော်.."

"ရပါတယ်..ရှင်အရင်လိုလာတာမို့လား၊ ကျွန်မဘာသာဆေးလိမ်းလိုက်ရင်ရတယ်.."

ဒါဒါက လွတ်ကျသွားသည့် ပိုက်ဆံအိတ်ပြားလေးကို ငုံ့ရှာတော့ သူမကအပြေးအလွှားလိုက်ကောက်ပြီး လက်ထဲထည့်ပေးသည်။

"လာပါညီမရယ်..မတော်လို့တစ်ခုခုကြီးကြီးမားမားဖြစ်သွားရင် အစ်မမှာအပြစ်ရှိနေတော့ ဘယ်လိုမှစိတ်ကောင်းနိုင်မှာ မဟုတ်လို့ပါ..ဘာဖြစ်သွားသလဲသိရအောင် ဆေးခန်းတော့လိုက်ပြပေးပါရစေ.."

ဒါဒါ့ကိုကားပေါ်ရောက်အောင် တင်လိုက်ပြီးမှ သူမတစ်ဖက်ကနေမောင်းသူနေရာဆီ ပြန်ပတ်ခဲ့သည်။ သို့သော် ကားထဲမဝင်သေးဘဲ ခဏရပ်၍ ဖုန်းထုတ်သည်။ ပြီးတော့ မက်ဆေ့ချ်တစ်ကြောင်းရိုက်ထည့်လိုက်၏။

ပါလာပြီကောရီရေ..အောင်မြင်တယ်

နင့်ဓာတ်ညွှန်းအတိုင်းပဲ..



အခန်း(၆၇)

အောင်မြင်တဲ့သူလို့မပြောရဘူး..ခန့်ညားလိုက်ပါဘိ..။ ဘယ်မှာဖြစ်ဖြစ် မြင်လိုက်ရတိုင်း ထည်ဝါနေသည်။ အများထဲမှာ ထင်းနေသည်။ သူ့အားမှာလိုက်ပါခြံရံနေတတ်သည့် လူကချည်းသုံးလေးယောက်တော့ အမြဲအမ်းရှိနေတတ်ကာ သားကိုကိုဆိုသည့်သူဌေးက ခြေလှမ်းဝက်မျှရှေ့ကိုကြောနေတတ်ကာ နှစ်ယောက်ကဘယ်ညာတစ်ဖက်ဆီမှာ။ နောက်နှစ်ယောက်က ခြေတစ်လှမ်းစာလောက် နောက်ကျလျက်.. ।

"အဲ့ဒီသူဌေး အတော်ချောတာနော်..အသက်လည်းငယ်ငယ်ပဲရှိသေးတာ.."

"ဟိုခင်ကြီးကျယ်ရုပ်မျိုးနဲ့ သူ့မိန်းမဆိုတာလည်း လှတော့လှသား.."

အဲ့ဒီမိန်းမနဲ့ကွဲနေကြသည့်သတင်းတောင် ကိုယ်အတိအကျရထားတာ ကြွားလိုက်ရရင် ယုံပါ့မလားမသိ။ မိန်းမတွေစုစုရှိသည့် မလှမ်းမကမ်းမှာ ဦးဝင်းမောင်မျက်နှာကြီးက အောင်နိုင်သူလို အပြုံးတွေဝေလျက်.. ।

"အဟမ်း..အဟမ်း.."

သူ့ချောင်းဟန့်သံကြားမှ မိန်းမအုပ်စုလှည့်ကြည့်ကြသည်။ အတင်းပြောနေကြတာမို့ လူရှိနေမှန်းသိတာနှင့် တခြားနေရာကို မြန်မြန်ဆန်ဆန်ရှောင်ထွက်သွားကြ၏။ လူတွေဟာ စိတ်ဝင်စားလာသည့်အရာပေါ်မှာ တစ်

ဆင့်စကားနားစွံ့ရင်း ထိုသတင်းနောက်ပဲလိုက်နေတတ်ကြသည်။ သိရဖို့ ကြိုးစားကြသည်။ ထိုထဲမှာ သူလည်းပါလေသည်။ သားကိုကိုဆိုသည့်သူ့ ဌေးက စိတ်ကောင်းလေးရှိသည်။ ဇနီးဖြစ်သူက မောက်မာ၏။ ထို့ကြောင့် အိမ်ထောင်ရေးက ပြိုကွဲနေခဲ့သည်။ ဘယ်အတိုင်းအတာထိ ပြိုကွဲနေသလဲ ဘယ်ကတည်းကလဲဆိုတာ မသိသော်ငြား.. ။

"တိုက်ဆောက်နေတာကို လာကြည့်တာမို့လား..သူဌေးကဘယ်ထွက် သွားတာလဲ.."

လူကိုမြင်တိုင်း 'ဦးစပ်စုလာပြီ'ဆိုသည့် အကြည့်မျိုးနဲ့ နှုတ်ဆက်တတ် ပေမယ့် ဒီလိုအဆင့်အတန်းတွေရှေ့မှာ ဟာသဖြစ်နေရင်တောင် ဦးဝင်းမောင် ဂရုစိုက်မှာမဟုတ်ပေ။ ခုဆို တစ်အိမ်လုံးမှာ သူတစ်ယောက်တည်း။ ရှေ့ ကြောင်းနောက်ကြောင်းပူစရာမရှိသလို အချိန်တိုင်းအားနေခဲ့တာ သူပဲဖြစ် သည်။

"သူဌေးကိုမြင်လိုက်ရရင် ဖုန်းပြောရင်ပြော မပြောရင်ခြေလှမ်းကျဲနေ တာပဲနော်..အတော့်ကိုအလုပ်ရှုပ်တာပဲ၊ အဟွန်း..ခြေရုံသင်းပင်း တပည့် လက်သားတွေ ဒီလောက်ဝိုင်းဝိုင်းလည်နေတာတောင်မှနော်.."

ထွန်းထွန်းတို့ ဘာမှမဖြေဘဲ ခေါင်းကုတ်ကြ၏။ ကိုကို့ကိုလှမ်းကြည့် တော့ ဝေဒတို့နဲ့အတူ ကားရပ်ထားသည့်ဆီ သွားနေတာဖြစ်လျက် ရုတ်တ ရက်ဘာကိစ္စပေါ်သွားတာ သူတို့တောင်မသိခဲ့.. ။

"ဘာတွေပြောနေတာလဲ..အခုဘာတွေဖြစ်ကုန်တာလဲ၊ မင်းကောင်ဒီ လောက်တောင် မယုံကြည်ရဘူးလား.."

"................."

"တောက်.."

ဘာဖြစ်နေမှန်းမသိသေးသည့်ဝေဒတို့ နားရွက်တွေထောင်သွားကြ သည်။ နှစ်ထပ်ခွဲတိုက်နဲ့ပတ်သက်ပြီး ကြည့်နေတုန်းက ဘာမှမပြောခဲ့ဘဲ မျက်မှောင်ကြီးကုတ်နေခဲ့သည်။ ခုကျမှ ဘယ်သူ့ကိုပေါက်ကွဲနေတာလဲ..။ ဒါမဖြစ်နိုင်ပါ။ ကိုကိုက အဲ့ဒီလိုဒေါသထွက်လွယ်သူမဟုတ်။ ပြီးတော့ ဒေါ သကိုတလွဲချပြီး အပြစ်မဲ့သူကို ဖိနှိပ်မောင်းမဲတတ်တဲ့အကျင့်လည်း မရှိသူ ပါ.. ။

"အဲ့ဒီလူနဲ့ငါ တိုက်ရိုက်မပြောခဲ့တာက ပြောဖို့မလိုလောက်တဲ့ကိစ္စ မို့လို့..တစ်ယောက်နဲ့တစ်ယောက် ဒီလောက်လေးက ပြောဖို့ကိုမလိုတဲ့ကိစ္စ"

"...................."

"သူထုတ်ပေးရမယ့်လစာက ဘယ်သူပေးတာမို့လို့လဲ..ဘာကြောင့်ဆို



ဘာတွေ မလိုချင်ဘူး၊ သူအဲ့လိုမိန်းကလေးမျိုး မဟုတ်ဘူး..ဟုတ်နေရင် တောင် မျောက်သားစားချင်ရင် မျောက်မျက်နှာကြည့်ရတယ်.."

ပြောစကားတွေအရ ဘယ်သူ့ပြဿနာမှန်းတွေးမိလိုက်သည်။ သို့ သော် ကိုကိုက သူ့ဘက်လှည့်လာကာ လူချင်းကပ်လိုက်ပြီး အင်္ကျီကော်လံ တို့ ခပ်ဖိဖိဆုပ်ဆွဲထားလိုက်၍.. ။

"အဲ့ဒါမင်းယူထားတဲ့တာဝန်နော်ဝေဒ.."

"အေးပါ..ဟုတ်ပါတယ်၊ ဒါပေမဲ့ ငါ့အစ်ကိုရဲ့ကောင်လေးနဲ့ မင်းပဲ တိုက်ရိုက်ပြောနေကြတာလေ..နောက်ပိုင်းငါနဲ့ဘာပြောခဲ့တာ ရှိလို့လဲ၊ ခိုင်း တာ ကိုယ့်လူရင်းမှမဟုတ်တာ.."

"ဟုတ်သားပဲကိုကိုရာ..နှစ်ဆင့်သုံးဆင့်လှမ်းခိုင်းနေရတာ ကိုယ့်အ ချင်းချင်းလောက်တော့ ဘယ်စိတ်ချရမလဲ၊ ခုကိစ္စကလည်း ကောင်မလေးရဲ့ အရိပ်အခြည်ကို မင်းယုံကြည်နေသလို သူများကယုံမှဖြစ်မှာမဟုတ်ဘူးလား..ပြ ဿနာက အကြီးကြီးနော်၊ သူ့လုပ်ငန်းထိခိုက်ခံပြီး ဘယ်သူကရှေ့ဆက်ချင် မှာလဲ.."

ကိုကိုက မျက်ထောင့်နီနှင့်ငဲ့ကြည့်လျှင် မျိုးကိုမျက်ခုံးတွေ ပင့်တက် သွားတာ.. ။

"မင်းဒေါသငယ်ထိပ်တက်နေလို့ မြင်အောင်ပြောတာပါ..ဝေဒက လည်း သူ့အစ်ကိုဆိုရင် တိုက်ရိုက်မေးလို့ရတယ်၊ ခုကပါတနာထပ်ဖြစ်နေ သေးတယ်မို့လား.."

ဆုပ်ဆွဲထားသည့်အင်္ကျီကော်လံကို လွှတ်၍ ဆံပင်တွေထဲလက် ထိုးလျှောက်၏။ သူမဒုက္ခများနေပြီဆိုသည့်အသံက သူ့အတွက်ငရဲပဲဖြစ်သည်။ နှစ်နေတဲ့လူကို ဆွဲတင်လိုက်လို့ရသည်။ သူမရေတိမ်တိမ်မှာ နစ်နေရင် တောင် သူပြေးသွားဆွဲဖို့ကမလွယ်။ မင်းသတိရရင် တလိုက်ပါဆိုပြီး ကိုယ့် နာမည်လေးချပေးခဲ့နိုင်ရင်လည်း တော်သေးသည်။ ခုတော့ သူမရင်မဆိုင် ရင်တော့သည့် အခက်အခဲတွေကြားမှာ သူ့ကိုဘယ်လိုခေါ်မလဲ..။ သူမရှေ့ မှာ ငါဟာငါမဟုတ်။ သူမကွယ်ရာမှာကျတော့လည်း သူသည် သူမဟုတ် သလိုမျိုး။ ကိုယ့်ကိုယ်ကိုဘယ်နှစ်ကိုယ်ဘယ်နှစ်စိတ်ကွဲပြားနေပြီမှန်းလည်း မသိတော့ပေ.. ။

"ငါမန္တလေးကိုသွားမယ်.."

"ဟမ်.."

"မနက်ကမှ.."

"တာဝတိံသာကဆင်းလာတာဖြစ်ဖြစ်.."

အလိုမကျခြင်းကြောင့် စိမ်းညို့သည့်မျက်ခုံးတန်းတို့ တွန့်ကုတ်နေကြသည်။ နီမြန်းသည့်နှုတ်ခမ်းတွေက တင်းတင်းစေ့နေသည်။ ကိုကို့မျက်နှာမှာ ဒီလောက်ထိဒေါသထန်နေတာမျိုး မြင်ရခဲပါသည်။ အထူးသဖြင့် အလုပ်ကိစ္စကို ဒီတိုင်းထားပစ်ခဲ့ပြီး ထွက်ခွာတာမျိုး မရှိတတ်ခဲ့။ ဒီကောင်မလေးအတွက်ကျမှ..ဒီကောင်မလေးနဲ့ပတ်သက်လာတိုင်း.. ။

"ကိုကိုရာ..ကျွတ်.."

"အေးလေကွာ..မန္တလေးနဲ့ရန်ကုန်ကိုကားနဲ့ပြေးလိုက် လေယာဉ်နဲ့ပြေးလိုက်၊ ပြီးတော့လည်း ချောင်းကြည့်လှည့်ပြန်..ဒါပဲ.."

"ငါ့ဘာသာ ချောင်းမကြည့်ဘဲလှည့်ပြန်တော့ရော မရဘူးလား.."

ဝေဒပြုံးစိစိဖြစ်သွားသည်။ မျိုးကို မျက်နှာမဲ့သွား၏။ ကိုကိုက ဂီယာချိန်းလိုက်ရင်း လှည့်ကြည့်ကာ.. ။

"မှတ်တိုင်မှာဆင်းကြ.."

"ဟ..မြန်မာပလာဇာမှာ ရှူးပွဲစတော့မှာလေ..မင်းကိုအဓိကတက်စေချင်ကြတာ.."

"ဒီနေ့လည်းဖလိုက်နဲ့ လိုက်မလို့.."

သူတို့မှန်ထဲကနေ မျက်လုံးဆုံသွားကြသည်။

"တားမရရင်လည်းသွားပေါ့ကွာ..ဒီမှာမိတ်ပျက်မယ်၊ ဟိုမှာလည်း ဝေဒအစ်ကိုနဲ့အဲ့ဒီဟိုတယ်လ်သူဌေးရှော့ခ်ရှိမယ်..အဲ့ဒါတော့ထည့်စဉ်းစား၊ ဒါနဲ့နေပါဦး..မင်းဂျပန်ကပြန်လာတာရော အဲ့ဒီကောင်မလေးကြောင့်များလား"

ကိုကိုကမဖြေ။ လမ်းထဲကိုဝင်လာသည့်ကားတစ်စီးကို စောင့်နေရင်း ကားထဲမှာခဏတော့ တိတ်ကျသွား၏။ တိတ်ဆိတ်နေခြင်းက ဝန်ခံခြင်းပဲဖြစ်သည်မို့ ဗေဒါဖြူကြောင့်ဆိုတာ သေချာသွားသည်။ ပြဿနာတက်နေပြီဆိုတည်းက ကိုကို့ကိုဖုန်းဆက်ခဲ့သည်။ သူတို့ကတော့ ကိုကိုမြန်မာနိုင်ငံပြန်ရောက်လာကာမှ သိရတာပါ။ သိပေမယ့် မယုံနိုင်ခဲ့တာကြောင့်.. ။

"ဒါဖြင့် ဒီကောင်မလေးအတွက်နဲ့ မင်းပြန်လာတာပေါ့.."

"ငါလည်းပြန်မလို့ပြင်နေတုန်း.."

တိုက်ပဲတိုက်ဆိုင်တာလိုလို ဖြေပုံကခေါင်းမညိတ်ခေါင်းမခါ။ သို့သော် ဟိုဘက်မှာအေးချမ်းသွားသလိုလိုဖြစ်သွားတော့ ပျက်နေသည့်ကိုကို့မျက်နှာကြီး ပြေသွားခဲ့သည်။ ခုထပ်ရောက်လာတာက ဘယ်လောက်ဆိုးတဲ့သတင်းမို့လို့လဲ.. ။

"ချာတိတ်ကိုကာကွယ်ဖို့ ငါတတ်နိုင်သမျှလုပ်မှာပဲ..အဲ့ဒီအတွက် ငါ့ဘက်မှာ ထိခိုက်နစ်နာတာတွေရှိမယ်၊ အလေအလွင့်တွေများမယ်..ငါ့လုပ်



ငန်းများနေရင်တောင် အဲ့ဒီအများက ငါကိုယ်တိုင်ချရေးလိုက်တဲ့အများပဲ၊ ပြောချင်တာက ငါမသိလို့မှားတာ မဟုတ်ဘူး.."

.........ဒီကောင်မလေးအတွက် ငါငိုရှင်ငိုရမယ်............

.........ဒီကောင်မလေးအတွက် ငါရယ်ရင်ရယ်ရမယ်...........

.........ဒီကောင်မလေးအတွက် ရင်ဘက်တစ်ခုလုံး ပေါက်ကွဲသွားပါစေ.........

.........ဒီကောင်မလေးအတွက် ငါပေးဆပ်မှာပဲ..........

☎

## အခန်း(၆၈)

"တီ.."

ဟွန်းသံနှင့်အတူ ဘေးနားမှာတုံ့နေးစွာကပ်လာသည့်ကားကို ငုံကြည့်လိုက်မိသည်။ မနေ့ကဆေးခန်းလိုက်ပို့ခဲ့သော ပြာသိုလွင်.. ။

"တို့နာမည်က ပြာသိုလွင်.."လို့ပြောပြတည်းက နာမည်လေးက... လိုက်တာလို့ တွေးမိခဲ့သည်။ ကိုယ့်နာမည်ကျမှ ဘာဖြစ်လို့ဗေဒါဖြူဖြစ်... ရတာလဲ..။ အမေ့ကိုမေးခဲ့တုန်းက 'ဗေဒါရောင်လေးကိုကြိုက်လို့' 'ဗေဒါ... အရှုံးမပေးတတ်လို့' လုလို့ပေးထားတာလေ..အဓိပ္ပာယ်တွေမကောက်နဲ့"... သဖြင့် အဖြေများစွာနှင့်။ အမေ့စိတ်ကူးအမှန်ကိုတော့ မသိခဲ့ရပါ။ ဒါ... ဗေဒါဖြစ်ရသည့်အတွက် သူမဘဝတောက်လျှောက် အယက်ကန်ခံခဲ့ရသည်... ဗေဒါကြောင့်ပဲ မပဋ္ဌာလို့အခေါ်ခံရ၏။ အရာရာဟာ ကိုယ့်ကံကြမ္မာပဲ... မှတ်ယူထားနိုင်ပေမယ့်.. ။

"အခြေအနေကောင်းနေပြီထင်တယ်..တို့ကခုပဲ မင်းဆီထွက်လာတာ..."

"အင်း..မနေ့တည်းက စမ်းသပ်ခဲ့တာပဲဟာ၊ လက်နည်းနည်းနာ... တာပဲရှိတော့တယ်.."

"လက်လည်းပေါ့လို့ မရဘူးနော်..ဆေးမှန်မှန်ထည့် သန့်ရှင်း... လေးလုပ်လုပ်ပေး၊ လာလေ..ကားပေါ်တက် ရှော့ခ်မရှိတော့တဲ့ အထိမ်း...



... တစ်ခုခုသွားစားကြရအောင်.."

ဒါဒါကားကိုမျက်လုံးဝေ့မိကာ ပြီးမှခေါင်းခါ၏။

"မစားတော့ဘူး..ဒါဒါသွားစရာရှိသေးလို့.."

"ဘာလဲ..အလုပ်ရှာမလို့လား.."

သူမနဲ့မျက်လုံးချင်းဆုံသွားတော့ ရယ်လိုက်ကာ.. ။

"မနေ့ကမင်းပဲပြောခဲ့တာလေ..မေ့နေတာလား.."

မေ့တာမဟုတ်ပါ။ သူမမပြောမိခဲ့ဘူးဆိုတာ သေချာနေသဖြင့် အံ့... သွားခဲ့တာဖြစ်သည်။ သို့သော် ဒါကလူမသိအောင်ဖုံးဖိထားစရာကိစ္စ... မဟုတ်တာမို့ အမှတ်တမဲ့ပဲထားမိကာ.. ။

"ဟုတ်တယ်..အဲ့ဒါကြောင့်.."

"အဲ့ဒါကြောင့်ဆိုရင် ပူမနေနဲ့..မင်းကိုအလုပ်ရအောင် တို့တာဝန်ယူ... ...တယ်.."

ဟင်.. ။

ရင်ထဲမှာလုပ်ခနဲအေးသွားသလားတောင် ထင်မိသည်။ ဝမ်းသာသွား... ...စိတ်က ဘယ်တုန်းကနဲ့မှ မတူ.. ။

"အလုပ်ရအောင်ဟုတ်လား.."

"ဟုတ်တယ်..ဒါပေမဲ့ အလုပ်နဲ့ပတ်သက်ပြီး ပြောစရာတွေတော့ရှိ... ..."

"ဟုတ်ကဲ့..ပြောပါ.."

ပြာသိုလွင်က ဒါဒါ့ကိုစိုက်ကြည့်သည်။ ဆံပင်တွန့်တွန့်ကော်ဖီရောင်... ...တွေကို မျက်နှာအပြောင်သိမ်း၍ နောက်မှာစုစည်းထားသဖြင့် ရှိသည့်... ...ထက်ပို၍နုငယ်နေသလိုပင်။ မကွာဘူးဆို ကိုယ်တွေထက်လေးငါး... ...တော့ ငယ်နိုင်၏။ မျက်တောင်ကော့ကော့ နှာတံလုံးလုံးနှင့် နှုတ်ခမ်း... ...လေးတွေက ပြည့်ပြည့်ဖူးဖူးလေးတွေ.. ။

"မင်းဘာသင်တန်းတွေတက်ထားသလဲ.."

ဘာမှမတတ်ဘူးဆိုတာ သိနေသဖြင့် သူမကိုသူမသိသွားဖို့ မေးလိုက်... ...သည်။ ဝင်းလက်သွားသည့်မျက်နှာလေး တွေခနဲဖြစ်သွားခဲ့လျက်.. ။

"အဲ့ဒါဘာကိုမေးတာလဲဟင်..ဟိုလေ ဒါဒါဘာသင်တန်းတက်တယ်... ...ထက် အစ်မအလုပ်က ဘာသင်တန်းဆင်းဖြစ်မှ ရမယ်ဆိုတာမျိုးပေါ့.. ...လေးပြောပြပါလား၊ လိုချင်တဲ့ပုံစံ ဒါဒါကြိုးစားပါ့မယ်.."

"ကြည့်ရတာ ဘာမှကိုတက်မထားတဲ့ပုံပဲ..ကဲပါ၊ ကားပေါ်တက်..ဒီ... ...ဆို မင်းအတွက်အဆင်ပြေအောင် တို့ညှိပေးလို့ရမှာပါ.."

ဒါဒါခေါင်းညိတ်လိုက်သည်။ သို့သော် တံခါးဖွင့်၍ ကားထဲငုံ့ဝင်လိုက်စဉ်.. ။

"ချာတိတ်..နေဦး.."

တားဆီးသံနှင့်အတူ တံခါးမှာတင်ထားဆဲသူမလက်ကို တစ်စုံတစ်ယောက်က ဆွဲကိုင်ထားလိုက်ပြီး.. ။

"မင်းအစ်ကို မင်းကိုရှာနေတယ်.."

အသံကိုရင်းနှီးနေသည်။ လက်ကိုဆွဲလိုက်သဖြင့် ချက်ချင်းလှည့်ကြည့်မိ၏။ ထိုသူသည် နာမည်တောင်သူမမသိခဲ့သော.. ။

"မင်းတို့မောင်နှမသောက်နေကျ ကော်ဖီဆိုင်မှာ သူစောင့်နေတယ်.."

ဒါဒါမတ်မတ်ပြန်ရပ်ပြီး သူ့မျက်နှာကိုစိုက်ကြည့်နေတဲ့အထိ မဟုတ်တာတွေသူပြောနေတုန်း။ သို့သော် သူမသည်လည်း မဟုတ်မှန်းသိလျက်နှင့် နားထောင်နေမိဆဲ.. ။

"အလုပ်ကိစ္စသွားစရာရှိတယ်လို့ ပြောလိုက်ပါလားညီမ..တို့စောင့်နေဖို့အချိန်မရှိလို့ပါ.."

ဒါဒါသူမကို လှည့်ကြည့်မလိုမျက်နှာငဲ့၏။ သို့သော် မျက်ဝန်းတို့က မပါဘဲ သူ့မျက်နှာဆီမှာပဲ စူးနစ်နေကာ.. ။

"သူ့အစ်ကိုကလည်း သူ့ညီမအတွက် အလုပ်ပြောပေးထားပုံပဲ..မင်း သွားချင်ရင် သွားလို့ရတယ်.."

သူကတောင် ပြာသိုလွင့်ကိုပြန်လွှတ်နေသေးသည်။ ပြာသိုကလည်း တစ်ခွန်းမှထပ်မမေးတော့ဘဲ ဒါဒါ့အဖြေကိုစောင့်သလို တစ်ချက်လှမ်းကြည့်သည်။ ပြီးမှ မောင်းထွက်သွား၏။ ဒါဒါ သူကိုင်ထားသည့်လက်ကို ရုန်းထွက်လိုက်သည်။

"ရှင်ဘာအကြံနဲ့လဲ.."

"မင်းကောင်းဖို့ပါ.."

"ကျွန်မအခု.."

"အလုပ်မရှိဘူး..အလုပ်လိုချင်နေတယ်၊ မိန်းမသားချင်းပဲ ဘာညာရှိနိုင်ဘူးလို့တွေးပြီးသားစိတ်နဲ့ သူများကားပေါ်တက်ဖို့ ဆုံးဖြတ်တယ်.."

သူမထိတ်ခနဲဖြစ်သွားသည်။ တခြားနဲ့ယှဉ်လိုက်တိုင်း သူ့ကိုပဲယ[illegible] ကြည်နေမိသည့်စိတ်က ပြာသိုလွင်ကဘာလဲလို့ အထိတ်တလန့်တွေးလိုက်ပြီးဖြစ်ကာ.. ။

"ရှင်သူ့ကိုသိတယ်ပေါ့.."

"သိတယ်..ဒီလိုလုပ်ရပ်မျိုးနဲ့ ထင်ယောင်ထင်မှားအချုပ်ခံရဖူးတဲ့သူ



[illegible] ထင်ယောင်ထင်မှားဖြစ်အောင် တမင်လုပ်ခဲ့တာ..တကယ်လုပ်ခဲ့တာ [illegible].."

ဒီလိုလုပ်ရပ်မျိုးနဲ့ဆိုတော့..။ ဘုရားရေ.. ။

ကိုယ့်ကိုယ်ကိုဒီလောက်တောင် နုံတဲ့သူလားလို့ တွေးမိပြီး စိတ်တို[illegible]သည်။ သူက အိုးဝေလေးတစ်စီးကို လက်တား၍.. ။

"သွားမယ်..လမ်းဘေးမှာအကြာကြီးရပ်နေလို့ မကောင်းဘူး၊ ကိုယ်[illegible]သား.."

ကြည့်လိုက်တော့ သူ့မျက်နှာကအတည်ပြောလိုက်နဲ့ တူသည်။ ကော်[illegible]ကုတ်အင်္ကျီကို တံတောင်ဆစ်လောက်ထိ တင်ထား၏။ အတွင်းအ[illegible] ဘောင်းဘီရှည်ပါ ပြာလဲ့လဲ့ဖြူလွှသောအရောင်ရှိလျက် မေးဖျားမှာ[illegible]နေသည့်ကော်လံ၏အရောင်အတိုင်း သူ့မျက်နှာကကြည်စင်နေ၏။ [illegible]မြင်လိုက်တိုင်း သတိထားမိနေသည့် စိမ်းညို့သောနားသယ်စပ်ဆံစ[illegible] ထင်းနေတာက ကြည့်ကောင်းသည်။ တကယ်ပဲမင်းသားလား.. ။

ကိုယ့်အခြေအနေနဲ့ ရုပ်ရှင်တွေလည်းမကြည့်ဖြစ်ခဲ့ပါ။ ရှေ့မင်းသား[illegible]တက်မင်းသားတွေဆိုတာလည်း သူများတွေပြောတာနားထောင်ရင်း[illegible]သား ဆိုတာထက် မပိုခဲ့သော.. ။

"ရှင်ကတကယ်ရုပ်ရှင်မင်းသားလား.."

အတူတူထိုင်မိကြတော့ မနေနိုင်ဘဲမေးလိုက်မိသည်။ မဟုတ်ဘူးဆို[illegible] ရယ်မှာပဲလို့ တွေးထားတဲ့အတိုင်း သူနှုတ်ခမ်းတွေ လွန့်တက်သွား[illegible] ဒါကိုလည်း သူမကြည့်ကောင်းကောင်းနဲ့ ကြည့်မိလေသည်။ ချော[illegible]တာလို့ တွေးမိတိုင်း ငါ့ကိုကူညီနေတာလား..ငါဒုက္ခများနေတိုင်း သူ[illegible]သက်ပြီး အဆင်ပြေသွားတတ်တာ တိုက်ဆိုင်မှုတွေလား.. ။

"အဟွန်း..ဖြစ်နိုင်တဲ့ပုံပဲ၊ ဘာပဲဖြစ်ဖြစ် မင်းကမေးတာဆိုတော့ ဂုဏ်[illegible]တယ်.."

ဟာသလုပ်ပြောတာဆိုရင်တောင် သူ့မျက်နှာမှာ ပြက်ချော်ချော်ပုံတစ်[illegible]မှ မထင်။ အကြည့်တွေအပြုံးတွေကအစ လေးနက်မှုအပြည့်နှင့်[illegible]တတ်သည်ရှိရာ.. ။

"ကျွန်မရှင့်ကိုရော ယုံလို့ရမှာလား..ခုလေးတင် မဟုတ်တာတွေပြော[illegible].."

"မဟုတ်တဲ့သူလက်ထဲက ကယ်ခဲ့တာလို့ပဲတွေးလေ..'အမှန်တရားဆို[illegible] အခြေအနေအရပဲ'ကွ.."

သူဘာပြောပြော ထူးခြားမှုတွေရှိနေတတ်လျက် သူမစိတ်ထဲမှာ ရွံ့

နေခဲ့သည်။ ဘယ်လိုဖြစ်တာလဲဒါဒါ..နင်သူ့ကိုမြင်လိုက်တိုင်းပါလား..

အသိတရားတစ်ချက်ဝင်လိုက်တာနှင့် ဒါဒါမျက်နှာလွှဲလိုက်၏။ သူ...ငေးနေပုံက မြင်ရခဲ့သည့်မင်းသားချောတစ်ယောက်ကို တမေ့တမောငေးနေ...သည့်နှယ်။ ဒီလူသာ ခပ်ပွေပွေအချောင်သမားတစ်ယောက်ဆိုရင် နင့်အ...ပျက်နေလောက်ပြီ.. ။

"ရပြီညီလေး.."

အိုးဝေကိုရပ်ခိုင်းလိုက်တော့ ကော်ဖီဆိုင်ရှေ့မှာ.. ။

"ကော်ဖီသောက်ရင်းပြောရအောင်..မင်းအစ်ကိုစောင့်နေတာမဟုတ်...ပေမယ့် အလုပ်ကိစ္စပဲပြောမှာပါ၊ ဘာအကြောင်းမှတွေးမနေဘဲ စိတ်...လက်စ်ဖြစ်အောင်ထားလိုက်..အိုခေ.."

ဒါဒါ့ခြေလှမ်းတွေ တုံ့ဆိုင်းနေတာသူသိသည်။ မကြာခဏမြင်နေ...ပေမယ့် ကိုယ်ကစောင့်ကြည့်နေတဲ့သူ။ သူမကတော့ မြင်ဖူးသည့်အကြိမ်...ရေအရ ရင်းနှီးဖို့မှမလုံလောက်သေးဘဲ။ ထို့ကြောင့် သူ့ဘက်ကပဲရင်းနှီးအ...ပြ၍.. ။

"ဒီမှာကိတ်တွေမျိုးစုံပဲ..ကြိုက်တာထုတ်ခိုင်း.."

ရှိုးကေ့စ်ထဲမှာ ရောင်စုံအလှအပတွေအမျိုးမျိုးနဲ့ ပုံသဏ္ဍာန်အမျိုး...သောကိတ်တို့ကို ငုံ့ကြည့်နေပြီးမမြင်။ သူမမြင်နေတာက အတို့အမြှုပ်...ပြန်ဟင်းတို့ဖြင့် မြန်မာထမင်းနဲ့ဟင်းတွေ။ ဆိုင်ထဲဝင်လာတော့ ကြက်ကြော်...နဲ့ရှမ်းထမင်းဖြူတွေ စားနေတာမြင်လိုက်သည်။ ပြီးတော့ နှာခေါင်းထဲ...ကြက်ကြော်နံ့တွေ နံ့နံ့ပင်နံ့တွေ.. ။

"ဟော့..ယူလေ ဘာဖြစ်လို့လဲ၊ အချိုမကြိုက်ရင် ချိစ်နဲ့စားလေ.."

သူကိုယ်တိုင်ရွေးထုတ်ပေးဖို့ ပခုံးချင်းမထိတထိတိုးလိုက်ရင်း ...ညွှတ်၍ ငုံ့ကြည့်မိစဉ်.. ။

"ဝိ.."

သူမျက်မှောင်ကုတ်သွားသည်။ ဘာသံလဲဆိုတာ တွေးမိရုံရှိ...သည်။ ဒါဒါသူမဗိုက်ကို လက်ဖဝါးလေးနဲ့ မသိမသာဖိကပ်၍ ဘေးတိုက်...ရပ်လိုက်တော့ သိလိုက်၏။ သူ့ကိုယ်ချက်ချင်းပြန်မတ်သွားသည်။

"အချိုမစားချင်တာဆိုရင် ကြက်ဆီထမင်းစားရအောင်..ဒီကကြ...ကြော်ကောင်းတယ်.."

သူပဲဆုံးဖြတ်ကာ ဒါဒါ့လက်လေးကိုဆွဲ၍ Counterဘက်ကို ...ခဲ့သည်။ ရင်ထဲမှာလည်း ကိုယ့်ကိုယ်ကိုအပြစ်တင်မိခြင်းတွေ တိတ်တ...ဖြစ်ထွန်းနေခဲ့၏။ သူမဘက်က တောင်းဆိုရဲမှာမဟုတ်သည့်အခြေအနေ...



...တိုင်းကို သူကသာဦးဆောင်လျှောက်လှမ်းရမှာသိရက်နဲ့.. ။

"ကျွန်မ.."

သူမတစ်ခုခုပြောဖို့ စကားစလိုက်သဖြင့် သူလှည့်ကြည့်သည်။ ဒါဒါ...ကလုံးချင်းဆုံဖို့ ကြိုးစားပေမယ့် မျက်လွှာချခြင်းဖြင့်သာ.. ။

"ကျွန်မကိုအထင်သေးသွားလားဟင်.."

"ဟင်..ဘာကိုလဲ.."

"ဟို..ကျွန်မဗိုက်ဆာနေတာ ရှက်စရာကြီး.."

"ဟုတ်လား..မင်းလည်းဆာနေတာလား၊ ဒါဆိုအဆင်ပြေသွားတာ...ကိုယ်ဗိုက်ဆာလို့ ဂွီဂွီဂွမ်ဂွမ်အော်နေတာနဲ့ အစီအစဉ်ပြောင်းလိုက်ရ...

သူညာပြန်ပြီ..။ ဖျတ်ခနဲကြည့်လိုက်မိသည်။ သူကရောက်လာသည့်...တွေကို သူပဲနေရာချပေးနေရင်း.. ။

"စားကြည့်..ကြက်ကြော်အရမ်းကောင်းတာ.."

"ရှင့်ဗိုက်ကမြည်တာမဟုတ်ဘူး..ဒါဒါ့ဗိုက်က.."

"ဟင်.."

စိမ်းညို့သည့်မျက်ခုံးတန်းတွေ ပင့်တက်သွားသည်။ ဒါဆို သူတ...ချင်းမှားတာပဲ..။ ဒါဒါရှက်နေတာတွေ တစ်ဝက်လောက်လျော့ပါး...သည်။ ကိုယ်ကဝန်ခံပြီးဖြစ်ပေမယ့် ခုနမြည်သံကြီးကို ကိုယ်ဆီက...မသိခဲ့ခြင်းအတွက် အတော်ကြီးစိတ်သက်သာသွားမိ၏။ ထို့ကြောင့်...ရယ်နိုင်ဖြစ်လာခဲ့ပြီး.. ။

"ရှင်လည်းဆာနေတာပေါ့..ဟုတ်လား.."

"အင်းလေ..ကိုယ်လာချင်တဲ့အချိန် လေယာဉ်လက်မှတ်ကအဆင်မ...တစ်ယောက်တည်းဒါရိုက်မောင်းချလာတာ.."

"နားတော့ ဘာမှမစားဘူးလား.."

"အလုပ်ကိစ္စအရေးကြီးနေတာနဲ့ ပတ်ရှာနေတာ.."

"ဘယ်သူ့ကိုလဲ..မတွေ့သေးဘူးလား.."

"အဲ.."

သူနဲ့မျက်လုံးချင်းဆုံသွားတော့ မလုံခြုံသလိုဖြစ်သွားသည့် သူ့မျက်...ထူးဆန်းသွားမိသည်။ ထို့ပြင် ကုပ်စပ်ဆံပင်တွေဆီ လက်ရောက်...အပြစ်ကျူးလွန်မိသည့် ကလေးလို..။ ပြီးမှ.. ။

"တွေ့ပြီ.."

"ဟုတ်လား..ရှင်အရေးကြီးရင်လည်း.."

"မကြီးပါဘူး..ရပါတယ်.."

"ခုနပြောတော့ ကြီးတယ်ဆို.."

"အဟွန်း..ခုမကြီးတော့ဘူး.."

ကိုယ့်စကားနဲ့ကိုယ် ဖုန်းထုတ်ကိုင်လိုက်ရင်း.. ၊

"မင်းစားနှင့်နော်..ဒီမှာမစ်ကော်လ်တွေဝင်ထားတာ မနည်းဘူး၊ လောက်ဖုန်းပြောလိုက်ဦးမယ်.."

"ဒီမှာ..ဦး....."

ကမန်းကတန်းခေါ်လိုက်ပြီးမှ ဘယ်လိုခေါ်ရမှန်းလည်းမသိ.. ၊

"ရှင့်နာမည်တောင် မသိသေးဘူး.."

"သိချင်သွားပြီလား..ကျေးဇူးတင်လို့ လိုအပ်လို့ပါ ဘာညာတွေမ နဲ့နော်၊ အဲ့ဒါတွေကြောင့်ဆို မလိုဘူး.."

"ကျေးဇူးတင်မလို့မဟုတ်ပါဘူး..ရှင်ကျွေးတာ ဒါဒါစားတောင်မ ရသေးဘဲနဲ့.."

"ဟုတ်လား..အဟွန်း.."

သူပြုံးမိသွားသည်။ ပြီးတော့ ရယ်လိုက်မိကာ မြည်လာသည့်ဖုန်း ထုတ်ကြည့်၍.. ၊

"ဖုန်းပြောလိုက်ဦးမယ်..ပြီးမှဆက်ပြောရအောင်.."

"ဒီမှာ.."

ဒီတစ်ခါ သူ့ကုတ်အင်္ကျီအောက်ဖျားစကို ဒါဒါဖမ်းဆုပ်ထားမိလျက်..

"ရှင် ဒါတွေနဲ့ကျွန်မကိုထားခဲ့ပြီး လစ်ထွက်သွားမလို့လား.."

"မင်းပြောမှသတိရတယ်..အဲ့လိုလုပ်ရရင် ကောင်းမလား.."

"ရှင်နော်.."

ဒါဒါအလန့်တကြား ထရပ်လိုက်တော့ သူကသွားတွေပေါ်အောင်ရယ် ကာ အင်္ကျီအိတ်ထဲက လက်ကိုင်အိတ်လေးကိုထုတ်၍.. ၊

"ဒီမှာထားခဲ့မယ်..ကြိုက်သလောက်စား၊ ကိုယ်ကကြာမှာမို့လို့.."

အိတ်ကို သူမပန်းကန်ဘေးမှာ ချပေးထားခဲ့ပြီး သူထွက်သွားသည် အနားမှာရှိနေတော့လည်း စားရမှာသိမ်ငယ်သလိုလို ရှက်နေသလိုလို သွားတော့လည်း မပြည့်စုံသလိုခံစားမိပြန်၏။ သူ့ထမင်းပွဲကို ယင်ကော မတွေ့ဘဲ လက်လေးနဲ့ယပ်ခတ်ရင်း စောင့်နေရင်ကောင်းမလား စဉ်း သည်။ သို့သော် ဗိုက်ထဲကခဏတောင်မနားတော့ဘဲ မြည်သံပေးလာကြ လက်ဖဝါးတွေမှာဆုပ်လို့ မမြဲလောက်အောင် နုံးချိချိဖြစ်လာသည်။

သူမရှိတော့ လွတ်လွတ်လပ်လပ်စားလို့ရတာပေါ့..။ သူမဇွန်းခပ်



ကိုက်ကာမှ ဆတ်ဆတ်တုန်နေသည့်လက်တို့က ရှက်ဖွယ်လီလီဘာသာ ကြသည်။ အလုပ်ရှာမတွေ့လေ ခွန်အားမဲ့လေဖြစ်ရရင်း ငွေကုန်မခံ၍ ထမင်းချည်းပဲချက်သည်။ ဖြစ်သလို ဝယ်ခြမ်းစားဖို့ကျတော့ ထမင်း ကိုပဲ တောင်းတလာခဲ့သည့် အာသီသက ခေါင်းခါနေကြသည်။ ထို့ ကြောင့် ဒီနေ့တော့ ဆရာလေးရှေ့မှာ ဟန်ဆောင်ထမင်းဘူးမယူရအောင် လေးမလာခင် ထွက်လာခဲ့သည်။ စားသောက်ဖို့ထက် အလုပ်ရှာဖို့ဇော ရင်း နေ့လည်ဆယ့်နှစ်နာရီထိုးတဲ့အထိ သူမဘာမှမစားရသေး.. ၊

ထမင်းတစ်ဝက်ကျိုးတဲ့အထိ လက်တုန်မပျောက်ခဲ့ပေ။ နောက်ဆုံး သွားသည့်ဝင်ပေါက်ဆီ လှမ်းကြည့်လိုက်ရင်း ခပ်ရင်းကိုချထား သည်။ ကြက်ပေါင်ကို လက်နဲ့ကိုင်၍ အားပါးတရကိုက်၏။ ကြက် ထမင်းကို တစ်လှည့်စီအဆက်မပြတ်သွင်းရင်း လက်တုန်ပျောက်ပါ ဆုတောင်းနေမိသည်။ သူဖုန်းအကြာကြီး ပြောနေပါစေ.. ၊

ဆုတောင်းရင်းမျိုချရင်းဖြင့် ပန်းကန်ထဲမှာ ထမင်းနှစ်လုတ်စာ ကျန်မှ ဒူးတုန်ပျောက်လေသည်။ ကြည့်လိုက်တော့ ကြက်သည် အရိုးချည်းကျန်တာပြောင်သလင်းခါ.. ၊

ဒုက္ခပါပဲ..။ နင်မိန်းကလေးဖြစ်ပြီး ဒီလောက်တောင်အစားကျူးရသ ဒါရယ်..။ တစ်ယောက်လည်း ဘယ်လိုဖုံးဖိရမှန်းမသိဘဲ စုစုထွေး လေးကျန်သည့် ထမင်းခဲလေးကို ပန်းကန်ထဲမှာဖြန့်လိုက်သည်။ ပြီး ကြက်ရိုးတင်လိုက်၏။ သို့သော်.. ၊

မကောင်းပါဘူး..ထမင်းပန်းကန်က စုတ်ပြတ်ပေပွနေသလိုကြီး..။ ဆီ လှမ်းကြည့်လိုက် ထမင်းတွေကို ဇွန်းနဲ့ပြန်စုလိုက်နှင့် အလုပ် သွားသည်။ ကြက်ရိုးပေါ် ထမင်းတွေနဲ့ဖုံးလျက် စုထားကြည့်ပေမယ့်..

မကောင်းဘူး..ဘာကြီးနဲ့တူမှန်း မသိတော့ဘူး..။ ခပ်တိုးတိုးရေရွတ်၍ ထမင်းကိုစားလက်စနဲ့တူအောင် အမျိုးမျိုးပြုပြင်ပုံသွင်းကာ တစ်ရှူးစ ထုတ်၍ နှုတ်ခမ်းကိုသုတ် ဖိချေ၍ ကြက်ရိုးဖုံးအောင် တစ်စပြီးတစ်

သူမအလုပ်ရှုပ်နေတာကို လက်ပိုက်ကြည့်နေရင်း ကွယ်ရပ်တစ်ခုက ကိုရယ်နေမိသည်။ ပြီးတော့ ခေါင်းခါရင်း ချစ်စနိုးကြည့်နေမိလျက်..

အရူးမလေး..

သူတမင်ထွက်လာပေးတာ ဒီကနေရပ်ကြည့်နေတာတွေသိရင် သ ဘာတွေ လစ်သွားမလား..

သူမသည်.. ၊

*ဤသို့ချစ်ဖွယ်ရှိ၏*
*တစ်ခါတလေ နူးညံ့နေတတ်ကာ*
*တစ်ခါတရံ အုံ့ဖွဲ့လွှန်း၍*
*တစ်ခါတလေ ဝုန်းဒိုင်းကြဲ၏*
*သူမသည် ဆလိုက်မီးရောင်တို့အောက်က ပန်းတစ်ပွင့်သို့.. ။*



အခန်း(၆၉)

"ဟင်..ဘယ်လို.."

သူမလန့်ဖျန့်သွားပုံက ကလေးတစ်ယောက်ကို 'ဝါး'ခနဲလှန့်လိုက်မိ...တိုင်း.. ။

"ဒါဒါက ရှင့်ရည်းစားအဖြစ် ရှင်လက်ထပ်မယ့်မိန်းမအဖြစ်..ဟုတ်...."

"နားဝင်ဆိုးပေမယ့် အဖြစ်ကအဲ့လောက်မဆိုးပါဘူး.."

"ဩော်..ရှင်မှအပြောကောင်းပါလား.."

စားသောက်လက်စတွေကိုပြန်ကြည့်၍ နှောင်တရသွားမိတာ သေး...လေးမဟုတ်။ ကိုကိုကလည်း သိသည်။

"ကိုယ်အရမ်းခက်ခဲနေလို့ပါ..မင်းနဲ့ဆုံမိကြတာတွေ ကိုယ်နဲ့ပတ်...မိတာတွေက လုံးဝတိုက်ဆိုင်တာပေမယ့် အခုမင်းကိုလိုက်ရှာနေတာ...တော့ တမင်တကာပဲ.."

ကိုယ်လိုမိန်းမကပဲ ငွေစကားပြောလို့ရမည်။ ဒီအလုပ်မျိုးကိုယ့်လိုလူ... လုပ်လိမ့်မည်ဆိုပြီးတော့လား.. ။

"ဆောရီးကွာ..မင်းဘာတွေတွေးနေတာတော့ ကိုယ်မသိဘူး ဒါပေမဲ့...အထင်သေးလို့လည်း မဟုတ်ဘူး..တခြားမကောင်းတဲ့ရည်ရွယ်ချက်

လည်းမပါဘူး၊ ဒီအကူအညီကို မင်းကမှပေးနိုင်မယ်လို့ တွက်မိတာက ကိုယ့်ဘက်ကတစ်ဖက်သတ် ရင်းနှီးမှုနဲ့ပါ.."

သူ့ကိုစေ့စေ့ကြည့်နေသည့် ဒါဒါ့မျက်နှာလေးက တင်းနေသည်၊ မင်းစားပြီးစ တစ်ရှူးနဲ့ဖိပွတ်ခဲ့ထားရသည့် နှုတ်ခမ်းလေးတွေ နီရဲအိ နေတာကို ကိုကိုစိုက်ခနဲကြည့်လိုက်ပြီး မျက်လုံးတွေကို လွှဲပစ်မိလျက်..

"ပွင့်ပွင့်လင်းလင်းပြောရရင် မင်းမပြေလည်မှန်းသိလို့ဆိုတာ ဟုတ် တယ်..အဲ့ဒါက မင်းလိုအပ်တာလည်းရမယ်၊ ကိုယ်လည်းအဆင်ပြေမယ်.. ဒီအချက်ပဲကျန်တာမပါဘူး၊ မင်းရဲ့ဂုဏ်သိက္ခာပိုင်း မထိခိုက်စေရဘူး..ကိုယ့် ဘက်ကအပြုအမူအပြောအဆိုကအစ မင်းစိတ်ကွက်စေမှာမျိုး လုံးဝမရှိ ရဘူး.."

"ကျွန်မမလုပ်နိုင်ဘူး.."

"ချာတိတ်..ဟော့.."

"ရှင်..လွှတ်နော်.."

ထရပ်လိုက်တာနှင့် သူကလက်ကိုဖမ်းကိုင်ပြီးသား..။ ဒါဒါလက် ဖိလှည့်ရုန်းနေရင်း.. ၊

"ရှင်ကျွေးတဲ့ထမင်းစရိတ်အတွက် ပြန်ပေးမယ်..လုံးဝမလုပ်နိုင်ဘူး.."

မင်းမလုပ်လို့မရဘူးဒါဒါ..မင်းနားမှာမသူတော်တွေဝိုင်းနေပြီ၊ မင်း ခြေအနေနဲ့တွန်းလှန်ဖို့ ခက်နေပြီ..ငါမင်းကိုဒီတိုင်းကြည့်မနေနိုင်တော့ဘူး..

ပြောချလိုက်ချင်သည်။ 'မင်းတလွဲပဲတွေးနေသလား'လို့ မေးလိုက်ချင် ၏။ သို့သော် စကားလုံးတို့သည် ရင်ထဲမှာတင် တိုးတိတ်ပျောက်ဆုံးကုန် ခဲ့လျက်.. ၊

"တစ်လလောက်ပဲချာတိတ်ရာ..မင်းဘက်က သဘာဝကျအောင် ဘာ ညာတွေပြန်ပေးဖို့လည်း မလိုဘူး၊ ကိုယ့်ချစ်သူပါလို့ ကိုယ်ကလက်ညှိုးထိုး ပြတဲ့အခါ မင်းပြုံးပြုံးလေး ခေါင်းညိတ်ရုံပဲ.."

"ဒါဆိုလည်းတစ်ယောက်ယောက်ကို လက်ညှိုးထိုးပါလား..ဘာလို့ ကျွန်မမှလဲ.."

တောင်ပံကျိုးနေတဲ့ငှက်လေးလို အိပ်တန်းပြန်ဖို့ ခက်ခဲနေတာက မင်း ပဲဖြစ်နေလို့ပေါ့ဒါဒါ..မပြောဖြစ်ပေမယ့် သူ့မျက်ဝန်းတွေမှာ စကားလုံးပေါင်း မြောက်များစွာ ဖြစ်နေလိမ့်မည်။ မျက်လုံးချင်းဆုံမိတိုင်း သူမကသာသွေ့ သွားတတ်သူမို့.. ၊

"ချာတိတ်.."

"ကျွန်မနာမည်ဒါဒါ.."



မျက်နှာဆတ်ခနဲမော့၍ ပြောလိုက်ပြီး အားမရနိုင်.. ၊

"နောက်ပြီး ကျွန်မကကလေးအမေ မုဆိုးမဆိုတာ ရှင်သိလား.."

"သိသိမသိသိ ဘာအရေးပါလို့လဲ.."

သူ့အသံက ဘုဆတ်ဆတ်နိုင်လျက်.. ၊

"ကိုယ်ကမင်းကို ရည်းစားစကားပြောနေတာမှ မဟုတ်ဘဲ.."

ကြည့်စမ်း..။ ကိုယ့်စကားနဲ့ကိုယ် ပိတ်မိသွားသဖြင့် ဒါဒါ့မျက်နှာ ည်သွားသည်။ ဒါပေမဲ့ ဆောင့်ခနဲပြန်ထိုင်၏။

"ကိုယ်ပြောနိုင်တာက ကိုယ့်မှာကိုယ်သိပ်ချစ်ရတဲ့ မိန်းကလေးရှိနေ အဖြစ် အရေးတကြီးလိုအပ်နေတယ်..မပြောနိုင်တာက မင်းနောက် ပေါက်ပေါက်မေးလာမယ့် မေးခွန်းတွေပေါ့၊ ကိုယ်ရှုပ်နေတာ မရှိ ရှင်းပြစရာမရှိဘူး..မင်းဘယ်လိုမိန်းကလေးဆိုတာ သိဖို့မလိုတဲ့ မလိုအပ်တာတွေ ကိုယ်မသိချင်ဘူး၊ မင်းနဲ့ကိုယ်လုပ်ရမှာ အခက် လဲလှယ်ချေဖျက်ဖို့ပဲ..အဲကိုနိမိသဘောအရပေါ့.."

"ဘာပဲဖြစ်ဖြစ် မိန်းမတစ်ယောက်ကိုရွဲ့ပြီး ရှင်တွဲပြချင်တာ အသိသာ"

"ကြိုက်သလိုတွေးလို့ရတယ်.."

ဘာလဲ..မဟုတ်လို့လား..။ အေးစက်စက်ပုံစံကို ဒါဒါအသည်းယား ည်။ မရှုပ်ဘူးလို့ပြောရဲနေတာ ဘယ်လိုသတ္တိတွေနဲ့လဲ..။ ရှုပ်လို့ပဲ လုပ်နေရတာ မဟုတ်ဘူးလား..။ သို့သော် ဟုတ်တော့ရော ကိုယ် ိုင်လို့လဲ.. ၊

ချေဖျက်သည့်အတွေးက ချက်ချင်းဝင်လာသည်။

"အဟမ်း.."

သူက ချောင်းဟန့်လိုက်ပြီး စီးကရက်ထုတ်၍ မီးညှိသည်။ ပြီးမှ ကို နှုတ်ခမ်းကဖြုတ်လိုက်ရင်း ငဲ့ကြည့်ကာ.. ၊

"ကိုယ်လာခေါ်တဲ့အခါ မင်းလိုက်နိုင်ရမယ်..အဲ့ဒါက ဘယ်ကိုသွား ညာ မင်းစိတ်မသက်မသာဖြစ်ရမယ့်ကိစ္စ အရပ်ဒေသမဖြစ်စေရဘူး၊ ပြောင်းထွက်တာမျိုး.."

မင်းအတွက်လိုအပ်တာတွေအကုန် ကိုယ်ဖြည့်ဆည်းပေးချင်လို့.. ၊

"လိုအပ်လာရင် မင်းငုတ်တုတ်မေ့မကျန်ခဲ့ဖို့ လက်ပ်တော့ပ်ဝယ်ပေး ဘော့စစ်စ်လောက်တော့ မင်းတတ်ထားဖို့လိုတယ်၊ အပျင်းပြေကျင့် ာ.."

"ဟွန်း..ကွန်ပျူတာဘော့စစ်စ် ဒါဒါမတတ်ဘူးထင်လို့လား.."

ဟင်.. ၊

အံ့ဩသွားသည်။ ပြီးတော့ ကိုကို့မျက်နှာပြုံးရိပ်ထင်၏။ သူမကို
တည်းက ထင်ခဲ့သည်။ သူမသည်ခပ်တုံးတုံးတော့ မဟုတ်။ ဒါဒါကလည်း
ကိုယ့်အရည်အချင်းကို ကြွားခွင့်ရသည့်မျက်ဝန်းလေးတွေနှင့် စိုက်ကြည့်
သည်။ အင်ဂျင်နီယာနဲ့စကားပြောရမလား.. ရှေ့နေရှေ့ရပ်တွေနဲ့ ကျင်း
ဆိုင်ရာတွေ ပြောကြမလား..။ သူလေ့လာဖတ်ရှုခဲ့သမျှ ပညာရပ်တွေသည်
ခေါင်းထဲမှာ လိုချင်တာမှန်သမျှ အကုန်ရသည်ဆိုတာ.. ၊

"ကောင်းတယ်..ပိုပြီးကျွမ်းကျင်အောင် လေ့ကျင့်လို့ရတာပေါ့.."

ခေတ်ကိုကကွန်ပျူတာခေတ်..။ ဘွဲ့ရပညာတတ်ဖို့ မလိုဘူးလို့
လို့ရသည်။ ဒီပညာတွေမှမတတ်ရင် မြင့်မားသည့်အခြေအနေတစ်
ဘယ်လိုမှပွဲလယ်တင့်နိုင်မှာမဟုတ်။ သူမကိုနိုင်ငံခြားဘာသာစကား
သင်ဖြစ်အောင် သူကြိုးစားရမည်။ မန္တလေးမှာ ဧကရီကအထိုင်ချ
သူ့အတွက် အန္တရာယ်နီးပေမယ့် ဒါဒါ့အတွက် အန္တရာယ်ကင်းဖို့ သူ
ဆုံးဖြတ်ခဲ့သည်။ သူမကတော့ သံသယများစွာနှင့် ခေါင်းခါဖို့ပြင်ဆင်

"အဲ့ဒီတော့ မင်းစဉ်းစားပေးမှာလား.."

"ကျွန်မလိုချင်တဲ့အလုပ်က အလုပ်နဲ့တူတဲ့အလုပ်.."

"ဒါလည်းအလုပ်ပဲ..အလုပ်နဲ့တူဖို့က မင်းစိတ်ထားတတ်ဖို့ပဲလိုတ

"စိတ်ထားတတ်ရုံနဲ့ရသလား..တွဲပြပြီဆိုတည်းက၊ ရှင်.."

ဒါဒါဖျတ်ခနဲ မျက်တောင်ခတ်၍ ဘစ်ဖက်လှည့်သည်။ ပြီးမှ-

"ဟိုကိုင်ဒီကိုင်တွေပါလာမှာ.."

"ပါနိုင်တယ်..ခုလည်းစိတ်နောက်ကိုယ်ပါတွေဖြစ်လာတိုင်း မင်း
ကိုယ်ကိုင်မိဆွဲမိတာပဲ.."

"ဟုတ်တယ်..ခုတောင် အဲ့လိုဖြစ်တာ၊ ရှင်ပိုက်ဆံပေးထားတဲ့-"

"ဟော့ ဟော့..ကိုယ်အဲ့လိုလူစားမဟုတ်ဘူး.."

သူ့မျက်နှာက ဒီလိုအပြောကို နည်းနည်းလေးမှမနှစ်မြို့မှန်း သိသ
စွာရှိနေလျက် မျက်ခုံးနှစ်ဖက်က တွန့်ကျနေ၏။

"မိန်းမမြင်တိုင်း ထိဖို့ကြိုးစားချင်ရအောင် ယောကျ်ားတိုင်းနှာ
ကြူးပြတ်ဖြစ်မနေဘူး..ပြီးတော့ ကိုယ်အဲ့လိုစိတ်ရှိရင် မင်းထက်ပြည့်
မိန်းကလေးတစ်ယောက် ကိုယ့်အတွက်မရှားဘူး.."

မျက်လုံးချင်း ဒိုင်းခနဲဆုံသွား၏။

"ပြောပြတာ.."

"မပြောဘဲလည်းသိပါတယ်..ရှင့်ကိုမယုံကြည်လို့လည်း မဟုတ်



ရှင့်အလုပ်ကို လက်ခံချင်ရင်တောင် ကျွန်မဘက်မှာမဖြစ်နိုင်တဲ့အ
တွေရှိတယ်.."

"ပြောကြည့်လေ.."

ဒါဒါ ကိုယ့်စကားလုံးတွေကို စီစဉ်ချိန်မရတော့တာမို့ ခွန်အားစု၍
ရှိုက်လိုက်ရင်း.. ၊

"ပထမအချက်က အဲ့ဒါကိုလက်ခံရင် ဒါဒါ့အတွက်ဘယ်လောက်ရမှာ
ချင်တယ်.."

"ခုပဲပြောလို့ရတယ်.."

"ရှင်ပြောပေမယ့် ဒါဒါလက်ခံနိုင်ဖို့လိုသေးတယ်.."

စီးကရက်ရှိုက်လိုက်ရင်း သူပြုံးမိသည်။ ပြီးတော့ ကျောမှီမှာခပ်စောင်း
၍ စီးကရက်နဲ့လက်ကိုတင်လိုက်ကာ.. ၊

"ဆက်ပြောလေ.."

"ကျွန်မစဉ်းစားဖူးသမျှထဲမှာ အဲ့လိုအလုပ်မျိုးမပါဘူး..ကျွန်မကအပျို
မဟုတ်ဘူး၊ တစ်ခုလပ်မုဆိုးမဆိုတာ လူပြောခံရဆုံးပဲ..ရှင့်အလုပ်ကြီး
ခေါင်းစဉ်ကြီးလွန်းတော့ ကြောက်တယ်.."

"အခွင့်အရေးတစ်ခုကို ဆုံးရှုံးခံတဲ့အထိ လူပြောခံရမှာကြောက်တာ
င်းကိုအဲ့လိုမိန်းကလေးလို့ ကိုယ်မထင်ဘူး.."

"ရှင်ဘာပြောလိုက်တယ်.."

"မဟုတ်ဘူး..ကိုယ်ပြောချင်တာက မင်းရဲ့ထက်မြက်တဲ့စိတ်ကိုပဲ၊ တ
ဘူး.."

ကိုယ့်စိတ်ကိုတုံးပါသည် ထက်ပါသည်ပြောရအောင် ကိုယ့်အ
သင်းကဘယ်လောက်တောင် လေ့လာထားလို့လဲ.. ဘာတွေသိလို့

"မဟုတ်မခံစိတ် ကျွန်မမှာရှိတယ်..အဲ့ဒါကသူများထက်ပိုတယ်ထင်
ဒါကြောင့် ကျွန်မရောက်လေရာနေရာမှာ လူသိများတယ်.."

သိပ်သိတာပေါ့..ကိုယ့်ကိုမင်းမသိပေမယ့် ပိုက်ဆံနှစ်ရာနဲ့ရန်ဖြစ်နေ
တာ..၊ ပြီးတော့ မင်းကိုယ့်ရင်ခွင်ထဲရောက်လာတည်းက။ ပြီးတော့
မင်းမေးခွန်းတွေထုတ်ခဲ့တဲ့ အကြိမ်ရေတွေအလိုက်.. ၊

သူ့ဘက်ကချည်း ရင်ခုန်သံတွေစတင်ခဲ့သည်။ ချစ်စရာကောင်းတဲ့ချာ
လေးလို့ သတိထားမိလိုက်တည်းက သူမလေးသည် ကလေးအမေ
ဖြစ်လျက် ယောကျ်ားဖြစ်သူကိုလည်း အောက်ကျခယခြင်းမရှိ၊
ဒီယောကျ်ားမျှော်လင့်နေမှန်းသိလျက်နှင့် ပြတ်သားသည်။ ပြီးတော့

ထိုယောကျ်ား၏လက်ရှိဇနီးမယားကိုလည်း နည်းနည်းမှဂရုမစိုက်။ သတင်း တွေကြားခဲ့ရသည့်အတိုင်း ဤသူမကိုပါးရိုက်ပစ်လိုက်တာလည်း သူ့ တင်.. ၊

ရှိးသားမှုရှိသည်။ စိတ်ဓာတ်စာရိတ္တအရ အသက်အရွယ်လေးနဲ့ လိုက်အောင် ထိန်းသိမ်းတတ်၏။ သူသဘောအကျဆုံးအရာက သူမသည် ကိုယ်တိုင်ကကလေးဆန်ပေမယ့် သမီးကိုမိခင်မေတ္တာနှင့်စောင့်ရှောက်နိုင် ၏။ နည်းနည်းလေးစိတ်ဆတ်သည့်တိုင် လုပ်ရပ်တိုင်းက ရင့်ကျက်သည့်သ ဘောမှာရှိသည်။ ဘာပဲဖြစ်ဖြစ် သူမလေးကို သူအမှတ်ပြည့်ပေးထားခဲ့သည် မို့.. ၊

"တကယ်တော့ ကျွန်မကဘာမှမဟုတ်ပါဘူး.."

"ဟုတ်သွားဖို့က ကိုယ့်ကိုယ်ကိုကွန်ဖစ်ဒန့်ရှိဖို့ပဲ လိုတာပါ..မင်းအ မိန်းမသားတစ်ယောက်အတွက် လုံခြုံဖို့လိုအပ်တာမှန်သမျှ မင်းမှာဘာမှမ ဘူး..အဲ့ဒီလို မင်းဖြစ်ချင်ခဲ့လို့လား.."

သူဘာပြောချင်တာလဲ သူမခန့်မှန်းလို့မရပေ.. ၊

"မင်းရဲ့စိတ်နဲ့ဆို သူများဆီမှာအလုပ်မြဲဖို့အတွက် တစ်ခါကနှစ်ခါ အောက်ကျို့ခံမှာလား.."

"ဒါကတော့ ကိုယ့်ဘဝအခြေအနေက.."

"အခြေအနေဆိုတာ အစီအစဉ်တကျမလာဘူး..အဲ့ဒီထဲမှာ ပတ်ဝန်း ကျင်ဆိုတာ ကိုယ်ရင်ဆိုင်ရမယ့် အခြေအနေတွေထဲက ခလုတ်ကန်သင်းတွေ ပဲ၊ ကိုယ်ကဂျမ်းတုံးလိုခုနင်းပြီး ကျော်သွားရင် အသုံးဝင်တဲ့ပစ္စည်းဖြစ်မယ်.. ကောက်ပစ်လွှဲကန်သွားခဲ့ရင် ကိုယ်သွားမယ့်လမ်းအတွက် အေးဆေး၊ ဒီထက် မဟုတ်ဘဲ ကြီးကြီးတိုက်မိတော့ ခလုတ်လိုက်လဲ..သေးသေးနင်းမိတိုင်းအော် နေရင် ဒါတွေက မင်းရဲ့လမ်းကို အကြီးအကျယ်ဒုက္ခပေးနိုင်တဲ့ အတား ဆီးအခက်အခဲတွေ ဖြစ်လာမှာပဲ.."

"ရှင်ပြောတာက.."

"နေရာတကာ ဂရုစိုက်မနေဖို့.."

"ခုတောင် ကျွန်မနေရတာ..."

သီလရှင်ကျောင်းမှာလို့ ပြောလိုက်ရင် နေတဲ့နေရာကို ညွှန်ပြသည် ဖြစ်မလား..ဒါမှမဟုတ် ဒီလောက်ဆိုးရွားတဲ့ကိုယ့်အခြေအနေကို ပြော သင့်ရဲ့လား.. ၊

"သီလရှင်ကျောင်းမှာနေလို့တော့ အဆင်မပြေဘူးကွ.."

ဟင်.. ဒါဒါမျက်လုံးအဝိုင်းသားနှင့် ဆတ်ခနဲမော့လာသည်။



"ရှင်ကဒီလောက်တောင် ဘာလို့သိနေတာလဲ.."

ကိုကို့မျက်နှာကတော့ ဘာမှထူးခြားပြောင်းလဲသွားတာ မရှိခဲ့ဘဲ မျက် လွှဲနှင့် စီးကရက်မီးခိုးတို့ကို မှုတ်ထုတ်ရင်း.. ၊

"မင်းကိုစိတ်ဝင်စားပြီဆိုမှတော့ သိဖို့ကြိုးစားရတာပေါ့..ယောကျ်ား တစ်ယောက်အတွက် ဒီလိုလုပ်တာ ဘာခက်လို့လဲ.."

ဖြစ်နိုင်ရဲ့လား..။ ဒါဒါဘဝင်မကျသလိုကြီးဖြစ်သွားသည်။ ဒါပေမဲ့ ဘာပဲလို့ တွေးလိုက်မိကာ.. ၊

"ဟုတ်တယ်..ကျွန်မမန္တလေးမှာ နေစရာမရှိဘူး.."

"အမျိုးသမီးနှစ်ယောက်အဖော်နဲ့ တိုက်ခန်းမှာလိုက်နေနိုင်ရင်ဖြစ် အဲ့ဒီတိုက်ခန်းပိုင်ရှင်က ကိုယ့်စကားတစ်ခွန်းပဲ၊ မင်းဆီကိုယ်လာရင် အဆင်ပြေတယ်အောင် မိန်းကလေးအဖော်တွေနဲ့ဆိုတော့.."

"အဲ့လိုဘယ်လိုလုပ်ဖြစ်မှာလဲ..ရှင်လိုအပ်သလောက်ပဲ အလုပ်ကိစ္စအ ဆက်ဆံရမှာ၊ ပြီးရင်ကျွန်မက.."

"အဲ့ဒီမှာပဲ ဆက်နေလို့ရတယ်.."

ကြားရပြန်ပြီ မယုံနိုင်စရာစကား.. ၊

"မင်းတစ်ယောက်တည်းဖြစ်သွားတဲ့အခါ အဆောင်လခမျိုးပဲ သက် သာပေးလို့ရအောင် တိုက်ခန်းလခကိုယ်ညှိပေးလို့ရတယ်..အလုပ် ရနိုင်တဲ့အထိ.."

"ရှင်ကျွန်မကို မက်လုံးပေးနေတာတော့ မဟုတ်ပါဘူးနော်.."

"မင်းကိုယ်နဲ့အလုပ်လုပ်ကြည့်လိုက်ရင် သိမှာပါ.."

အစတုန်းက သူမနဲ့သူတိုက်ရိုက်မပတ်သက်မိဖို့ ကြိုးစားနေခဲ့သည်။ ညှိရွယ်တဲ့သူဖြစ်သော်ငြား သူ့ဘက်ကနှောင်တွယ်မှုတွေရှိနေသမျှ ကိုယ်ယောင်မပြဖို့ ထိန်းချုပ်နေခဲ့ခြင်းဖြစ်သည်။ ခုတော့ သူဘယ်လို တွယ်မှာနေဖို့မဖြစ်တော့သည့် အခြေအနေအရပ်ရပ်သည်.. ၊

"ဘယ်လိုလဲ.."

ဒါဒါဘာမှမဖြေနိုင်ဘဲ မျက်တောင်တစ်ချက်ခတ်လိုက်ရင်း တိတ်ကျ ည်။ ဟိုတယ်လ်မှာ အလုပ်လုပ်နေတော့ လင်းမြတ်ဖော်ရောက်လာ သည်။ သူမမသိခဲ့ မထင်မှတ်ခဲ့သော လုပ်ကြံဇာတ်လမ်းတွေ သုတ်မာမာ.. ၊

သူမမျက်လုံးတွေ သူ့ဆီပြန်ရောက်သွားတော့ ကိုကိုကသူမကိုကြည့် ထိုစဉ် ဖုန်းသံမြည်လာတော့ သူဖုန်းထုတ်၏။ ဖုန်းပြောဖို့ထွက် မှာကိုသိလိုက်ကာ ဒါဒါကိုယ်လေးမတ်သွားခဲ့လျက်.. ၊

"ရှင်နာမည်ပြောဖို့ ကျွန်မဘယ်လောက်မေးရဦးမလဲ.."

သူကအံ့ဩသွားသလို လှည့်ကြည့်သည်။ ပြီးတော့ ပြုံးလိုက်ပြီး

"ကို.."

"ဘယ်လို..ကို ဆိုတာ.."

"ဟုတ်တယ်..မင်းမျက်နှာတစ်မျိုးဖြစ်သွားမှာသိလို့ ပြောမယ်လို့ လိုက်တိုင်း မပြောဖြစ်တာ.."

"ဒါကရှင့်နာမည်အမှန်ပဲမို့လား.."

"အင်း.."

"ဒါဆို ရှင့်ကိုဦးကိုလို့ခေါ်မယ်.."

သူက ခေါင်းညိတ်လိုက်ကာ.. ၊

"ကြိုက်သလိုခေါ်..အခု ကိုယ့်လက်ကိုလွှတ်ဦး.."

အယ်.. ၊

ကမန်းကတန်းလှမ်းဆွဲလိုက်မိသည့်လက်ကို သူပြောလိုက်မှ သ သည်။ ဆတ်ခနဲလက်ပြန်ရုတ်လိုက်ပြီး မလုံမလဲမော့ကြည့်မိတော့ ရ ရိပ်တို့လွှမ်းခြုံသော မျက်ဝန်းတွေနဲ့ဆုံ၏။ သူမတစ်ကိုယ်လုံး ဖျန်းခနဲ သွားသည်။ ဝဲဘက်ရင်အုံတွင်းမှ ရိုက်ခတ်လာသောမြည်သံတို့သည်

သူပြုံးသွားတာ ငါ့ကိုလှောင်သွားတာလား..။ စိုးရိမ်စိတ်တို့သည် ငယ်ခြင်းကိုပါ ယူဆောင်လာကြ၏။

တကယ်တော့ မျက်လုံးခြင်းဆုံခဲ့စဉ် ကိုကို့ထံမှ မျက်ဝန်းအော ကို သူမနားလည်ခဲ့မည်ဆိုလျှင်.. ၊

ကိုယ့်ရဲ့အရာရာဟာ မင်းပဲချာတိတ်..။ နောက်ထပ်အမြဲတမ်း ကိုင်ထားခွင့်ရအောင် ကိုယ့်ရင်ခွင်က မင်းအတွက်ထာဝရဖြစ်ရအောင် ခုကစပြီး.. ၊



အခန်း(၇၀)

"...ကိုကို.."

"...."

...တန်းထရပ်လိုက်သဖြင့် ခုံခြေထောက်နဲ့ခြေဦးငြိကာ လူက ...သည်။ ဖုန်းကိုင်ထားသည့်လက်နှင့် စားပွဲပေါ်ထောက်လိုက်မိသ ...တွေထွက်ကုန်၏။ ကိုကို့ကိုမြင်လိုက်ခြင်းသည် SGဟို ...ရှင်ဦးခန့်ညားအတွက် ထိုမျှအထိ တုန်လှုပ်ဖွယ်ဖြစ်သွားခဲ့

"...ရောက်နေတာလား..စက်မှုဇုံမှာပဲ ထိုင်တော့မှာထင်တယ်၊ ...ရန်ကုန်မှာပဲမှတ်နေတာ.."

...တွေက ပြုံးနေပေမယ့် မျက်လုံးတွေကတုန်လှုပ်နေသည်။ ...ဟန်သီချိုဝင်လာလျှင်.. ၊

"...ဒီမှာရှိနေတယ်၊ အလုပ်ကိစ္စနောက်မှပြော.."

... နောက်မှာဘယ်သူလာသလဲဆိုတာ လှည့်မကြည့်ပါ။ တစ် ...ယာခတ်နေသည့် ဦးခန့်ညားကိုသာ စူးစိုက်ကြည့်ရင်း ...ထဲလက်နှစ်ဖက်ထည့်ထားသည့်ပုံနှင့် ဒီတိုင်းရပ်နေ၏။

"...တစ်ခုခုစားပါဦး၊ အဲ မင်းကအဆာပြေလည်း မစားတတ်ပါ

ဘူး.."

"အဆာပြေမစားတတ်တာတောင် သိနေရင် အပိုတွေပြောတာမကြ
မှန်းလည်း ခင်ဗျားသိမှာပါ.."

ဦးခန့်ညားမျက်နှာ ကွက်ခနဲပျက်သွားသည်။ ဝေဒအစ်ကိုနဲ့ပါတ
ဆိုတာက ဦးခန့်ညားရဲ့သားကိုမြတ်ခန့်ဖြစ်သည်။ မြန်မြန်ဆန်ဆန်
သက်ပြတ်တောက်ခြင်းတွေဖြစ်သွားသည့်ထဲမှာ ဒီဟိုတယ်လ်ပိုင်ရှင်အ
သူလဲဆိုတာ သူအသိနောက်ကျခဲ့၏။ ထို့ကြောင့်.. ။

"ဟုတ်ပါတယ်..ကျုပ်ကတောင်းပန်ရမှာပါ.."

"ဘာအကျိုးအမြတ်မှမရှိတဲ့အလုပ်တွေ ဘာလုပ်မှာလဲ..ခင်ဗျားသ
ဆိုတဲ့တစ်ယောက် သူ့ကိုကျွန်တော်မသိပေမယ့် သူကျွန်တော့်ကိုသိတ
သူ့ကိုဒီဟိုတယ်လ်ပိုင်ရှင်မှန်း ကျွန်တော်မသိဘူး..ဒါပေမဲ့ မန္တလေးလာတ
သူ့ကိုတွေ့တယ်၊ သူလည်းမြင်တာပဲ.."

ဦးခန့်ညားမျက်နှာ သွေးဆုတ်ဖြူလျော်သွားသည်။ ကိုကိုက ရှေ့
သွားကာ အိတ်ထဲထည့်ထားသည့် လက်နှစ်ဖက်ထုတ်၍ စားပွဲပေါ်မှာ
ကျဲကျဲထောက်လိုက်ပြီး.. ။

"ဦးခန့်ညား.."

"အဲ့ဒါဟုတ်ပါတယ်..ကျုပ်သားဘက်က ချို့ယွင်းခဲ့တဲ့ဝတ္တရား
တွက် ကျုပ်အနူးအညွတ်တောင်းပန်ပါတယ်၊ ဒီလိုပါ..သူလည်းမင်း
ကောင်မလေးကို ဘာအကျိုးအမြတ်မှမကြည့်ဘဲ လက်ခံပေးခဲ့ပါတယ်.."

ဘာအကျိုးအမြတ်မှမကြည့်ဘဲနဲ့ဆိုတာ ဒါဒါဘာမှတတ်သိနားလည
ခြင်းမရှိတာကို ရည်ရွယ်ပြောလိုက်မှန်းသူသိသည်။ ကိုကို့နှုတ်ခမ်းမှာ
ပြုံးတစ်ချက်ဖြစ်သွားခဲ့ပြီး ဖြုတ်ခနဲပြန်ပျောက်၏။

"အဲ့ဒီနေ့က ဧည့်သည်နဲ့ဖြစ်တဲ့.."

"ဧည့်သည်နဲ့လို့မပြောနဲ့..ယုတ်မာတဲ့လူတစ်ယောက်က မိန်းကလေး
တစ်ယောက်အပေါ် မစားရတဲ့အမဲ သဲနဲ့ပက်တာ..ခင်ဗျားယောကျ်ားဖြစ်
ဒီလိုပြဿနာမျိုးကို နားလည်သင့်တယ်မဟုတ်ဘူးလား၊ မိန်းမတစ်ယော
ကို နည်းနည်းအကဲခတ်လိုက်တာနဲ့ မိန်းမကောင်းလား ပျက်စီးနေတဲ့မိန်း
လေးလား ခင်ဗျားမခွဲခြားနိုင်ဘူးလား.."

"ပြဿနာဖြစ်သွားတုန်းက ကျုပ်မသိလိုက်လို့ပါ.."

"ခင်ဗျားသိဖို့ပဲမဟုတ်ဘူး..ယောကျ်ားတစ်ယောက်က သိသင့်တာ
ပြောပြတာ ခင်ဗျားသားဘယ်လောက်ထိလဲဆိုရင် မိန်းကလေးတစ်ယော
ဆိုတဲ့ငဲ့ညာမှုနဲ့တောင် ဒီပြဿနာကိုမစစ်ဆေးခဲ့ဘူး.."



တံတွေးမျိုချနေရင်း ဦးခန့်ညားချွေးပြန်နေတာ ဒီပြဿနာတစ်ခု
ကြောင့် မဟုတ်ပေ။ ကိုကို့ကို သူကြွေးပေးစရာရှိနေသည်။ စီးပွားတွေ
တ်လက်ရင်းဘာမှမကျန်တော့အောင် ဒေဝါလီခံလိုက်ရသည့်အဖြစ်
ကိုကိုကကြွေးအားလုံးကို အတိုးမဲ့ကြွေးသေအဖြစ် ထားပေးခဲ့တာဖြစ်
သည်။ တကယ်တော့ သူအဲ့လောက်ထိအဖြစ်မဆိုးခဲ့ဘဲ ကြွေးတွေကိုရှောင်
ဖြစ်ကာ ဒီဟိုတယ်လ်ကိုလည်း သားနာမည်နဲ့ပဲ ပြန်လည်ထူထောင်ခဲ့
ဖြစ်သည်။ ကြွေးရှင်တွေအမြင်မှာ နိုင်ငံခြားထွက်သွားသလိုလို တရား
ဝင်သွားသလိုလို.. ။

"ခင်ဗျားသားမစစ်မဆေးဖြုတ်ထုတ်ပစ်လိုက်တဲ့ ဝန်ထမ်းမိန်းကလေး
သက်ပြီး ခင်ဗျားအတွက် ကံကောင်းတဲ့နေ့က ဒီနေ့နောက်ဆုံးပဲ.."

"နေပါဦး..ကျုပ်ပြောပါရစေ.."

"ခင်ဗျားပြောခွင့်ရနေတာ..ခြောက်နှစ်ကျော်ခဲ့တယ်၊ ဒီပြဿနာမရှိခဲ့
နောက်ထပ်နှစ်များစွာ ဖြစ်ချင်ဖြစ်သွားဦးမှာ..အဲ့ဒါခင်ဗျားမှတ်ထားဦး
ညား၊ သူများဆီကယူပြီး မပေးချင်တာလည်း ခိုးတာပဲ..မကောင်းမှုကို
ထားတာ မှသားမည်တယ်၊ အခု ခင်ဗျားကိုသိစေချင်တာ နှစ်ချက်
တယ်.."

ကိုကိုက စားပွဲကိုလက်ထောက်ရင်းကနေ မတ်မတ်ပြန်ရပ်၍ ဘောင်း
အိတ်ထဲလက်တွေထည့်သည်။ ပြီးမှ.. ။

"နံပါတ်တစ်..ခင်ဗျားကိုအချိန်သုံးရက်ပေးမယ်၊ နံပါတ်နှစ်..ခင်ဗျား
က မထူးခြားဘူးဆိုရင် လေးရက်မြောက်နေ့မှာ.."

"နေပါဦး..နေပါဦး၊ ကျုပ်တောင်းပန်ပါတယ်..ကျုပ်ကိုကြိုက်သလို
စေပေးပါ၊ ငွေတွေအများကြီးကို သုံးရက်နဲ့တော့ မဆပ်နိုင်ဘူးကိုကိုရယ်..
လောက်.."

"တစ်နာရီတောင်ထပ်မရဘူး..လေးရက်မြောက်နေ့မှာ ကျွန်တော်ရှေ့
လာခဲ့မယ်၊ ခင်ဗျားဒီဟိုတယ်လ်ကို ခုန်ဆင်းနဲ့အပ်ဖို့ပြင်ဆင်ထား.."

အစတည်းက အမှုလက်စရှိခဲ့သည်။ ကိုကိုတစ်ယောက်တည်းမဟုတ်
မယ့် ကိုကို့ကိုပေးရမည့်ကြွေးကသာ အများဆုံး။ ဦးခန့်ညား မခန့်ညား
တော့ဘဲ အိတ်ထဲကလက်ကိုင်ပဝါထုတ်၍ မျက်နှာကိုပွတ်သုတ်ပစ်၏။

"ဒီဟိုတယ်လ်က.."

"နေဦး..ကျန်သေးတယ်၊ အတိုးမဲ့ဆိုတာ ဒါကကရုဏာကြေး..အခု
ဘက်က မရိုးသားတဲ့ရှောင်တိမ်းမှုကိုသိလိုက်ရတဲ့အတွက် ပြီးခဲ့တဲ့
လအတိုင်း ငွေအမောင့်အားလုံးကို အတိုးတပ်မယ်.."

"ဟာ..ကိုကို.."

"ဆိုတော့..ခင်ဗျားအရင်တည်းက ဖွင့်ခဲ့တဲ့ တက္ကသိုလ်နားက ဆောင်တွေ ခင်ဗျားပိုင်သမျှ အကုန်သိမ်းမယ်.."

ဦးခန့်ညား ကတုန်ကယင်လဲပြိုကာ စားပွဲစွန်းကို လက်တစ်ဖက်နဲ့ ဖမ်းဆွဲ၏။ မျက်တောင်ဖျားတို့စင်းကြည့်လိုက်ပြီး ကိုကိုကမျက်နှာလွှဲသည်။ သူ့ကိုမြင်တဲ့အချိန်မှာ တုန်လှုပ်သွားတာကိုထားလိုက်။ ဒါဒါနဲ့သူ့သားရဲ့ ဆုံးဖြတ်ချက်ကြားမှာ သူဘာမှမသိခဲ့ဘူးဆိုရင် ကိုယ်ရဲ့ဆုံးဖြတ်ချက်က လည်းဒီလောက်ပြင်းထန်သွားမှာမဟုတ်ပေ။ ခုကျတော့ ဒီလိုမဟုတ်။ ဒါဒါ ပြဿနာကို ဒီလူသိနေသည်။ ပိုဆိုးတာက သူနဲ့ဒါဒါပတ်သက်မှုရှိနေတာ လည်း သိထားခဲ့သည်။ သူမလာခင် စက္ကန့်ပိုင်းလေးမှ သိတာပဲဖြစ်ဖြစ် စက္ကန့်ပိုင်းလောက်အထိ မိတ်ဆွေဝတ္တရားပျက်ကွက်ခဲ့သည်လို့ သတ်မှတ်နိုင် သည်။ ဒါဆို သူဆုံးဖြတ်တာ လွန်သလား.. ။

ငွေကို သူအဆုံးခံနိုင်သည်။ ဒါဒါတစ်ယောက် ဒီဟိုတယ်လ်အရိပ်မှာ အေးချမ်းစွာရှိနေသည်ဆိုလျှင် ဦးခန့်ညားဆိုတဲ့လူ မရိုးသားခဲ့သမျှ ဒီလိုသိ လိုက်ရရင်တောင် ဒီလောက်ဒေါသထွက်မိမှာမဟုတ်။ ဒါဒါဆိုတဲ့မိန်းက လေးခမျာ ဗေဒါဆိုသည့်အတိုင်း သူမဘဝတစ်ချက်လေးမှ အေးချမ်းစွာ နားခဲ့ရတယ်ဆိုတာ မရှိ။ သူမရောက်လေရာမှာ ကံတရားအရသော်လည်း ကောင်း တစ်စုံတစ်ယောက်၏တမင်တကာကြောင့်သော်လည်းကောင်း ဒုက္ခ အမျိုးမျိုးတွေ့သည်။ လွင့်ခြင်းအမျိုးမျိုးနှင့် လွင့်သည်။ သူမအတွက် ရင် နင့်ရခြင်းသည် ဒါကြောင့်နဲ့ပတ်သက်သမျှ ဘာကိုမှခွင့်မလွှတ်နိုင်တဲ့အထိ..

သူ့ကြွေးတွေ တစ်နင့်ကြီးကို တစ်ရေးအိပ်ထားခဲ့ပြီး ရှောင်ပုန်းနေ သည့် ဦးခန့်ညားရယ် ကြွေးရှင်တွေမသိအောင် ထုထောင်လိုက်သည့်ဟို တယ်လ်မှာ ဟိုတယ်လ်ပိုင်အဖြစ် အခန့်သားစံနေသည့်သူ့သားရယ်။ ဒီလူ တွေကို သူသတိလည်းမရ။ ရှာဖွေစုံစမ်းဖို့လည်း စိတ်မကူးခဲ့ပါ။ ဒါဒါနဲ့ ပတ်သက်ခဲ့ခြင်းသည် ဘယ်သူကံဆိုး၍ ဘယ်သူကံကောင်းခဲ့တာလဲ..။ သူ့ ဘက်က နောက်ထပ်လျှော့ပေါ့စဉ်းစားပေးဖို့ဆိုတာကတော့.. ။

"ငါအနူးအညွတ်တောင်းပန်ပါတယ် ကိုကိုရယ်..ငါ့သားရယ် သူ့အ မေရယ်က ငါ့လုပ်ရပ်မှားယွင်းမှုတွေကြောင့် ဒုက္ခတွေအမျိုးမျိုးတွေ့ပြီး သူတို့ ဘဝတစ်လျှောက်လုံး ခုမှအေးချမ်းမလို့ပဲရှိပါသေးတယ်.."

"ခုထိမအေးချမ်းနိုင်တဲ့ဒုက္ခတွေရှိသေးတယ် ဦးခန့်ညား..ယောကျ်ား ကြီးတစ်ယောက်တောင် ခံနိုင်မှာမဟုတ်တဲ့ဒုက္ခသောကတွေနဲ့ မိန်းမတစ် ယောက်..သူခုထိဒုက္ခပင်လယ်ထဲမှာ ကူးနေရတုန်းပဲ.."



"အဲဒါ.."

"ကိုယ့်ဒုက္ခမှကြီးတယ်ထင်နေတာကို ပြောပြတာ..လူတစ်ယောက်ကို ...စဉ်တပ်ပြီး သတိပေးပြီဆိုရင် ပြန်ရုတ်သိမ်းတာ ကျွန်တော့်ရာဇဝင် ...ရှိဘူး..အဲဒီတော့ ခင်ဗျားပြင်ထားပါ.."

"ကိုကို..ကိုကိုနေပါဦး.."

ကိုကိုကပြန်လှည့်မကြည့်ပေ။ သို့သော် သူ့ရှေ့မှာပိတ်ရပ်လိုက်သလို ...သည့်အမျိုးသမီးကြောင့် ခြေလှမ်းတုံ့သွား၏။ သူကမသိပေမယ့် ...သိနေသလို မျက်လုံးပြူးနှင့် မော့ငေးနေတာ နှုတ်ခမ်းတွေလည်းပွင့် ...နေ၏။ ကိုကိုခြေလှမ်းပြန်ဆုတ်ပြီး ရှောင်ထွက်သွားလျှင် ဟန်သီချိုဒီ ...တောင့်မတ်စွာ ကျန်ရစ်ခဲ့လျက်။ ထိုစဉ် ဦးခန့်ညား သူမရှေ့ကိုတစ် ...ချင်း လျှောက်လာကာ.. ။

"မင်းလက်မှတ်ထိုးပြီး ခုချက်ချင်းငါ့ဟိုတယ်လ်ကထွက်တော့.."

ဟန်သီဘာမှမမေးနိုင်။ မေးဖို့လည်းမလိုတော့ပေ။ ဖြစ်ရပ်တွေပိုဆိုး ...အောင် တွန်းပို့ခဲ့တာ သူမသာဖြစ်ကာ.. ။

"ငါကနတ်ပြည်ပို့ဖို့ ကြိုးစားတယ်..သင်းကမင်းလိုအစုတ်ပလုတ်တွေ ...ခန့်နေဂျာခန့်ပြီး နေသာသလိုနေတယ်၊ သောက်သုံးမကျတဲ့ငတုံး..ဒီ ...မျိုးကို မျက်နှာလွှဲထားမိတာ ငါ့ဟိုတယ်လ်ခုတော့ 'အထက်ကျီးစား ...ခွေးစား' ဖြစ်ပြီ..ကုန်ပြီ၊ သွား သွားစမ်း..ခုချက်ချင်းထွက်သွား.."

"ဒုန်း.."

သူမခေါင်းညိတ်၍ ကမန်းကတန်းလှည့်ထွက်ခဲ့သော်လည်း တစ်စုံ ...နှင့်ပစ်ပေါက်လိုက်ပြီမှန်းသိကာ ကျောကော့ပြေးရလေသည်။ လွင့် ...လာသည့်ဖုန်းသည် နံရံကပန်းချီကားချပ်ကြီးဆီ ဒေါသတကြီးပြေး ...ခဲ့ပြီ.. ။

## အခန်း(၇၁)

"ခဏလေးမေမေ..ဒီဖုန်းတွေကအရမ်းအရေးကြီးလို့.."

ဆိုပြီး ဖုန်းတွေဆက်လိုက် ဟိုဘက်ကဝင်လာတဲ့ဖုန်းကိုင်လိုက်နှင့် ဒေါ်မာလာခိုင်ကိုယ့်အလှည့်ကျဖို့ကို အကြာကြီးစောင့်နေခဲ့ရသည်။ ခု တော့ အလှည့်ကျဖွယ်မမြင်ပါလား.. ။

"ကောင်းတယ်..ကောင်းတယ်၊ ငါအရမ်းခက်ခဲနေတာ..မဇင်ပြော အသက်ရှူချောင်တော့တယ်၊ ပြာသိုလွင့်ကိုဆက်သုံးမှဖြစ်မယ်..ဟိုကန် ရိုက်တာကိစ္စပါ သူလုပ်နိုင်မလားမေးကြည့်မယ်၊ ဧကရီ့ငွေတွေသာပြန် မယ်ဆိုရင် **သူ့ကိုတစ်ဝက်ပေးမှာပါ..**"

"......................"

"ဟုတ်တယ်..ကိုမိုးဆွေလေ၊ သူ့ကိုချစ်မိုးဆွေလို့တောင် ခေါ်ကြတာ ပြာသိုလွင်နဲ့အဆင်ပြေသွားရင် ငွေကိစ္စအလိုလိုပေါ်မှာ သေချာတယ်.."

"................."

"ဗေဒါဖြူကိစ္စလည်း သူဆက်လုပ်ပေးမှနော်မဇင်..ပြာသိုလွင် တော့ ဧကရီ့လူအဖြစ်မွေးခွင့်ပေးမှဖြစ်မယ်.."

ဗေဒါဖြူဆိုတော့ ဒေါ်မာလာခိုင်ထိုင်နေရာကနေ လည်ပင်းလိမ်ကြ သည်၊ ဧကရီက ခေါင်းလျှော်ပြီးစ မခြောက်တခြောက်ဆံပင်တွေကို လ



ကဲ့ဆွဲဖွလိုက် ခါထုတ်လိုက်နှင့် ဒေါ်မာလာခိုင်ဘေးမှာ ဟိုလျှောက် ကြောပြောနေရင်း.. ။

"ဟလို.."

အသံတိတ်သွားလို့ ကိုယ့်ရှေ့မှာလာထိုင်တော့မလားမှတ်သည်။ ထပ်ဝင်လာပုံပေါ်ကာ.. ။

"ဟုတ်လား..ငါ့ဆိုင်နေတယ်ဆိုရင်တော့ ဆောရီးပဲဟန်သီရယ်၊ ဒါ ဒါနင့်အပေါ်ပုပ်လေ..ဘယ်ကိုချိုးရင် ဘာအန္တရာယ်ရှိတယ်ဆိုတာ ကိုယ် အလုပ်အကြောင်း ကိုယ်သိရမှာပေါ့၊ နင့်ာ္ဒွေးအသုံးမကျလို့ မန်နေ အုပ်စိုးချယ်လှယ်နေကြတာ..နင်မပြောနဲ့ ငါတို့လိုဘေးလူတောင် သိ ဒါပေမဲ့ သူ့အဖေကတော့ သူ့လိုမညံ့ဘူးဆိုတာ နင်ကသိထားရမှာ ဘူးလား.."

"........................."

"မတတ်နိုင်ဘူးဟန်သီ..ငါ့ရဲ့ကွင်းန်မှာဆိုရင်တော့ သန့်ရှင်းရေးအ ပေးစရာရှိတယ်၊ ဘာလို့လဲဆိုတော့ ငါကဆိုင်ခန်းရောင်းစားနေတာ ကွင်းန်မှာစည်ကားတိုးတက်ဖို့ကလွဲပြီး ကျန်တဲ့အသေးစိပ်တွေထိ လိုပြန်ကြည့်နေနိုင်မှာလဲ..အဲ့ဒါကြောင့် ကွင်းန်မှာနေရာတစ်ခုခုရဖို့ဆို လုံးဝမဖြစ်နိုင်ဘူး.."

"..................."

"ငါ့ကိစ္စအောင်မြင်သွားလို့လို့ မပြောနဲ့လေ..နင့်ကိုလည်း နင့်လောက် ချပေးထားတာပဲ၊ ငါနင့်ကိုလက်ချည်းပဲ အကူအညီတောင်းခဲ့တာမ ဘူးဟန်သီ..ပြန်စဉ်းစားကြည့်ဦး.."

"..............."

"အဲ့ဒီသူဌေးသဘော်နစ်တာ ထည့်ပြောမနေပါနဲ့..သူတောင်းစားခွက် သလိုဖြစ်သွားတဲ့ နင့်ကိုယ်နင်ပူစမ်းပါ.."

"..............."

"ငါလည်း နင့်အတွက်ပြောတာပဲလေ..အဲ့ဒီသူဌေးဟိုတယ်လ်ကို ခုန် အပ်ရတော့မယ်ဆိုတာ ဘာဖြစ်..ဟင်..ဘာ.."

အထက်စီးဆန်သော သွေးအေးရက်စက်ခြင်းကနေ ခုန်ပေါက်ထွက် ညံ့ဘာသံသည်.. ။

"ဟိုတယ်လ်ကို ကြွေးနဲ့သိမ်းသွားတာ ကိုကိုဟုတ်လား..နင် နင်မသေ မပြောနဲ့နော်၊ ကိုကို့ကိုနင်သေချာသိလို့လား.."

ဧကရီ့စကားသံတွေ ပျာယာခတ်ခြင်းသို့ရောက်ကာ ဖုန်းကိုဘယ်ညာ

ပြောင်းကိုင်၏။ ပြီးတော့ ဒေါ်မာလာခိုင်ရှေ့မှာ ဖျတ်ခနဲဝင်ထိုင်သည်။ တော့ ပြန်ထပြီး မေးနေသည်။ ဖုန်းပြောပြီးတော့လည်း မထိုင်နိုင်မထ ဘဲ ဖုန်းကိုကျစ်ကျစ်ပါအောင် ဆုပ်ထားရင်း အသံတိတ်ရပ်နေသဖြင့် သွားမိကာ.. ၊

"ကိုကိုရော ဗေဒါဖြူရော..သူ့ငွေတွေ ဟိုတယ်လ်တွေရှုပ်နေတာ ဘာတွေဖြစ်နေတာလဲကေရီ..မအေတစ်ယောက်လုံး ငုတ်တုတ်ထိုင်နေ တောင် နည်းနည်းပါးပါးအကြံဉာဏ်လေးဘာလေး မတောင်းဘူး၊ မ ပင်ဘူး..အခု ဘာတွေလုပ်နေတာလဲ ပြောစမ်း.."

"ရှုပ်နေတာက ကေရီမဟုတ်ဘူး..ဟိုလူ ကုပ်ကမြင်း၊ ဖအေကကြော သူတော်..သားကကုပ်ကမြင်း.."

"ညည်းကတော့ သူတော်ကောင်းပေါ့.."

"သူတော်ကောင်းမဟုတ်လည်း ကေရီတို့က ကြိတ်ပုန်းမဟုတ်ဘူး အခု အဲ့ဒီလူက.."

ဆိုဖာပေါ်မှာ ဆောင့်ခနဲထိုင်လိုက်ရင်း သူမဖြစ်ပျက်နေသမျှကို ပြကာ.. ၊

"သူ့ကြောင့် ငွေတွေကုန် အကြံတွေလည်းကုန်.."

"အောင်မလေး..အဲ့ဒါမျိုးကိုတော့ ဘာပဲကုန်ကုန်လိုက်ရမှာပဲကေ ကိုကို့လိုလူက တစ်ယောက်ယောက်ကိုသာ ချစ်သွားခဲ့ရင် ညည်းဘဝ ပြီ.."

"ဘဝပျက်လောက်အောင်တော့ ဖြစ်ဖို့မရှိပါဘူးမေမေရယ်..သူ့ပြော လိုက်ကာမှပဲ အဆိပ်သောက်သေရတော့မလိုလို.."

ဒီမိန်းကလေး မကြောက်တတ်ပါလားလို့တွေးရင်း ဒေါ်မာလာခိုင် သည်းတုန်ဒူးတုန်ဖြစ်နေမိသည်။ ဒီသားအဖတွေလောက် အချစ်ကြီးကြ ရှာလို့တွေ့ပါ့မလား..။ ဖအေတုန်းကလည်း ဇနီးကိုမချစ်ဘဲယူခဲ့ရသည်။ များတွေလိုညားသွားတော့လည်း ပြီးတာပါပဲဆိုတာမျိုး ဖြစ်မလာခဲ့သည့် သေသွားတဲ့အထိ ဒီဇနီးမယားကို နည်းနည်းလေးတောင်မကြင်နာ။ ကေ ကိုကျတော့ ပေါင်းဆက်ခွင့်မရှိပေမယ့် ချစ်ခဲ့သည်။ သားနဲ့လက်ထပ်ခဲ့ မယ့် ကေရီ့တာဝန်အရပ်ရပ်ကို သူပဲယူခဲ့သည်။ ဘယ်သူကဲ့ရဲ့နေနေ သ ကဘာပြောပြော အစ်မကဘယ်လိုတားတား ဇနီးဆုံးသွားတာတောင် ကေ ကို ဂရုစိုက်တာမရပ်.. ၊

သားကိုကိုကျတော့ ပိုဆိုးသည်လို့ပြောရမလား..။ မိန်းမငယ်လေး အေနဲ့မသင့်တော်လို့ ကေရီကိုလက်ထပ်ယူခဲ့သည်။ ဒီနေ့ထိအကြင်နာ



။ စကားကောင်းကောင်းပြောတာ ဘယ်နှစ်ခါရှိလို့လဲ..။ သားအမိမို့ ဒီကိစ္စအခြေအနေလေး လက်တို့မေးကြည့်မိပါသည်။

"ကိုယ့်ဘာသာရှက်လို့မပြောချင်လည်း မေမေဒါပဲမေးနေတယ်..သူနဲ့ လောက်အိပ်ဖို့တောင် အရက်မူးအောင်တိုက်ပြီး ကိုယ့်ဘာသာဇွတ် ရတာ.."လို့ ကေရီပြောတာ သနားစရာပါ။ ထို့ပြင်.. ၊

"ကြည်ကြည်သာသာရှိပြီထင်လို့ အနားကပ်ပြီး ကလေးယူရအောင် ပြောတယ်..သူ့တာဝန်သူသိတတ်မလားဆိုပြီး၊ ဟွန်း..လူကိုတွန်း ထုတ်လိုက်သေးတယ်.."တဲ့.. ၊

သားအဖတွေဖြစ်နေကြတာ အိမ်ထောင်ရေးမှာ ညီတူမျှတူပေးဆပ် လားလို့သာ မေးလိုက်ချင်တော့သည်။ ဒါမှမဟုတ်ရင်လည်း မိန်းမတွေ မှာထားပြီး သမ္မထပေါက်အောင်ကျင့်တဲ့ နည်းလမ်းတွေထွင်နေကြတာ ။ ဒီလိုလူက မိန်းကလေးတွေ့သွားပြီဆိုရာတွင်.. ၊

"ပြောစမ်း..ငါ့ကိုအဲ့ဒီဗေဒါဖြူရဲ့ဓာတ်ပုံပြထားစမ်း၊ ညည်းပုံစံနဲ့တော့ လင်သူများနောက်ပါတော့မှာပဲအေ.."

"မေမေတို့ဝင်ပါဖို့ မလိုပါဘူး..သမီးဘာသာအကွက်ချစီစဉ်ပြီးသား ဒီကောင်မကိုလည်း လူလုံးထွက်မပြချင်ဘူး..ကိုကိုလည်း မသိစေရဘူး၊ ပြီဆိုတဲ့နေ့မှာ ကေရီဘာလဲဆိုတာ ကြေညာပြီးသားဖြစ်သွားမှာပဲ.."

"ဘာတွေမိုက်မဲနေတာလဲကေရီ..အဲ့ဒီလိုလွှတ်ထားတဲ့အချိန်မှာ သူ ချင်းသံယောဇဉ်တွေ အုတ်မြစ်တွေဖြစ်ကုန်ကြရင်.."

"အုတ်ကြားမြက်ပေါက်တဲ့အထိ ခိုင်မာနေစမ်းပါစေ..ကေရီ့ကိုအမြဲ အနိုင်ပြောနေကျစကားတွေ လည်ချောင်းမှာဆို့ပြီး ရင်ထုငိုကြွေးနေရ နေ့ ရောက်လာလိမ့်မယ်၊ သူတို့အကြောင်းတွေကို ဘယ်အချိန်ကစပြီး လောက်ထိကေရီသိထားသလဲဆိုတာ အဲ့နေ့မှာသူအတိအကျသိသွားရ ကေရီ့ကိုကြောက်လန့်ပြီး ခြေဖျားလက်ဖျားအေးသွားရမယ်၊ ဒေါသ ကြောက်လန့်မှုတစ်ဝက်နဲ့ ကေရီ့ကိုရှိခိုးမတတ် ဒူးထောက်တောင်း ရမယ်.."

ကြိမ်းဝါးနေလိုက်တာ ကြည့်စမ်း..။ ဒေါ်မာလာခိုင် ကိုယ့်သမီးကိုမ ခဲ့သူလို ကြည့်နေမိသည်။ ချစ်နေကြတဲ့သူနှစ်ယောက်ကို အတူနေ ပြီး ဘယ်အချိန်ဘယ်နေရာမှာ အနိုင်ယူမှာလဲ..။ အနိုင်ယူနိုင်မယ်လို့ ထင်နေသလား.. ၊

"ကေရီရယ်..ကိုကိုဘယ်လိုယောကျာ်းမျိုးလဲဆိုတာ ညည်းမသိတာ မဟုတ်ဘူး၊ ညည်းပြောသလို သူ့ဘက်ကခြေဖျားလက်ဖျားအေး

အောင်ထိတ်လန့်ရမယ့်အခြေအနေဖြစ်လာရင်တောင် သူ့လိုလူကဘယ်တော့မှ ဒူးထောက်မှာမဟုတ်ဘူး..စိတ်ကူးနဲ့လက်တွေ့က တစ်ထပ်တည်းကျမယ် ထင်နေရင် ညည်းအရူးပဲ.."

"ဟား ဟား ဟား.."

ရှိုင်းချင်ရှိုင်း မရှိုင်းချင်နေ။ မိဘစကားကို ဒီတိုင်းရယ်ပြီး ပိတ်လိုက်သည်။ ကိုကိုက ဒါဒါ့ပြဿနာကြောင့် ဟိုတယ်လ်တစ်ခုလုံးကို နဲ့လာသိမ်းသွားသည်တဲ့။ ဦးခန့်ညားနဲ့ဘယ်လိုချိတ်တွေရှိခဲ့တာက စိတ်စားဖွယ်မဟုတ်ပါ။ ဒါဒါ့ကိုအလုပ်ဖြုတ်ပစ်လို့ လက်တုံ့ပြန်သည့်အဖြစ်သူမကို အံ့အားသင့်စေခဲ့သည်။ ဒါဒါဟိုတယ်လ်ရောက်သွားတာ ကိုကို့အစဉ်မှန်း သူမနည်းနည်းလေးမှ မရိပ်မိခဲ့ပါ။ ဘယ်လောက်ထိ မထင်ခဲ့ဆိုလျှင် ဟန်သီပြောတာတောင် လက်မခံနိုင်ခဲ့ပေ။ ဒါပေမဲ့ သူဌေးနဲ့လာတွေ့ခဲ့တာ ကိုကို။ သူဌေးကိုပြောသွားသမျှ ဟန်သီအကုန်ကြားခဲ့သည်။ ဒါကိုပြန်သိရကာမှ.. ၊

"မေမေမသိသေးတာတွေ အများကြီးရှိသေးတယ်မေမေ.."

ဒေါ်မာလာခိုင်မျက်စိမျက်နှာပျက်နေတော့ ဧကရီကလေပြေထိုးသည် ပြန်ရှင်းပြသည်။ သို့သော် နားလည်သည်အထိတော့ မဟုတ်။ သူမကိုယ်တိုင်လည်း ကိုကိုနဲ့ဒါဒါ့အခြေအနေကို မခန့်မှန်းနိုင်ခဲ့တာ မနေ့တစ်နေ့အထိ။ ခုတော့ မရိုးသားမှုတွေက ကွင်းဆက်တွေလို အတွဲလိုက်ပေါ်လာခဲ့ဖြစ်သည်။ ဒီကိစ္စအတွက် ကိုကို့ဘက်က မပြောရဲစရာမရှိပါ။ ဘယ်သူမှ သိကြသည့် သူမနဲ့ကိုကို့အနေအထားမှာ ကိုကိုဘာလုပ်နေနေ သူမဘာမှ က ပြောရေးဆိုခွင့်မရှိသလောက် နည်းနေပြီဖြစ်သည်။ ထို့ပြင် ကိုကို့ကိုသူမ ကွာရှင်းပေးရတော့မယ့်အခြေအနေလို့ ပြောရင်လည်းရသေးသည်။

ဒါနဲ့တောင် ကိုကိုဘာဖြစ်လို့ လျှို့ဝှက်လှုပ်ရှားနေခဲ့သလဲ..။ ဒါဒါ့ကို ခုလောက်ထိ စိတ်ဝင်စားနေပါလျက်နှင့် ကိုယ့်ကိုဂရုစိုက်ပြီး ကွယ်ဝှက်ထားစရာဘာလိုလို့လဲ..။ ဟန်သီနဲ့ဖုန်းပြောလို့အပြီးမှ သူမရလိုက်သည့်အဖိုးတန်အကြောင်းအချက်တွေအတွက် ကျေနပ်အားရစွာပြုံးမိသည်။ ပြီးတော့ အားမရနိုင်ဘဲ တဟားဟားရယ်မိ၏။

ရှင်ကဆင်တစ်ကောင်လောက် အားမာန်ကြီးနေခဲ့ရင်တောင် ကျွန်မကအုံဒီဆင်ရဲ့ နှလုံးသည်းပွတ်ကို ကိုက်ဖြတ်စားသောက်ပစ်နိုင်တဲ့ကြွက်တကောင်ပဲကိုကို.. ၊

ရှင်မကြာခင် သိရတော့မှာ.. ၊



အခန်း(၇၂)

"ညီမက နဂိုတည်းက လှိုင်းရှိတဲ့ဆံပင်ဆိုတော့ ပြန်ဖြည်ဖို့က သိပ်မ ခက်ဘူး..အထူးသဖြင့် နဖူးကဆံပင်တွေပဲ၊ ထိပ်ဆိုတာက ဆံပင်တွေက အမျိုးမျိုးနဲ့ ဖွလှည့်နေကြတာလေ.."

ဆံပင်တွေကို ပြန်ဖြောင့်ချင်လို့ ပြကြည့်ပေမယ့် ဆံပင်ဆိုင်ကခေါင်းခါသည်။ ဖြောင့်လိုက်ကောက်လိုက်မို့ ဆံသားတွေပျက်စီးနိုင်သည်လည်း ပြော၏။

"နမျောစရာကြီးညီမရယ်..ဆေးဆိုးထားတာလေးနဲ့ ဆံပင်ကောက်ကောက်လေးတွေက လှနေတဲ့ဥစ္စာ.."

နောက်ဆုံး ဆံပင်ကိုဖြတ်ချလိုက်ဖို့ဆုံးဖြတ်၍.. ၊

"ပခုံးသာသာလေးဖြတ်ပြီး အကောက်တွေလည်းပါသွားအောင် ခုတ်လိုက်မလား..စတကပ်ပုံဖြစ်ဖြစ်.."

"ဖြတ်မယ်.."

ဆံပင်တွေအရှည်ကြီးဖြတ်မည်ဆိုတော့ မျက်လုံးတွေဝင်းလက်သွားကြသည်။ ဒါဒါကတော့ မှန်ရှေ့မှာဝင်ထိုင်ပြီးဖြစ်ကာ ဒီဆံပင်ပုံမြင်တိုင်း ချစ်လေးကို သတိရမိတဲ့ ပူလောင်ခြင်းကို ကြောက်နေခဲ့၏။

"မေမေဆံပင်တွေကောက်လိုက်တာ သမီးမကြိုက်ပါဘူး.."

"ဘာဖြစ်လို့လဲ..လူတိုင်းကလှတယ်လို့ပြောနေတာ.."

"လူတိုင်းမပြောပါဘူး..မေမေ့ကိုကဲ့ရဲ့နေကြတာပါ၊ ဖေဖေကလည်း ပြောတယ်..မေမေကအသစ်တွေ့နေပြီတဲ့၊ မေမေနော်..အသစ်လူနဲ့ချစ်သွား ရင် သမီးကဖေဖေနဲ့သွားနေမှာပဲ.."

မှန်ထဲက ကိုယ့်ပုံကိုငေးကြည့်ရင်း သမီးမျက်နှာလေးပေါ်လာသည်။ ပြီးတော့ ဦးကိုမျက်နှာပါပေါ်လာ၏။ နှာခေါင်းထဲမှာ စပ်ဖျင်းဖျင်း။ မျက် လုံးထဲမှာ ပူရှိန်းတက်လာခြင်းကို မျက်တောင်တွေဖိခတ်ထိန်းမိသည်။

ခုတော့ မေမေ့ကိုဘာမှပြောစရာမလိုတော့ဘဲ ဖအေနဲ့အတူနေလို့ရ ပေါ့..မေမေအလှပြင်မှ ဖြစ်မှာမို့ပါသမီးရယ်၊ အသစ်လူတွေ့လို့မဟုတ် ဘူး..မေမေလှချင်ရင်တောင် အလှပြင်နေရတာကို မပျော်ပါဘူး.. ၊

"ညီမဘယ်နားကဖြတ်ချမလဲ..တစ်ချက်လောက်ပြပါဦး.."

"ဒီနားလောက်.."

"ဘယ်နားမှမဖြတ်ရဘူး.."

ကတ်ကြေးဦးတိုးဝင်သွားတာ လှမ်းမြင်လိုက်သဖြင့် ကိုကိုလှမ်းဆော ရင်း အပြေးတပိုင်းခြေလှမ်းများနဲ့ ဝင်သွားခဲ့သည်။

"ဦးကို.."

"ဟုတ်တယ်..မင်းကိုမထင်ဘူးတကယ်၊ တော်သေးတာပေါ့.."

ကိုကို့ပုံစံက သူများကဆံပင်ကို မရမကဖြတ်ယူတော့မယ်အတိုင်း ဒါဒါ့လက်မောင်းကို ချိုင်းနားကကပ်မပြီး ဆွဲထူသည်။ သူမဘယ်လို နဲ့ပါလာလာ မှန်ရှေ့ကနေ သူ့ဘေးကိုရောက်အောင်ဆွဲယူ၏။ ပြီးတော့ တင်ခုံပေါ်မှာတင်ထားသည့် ဒါဒါ့ပိုက်ဆံအိတ်နဲ့ထီးလေးကို သူပဲကော ယူလိုက်ကာ.. ၊

"သွားမယ်.."

လက်ကိုမလွှတ်တမ်းဆွဲထားကာ ကားထဲအရောက်ပို့သည်။ သူ ဘက်ကသွားထိုင်ပြီးမှ နောက်ခန်းထဲက အထုပ်တွေကို ပြန်လှည့်ဆွဲယူပြီး

"ဒီမှာ မင်းအတွက်လိုအပ်မယ်ထင်တာတွေ ဝယ်လာခဲ့တာ.."

ရင်ခွင်ထဲရောက်လာတာတွေကို ဆီးပွေ့ထားမိပြီး ဒါဒါအံ့သြနေမိ သူ့မျက်နှာမှာလည်း စိတ်တိုသည့်အရိပ်ငွေ့တွေ သိသာစွာဖြစ်ထွန်းနေလေ

"ပြောပါဦး..ဆံပင်ဖြတ်ရတဲ့အကြောင်းအရင်းက.."

"ဖြတ်ပါတယ်ဆိုမှ တိုချင်လို့ပေါ့.."

"ဘာလဲ..ပိုလှသွားမယ်ထင်လို့လား.."

ဒါဒါက မျက်မှောင်လေးကုတ်သွားပြီး သူ့ကိုစောင်းကြည့်သည်၊



မဖြေဘဲရှေ့လှည့်သွားလျှင်.. ၊

"ဟော့..မေးနေတယ်လေ.."

"မေးလေ..ကျွန်မဖြေချင်မှဖြေမှာပေါ့.."

"ကိုယ်မင်းကိုအကောင်းမေးနေတာ..ခုချိန်မှာ မင်းဘာတစ်ခုမှမ လုပ်သင့်ဘူးဆိုတာ နားလည်လား.."

"ရှင်လည်း ခုလိုပိုင်စိုးပိုင်နင်းဆွဲလွဲခေါ်တာမျိုး မလုပ်သင့်ဘူးဆိုတာ နားလည်သင့်တယ်.."

"ခေါ်မလာရင် လူအများရှေ့မှာ မင်းကိုယ့်ကိုဂျစ်တိဂျစ်ကန်တွေ ပြန် လုပ်နေမှာလေ.."

"မသိဘူး..ကျွန်မမကြိုက်ဘူး.."

"ကိုယ်လည်းကြိုက်လို့လုပ်တာ မဟုတ်ဘူး..မင်းကရော မင်းအတွက် ဆံပင်တွေက ဘယ်လောက်တောင်ဝန်လေးနေလို့လဲ.."

"လေးတာမလေးတာ ကျွန်မအပိုင်းပါ.."

"ကိုယ့်ဘက်ကလည်း ပြောခွင့်ရှိတာ မရှိတာ မတတ်နိုင်ဘူး..မင်းကို ဆံပင်လေးနဲ့လှနေတယ်လို့ ထင်တဲ့အတွက် ပြောင်းလဲသွားရင် ကသိက ကအောက်ဖြစ်သွားနိုင်တယ်.."

"ဘာကဖြစ်မှာလဲ.."

"ကိုယ်စိတ်လေ.."

ဒါဒါ့မျက်နှာတင်းသွားသည်။ သူကမျက်နှာတစ်ချက်ငဲ့၍ 'မတတ်နိုင် ဘူး'ဆိုသည့်ပုံစံ လုပ်ပစ်သည်။ သူမကိုအနိုင်မယူချင်ပါ။ ဒါပေမဲ့ သူမကိုအ ရှုံးပေးလိုက်လို့လည်းမဖြစ်။ ခုချိန်မှာ ကိုယ့်သဘောအတိုင်း ဖြစ်ခွင့်ရနေမှ နောင်ဆိုက သူစီမံသည့်အောက်မှာ ငြိမ်းချမ်းစွာရှိနေမှာဖြစ်သည်။ နောက် ဆုံးမှာတော့သည် သူစမြင်တည်းက ဒီဆံပင်လေးနဲ့ဒီပုံစံကို ဆုံးရှုံးမခံနိုင်တာ ကိုတစ်ခုလား..။ သို့သော် သူမဘက်မှာ တိတ်တိတ်ဆိတ်ဆိတ်လေးဖြစ် နေတော့လည်း သူမနေတတ်ပေ။ မှန်ထဲကနေ လှမ်းကြည့်လိုက်တော့ ခပ် ကော့ကော့လေးစင်းကျနေသည့် မျက်တောင်ကော့တို့က တုတ်တုတ်တောင်မ လှုပ်။ သူမကိုတိတ်တခိုးအမျိုးမျိုးကြည့်နေခဲ့တာမို့ မျက်တောင်မခတ်ဘဲအ ကြာကြီးနေနိုင်လွန်းသည့် သူမအကျင့်ကို သူသိသည်။ မျက်လုံးလှသ လောက် မျက်ဝန်းတို့ကိုကာကွယ်တတ်သော မျက်တောင်တွေရှည်သ လောက် သူမမျက်ဝန်းတွေက အမြဲတမ်းစူးရဲနေတတ်သည်။ တစ်ယောက် ယောက်နဲ့ ပြိုင်ဆိုင်ကြည့်ရပြီဆို လူပုဂ္ဂိုလ်မရွေး ဒေါသပြရဲသော မျက်ဝန်း များဖြစ်၏။ ထို့ကြောင့် ထိုမျက်ဝန်းတို့ ပိတ်သမ်းနေသည့်အခါ သူမရဲ့ညိုး

မိန်ခြင်းကို မကြည့်ရက်တာ သူတစ်ယောက်တည်းလား.. ။

"ကိုယ်ပြောချင်တာက ဒီလို..မင်းဆံပင်နဲ့ဒီတိုင်းလေးက.."

"ရပါတယ်..ရှင်မက်လောက်အောင် ပေးထားတာပဲ၊ ရှင့်သဘော

"ဟာ..အဲ့လိုကြီးမဟုတ်ဘူးလေ.."

"မဟုတ်ရင် နေရာတကာလိုက်မပြောနဲ့ပေါ့.."

"ဟား.."

သူလှည့်ကြည့်၍ အံ့သြသလိုဖြစ်သွားသည်။ ပြီးတော့ သွားတွေ
အောင်ရယ်လိုက်ရင်း.. ။

"ကိုယ့်ကိုဒေါသထွက်နေတာပဲ.."

သူကတော့ စိတ်မကောင်းတွေဖြစ်နေမိတာ ချာတိတ်အားငယ်သွား
တယ်ဆိုပြီး.. ။

သူပြုံးနေမိရင်း မှန်ထဲကနေ ကြည့်လိုက်မိသည်။ စိတ်ဆိုးနေ
နှုတ်ခမ်းလေးတွေက ပို၍ဖူးဖူးလုံးလုံးလေးဖြစ်နေသည်။ မျက်ခုံးတန်း
တွေက နှာတံထိပ်နားလေးမှာ မသိမသာလေး စုကျုံ့နေ၏။ ပါးရိုးလေး
ဖက်မှာ ဆံနွယ်တွန့်တွန့်လေးတွေ ကတ်ဖိုးကတ်ဖဲ့ခိုတွယ်နေသည့် မျက်
လေးက စိတ်ကောက်နေသည့်မိန်းမဆိုးပုံလေးပေါက်လျက်.. ။

"မင်းကိုကိုယ်က ပိုင်စိုးပိုင်နင်းပြောနေတာ မဟုတ်ဘူး..ပြောင်း
တိုင်းမှာ ဆိုးကျိုးတွေရှိတတ်တယ်၊ မင်းကို မင်းပတ်ဝန်းကျင်က စိတ်
စားမှုရှိနေတဲ့အချိန်မှာ ဆံပင်ဖြတ်လိုက်တာမျိုး သီလရှင်ကျောင်း
တိုက်ခန်းပေါ်ရောက်သွားတာမျိုး..အဲ့ဒီလို စုပြုပြောင်းလဲခြင်းတွေ မ
သင့်ဘူးထင်လို့.."

"ရှင့်ရည်းစားဖြစ်ပေးဖို့ကျတော့ လုပ်သင့်တယ်ပေါ့.."

"ဒါက မင်းဆုံးဖြတ်သင့်တဲ့ စီးပွားရေးဆိုင်ရာ သက်ရောက်မှု
ပါ.."

ဒါဒါက မဲ့သည်။

"တွေးတတ်မယ်ဆိုရင် ဒါလည်းလောကဓံတရားပဲ.."

သူ့မျက်နှာကို စိတ်တိုသလိုလှည့်ကြည့်လိုက်တော့ ခေါင်းအေး
ညိတ်ပြနေသေးသည်။

"မင်းမြင်တတ်ဖို့ပဲလိုတာ..အခု ကိုယ်တို့လုပ်ကြတာ စီးပွားရေး
သက်မဟုတ်ဘူးလား၊ ကိုယ့်အတွက် ထိခိုက်စရာရှိလာလို့ ကာကွယ်ချင်
ရယ်..မင်းလိုအပ်တာရှိလို့ ဖြည့်ဆည်းချင်တာရယ်၊ အဲ့ဒီမှာ ဘာအညစ်
နွမ်းမှုမပါဘူး..ကိုယ်လိုအပ်တာ ပြည့်ဝဖို့အတွက် ပတ်ဝန်းကျင်ကိုခ



ထားရမယ်ဆိုတာ လုပ်သင့်တဲ့အလုပ်ပဲ.."

ပြောနေတာကျတော့ ချောလို့..။ ဒီလူဟာ လိုရာဆွဲပြောတဲ့နေရာမှာ
ယ့်စုပါပါပဲ.. ။

"ကိုယ်ပြောနေတာကို ချာတိတ်နည်းနည်းတော့ လက်ခံသွားပြီထင်
ဒါဆို မင်းကိုင်ထားတဲ့အထည်တွေနဲ့ ပစ္စည်းတွေကို ထုတ်ကြည့်ပါ
ကိုယ်တို့ဘဏ်မဝင်ခင် ဖုန်းခဏပြောချင်လို့.."

သူဘဏ်ကိုသွားနေတာလား.. ဘာအတွက်လဲ..။ ကိုယ့်အတွက် ငွေ
ကြေးရေးက အကျေအလည်ဆွေးနွေးပြီးသား.. ။

ဒါဒါ စိတ်ရှုပ်ထွေးစွာ တွေးနေမိတုန်း ကားကလမ်းဘေးနေရာလွတ်
ခုမှာရပ်သွားခဲ့ပြီး.. ။

"မင်းကို မိုဘိုင်းဘန့်ကင်းဖွင့်ပေးမလို့..မင်းနဲ့ကိုယ်ပေးကြယူကြမယ့်
ကြေးရေးကိစ္စတွေအတွက် တိတ်တိတ်ဆိတ်ဆိတ်နဲ့ပြီးသွားအောင်.."

"နေပါဦး.."

သူခါးမတ်သွားပြီးမှ ပြန်လှည့်ကြည့်ပြီး မေးဆတ်သည်။

"ဒါဒါကတိုက်ခန်းမှာ ဘယ်နှစ်လအလကားနေရမှာလဲ.."

"အဲ့ဒါတွေကို.."

"ရှင့်ကိစ္စပြီးသွားတာနဲ့ ပြောပြီးသားတွေကို မသိချင်ယောင်ဆောင်
သွားနဲ့..တိုက်ခန်းတစ်ခန်းလုံးကို အဆောင်လခနဲ့ရအောင် ပြောပေးမယ်လို့
ပြောခဲ့တာနော်.."

သူပြုံးလိုက်မိသည်။ ဒါကမှ သူသိဖူးခဲ့တဲ့ ဒါဒါဆိုတဲ့ချာတိတ်မလေး၊

"ဒီမှာဦးကို..ရှင်အထင်သေးလည်း မတတ်နိုင်ဘူး၊ ကျွန်မအလုပ်လုပ်
..."

"သိတယ်လေ..ဘာအတွက်ဖြစ်ဖြစ် လူတိုင်းငွေလိုကြတာပဲ၊ အဲ့ဒါတွေ
ဒီနေရာမှာ မပြောရင်မရဘူးလား.."

"စကားဆိုတာ ပြောချင်စိတ်ဖြစ်တုန်းပြောမှ အဆင်ပြေတာ.."

"မင်းရဲ့ပြောချင်စိတ်က ဒီလိုနေရာမှာလား.."

ကြည့်လိုက်တော့လည်း အားနာသွားမိသည်။ အတော်လှမ်းလှမ်းမှာ
တ်ပုံနဲ့။ ဒီဘက်နားမှာကျတော့ ရဲရဲလျှောက်လို့မကောင်းတော့သည့်
ဘောင်းဘောင်အကျိုးနှင့် ကပ်သပ်သွားလာနေကြသည့် လူတချို့ရယ်.. ။

ဒါဒါကြောင်အမ်းအမ်းဖြစ်သွားပြီးမှ မျက်နှာလွှဲလိုက်မိသည်။ သူရော
ဖြစ်လို့ ဒီနေရာမှာ ကားရပ်သလဲ..။ မေးခွန်းသည် ကိုယ့်ရင်ခွင်ထဲက
ည်ထုပ်တွေ အိတ်တွေကို မျက်စိရောက်သွားမှ နောက်ထပ်အားနာခြင်း

ဖြစ်ရလေသည်။

"လုလိုက်တာ.."

သို့သော် သူ့ကိုကြည့်လိုက်မိသေးသည်။ သူဖုန်းကိုင်ရင်း ကျောပြ
နေတာမြင်မှ ကမန်းကတန်းဆွဲထုတ်မိ၏။ ဝတ်စုံတွေ ဖိနပ်တွေအပြ
ခေါင်းစည်းကွင်းနဲ့ကလစ်တွေကပါသေးသည်။ ပြီးတော့ ဘာတွေလဲ
ထုတ်ကြည့်လိုက်တိုင်း အဆန်းအပြားအလှအပတွေချည်းဖြစ်နေ
ဖြင့် အလှကြိုက်သည့်သဘာဝအရရော နဂိုတည်းက လှချင်ခဲ့သည့်ဗီဇေ
ပါ ဒါဒါ့မျက်နှာလေးပြုံးသွားသည်။ သို့သော် ခဏလေးပဲဖြစ်လျက်..

ဒါတွေအတွက် ဘယ်လောက်တောင်ဖြတ်မှာလဲ...။ တီးတိုးရေရွ
ရင်း ပြန်ငုံ့ကြည့်မိပြန်သည်။ ခေါင်းစည်းကွင်းတွေကအစ တန်ဖိုးအား
နိမ့်ပါးတာမပါပေ။ ငါလည်းမဝယ်ခိုင်းဘဲ ဝယ်ပေးတာလက်ဆောင်သဘော
နဲ့လား..။ လက်ဆောင်ဆိုရင်ရော ငါကဘာလို့ယူရမှာလဲ..။ စိတ်တို့သည်
သဘာဝတရားနဲ့ဆင်ခြင်တုံတရားတို့ကြားမှာ ပူလောင်ခြင်းအတိဖြင့်
လွှားနေခဲ့လျက်.. ၊



အခန်း(၇၃)

"မိုက်လိုက်တာညီမရယ်..မင်းကိုအဲ့ဒီလူခေါ်သွားတာတွေ့တည်းက
ချင်းစာနာလို့ တို့ပြောချင်တာ ဘယ်လိုမှအခွင့်မသာလိုက်လို့.."

"အစ်မက သူ့ကိုသေချာသိနေတာလားဟင်..သူ့မိန်းမကဘယ်သူလဲ"

ပြာသိုလွင်က ခေါင်းခါလိုက်သည်။

"မိန်းမရှိတယ်လို့ပဲပြော..ငါဆိုတာလုံးဝမသိစေနဲ့၊ နည်းနည်းမှမဟ
"လို့ ဧကရီမှာလိုက်တာကို တစ်ချက်ပြန်တွေးမိကာ.. ၊

"ပြောလို့မဖြစ်ဘူး..ဒါကြောင့် မင်းမယုံရင်လည်း မတတ်နိုင်ဘူး၊ ဒီ
မိန်းမကိုသိပ်နိုင်တာ..သူကထိုင်ဆိုထိုင် ထဆိုထရတဲ့မိန်းမတစ်
ကို ဒုက္ခထပ်ရောက်အောင် မလုပ်ချင်ဘူး၊ တကယ်က မင်းကိုပြော
လို တစ်ခုမှမဟုတ်ဘူး..သူ့လောက်စီးပွားရှာတော်တာ သူပဲရှိတယ်၊
ယ်လောက်ထိချမ်းသာသလဲ ဘယ်သူမှမခန့်မှန်းနိုင်ဘူး.."

ဒါဒါ သူမကိုငေးကြည့်ရင်း ဘယ်ဟာအမှန်တရားလဲဆိုတာ နှုတ်
ချွတ်ချွတ်တွေးနေမိသည်။ သို့သော် ဦးကိုသည် သူမလုံးဝမသိကျွမ်း
ခဲ့ဘဲ ငွေကြေးထောက်ပံ့မှုအားနဲ့ ကိုယ့်နားရောက်လာခဲ့တဲ့ယောကျ်ား
လွင်ကတော့ ရင်းနှီးထားဖို့မလိုဘဲ ရင်းနှီးခွင့်ရှိသူ။ ယောကျ်ားတစ်
ထက် အများကြီးယုံကြည်ထိုက်သည့်မိန်းမတစ်ယောက်။ မိန်းမသား

ချင်းမယုံကြည်ဘဲ ယောကျ်ားတစ်ယောက်အပေါ် မကောင်းမြင်ဖို့ ဘာဖြ
လို့ သူမမပြတ်သားနိုင်တာလဲ..။ ယုံကြည်ထိုက်သည့်အကြောင်းအချက်
လည်း ခိုင်လုံနေပြီဖြစ်ကာ.. ।

"မိန်းမတစ်ယောက်မပြောနဲ့..တစ်လောကလုံးမှာရှိသမျှ မိန်းကလေး
တွေကိုတောင် လက်ဖျစ်တီးခေါ်လို့ရတယ်၊ သူကရုပ်လည်းချောတယ်လေ
ဒီလောက်ဖုံးကြွယ်သုံးစွဲနိုင်တဲ့သူ ဘယ်မိန်းမက ခေါင်းခါနိုင်မှာလဲ၊ ဒါပေမဲ့
သူကလူလည်ရယ်..မိန်းမတိုင်းကို အထင်မကြီးတတ်ဘူး၊ ရုပ်ကွက်ထဲက
တစ်ခုလပ်တစ်လင်ကွာလေးတွေ..ပြီးတော့ ပြောရရင်ကွာ ဆင်းရဲပေမယ့်
မပျက်စီးတဲ့မိန်းကလေးတွေပေါ့၊ အဲ့လိုသန့်သန့်လေးတွေအတွက်ဆို ဖုံးကြ
ပြီပဲ..သူ့အကြောင်း မမြင်ချင်မကြားချင်မှအဆုံး.."

ကိုယ့်ကိုရည်ရွယ်ပြောနေသည့်နှယ်။ မှန်လွန်းလို့ မျက်နှာတွေပူလာ
သည်။ နေရာကနေ ထထွက်ပြေးချင်စိတ်တွေဖြစ်လာသည်။ ပြာသိုလွင်နဲ့
သူမ အမှတ်မထင်ဆုံခဲ့တာပါ။ ခုလည်း ပြောင်းရွှေ့ဖို့ကိစ္စနှင့် တက်ကြွစွာ
လှုပ်ရှားနေဆဲ လမ်းပေါ်မှာပဲ ပြန်ဆုံခဲ့တာဖြစ်သည်။ စကားပြောရအောင်ဆို
ပြီး ဆိုင်မှာအတူထိုင်ခဲ့ကြသည်။ မြီးရှည်နှစ်ပွဲမှာပြီး အေးစက်ပွရွကုန်တဲ့အ
ထိ ဘယ်သူမှမတို့မထိဖြစ်ခဲ့ကြ.. ।

"ညီမတို့ဘယ်လောက်ထိ ရင်းနှီးသလဲတော့မသိဘူး..ဒါပေမဲ့ သူပေး
မယ့်အလုပ်ဆိုတာကို မယုံနဲ့နော်၊ အသိဆီပြောပေးမယ်ဆိုဆို သူခိုင်းတာဖြစ်
ဖြစ် တစ်ခုမှအမှန်မဟုတ်ဘူး.."

"သူ့မှာရှိတာတွေ ထုတ်ကြွားမှ အလွယ်ဖျက်ဆီးလို့ရမှာ မဟုတ်ဘူး
လား.."

"မိန်းကလေးတိုင်း ဦးနှောက်နည်းကြတာမဟုတ်ဘူးလေညီမရဲ့..အခု
ညီမကိုအလုပ်ပြောပေးမယ်လို့ ခင်းထားပြီးပြီ၊ ဈေးချိုချိုနဲ့တိုက်ခန်းငှားပေးဖို့
လည်းပြောပြီ..နောက်ထပ်ဖုံးကြွပြတော့မယ် တခမ်းတနား၊ မိန်းကလေးတစ်
ယောက် ညွတ်ခွေကျသွားလောက်တဲ့ ပိုက်ဆံတွေ..အလှအပအသုံးအဆောင်
ပစ္စည်းတွေနဲ့.."

သူဝယ်ပေးခဲ့သည့် အထုပ်အပိုးတွေထဲက ရောင်စုံအလှအပတွေကို
ပြန်မြင်ယောင်လာသည်။

"ဒါတွေ မင်းသုံးစွဲဝတ်ဆင်ဖို့ ဝယ်ပေးတာမှန်တယ်..ဒါပေမဲ့ မင်းအ
တွက်ပဲမဟုတ်ဘူး ကိုယ့်အတွက်...မင်းကိုယ်နဲ့တွဲကြရင် ဒီပုံစံလောက်နဲ့
အဆင်မပြေဘူး.."တဲ့..

"စကားပြောသိပ်လည်တာ ညီမရေ..သူကသမာဓိနဲ့လိမ်တာသိလား"



ပြောနေရင်း ဒါဒါ့ကိုမသိမသာအကဲခတ်သေးသည်။ ပြီးမှ.. ।

"နောက်ထပ်ရှိသေးတယ်..သူကတွဲလို့အားရရင် ကန်ထုတ်တာတဲ့၊
...တ်လို့မရအောင် ကပ်တွယ်နေရင်တော့ အဲ့ဒီမိန်းမကို သတ်ပစ်တာဆို
..."

ဒါဒါမျက်နှာပျက်သွားတာမြင်တော့ ပြာသိုလွင်က မသိသလိုဆက်

"ဒါတော့ သေချာကြီးမသိပါဘူး..သတင်းဆိုးဆိုတာ ချဲ့ကားတာသာ
... ပြောစရာရှိလို့ပြောကြတာပဲလေ၊ မဟုတ်ဘူးလား..ကိုယ်သိထားရင်
...ထားရမှာပေါ့၊ တစ်ခုတော့ ကောင်းကွက်လေးရှိတယ်..မိန်းမတွေကို
...ဆီးနေတာ၊ သူ့မယားကြီးကျတော့ မကွာရှင်းဘူး၊ ခွေးချေးနိုင်သလို
...သလောက် ကန်တော့မထုတ်ဘူး..ဒါပေမဲ့ ညီမပဲစဉ်းစားကြည့်လေ၊
...ရှိ သုံးခွင့်မရှိ ပွဲတက်မယားနဲ့တူအောင်လည်းမထား..အဲ့ဒီမိန်းမဘဝ
...ရဲ့ပေါ့၊ ညီမနဲ့ကိစ္စကိုလည်း သူ့မိန်းမနာမည် တို့မပြောပြတာက.."

"ကျွန်မနဲ့ဘာကိစ္စမှ မရှိပါဘူး..သိတာလည်း မကြာသေးဘူး၊ အခု
...အလုပ်လက်မဲ့ဖြစ်ပြီး ဒုက္ခရောက်နေတာနဲ့.."

"အဲ့ဒီနေ့က အစ်မကူညီမယ်ဆိုပြီး စကားတောင်စခဲ့သေးတယ်လေ..
...ယ်လို့ ညီမသူ့ဆီမှာ မလုပ်ချင်ရင် တို့ဆီလာလို့ရတယ်၊ လိပ်စာကဒ်
...လိုက်ပေါ့.."

ဒါဒါ သူမကိုကြည့်နေတော့ အနေခက်သလိုတစ်ချက်ဖြစ်သွားသည်။
...သော်.. ।

"မိန်းမသားချင်းစာနာလို့ပါ..တို့အလုပ်ပေးနိုင်ပေမယ့် ညီမကမလုပ်
...ဆိုရင်ရတယ်၊ ဒီလူ့လက်အောက်မှာ မနေပါနဲ့.."

"အစ်မအလုပ်က ဘာလဲဟင်.."

"အစ်မပေးနိုင်တဲ့အလုပ်ကတော့ အစ်မဦးလေးစက်ရုံမှာ ဟက်ပ်ပါအ
...လောက်ပဲရမှာ..ညီမက ငွေအရမ်းလိုနေတာဆိုတော့ ကားမောင်းတတ်
...ည်း ဟုတ်သေးတယ်.."

"ကျွန်မကားမောင်းတတ်တယ်.."

## အခန်း(၇၄)

"သူကရောင်စုံပါတဲ့ အင်္ကျီတွေအဝတ်များတယ်..ဟိုဘက်က ခန်း[illegible] ရောင်နဲ့ခဲရောင်စပ်ကျားလေးတွေ ချုပ်မယ်၊ အဲ..ပြီးတော့ အဝါနုနဲ့ အနီရဲ[illegible] အကွက်လေးရော၊ အနားလေးပဲ တွန့်ထားတဲ့နံ့သာရောင်လည်းယူမယ်[illegible] အားလုံးသုံးစုံချုပ်ပေး.."

"ကိုကို..တိုက်ခန်းတစ်ခုလုံးစာ ခန်းဆီးလိုက်ကာတွေ သုံးစုံကြ[illegible] တောင် မင်းမလွန်ဘူးလား.."

"အေးလေကွာ..အိမ်အကူကနှစ်ယောက်၊ မင်းစေတနာတွေ ရေစီး[illegible] ကမ်းပြိုပြီး ရှေ့ကဖုံး နောက်ကပေါ်ဖြစ်ဦးမယ်.."

"ဟုတ်တယ်..ဖွင့်ပြောပြီး တစ်ခါတည်းလက်ထပ်လိုက်တော့၊ ဟိုတစ်[illegible] ယောက်ကို မင်းကွာရှင်းဖို့အကြောင်းတွေလည်း ရှိနေပြီကို..ပြောရခက်ရင်[illegible] ငါတို့ဘေးတီးပေးမယ်၊ ဘယ်လိုလဲ.."

"မင်းချာတိတ်မ..သူ့သောကနဲ့သူ လတ်တလောပြိန်းနေလို့နော်၊ ဒီကိ[illegible] နှကြီးနောက်မှသိရင် မလွယ်ဘူး..စော်ကားခံရခြင်းတွေထဲမှာ စေတနာစော်[illegible] ကားခံရတာ အဆိုးဆုံးပဲ.."

"သူစော်ကားမယ်ဆို ဘာတွေဖြစ်ဖြစ်.."

"လုပ်ပြီ.."



ထွန်းထွန်းနဲ့ဝေဒလိုက်ကူပေးနေရင်း နာရီတကြည့်ကြည့် မျက်နှာတွေ [illegible] ။

"ဟော့ကောင်..ကြည့်လုပ်ဦး၊ လေယာဉ်ချိန်နောက်ကျလို့ မဖြစ်ဘူး [illegible]"

"ငါသိပါတယ်.."

ဒါတွေ သူစီစဉ်ပေးခဲ့မှဖြစ်မည်။ ဒါဒါပြောင်းလာရင် သူမလုံခြုံရေး [illegible] စိတ်ချချင်၏။ ပြီးတော့ သူမဒီတိုက်ခန်းထဲဝင်လိုက်တာနဲ့ အေးချမ်း [illegible]စေချင်၏။

"ဟလို..အေး အေး၊ ပြီးသွားရင် ဆားဗစ်ကြေးပေးလိုက်လေ.."

ဝေဒကဖုန်းပြောနေရင်း စိတ်တွေလည်းတိုကာ.. ။

"ဩော် မှတ်ဆိုမှတ်လိုက်ပေါ့ကွာ..ငါ့ဘာသာ ဖုန်ပဲသုတ်သုတ် မှုတ် [illegible]မှုတ် သူများကသန့်ရှင်းချင်တယ်၊ ငါကညစ်ပတ်ချင်တယ်..ဒါပဲ.."

ဖုန်းချလိုက်ပြီး ရှုံ့မဲ့နေကာ ရယ်ကြိတ်ကြိတ်လုပ်နေသည့် ကိုကို့ကိုတော့ [illegible]နမျက်စောင်းထိုး၏။ တိုက်ခန်းထဲမှာ အဲရ်ကွန်းနှစ်လုံးတက်ခိုင်း[illegible]၊ တချို့နေရာတွေကိုရော ပရိဘောဂတွေကိုပါ အဟောင်းပုံပေါ်အောင် [illegible]စက်နှင့် လိုက်ဖြူးရတာတွေရှိသည်။ ဒါကထွန်းထွန်း၏အကြံပေး[illegible]အရ၊ ရှုတင်မန်နေဂျာတစ်ယောက်ဆီက ငှားလိုက်ရတာဖြစ်သည်။ တ[illegible]ထောင့်နေရာတွေမှာ ပင်ကူမျှင်လေးတွေဖြစ်ခိုင်းလို့တောင် ရသေးသည်။ [illegible]တော့မဆို.. ။

သို့သော် ဒီလောက်သည်းသည်းလှုပ်နေတာကို စိတ်တိုနေပါပြီ။ ဒီ[illegible]ယောက်ဘယ်ဘဝက ရေစက်တွေနဲ့ ဒီလိုဆုံဆည်းခဲ့ကြတာလဲ..။ ဒီဘဝ [illegible]ပေါင်းဖက်ရမယ့်အကြောင်းရေစက်တွေ ပါခဲ့ရင်တောင် ကုသိုလ်ပြုချက် [illegible]ဘယ်လိုကွာခြားခဲ့လို့ ဘဝအနိမ့်အမြင့်တစ်နေရာစီမှာ မွေးဖွားခဲ့ကြတာ[illegible]။ ပို၍အံ့သြစရာကောင်းတာက နှစ်ယောက်စလုံးမှာ အိမ်ထောင်ကိုယ်စီ [illegible] အစချီဆုံဆည်းခဲ့ကြပြီး.. ။

"မင်း ဦးခန့်ညားဟိုတယ်လ်ကြီးကို ဘာလုပ်မှာလဲ.."

"သူ့ကိုပေးမှာ.."

"ဟမ်.."

"သူအဲ့ဒီအလုပ်မှာပျော်တယ်..ပြီးတော့ သူအဲ့ဒီမှာနှိပ်ကွပ်ခံထားရတာ၊ [illegible]ရသင့်တယ်.."

ဝေဒတို့မျက်တောင်တွေ ပုတ်ခတ်ပုတ်ခတ်ဖြစ်ကုန်ကြသည်။ မန္တ[illegible] [illegible]မှာ ကိုကို့လုပ်ငန်းတွေ ပွထနေပါပြီ။ ဒါတွေက သူတမင်တကာတိုးချဲ့[illegible]

နေတာမဟုတ်ဘဲ အမျိုးမျိုးသောအခြေအနေများနှင့် သူ့လက်ထဲရောက်လာ ကြတာဖြစ်သည်။ ကိုကို့လက်နဲ့ထိရင်ရွှေလို့ပြောကြသူတွေ ဦးကိုကိုယုံ နေကာမှ ကိုကိုတစ်ခေတ်ထွန်းလာသည့်အဖြစ်ကို အားကျနေကြသူ တချို့က ကျရှုံးခြင်းတွေကြောင့် ငွေယူပြီးလုပ်ငန်းတွေကို ထိုးအပ်သွား သည်။

ဘယ်လုပ်ငန်းမဆို စိတ်ဝင်တစားရှိတတ်သည့် ကိုကိုကလည်း အ မျိုးမျိုးသောအခြေအနေတွေ ဘယ်လိုကြုံလာလာ လက်ထဲရောက်လာသည့် စီးပွားဥစ္စာကို တိုးပွားဖို့သာစိတ်ကူးတဲ့သူဖြစ်သည်။ ထို့ကြောင့် 'ငါလည်း ကြာရင်ချစ်တီးဖြစ်တော့မယ်ထင်တယ်'လို့လည်း ပြောရှာ၏။ ဒါတွေအားလုံး လုံးကို ဇေရီမပြောနှင့် လူကြီးမိဘတွေတောင် အကုန်အစင်သိကြတာမ ဟုတ်။ ပျက်စီးသွားသည့်အရာရာကို သိကြသည့်တိုင် ပြန်လည်ဖြစ်ထွန်း မှုတိုင်းကို မသိကြ.. ။

"မင်းလည်းမန္တလေးမှာကြာပြီ..ဇေရီလည်းကြာပြီနော်၊ သတိလည်း ထားဦး.."

"ဟုတ်တယ်..ငါ့အထင်တော့ ဦးခန့်ညားနဲ့မင်းပြဿနာက ရွှေ ဆယ်ယောက်လောက် ခေါင်းချင်းဆိုင်ရှင်းလိုက်ရတာဆိုတော့ ဇေရီသိ နိုင်တယ်.."

"သိတော့ဘာလုပ်ရမှာလဲ..ဟုတ်တယ် ဟုတ်တယ်၊ အဲ့ဒီပန်းရောင် ကျွန်တော်မှတ်ခိုင်းထားတဲ့ ဒီဇိုင်းတွေပဲ မလွဲပါစေနဲ့၊ သေချာမှတ်ထား ပါ.."

သူတို့ကိုလှည့်ပြောလိုက် ဆိုင်ရှင်ကိုပြောလိုက်နှင့် အပြင်ကိုထွက်လာ ကာမှ ဖုန်းမြည်သံသဲ့သဲ့ကြောင့် သုံးယောက်စလုံးခြေလှမ်းတုံ့သွားကြသည်။ ဒီနေ့နိုင်ငံခြားဧည့်သည်တွေကို လေဆိပ်မှာသွားကြိုရမှာ အရေးကြီးသည် မို့ သူတို့ပါမန္တလေးရောက်လာခဲ့ခြင်းဖြစ်သည်။ ကိုကိုက လိုက်ကြိုပေးရ တာနှင့် ဧည့်သည်တွေတာဝန်ကို သူတို့ကဆက်ယူကြရမည်။ လောလော ဆယ်တော့ ဘယ်ကမှန်းမသိသေးသည့်ဖုန်းကို ကိုင်လိုက်တာနှင့် ကိုကို့မျက် နှာကြီးမှာ စောစောကကြည်နူးပီတိအပြုံးတွေ တဖြုတ်ဖြုတ်ပျောက်ကွယ် ကုန်လျက်.. ။

"ဘယ်လို..ဟေ့ နေဦး၊ အဲ့ဒီကိစ္စကို ဒါလေးပြောပြီး အသိပေးရုံနဲ့ ဘူး..ကိုယ်အခုလာမယ်.."

"................."

"ဘာပြောတယ်ချာတိတ်..ဟေ့.."



အနားမှာလူရှိနေသလို လှမ်းဆွဲတော့မတတ်ဖြစ်သွားမိသည်။ ပြီးမှ ...ဖြစ်ရင်း ဖုန်းကိုအိတ်ထဲထည့်၍.. ။

"ဆော်တော်ခက်တဲ့ကောင်မလေး.."

"ဘာဖြစ်လို့လဲ.."

"ငါနဲ့အလုပ်မလုပ်တော့ဘူးတဲ့.."

"ဟာ.."

"ဖြစ်မလား..သူနေဖို့ထိုင်ဖို့တွေ မင်းစီစဉ်၊ ဟိတ်..ကိုကို ဟာ.."

"ခေါ်မနေနဲ့တော့..မရတော့ဘူး၊ ငါတို့ပဲသွားလိုက်မယ်.."

ဆိုစဉ် ကိုကို့ဖုန်းဝင်လာသဖြင့် ဝေဒပျာပျာသလဲဖွင့်၍.. ။

"ဟာလို.."

"ငါလိုက်ခဲ့မယ်..သွားနှင့်.."

လိုက်လို့မဖြစ်ဘူးဆိုတာတော့ သိသေးသား..။ သူတို့မျက်လုံးချင်း ... ခေါင်းတခါခါဖြစ်သွားကြသည်။ ကိုကိုဖြစ်ပျက်နေတာတွေ ခုဖြစ် ...ပုံစံတွေကိုကြည့်ရင်း ကိုကို့အတွက် သူတို့အမြဲတမ်းခေါင်းခါနေမိ ...ချစ်ကို တန်ဖိုးထားတာကောင်းပါသည်။ ဒါပေမဲ့ အယူသည်းကိုး ...ခြင်းဖြစ်လာတာက အန္တရာယ်ကြီးသည်။ ဒီကောင်မလေးအတွက်နဲ့ ...ဘယ်လိုဒုက္ခတွေဆက်ပြီး ရင်ဆိုင်ရဦးမည်ဆိုတာ ဘယ်သူမှမပြော ...

ဒါကြောင့် လောကကြီးက မတရားတာမရှိဘူးလို့ ပြောကြတာမှန် ...။ ဘယ်လောက်ထိ ကြွယ်ဝချမ်းသာပါစေ ပြီးပြည့်စုံသည့်လူဆိုတာ ...

☎

## အခန်း(၇၅)

"ဒါတွေ မင်းကိုဘယ်သူပြောတာလဲ.."

ဘာလို့ပြောရမှာလဲ..။ ပြောသည့်လူက ပြောလိုက်ပါဆိုပေမယ့် ကို ကိုစေတနာထားလို့ သတိပေးခဲ့တာ။ ဒီလူကချမ်းသာသလောက် တပည့် ပန်းတွေပေါသည်။ ပြာသိုလွင်ဆိုတာသိရင် ဘာသွားလုပ်မလဲဆိုတာ နိုင်.. ။

"ကိုယ့်မှာမိန်းမရှိတယ်..ဟုတ်တယ်၊ ဒါပေမဲ့ အဲ့ဒါက..ကျွတ်.."

ရုတ်တရက်ကြီး ဒီပြဿနာပေါ်လာမည်လို့ မစဉ်းစားမိခဲ့ခြင်းအတွက် နောင်တအကြီးအကျယ်ရမိသည်။ ဘာဖြစ်ဖြစ် လစ်ဟာမှုမရှိအောင် ကြို ထည့်တွက်ထားရမည်ကို သူဘာလို့မေ့လျော့ခဲ့တာလဲ.. ။

"ဒါပေမဲ့..မင်းကို.."

"ဘာမှမလိုတော့ဘူးဦးကို..ရှင့်ရဲ့မရိုးသားမှုက ရှင့်လုပ်ရပ်အားလုံး အတွက် ကြက်ခြေခတ်လိုက်ပြီးပြီ၊ အစတည်းက ကျွန်မလောဘမကြီး ကိုယ့်သံသယကို ရုပ်လုံးပေါ်အောင် ထုဆစ်ကြည့်ရမှာ..ဘာဖြစ်ဖြစ် ရှင် ဖြစ်မရှိပါဘူး၊ ငွေမက်တာ အနေအထိုင်မတတ်တာ အဲ့ဒါမိန်းမတစ်ယော အတွက် သခ်ိန်းစာပဲ.."

ဒါဒါက ဒန်းပေါ်မှာတင်ထားသည့် ပိုက်ဆံတွေရယ် သူ့ဝယ်ပေးခဲ့



ကို ပြန်ငဲ့ကြည့်လိုက်ပြီး ခရီးဆောင်အိတ်ကို ဇစ်ပြန်ပိတ်၏။ ဒါတွေ မှာ ဒီတိုင်းထားခဲ့ပြီး ပြန်မလို့ ဒန်းပေါ်မှာသေချာတင်ပြီး သူ့ဆီဖုန်း လိုက်တာဖြစ်သည်။ ဒါပေမဲ့ ပြောစရာရှိတာကို ပြောချင်မိသည့်စိတ်က ရှိနေသေးသည်။ ပြောသင့်ရဲ့လားလို့ တွေးနေမိခဲ့သည်။ သူသည် အနီးအနားကို မဆီမဆိုင်ရောက်လာခဲ့ပေမယ့် သက်ဆိုင်သလိုအပြု တွေက စိတ်ထဲမှာ လက်ခံချင်လောက်အောင် ရင်းနှီးခဲ့သည်။ သူ့ဘက် ဘယ်လိုပုံစံနဲ့ဖြစ်ဖြစ် ချမ်းသာကြွယ်ဝသောယောကျ်ားတစ်ယောက်အနေ အရ ကြံစည်ခွင့်ရှိသည်။ ကြိုးစားလို့ရသည်။ စဉ်းစားချင့်ချိန်ကြည့် သည် ကိုယ့်တာဝန်။ ထို့ကြောင့် သူ့ကိုစိတ်ရှိသလောက်ပြောဖို့အတွက် ရဲ့လားဆိုသည့်စိတ်က တစ်ဖက်ဆွဲနေခဲ့တာဖြစ်သည်။ သူ့မျက်နှာမြင် တော့လည်း ဝမ်းနည်းတာတွေ ရှက်တာတွေကြောင့် မခံရပ်နိုင်ခြင်းက ဒိုင်းဒိုင်းထဖြစ်ချင်၏။ သူနဲ့သူမ ဘယ်လိုသက်ဆိုင်ခြင်းတွေလဲ.. ကြည့်တော့ ဘာဖြစ်လို့ဝေဝါးနေတာလဲ.. ။

"နေဦး..ချာတိတ်.."

သူမဖွင့်လှည့်ထွက်တာမို့ ကိုကိုရှင်းပြဖို့ မကြိုးစားတော့ဘဲ သူမ တ်လွယ်လိုက်သည့် အိတ်ကိုဖမ်းဆွဲထားလိုက်ကာ.. ။

"မင်းကိုယ်နဲ့ရှေ့မဆက်ချင်ရင်ရတယ်..ဒါတွေတော့ ယူသွားပါ.."

"ဘာလို့ယူရမှာလဲ..ရှင့်ကိုကျွန်မ လေးစားတဲ့စိတ်နည်းနည်းတော့ ချန် သေးတယ်နော်၊ အဲ့ဒါက ရှင့်အပြုအမူအပြောအဆိုတွေအရ ကျွန်မအ ဘော်ကားလိုတဲ့အရိပ်အယောင် မရှိခဲ့သေးလို့...ဒီ့ထက်ကျွန်မအထင်မ ချင်ဘူး.."

"သေးစမ်းပါ..မင်း ငါ့ကိုမယုံမကြည်နဲ့ထွက်သွားတာထက် ဘာပိုဆိုး လဲ.."

"ရှင်ကျတော့ ကျွန်မကိုဖုံးလားကွယ်လားနဲ့လေ..ယောကျ်ားတစ် ယောက်က သူ့ကိုယ်သူလူပျိုပါဆိုပြီး မိန်းမတစ်ယောက်ကို ချဉ်းကပ်တဲ့အ တ် အကျည်းတန်တာ ဘာရှိသေးလို့လဲ.."

"ကိုယ်မင်းကို အဲ့လိုပြောခဲ့ဖူးလား.."

တွေးကြည့်လိုက်တော့ ဒီအကြောင်းမျိုးနဲ့ သူပြောဖြစ်ခဲ့လား မပြော လားမသေချာ.. ။

"ဘာပဲဖြစ်ဖြစ် မဆင်မခြင်ခေါင်းညိတ်ယုံလွယ်ခဲ့တာ ကျွန်မအမှား ရှင်လည်းထပ်ပြီး မစည်းရုံးပါနဲ့တော့..ပြောတဲ့စကားကို ထပ်ပြောရရင် ဒီ့ထက်အထင်မသေးချင်ဘူး.."

"သေးပါ..မင်းအထင်ကြီးဖို့ မကြီးဖို့က ကိုယ့်အတွက်အရေးမကြီး ဘူး၊ မင်းယုံတာမယုံတာလည်း ကိုယ်တောင်းယူလို့ရတဲ့ကိစ္စ မဟုတ် အခုလောလောဆယ် ဒါတွေကိုစိတ်သန့်သန့်ယူပါ..ကိုယ်မင်းရှေ့ကို ရောက်မလာဘူးလို့လည်း ကတိပေးတယ်၊ နောက်ထပ်မြင်ရင်လည်း ကြိုက်တဲ့ဖွဲ့ချက်တင်ပါ.."

"ဘာလို့ယူရမှာလဲ..မယူဘူး၊ လည်ပင်းကိုကြိုးချည်ထားပြီးမှ ခိုင်းနေတာကို မသိရအောင် ကျွန်မရူးနေတာမဟုတ်ဘူး.."

"ဘာကြိုးမှချည်မထားဘူးဒါဒါ..ကိုယ်မင်းကိုအဆင်ပြေစေချင်တဲ့ က လုံးဝသန့်ရှင်းတယ်၊ ကိုယ်ဘာလုပ်လုပ် မင်းဘက်ကအမြင်ဆိုး လည်း အဲ့ဒါမင်းဒုက္ခများနေတာကို ကူညီချင်တဲ့ စေတနာတွေပဲ.."

"ဟုတ်မှာပေါ့..ဒီမိန်းမက တရားလွန်ငွေလိုနေတာကိုး၊ ခြူးတစ်ပြား မရှိ..နေစရာမရှိတဲ့.."

"တော်တော့.."

ဒါဒါ့အိတ်ကိုဆောင့်လွှတ်လိုက်ပြီး ကိုကိုအံကြိတ်မိသည်။ သို့ စိတ်လည်းမဆိုးရက်နိုင်။ သူဝယ်ပေးထားတာတွေ ဆွဲထုတ်ပြီးကျန်ခဲ့သ အိတ်လေးပိန်ရှုံ့နေတာကြောင့် ပိုပြီးမကြည့်ရက်နိုင်။ ဒါဒါဆိုတဲ့မိန်းက ကျမှ ဆင်းရဲချက်ကမ်းကုန်သည်။ အသက်လေးယယ်ယယ်နဲ့ မုဆိုးမလေး ရခြင်းမှစ၍ သူမရင်ဆိုင်နေရတဲ့ဒုက္ခတွေ ကုန်နိုင်ပါဦးမလား.. ।

"ချာတိတ်.."

ဒါဒါထွက်သွားတော့ သူခြေလှမ်းပြင်လိုက်မိသေးသည်။ သို့ ဖုန်းသံကြောင့် တုံ့သွားခဲ့၏။

ထိုမြင်ကွင်းကိုကြည့်နေရင်း ဇေရီအားပါးတရပြုံးသည်။ ပြီး မျက်နှာမော့ရယ်နေရင်း ပါးစပ်ထဲကပီကေကို ထွီခနဲထွေးပစ်လိုက်ပြီ

"တန်တယ်ပြာသိုလွှင်..နင်အဲ့လောက်တော်မှန်း ခုမှသိတယ်.."

အနားမှာ ပြာသိုလွှင်မရှိပါ။ ထိုင်နေသည့် နွေကရယ်လိုက်ရင်

"အဲ့ဒါကြောင့်ပြောတာပေါ့..ငါလူရွေးပေးရင် နင်စိတ်ချနေပါ နှစ်ယောက်သားကားထဲမှာပဲ လက်ဝါးချင်းဖျန်းခနဲရိုက်လိုက်ကြ

"နင့်လူကိုသေချာနှုတ်ပိတ်ထားဦး..ငါ့ကိစ္စမပြီးခင် ဒါပေါ်သွား ဖြစ်ဘူး.."

"အေးပါ..ဒါပေမဲ့ ငါမျက်စိလည်နေပြီ ကိုကိုမလွှန်ဆန်နိုင်အော နင်ချုပ်ထားနိုင်တာပဲဟာ..ဖေဒါဖြူကိုမကျေနပ်ရင် ပြောင်ပြောင်ထွက် လိုက်ပေါ့ ဘာဖြစ်လို့ ပုန်းလျှိုးကွယ်လျှိုးတွေလုပ်နေတာလဲ.."



လူတွေအမြင်မှာတော့ ကိုကိုကဇေရီ့အလိုပဲ လိုက်နေရတဲ့သူပေါ့..။ ရာမှာ ဇေရီဘယ်လောက်ထိပိပြားနေခဲ့သလဲဆိုတာ လူမသိ။ သူ့အဖေ ကြောင့်သာမဟုတ်ရင် ခုလောက်ဆိုသူမအဝတ်အထည်ကိုယ်တစ်ခုနဲ့ လမ်း ရောက်နေမည်ထင်သည်။ ကိုယ့်ရဲ့မှားယွင်းမှုတွေကို သူကလည်း စ ဆောင်းထားသည်။ ကိုယ်ကလည်း သူ့အဖေနဲ့ချုပ်ကိုင်ထားခဲ့သည်။ အချိန် ပြတ်တောက်ပြီးဆုံးသွားနိုင်သည့် အခြေအနေမှာသူမရသလောက် အ ကျုံးထားချင်သည်။ ဒါကြောင့် ကိုကိုဝန်းဒိုင်းထကြမည့်ကိစ္စမျိုးကို အစ အောင်ရဲပေ။ ဒါပေမဲ့ ဖေဒါဖြူဆိုသည့်မိန်းမနဲ့ ငြိစွန်းပတ်သက်နေတာမျိုး လည်း လက်မခံနိုင်.. ।

ဆိုးရွားသည့်အခြေအနေတစ်ခုမှာ နှစ်ယောက်စလုံးကို ချောင်ပိတ် နိုင်ဖို့ဆိုလျှင် ဒီနည်းကသာအကောင်းဆုံးဖြစ်ကာ ရေခဲရိုက်ထားသ အေးစက်မာကြောသည့်ကိုကို့နှလုံးကို ဆုပ်ချေဖိညှစ်ပစ်ရင်း တစိမ့်စိမ့် ခံပြီး ဟားတိုက်ရယ်မည်။

"အခု ပုံစံကြည့်ရတာ နင်ထင်သလို မရိုးရှင်းလောက်ဘူးနော်ဇေရီ.. ပုံစံတွေက စိုးရိမ်မှတ်တွေထင်တယ်.."

"ဘာကိုပြောတာလဲ.."

"ဟိုလိုမျိုးများ.."

"လုံးဝမဖြစ်နိုင်ဘူး.."

ဘာလို့မဖြစ်နိုင်တာလဲမေးလျှင် သက်သေပြစရာမရှိပေ။ ဒါပေမဲ့ သေ သိနေသည်။ ကိုကိုဒီလောက်ထိရှုပ်တဲ့သူ မဟုတ်ဘူးဆိုတာ.. ।

"နင်မသိအောင်လုပ်နေတယ်ဆိုတည်းက နင့်ကိုလန့်နေတာ အသိ ကြီးပါဟာ..ငါပြောချင်တာက ဒီဂိမ်းကိုနင်ကြိုက်သလို ကစားလို့ရတယ် .."

မဟုတ်ဘူး..ဒီလိုတော့မရသေးဘူး။ ဒါကိုသူမသေချာသိနေသည်။ ခုလိုလှုပ်ရှားနေတာ ကိုယ့်ကိုလန့်လို့ ဘယ်လိုမှမဖြစ်ပါ။ ဖေဒါဖြူဆို ဟာမကို ကြိုးဆွဲရခက်နေတာလား ဒါမှမဟုတ် ဘယ်လိုနည်းသုံးဖို့ကြိုး နေတာလဲ..။ ပိုသေချာတာက ကိုယ့်ကိုအသိမခံရဲတာ ဘယ်လိုမှမဖြစ် ခြင်း.. ।

"ကဲ..ငါ့ကိုအမေးအမြန်းထူမနေနဲ့တော့၊ နင့်ရဲ့ပြာသိုလွှင်ကို ငါ့ဇာတ် အတိုင်း ဆက်ကဖို့ ဆစ်ဂနယ်ပြလိုက်တော့..မှာတဲ့အတိုင်း တသွေမ နော်.."

"အင်း..ငါ့အပိုင်းကိုတော့ စိတ်ချစမ်းပါ ခုတောင် ဒီမိန်းမမျောက်သစ်

ကိုင်းလွတ်ဖြစ်နေပြီ..ဘယ်နည်းနဲ့ဖြစ်ဖြစ် ငါတို့ဆင်တဲ့ကတွတ်ပေါက် ခေါင်းတိုးလာမှာပါ၊ နင်လည်း ငါ့အစ်မအတွက် တိုက်ခန်းတစ်ခန်း ချန်ထားပေးဖို့ မမေ့နဲ့နော်..ငါကလည်း ငွေအမြန်ဆုံးချေပေးဖို့ တိုက် မှာပါ.."

"ပူမနေနဲ့နွေ..ငါဆောက်တဲ့အိမ်ရာက ငါ့ခြေငါ့လက်၊ ကေတူးနဲ့ ဝမဆိုင်ဘူး.."

"ဒါပေမဲ့ ကေတူးဆောက်လုပ်ရေးဆိုပြီးတော့.."

"ဟုတ်တယ်..အဲ့ဒီရှော့ခ်နဲ့ ကိုကိုနဲ့ငါဘယ်လောက်တောင် ရင် လိုက်ရလဲသိလား၊ ခုအားလုံးအိုခေပါ..ကိုကိုဆိုတဲ့လူရော သူ့အဒေါ် လိုဒီလိုလို ချွန်တွန်းမကြီးရော ဧကရီဆိုရင်အမြီးကုပ်ပြီးသား.."

"ဟဲ့..ငရဲအုံတွေကြီးကုန်ဦးမယ်၊ ကိုကိုတောင် နင့်ထက်အသက်ကြီး တယ်မို့လား.."

"သုံးနှစ်လောက်ပေါ့..ဟိုဟာမနဲ့ဆိုရင်တော့ ကွာမှာပဲ၊ အဲ့ကောင် ငါ့ထက်သုံးလေးနှစ်ငယ်မှာ သေချာတယ်.."

"ဒါကြောင့် တုန်နေတာလားမှမသိတာ..ဗေဒါဖြူက အသက်ရှိ ထက်တောင် ပိုနုတာနော်၊ ရုပ်လေးကတင်ချစ်ဖို့ကောင်းတာမဟုတ်ဘူး ကားသံလေးကလည်း ဒေါသတွေကဆုန်ပေါက်ထွက်နေရင်တောင် နား မဆိုးတဲ့ကလေးသံလေး.."

အားပါးတရကြီးပြောနေပြီးမှ ဧကရီမျက်နှာတင်းတင်းနှင့် ကြည့် တာကို သတိရသည်။ ရယ်လက်စသည် တို့လို့တန်းလန်းနှင့် ရပ်တန့် ခဲ့ပြီး.. ၊

"ဆောရီးပါဟာ..ငါပြောတာက၊ ဟို.."

ဘာပြောပြီး ဖြေရှင်းရမှန်းလည်းမသိ။ ဧကရီက မထီမဲ့မြင်ပြုံးလို ပြီး ကားစက်နှိုးလိုက်ရင်း.. ၊

"မလိုပါဘူးနွေရယ်..ပိုက်ဆံပေးခိုင်းရတဲ့လူက ပိုက်ဆံရပြီးရင် အလုပ်ပြီးပြီလေ၊ ငါ့အတွက် ကောင်းပေးဖို့လည်းထာဝရခွဲ့ကျွေးမနေနိုင် ဘူး..ကိုယ်ရှာတာ ကိုယ်သုံးဖို့ပဲ၊ အစေအပါးပေးကျွေးနေရတာနဲ့ အကုန် စရာလား.."

အစေအပါးစကားကြောင့် နွေကွက်ခနဲမျက်နှာပျက်၏။ ထိုအခါကျ ဧကရီက ရယ်လိုက်ပြီး ပျာပျာသလဲဖြစ်သွားပုံနှင့်.. ၊

"ဆောရီး..နည်းနည်းလောသွားလို့.."

ကားကိုဘက်ခ်ဆုတ်နေရင်း ရယ်လက်စကိုမဖျောက်ဘဲ သွားတ



ပါပေါ်နေကာ.. ၊

"အပေါင်းအသင်းညာတကာဆိုတာလည်း ခြွေရံသင်းပင်းပါပဲ..သိပ် ထူးပါဘူး၊ ဘာပဲဖြစ်ဖြစ် ငါပိုက်ဆံပေးနိုင်လို့ ငါခိုင်းတာလုပ်ပေးကြ လေ..အဟွန်း ပြာသိုလွင့်ကိုပြောတာပါ.."

သူငယ်ချင်းချင်း ဒီလိုအပြောမျိုးတွေ ခံရတာတစ်ခါနှစ်ခါမကတော့ ရာသည် အရေပြားပေါ်မှာ ထင်မကျန်ရစ်သော်ငြား.. ၊

"လာဦးမယ်..ငါတို့အချစ်တော်ဧပရယ်လ်မ.."

ဧကရီနဲ့အခင်ဆုံးသူငယ်ချင်းမို့ ဒီနာမည်ကိုကြားလိုက်တော့ ကိုယ့် ဆိုးလှသည် မထင်တော့ပါ.. ၊

"သူကနိုင်ငံခြားမသွားဖြစ်ဘူးပေါ့.."

"ဘယ်လိုတွေဖြစ်သလဲမသိပါဘူး..ငါ့အလုပ်မှာ တစ်ပဲနှစ်ပြားလေး ထားတဲ့ငွေနဲ့ ရှယ်ယာဝင်ပါမယ်လုပ်နေတယ်.."

"ငါနဲ့တွေ့တုန်းကပြောတော့ သူငွေထုတ်ချင်တာ နင်ကပြန်မအမ်း ဆို.."

ပြုံးနေသည့် ဧကရီ့မျက်နှာပျက်ကျသွားသည်။ ကိုယ်ကပြောချင် ပြောနေပေမယ့် တစ်ဖက်ကကိုယ်မပြောစေချင်တာကို ဖွင့်ချလာတော့ ကထောင်းခနဲဖြစ်၏။ တစ်လောကလုံးကိုယ့်လုပ်စာနဲ့ မကင်းကြသ ကိုယ့်စကားတစ်ခွန်းမှာ ပြားပြားမှောက်နေစေတာမျိုး.. ၊

"သူ့ပိုက်ဆံကဘယ်လောက်များလို့လဲ..ဟွန်း လူပြောလူယုံ ခွေးပြော ..."

လုပ်ချလိုက်ပြန်ပြီဧကရီ.. ၊

နွေမျက်နှာလေးငယ်သွားကာ ဧကရီကစိုက်ကြည့်ပြီးမဲ့သည်။

မှတ်ထားလိုက်တော့..ဧကရီဆိုတာ အဲ့လို.. ၊

☎

## အခန်း(၇၆)

"ကေရိက သူလား.."

ဒါဒါ့ခြေလှမ်းတွေ ရောက်သည့်နေရာမှာတင် တုံ့ရပ်သွားကြသည်။ ကျူးလစ်ပန်းတွေ ထိုးစိုက်ထားသည့် ပန်းအိုးကြီးဘေးမှာ ဒေါနစိမ်းရောင် ကိုယ်ကျပ်ဝတ်စုံသည် အဖြူရောင်ပွိုင့်ဒေါက်၏ အစွန်ဖျားလေးတွေပဲပေါ် တဲ့အထိ အိနွဲ့ပုံကျနေ၏။ လက်ကောက်တွေ ရင်ညွန့်ထိရှည်ကျနေသော ပုတီးကုံးတွေ နားကပ်ကအစ ဒေါနစိမ်းရောင်လွှမ်းလျက်.. ။

"ဟုတ်တယ်..ညီမကသိလို့လား.."

"သိတယ်.."

ဒါပေမဲ့ လက်မှတ်ထိုးခဲ့ပြီဖြစ်သည်။ ကျလောက်အောင်စည်းရုံးခဲ့ သော တပ်မက်ဖွယ်အစုစုတို့နောက်ကို သူမလိုက်ခဲ့မိတာ မှားပြီလား..။ ဖြ သိုလွှင်ခြေလှမ်းပြင်လိုက် သူမကိုပြန်စောင့်လိုက်ဖြစ်နေသည်။ ဒါဒါကခြေ တစ်လှမ်းမှမရွေ့သေး။ ကေရီဆိုတာ သူမဖြစ်လိမ့်မည်လို့ နည်းနည်းမှ တွေးမိခဲ့ပါ။ ပိုက်ဆံနှစ်ရာတန်ပျောက်တုန်းကတစ်ခါ။ ဖေဒင်မေးတုန်းက တစ်ခါ။ နှစ်ခါစလုံးသူမနဲ့ဖြစ်ရတာ ရန်ပွဲ..

"ဝင်လာကြလေ..ဘာလုပ်နေတာလဲ.."

ကေရီကတော့ မှတ်မိပုံမပေါ်ပါလား..။ ဒါဆို ငါကရောဘာလို့မထား



နိုင်ရမှာလဲ..။ ဟိုအရင်က မသက်ဆိုင်ကြလို့ငြိမ်ကြသည်။ အခု သူက အလုပ်ရှင်.. ။

"ဖေဒါဖြူဆိုတာ သူပဲကေရီ..ငါနင့်စိတ်ရင်းလေးတောင် နည်းနည်း ပြထားသေးတယ်၊ စိတ်တော့မဆိုးနဲ့..နင့်ကို သူငယ်ချင်းချင်းတောင် ည်းသည်းခံရတာ.."

သူမကပြုံးလိုက်ပြီး လှုပ်လီလှုပ်လဲ့လျှောက်လာသည်။ ပြီးတော့ ဆို ထိုင်လိုက်ပြီး ခြေချင်းချိတ်၍.. ။

"နင်ထင်လို့ပါ..ငါအဲ့လောက်လည်း မဆိုးသေးပါဘူး.."

သူတို့ချင်းတွေ အတိုင်အဖောက်ညီနေကြတာကို ဒါဒါကဘာမှမသိ။ ရဲ့ သူမကိုမမှတ်မိသည့်အတွက် အံ့သြသလိုဖြစ်မိသည်။ ဒါပေမဲ့ င်းသည်လို့ပဲတွက်လိုက်သည်။ ဒီအလုပ်အတွက် သူမရထားသည့်ငွေ နည်းတာမဟုတ်.. ။

"ဘွဲ့န်းထိုးပြီးရင်တော့ နောက်ပြန်ဆုတ်လို့မရဘူးနော်..တို့သူငယ်ချင်း နည်းနည်းတော့ဆိုးတယ်၊ သူ့သည်းညည်းနည်းနည်းလေးခံလိုက်ရင် လုံးအိုခေမှာပဲ..ဒါကြောင့်လည်း ပိုက်ဆံတွေပုံအောပြီး မိန်းကလေးဒရိုင် တာပေါ့၊ သူတို့သမီးကို သည်းခံကာကွယ်ပေးနိုင်မယ့်မိန်းကလေးမျိုး"

"ကားမောင်းမကျွမ်းကျင်သေးတာရော လိုင်စင်မရှိတာရော ဘာမှပြ မရှိဘူး..ဟိုဘက်ကအားလုံးတာဝန်ယူပြီး လုပ်ပေးသွားမှာ၊ မင်းအခြေ ကိုပြောပြလိုက်တာနဲ့ နောက်ကြောင်းရှင်းတဲ့ဒရိုင်ဘာပဲဆိုပြီး အန်တီ အရမ်းလိုချင်နေကြတာ..ဘာအကြောင်းနဲ့ဖြစ်ဖြစ် နှစ်ဖက်စလုံးအဆင် အောင်နေမှဖြစ်မယ်..အန်တီတို့ကလည်း သဘောထားမဆိုးကြပါဘူး.."

အိမ်မှာလိုက်မနေချင်ရင် တိုက်ခန်းသပ်သပ်ပေးထားမယ်တောင်ပြော ည်။ ဒီလိုမယူဘူးဆိုလျှင် သိန်းငါးဆယ်တစ်ခါတည်း ပုံပေးထားမည်။ ကက တစ်လခြောက်သိန်းလစဉ်ပေးသွားမည်ဖြစ်ကာ တစ်နှစ်ပြည့်သည် ထိ ပြစ်ချက်တစ်စုံတစ်ရာမရှိဘဲ အလုပ်လုပ်သွားခဲ့လျှင် စာချုပ်သက်တမ်း ည်းပြည့်မှာဖြစ်ကာ သိန်းငါးဆယ်ကိုလည်း အလိုအလျောက်ပိုင်ပြီးဖြစ် မည်။ သူမအတွက် ပေါ်ပေါက်လာသည့်အခွင့်အရေးတွေက မယုံနိုင် ပါ။ သို့သော် သည်းထိပ်ရင်ဖိုဖြစ်ပြီးခဲ့သည့် ဦးကိုနဲ့ပြဿနာကိုသတိရ ရင်ထဲမှာပူလောင်သွားသည်။

တစ်ယောက်ယောက်ကိုပြောလိုက်လျှင် ဒါတွေကယုတ္တိမတန်ဘူး ကြမှာပင်။ ထို့ကြောင့် ကိုယ်တပ်မက်နေမိသည့်အရာကို ဘာကြောင့်မှ ချော်မခံနိုင်ပေ။ ဒါကြောင့်ပဲ ယုတ္တိတန်ခြင်းမတန်ခြင်းမှာ သူမရဲ့ခြေလှမ်း

တွေမကြာခဏတုံ့နှေးသွားတတ်ခဲ့၏။
“အန်တီက သူ့သမီးကိုသိပ်ချစ်တာ..ကေရီကနည်းနည်းဆိုးတော့
ရိမ်ကြီးနေတာလေ၊ မိန်းကလေးဒရိုင်ဘာရဖို့ရယ်..သူ့သားပြန်မရောက်သေး
ခင်မှာ သူ့သမီးနဲ့အမြဲအတူရှိနေဖို့ရယ်၊ အဲ့ဒါက အပြင်အထွက်များတဲ့ကေ
အတွက် မိန်းကလေးဒရိုင်ဘာမှဖြစ်မှာလေ..”
ပြောခဲ့သမျှကိုပြန်တွေး၍ ‘ငါမမှားဘူး’ဆိုသည့်အတွေးနှင့် ကိုယ့်ကို
ကို chargerပြန်သွင်းနေရသည်။ ငွေကြေးချမ်းသာတဲ့လူတစ်ယောက်
သူ့လိုအပ်ချက်ပြည့်ဝဖို့အတွက်ဆို စိတ်ကြိုက်သုံးစွဲနိုင်သည်။ ဒီနေရာ
မှာ ဘယ်ပစ္စည်းဘယ်ဈေး ဘယ်လောက်နဲ့တန်တာမတန်တာတွေ တွ
ချက်နေမလား..။ ခေါင်းထဲမှာ ‘ငါမမှားဘူး’ဆိုသည့် ဖြည့်စွက်ခြင်းမှလွဲ၍
ကေရီနဲ့သူမသိခဲ့တာ မသိခဲ့တာတွေလည်း ခေါင်းထဲကထုတ်ထားခဲ့သည်။
ဘယ်အရာဖြစ်ဖြစ် ကိုယ်လိုချင်တာရအောင်ယူပြီးရင်တော့ ပေးဆပ်ရမှာ
ဒါဆို သူမဘာတွေပေးဆပ်ရမှာလဲ..။ ကေရီကဘယ်လောက်တောင် ဆိုး
မိန်းမလဲ.. ၊
“သူလားဗေဒါဖြူဆိုတာ..”
စကားသံတစ်ရပ်ကြောင့် လုံးထွေးနေသည့် ဒါဒါ့စိတ်ဖြုတ်ခနဲပျော
ကွယ်သွား၏။ အပေါ်ထပ်လှေကားကြီးကနေဆင်းလာသော အမျိုးသမီးကြီး
သည် ကေရီနဲ့တူလွန်းသောကြောင့် ကေရီ့အမေဆိုတာ သိလိုက်ပေမယ့်
အရွယ်တင်နုပျိုလွန်းတာ အံ့ဩဖွယ်ပင်။ ဆံပင်ပခုံးသာသာကောက်ကော
ကို သေချာပုံသွင်းပြီး ဖြန့်ချထားကာ မျက်နှာထက်မှာ ခပ်ပြေပြေလေးရှိနေ
သည့် မိတ်ကပ်ပညာက အနုစိပ်လွန်း၏။ သူမကလည်း ဆင်းလာတည်းက
ဒါဒါ့ကိုသာအကဲခတ်လာတာမို့ ညိုညက်ဝင်းစိုနေသည့် ပါးပြင်ပြောင်ပြောင်
လေးတွေကို စိတ်ထဲကနေ အထင်တကြီးဖြစ်သွားမိလျက်.. ၊
“အသားမည်းမ..မျက်နှာလေးကတော့ နုမွတ်လို့ပဲ..”
ကိုကိုဂရုစိုက်နေသည့်အဖြစ်ကြောင့် ဘယ်လိုမှမရှုစိမ့်နိုင်ခြင်းက ဒါ
ဒါ့အသားလေးဝင်းကြည်နေတာကို မည်းမှာဖြင့်မည်းလိုက်ပါတော့လား..
အသားကလို့ အကုသိုလ်စိတ်ပွားမိ၏။ မျက်ခုံးတန်းလေးတွေထင်းနေကာ
မျက်တောင်ရှည်ကြီးတွေ သိသိသာသာကော့တက်နေတာ ဒါသည်လည်း
‘အလကားကြာရုပ်’လို့ စိတ်ထဲမှာရေရွတ်မိလေသည်။ ကေရီဘယ်လိုစိတ်
ခုချိန်ထိမသိချင်ယောင်ဆောင်နေနိုင်တာလဲဆိုတာ နားကိုမလည်တော့ပါ
ဒီမိန်းကလေး အသားသာညိုတာ မျက်နှာပြင်မှာမွှေးညှင်းနုလေးတွေ ရှိနေ
တာကအစ ရှိန်းရှိန်းထမြင်နေရသည်။ မျက်ခုံးအခြေလေးတွေ စိမ်းမှော



နေသည်။ နားသယ်စပ်ဆံစလေးတွေကျမှ ထင်းနေတာ ဆွဲဆောင်မှုတစ်ခု
ပင်။ ထို့ပြင် နှင်းယ်ပုံပေါက်နေတာက တင်းကပ်ခြောက်သွေ့ပုံ အလျှင်းမရှိ
သော ကလေးတစ်ယောက်လို နုစိုနေသောနှုတ်ခမ်းလွှာလေးတွေကြောင့်..၊
တောက်..ယောကျ်ားတစ်ယောက်က တန်းတန်းစွဲပြီဆိုတည်းက စွဲစ
ရာရှိလို့ပေါ့။ ဒီလိုကောင်မလေးကို ကိုယ့်လင်ကစိတ်ကူးနေတာ သင်းက
ဘာမှမပူမပင်နေနိုင်တာလဲ..။ ကိုကို့လိုယောကျ်ားကို လက်လွှတ်လိုက်ရရင်
ကိုများ နည်းနည်းလေးမှတောင် တွေးမပူတော့ဘူးလား..။ သားအမိကိုယ်
ချင်းသလို နေလာကြပြီးမှ သမီးအတွက်ပူပန်တတ်လာတော့ နောက်ကျပြီ
ထင်၏၊
“အဟမ်း..ဟမ်း..”
အကုသိုလ်စိတ်တွေနဲ့ ပူလောင်ထိသွားသည့် လည်ချောင်းကအက်ရှရှ
ချင်ခဲ့သွားလျက်.. ၊
“ပုံစံကတော့ သွက်မယ့်ပုံပါပဲ..”
ပြောချင်တာက ညုတုတုနဲ့တန့်တန့်ပုံလို့။ ပြီးတော့ ခွေးကိုက်သလို
ကိုက်တတ်တဲ့ စွာတာတာပုံမျိုး..။ စိတ်ထဲမှာ ပစ်ပစ်နှစ်နှစ်ကဲ့ရဲ့မဲ့ရွဲ့ပြီးမှ
ကေရီ့ဘေးမှာထိုင်၍.. ၊
“သူတို့က မင်းကိုရွေးချယ်ခွင့်ပေးထားပေမယ့် မရဘူး..ဒီမှာပဲလာနေ
ရမယ်..”
မဟုတ်ရင် သင်းဆီကို ဟိုကောင်ဝင်ထွက်သွားလာနေမှာ ဘယ်လို
ထိုက်ဖမ်းရမလဲ..အလိုက်တဲ့ ငါ့သမီး.. ၊
“မင်းလည်း တစ်ကိုယ်ရေတစ်ကာယဆိုတော့ ဘယ်မှာနေရနေရ နီး
စဆော်ဘလန်ပါ..ဟုတ်တယ်မို့လား..”
အစတည်းက နေစရာမရှိ စားစရာမရှိတဲ့မိန်းမ.. ၊
“ဟုတ်ကဲ့..ဖြစ်ပါတယ်..”
“အေး..တစ်ခုရှိသေးတယ်၊ မင်းကိုငွေတွေပေးပြီးခေါ်ထားတာ အန်
တီတို့မှာ လိုအပ်နေလို့နော်..ဒါကိုစာချုပ်မပြည့်ဘဲ ပြန်ထွက်မယ်ဆိုရင်တော့
ငင်းဘက်က တစ်ခုခုအားကိုးနဲ့ငွေပြန်အမ်းမယ် ဘာမယ်ဖြစ်လာတာမျိုး
လုံးလက်မခံဘူး၊ ဒီမှာအပေါ်ဆုံးက ငွေပဲ..ငွေစကားလုံးဝလာမပြောနဲ့၊ မင်း
ကိုဝတ်ဆောင်မကျကျအောင်ချုပစ်မှာ..လုပ်ပိုင်ခွင့်ရှိရှိမရှိရှိ သဘာဝကျကျမ
ကျကျ အန်တီတို့ကဖြစ်အောင်လုပ်မှာ..”
“စိတ်ချပါအန်တီ..ကျွန်မလက်ခံခဲ့တာ ဘယ်သူ့တိုက်တွန်းချက်မှမ
ပါဘူး ကိုယ့်ဘာသာဆုံးဖြတ်ခဲ့တဲ့ကိစ္စကို နောင်တမရအောင်ကြိုးစားမှာ

ပါ.."

အောင်မလေးပြောပုံက..မတန်လိုက်တာ ကောင်မ.. ။

ဒေါ်မာလာခိုင် အသည်းတယားယားနှင့် ကိုယ်ဘာသာလက်သီးဆု လိုက် မဲ့မိမလိုဖြစ်လိုက်။ ဒါပေမဲ့ တည်ငြိမ်ဟန်နှင့် ခန့်ညားစွာပဲထိုင်နေ ရကာ.. ။

"ကောင်းတယ်..တစ်ခုရှိတာက နောက်တိုးစည်းကမ်းတွေရှိသေးတယ် အဲ့ဒီမှာ.."

"နှစ်ဦးသဘောတူ အလုပ်စာချုပ်က ချုပ်ပြီးပါပြီအန်တီ..စာချုပ်သ ဘောမှာ နောက်တိုးဆိုတာရှိလို့မရပါဘူး.."

"ဘာ.."

"ရှိရင်တောင် နှစ်ဦးနှစ်ဖက်ညှိရတာမျိုးပဲဖြစ်နိုင်မယ်..တစ်ဖက်သ တည်း တိုးလိုက်လျှော့လိုက်လုပ်လို့မရဘူး.."

ကြည့်စမ်း..။ သားအမိနှစ်ယောက်စလုံး ကိုယ်တွေတောင့်မတ်သွား ကြသည်။ သို့သော် ဇကရီကဟွန့်ခနဲမဲ့၍.. ။

"ခုတောင် နင့်ကိုပိုက်ဆံတွေအဆမတန်ပုံပေးပြီး ခိုင်းထားတာ..ထ တိုးတော့လည်း ပိုက်ဆံထပ်ပေးမှာပေါ့၊ စိတ်ချဖေဒါဖြူ..နင်ဒီလောက်နေ ပြတ်သပ်နေတာ၊ ပိုက်ဆံဘယ်လောက်မက်မယ်ဆိုတာလည်း သိတယ် နောက်ဆုံးပါးတစ်ချက်ရိုက်မိရင် ငွေတစ်သိန်းပစ်ချပေးမယ်.."

ပြောပြီး မခိုးမခန့်ရယ်လိုက်ကာ.. ။

"ဥပမာပြောတာပါ.."

ဒါဒါ့မျက်လုံးတွေ စူးရဲနေတာမြင်လျှင်.. ။

"ပူမနေနဲ့..အဲ့လိုရိုက်မိရင် နင်ကျေနပ်အောင်ပေးမှာ.."

ပိုက်ဆံယူပြီး ပါးရိုက်ခံတဲ့မိန်းမအဖြစ် နင့်ကို ကိုကို့ရှေ့ထိဆွဲပြ မှာ.. ။

"ဘယ်လိုတွေလုပ်နေတာလဲဇကရီရယ်..ဒရိုင်ဘာငှားတာ သိန်း ဆယ်ချပေးရတယ်တဲ့.."

ဒါဒါ့ကိုရွှေ့ပြောင်းဖို့ပြောပြီး ပြန်လွှတ်လိုက်တာနှင့် ဒေါ်မာလာ ဆိုးဆိုးဆတ်ဆတ်ထရပ်ပြီး ဇကရီ့ရှေ့ရောက်လာသည်။ သားအမိနှစ် ယောက်တည်းလည်းဖြစ်နေပြီမို့.. ။

"ညည်း ငါ့ဆီကအရေးပေါ်လိုလို့ဆိုပြီး ဆွဲတဲ့ပိုက်ဆံသိန်းတစ်ရာ အဲ့ဒါအတွက်လား.."

"အမလေးအမေရယ်..သူများကြားရင် ဇကရီကမအေဆီကငွေခေ



တော့မှာပဲ.."

"ဟုတ်ပါတယ်..ညည်းကတော့ ကြွေးပြန်တောင်းတာပါ၊ ဒါပေမဲ့ ဒီ ညည်း ဒါပဲရှိတာလေ..ညည်းအဖေအိမ်ကိုတစ်ချက်မှ ပြန်မကြည့် လည်း ညည်းအသိ၊ ကိုလင်းလုပ်ငန်းထူထောင်တယ်ဆိုတာလည်း"

"တော်ပါမေမေရာ..မေမေ့သားလုပ်ငန်းထူထောင်တာ ဘာမှပြန်မဝင် ထည့်ပဲထည့်နေရတာ ဘာလုပ်မှာလဲ.."

"သူလည်း ဖေဒါဖြူနောက်ကိုပဲ လိုက်နေတာမို့လား.."

အရှိအဲ့ပြသည့်မျက်ဝန်းတွေနဲ့ကြည့်တော့ 'ဒီလောက်တော့ငါသိ ဆိုသည့်မဲ့ပြုံးနှင့်.. ။

"ညည်းတို့မောင်နှမ ဘာတွေကြိတ်ကြံနေကြသလဲ မအေက မသိ နေတာလား..ကိုလင်းအကြောင်း ညည်းထက်ငါပိုသိတယ်နော်၊ သူ့ ယ်မပေးနိုင်ရင် မဖြားယောင်းနဲ့..ညည်းထက်နှစ်နှစ်ငယ်ပေမယ့် တ်လည်တယ်၊ ဒီကလေးကညစ်ပတ်တတ်တဲ့အကျင့်လည်း ရှိ

"အမျိုးဘိုးတူ.."

"ဘာရယ်.."

ဒေါ်မာလာခိုင် ဆတ်ဆတ်ခါသွားတော့ ဇကရီကရယ်သည်။ ပြီးတော့ ထရပ်လိုက်ကာ.. ။

"သမီးရောကောင်းလို့လားမေမေရယ်..အဲ့ဒါမေမေ့ဆီက လက်ချာတွေ

"ဟုတ်တယ်..ညည်းကိုလက်ချာပေးဖို့ရှိသေးတယ်၊ ညည်းရယ် ကိုကို ဟာမလေးရယ် ရုပ်ရှင်ရိုက်နေကြတာ ရပ်လိုက်တော့..ကိုကို့ကိုဒုက္ခ ရင် ဒီကောင်မလေးကို ကိုလင်းလက်ထဲထည့်ပေးလိုက်ရင် မပြီးဘူး သူ့ဟာသူနင်းနင်းချေချေ အလုပ်သမားကိုအိမ်ရှင်သူဌေးသားက ခြေ င်တယ်..ဒါပဲ၊ သူ့လမ်းကြောင်းနဲ့သူ ပြီးသွားမှာ.."

ဒေါ်မာလာခိုင်ဟာ ဤသို့သောအမျိုးသမီးကြီးဖြစ်လေသည်။ စိတ် လွန်းကာ ကိုယ့်ထက်သာနည်းနည်းမှမနာလိုတတ်ခဲ့။ လောင်းက ကြရင်တောင် မခံချင်စိတ်ထဖြစ်တာနှင့် စားပွဲအောက်ကအမှိုက်ပုံးကို ပွဲဖျက်ခဲ့တဲ့သူ။ ကိုယ့်ငွေတွေပါသွားပြီဆို အဲ့ဒီလူကားကို နောက် ချင်းလိုက်တိုက်သည်။ ဖုန်းဆက်ပြီး အဲ့ဒီလူအိမ်မှာ ပြဿနာ အောင်လုပ်ပစ်သည်။ ကိုယ့်ထက်သာလွန်သွားသည့် တစ်ဖက်သားကို လိုက်မလုပ်ရရင် ကိုယ့်ခေါင်းကိုယ် လက်သီးနဲ့ပြန်ထုတဲ့လူမျိုး..

"ပြီးတော့ကြည့်ဦး..သိန်းငါးဆယ်ပုံပေးပြီး ဘွန်းထိုးတော့တင်
တည်း.."

"တစ်နှစ်တောင် မသုံးဘူးမေမေ..အဲ့ဒီငွေလေးငါးဆယ်ကိုလည်း
မေဘာလို့ထည့်ပူနေတာလဲ၊ ဒီကောင်မကို ဇိကုပ်ထားလိုက်တာနဲ့ ကိုယ့်
တဲ့လူဆီက ထွက်လာမှာတွေ..ဟား ဟား.."

ဖြစ်ရလေ..ကိုယ့်ယောကျ်ားတော့ကိုယ်မပိုင်ဘဲ တခြားမိန်းကလေး
အကျပ်ကိုင်တောင်းယူရမယ့်ပိုက်ဆံကို တွက်ချက်ပျော်မြူးနေလိုက်တာ

"ညည်းကိုကြည့်ရတာ ကိုယ့်ယောကျ်ားကို ကိုယ်ပိုင်ပစ္စည်းလို့
တွက်သေးရဲ့လားဧကရီ.."

"မတွက်တာကြာပေါ့.."

ဟင်.. ၊

ဒါပဲဖြေပြီး ဧကရီကနေရာကထထွက်သွားသည်။ ရေခဲသေတ္တာ
ဖွင့်၍ ရေဘူးယူလိုက်စဉ် ရေခဲသေတ္တာပေါ်မှာ ခင်းထားသည့်ကော်ဇော
လေးပါလာပြီး ထိုပေါ်မှာတင်ထားသည့် ယွန်းထည်စုံတွဲရုပ်လေးပါ ပြု
ကျသွား၏။ တံခါးပြန်ပိတ်ပြီး လှည့်ထွက်လိုက်ကာမှ ခြေထောက်နား
ကြည့်၏။ ပြီးတော့ ဒေါသမကင်းသည့်အရှိန်နှင့် လွှဲကန်ပစ်လိုက်ပြီး

"တစ်ခုကိုလုပ်ရင် တစ်ခုကပျက်တယ်..ကျက်သရေကိုမရှိဘူး"

"ဘုတ်.."

စုံတွဲရုပ်လေးက ဒေါ်မာလာခိုင်ရပ်နေသည့်နားက ဆိုဖာအောက်
ကို ပြေးမှန်ကာ ခြေထောက်ရှေ့မှာလာကျလျှင်.. ၊

"အဲ့ဒါတစ်ခုလုပ်လို့ တစ်ခုပျက်တာမဟုတ်ဘူး..တစ်စဆွဲလိုက်တာ
နောက်တစ်စပါလာတာလို့ခေါ်တယ်၊ ဆွဲတာလည်း ဆွဲတတ်ရတယ်"

"ဒေါက်.."

"အား..သေပါပြီဗျာ.."

"ကိုလင်း.."

"သေပြီ..ကန်းပြီမျက်လုံး.."

အရုပ်လေးက သေးသေးလေးပေမယ့် မျက်လုံးကိုတည့်တည့်မှန်သွား
သည့်အရှိန်က မသေး။ သားအမိနှစ်ယောက် မျက်လုံးမျက်ဆံပြူးလျက်
လင်းမြတ်ဇော်ဘေးကို ပြေးလာကြရင်း.. ၊

"လာမယ်ဆိုလည်း အကြောင်းလေးဘာလေးကြားပါလား..ဖြန်း
ကြီး.."

"သြော်..ရန်ကုန်ကနေ ရောက်လာတဲ့သူကပြောရသေးတယ် ကျ



မနေ့လေးမှာနေတာ..မမဆီအချိန်မရွေးလာနေကျ.."

သားအမိသုံးယောက်၏ ဓာတ်ဓာတ်ချင်းထိဆက်ခြင်းသည် ကိုယ့်ကို
ပြန်၍ထိခိုက်ခြင်းကိုဖြစ်စေသော်လည်း.. ၊

"တောက်..လုပ်ပစ်ချင်တာက ဟိုကောင်မလေးကို ဒီ့ထက်ဆိုးအောင်"

ဖြစ်ရတော့ ကိုယ့်သား..။ ဒီအချက်သာ ဗေဒါဖြူခံလိုက်ရတာဆို
လောက်ကောင်းလိုက်မလဲလို့တွေးရင်း တနုံ့နုံ့ဖြစ်နေဆဲမို့ ဒေါ်မာလာ
ခေါက်လေသည်။

လောဘအတ္တအဆိပ်တို့သည် အတိတ်နိမိတ်ဆိုတာတွေလည်း မ

☎

## အခန်း(၇၇)

"နင့်ကိုယ်နင်ယုံကြည်မှုတော့ရှိသားပဲ.."

"ကျွန်မမောင်းတတ်ပါတယ်..ဒါပေမဲ့.."

နောက်ဆုံးမောင်းခဲ့ရတာကို မမေ့နိုင်ခြင်းကြောင့် အလုပ်စဆင်း နေ့မှာ ခြေဖျားလက်ဖျားတွေပါ အေးနေခဲ့သည်။ သူမကြောင့် သမီး ကြွေစေခဲ့ရသည်။

နောက်ထပ် ငါ့ကြောင့်ဘယ်သူမှမထိခိုက်ရဘူး .နင့်အသက်ထ ပြီး အလေးထားရမယ်ဒါဒါ..။ အလုပ်ရှင်ဆိုတာ ထမင်းရှင်ပဲ..ဒီကာ မောင်းပြီဆိုတည်းက ကျန်တာဘာမှမတွေးနဲ့၊ နင့်သူဌေးလိုရာခရီးကို ချောမောမောရောက်ဖို့ ဂရုစိုက်.. ၊

သူမရင်တွေတုန်နေတာကို ဧကရီကမသိ။ လှည့်ကြည့်လိုက် တည်ငြိမ်သယောင်မြင်နေရသည်။ တစ်ဖြောင့်တည်းပြေးနေသည့်ကား ငြိမ်နေသည်။ ဒါကိုကားမောင်းနိုင်သည်ဟု သတ်မှတ်တာမို့.. ၊

"နင်ငါ့ကိုသိနေတယ်မို့လား.."

"ဟုတ်တယ်.."

"ငါလည်းသိတယ်..နင်ကရန်ကုန်ကပဲ ကားဘယ်လိုမောင်းတ တာလဲ.."



ဒါဒါက သူမကိုလှည့်မကြည့်ပေ။ ရှေ့ကိုကြည့်၍ ဂရုစိုက်မောင်းနေ ၊

"ကျွန်မအမျိုးသားက ကားမောင်းတတ်တယ်..အိမ်မှာလည်းတက္ကစီ ကားရှိလို့ပါ.."

"ဒါဆို နင်ကားမောင်းကျွမ်းနေသင့်တာပေါ့.."

"သူသင်ပေးထားတာပဲရှိတော့ ခဏခဏမောင်းနေတာမျိုး မကျွမ်း တာပါ.."

ဒါဒါ့မျက်နှာမှာ အပြုံးအရယ်တစ်ချက်မှ မမြင်ရသေးပေ။ မေးတာ ပြီး လိုအပ်တာအပြင် ဘာမှလည်းမပြော။ သူမရဲ့မာကြောကြောပုံစံ ားကကြည့်ရင်း တစ်နေ့ကမေမေ့ကိုစာချုပ်အကြောင်း ဟန်ကြီးပန်ကြီး ပြောလိုက်တာကို သတိရသွားသည်။

မာကြောနေတဲ့ နင့်တစ်ကိုယ်လုံးရော အတွင်းစိတ်ရိုင်းတွေရော ငါ လိုပျော့ပျောင်းသွားအောင်လုပ်မလဲ ကြည့်နေလိုက်ဖေဒါဖြူ..ဒီနေ့က ငါ့ကားကိုနင့်လက်နဲ့ထိမိပြီ၊ အဲဒ့ါငါနင့်ကိုနှိပ်စက်ဖို့ ဖမ်းချုပ်လိုက် ချာပဲ..နင်ငွေမက်နေတာ ငါ့ကျွန်ဖြစ်ဖို့၊ ငါငွေပေးနိုင်နေတာ ကိုကို့ သည်းခွဲချင်လို့.. ၊

ဖုန်းဝင်လာသည့်အသံကြောင့် ရင်ထဲကကြိမ်းဝါးမှုတွေကို ပင့်သက် ရင်း ပြန်လည်မျိုသိပ်လိုက်ရကာ.. ၊

"ပြော..ငါအလုပ်ကိစ္စရှိတယ်.."

"မမနဲ့ဒါဒါပါလာသလား.."

မပါဘဲနေမလား..သင်းက ငါ့ဒရိုင်ဘာပဲ၊ ဒီကောင်လေးတော့ ပြော ရင်လည်း မကောင်း.. ၊

"ဘာလုပ်မလို့လဲ.."

"ကျွန်တော်မရတော့ဘူးမမ..နည်းနည်းတော့ ငြိချင်တယ်ဗျာ၊ ကွင်းန် လာခဲ့ပါ..သူ့ကိုပါကင်မှာ ားခဲ့မှာပဲဟာ.."

ကွင်းန်သည် အစကK2ဖြ ်ကာ သူမဝင်လာကာမှ ကွင်းန်ဖြစ်သွား ကြာသေးပေ။ K2ကိုဦးတည်လိုက်တာနဲ့ ကိုကို့K2မှန်း ဒီကောင်မ နိုင်၏။ ဒါဆို ကိုယ်နဲ့ကိုကိုဘယ်လိုပတ်သက်သလဲဆိုတာတွေ သိ ယ်ရှိနေသည်မို့.. ၊

"မဖြစ်သေးဘူး..ထပ်မပြောနဲ့တော့၊ ဒါပဲ.."

ဟား'ခနဲ ကိုလင်းအသံကြီးကိုကြားဖြစ်အောင်ကြားလိုက်သေးသည်။ တော့ ဖုန်းပြန်ချလိုက်ရင်း ဒါဒါ့ကိုမသိမသာငဲ့ကြည့်မိသည်။ ကိုကို

နဲ့သင်းနဲ့ဘယ်အခြေအနေလဲ..။ ဖောက်ပြန်ကြတဲ့အဆင့်ထိ မရောက်... ကိုသိနေသည်။ ဒါပေမဲ့ ကိုကိုကအိမ်ထောင်သည်ဆိုတာကို မပြော... ဘာအတွက်လဲ..။ ကိုယ်နဲ့ကလင်ခန်းမယားခန်းပြတ်သလိုဖြစ်နေပြီမို့ ... ပြောစရာမလိုဘူးတွက်တာလည်း ဖြစ်နိုင်သည်။ ဒါဒါ့ကိုကူညီနေ... လိုလိုအခြေအနေလောက်ပဲလည်း ဖြစ်နိုင်သည်။ ဒါမှမဟုတ် ကိုကို... ကြိတ်ချစ်နေပြီး ဒါဒါ့ကိုရိုးသားသယောင်ကူညီတာမျိုးရော.. ၊

ထွီ..ရွံလိုက်တာ.. ၊

ဒီလိုမိန်းမကို ကြိတ်ကြွေနေတယ်တဲ့..သင်းကရော ဘယ်လိုမိန်း... ကိုကို့လိုလူကို မသိချင်ယောင်ဆောင်နိုင်မှာလဲ.. ၊

"ကျွိ.."

"အမလေး.."

"ဆောရီးပါမမ..ခွေးလေးရုတ်တရက်ဖြတ်ပြေးလာလို့.."

"ခွေးဖြတ်ပြေးတာက အရေးကြီးလား..ငါ့ကိုယ်မှာဒဏ်ရာရမှာ အ... ကြီးသလား.."

ရင်ခုန်သံတွေ တဒိန်းဒိန်းမြည်နေဆဲမို့ ရင်ဘက်ကိုဖိရင်း ဧကရီ... ပစ်လိုက်သည်။ ဒီနေ့ဟိုတယ်လ်မှာ ကိုကိုတို့ရှိကြမှာ သတင်းအတိ... ရထားသည်။ ဦးခန့်ညားနဲ့ကိုကိုတို့လွှဲပြောင်းခြင်းစာချုပ်ကြီးချုပ်ကြ... ဒါဒါ့ကိုဒရိုင်ဘာလုပ်ပြီး ဟိုတယ်လ်ခေါ်သွားဖို့ ကိုယ့်ကိုယ်ကိုသေ... ဆင်လာခဲ့တာတွေ.. ၊

"တောက်..ရင်ထိုးဘယ်ပြုတ်ကျသွားလဲမသိဘူး၊ နင်ဟာလေ... မောင်းတာ နှစ်ရက်မပြည့်သေးဘူး၊ သောက်ကြောတင်းတဲ့ပုံစံကစလာ... တွေ့မယ် ငါနဲ့.."

ပထမဆုံးရှိုင်းပျခံရခြင်းက နားထဲမှာခါးသွားသည်။ သို့သော် ... ရဲ့အသုံးမကျခြင်းကြောင့် ဧကရီအထိတ်တလန့်ဖြစ်သွားသည့်အတွက် ... မှာအပြစ်ရှိသွားသလို ခံစားလိုက်ရကာ.. ၊

"မကြောက်နဲ့နော်မာမင်း..ဘာမှမဖြစ်ဘူး၊ **သမီးလေးကိုဖက်ထား..**"

"ဒုန်း.."

"အား.."

"ဟဲ့..ဟဲ့.."

ကားမှောက်ခဲ့သည့်ဖြစ်ရပ်ကြီးက ရုပ်ရှင်ပြကွက်တွေလို ပြန်ပေါ်... ခဲ့သဖြင့် ကားကဘာနဲ့မှမထိခိုက်မိဘဲ ယမ်းခါသွားသည်။ အစတည်း... သည်းခံဖို့စိတ်ကူးမရှိခဲ့သည့် ဧကရီ့လက်သည် ဘေးမှာချထားသည့် ...



...လေးနှင့် လွှဲ၍.. ၊

"...ကိုရွဲ့တာနင်.."

"...ဟုတ်ဘူးမမ.."

"...င်ယုတ်မာတာ..ငါဆူနေလို့ ပညာပြတာ၊ အဲ့ဒါပြဦး..ကားရပ်စမ်း၊ ...ရိုက်ချင်လို့.."

...ပေါ်းရိုက်တာကို ခံဖို့မဟုတ်ပေမယ့် နောက်ကနေခေါင်းအုံးနဲ့တ...ရိုက်နေသဖြင့် ကားကိုလမ်းဘေးသို့ဖြစ်သလို ထိုးဆင်းချလိုက်ရ... ခေါင်းအုံးနဲ့အဆက်မပြတ်လွှဲရိုက်လို့အားရမှ ဧကရီက အသက်ရှူ...နေလျက်.. ၊

"...ပါးမဝနဲ့ဗေဒါဖြူ..ငါပေးတာယူပြီးရင် ငါခိုင်းတဲ့အတိုင်းလုပ်ရ... ငါပြောတာနာခံရမယ်..ပြန်မပြောနားမထောင်မလုပ်နဲ့၊ နင့်သောက်... သိဘူးမှတ်နေသလား.."

...ဒါမျက်နှာငုံ့ထားရင်း တစ်ခွန်းမှပြန်မပြောခဲ့ပေ။ ဒီလိုအချိုးနဲ့မိန်း... ...သိတဲ့အချိန်က နောက်ကျခဲ့ခြင်းနှင့်ပတ်သက်၍.. ၊

အခန်း(၇၈)

မှားပြီလို့မအော်နဲ့..နောက်ပြန်လှည့်ဖို့ မစဉ်းစားနဲ့၊ ဒီလိုရှိတယ် သူတို့ပြောခဲ့တယ်..သူ့ငွေမယူခင်တည်းက နင်သိခဲ့တယ်၊ လှမ်းမိတဲ့ခြေလှမ်း ပြန်ရုတ်ပြီး ယောင်နနဖြစ်နေရမယ့် အချိန်မဟုတ်ဘူး.. ၊

ကိုယ့်ကိုယ်ကိုအားပေး၍ ဘုရားစင်ရှေ့မှာထိုင်နေခဲ့တာကြာပြီဖြစ် သည်။ မျက်ရည်တို့သည် သခင့်အလိုကျမျက်ဝန်းအိမ်ထဲကနေ ပြိုကျ ကျော်မလာသော်လည်း လှုပ်လီလှုပ်လဲ့ပြိုလုပြိုခင်.. ၊

"ဘုရားတပည့်တော်မ ဒီဒုက္ခဆင်းရဲခြင်းတွေကိုလည်း ကျော်ဖြတ် နိုင်ရပါလို၏ဘုရား..တပည့်တော်ပိုင်ဆိုင်ထားပြီးသည့်ငွေကို ဆက်လက် ဆုပ်ကိုင်ပိုင်ဆိုင်ရပါလို၏.."

ညဏ်တော်တစ်ပေခွဲခန့်ရှိသော ဗုဒ္ဓဆင်းတုတော်သည် ရွှေရောင်အ လက်လက်နှင့် မီးရောင်အောက်မှာ စံပွာယ်တော်မူနေသည်။ အနီရောင်နှင်း ဆီပွင့်တွေက အငုံမကအပွင့်မကျသော ထွေးငုံခြင်းမအာ့တအာနှင့် ဘုရား ရှင်၏မျက်နှာတော်ရှေ့မှာ ကြည်ညိုဖွယ်လန်းဆန်းနေကြ၏။ သူ့ဌေးအိမ် မှာ ဒရိုင်ဘာအဖြစ်နဲ့နေရတာကြောင့် တစ်ခါမှဒီလိုအနီးကပ်မဖူးမြော်ခဲ့ရဘူး သော ကြီးကျယ်ခမ်းနားသည့် ဘုရားစင်ကိုဦးခိုက်ပူဇော်ခွင့်ရခဲ့သည်။ သူ တို့တွေအတွက် ဒီလိုဘုရားခန်းက အသေးအမွှားလောက်ပဲဖြစ်ချင်ဖြစ်သည်



အတွက်တော့ ရောက်လာတည်းက ကြည်ညိုလို့မဆုံးဖြစ်နေခဲ့တာ ဒီ င်ပဲဖြစ်လေသည်။

အခု မေမေစွန့်စားခဲ့လို့ ဒီလိုဘုရားစင်ရှေ့ကို ရောက်လာခဲ့ပြီ။ နောက် ည်း ဘယ်လောက်ခက်ခဲပါစေ ဘာတွေပဲကျော်ဖြတ်ရပါစေ မေမေရဲ စွန့်စားမယ်။ မေမေလေ..သမီးလေးနဲ့သမီးရဲ့အဘွားနာမည်တွေနဲ့ ဘု ည်မယ်..ကမ္ပည်းတင်မယ်၊ အဲ့ဒီရည်ရွယ်ချက်ကို ဘယ်လိုဒုက္ခအခက် ကြောင့်မှ မပျက်စေရဘူး.. ၊

သူမဘုရားစင်ရှေ့မှာ ကျုံ့ကျုံ့လေးထိုင်ပြီး တတွတ်တွတ်ရေရွတ်နေ ည်။ သမီးလေးနဲ့အမေ့အတွက် လလည်ဆွမ်းလေးတောင် ကိုယ်တိုင် န်း အမျှမဝေနိုင်ခဲ့သည့်အဖြစ်အတွက် နာကျင်ခဲ့ရတာ ဘယ်တော့မှ င်ေ။ ဒါကိုဘယ်သူ့ကိုမှလည်း ရင်မဖွင့်မိအောင် နေခဲ့သည်။ ကိုယ် ည်းမတွေးရဲခဲ့တဲ့အထိ နာကျင်မှုတွေကို မျိုသိပ်ထားခဲ့ရသည်။ ထို့ င် ကိုယ့်မှာသာ ဝတ်စရာတစ်လက်ဝါးတောင် အပိုမရှိခဲ့ပေမယ့် ဒီနာ ချက်ကြောင့် သူမဆုံးဖြတ်ချက်အခိုင်အမာချခဲ့သည်။ မင်းမင်းနဲ့အ တွက် သူမဘုရားတည်နိုင်အောင် ကြိုးစားမည်။ အူမတောင့်မှသီလ သည်ဆိုသော်ငြား သူမပိုက်ဆံကိုပဲလိုသည်။ ဘုရားတည်ပြီး ဘုရား ော်ရင်းမှာပဲ အဝတ်စုတ်ထုပ်ခေါင်းအုံးအိပ်ရပါစေ ဒီရည်ရွယ်ချက်ကို အောင်လုပ်မည်။

ညကစောစီးစွာ အနားယူနေပေမယ့် မျှော်လင့်ချက် ရည်ရွယ်ချက်တွေ သူမဘုရားစင်ရှေ့မှာ ငုတ်တုတ်ထိုင်နေမိဆဲ။ သို့သော် ဖြစ်ပျက်ရှုနေတာ မဟုတ်။ တရား၏လမ်းစဉ်တွေကို စိတ်ဝင်စားနေတာလည်းမဟုတ်ဘဲ လေးရဲ့မျက်နှာကို မြင်နေခဲ့တာဖြစ်သည်။ ပြီးတော့ အမေ။ ရှင်သန်ခဲ့ ရယ်စရာငိုစရာပုံရိပ်တွေ။ သေဆုံးသွားတဲ့အခါ ကြေကွဲဖွယ်ရာရှိုက် ။ နောက်ဆုံးလို့သတ်မှတ်သော မျက်ရည်တို့သည်လည်း နောက်ဆုံး များစွာရှိသည့်အရေးကို အကြောင်းပြုလျက် တလိမ့်လိမ့်စီးလာကြ၏။ မှာ ပိုက်ဆံလေးသိန်းချီကိုင်လာရတာနှင့် နေစရာစားစရာမရှိသည့် မိန်း တစ်ယောက်က ဘုရားတည်ဖို့ကြိမ်းဝါးနေတာ ရည်ရွယ်ချက်တွေခိုင် တာ ဖြစ်သင့်ရဲ့လား..လူတွေကြားရင် ရယ်ကြမလား.. ၊

ဒါပေမဲ့ ကိုယ်ဖြစ်ချင်တာကို ဒီလူတွေက စွမ်းဆောင်ကူညီကြမှာမ ေ။ ကျရှုံးရင်လည်းကိုယ် အောင်မြင်ရင်လည်းကိုယ်ပါပဲ။ ထို့ကြောင့် ဘူးရဲရမည်။ ဖြစ်မြောက်အောင်ခြေလှမ်းရဲရမည်။ အမေနဲ့သမီးလေးအ ဘုရားတည်ကမ္ပည်းထိုးအလှူပေးနိုင်ဖို့သာ အဓိက..

တာဝန်နဲ့လူက မမျှသည်မို့ အချိန်တိုင်းအထပ်ထပ် အားတင်းနေရ
သည်။ မျှမျှမမျှမျှသူမဖြစ်အောင်လုပ်မည်။ ဒီလမ်းကြောင်းမှာ သူမဘဝထား
ခ အကောင်းတိုင်းကျန်နေမယ်ဆို ကျေနပ်နိုင်သည်။ ကျန်တာဘယ်လိုပြဿ
နာ မားခက်ခဲတဲ့ဒုက္ခတွေဖြစ်ပါစေ.. ။

ဇကေရီဒေါသတွေ မောက်မာမှုတွေပေါ်လာတော့ သူမခေါင်းခါထုတ်
ပစ်လိုက်သည်။ သူမမှန်းမသိလို့ စာချုပ်ခဲ့မိလေခြင်းဆိုသည့် နောင်တကို
ဖယ်ထုတ်ခဲ့သည်။ ဇကေရီသည် သူမဖြစ်နေနေမနေနေ ကိုယ်လိုအပ်နေတာ
ကို သူမပဲပေးနိုင်သည်။ သူမဆိုးသမျှ သည်းခံနိုင်ရမည်။ မသန်းဝင်းတို့
လုပ်ငန်းမှာ ရှယ်ယာထည့်နိုင်လောက်သည့်ငွေပမာဏရဖို့ ဘယ်လိုနာကျင်မှု
တွေလာပါစေ.. ။

အမေတို့ရောက်ရာဘုံဘဝက သာဓုခေါ်နိုင်ပါစေ.. မကျွတ်မလွတ်ကြ
သည်ရှိသော် ကျွတ်တမ်းဝင်နိုင်ပါစေ..ကောင်းရာဘုံဘဝ သို့မဟုတ် ဘဝ
တစ်ခုမှာ အစပြုမှီတွယ်နေသည်ရှိသော် ဤကောင်းမှုကြောင့် ပို၍ကောင်း
မွန်အေးချမ်းသောဘဝကို ရပါစေ..ပိုကောင်းတဲ့အခြေအနေမှာ အေးချမ်းကြ
ပါစေ....

အမေနဲ့မင်းမင်းရေ.. သမီးလေးရေ အမျှ အမျှ အမျှ..

သာဓု..သာဓု သာဓု..

အမေရယ်သမီးလေးရယ်နှစ်ယောက် အတူရပ်နေကြသည်။ သူမနား
ကိုတိုးမလာကြဘဲ တံခါးနားတရားနာလူထုရဲ့အပြင်မှာ ရပ်နေကြ၏။ သာ
ဓုခေါ်သံကြားလို့ ကြည့်လိုက်ကာမှ နောက်ကိုခပ်ဖြည်းဖြည်း ဆုတ်သွားကြ
သည်။ အမေတို့ပါလားဆိုပြီး ဝမ်းသာအားရဖြစ်သွားကာမှ မျက်နှာတွေက
ဝေဝါးသွားသည်။

"မိခင်ဖြစ်သူဒေါ်သီတာအေးနှင့် သမီးမသဇင်မင်းခေါ် မင်းမင်းတို့
ရောက်ရာဘုံဘဝကနေ အမျှရကြပါစေ..သာဓုခေါ်နိုင်ပါစေ၊ အမျှ အမျှ
အမျှ..

"သာဓု သာဓု သာဓု.."

သာဓုခေါ်သံထဲမှာ အမေနဲ့သမီးပါတယ်..သူတို့အမျှရကြတယ်၊ ဒါဒါ
မတ်တပ်ထရပ်ရင်း ကြည့်လိုက်မိသည်။ တည်ထားသည့်ဘုရားစေတီကြီး
က ရွှေရောင်ဝင်းဝင်းနှင့် ထီးတော်ကရွှေဆည်းလည်းတို့အသံက တလွင်
လွင်။ လူထုဗိုလ်ပါတို့က စည်ကားလွန်းသည်။ သူမသည် အဖြူရောင်မှာ
အပြာနနရိုက်ထမိ အင်္ကျီလက်ရှည်ရင်စေ့အဖြူလေးနှင့်။ သို့သော် ပါးပြင်မှာ
မျက်ရည်တွေစို၍နေခဲ့၏။



"သာဓုခေါ်နေသမီး..အမေလည်း သာဓုခေါ်ပါ၊ ဒီအလှူပွဲကြီးက အ
မေနဲ့သမီးအတွက် ရည်စူးထားတာ..အမေနဲ့သမီးလေးတို့ ဘယ်လိုဘုံဘဝ
ရောက်နေနေ.."

"ဒုန်း.."

ဖျတ်ခနဲလန့်နိုးသွားလျှင် သူမသည် ဘုရားစင်ရှေ့မှာ ကျုံ့ကျုံ့ထိုင်
နေသည့်ပုံစံအတိုင်း ခေါင်းအုံးပေါ်မှာ မှောက်လျက်သားအိပ်ပျော်နေခြင်း
ဖြစ်လျက်.. ။

"ဒုန်း..ဒုန်း.."

"ဒါဒါ..ဟဲ့ ဒီအချိန်ထိမနိုးရအောင် ဘယ်ဘုံဘဝရောက်နေလို့လဲ.."

"လာပါပြီ..ခုချက်ချင်းလာပါ့မယ်.."

လှမ်းအော်ပြောလိုက်ရင်း 'မိုးလင်းနေပြီ'ဟု အထိတ်တလန့်ရေရွတ်မိ
သည်။ နေရာမှကျုံးထလိုက်တော့ လက်မောင်းနှစ်ဖက်က နာကျင်သွားသည်။
သို့သော် ဂရုမစိုက်အားဘဲ အခန်းထဲပြေးဝင်ကာ ဆံပင်အမြန်ဖြီး၍ ခေါင်း
ကိုထွင်းနဲ့တင်းနေအောင် စည်းထားလိုက်သည်။ မျက်နှာသစ်ဖို့ဘေဇင်
ကိုကြည့်ကာမှ သူမမျက်တောင်တွေမှာ မျက်ရည်တွေစိုလူးနေတာ သတိထား
မိသည်။

အိပ်မက်ပေမယ့် သူမတကယ်ငိုနေခဲ့သည်။ မျက်ရည်တွေအိုင်ထွန်း
သည်အထိ ငိုနေခဲ့တာ နိုးလာတဲ့အချိန်ထိ မရပ်တန့်နိုင်သေး။ အိပ်မက်ထဲ
မှာ သူမလှူနိုင်ခဲ့သည်။ အောင်မြင်ခဲ့သည်။ အမေနဲ့သမီးလေးကိုလည်း
အမျှပေးနိုင်ခဲ့သည်။ အပြင်မှာလည်း ဒီတိုင်းအောင်မြင်ရမည်။ ကားထုတ်
သွားခဲ့သည့်အချိန်မှာ ဒါဒါ့မျက်နှာလေးသည် ငိုမျက်ဝန်းမှာပြုံးရိပ်ဆင်
လျက်.. ။

## အခန်း(၇၉)

"မဟုတ်ပါဘူးအန်ကယ်လ်သောင်းရာ..ရန်ကုန်မှာစခဲ့တဲ့ ပရော့ဂျက် မို့ပါ၊ ပြီးတော့ ဒီပရော့ဂျက်ကလည်း ကြာပြီလေ..ဖေဖေမဆုံးခင်တည်း ဆိုတော့ ကြန့်ကြာမှုနဲ့တွက်ရင် တစ်နှစ်နီးပါးရှိနေပြီ.."

"အေးပါ..အေးပါ၊ နောက်တစ်ခါတော့ ကျုပ်တို့ကိုဖယ်မထားဖို့ ချင်တာပါ.."

"ဟုတ်တယ်နော်ဦးကို..ဖေဖေက ဦးကိုဘာလုပ်လုပ်သိပ်စိတ်ဝင် တာ၊ သူ့သားတွေက အားမကိုးရတော့..ဟွန်း ဟွန်း.."

မျက်နှာပူပူနဲ့ပြောရသလိုမျိုး သားအဖနှစ်ယောက်လုံးက အစည်း ဝေးပြီးတာနှင့် ကိုကို့ဘေးကိုတန်းရောက်လာကြသည်။ ဒီကပြီးလျှင် မိ ဆွေတစ်ယောက်၏လုပ်ငန်းမိတ်ဆက်ပွဲကို ဆက်ကြဦးမှာမို့ လူစုကကွဲ သွားကြဘဲ Meeting Roomရှေ့မှာပဲ လုပ်ငန်းအကြောင်းဆက်ပြောနေ ၏။ ထိုစဉ် ဟိုတယ်လ်ရှေ့ကိုရောက်နေပြီဖြစ်သည့် ကေရီ့ခေါင်းထဲ အစီအစဉ်တွေအပြည့်နှင့်.. ။

"ဒီမှာခဏရပ်ဦး.."

ဟိုတယ်လ်ကြီးက နာမည်ကြီးသလောက် အပြင်ကနေမြင်လိုက်တာ နှင့် ရင်ခုန်သံတွေမြန်သွားလောက်အောင် ထည်ဝါလွန်းသည်။ ဒီဟိုတယ်



ကိုကိုတို့အစည်းအဝေးလုပ်နေကြသည်။ သူမ ဒါဒါ့ကိုခေါ်ပြီး တမင် အောင်လာခဲ့တာဖြစ်ပေမယ့် ဟိုတယ်လ်ကိုတစ်ခါမှမရောက်ဘူးတာ ကိုကိုဘယ်အထပ်မှာရှိနေသလဲ..အထဲကနေ အပြင်ကိုမြင်သာတာ ကလဲ..။ ဘယ်လိုမှခန့်မှန်းလို့မရ။ ဒါဆိုရင်တော့ တစ်ခုပဲရှိတော့ ဒေါ်ဖြူ့အပေါ် ကိုကိုဘယ်လောက်ထိ စိတ်ရောက်နေခဲ့သလဲ..ဘယ် နဲ့လဲဆိုတာ သိဖို့ကြိုးစားမည်။ ကိုယ်ခန့်မှန်းထားတဲ့အတိုင်းသာ ။

"ဟလို.."

ကိုကိုဖုန်းတန်းကိုင်လိုက်တော့ ပြုံးမိသည်။ ကိုင်မှာပေါ့..နံပါတ်စိမ်း ခေါ်လိုက်တာကိုး.. ။

"ဟလို.."

အတိတ်တမဲ့ထူးပြီးမှ ဘာမှထပ်မပြောသဖြင့် ပြန်ချလိုက်ဖို့ ပြင်ကာမှ၊

"ကိုကိုလား..ကေရီအပြင်မှာရောက်နေတယ်ကိုကို၊ ဒရိုင်ဘာအသစ် ခိုင်းလာခဲ့တာလေ..တန်ဖိုးကြီးတဲ့ပန်းအိုးကြီးကို တိုက်မိသွားလို့ တက်နေတယ်.."

"ခေါင်းကိုဘယ်သူခေါ်လို့လဲ..ဘာကိစ္စနဲ့လဲ.."

"ကိုကိုအဲ့လိုမေးမှာစိုးလို့ တမင်တကာကြိုမပြောဘဲလိုက်ခဲ့တာ..ဒီဒ အတိတ်အပြတ်ကြောင့်လေ၊ ဟဲ့ ဟဲ့..ဘက်ခ်ပြန်ဆုတ်ဖို့ပဲ ဇွတ်မလုပ်

"ဟျွတ်.."

ကိုကိုစိတ်ပျက်သလိုညည်းမိကာ ပြတင်းပေါက်နားသွား၍ အပြင်ကို ကြည့်လိုက်မိသည်။

ကေရီကလည်း ကိုကို'ဟျွတ်'ခနဲဖြစ်သွားတာကို သိသည်။ ထထွက် မြင်သာတဲ့နေရာကနေ ထွက်ကြည့်မလား..ဘာမှမသေချာသော် ကိုကိုတွေ့တော့မှာကို သိလိုက်၏။ ထို့ကြောင့် လမ်းကြားသေးသေး ဒက္ခရောက်နေသည့်ဒါဒါ့ကို စိတ်မရှည်သလိုလို အော်ပစ်၍ စတီ ကို ဝင်ဆွဲပစ်လိုက်သည်။

"မမ.."

"ခုန်း..ဂျွတ်.."

"ဟိုး..ဟိုး ဟိုး.."

ဟိုတယ်လ်ပါကင်စောင့်ရော လုံခြုံရေးတွေပါ ပြေးလွှားရောက်လာ သည်။ လုပကြီးမားသည့် ပန်းအိုးကြီးတွေကြားထဲ ဦးခေါင်းတိုးဝင်နေ

သည့် ကား၏အဖြစ်သည်.. ၊

"ဘယ်လိုလဲဗျ..ကားမမောင်းဟတ်ဘဲ ဖွတ်ဝင်လာရသလား.."

"မင်းမတားဘဲ ကြည့်နေရသလားကွ.."

"ကျွန်တော်ပါကင်ပြမလို့ ဘာမှကိုပြင်ဆင်ချိန်မရလိုက်ဘူးဆရာ"

ဘယ်ရမလဲ..ဘယ်သူမှပြင်ဆင်ချိန်မရအောင် တမင်လုပ်ထားတာ ဧကရီ စိတ်ထဲမှာကြိတ်ရယ်နေပေမယ့် မျက်နှာသည်ထိတ်လန့်မှုတွေ သတွေနှင့် လုံးထွေးနီရဲနေလျက်.. ၊

"နင်ဘယ်လိုလုပ်လိုက်တာလဲဒါဒါ..နင့်ကိစ္စမဟုတ်ဘူးဆိုပြီးတော့ လား၊ နင်ရှင်းစရာမလိုဘူးထင်လို့လား..ပြောစမ်းပါ.."

ကိုကိုကားကိုမြင်လိုက်သည်။ ပန်းအိုးတွေကြားထဲမှာ လူတွေဝိုင်း တာလည်းတွေ့သည်။ သူများကိုဒုက္ခပေးဖို့ တော်တော်ဝါသနာပါတဲ့မိန်း လို့စိတ်ထဲကတွေးမိရင်း ဥပေက္ခာထားလိုက်ဖို့ ရည်ရွယ်ချက်နှင့် ဒီဘက်ပြ အလှည့်.. ၊

ဟင်.. ၊

အမှတ်တမဲ့ဖြတ်ပြေးသွားခဲ့သည့် မျက်လုံးတွေက ခရီးလွန်နေမှ 'ဟင်' ခနဲဖြစ်၏။ ချက်ချင်းနောက်ပြန်ဆွဲ၍ ကြည့်လိုက်တော့ဒါဒါ.. ၊

"နောက်ဆုတ်မနေနဲ့..ရှေ့ပြန်တိုးလေဒါဒါ၊ နင်အသုံးမကျတာနဲ့ ငါ ဟိုတယ်လ်ထဲကနေ ဆွဲထုတ်ခံရတော့မယ်..ဒါဒါ ဟဲ့.."

ကားက ပန်းအိုးတွေကြားထဲ ပါးတစ်ဖက်ဝင်ချိတ်နေကာ နောက်ပြ ဆုတ်တော့ အုတ်ခုံနှင့် ရှေ့ထပ်တိုးတော့လည်း ပန်းအိုးတွေကြားထဲပဲ ထ တိုးသလိုဖြစ်နေသည်။

"တောက်..အသုံးကိုမကျဘူး၊ ရပ်ထားလိုက်တော့..နင်ဆင်းသွား ဖယ်စမ်း.."

"ဟော့.."

ဒါဒါ့လက်ကိုဆောင့်ဆွဲ၍ ပခုံးကိုတအားထုနှက်နေတော့ ကိုကိုက ယောင်ကတန်းလှမ်းအော်မိ၏။

"ဧကရီ..ဟော့.."

ခေါ်ပြီးမှ ကိုယ့်အခြေအနေကို ပြန်ထိန်းရသည်။ ဖုန်းခွာထားလိုက် ပြီး နှုတ်ခမ်းတွေဖွင့်၍ ပင့်သက်ရှိုက်သည်။ ပြီးတော့ မြင်နေရသည့်အရပ် ကနေ နောက်ကိုခြေလှမ်းဆုတ်နေလိုက်ရကာ.. ၊

"ငါအစည်းအဝေးလုပ်နေတယ်..မအားဘူး၊ အဲ့ဒီမှာတစ်ယောက်လွှတ် လိုက်မယ်.."



"အို..မရပါဘူး၊ ကိုကိုနဲ့ပြောစရာရှိလို့လာတာကို..ကိုကိုလာမှပေါ့.."

"မလာနိုင်ဘူး.."

ဖြတ်တောက်စွာပြော၍ ဖုန်းချပစ်လိုက်သည်။ ဘာကြောင့်မှန်းမသိ တားဆီးခြင်းတစ်ရပ်က ဒါဒါ့ကိုဒီပုံစံနဲ့ထွက်မတွေ့ဖို့သာ တိုက်တွန်း ၏၊ အကယ်၍ ယခုမှားယွင်းခဲ့သော ခြေလှမ်းအတွက် ပြင်ဆင်ခွင့်မဲ့ တာသာ သူကြိုသိခဲ့ပါလျှင်.. ၊

ဟွန့်.. ၊

ဧကရီအသံမထွက်ပေမယ့် ရင်ထဲမှာ အားပါးတရကြိမ်းဝါးပစ်မိ ၊ သေချာပေါက် ကိုကိုဒါကိုမြင်သည်။ ဘာဖြစ်သွားတာလဲဆိုတာ သဲ့ဝင်လာသည့်ဖုန်းထဲက အသံတွေက သက်သေပြသည်။ ကိုကိုထွက် တဲ့အတွက် နောက်ထပ်ဘယ်တော့မှ ရှေ့ထွက်ခွင့်မရတော့ဘူးဆိုတာ ားလိုက်တော့ကိုကို.. ၊

တက်ခေါက်ချင်စိတ်ကို နှုတ်ခမ်းကိုက်မျိုသိပ်နေရရင်း ရယ်ချင်လာ ၊ ငါမရှုံးဘူး..နင်မရှုံးသေးဘူးဧကရီ နင်ပြောနေတာတွေသူကြားတယ်၊ နေတာတွေကိုလည်း သူမြင်တယ်..ခုလောက်ဆို ဟိုတယ်လ်ထဲမှာ နေပြီလား တက်ခေါက်လက်သီးဆုပ်နေပြီလား.. ဒါမှမဟုတ် ကိုယ် သလောက် ဗေဒါဖြူကသူ့အတွက် အရေးပါရဲ့လား..။ ဘာပဲဖြစ်ဖြစ် လို့တွက်နေပေမယ့် ကိုကိုထွက်လာမှ သူတို့အခြေအနေ သို့တည်း ကိုကို့မျက်နှာကို အကဲခတ်နိုင်မှာမို့ မချင့်မရဲဖြစ်နေမိတာတော့ အ ၊

"ကိုကိုကရော.."

"သူ ဌေးအလုပ်ရှုပ်နေလို့ပါ.."

ရောက်လာသည့်လူရွယ်တစ်ယောက်က မတည်မပြုံးမျက်နှာနှင့်ရှိကာ လ်ကလူတွေဆီ ဘာတွေသွားပြောနေသည်မသိ။ အားလုံးပဲခေါင်း ကျေနပ်သွားကြသည်။ သူမအထဲကိုဝင်မလိုက်တော့ပါ။ လိုက်ဖို့လည်း ည်းက ရည်ရွယ်ခဲ့တာမဟုတ်။ ရည်ရွယ်စရာဘာအကြောင်းမှလည်း ကိုကိုနဲ့သူမအတွက် ပတ်သက်ကြဖို့ ဘာအကန့်မှလည်း မရှိသည်မို့၊

## အခန်း(၈၀)

"အဲဒါညည်းမမှားဘူးဇကရီ..ငါ့သမီးဆုံးဖြတ်လိုက်တာမှန်တယ်.."

"ဒါပေမဲ့ တစ်ချက်စိုးရိမ်တာက သမီးဒီဟာမအတွက်နဲ့ မချိမဆန့် ... နီးထားရတာမေမေ.."

"ခက်တာပဲအေ.."

"ပြောပြတာပါမေမေရယ်..ကားမောင်းလည်းမကျွမ်းကျင် ... လည်းအများကြီးပေးရတယ်၊ စပေါ်တင်ထားရတာက ရှိသေး.."

"ကားမောင်းမကျွမ်းကျင်တော့ သူမှားလေညည်းပါးရိုက်လို့ ရ... ဟုတ်ဘူးလား..လစာတွေအများကြီးပေးထားလို့ ခုလိုညည်းရှေ့ရောက်... တာပေါ့၊ စပေါ်တင်ထားမှ ကိုယ်ဆိုးချင်သလိုဆိုးတာ သူခံမှာလေ.."

မေမေပြောတော့လည်း ဟုတ်နေသည်ပင်။ ဒါပေမဲ့ ဒီငွေတွေကို ... သုံးခဲ့တာ ငှက်နှစ်ကောင်စလုံး တစ်ပြိုင်တည်းပစ်ချနိုင်ဖို့ဖြစ်သည်။ ... သားချင်းပါးရိုက်နိုင်ဖို့အတွက်နဲ့တော့ ဒီလောက်မတန်.. ။

"မေမေ့သားလေ..အဲ့မှာ.."

သားအမိစကားပြောနေတုန်း ကိုလင်းဆီကဖုန်းဝင်လာတော့ ... ဖောင်းထိုးမိ၏။

"အဲ့ဒီသတ္တဝါလေး ငါးရံ့ပြာလူးဖြစ်နေတာ.."



"သူချစ်တာကိုးအေ့.."

"အို..ချစ်စရာလား၊ အဆင့်မရှိတဲ့ဟာကို.."

"ဇကရီရေ..ကိုယ့်ကိုယ်ကိုလည်း ပြန်ကြည့်ဦးနော်.."

ဒေါ်မာလာခိုင်က အသံအုပ်အုပ်နှင့် မျက်နှာရှေ့တိုး၍.. ။

"သားအမိနှစ်ယောက်ပေါင်းတာတောင် သိန်းရာချီမကိုင်ထားနိုင် ...ဘူး.."

"အဲ့ဒါကြောင့်ပြောနေတာလေ..ဒီဟာမကြောင့် ပိုက်ဆံတွေဖုံးကြဲသုံး ...ရတာ ဇကရီဘာသာသိနေတယ်.."

မရခင်တည်းက တကောက်ကောက်လိုက်ကြည့်ခိုင်းထားရသည်။ ...ရှေ့ရောက်လာဖို့ ဇာတ်လမ်းတွေဆင် လူမျိုးစုံနဲ့သင့်တင့်အောင်ပေါင်း ...အချိန်ရော ငွေတွေပစ်သုံးခဲ့ရတာ နည်းတဲ့အရင်းအနှီးလား.. ။

"အဲ့ဒါတွေပြန်ရဖို့က ကိုကိုထွက်လာမှဖြစ်မှာ.."

"သြော်အေ..ထွက်မလာလေ နှိပ်စက်လို့ကောင်းလေပေါ့၊ သူမထွက် ...သိနေမှတော့ ညည်းပေါ်ပေါ်တင်တင်နှိပ်စက်လို့ ရပြီပေါ့..ကြမ်းကြား ...အောက်က တစ်စေ့ချင်းနှိုက်ယူနေမယ့်အစား အိမ်ကိုဖြိုချပြီး အထုပ်လိုက် ...တာပိုမကောင်းဘူးလား.."

"ကိုကိုက အဲ့လောက်ဖြစ်မနေဘူးဆိုရင်ရော..အဲ့နေ့က သူမြင်နေ ...လို့တော့ စိတ်ကခံစားမိနေတာပဲ..ဒါပေမဲ့.."

"မြင်ကိုမြင်တယ်..အဲ့ဒါငါပြောရဲတယ်.."

ဒေါ်မာလာခိုင်က အပ်ချမတ်ချပြောသည့်ပြင် မျက်နှာထက်မှာယုံ ကြည်ချက်အပြည့်နှင့်.. ။

"ညည်းဒုက္ခရောက်နေပါပြီလို့ ဖုန်းပြောလိုက်သေးတယ်မှတ်လား.. ...တည်းက သူညည်းရှိတဲ့နေရာကို မြင်ရတဲ့တစ်နေရာရောက်သွားမှာပဲ၊ ...ထားဇကရီ..ယောကျ်ားကောင်းတွေက မိန်းမနဲ့ပြိုင်ပြီး စိတ်မကောက် ...ဘူး၊ မိန်းမလိုမိန်းမရ မကြဲဘူး..ခုထိ ညည်းကသူ့ဇနီးပဲ၊ အဲ့ဒါကြောင့် ...တာဝန်က သူ့ပခုံးပေါ်မှာပဲရှိသေးတယ်၊ သူထွက်လာလာမလာလာ ...ဘာဖြစ်နေသလဲဆိုတာ သူမကြည့်ဘဲနေကိုမနေဘူး..သားကိုကိုဆို ... အဲ့ဒီလိုယောကျ်ားမျိုး၊ မယုံမရှိနဲ့.."

မေမေနဲ့တိုင်ပင်လိုက်တိုင်း သူမရင်အေးဖွယ်တွေပဲ ကြားရတာကို ... နှစ်သက်မိတာအမှန်ပင်။ မှားနေလျှင်မှားကြောင်းပြောတတ်ပေမယ့် ...နဲ့သူမက တိုက်ဖော်တိုက်ဖက် မိုက်ဖော်မိုက်ဖက်တွေ.. ၊

"ကဲ..နင့်မောင်ဖုန်းကိုကိုင်လိုက်ဦး၊ ခေါ်နေတာနားညည်းလှပြီ.."

“မေမေကနော်..သူ့သားရဲ့ဘာညာကိစ္စကအစ လူကိုချည်းတွန်း
လုပ်ခိုင်းနေတာ..”

မကျေနပ်ပေမယ့် ကိုင်ရမှာပဲမို့.. ၊

“ကဲ..ပြောပြော..”

“................”

“အေးဟေ့..တွေ့ တွေ့၊ နင်အဲ့တစ်ယောက်ကို လျှော့တော့မတွေ
နော်..ငါငွေပေးထားလို့ မျက်လွှာအစင်းသားချပြီး ခေါင်းငုံ့နေတာ၊
အကြောမဟုတ်ဘူး..”

“..................”

“လွှတ်လိုက်မယ်..လုပ်ရင်လည်း ပိုင်အောင်လုပ်..”

“...................”

“ငါ့မောင်ဆိုတာ မသိစေနဲ့ဦးလေ..ကိုလင်းနော် အဲ့လိုပုံစံဆို သွား
စနဲ့..”

ရယ်သံတွေလှိုင်လှိုင်ဝေနေတော့လည်း လူကိုမမြင်ရဘဲ မျက်
ချည်းပဲထိုးနေမိ၏။ ဒါဒါ့ကိုတစ်နေရာမှာ ခေါ်တွေ့ပါရစေတဲ့..။ ဒီအစီအ
က ရှိပြီးသားမို့ ဒါဒါအိမ်ရောက်လာတည်းက နားပူနေတာတစ်ရက်မှမ
ချမ်းနိုင်။ အစတည်းက ထင်ရာရှက်လွင့်နေသည့်သူကို ဘယ်လော
တားနိုင်မှာလဲ..။ သို့သော် ဒေါ်မာလာခိုင်မျက်လုံးပြူးသွားကာ.. ၊

“ဘယ်လိုခွင့်ပြုပေးလိုက်တာလဲကေရီ..ညည်းမောင်က ဒါမျိုးဆို
သိုးကြိုးပြတ်နော်..”

“ကြိုးပဲပြတ်ပြတ် ဗုံးပဲကွဲကွဲမေမေရာ..နေရာတကာလိုက်ပြီး ဦးနှော
ခြောက်မခံနိုင်တော့ဘူး..”

စိတ်တွေလည်း ရှုပ်နေသည်။ ကိုကို့ကို ဒေါသထွက်တာတွေ ဒါဒါ
ကို တစ်စစီဆုတ်ဖြဲဖျက်ဆီးပစ်ချင်တာတွေ ခေါင်းထဲမှာဘယ်သူ့ကိုမှ
နာထားလို့မရဘဲဖြစ်နေခဲ့၏။ ဆိုဖာကနေထရပ်လိုက်ပြီး မျက်နှာစာသံ
တံခါးတွေဆီ လျှောက်သွားမိသည်။ ပြီးတော့ ဒါဒါ့ကိုပန်းပင်တွေနားမှာ
မြင်သည်နှင့် မဲ့လိုက်ပြီး.. ၊

“ဘယ်ကိုတုံးဒါက..တစ်ယောက်ယောက်ပြောခိုင်းလိုက်ရင် ပြီးတာ
ကို..”

“မပြီးဘူး..”

မိခင်ဆိုပြီး လေးစားရကောင်းမှန်းလည်း မသိတော့ဘဲ ဘုဘော
ပြော၍ အပြင်ထွက်လာခဲ့သည်။ ပြီးတော့ ဆေးကြောသန့်စင်ထားသည်



ကား၏ဘေးက ဖြတ်လျှောက်စဉ် ဆပ်ပြာရည်လက်စတို့နှင့် ဘေး
သည့်ပုံးထဲက တုတ်တံကိုဆွဲယူ၍ ကြမ်းခင်းမှာပွတ်လှူးလိုက်သည်။
ဘားဘန်ဘာတွေကို အောက်စပ်ကနေ တစ်ဖက်ဖက်ရိုက်ထည့်လိုက်
မှ တုတ်ကြီးကို နေရာမှာပြန်စိုက်ထားလိုက်ပြီး လက်ဖဝါးလေးနှစ်
ပွတ်သပ်ခါ၍.. ၊

“ဒေါ်ဖြူ..”

“ရှင်..”

ဒါဒါဘုရားပန်းလဲမလို့ နှင်းဆီငုံလေးနှစ်ခိုင်ပဲ ခူးရသေးသည်။ ခေါ်
ကြောင့် ကမန်းကတန်းထူးလိုက်ကာ ပန်းကိုင်လျက်ပြေးလွှားရောက်လာ
ရှုပ်အင်္ကျီနီညိုကွက်ကျဲလေးနှင့် ဒါဒါ့ပါးပြင်လေးတွေက ပို၍ဝင်း
သလိုပင်.. ၊

ကောင်မ..တိုက်နဲ့တာနဲ့နေရကာမှ တိုက်အောင်းပြီးအသားတွေပိုဖြူ
လား.. ၊

“ဒါ ဘာတွေလဲ..”

“ရှင်..”

“ဒီမှာကြည့်..”

ဒါဒါ့လက်ကိုဆောင့်ဆွဲ၍ ဘန်ဘာကိုမြင်အောင် ဖိဆွဲပစ်လိုက်လျှင်
မောင်းရင်းမှာ မျက်ခနဲဖြစ်သွားသည်။ သို့သော် ဘာကိုပြနေမှန်းသိ
တော့ ခေါင်းကြီးသွားကာ.. ၊

“ဒါ..ဒါ ကျွန်မ..”

သေချာဆေးခဲ့တာပါလို့ ပြောမည့်စကားတို့သည် ကိုယ့်ဘာသာကိုင်
လိုက်ကာမှ ဘာမှမပြောရဲတော့ဘဲ ဖြစ်သွားခဲ့ပြီး.. ၊

“နင် ငါ့ကားကိုဂရုစိုက်မဆေးဘူးပေါ့..ဒီလောက်အဆမတန်ပေးထား
တောင် နင်..ကဲဟယ်..”

“ဟဲ့..ဟဲ့..”

ဒေါ်မာလာခိုင် ခလုတ်တိုက်မတတ်ပြေးဆွဲထားလိုက်တာတောင်
ပါးနဲ့ဒါဒါ့ပါးပြင် ထိလုထိခင်.. ၊

“ပြဿနာဖြစ်တိုင်း လက်မပါနဲ့လေသမီးရဲ့..”

ဒါဒါလန့်ဖျန့်ပြီး မျက်နှာငုံ့ပစ်မိတာတောင် ဆံမြိတ်စပ်က ဆံပင်တွေ
လက်ဖျားစာမိသွားပြီး ဖွာရရာကျဲသွားခဲ့၏။ မရိုက်မိခဲ့သည့်အတွက်
က ရှူးရှူးရှဲရှဲဖြစ်နေဆဲမို့.. ၊

“နင်ကဘာလဲ..မိန်းကလေးဖြစ်ပြီး နမော်နမဲ့လုပ်ရသလား..”

"ကျွန်မတောင်းပန်ပါတယ်.."

"တောင်းပန်လိုက်တာနဲ့ နေရာတကာပြီးသွားတာမဟုတ်ဘူး..အမ ငါ့အဆွဲမြန်လို့ မဟုတ်ရင်နင်ပါးကွဲပြီ.."

နောင်တမရဖို့ ဘယ်လိုပဲအားတင်းထားပေမယ့် နောင်တမဟုတ်သည့် နာကျင်မှုက ဧကရီဒေါသမာနတွေကို မြင်ရတိုင်း ခေါင်းထောင်လာခဲ့သည်။ သမီးလုပ်ရပ်ကိုတားဆီးပေမယ့် ဒေါ်မာလာခိုင်သည်လည်း မယဥ်ကျေး တတ်သော.. ၊

"ပြောတော့ဆင်ဖမ်းမယ် ကျားဖမ်းမယ်နဲ့..သူများပိုက်ဆံကိုယ့်လက် ထဲရောက်ရင်ပြီးရောစိတ်နဲ့ ကတိပေးလွယ်တာ.."

"ကျွန်မမှာအဲ့လိုစိတ်မရှိပါဘူးအန်တီ..ကျွန်မတာဝန်ယူထားတဲ့အလုပ် အတွက်.."

"အံမာ..နင်ကလား ငါ့အမေကိုခွန်းတုံ့ပြန်နေတာ၊ ပိုက်ဆံရပြီးသား ဆိုပြီး ခံပြောခံဆို လာမလုပ်နဲ့..အဲ့ဒီစာရွက်ပေါ်က ဥပဒေဆိုတာ ရေးတဲ့သူ ရဲ့အာဏာပဲနင်မှတ်ထား၊ ငါရေးရင် ငါ့ဥပဒေ..နင့်ကိုဂရုစိုက်နေရင် ငွေတွေ ပုံပေးထားပါ့မလား.."

ဒါဒါဘာမှမပြောဘဲ မျက်လွှာချနေမိသည်။

"နင့်ကိုပေးထားတာ ကျောက်ခဲသလဲတွေလို့ ထင်နေသလား..စက္ကူ စုတ်တွေလား၊ အလုပ်ကိုအလုပ်နဲ့တူအောင် မလုပ်ဘဲနဲ့..နင်.."

"ကဲ..တော်ပါပြီဆိုမှ.."

ထပ်ရွယ်လိုက်သည့်လက်ကို အလျင်အမြန်ဖမ်းဆွဲထားရကာ.. ၊

"နင့်ကိုခိုင်းစရာရှိတယ်..အဲ့ဒါတွေမြန်မြန်ရှင်းပြီးစောင့်နေ.."

"ဟုတ်.."

မျက်နှာငုံ့ထားပြီး တုတ်တုတ်မှမလှုပ်။ သူလက်ရွယ်လိုက်တာကိုသိ သည်။ အထိတ်တလန့်နောက်ဆုတ်လိုက်တာ ခေါင်းငုံ့လန့်ဖျန့်သွားတာမျိုး ဖြစ်ပါလား..။ သင်းအံကြိတ်ပြီး ကြိမ်းဝါးနေတာပါ..။ ငုံ့နေတော့လည်း တနုံ့နုံ့ဖြစ်နေရသည်။ မျက်လုံးဆုံကြည့်မိလိုက်တော့လည်း ထိုမျက်ဝန်းတွေ ကို အသေမုန်း၏။

"နေရာပြေးဦးနိုင်တာနဲ့ ငါအရင်လို့ပြောလို့ရလား.."တဲ့။ ဟိုအရင် ရပ်ကွက်အစုတ်ပလုတ်ထဲမှာ ရင်ဆိုင်တွေ့ကြတုန်းက။ မျက်ဝန်းတွေက ကော့နက်ဖြန့်ကပ်နေသည့်အလယ်မှာ တလက်လက်တောက်ဖြာနေကြ သည်၊

"ဒါဆိုလည်းပြောလေ..နေရာတကာပိုက်ဆံထုတ်ထုတ်ပေးနေတာ



...တို ဘာတွေအောက်မေ့လို့လဲ.."လို့ စွာနေသေးသည်။

ဒါကြောင့် သင်းကိုပိုက်ဆံနဲ့ဖိပြီး အနိုင်ယူခဲ့တာ..ပိုက်ဆံနဲ့ပေါက်ပြီး ...ချင်လို့.. ၊

နင်နဲ့ငါ မပြီးသေးဘူးဖေဒါဖြူ.. ၊

☎

## အခန်း(၈၁)

လိပ်စာအရဆို ဒီနေရာပဲ..

တီးတိုးပြောမိရင်း ပတ်ဝန်းကျင်မှာပါကင်ထိုးဖို့နေရာရှိမိသည်။ ပြ
လယ်ခေါင်မဟုတ်ပေမယ့် လမ်းဆုံနားနီးသဖြင့် ကားတွေလူတွေကကျပ်
သည်။ ကားမောင်းရတာက သတိထားနေရင်းနဲ့ပဲ ကောင်းကောင်းမော
နိုင်သည့်အဆင့်ကို တက်သွားလို့ရပေမယ့် ပါကင်ထိုးဖို့ကျတော့ အမြဲတ
ချွေးပြန်၏။ 'ကားမောင်းကျွမ်းကျင်ဖို့ကလည်း အလုပ်လုပ်ရင် လေ့ကျင့်
ထည့်ပေးသွားမှာပါ'တဲ့..။ 'သူ့သမီးအတွက် မိန်းမဖော်တစ်ယောက်နဲ့သွား
လာနိုင်ဖို့က အဓိကမို့လို့ ပြဿနာမရှိပါဘူး'တဲ့.. ၊

စာမချုပ်ခင်တုန်းကတော့ 'ကားမောင်းမကျွမ်းကျင်လို့ ထိခိုက်မိ
တောင် ဒီသူဌေးကဂရုစိုက်မှာ မဟုတ်ဘူး'..။ ခုတော့ ကားမှာဆပ်ပြာမ
တာတောင် ပါးရိုက်ခံရဖို့ သီသီလေးပါလား..။ ပါကင်ထိုးဖို့နေရာရှာနေရ
ဧကရီ့မျက်နှာနဲ့ ဒေါသတွေက တဖျတ်ဖျတ်ပေါ်လာကြသည်။ သူမမျ
တောင်တွေခတ် သက်ပြင်းချရင်း ဖျောက်ဖျက်ပစ်မိ၏။

"တိ.."

ကားတစ်နေရာစာလေးမြင်လို့ ထိုးမလားစဉ်းစားမိသော်လည်း နေ
ကားတစ်စီးစာလေးမို့ မထိုးရဲဘဲ ငိုင်နေမိစဉ်.. ၊



"တိ.."

နောက်ကားတွေက ဟွန်းတီးကုန်၏။ သူမထိုနေရာလေးကို စွန့်လွှတ်
ထွက်ခဲ့ရကာ။ ဘယ်လိုလုပ်ရမလဲ..သူဌေးရဲ့ဧည့်သည်ကို ဖုန်း
ထုတ်ဖို့လည်းမဖြစ်။ ဖုန်းဆက်မှဖြစ်မည်ဆိုရင်တောင် ဖုန်းနံပါတ်
။ နောက်တစ်ပတ်တိုက်ရှေ့ပြန်ရောက်လာတော့ ကားတစ်စီးစာပါ
နေရာလေးတွေ့သောကြောင့် ခက်ခက်ခဲခဲသွင်းလိုက်တာ အောင်မြင်
သည်။ ကားနောက်က ပလပ်ဖောင်းအုတ်ခုံနဲ့ အိတ်ဇောပိုက်အကွာအ
ငုံ့ကြည့်ရင်း ဒါဒါပီတိတွေဖြစ်သွား၏။

သူမသေချာသွင်းနိုင်ခဲ့တာပဲ..။ နောက်တစ်ခါဆို ဒီလောက်ထိချွေး
မလိုတော့ပေ။ ဆပ်ပြာရည်မစင်တာတောင် ပါးရိုက်ခံရမည်ဆိုလျှင်
ဟွန်းရာပဲ့ရာထင်ခဲ့ရင် မတွေးရဲ။ သူမအတွက်က နစ်ဝင်ပြီးသည့်ခြေ
ကို ပြန်ရုတ်ဖို့က မဖြစ်နိုင်တော့ပေ။ ထို့ကြောင့် အသားပဲ့နာနာ ရင်ပဲ
ဘယ်လိုနာကျင်မှုကိုမှ ရင်ထဲထည့်သိမ်းလိုက်ဖို့ မဖြစ်နိုင်.. ၊

စံနစ်တကျကိုယ်ထည့်ထားသည့်ကားကို ခဏရပ်ကြည့်နေမိပြီးမှ သုံး
တိုက်ခန်းကြီးကို မော့ကြည့်မိသည်။ သူတို့ပြောပုံအရ ဧည့်သည်က
ထပ်က ဘိလိယက်ခန်းမမှာ ရှိနေမည်တဲ့.. ၊

"သူဘာဝင်လုပ်တာလဲ.."

ဒါဒါဝင်သွားတာကို ကိုကိုကားထဲကနေလှမ်းကြည့်နေရင်း နားမ
နိုင်။ ဒီတိုက်ခန်းက လူနေတိုက်ခန်းမဟုတ်ပေ။ မိတ်ဆွေတစ်ယောက်
ရောက်နေသဖြင့် ကူညီတဲ့သဘောအရ လက်လွှဲယူထားလိုက်တာဖြစ်
သူ့အတွက်လည်း ဘာမှအသုံးမဝင်။ ဖြိုဖျက်ပြီး လုပ်ငန်းတစ်ခုခုလုပ်ရ
တ နေရာအကွက်အကွင်းနဲ့ အဆောက်အဦးပုံစံကိုလည်း သူမကြိုက်
ထို့ကြောင့် ဧကရီကသူမအသိတွေကို ခဏထားပါရစေပြောခဲ့တုန်းက
ပြုထားခဲ့တာဖြစ်သည်။ ကိုယ့်တိုက်ခန်းပါလားဆိုတာ ဒါဒါ့နောက်
ကြည့်ရင်း ဒီနေ့ပြန်ရောက်လာမှ သတိရမိသည့်အဖြစ်.. ၊

"ကိုကို..ဒါမင့်ဟာပဲကွ.."

ဝေဒက မချင့်မရဲတွေဖြစ်နေလျက်.. ၊

"အထဲမှာ တစ်ခုခုတော့ တစ်ခုခုပဲ.."

"ဧကရီ့ဆွေမျိုးတွေထင်တယ်.."

"ဟား..မင်းတစ်ခါမှ သေချာမေးမြန်းစစ်ဆေးမကြည့်ခဲ့ဘူးလားကိုကို
ခင့်ဧကရီက မယ်လွန်လွန်းရယ်နော်..ကြည့်ရတာ အထဲမှာကစားဝိုင်း
လား.."

"ဒါဆိုလည်း ဘီလီယက်ခုံဖြစ်မှာပါ..ပြောတာကြားမိတယ်.."

"ကြားမိတယ်.."

အံ့ရောလို့ နောက်ထပ်မပြောမိပေမယ့် ခပ်စွေစွေလှည့်ကြည့်မိ... အတော်ကြာသွားသည်။ ပြီးမှ.. ၊

"ငါသွားပြီး ချက်ခ်လုပ်လိုက်ဦးမယ်.."

"ငါလိုက်မှာပေါ့.."

"မင်းပဲစောင့်ကြည့်ရုံပဲဆို.."

"မင်းတောင် ဒီမှာကြည့်မနေနိုင်လို့ ကားအောက်ရောက်နေသေး..."

"ဟ..ငါက.."

"မင်းကသတင်းလိုချင်တာ..ငါကလူတစ်ယောက်ပျောက်မှာစိုး... အိုခေ.."

"မင်းအိုခေဖို့ပဲလိုတာ.."

ဝေဒကရွဲ့ပြီး အတုံးလိုက်အတစ်လိုက် ပြန်ပြော၏။ ကိုကိုကစိတ်... ဝင်စားပါ။ ဒါဒါ့ကိုသူဝင်နှုတ်ဆက်လို့မရသည့်အဖြစ်ကိုပဲ တွေးနေမိ... ဒီတိုက်ကြီးက ငါ့တိုက်လို့လာကြွားသည်ထင်သွားမလား ဒါမှမဟုတ် သူ... ကားမောင်းနေတာကို သိစေချင်ပါ့မလား...။ ခြေလှမ်းကတော့ အနည်းငယ်... နှေးကျသွားခဲ့၏။ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် သူ့ကိုမြင်လိုက်ရင် ဝမ်းသာအား... ရဖြစ်သွားမှာမဟုတ်တာက သေချာသည်။ ဒါပေမဲ့ သူမကားမောင်းမ... သေးမှန်း သိနေသည့်အဖြစ်က မျက်စိအောက်ကဖြတ်မောင်းသွားတာ မြင်... လိုက်တာနှင့် ဘယ်လိုမှဥပေက္ခာမထားနိုင်တာ ဘယ်လိုလုပ်ရမလဲ..၊

အထဲဝင်လိုက်တာနှင့် ဘီလီယက်ခုံကြီးရယ် စန္ဒကာသမားတွေရယ်... ကြည့်လိုက်တော့ ဒါဒါ့ကိုဘယ်မှာမှမတွေ့။ ဒါမိန်းမတွေ လာကစားတတ်... နေရာလည်းမဟုတ်ပေ။ ထို့ပြင် ဦးသစ္စာပိုင်တုန်းက ဒီမြေညီထပ်တစ်ထပ်... လုံးကို ပုံနှိပ်လုပ်ငန်းအတွက်သုံးတာဖြစ်ကာ အပေါ်ထပ်နှစ်ထပ်ကိုလည်း... စာပေလုပ်ငန်းသမားတွေကိုပဲ ရွေးချယ်ငှားထားခဲ့တာဖြစ်သည်။ ဦးသစ္စာ... အနုပညာဆန်သည့်စိတ်ကို လေးစားသောကြောင့် ဒီတိုက်ကြီးကို သူယူထား... ခဲ့တာပါ။ အနေအထားအရ မသင်္ကာစိတ်တွေ တဖွားဖွားဖြစ်လာခဲ့သည်။

"ဟိုတံခါးနောက်မှာ ဘာရှိမယ်ထင်လဲကိုကို.."

ဝေဒကပ်ပြောတော့ အောက်ခြေလွတ် သုံးပေခွဲတံခါးရွက်တိုလေး... ကန့်ထားသည့်နောက်ကို လှမ်းကြည့်လိုက်မိသည်။ အထဲမှာမှောင်နေသည်... နေ့နေ့ညညမီးဖွင့်ထားသည့်နေရာတွေမှာ ဘာလို့မှောင်နေတာလဲ..။ ဒီ... နောက်ထပ်မရောက်တော့ပေမယ့် ဦးသစ္စာနဲ့စာချုပ်တုန်းက သုံးထပ်စလုံး...



...ကြည့်ခဲ့သည်။ ဒါလည်း ဦးသစ္စာက သူ့တိုက်ဘယ်လောက် ...ကောင်းမွန်သေးကြောင်း သက်သေထူပြချင်ပါသည်လို့ တောင်း... ၊

"ကိုကိုဘယ်တုန်း.."

...ထဲကိုခြေလှမ်းပြင်လိုက်တော့ ဝေဒကလက်ကိုဆွဲထားသည်။ ကိုကို ...၏။ ဒါဒါ့ကို ဒီထဲဝင်ခိုင်းသည့်ကိစ္စအတွက် ဖြစ်လာသည့်သံ ...ည် စိုးရိမ်မှုတ်သို့ချက်ချင်းဆောင့်တက်စေကာ.. ၊

"...မှာ ဒီမှာအစ်ကို.."

...ာယိပျာယာခေါ်သံနှင့်အတူ လူရွယ်တစ်ယောက် သူ့ရှေ့ကနေ လာ ...ိုက်ကာ.. ၊

"ဘယ်သူနဲ့တွေ့ချင်တာလဲ..နာမည်ပြောကြည့်ပါ.."

...တ်က ထောင်းခနဲတိုသွားသည်။ ထိုလူ့အင်္ကျီရင်ဘက်စကို ခပ်ဖိဖိ ...ွဲလိုက်ပြီး.. ၊

"ငါက မင်းကို.."

သူခေါ်သတွေ ချက်ချင်းဝုန်းခနဲပြိုကျသည်။ မြင်ကွင်းထဲမှာ ဒါဒါ့ပုံ ...ါလာတာ မြင်လိုက်တာနှင့် ဆုပ်ဆွဲထားသည့်ရင်ဘက်ကို အသာ ...တ်လိုက်သည်။ ကြောင်အမ်းအမ်းဒေါသရိပ်တွေတက်လာသည့် ထို ...ဝေဒကပခုံးချင်းတိုက်၍ ခေါ်ထုတ်သွားခဲ့ပြီး.. ၊

"ထွန်းမလာကြိုရတဲ့သူဌေးက ရှင်တော့မဟုတ်ပါဘူးနော်.."

"အဲ.."

...ကိုယ့်အခြေကို ကိုယ့်ဘက်ကစပြီး ဘယ်နားလောက်ထိ ဘယ်လိုအ ...ပြောပြောရမှန်းမသိဖြစ်သွားကာ ဖျတ်ခနဲမျက်နှာလွှဲမိ၏။ ပြီးမှ ပြန် ...ကြည့်ကာ.. ၊

"ဘီလီယက်ခုံကိုလာတာလေ..မင်းကဘယ်သူ့ဆီလာတာလဲ.."

ဒါဒါ့မျက်နှာလေးက သူနဲ့အဆင်မပြေဖြစ်ခဲ့ဖူးတာတွေ ဘာမှမရှိခဲ့ ...အေးချမ်းနေလျက် လတ်တလောစိတ်ရှုပ်နေပုံလည်းပေါ်လျက်.. ၊

"ဦးသူရလင်းတဲ့.."

"လာကြိုတာရောက်တဲ့အကြောင်းကြားလိုက်ပြီး ကားထဲကစောင့်နေ ...ဒီထဲဘယ်သူခေါ်တာလဲ.."

"သူဌေးက သူ့ဇနီးရင်ကျပ်နေလို့ လာဝိုင်းကူပေးပါဆိုလို့လေ..ဝင် ...တော့လည်း မတွေ့ဘူး အပေါ်ထပ်တက်ကြည့်ပါလားဆိုတော့ ဒါဒါ ...ခဲ့တော့ဘူး.."

သူမက နာမည်လေးထည့်ပြောပြီး တရင်းတနီးဖြစ်နေခဲ့၏။ သို့သော် မျက်နှာလေးကွက်ခနဲပျက်သွားကာ သူ့ကိုစူးစမ်းကြည့်လာရင်း..။

"ရှင် ကျွန်မကားမောင်းနေတာ ဘယ်လိုလုပ်သိတာလဲ.."

"ဟင်.."

ရုတ်တရက် ထိတ်ခနဲဖြစ်သွားသည့်အဖြစ်က ဖုံးဖိဟန်ဆောင်ရလိုက်။ ပြီးမှ ခပ်တည်တည်ပြင်ဆင်၍..။

"မင်းကိုယ့်ရှေ့တင် ကားထိုးပြီးဝင်သွားတာလေ.."

"အဲ့ဒါနဲ့ပဲ.."

"မင်းချက်ချင်းကြီးတော့ ကားဝယ်မစီးနိုင်လောက်ဘူးလေ..အလုပ်တာနဲ့ဘာနဲ့ ဆက်စပ်တွေးလိုက်တာပေါ့.."

ဘဝင်မကျသေးသည့်မျက်နှာလေးမှာ မျက်ခုံးတန်းလေးတွေက ပြေပြစ်ခြင်းမရှိသေး။ သို့သော် သူ့ကိုမပြောတော့ဘဲ ဖုန်းလေးထုတ်၍ အပြင်ထွက်သွား၏။ သူဝေဒကိုလှည့်၍ မျက်ရိပ်ပြသည်။ သူမကိုဘေးကင်းရာရောက်ပို့သင့်ပေမယ့် ဒီနေရာမှာ သူ့အလုပ်ကမပြတ်သေး။ ဒါဒါထွက်သွားတာနှင့် အပေါ်ထပ်ကိုလှေကားထစ်တွေ ကျော်နင်းဖြတ်တက်လာခဲ့သည်။

ကိုကိုတက်လာပြီဆိုတာ သေချာသွားလျှင် လင်းမြတ်ဇော် ဘယ်မှာပုန်းရမှန်းမသိဖြစ်ကာ အပေါ်ထပ်ကိုပဲ ပြေးတက်ရလေသည်။ မဖြစ်သူ ဒီလူတစ်အိမ်လုံးအနံ့ရှာတော့မှာ၊ နောက်ဆုံးအိပ်ခန်းခုတင်အောက်က ဖက်စွန်းလိုက်ကာနားထိ လေးဘက်ထောက်တွားဝင်ရတော့သည်။

"ဒီ..ဒီ.."

ဟာ ဒီနမပေးယောက်ဖတွေ.. ဒီမှာခွေးပြေးပြေနေရပါတယ်ဆို ခေါ်ရလား..သေချင်းဆိုးမျိုးတွေ..။

ဖုန်းကိုပါဝါပိတ်ပစ်လိုက်ရင်း စိတ်ရှိလက်ရှိဆဲပစ်မိသည်။ တော်သေးသည်။ ဖုန်းက Vibrating Modeနဲ့ထားတာမို့လို့..။

"ဟလို.."

လွတ်မြောက်ချိန်မှာ အင်္ကျီတစ်ထည်လုံး ချွေးတွေစိုရွှဲနစ်နေခဲ့လူဒူးတွေနာ တံတောင်တွေပွန်..။

တောက်..ဘာအကျိုးအမြတ်မှမရခဲ့ဘဲ ဒီဒဏ်ရာတွေက..။

"မမရာ..မမလုပ်ပုံမဟုတ်တော့ဘူး.."

ချက်ချင်းဖုန်းကောက်ခေါ်ပြီး ကျဲပစ်လိုက်သည်။ ဇကေရီကလည်း ဆတ်ဆတ်ခါ..

"ဘာမဟုတ်တာလဲ..ဘာကိုမဟုတ်တာလဲပြော၊ နင့်ကိုအဲ့ဒီမှာ ...လို့ ဘယ်သူပြောတာလဲ..အဲ့ဒီမှာ စီစဉ်ထားပါတယ်လို့ရော နင်ငါ့ကို ...သေးလား.."

"အဲ့ဒီမှာဝင်ခေါ်ဖို့ချိန်း.."

"အေး..အဲ့ဒီကနေ ဘုရားကြီးဘက်ကခြံကို ခေါ်သွားဖို့ နင့်ကို၊ ကျွတ်.. ...တော်ပြီ၊ နင့်ကြောင့် ငါပါထောင်ထဲဝင်ရတော့မယ်..ဘယ်မကောင်း ...ဖြစ် မလွတ်ရင်ခံလိုက်ရုံပဲ၊ ဒီဟာမကိုလုပ်မိလို့ ထောင်ကျခံရမယ် ...တော့ သင်းတို့ကိုပါသတ်ပြီးမှ ကြိုးစင်တက်မယ်.."

"ကြိမ်းမနေနဲ့..သတ္တိရှိရင်လုပ်လိုက်တော့.."

"ဘာ.."

"ဟုတ်တယ်လေ..မမကိုယ့်ယောကျ်ားကိုတောင် မပိုင်ဘဲနဲ့.."

"နင်သူများသားသမီးကို ခြေတော်တင်မယ့်ကိစ္စ ငါကကိုကို့ကိုဘယ် ...နဲ့တွေထုတ်ပြီး တားဆီးပေးရဦးမှာလဲ.."

"အခု မမယောကျ်ား အပေါ်ထပ်နှစ်ထပ်လုံးကို ပိတ်သွားပြီ.." ကြည့်စမ်း..။

ရင်ထဲမှာ ဗလောင်ဆူသွားသည်။ တစ်ယောက်နဲ့တစ်ယောက် ဘယ် ...မှ ဂရုစိုက်ခဲ့တာ မဟုတ်ဘဲ..ခုကျမှ..။

"မမယောကျ်ား ဒါဒါ့ကိုတကယ်ကြွေနေတာ သိသာတယ်နော်မမ.. ...နောက်ကပါလာတာ လုံးဝတိုက်ဆိုင်မှုမဖြစ်နိုင်ဘူး၊ ကျွန်တော့်ကောင် ... သတင်းအတိအကျပေးတာ..ဟိုရှာ ဒီရှာနဲ့ဝင်လာတာတဲ့.."

လင်းမြတ်ဇော်နဲ့အဖွဲ့အားလုံးက ကိုကို့ကိုသိနေကြသဖြင့် မလှုပ်ရဲ ...။ လုံခြုံရေးက လှမ်းတားတာရော ကိုကိုဒေါသတကြီးဆောင့်ဆွဲလိုက် ...အစ ဒါဒါ့ကိုမြင်ပြီး ကမန်းကတန်းလွှတ်လိုက်ရတဲ့အထိ..။

"ဒါဒါ့ကိုမြင်လိုက်တာနဲ့ ကိုကိုဘယ်လိုဖြစ်သွားတယ်ဆိုတာ သူတို့ ...အတိုင်း ပြောပြရမလား.."

"သေလိုက်လေ..အဲ့ဒါနင့်ကြောင့်.."

"ဒါဒါ့ကိုလိုက်အနံ့ခံနေတဲ့ လူရှိနေတာတော့ ဘယ်လိုလုပ်လွတ် ...လုပ်ရှားမလဲ..မမလူကြီးလောက် မျက်လုံးတွေများ လက်တံရှည်တာ ...လို့လား၊ ကိုယ့်အစ်မကိုကျတော့အရှုပ်.."

"ကိုလင်း..နင်အနားမှာရှိရင် မလွယ်ဘူးနော်၊ ငါလူသတ်ချင်စိတ် ...အောင် မဆွနဲ့.."

ဒီလောက်ထိ ရောဂါရင့်နေလိမ့်မည်လို့ တကယ်ကိုမထင်ခဲ့မိပေ။ ကို ...ယ်ပဲ အရိပ်တကြည့်ကြည့်ဖြစ်နေတာလား..။ ဒါဖြင့် သူမရဲ့ဒုက္ခတွေ

ကို ဘာလို့ဘာမှမကူညီ မတားဆီးဘဲ ဒီတိုင်းကြည့်နေခဲ့တာလဲ..။ သူ
အနေနဲ့ ဒါဒါ့ကိုကူညီမယ်ဆို အေးဆေးပါ။ ဒါဒါ့လိုမိန်းမကရော ကို
လူကို ငြင်းရအောင် ဘာမို့လဲ..။ ကိုယ့်အတွေးထဲမှာတော့ ဖွင့်ထားသည့်
ခါးတစ်ချပ်စီမှာ အဓိပ္ပာယ်မဲ့ခြေစုံရပ်နေကြသူတွေလို့ပဲမြင်နေခဲ့၏။ ကို
တော့ ဘာလဲ.. ၊

နှင်တို့ချစ်ကြစမ်း.. ၊

"မမ ကျွန်တော့်ကဒ်ထဲမှာ ပိုက်ဆံကုန်နေပြီ..လွှဲပေးဦး.."

"မရှိဘူး..ငါဒီည ဝိုင်းကြီးရှိတယ်၊ ဒီမှာလိုတောင်လိုနေလို့..

"မမ.."

"ကိုလင်း နှင့်ကိုငါဒေါသထွက်နေတာနော်.."

"ကျွန်တော်က အပြေးမတတ်လို့ ဒူးကွဲတံတောင်ပြဲဖြစ်ထားတဲ့

"သေလေ..နှင့်လိုနှာဘူး ထိတာကောင်းတယ်.."

"မမ မစာမနာမပြောပါနဲ့ဗျာ..မမ မလွတ်သာတဲ့အခြေအနေ
တော့ ကျွန်တော်ပူပေးခဲ့ရတာ.."

ဖုန်းကိုင်ရင်း ဧကရီမျက်လုံးပြူးသွားသည်။ တော်ပါသေးသည်၊
မေရန်ကုန်ပြန်သွားလို့။ မဟုတ်ရင် မေမေ့လောက်အကင်းပါးတဲ့သူ

"တော်ပြီ..မမနဲ့မငြိဘူး၊ ကိုယ့်ဘာသာပဲလှုပ်ရှားတော့မယ်.."

"လုပ်လေ..နှင်ခုပဲ ကိုကို့လက်တံရှည်တာတွေ မျက်လုံးများတာ
ပြောသွားတယ်၊ လုပ်ရဲရင်လုပ်ပေါ့..ဒုက္ခတွေမှ အောင်မယ်လေးလို့
နဲ့၊ ငါကတော့ အေးအတူအေးအမျှပဲ..သူများသောကကို မျှဝေခံဖို့ ဘယ်
ကမှ အိပ်မက်တောင်မမက်ဖူးဘူး.."

"သြော်..သြော်.."

"မသိသေးရင်ထပ်ပြောဦးမယ်..ငါ့ရာဇဝင်မှာ အေးအတူပူအမျှဆို
မရှိခဲ့ဘူး၊ နောက်လည်း ရှိလာမှာမဟုတ်ဘူး..ဖဲ့မလီ ဖရန့်ဒ် အော
စိမ်းမ်.."

"အဲ့လိုကြင်နာတာ ကျေးဇူးပါပဲ.."

"တင်သင့်တယ်နော်..ငါနှင့်ကိုအများကြီး လုပ်ပေးထားတာမ
အမိသဟဲဆိုတာ နေရာတိုင်းမှာ ရှိရင်ရှိနေလိမ့်မယ်..ဒါပေမဲ့အမေ
ခြေနှစ်ချောင်းနဲ့မွေးပေးထားတာ အလကားမဟုတ်ဘူး၊ ကိုယ့်အားကို
တတ်ဖို့ကြိုးစား.."

သူများကိုပြောရပြီဆို ဧကရီတို့ပါးစပ်က ပြောမထွက်တာ ဘာ
အပြောလွယ်သည် လက်သွက်သည်..မှားသွားရင် ခံစားမနေတတ်တာ



ပါရမီတစ်ခု.. ၊

"အီလက်ထရွန်းနစ်တစ်ခုလုံးလည်း လူရှိန်အောင်လုပ်ပြမနေပါနဲ့..
ခါ ငါအချိုကြီးမိတာနဲ့ နှင့်ဟာကိုငါယူမယ်၊ ပိုက်ဆံတစ်ကျပ်နှစ်ကျပ်
နဲ့ ရှယ်ယာဝင်လုပ်နေတဲ့ နှင့်ရဲ့ဘီအက်ဖ်တွေကို ပြောထားလိုက်.."

"ဟား ဟား ဟား..ငါ့အစ်မက သူဖဲ့နိုင်ရင် လုပ်ငန်းသိမ်းမယ်ဆိုပြီး
လား.."

ခွက်ထိုးခွက်လန်ရယ်နေတာ မပြီးနိုင်ပေ။ ထိုပြင် ရယ်လက်စနှင့်..၊

"ကိုယ်ကျတော့ အောက်တိုဘာနဲ့ဆောင့်ကြောင့်ထိုင်နေပြီး သူများ
စလွတ်နေတော့ ကဲ့ရဲ့တယ်..ဟား ဟား ဟား၊ အဲ့ဒါငါ့အစ်မကွ..
ဟား.."

ရှက်သွေးတက်ကာ ဧကရီ့မျက်နှာရဲချိတ်နေလေသည်။

## အခန်း(၈၂)

"ဟာ..ကိုကြီးကို.."

မျက်နှာရှေ့မှာ ဘွားခနဲပေါ်လာမယ်လို့မထင်။ ကိုကို့ကိုမြင်လိုက်သည့်လင်းမြတ်ဇော်မျက်နှာတစ်ပြင်လုံး မီးရောင်အောက်မှာ ဖွေးခနဲဖြစ်သွားသည်။

"ကိုကြီးကို.."

အလုပ်မရှိ အလုပ်ရှာသလို ကိုကို့နောက်ကို လည်ပင်းရှည်ပြီး ရှာဖွေသေးသည်။ ပြီးမှ.. ၊

"မမ မပါဘူးလား.."

"အပိုတွေမေးမနေနဲ့လင်းမြတ်ဇော်..ဒီစာချုပ်ကို ငါခွင့်မပြုဘူး.."

ဘေးမှာ ဘိလိယက်ခုံက လူစည်နေသည်။ သူတို့ကဘေးစားပွဲမှာဖြစ်ကာ လင်းမြတ်ဇော်ကနှစ်ယောက်။ မျက်နှာချင်းဆိုင်မှာ လူသုံးယောက်နှင့် ကိုကိုက ဘေးမှာရပ်နေ၏ လက်တစ်ဖက်ကို ဘောင်းဘီအိတ်ထဲထည့်ထားလျက် အားလုံးကိုဝေ့ကြည့်၏။ ပြီးမှ စာချုပ်နှစ်စောင်စီ မျက်တောင်ဖျားတို့ခင်းကြည့်လိုက်ရင်း.. ၊

"ဒီက ဦးသက်တုံ့ထင်တယ်.."

နာမည်ခေါ်လိုက်တော့ လင်းမြတ်ဇော်လန့်သွားသည်။ ဦးသက်တုံ့က



...အခုကနေ အလုပ်ကိစ္စရှိမှသာ ရောက်လာတတ်တာဖြစ်ကာ နာမည်ကျော်...ချင်နီးရှင်ကြီးလည်းမဟုတ်.. ၊

"ဒီသုံးလွှာနဲ့ပတ်သက်ပြီး ပြောချင်တာက ပိုင်ရှင်ကကျွန်တော်ပါ.."

"ဟုတ်ကဲ့..ဒါပေမဲ့.."

"အခုပြောနေတာ ဘာစာချုပ်စာတမ်းမှ မလုပ်ဖို့ပဲ.."

ပြောပြီးသည်နှင့် ရှေ့ကိုဖျတ်ခနဲလှည့်လိုက်ကာ နာရီကိုပင့်ကြည့်ရင်း၊

"ဒီကညီအစ်ကိုတို့ ကိုးနာရီထိုးတာနဲ့ ကလပ်ပိတ်မှာပါ..နောက်နေ့...လည်း ဒီမှာလာကစားလို့မရတော့ပါဘူး၊ အိုခေ.."

တစ်ဆက်တည်း တံခါးပေါက်ဆီလှည့်ကြည့်၍.. ၊

"မင်းတို့စောင့်ပိတ်လိုက်တော့.."

"ကျွန်တော်တို့စောင့်နေပါ့မယ်.."

လူရွယ်သုံးယောက် တန်းစီဝင်လာကြ၏။ ကိုကိုက ခေါင်းညိတ်လိုက်...အပြင်ထွက်ခဲ့လျှင်.. ၊

"ကိုကြီးကို.."

လင်းမြတ်ဇော် ကမန်းကတန်းပြေးလိုက်လာသည်။ တိုက်ရှေ့ကျမှ...ကာ.. ၊

"ကိုကြီးကို ဒီနေ့ကသက်တမ်းကုန်လို့ ပြန်ချုပ်ရတာပါ..တိုက်ခန်း...ထပ်လုံးကို ငှားတာမမရယ်.."

"အဲ့ဒီတော့.."

"ကိုကြီးကိုက ကျွန်တော်ဦးဆောင်နေတယ်ထင်မှာစိုးလို့ပါ.."

"ငါ့အလုပ်ကိစ္စတွေကို ငါကလွဲပြီး ဘယ်သူ့ကိုမှ ဦးဆောင်ခွင့်ပေးမ...ခဲ့ဘူး..မရမကဦးဆောင်ဦးရွက်ပြုချင်တာတွေကို မပြောဘဲထားခဲ့သမျှ...စပြီးမရတော့ဘူး.."

အပြင်မီးရောင်ခပ်မှုန်မှုန်မှာ ကိုကို့မျက်နှာကပါ ချောမှုန်နေသည်။...လုံးတွေစူးရဲနေသည်။ ပြောချင်သည့်စကားတွေက ရင်ထဲမှာပဲ ရေကုန်...ခမ်းစစ်ခင်းနေကြလျက် ပြောရတော့အနည်းအကျဉ်း။ ထို့ကြောင့် မျက်...တွေက မီးတောက်မတတ်ဖြစ်နေခဲ့ပြီး နှုတ်ခမ်းလှုပ်ရုံပြောလာသည့် နှုတ်...စကားတို့က မညင်သာ.. ၊

"ကျွန်တော်တောင်းပန်ပါတယ်ကိုကြီးကိုရာ..မမကြောင့်ဖြစ်ဖြစ် ဒီ...ခါခွင့်လွှတ်ပြီးပဲဖြစ်ဖြစ် နောက်ထပ်ခြောက်လတော့.."

"တစ်ရက်မှမရဘူး.."

ပြတ်သားစွာပယ်ချပစ်လိုက်ပြီး ရင်ဖွင့်ဝတ်ထားသည့် ကုတ်အကျီနှင်

ဖက်စတို့ကို သိမ်းဖယ်၍ ဘောင်းဘီအိတ်တွေထဲ လက်နှစ်ဖက်ထည့်သည်။ ပြီးတော့ မရမကတောင်းပန်ဖို့ ရည်ရွယ်ထားပုံရှိသော လင်းမြတ်ဇော်ကို စိုက်ကြည့်၍.. ။

"ခွင့်ပြုထားခဲ့တာရှိမှ ခွင့်လွှတ်ပေးရတဲ့ဘက်က အဓိပ္ပာယ်ရှိမှာပေါ့.. မင်းတို့မောင်နှမ ထင်သလိုကိုင်တွယ်ဖြေရှင်းနေတာတွေ ငါသိလည်းမသိခဲ့ဘူး၊ အဲ့ဒါကြောင့် ခွင့်လွှတ်ပေးစရာအကြောင်းလည်း မရှိဘူး..နောက်ထပ် ငါမျက်စိနောက်လာမယ့် ဘာမဆိုဒီတိုင်းဖြေရှင်းသွားဦးမှာ.."

ကိုကိုက ပင့်သက်တစ်ချက်ရှိုက်လိုက်ပြီးမှ.. ။

"မင်းတို့သိဖို့ ကြိုသတိပေးတာ.."



## အခန်း(၈၃)

"ငါတစ်ချက်လေးသတိလစ်သွားတာနဲ့ အများကြီးလုပ်ချသွားတာ.."

ကိုကိုမျက်နှာပျက်နေသဖြင့် ဝေဒတို့လည်း ဘာပြောရမှန်းမသိဖြစ်ကြသည်။ ဒီကောင်မလေးအတွက်နဲ့ ဒီလိုတွေခံစားရမည်။ ဒီထက်ရှိနိုင်သည်ဆိုတာ သတိတွေလည်း အထပ်ထပ်ပေးခဲ့ဖူးသည်။ ဘယ်လည်း လက်ခံခဲ့သည်မရှိပေမယ့် ခံစားနေရတော့လည်း အိမ်ရှေ့ပူနောက်မချမ်းသာ.. ။

"မင်းတို့ကိစ္စကြီးကလည်းကွာ..ငှက်သိုက်ထက်တောင် ရှုပ်ထွေးနေတယ်၊ ဘယ်တုန်းကစပြီး ဘယ်လိုတွေရစ်ပတ်ဆက်နွယ်လာခဲ့တာတွေ.."

"မဟုတ်ဘူး..ဒီကောင်ကိုက ပန်းကောင်းတာ၊ အဲလေ..ခေါင်းကောင်းပြောမလား..ကေရီလိုမိန်းမမျိုးနဲ့တွေ့တယ်၊ ဗေဒါဖြူကိုမခွာနိုင်ဘူး..နှစ်ယောက်စလုံးကလည်း..အင်း.."

'အင်း'သံကြီးရဲ့နောက်မှာ တိတ်ကျသွားပြန်သည်။ မန္တလေးကနေရောက်လာတာနဲ့ ဘားမှာစုဝေးကြဖို့ Alarmပေးသည်။ လာကြတာလည်း ကိုကို့ဆီက ဒီလိုအဆင်မပြေမှုတွေ ကြားရမယ်ဆိုတာ သူတို့လည်းသိပြီးသားပါ။ အထူးသဖြင့် ဝေဒတစ်ယောက်ကတော့ ကိုကို့အား

မှာ အများဆုံးရှိနေတတ်သူဖြစ်ရာ.. ।

"မင်းတို့နှစ်ယောက်ရှိကြတာပဲ..ပြီးတော့ ဒီတစ်ခေါက်မန္တလေးမှာ ခဲ့တာ အကြာကြီး.."

"ကြာဆို အလုပ်ကိစ္စတွေတောင် အဲ့မှာပဲပြီးခဲ့တာ နည်းလား..ဦး အယ်နွန်နဲ့စာချုပ်မယ့်ကိစ္စပါ ပြီးသွားတာကို.."

ကိုကိုဘယ်လောက်ထိ လူတခြားစိတ်တခြားဖြစ်သွားခဲ့တယ်ဆို ဝေဒအသိဆုံးပါ။ ရန်ကုန်မှာ အလုပ်ကိစ္စတွေ လက်စမသတ်နိုင်ခဲ့သည့် ဖြစ်ကြောင့် နောက်ဆံတင်းခဲ့ရတာလည်းရှိသလို ဒါဒါနဲ့အဆင်မပြေ သွားသည့်အတွက် ဒီတိုင်းထားခဲ့ပြီး လှည့်မပြန်နိုင်ဖြစ်ရပြန်သည်။ အား သည် သူ့ပါမှပြီးမယ့်အရေးတွေ။ သူဆုံးဖြတ်မှ ပြီးသည့်ကိစ္စတွေက သူ သောထိုလူသားသည် ဒါဒါ့အတွက်ဖြစ်နေခဲ့သည့်နောက်.. ।

"အခု ကေရီ့ဒရိုင်ဘာဖြစ်သွားတဲ့ကိစ္စက သွေးရိုးသားရိုးဟုတ်ရဲ့လား ..ဒါသမားရိုးကျတိုက်ဆိုင်မှု မဟုတ်နိုင်ဘူးနော်၊ ကေရီနဲ့ဒါဒါ အလုပ်ကိစ္စ ပြောဆိုဖြစ်ဖို့ သိက္ခမ်းနေစရာ အကြောင်းမှမရှိတာ.."

"မင်းကလည်းတစ်မျိုး..ဒါဆိုကေတူးကလက်အောက်ဝန်ထမ်း အကုန်လုံး ကိုကိုနဲ့သိက္ခမ်းနေတဲ့လူတွေလား.."

"အေးလေ..ကုမ္ပဏီတစ်ခုမှာ လူတွေရာချီရှိနေတာ တစ်ခုခုနဲ့ချိတ် ပြီး ရောက်သွားတာနေမှာပေါ့..ငါနားမလည်နိုင်တာက ဒါဒါနဲ့သူနဲ့ တယ်ဆိုရင် ကိုယ့်သူဌေးအဖြစ်နဲ့ မျက်လွှာချခေါင်းငုံ့နာခံဖို့ဆိုတာ လွယ် လား..ပြီးတော့ ကေရီထက်တာလောက်ကတော့ သူလည်းဇက်ဇက်ကျဲ"

ဟုတ်တာပဲဆိုသည့် မျက်လုံးတို့သည် ရှင်းပြနိုင်သည့်ကိုကိုထံ မေးခွန်းတို့နှင့် စုဝေးကြ၏။ သို့သော် ကိုကိုကိုယ်တိုင်နားမလည်နိုင်ဖြစ် သည့်အခါ ပတ်ဝန်းကျင်မှာ တိတ်ဆိတ်ခြင်းက ကြီးစိုးသွားခဲ့လျက်.. ।

"သေချာမသိသေးပေမယ့် ဒါဒါ့ကိုကေရီက သိနေတာတော့ ငါခံ မိနေတယ်.."

"အဲ့ဒါကမထူးဆန်းဘူးလေ..ကေရီ့ဉာဉ်ကိုက ဘယ်သူ့ကိုမှမလိမ် ရင် သူ့လက်သူပြန်လိမ်ချိုးနေမယ့် မိန်းမမျိုး.."

ကိုကိုက မျက်လုံးမှေးကြည့်တော့ ဝေဒကမလုံလဲသလို မျက်တော တစ်ချက်ခတ်လိုက်ပြီး.. ।

"မင်းနဲ့အနီးကပ်ဆုံးနေလာတာလေ..ဒီလောက်တော့ အကဲခတ်မိ ပေါ့ကွ.."

ကိုကိုက ပြုံးလိုက်တော့ ဝေဒမျက်နှာကြီး ဖျန်းခနဲရဲတက်သွားကာ



"အကဲခတ်ဖို့တောင် မလိုဘူး..မင်းကေရီ အဲ့ဒီပုံစံထွက်နေတာ.."

"ဟား ဟား ဟား.."

အောင်ဝင်းထရယ်လိုက်တော့ အားလုံးပြုံးစိစိတွေဖြစ်ကုန်ကာ ကိုကို ရယ်ရင်း.. ।

"မင်းကိုလည်းချစ်လွန်းလို့ မှတ်ထားပါတယ်မပြောပါဘူး.."

"ဝဲစား.."

ခပ်ကြိတ်ကြိတ်ရယ်သံတွေ ထွက်လာကာ အုံ့ဖွဲ့နေသည့် အခြေအနေ ခုက ပေါ့ပါးသည့်အသွင်ပြောင်းသွားခဲ့၏။

"မင်းတို့ပဲတွေးကြည့်လေ..ကေရီသိသိ ဗေဒါဖြူကပဲသိနေနေ သူတို့ ခုလိုအတူတူနေထိုင် အလုပ်လုပ်တဲ့အထိ ဖြစ်သွားကြတာ ဖြစ်သင့်လို့"

"ဖြစ်နေပြီဥစ္စာ.."

"အေးလေ..အဲ့ဒါဖြစ်သင့်လို့လားလို့.."

"ဖြစ်နေပြီလို့ပြောနေတယ်လေ.."

"ငါမင်းကိုမေးလို့လား.."

"ဒါဆိုလည်း ခေါင်းစဉ်တပ်မေးလေ.."

"ထွန်းထွန်း.."

"ဘာတုန်း.."

"အောင်ဝင်းရေ..မင်းတို့ကိုယ်မင်းတို့ သျှောင်ပေးစူးနဲ့ချိုးလေးရှေ့ တဲ့အရွယ်မှတ်နေကြသလား.."

"အေးလေ..ဘာကောင်တွေမှန်းမသိဘူး.."

"အံမာ..ပြောပုံက.."

အောင်ဝင်းမျက်မှောင်ကုတ်ကြီးနဲ့ လှည့်ပြောတော့ ဝေဒမျက်ခုံးတွေ တက်သွားကာ.. ।

"ငါလည်းပါလာပြီထင်တယ်.."

အုံ့မှိုင်းနေခဲ့သည့် ကိုကို့မျက်နှာက ပြုံးယောင်သမ်းနေခဲ့လျက် စား သောက်စရာတွေရောက်လာတော့ Gold Labelပုလင်းကို အရင်ကိုင် သည်။

"ကိုကို ဟော့ကောင်..စားစရာကိုအရင်ကိုင်၊ လူကပင်ပန်းလို့ မှော့မှော့ တော့တယ်.."

"သူ့ကိုယ်သူပင်ပန်းတယ်မှ မထင်တာ..ဒီကောင်မလေးအတွက် ခံစား တော့မယ်ပြောပါစေ..ဒီကောင်မလေးအတွက် ငါ့အပေါင်းအသင်းများစွာ

ဘယ်လိုတားလဲ..ဒီကောင်မလေးအတွက်.."

"ဟား.."

"အောင်ဝင်းရာ.."

'ဒီကောင်မလေးအတွက်'နေရာတိုင်းမှာ ဆောင့်အော်ဆိုသဖြင့် တို့မျက်နှာတွေ ရှုံ့မဲ့ကုန်ကြ၏။ အားလုံးသြဘာပေးကြတော့ အောင်ဝင်း သွားကြီးအဖြီးသားနှင့်.. ၊

"သိဘူး..ပါဖ်ဖောမန့်လေးများ လိုသလားလို့.."

သူ့အဖြစ်က သူငယ်ချင်းတွေပြောစရာဖြစ်နေမှန်းလည်း သိပါသည် ဒါပေမဲ့ ဒါဒါ့ကိုသူဘယ်လိုမှ မေ့လို့မရ။ သူမရဲ့အဆင်မပြေမှု ဒုက္ခအ အခဲမှန်သမျှဟာ ကိုယ့်ကိုနာကျင်စေသည့်လက်နက်တွေလို ခံစားရသည် ကိုယ့်မှာရှိသမျှ ပြည့်စုံပိုလျှံမှုတွေကို သူမထံသို့ မသိမသာနည်းနည်းချင်း ကဲ့ထည့်ပေးလို့ရမည်သာဆိုလျှင် သူ့မှာရှိသမျှ ကုန်ခမ်းသွားပါစေ ကို ကိုကျေးဇူးသက္ကာယတွေ ဘာမှမတင်ပါနဲ့ သူမအဆင်ပြေပြည့်စုံသွား ဆို ကျေနပ်သည်။

"မင်းတစ်ဖက်သတ်ပေးဆပ် စောင့်ရှောက်နေတာတွေကို ဒါဒါက ဘူး..သူသိသိမသိသိ မင်းစိတ်ကသူအဆင်ပြေဖို့ပဲ ဒါတွေက မင်းစိတ် ကိုအကောင်အထည်ဖော်လို့ရနေသေးတဲ့ကဏ္ဍတွေ..ဒါပေမဲ့ မျှော်လင့်ချ ဆိုတာ လူတိုင်းမှာရှိကြတာပဲကွ၊ နောက်ကွယ်ကနေ မင်းပေးဆပ်နေသ တစ်နေ့နေ့တော့ သူသိပါစေဆိုတဲ့မျှော်လင့်ချက် မင်းမှာလည်းရှိတယ်.. ဘူးမငြင်းနဲ့..ငြင်းလည်းမယုံဘူး.."

ကိုကိုက စီးကရက်မီးညှိလိုက်ရင်း ပြုံးသည်။ ဒါကိုငြင်းနေတော့ အတိအလင်းချစ်ခွင့်ရချင်နေတဲ့ရင်ဘက်ကြီးထဲမှာ တချစ်ချစ်မြည်နေ ဘယ်လိုဖုံးလို့ရမှာလဲ..။ ဒါပေမဲ့ သူယုံကြည်သည်။ သူ့ရဲ့မျှော်လင့်ခြင်း တစ်ဖက်သတ်အဖြစ်နဲ့ ပြီးဆုံးသွားမယ်ဆိုလည်း ကျေနပ်ပေးနိုင်သည် ကိုယ်ကသေအောင်ချစ်ပြနေလည်း သူမကမချစ်နိုင်ပါဘူးဆိုရင် သူ့ဘက် ဘယ်လိုပေးဆပ်မှုတွေနဲ့မှ ဖြားယောင်းဖို့စိတ်မကူးပါ။

ချစ်မိခြင်းသည် အချစ်တွေသာဖြစ်၍ ပေးဆပ်ခြင်းသည် နှောင် ခြင်းမဟုတ်.. သူပေးဆပ်ခဲ့သမျှသည်....

"ရုပ်ကြီးကတွေလား..ဒီချာတိတ်ကျမှ ဒီကောင်ဘယ်လိုတွေ ငွမ်း ကြွေကျသလဲမသိဘူး.."

"သူ့ရင်ခွင်ထဲ ခဏခဏရောက်ခဲ့တာကိုးကွ..ပြောလို့မရဘူး ပဥ္စ ဝင်စားသလားပဲ.."



"..ဒီနေရာကျော်တယ်.."

လက်စကနေ နောက်အကြောင်းတစ်ခုဆက်ချင်ပြီဆို ဝေဒီတိုင်း .. ၊

"င်းတစ်ယောက်ယောက်နဲ့ ပွင့်လင်းသင့်ပြီမထင်ဘူးလားကိုကို.."

"ဒပြောတာ ဟုတ်တယ်ကွ..မင်းမှာအိမ်ထောင်ရှိမှန်းလည်း သူသိ ပြဿနာက ထပ်တက်စရာမှမလိုတော့တာ.."

"ဟုတ်တယ်..ငါအဲ့ဒါပြောတာလေ၊ ပြဿနာတစ်ခုက မရှင်းဘဲဒီ ရင် ပွတ်တိုက်မိများတဲ့ပစ္စည်းတွေလို ပိုပိုပြီးဟိ(တ်)တက်လာတာ ပြေပျောက်အေးချမ်းသွားဖို့တော့ မရှိဘူး.."

ကိုကိုက သူတစ်ငုံသောက်ထားသည့် ဝီစကီဖန်ခွက်ကို စီးကရက်ညှပ် ထားသည့်လက်နဲ့ ခပ်လှုပ်လှုပ်ကစားနေရင်း.. ၊

"ဘာလဲ..သူကငါ့မိန်းမမို့လို့ မင်းသူ့ဆီမှာကားမမောင်းနဲ့လို့ သွား လား.."

ဘယ်သူ့ဆီက ဘာသံမှထွက်မလာခဲ့.. ၊

"တွေးကြည့်ပါဦး..ဧကရီသိသွားရင်ရော ဘယ်လိုငြိမ်းချမ်းရေးတွေ နိုင်သလဲ.."

နောက်ထပ်လည်း ဘယ်သူ့ဆီကမှ ဖြေသံထွက်မလာခဲ့ပေ.. ၊

"ငါမှားခဲ့တာ.."

နောင်တတရား၏ ခါးသီးခြင်းက သက်တမ်းနုနုနှင့် အပြင်းအထန် နေခဲ့၏။

"ဘာကယ်ဆို ဒါဒါ့ကိုတစ်ခါတည်းရှင်းပြဖို့ ကြိုးစားရမှာ..ဟုတ်တယ် လိုက်ပြီး သူပြန်ထွက်သွားတာကို ဒီတိုင်းကြည့်နေခဲ့မိတာ ငါသိပ် တယ်.."

တော့ ဧကရီ့လက်ထဲရောက်သွားသည့် ကိုယ်ချစ်သောမိန်းမတစ် ရဲ့ဒုက္ခကို ဘယ်လိုကယ်တင်ရမလဲ..။ 'ဟုတ်တယ်..မိန်းမရှိတယ်၊ တော မင်းနဲ့လည်းတွေ့ဖူးတယ်..'ဆိုတဲ့ စကားလုံးတွေ သူဘာဖြစ်လို့ မိတာလဲ..။ ဒီကိစ္စပြောပြီး တို့ထောင်လွှတ်လိုက်တဲ့သူဟာ ဧကရီ င်တော့ မဖြစ်နိုင်ဘူးဆိုတဲ့အတွေးရဲ့နောက်မှာ ဒါကိုဆက်လက်လျှို့ ဖို့ ဘာဖြစ်လို့အလိုအလျောက်ဖြစ်သွားခဲ့တာလဲ.. ၊

ကရီက သူ့ဇနီးပါဆိုတာ ခုချိန်မှာအသိပေးလိုက်ခြင်းအားဖြင့် ဒါဒါ့ ဘယ်လိုအတွေးတွေဖြစ်သွားနိုင်သလဲ..ဘာတွေပြောင်းလဲသွားမလဲ ကြိုမသိနိုင်။ ဧကရီနဲ့သူ ဇနီးမောင်နှံဖြစ်နေဆဲကာလမှာ ဒါဒါလုံးဝ

မသိစေချင်ခဲ့သည့် သူ့စိတ်အတွေးတွေ ဘာကိုလိုချင်ခဲ့ပါသလဲ..၊ ဒါဒါ့ တွက်လား သူ့အတွက်လား..။ သူ့ဘဝမလွတ်လပ်သေးသမျှ ဒါဒါ့ကိုဒီ လေး နောက်ကွယ်ကနေ စောင့်ရှောက်သွားချင်သည်။ ဒါဘာကြောင့်

"အားလုံးကိုအကောင်းတိုင်း ပြန်စချင်နေတာ အသိသာကြီးပဲ ဒါဒါ့ကိုမင်းအဲ့လောက်ထိ တန်ဖိုးထားနေတာ.."

"အေး..အဲ့ဒါငါတို့အားလုံးသိတယ်၊ သူ့ဘာမှမသိဘူး..မင်းပုံရိပ် ကို ဒါဒါဘာမှမသိဘူးကိုကို၊ အဲ့ဒါကြောင့် မင်းပဲအရှုံးလိုကျန်ခဲ့မှာ ယောင်နေပြီ.."

ခံစားချက်မှန်သမျှ ဖွင့်ပြောလိုက်တော့ ဝေဒတို့စိတ်မကောင်းတွေ ကုန်ကြသည်။ ခြေရာဆိုတာ ကျန်ရစ်ကြတာမှန်ပေမယ့် ဝန်ထုပ်ဝန်ပိုး လေ ခြေရာနက်လေ..။ တစ်နေ့နေ့မှာ 'ရှင်ကိုကဝါသနာပါတာကိုး'လို့ ပြောဘူးဆိုနိုင်မလား..။ အထူးသဖြင့် အလွန်မတန်ခွဲခြားစိပ်ဖြာ သံ များတတ်သော ဗေဒါဖြူဆိုသည့်သူမက.. ၊

"ဒီတစ်ခါတော့ ငါတို့စကားကို မင်းနားထောင်သင့်တယ်..ဒါဒါ့ မင်းဖွင့်ပြောလိုက်ကိုကို၊ တစ်နေ့နေ့ကျမှ စေတနာစော်ကားခံလိုက် မင်းရင်ဘက်ကြီး စုတ်ပြတ်သွားမှာနော်..ဒီကောင်မလေး ဘယ်လိုအချိန် ဆိုတာ မင်းလိုပဲငါတို့သိတယ်.."

"အံမာ..သူ့ထက်ငါတို့ကပိုသိတာပေါ့၊ နှစ်ယောက်တစ်ယော တောင်မနိုင်လို့ ခေါင်းငုံ့ပြေးလာရတဲ့ဟာ.."

စီးကရက်ရှိုက်လိုက်ရင်း ကိုကိုနှုတ်ခမ်းတွေတွန့်သွားတော့ စိတ် လည်းတို သနားလည်းသနားမိသည်။ သို့သော် ဒီလောက်ခေါင်းမာ သနားစရာ ဘယ်နေရာမှလည်းမရှိ။ ဒါဒါနဲ့ကိုကို ဘယ်သူခေါင်းပိုမာ အုန်းသီးနှစ်လုံးလို ကိုင်ရိုက်ကြည့်ရင် ဘယ်လိုနေမလဲ..။ မတွေးရက် တွေးခဲ့မိသည်။ ဒါဒါ့အကြောင်းပြောပြီဆို မျက်ဝန်းတွေကကြည် သည်။ နှုတ်ခမ်းတွေမှာ ပြုံးယောင်သမ်း၏။ ဒေါသတွေပူလောင်မှု မွန်းကျပ်နေပါစေ ဒါဒါ့အကြောင်းလေးများ ကြားလိုက်ရင် မျက်နှာ ကဲ့သို့.. ၊

"အဲ့ဒါကြောင့်ပြောလိုက်တော့ဟေ့ကောင်..သူလည်းဒုက္ခများ မိန်းမသားပဲ၊ မှီခိုအားထားရမယ့် ယောကျ်ားမျိုးတွေ့ရင်တော့ သဘာ တိုင်းငြင်းချင်မှာ မဟုတ်ဘူး..ခေါင်းညိတ်လာအောင်လုပ်ဖို့ကတော့ မင်း ပိုင်းပေါ့၊ ဧကရီ့ကိုမင်းကွာရှင်းဖို့လည်း အတိုင်းအတာတစ်ခုအထိ မင်း မှာ လုံလောက်နေပြီပဲ.."



"ဒီမိန်းမမျိုးကို အကြိုက်ပေးကွာလိုက်ကွာ.."

"အခုကက ကိုယ်တန်ဖိုးထားတဲ့မိန်းမကို ကိုယ်ပေးချင်သမျှ ပုံပေး

ကိုကိုခေါင်းမညိတ်နိုင်ပါ။ ဧကရီ့ကို သူ့ဘက်ကဘယ်တုန်းကမှ မလို ပေမယ့် သူမမှာပြစ်ချက်ပေါင်းများစွာရှိနေသည့်တိုင် သူ့မှာလည်းဒါ ကုန် သက်သေရှိနေသော်ငြား ဒီနေ့ထိကွာရှင်းဖို့ သူမကြိုးစားခဲ့ခြင်း ကြီးကြီးမေစိတ်မဆင်းရဲစေချင်၍ဖြစ်သည်။ 'မင်းစိတ်ချမ်းသာသလို ပါတော့'ဆိုပေမယ့် ကွယ်လွန်ပြီးသူ၏ ဂုဏ်သိက္ခာကို မထိခိုက် လိုသော မျက်ဝန်းမှာ သောကတွေပြည့်နေတာ သူမြင်သည်။ ထို့ပြင် သည် ကိုယ့်ဖခင်ကြီးဖြစ်နေလေရာ.. ၊

"ငါသူ့ကိုကွာရှင်းဖို့ မဖြစ်နိုင်သေးဘူး.."

အားလုံးဆွံ့အသွားကြသည်။ ဝေဒက တံတွေးတစ်ချက်မျိုလိုက်ရင်း..

"ဒီရုပ်ကုန်မှာနော်ကိုကို..မင်းတို့ပတ်သက်မှုရှိနေတာကို ဧကရီသိနေ လည်း ထည့်တွေးဦး.."

သူတွေးခဲ့သည်။ ဒါဒါ့ကိုသူ့ကြည့်ပြီး ပြုံးခဲ့မိတာတောင် ဧကရီမကျေ ဖြစ်ခဲ့ဖူးသည်။ သို့သော် ထိုဖြစ်ရပ်က သူမအတွက်ဖြတ်သန်းခဲ့သည့် တစ်ခုသာပါ။ ဒါဒါဆိုသည့်မိန်းကလေးအပေါ် ဧကရီ့ဘက်က အ ဖြစ်ဖွယ် ဘာမှထပ်မရှိသလို သုံးပွင့်ဆိုင်ဆုံဆည်းခဲ့တာလည်း ထပ် မဟုတ်.. ၊

"မင်းကလည်း၊နဝဒရာ..ဧကရီကိုထင်တာ နည်းနည်းတော့များသွား

"အေးလေ..တစ်နေ့တစ်နေ့ ကိုကို့ကိုဘယ်လိုဒုက္ခပေးရမလဲပဲ တွေး တာ၊ ဒီကိစ္စငါသိတယ်..အကုန်လုံးကြဲဖန်တိုက်ဆိုင်သွားတာ၊ ဒီထဲမှာ ဆိုပြီး ဧကရီကကောင်းသွားတယ်..ဒါပဲ.."

ကိုကိုက ထွန်းထွန်းကိုငဲ့ကြည့်လာကာ.. ၊

"သူကဘာကကောင်းတာလဲ.."

"မင်းကိုအနိုင်လိုချင်နေတဲ့သူက မင်းရဲ့နှလုံးသည်းပွတ်ကို ဖမ်းဆုပ် ကိုင်ထားမှတော့.."

အောင်ဝင်းက စားပွဲကိုလက်ဖျားနဲ့ ပုတ်ပစ်လိုက်ပြီး.. ၊

"အဲ့ဒါကျတော့ မင်းကပိုများသွားပြန်ပြီ..အားလုံးက ဘာမှမဟုတ်ဘဲ ကျဖြစ်ကုန်တာဟေ့ကောင်၊ ငါတို့က ဘေးကထိုင်ကြည့်ပြီး တွက် နဲ့ဖျားနေကြပေမယ့် အဲ့ဒါမှန်တိုင်းမဟုတ်ဘူး..ခွေးလေးခုန်လို့ ဖုန်

ထထတယ်..ဒါပဲ.."

"ကဲ..ဘာတွေပဲခုန်ခုန် ဖုန်ပဲထထ၊ လေဆင်နှာမောင်းဖြစ်ဖြစ်
မင်းတို့ကတစ်မျိုး.."

စိတ်ပျက်တော့လည်းသူပဲဖြစ်ကာ နေရာတကာဆရာကျတတ်
ဝေဒကပဲ စကားကိုဖြတ်၍.. ။

"ဒီနေရာကျော်တယ်..အဟမ်း.."

"ကျော်ရင်လည်းမြန်မြန်ပြန်ဆက်..စိတ်ကသိပ်ရှည်တာမဟုတ်

"အေးပါ.."လို့ ဒေါသမကင်းစွာပြောရင်း ဝေဒကကိုကို့ဘက်ကို
သည်။ စီးကရက်လက်ကြားညှပ်လျက် ဝိစကီထည့်နေသည့်မျက်တော
တို့ကို ခဏကြည့်နေမိရင်း မျက်လုံးချင်းဆုံအောင် စောင့်သည်။ ပြီး

"မင်းသူ့ကိုမကွာရင်းတာ ဘယ်လိုအကြောင်းတွေရှိနေလဲတော့
ဘူးဘိုးတော်..သုံးထပ်တိုက်ကိစ္စ အဲ့နှစ်ယောက်ဝင်နှောက်သွားတာ၊
စမ်းဦးနော်..ရပ်ကွက်ထဲက လူတွေကို ငါတို့လျှော့တွက်လို့မရဘူး"

ကိုကိုက ဖန်ခွက်ကိုင်ရင်း နှုတ်ခမ်းနားရောက်မှ သူ့ကိုငဲ့ကြည့်

"အဲ့ကိစ္စ သူ့ကိုငါသတိပေးထားပြီးပြီ.."

"အဲ့ဒါကိုသူလန့်ဖျန့်ဆင်ခြင်သွားမှာ မဟုတ်ဘူးနော်..မင်းဘာ
လူဖြစ်နေနေ အန်ကယ်လ်ကစပြီး ကြီးကြီးမေအထိ သူကငယ်နိုင်ရ

"အဲ့ဒီတော့ ဘာဖြစ်နိုင်လဲ.."

"မင်းကိုဂရုမစိုက်စွာ လုပ်နိုင်တာပေါ့ကွ..ခုပဲ သုံးထပ်တိုက်
ပေးမယ့်ကိစ္စက နှစ်ထပ်ခွဲနဲ့အိုခေသွားတယ်လေ၊ အဲ့ဒါမင်းဆုံးဖြတ်ချက်
လား..တကယ်ဆို ဒီပရော့ဂျက်တစ်ခုလုံး သူနဲ့ဘာမှမဆိုင်ဘူးမို့လား၊
ကဘေးလူပါ..မင်းအတွက်ပြောနေတာ.."

"ဟုတ်တယ်ကိုကို..သူကအတွေးတိမ်တယ်နော်၊ မင်းထက်တော်
..မင်းလိုပဲသိတယ်ဆိုတာမျိုးလည်း သိပ်လုပ်ပြချင်တာ၊ ဒီပရော့ဂျက်မှာ
တိမ်းအစောင်းဖြစ်သွားရင် ထိမှာကမင်း..သူ့နာမည်က ပျောက်သွားမှာ
ကြည့်လေ..ရောက်လာတယ် ဝင်မွှေသွားတယ် ဘယ်သူမှမသိလိုက်
ဘယ်သိမလဲ..သိလည်း လင်ကိစ္စမယားကိစ္စ ဘယ်သူကခွဲခြားကြည့်
လဲ.."

ဒါတွေလည်း သူမသိလို့မဟုတ်ပေ။ သို့သော် ငါယောက်ျားမို့
တစ်ယောက်က နိုင်စားနေတာကို ခံစရာမလိုဘူးဆိုသည့်စိတ် ရင်
နည်းနည်းမှဖြစ်မလာခဲ့တာတော့ မတတ်နိုင်ပေ။ ဇကရီ့ကို သူစိတ်
တာက အနိုင်ယူတတ်တာတွေကြောင့် လုံးဝမဟုတ်ခဲ့တာသေချာသည်။



ကြောင့်.. ။

"ထားလိုက်ကွာ..ငါအခု ရန်ကုန်ကိုခဏပဲပြန်လာတာ.."

"ဟမ်.."

"အဲ.."

မယုံနိုင်သည့်မျက်လုံးတွေကို ပြုံးပြလိုက်ရင်း သူကိုယ်တိုင်တာဝန်အ
သီးသီး ခွဲဝေပေးလိုက်သည်။ ထိုအထဲမှာ.. ။

"ငါကတော့ မန္တလေးကလုပ်ငန်းတွေနဲ့ နေမယ်.." ဟူသတည်း.. ။

☎

## အခန်း(၈၄)

"ခွေးလေးခုန်လို့ ဖုန်မထဘူးဟုတ်လားဇေရီ.."

ဇေရီဘာမှပြန်မပြောဘဲ ဆေးခန်းထဲကို ဖွတ်ဝင်သည်။ ဆေးခန်း ပေမယ့် အိမ်နဲ့တွဲဖွင့်ထားသည့် ဆေးခန်းဖြစ်သည်။ ဒါပေမဲ့ ဒီဒေါက်တာ ကိုယ်ပိုင်ဆေးရုံကြီးတွေမှာ မနားတမ်းလိုက်ထိုင်ပြီး ငွေရှာကြမ်းတဲ့ဆရာ ဝန်ဆိုတာ သတင်းအတိအကျရထားပြီးသား.. ။

"ဟလို..ဒေါက်တာ.."

ဆေးအိတ်ဆွဲပြီးထွက်လာတာမို့ အမိအရနှုတ်ဆက်၍ လှမ်းတား သည်။ သူမပြန်လှည့်ကြည့်တော့မှ ပြုံးပြကာ.. ။

"ဒေါက်တာ ဒေါ်သက်သက်ချိုနော်.."

"ဟုတ်ပါတယ်..ဆေးခန်းကပိတ်သွားပါပြီ.."

နောက်မှာတိုက်ကြီးက ဟီးထနေသည်။ ဆေးခန်းကလည်း ကျယ် ကျယ်ဝန်းဝန်း သပ်သပ်။ သို့သော် စာရေးမမရှိ။ အကူနာ့စ်မမြင်။ ဒီလော တောင် ချွေတာစုဆောင်းတဲ့ဆရာဝန်ပါလား..။ လွယ်ထားသည့် ဆလင် ဘက်ခ်ကို ပခုံးပေါ်ထပ်ချိတ်၍ သဘောကျစွာပြုံးမိသည်။ ကိုယ့်ကိစ္စအဆ ပြေဖို့ သေချာပါပြီ..

သူမအပိုင်တွက်ခဲ့သော်လည်း.. ။



"ဟုတ်တယ်..ရှင်ကိုယ်ဝန်ရှိနေတာ၊ ဒါပေမဲ့ ကျွန်မတို့က မိခင်နဲ့က ကိုစောင့်ရှောက်ပေးတဲ့ ဆရာဝန်တွေ..လူသတ်သမားတွေမဟုတ်ဘူး၊ ပါ..ကျွန်မကဒဲ့ပဲပြောတတ်လို့.."

အစတည်းက ဤကဲ့သို့ပြောတတ်သည့်သူ.. ဇေရီဆိုသည့်မိန်းမက ပြောရှင်းလွန်းသည်။ ဆလင်းဘက်ခ်ကို ဒီတိုင်းထိုးပေးပြီး 'သူ့ပြဿ ရှင်းပေးပါ'တဲ့..။ 'ရှင်လုပ်နိုင်ပါတယ်..ဇေရီကလည်း စုံစမ်းပြီးမှလာ လို့ ပြောသေးသည်။ အဓိပ္ပာယ်က မပိုင်ရင်မလုပ်ဘူးပေါ့။ ကိုယ်က သူမကိုသေချာသိနေသည်။ သူမနဲ့လည်း ဆုံခဲ့ဖူးသည်။ ကိုယ်ကမှတ် ပြီး သူမကမမှတ်မိခဲ့တာ ဘယ်သူကံဆိုးသွားတာလဲ.. ။

"ကဲပါ..ပြန်ရအောင်ပါကွာ၊ ကိုယ်တို့မွေးထိုက်လို့ပဲ မှတ်ရအောင်ပါ"

ပါလာသည့် ခပ်တောင့်တောင့်လူက သူမလက်ကိုဆုပ်ကိုင်ပြီး ထပြန် နေ၏။ ဇေရီက နောက်ဆုံးမှာပေါက်ကွဲလေသည်။ စားပွဲကိုဖျန်း ၍.. ။

"စကားလုံးကြီးတွေနဲ့ အပိုတွေပြောမနေနဲ့ဒေါက်တာသက်သက်ချို.. ရှိသေးတာနဲ့ အစခက်နေတာ ဒါပဲကွာတယ်၊ ဒါလူသတ်တာမဟုတ် သနာတစ်ခုဖြေရှင်းတာ၊ မဖြေရှင်းတတ်လို့ ဖြေရှင်းတတ်တဲ့ရှင့်ကို တာ.."

'ရှင့်ကို'ပြောပြီး ထိုးလိုက်သည့်လက်ညှိုးက ဒေါက်တာ့မျက်နှာကို တောက်လိုက်တဲ့အတိုင်း.. ။

"လုပ်ပါ၀လို့..ဟွန်း.."

"တော်ပါတော့ဇေရီရာ..ကိုယ်တို့ဘာသာ.."

"ဖြန်း.."

တွင်တွင်ဆွဲခေါ်နေသည့်လူကို ရိုက်ချလိုက်တာ ဖြောင်းခနဲ.. ။

"မင်းဘယ်လိုမိန်းမလဲ.."

"အဲ့လိုမိန်းမပဲလေ..နင့်ကိုယ်နင်ဘာထင်လို့ ငါ့ကိစ္စဝင်ပါတာလဲ.."

"ငါ့ကလေးမို့ ငါဝင်ပါတာလေ..မင်းမဟုတ်တာတွေ လုပ်နေတာကို လောက်ထိကြည့်နေပေးရမလဲ.."

"ဟဲ့ကောင်..တိတ်စမ်း.."

ကားနားပြန်ရောက်လာတဲ့အထိ ဇေရီအသားတွေဆတ်ဆတ်တုန်နေ 'ထွက်သွားကြပါ..မဟုတ်ရင် ကျွန်မရဲခေါ်ရပါလိမ့်မယ်'တဲ့..။ ဒီဆရာ ရဲ့ မောင်းထုတ်ခြင်းခံခဲ့ရတာကို နည်းနည်းလေးမှမကျေနပ်။ ပြီးတော့ ။ သင်းကိုခေါ်လာခဲ့တာ အသုံးချစရာလိုလို့..။ လင်မယားနှစ်ယောက်

စလုံးက ကလေးမလိုချင်တာပါဆိုတဲ့အဖြစ်ကို သက်ရောက်စေဖို့ ကလေး ဖေအဖြစ် လက်ညှိုးထိုးပြရုံ။ ခုတော့ ဘာမှမပြောရသေးဘဲ ဆရာဝန် ကင်းကင်းတုန်နေသည်။ သင်းကမဏ္ဍပ်တိုင်တက်ပြနေသည်။ ကလေးအ ဖြစ်ကြောင်း သူပြောဖို့လိုသလား..။ သူ့မှာ ကြေညာခွင့်ရှိသလား.. ။

"နင့်လမ်းနင်သွားလိုက်တော့တေဇ..ဒါတွေရှုပ်ထွေးကုန်အောင် လုပ်တာ.."

"ဂျိမ်း.."

တံခါးဖွင့်လိုက်ပြီးမှ တေဇကအနားကမခွာသေးသဖြင့် တံခါးကို ဆောင့်ပိတ်လိုက်ကာ မျက်နှာချင်းဆိုင်လှည့်၍.. ။

"အခု ဘာအစီအစဉ်တွေရှိသေးသလဲ..ဘာကျန်သေးလို့လဲ.."

"အဲ့ဒါ တို့ကမင်းကိုမေးရမှာ.."

တေဇအကြည့်တွေကလည်း ခုနကနဲ့မတူတော့ဘဲ စိမ်းသက်ရက် ခြင်းတွေ ဖိတ်လျှံနေလျက်.. ။

"မင်းဘာထပ်လုပ်ဦးမှာလဲ..တို့ကလေးကို ဖျက်ချဖို့ဆိုရင်တော့.."

"ပါးစပ်ပိတ်ထားမယ်ဆို ငါးဆယ်အခုပေးလို့ရတယ်.."

"ဟား ဟား ဟား.."

အခြေအနေတွေ ပို၍ရှုပ်ထွေးကုန်လျက် တေဇရဲ့ရယ်သံတွေ နား မှာစွဲထင်ကျန်ရစ်၏။ ပြီးတော့ ခြိမ်းခြောက်လိုက်တာတွေ ကြိမ်းဝါးတာ ဒါတွေကြားကာမှ ယောကျ်ားတစ်ယောက်ကို ယုန်လေးတစ်ကောင်လို ဆ ဆံခဲ့မိတာ မှားပြီမှန်းသိခဲ့သည်။ တကယ်ဆို ဒီလူယုတ်မာတာတွေပဲဖြ သည်။ ကိုယ့်အိမ်ထောင်ရေးမပြေလည်မှန်းသိတော့ သင်းကကျားချောင်းသ လို ချောင်းနေခဲ့သည်။ စိတ်ညစ်လို့တစ်ယောက်တည်းဆိုင်ထိုင်မိသမျှ သ ရောက်လာတတ်ကာ သူမဘယ်ရင်ခွင်မှာ အိပ်ပျော်ခဲ့သလဲဆိုတာ ပြန်တွေး ကြည့်ဖို့မလိုတဲ့အထိ.. ။

သူမကလည်း ဘယ်တော့မှပြန်မတွေးခဲ့ပါ။ တေဇကလည်း သူမအ တွက်တော့ တစ်ခါတလေ ကယ်တင်ရှင်။ ကစားဝိုင်းမှာ ငွေကုန်အကျပ်တွေ့ တဲ့အခါကျတော့ ဖန်ဆင်းရှင်..နှလုံးသားမှာ မီးတောက်နေပြီဆိုရင်တော့ ထိုရင်ခွင်သည် အေးချမ်းသည့်ကမ္ဘာငယ်လေးတစ်ခု။ ခုတော့ ဒီယောကျ်ား က သူမဘဝကိုလောင်မြိုက်စေမည့် ငရဲမီးပါလား..။ သူမမှာကိုယ်ဝန်ရှိနေ ခဲ့သည်။ လိုချင်တာက ကိုကို့ရင်သွေး ရလာတော့ တေဇနဲ့..။ မှားခဲ့ပြီဆို သည့်အသိက ဘယ်တုန်းကမှ မခံစားခဲ့ဘူးသော ကြောက်လန့်ခြင်းကို ပေး လေသည်။ တိုင်ပင်စရာအမေလည်း အနားမှာမရှိ။ ရှိနေရင်ရော သူမတိုင်



လား..။ နေရာတကာမှာ သူငယ်ချင်းလို တိုင်ပင်ခဲ့ပေမယ့် ဒီကိစ္စမှာ ချင်းလို သဘောထားပြီး မေမေကအကြံပေးပါ့မလား.. ။

ဒါ့ကိုတစ်ခုခုသွားစားချေဆိုပြီး 'ပ'ထုတ်လိုက်တာ ပြန်ခေါ်ဖို့ကို ခေါင်းထဲမှာ ချာချာလည်နေတာ ဒီကလေးကို ဘယ်လိုလုပ်ရမလဲ င်။ ကိုကို့ကို ငါနိုင်ဖို့လွယ်ပါ့မလား..ကိုကို့အပြစ်နဲ့ငါ့အပြစ် ဘယ် သလဲ..။ ကိုကို့အပြစ်တွေကို ငါဖော်မယ့်နေ့မှာ ငါ့အပြစ်တွေကို င်ဖုံးထားနိုင်ပါ့မလား.. ။

တေဇ..လူယုတ်မာ.. ။

## အခန်း(၈၅)

"ရှင်တော်တော်ယုတ်မာပါ့လား..ဟင်.."

"အံမာ..ညည်းကလား၊ ငါ့ယောကျ်ားကို.."

စူးခနဲကျယ်လောင်သွားသည့် စကားသံတွေကြောင့် ကော်ဖီပလီ တစ်ခွက်မှာသောက်ရင်း အချိန်ဖြုန်းနေမိသည့် ဒါဒါ့မျက်လုံးတွေ အသံ ရာဆီရောက်သွားသည်။ ကိုယ့်အသက်အရွယ်ခန့် ပခုံးလောက်ဆံပင် ပျော့လေးနှင့်မိန်းကလေးက လွယ်ထားသည့်ကြိုးရှည်နှင့် ဘေးလွယ်အိတ် လေးကို ရင်ခွင်ထဲမှာပိုက်ထားလျက် ရပ်နေ၏။ အနည်းငယ်အသက်ကြီး ပုံရသည့်ယောကျ်ားက ထိုင်လျက်ရှိပေမယ့် သူ့ဘေးမှာရပ်နေသော အသက် သုံးဆယ်ခန့်အမျိုးသမီးက မိန်းကလေးမျက်နှာကိုကြည့်၍ ခါးတစ်ဖက် ထောက်၍.. ၊

"ယောကျ်ားတစ်ယောက်ကို အိမ်ထောင်ရှိရှိမရှိရှိ ကိုယ့်ကိုချစ်ချစ် ချစ်ချစ် ငွေလိုလို့ကပ်ရတာနဲ့ အဲ့ဒီယောကျ်ားချောလို့တောင့်လို့ စနိုက်ကျော် ရတာနဲ့..နင့်လိုမိန်းမတွေရှိလို့ မိန်းမကောင်းတွေ သိက္ခာကျတယ်..ဘယ် လဲကောင်မ၊ ဒီကိုမလာခင် ငါ့ယောကျ်ားနှင့်လက်ထဲထည့်ခဲ့တဲ့ ငွေငါးသိန်း

"မဟုတ်တာတွေမပြောပါနဲ့အစ်မရယ်..အဲ့လိုတွေပေးယူနေရအောင် ကျွန်မတို့မပတ်သက်သေးပါဘူး၊ ပြီးတော့ သူ့မှာအိမ်ထောင်ရှိမှန်းလည်း



ခဲ့တာအမှန်ပါ..လုံးဝမသိခဲ့လို့ပါ၊ ကျွန်မကတိပေးပါတယ်..နောက်ထပ် ရှောင်ပါ့မယ်.."

"မသိချင်လို့မြုံနေတာ မဟုတ်ဘူးလား..သူ့မှာမယားရှိမရှိ နင်မေး ကြည့်မှသိမှာလေ၊ ယောကျ်ားသားကတော့.."

"ကျွန်မမေးခဲ့တယ်..အဲ့ဒါကိုသူက.."

"တိတ်စမ်း..ကောင်မ.."

လက်ဖက်ရည်ဆိုင်ပေမယ့် ဆိုင်ကြီးကကျယ်ဝန်းခမ်းနားသည်။ ရှိ လူတွေ ဝိုင်းအုံကြည့်နေကြ၏။ ထို့ပြင် သူမတို့စားပွဲဘေးကို ဖြေးကပ် သည့် သုံးလေးယောက်သောလူတွေကလည်း ထိုလင်မယားဘက်ကပဲ ရှိလျက်..

"ဒီလိုလုပ်လို့မရဘူးကေခိုင်..စနိုက်ကျော်မတွေကို တစ်ခါတည်းလန့် အောင် လက်ဆင်နှ်ပေးလိုက်.."

"မင်းကလည်းဝန်ခံလိုက်လေ..ပိုက်ဆံကြောင့်အရှက်ကွဲခံနေရသလား"

"သူ့ပိုက်ဆံပေးပြီး ပြန်လစ်တော့..မဟုတ်ရင် မကေခိုင်ကစိတ်ကြီး နင်ဒီဆိုင်ထဲမှာပဲ အစိပ်စိပ်အမွှာမွှာဖြစ်သွားလိမ့်မယ်.."

"မ..မဟုတ်ဘူး၊ သူနဲ့ကျွန်မ ဘာမှမဟုတ်သေးဘူး..ကျွန်မတကယ် နေတာပါ၊ သူ့ဆီကလည်း ဘာမှမယူဘူး.."

မိန်းကလေးက လက်တကာကာနှင့် ရှင်းပြရင်း မျက်ရည်တွေပိုးပိုး ပေါက်ကျလာကြ၏။ ယောကျ်ားသည်ငုတ်တုတ်ထိုင်လျက်ကမလှုပ်။ သည့်အမျိုးသမီးက ဒေါသတွေနဲ့ပို၍ပေါက်ကွဲတော့မည့်အသွင်ရှိကာ၊

"ပေး..သူ့အိတ်ကိုငါရှာမယ်.."

"ဟင့်အင်း..ဟင့်အင်း၊ ကျွန်မတောင်းပန်ပါတယ်..ကျွန်မအဲ့လိုမိန်းမ ဟုတ်ပါဘူး၊ ကယ်ကြပါဦး..လုပ်ကြပါဦး.."

"အုပ်လိုက်မှာပေါ့..ဒီမလာခင်လေးကမှ ပေးထားတာ.."

"မဟုတ်ဘူး..အဲ့ဒါဖေကြီးဘဏ်ထဲထည့်ဖို့ ခိုင်းထားတာ၊ ဖေကြီးပိုက် ပါ.."

"အံမာကောင်မ.."

"အား.."

"ခင်ဗျားတို့ကလည်းဗျာ..ပိုက်ဆံလည်း ပြန်ရပြီ၊ သူလည်းတောင်း နေတာပဲ.."

မိန်းကလေးကို ဆံပင်ဆွဲပြီး ရိုက်ချမည့်လက်က လေထဲမှာပျံ့ဝဲနေ သည်၊ အမြင်မတော်တဲ့လူတချို့က လှမ်းအော်ပြောကြ၏။ ဒါဒါဘယ်လို

ပဲမကြားချင်ယောင် ပြုနေပေမယ့် တနုံ့နုံ့ဖြစ်လာသည့်စိတ်က ကော်
ကန်ကိုင်ထားရင်း တုန်ယင်လာ၏။ ခုခေတ်ကြီးမှာ သူခိုးကလူဟစ်
တာ အများကြီး။ စွပ်စွဲသည့်လူက အဖော်အပေါင်းနှင့် ကျီးတွေလိုဝိုင်း
ထားပြီး ဖြေရှင်းခွင့်မရဘဲ ခံနေရသည့်ဘက်မှာ မိန်းကလေးတစ်ယော
တည်း။ အမြဲတမ်း စွပ်စွဲကဲ့ရဲ့သံတွေနဲ့ လုံးထွေးသတ်ပုတ်လာခဲ့ရ
ကိုယ့်ဘဝက ဒါမျိုးကိုစာနာဖို့အတွက် တကယ့်အမာခံ.. ।

ဒါဒါဆတ်ခနဲထရပ်လိုက်သည်။ စိတ်သည် ဘယ်သူဘယ်ဝါ
ခွဲခြားပါဝင်လိုတာမဟုတ်ဘဲ မျက်ရည်တွေနဲ့ရွဲနစ်နေရှာသည့် မိန်းက
မျက်နှာတစ်ခုတည်းကြောင့်ပဲ မီးနဲ့ထိလိုက်သည့်ယမ်းကဲ့သို့.. ।

"ဘုန်း.."

"အောင်မယ်လေးဗျာ.."

ထိုင်နေသည့်အမျိုးသား ကျောကော့သွားသည်။ အားလုံးလှည့်
လိုက်ကြတော့ ရေသန့်ဘူးကို လက်တစ်ဖက်ကကိုင်လျက် ဒါဒါသည်..

"ရှင်ဖောက်ပြန်တုန်းက ဒီလိုငုတ်တုတ်ထိုင်နေခဲ့သလား..ဟိုမှာ
ရတာ ရှင့်မှာဘာတာဝန်မှမရှိဘူးလား.."

"မင်း..မင်းကဘာတုံး.."

ဒါဒါလက်ပြင်နေသေးသဖြင့် ကျောကိုထပ်ရိုက်လိုက်မှာစိုးကာ
သူအသည်းအသန်ထရပ်သည်။ ပြီးတော့ လက်နက်ရှာသလို စားပွဲပေါ်
ကြည့်၏။ မိန်းကလေးကိုရိုက်နက်ဖို့ အာရုံများနေသည့်အဖွဲ့ ဒါဒါ့ဆီ
ရုံတွေပြောင်းလာကြကာ.. ।

"ညည်းကလည်းပိုင်စိုးပိုင်နင်းနဲ့ ငါ့လင်ကို..ဟင် ဒီစနိုက်ကျော
ဘယ်လိုပတ်သက်ပြီး နာလုံးပေါက်နေတာလဲ.."

"ဘာမှမပတ်သက်ဘူး..မတရားလုပ်နေလို့ ကြည့်မရလို့ဝင်ပါ
ပြောလို့ရတိုင်းပြောနေတာကို မျှတအောင်ဝင်ပါတာ..ယောကျ်ားခိုးလို့
တာနဲ့ပဲ သူများပိုက်ဆံအိတ်ဖွင့်ရှာတာ ဘယ်လောက်တောင်လူမဆန်
ပြုအမူလဲသိလား.."

"အံမာ..ကဲဟယ်.."

စားပွဲပေါ်က ဆော့ပုလင်းနဲ့ဆွဲပေါက်လိုက်တော့ ဒါဒါမျက်နှာငဲ့
လိုက်တာ လွတ်သည်။ အနီးကပ်လူက အချိုရည်ပုလင်းနဲ့ခေါင်းကိုလှ
လိုက်လျှင်.. ।

"ဟော့လူ.."

ဒါဒါ့တစ်ကိုယ်လုံးသည်တစ်စုံတစ်ယောက်က ကြိုးကွင်းပစ်ဆွဲလိ



ပေါ်ပိုင်းတစ်ပိုင်းလုံး လန်ထွက်သွားတဲ့အထိ ဆွဲသည့်နောက်
သွားသည်။

"ခွမ်း..ချွင်.."

ခေါင်းပေါ်အရှိန်နှင့်ကျမည့်ပုလင်းက ပုလင်းရောလူရောပြိုလဲ
ခွန်းနဲ့ရိုက်မိပြီး သူ့အရှိန်နဲ့သူ အလဲလဲအကွဲကွဲ.. ।

"မိန်းမတွေကြားထဲမှာ ခင်ဗျားဘာလဲ.."

"မင်းကရော ဘာဆိုင်လို့ဝင်ရှုပ်တာလဲ..အဲ့ကောင်မလေး ငါ့အစ်ကို
တာ မမြင်လိုက်ဘူးလား.."

"မြင်တယ်လေ..ရိုက်ပေ့စေ၊ ဘာဖြစ်လဲ.."

ကိုကိုလည်းဒေါသထွက်နေသဖြင့် အော်ပစ်လိုက်၏။ ဒါဒါက ကိုကို့
ယ်ကာ.. ।

"မိန်းကလေးတစ်ယောက်ကို မစာမနာပြောဆိုရိုက်ပုတ်နေကြတာ..
ဘယ်လောက်လွန်လွန်းနေမှန်း တစ်ဆိုင်လုံးသိတယ်၊ လူတွေကိုအ
မှတ်လို့လား..သူ့ကိစ္စသူ့အကြောင်းတွေရှိကမှာပဲဆိုပြီး ဝင်မပါကြ
ကိုယ်ကို ဟုတ်လှပြီထင်မနေနဲ့၊ အုပ်စုလိုက်လာဖြုခြောက်နေ
ည်းနည်းမှလူစိတ်မရှိကြဘူး.."

တစ်ဆိုင်လုံးသိကြသည်လို့ ပြောလိုက်သည့်ဒါဒါ့စကားနောက်မှာ
တစ်ပေါက်ဝေဖန်သံတွေ ထွက်လာကြသည်။ မိန်းကလေးဘက်
ယ်ပေးကြသည်။ ထိုအခါကျမှ အတင်းဖိနှိပ်စွပ်စွဲရိုက်ပုတ်ခြင်း
က်ကနေ မိန်းကလေးလွတ်မြောက်ခွင့်ရရှာ၏။

"ပြီးသွားပြီ..လာ.."

ကိုကိုက ဒါဒါ့လက်လေးတစ်ဖက်ကိုဖိဆုပ်၍ ဆိုင်ထဲကနေ ဆွဲထွက်
သည်။ ကိုကို့ကြောင့်ပါလာခဲ့ပေမယ့် ကားပါးကင်ဆီပြေးသွားသည့်
လေးကို ဒါဒါစိတ်မဖြောင့်စွာ လည်ပြန်ကြည့်နေဆဲနှင့်.. ।

"အဲ့ဒါလူပါးဝကြတာသိလား..ဟိုကောင်မလေး သူတို့ပြောသလိုမ
.."

"ကိုယ်သိတယ်..သူတို့ငွေညှစ်နေကြတာ.."

ဟင်.. ।

ကိုယ့်ကိုဆူမည်ပြောမည်ထင်နေသဖြင့် ခုလိုကြားလိုက်တော့ ဟင်ခနဲ
သည်။ ထို့ပြင် ဟိုလူပုလင်းနဲ့ရိုက်ချလိုက်သည့်အချိန်မှာ သူသာ
လျှင် ပုလင်းစာမိသွားမည့်သူမခေါင်းသည်.. ।

"ဒါဆို ရှင်အဲ့ဆိုင်ထဲမှာ တစ်ချိန်လုံးရှိနေတာပေါ့.."

ဆိုင်ထဲမှာတော့ မဟုတ်ပါ။ ဘေးက ညောင်ပင်ရိပ်မှာ ကားထိုး ပြီးတော့ဖြစ်သည်။ သူမအတွက် အချိန်ပေးတော့ဖို့ဆုံးဖြတ်လိုက်သ နောက် သူ့အတွက်အရာရာဟာ သူမသာဖြစ်ကြောင်း.. ၊

"မင်းကိုဆိုင်ထဲမှာ မြင်လို့ဝင်လာတာပါ.."

"ဒါပေမဲ့ ရှင်သူတို့အကြောင်းတောင် သိနေသေးတာ.."

မသက်သာသလိုမေးရင်း ချွေးတို့နှင့်စိုကပ်နေသည့်ဆံစတွေကို လက် တစ်ဖက်နဲ့ဖိသပ်တင်လိုက်သေးသည်။ ထိုအခါ မကျဉ်းမကျယ်နဖူးပြင် လေးမှာ မသေမသပ်ကပ်တွယ်ကျန်ရစ်သည့် ဆံယဉ်စလေးတွေက ထို မျက်လုံးထဲမှာ သနားဖွယ်မြင်နေရလျက်.. ၊

"ဒီမှာခဏထိုင်..ရော့.."

မကျည်းနှစ်ရောင် နက်ချွေးသည့်ကုတ်အင်္ကျီထဲကနေ သူမအတွက် ထွက်လာခဲ့တာ ကိုယ်သဘောကျခဲ့ဖူးသည့် သူ့ကိုယ်သင်းနံ့ပါသော သည့် လက်ကိုင်ပဝါလေး။ သူမဘေးအန္တရာယ်တစ်ခုခု ကျမယ့်အဖြစ် လာတိုင်း သူရောက်လာတတ်သည်။ အခက်အခဲတစ်ခုခုမှာ အကျပ်ရိုက် ပြီဆို သူ့ကြောင့် သို့မဟုတ် သူနဲ့ပတ်သက်မှုတစ်ခုခုနဲ့ ပြေလည်ခဲ့ရသည် ဒါတွေကတိုက်ဆိုင်တာလား.. ၊

စိတ်ကူးတွေထဲထည့်ပြီး ပျော့ညံ့ချင်နေတာလားဒါဒါ..ဒီလူနှင့်ကို ခဲ့တာ မမေ့နဲ့၊ ခုဖြစ်ကြတဲ့ရန်ပွဲက ဘာကြောင့်လဲ.. ၊ ဘုရား.. ၊

သူမထိတ်ခနဲပူလောင်သွားသည်နှင့် ခြေလှမ်းဆုတ်မိပြီးဖြစ်လျက်

"ရှင်ဘာဖြစ်လို့ ကျွန်မနားရောက်ရောက်လာတာလဲ.."

"ကိုယ်.."

"ဟုတ်တယ်..ကျွန်မရှင့်ကိုမပတ်သက်ချင်လို့ ခွဲထွက်ခဲ့တာ၊ ရှင့်ကို မြင်လိုက်တိုင်း.."

ဒါကိုဘာလို့မေ့မေ့နေခဲ့တာလဲ..။ စကားသည် ရင်ထဲမှာသာ အ သတ်၍ နောက်ထပ်ခြေလှမ်းဆုတ်လိုက်မိပြီး.. ၊

"အိမ်ထောင်ရှိတဲ့ယောကျ်ားတစ်ယောက်နဲ့ ပခုံးချင်းယှဉ်ရပ်မိတာ အဲ့ဒီမိန်းမဘယ်လောက်ထိ သိက္ခာကျအရှက်ရသွားစေနိုင်လဲ..ကျွန်မသိတယ် ခုနမိန်းမလိုအဖြစ်မျိုး ရှင်ကကျွန်မကို.."

"ဘာတွေပြောနေတာလဲဒါဒါ..ကိုယ်ကမင်းကိုအဲ့လိုအဖြစ်ခံမယ့် လား.."

"ရှင်ဘယ်လိုလူဖြစ်တာ ကျွန်မဘယ်လိုလုပ်သိမှာလဲ..သိလည်း ချင်ဘူး.."



"မင်းကသိချင်ချင် မသိချင်ချင် နည်းနည်းတော့ကိုယ်ပြောမှဖြစ်မယ်.. ကောလေးဖြစ်ဖြစ်.."

"ဟင့်အင်း.."

သူမှာအိမ်ထောင်ရှိတာကို သူကိုယ်တိုင်ဝန်ခံခဲ့ပြီးပြီ။ သူနဲ့နှစ်ယောက် အတူရှိနေရင် ကိုယ်ကဘာဖြစ်သွားမလဲ..။ ဘာဖြစ်ဖြစ် ဖြစ်သွားနိုင် ကို ဘာဖြစ်လို့အဖြစ်ခံရမှာလဲ..။ ညောင်ပင်ရိပ်မှာ နှစ်ယောက်ထိုင်စ န်းလေးရှိနေသည်။ ညောင်ပင်လေးက ဝိုင်းဝိုင်းပုပုလေးမို့ ခုံတန်း ထုပ်ထားဟန်ရှိသည်။ သို့သော် ဒါဒါကတော့ ခုံတန်းနဲ့ပိုဝေးအောင် တ်လေသည်။ မြေပြင်ပေါ်မှာ ခုံးထွက်နေသည့် ညောင်မြစ်နှင့်ခလုတ် တာ.. ၊

"အ.."

သူမပက်လက်လန်ကျသွား၏။ သို့သော် ကိုကိုပဲသူမပခုံးလေးတစ် ကို အမိအရဖမ်းဆွဲထားလိုက်ကာ.. ၊

"ဘာဖြစ်လို့လဲ..ကိုယ်ကမင်းဒီလောက်ထိကြောက်ရမယ့်သူ ဖြစ်နေ .."

ဟုတ်တယ်လို့ ဖြေရမလား..။ ဒါဒါ သူ့အရပ်မြင့်မြင့်မားမားကြီးကို ကြည့်ပြီး ပြောချင်ပေမယ့် ပြောလို့မထွက်ဘဲဖြစ်နေခဲ့၏။ သူ့ကိုမြင် စိတ်တွေကယောင်ချောက်ချားဖြစ်ခဲ့သည်။ သူ့အကြောင်းတွေးမှ စိတ် အေးချမ်းစွာ အိပ်လို့ပျော်ခဲ့သည်။ ပြောရပါလျှင် နေ့စဉ်ငိုကြွေးနေခဲ့ရ အမေသေလို့ပူရတဲ့အပူ သမီးဆုံးလို့ငိုရတဲ့မျက်ရည်တွေ ဒါတွေကို အငွေ့အသက်တွေနဲ့သာ ဖျောက်ဖျက်နိုင်ခဲ့တာပါ.. ၊

သူဘာလို့ကူညီနေခဲ့တာလဲ မသိခဲ့ပေမယ့် သူမခြွေခင်က သူမကြွေ နေခဲ့သည်။ သူမပြောဘဲ စိတ်ကူးတွေထဲမှာ သိနေခဲ့သည်။ အချိန်တိုင်း လာတော့ ကြောက်မိသည်။ ငါဘဝ ငါဘာသာခိုင်မာစေမည်ဆိုသော ည်ချက်တွေဟာ သူနဲ့ဆုံလေမှ အားကိုးချင်လာသည်။ ပျော့ညံ့ချင်ခဲ့ ။ သို့သော် အားလုံးက အိပ်မက်တွေပဲဆိုတာ သူမသိခဲ့ရပြီးပြီ.. ၊

ကြည့်ထား..အဲ့ဒါစနိုက်ကျော်မယ့်ရုပ်'လို့ သူမအပြောခံခဲ့ရပြီးပြီ။ လူ တိုင်း သူတို့ရဲ့သက်ဆိုင်သူတွေကို ပြေးဝက်တော့မလို ပြုမူကြတာ ထိုပြင်ခုလေးတင် ကိုယ့်မျက်စိအောက်မှာဖြစ်သွားတဲ့ မိန်းကလေးရဲ့ ။ ဒါဒါ ပခုံးမှာကိုင်ထားဆဲ သူ့လက်ကိုဖယ်ချပစ်လိုက်သည်။ ပြီး စိတ်ကိုတည်ငြိမ်အောင် ထိန်းချုပ်ရင်း မျက်နှာလွှဲပစ်မိကာ.. ၊

"ရှင့်ကိုဘယ်လိုလူလို့ ကျွန်မသတ်မှတ်ခွင့်မရှိပါဘူး.."

"ဘာလို့မရှိရမှာလဲ..မင်းသတ်မှတ်လို့ရတယ်၊ မင်းသတ်မှတ်တာ တာကို ကိုယ်ကြားချင်တယ်..ပြောကြည့်စမ်းပါ.."

မျက်လုံးချင်းဆုံသွားကြလေသည်။ ယောကျ်ားဖြစ်ပေမယ့် သောမျက်တောင်တွေ ဝန်းရံနေသည့်ကိုကို့မျက်ဝန်းတွေက မျက် ကော့ကော့တို့ ဖြန့်ကပ်နေသည့် ဒါဒါ့မျက်ဝန်းလေးတွေထဲကို စူး တော့မတတ် မျက်တောင်မခတ်စိုက်နှစ်လျက်.. ၊

"ပြောလေဒါဒါ..ခုလောက်ဆိုရင် မင်းနဲ့ကိုယ်ပြောမနာဆိုမနာ ပြီမို့လား၊ ကိုယ့်ဘက်ကမှားကွက်ကို မင်းနားမလည်နိုင်ပေမယ့် မင်း လိုမှားမှား ကိုယ်ခွင့်လွှတ်တယ်.."

ရင်ထဲမှာ နင့်ခနဲစူးသွားသည်။ သို့သော် အောက်ကိုတစ်ချက်ငုံ့ ပြီးမှ ခြေလှမ်းနှစ်လှမ်းလောက်ဆုတ်နေလိုက်ကာ.. ၊

"ကျွန်မစိတ်မဝင်စားဘူးဦးကို..နောက်တစ်ခါကျွန်မကိုတွေ့ရင် တခြားလူတွေအပေါ် ကူညီသင့်တာမျိုးထက် ဘာမှပိုပြီးမစွတ်ဖက်ပါနဲ့ မပါပါနဲ့၊ ကျွန်မက ကျေးဇူးမသိတတ်တဲ့မိန်းမ.."

"ဟွန့်.."

ကိုကိုက မြေပြင်ပေါ်က သစ်ကိုင်းခြောက်လေးတစ်ခုကို ခြေဖျား နဲ့တိုးတိုက်ဆော့ရင်း မဲ့သည်။ ပြီးမှ သူမမျက်နှာကိုကြည့်၍.. ၊

"ကိုယ်တခြားသူတွေအပေါ် ကူညီခဲ့တာထက် မင်းကိုပိုတယ်ဆို ဘာကိုကြည့်ပြီးပြောတာလဲ.."

ဟင်..။ ဒါကိုပြန်မေးမည်မထင်ခဲ့သဖြင့် ဘာဖြေရမှန်းမသိ။ နောက် ထပ်မျက်လုံးချင်းဆုံကြတော့ ကိုကိုက စိုက်ကြည့်ပြီးပြုံးသည်။

"မင်းကိုယ့်မှာ အိမ်ထောင်ရှိနေတာကို ဘာလို့ဂရုစိုက်နေတာလဲ"

မေးရက်လိုက်တာ..။ ရင်ထဲမှာ နင့်သွားသလောက် ရှက်သည့်စိတ်က တပြိုင်တည်းဖြစ်၏။ သို့သော် တော်ရုံလောက်နဲ့ ဒါဒါကကိုယ့်ကိုယ်ကို ပြစ်တင်တတ်တဲ့မိန်းမမဟုတ်.. ၊

"ရှင့်မေးခွန်းတွေက ဘယ်ဘက်ကိုဦးတည်နေတာလဲ..ကျွန်မက ဘာ လိုဖြေစေချင်တာလဲ.."

"မေးခွန်းပေါ်မှာ မေးခွန်းထပ်ထုတ်တာလည်း မင်းတော်သားပဲ ပေမဲ့ မေးခွန်းတိုင်းကို ဖြေဖို့မလိုပါဆိုတာ မေးခွန်းစာရွက်တွေပေါ်မှာတော့ ရှိတယ်၊ ကိုယ်မေးတာ မင်းဖြေဖို့မဟုတ်ဘူး.."

ဒါဒါ့မျက်ခုံးလေး တွန့်သွားသည်။ ပြီးတော့ မျက်နှာလွှဲပစ်၏။

"အမှန်တရားကို ကျော်လွှားသွားနေကြတဲ့ ခြေလှမ်းတွေရှိတယ်၊



စကားလုံးတွေရှိတယ်၊ ဒါပေမဲ့ ခြေလှမ်းတွေမှန်ရင်မှန်နေမယ်..စကားလုံးတွေ လေက လှုတ်တိုက်လိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ အမှန်တရားရဲ့ဂုဏ်သိက္ခာ ဘယ်တော့မှပျောက်ကွယ်သွားခြင်း မရှိလို့ပဲ..ဒါကိုကျော်လွှားပြောနေ တော့ အန္တရာယ်ပဲ၊ ဒါကြောင့်ပဲ မင်းနဲ့ကိုယ်ဘယ်တော့မှ ပြောလို့အဆင် မပြေမှာမဟုတ်ဘူး..ဒါပေမဲ့ အဲ့ဒါလည်းမင်းဘက်ကပဲ.."

သူပဲနားလည် သူချည်းပဲပြောနေခဲ့လျက်.. ၊

"မင်းကအမှန်ကိုမသိချင်ပေမယ့် ကိုယ်ကနားလည်ချင်တာ.."

"ဒီမှာ.."

"အဲ့ဒါက ကိုယ်တို့အခု မိတ်ဆွေအဖြစ်နဲ့ ငြိမ်းချမ်းချင်တာ.."

သူ့ဘက်က ဒီစကားပြောလိုက်တော့ ပေါက်ကွဲချင်ခဲ့သည့်ဒေါသက အရှိန်ပျောက်ကွယ်မဲ့သွားသည်။ နဂိုတည်းက သူနဲ့ပတ်သက်သော မကျေနပ်ခြင်း တွေ မရှိခိုင်မာခဲ့လေရာ.. ၊

"ရိုးရိုးလေးပဲ..ကိုယ့်ရင်ထဲမှာ ဘာရှိနေတာလဲဆိုတာ မင်းကသိဖို့မ လိုအားဘဲ ကိုယ်ကလည်းမင်းရဲ့မိတ်ဆွေကောင်းအဖြစ် ရပ်တည်ခွင့်ရရင် ကျေနပ်နေမယ့် စေတနာသန့်သန့်နဲ့.."

ဒါဒါငေးခနဲတစ်ချက် ကြည့်မိသည်။ ပြီးတော့ မျက်နှာမလွှဲဖြစ်ဘဲ..၊

"အဲ့ဒီအနေအထားမှာ ခုနရန်ပွဲလို ကျွန်မဂုဏ်သိက္ခာထိခိုက်ဖို့ဖြစ် လာမယ့်.."

"မဖြစ်စေရဘူး..ကိုယ့်ဘက်ကအတတ်နိုင်ဆုံးဆင်ခြင်မယ်.."

ဒါနဲ့ပဲကျေနပ်ရမှာလား..ကိုယ့်အတွက် လုံခြုံဖို့ဆိုတာ မကောင်းတတ် တဲ့အခြေအနေတွေ မရှိသင့်တဲ့ထောက်ပံ့ခြင်းတွေ.. ၊

"အများကြီးမတွေးပါနဲ့..ကိုယ့်ဘက်ကရိုးသားနေသရွေ့ မင်းစိုးရိမ်တာ တွေဖြစ်လာဖို့ မရှိဘူး.."

သူက ဒါဒါတွေဝေနေတာလေးကို မချင့်မရဲငုံ့မိုးကြည့်ရင်း.. ၊

"ကိုယ့်မှာအိမ်ထောင်ရှိပေမယ့် သူနဲ့ကိုယ်က.."

"ဟင့်အင်း..ရှင်ပြောသလိုပဲ အဲ့ဒါဘာဖြစ်ဖြစ် ကျွန်မနဲ့မှမဆိုင်တာ၊ ရှင့်အိမ်ထောင်ရေးကို သိဖို့မလိုပါဘူး.."

ဟုတ်သည်..မိန်းမတစ်ယောက်က အိမ်ထောင်ရှိယောကျ်ားတစ် ယောက်နဲ့ သိကျွမ်းခွင့်မရှိဘူးလား..။ ဘယ်ယောကျ်ားနဲ့ဖြစ်ဖြစ် ရင်းနှီးခင် မင်လို့ မရဘူးလား..ဒါအခိပ္ပာယ်မှမရှိတာ..။ သူမရဲ့ဝှံစွာခေါင်းညိတ်လိုက် သည်။ သူနဲ့ပတ်သက်ဆက်ဆံနေရချိန်မှာ အေးချမ်းခဲ့သည့်ကြည်နူးခြင်း သည် မသိစိတ်မှာ တမ်းတမ်းတတခိုတွယ်တည်ရှိနေခဲ့သည်ဖြစ်ရာ..

"ကျွန်မသွားတော့မယ်.."

"ခဏ.."

သူမလှည့်ထွက်လိုက်တော့ သူကဘေးကိုရောက်လာသည်။ ပြီး လှမ်းပြန်ဆုတ်လိုက်ရင်း.. ။

"ဒါလေးယူထားပေး.."

ကဒ်လေးတစ်ခုပေးတော့ ဒါဒါကလှမ်းယူသည်။ ကြည့်လိုက် တမင်စုစည်းရိုက်ထည့်ထားသည့် ဖုန်းနံပါတ်တွေဖြစ်နေကာ အော် ဗစ်တွေလည်း ပါ၏။

"တကယ်လို့ ဘယ်မှာဖြစ်ဖြစ် ကားပျက်ရင် အဲ့ဝပ်ခ်ရှော့တွေ ရတယ်..ကျန်တဲ့ဖုန်းနံပါတ်တွေက မင်းနဲ့ပြောဖူးတဲ့ ကိုယ့်သူငယ်ချင်း မင်းတစ်ခုခုအခက်တွေ့ရင် အဲ့ဖုန်းနံပါတ်တွေခေါ်.."

ဒါဒါ သူ့ကိုပြန်ကြည့်လိုက်တော့ ပြုံးပြကာ.. ။

"မင်းကိုယ့်ကိုလန့်တယ်မို့လား..သူတို့ကလူပျိုတွေပါ.."

ဒါဒါ့ပါးပြင်လေးတွေ ရဲတွတ်သွားသည်။ သူမအဓိပ္ပာယ်ကောက် ပြီဆိုတာသိလိုက်တော့ သူချက်ချင်းခေါင်းခါပြမိရင်း.. ။

"ကိုယ့်အနေနဲ့ ကူညီဖို့အဆင်မပြေတဲ့ တချို့နေရာတွေအတွက် ရှိတယ်လို့ပြောတာ..အိုခေ.."

ကိုယ့်အတွက် ဘာဖြစ်လို့သူဒီလောက်တောင် ထည့်တွေးပေးနေ လဲ..။ ဒီစိတ်ကူးတွေ ဖြစ်မလာစေချင်ပေမယ့် သူ့အပြုအမူတွေကြောင့် ဖြစ်နေမိရကာ.. ။

"ကားပျက်ရင်ဆိုတာက ကားပိုင်ရှင်ရဲ့အလုပ်ပဲ..အဲ့ဒီအတွက်မ ဘူး.."

"ကားမောင်းနေရမှာက မင်းလေ..ကားပိုင်ရှင်ကလည်း မင်းအ မှာ အမြဲပါနေချင်မှနေမယ်၊ ဟိုတစ်ခါညကလို ဆင်ဆင်တူတဲ့အခက် မျိုးပေါ့..အဲ့ညက ကားပျက်တာမဟုတ်ပေမယ့် မင်းလာကြိုတဲ့လူကမရှိ နားမှာသူဌေးကမပါ.."

သူပြန်စလိုက်ကာမှ ထိုညက သူမအတွက်သည်းထိတ်ရင်ဖိုဖြစ်ခဲ့ ကို သတိရမိသည်။ ဘီလီယက်ခုံမှာ ယောကျ်ားတွေချည်းပြည့်နှက်နေ သည်။ သူမကိုလှည့်ကြည့်ပြီး အံ့သြသွားသည့်ဟန်တွေ ပြီးတော့ ပြုံး လက်တို့ကြတာတွေ ထို့ပြင်.. ။

"လာခေါ်နေပြီ..မင်းထွက်တော့.."ဆိုတာတွေ.. ။

"ငါထွက်ချင်လို့မဟုတ်ဘူးနော်..အိမ်သူလိုက်လာလို့.."ဆိုတဲ့ ရီ



တွေ။ ပြီးတော့ ရယ်နေကြတာ လူကိုတည့်တည့်ကြည့်ပြီး.. ။

ညီမညည့်သည်လာကြိုတာလား..အပေါ်ထပ်မှာ.."လို့ လူတစ် ပြောမှ ထိုရှေ့ကလွတ်ပြီးရော သူမလှေကားရှိရာ စွတ်စွတ်ထွက် ။ ထိုနေရာရောက်ကာမှ မော့ကြည့်လိုက်တော့ လှေကားကမှောင် သည်။ ကိုယ်ရပ်နေသည့်နေရာက မှောင်ရိပ်ကျသည့်ထောင့်ကွယ်ရပ် ထို့ပြင် ဘေးမှာအိတ်ပုံကြီးတွေလား..စက္ကူထုပ်တွေလား..။ သေချာ မယ့် ပြိုကျနေတာတွေလည်းရှိသော တကယ့်ချောင်ဂလောင်နေ

လူဝင်လူထွက်ရှိခြင်းမရှိခြင်းကို ပတ်ဝန်းကျင်တစ်ခုလုံးမှာ ခြေရာသာ ပြောင်ပြောင်စင်စင်နေခြင်းက ဖော်ပြနေကြ၏။ ဒါနဲ့တောင် လှေကား မတက်ရနိုးနှင့် တွေဝေသွားခဲ့မိသည်။ ပြီးတော့မှ ကိုယ့်ဘာသာ ၍ ပြန်ဆင်းလာခဲ့တာဖြစ်သည်။ အောက်က ဘီလီယက်ခုံမှာ ဆူညံ နေသလောက် အပေါ်မှာလူသူတစ်စုံတစ်ယောက်မှ မရှိသလိုဖြစ်နေတာ ရော.. ။

သူမအံ့သြခြင်းသည် အောက်မှာကိုကိုတို့ကိုမြင်လိုက်ရသဖြင့် တွေး တွေပါမကျန် မေ့ပျောက်ပြီးဆုံးသွားခဲ့တာဖြစ်ကာ.. ။

"အဲ့ဒီတုန်းတည်းက ကျွန်မကားမောင်းတာကို ရှင်သိနေလို့ အံ့သြနေ

"အဟွန်း..ကားမောင်းဝင်သွားတာမြင်မှတော့ မင်းကကားဝယ်စီးတာ ဖြစ်နိုင်တာ.."

ပြောခဲ့ထိပြန်ပြီ..။ မေးလိုက်ပါဦးဒီမေးခွန်း..။ ဒါဒါကိုယ့်ကိုယ်ကိုစိတ် သူ့ရှေ့ကသွားဖို့ နောက်ထပ်ပြင်မိ၏။

"လာမယ့်ဖရိုက်ဒေးက ကိုယ့်မွေးနေ့.."

နောက်ထပ်ခြေလှမ်းတုံ့လေသည်။ ကိုကိုက ဘောင်းဘီအိတ်ထဲလက် ထည့်လိုက်ပြီး သူ့နောက်ကကားနားထိ ခြေနှစ်လှမ်းလောက်ဆုတ် ကားကိုကျောကပ်မှီမလို နီးနီးလေးမှာရပ်လိုက်ပြီးမှ.. ။

"ညခုနစ်နာရီ..ဒါပေမဲ့ မင်းကညဘက်ထွက်ဖို့ အဆင်ပြေမှာမဟုတ် အဲ့ဒီညနေ မင်းအားတဲ့တစ်ချိန်ချိန်ပေါ့.."

ဒါဒါစိတ်ဝင်စားသွားသည်။ သို့သော် ကိုယ်နဲ့ဒီပွဲမျိုးက မတန်မရာ။ သော် ခြေလှမ်းကလည်းမရွှေ့မိသေး.. ။

"မင်းအလုပ်လုပ်ဖူးတဲ့ဟိုတယ်လ်မှာပဲ..ဂျီဝမ်းကဟောထဲမှာ.."

သူမတိတ်နေမိဆဲ..။ သို့သော် သူ့ကိုတော့ ပြန်လှည့်ကြည့်မိ၏။ ကို

ကိုရှေ့တစ်လှမ်းတိုးလာခဲ့လျက်.. ၊

"မင်းလာဖို့ပဲလိုတာပါ..ဟိုတယ်လ်လာဖို့အဆင်မပြေရင်လည်း အဆင်ပြေမယ့်နေရာမှာ ကိုယ်တစ်ခုခုလိုက်ကျွေးမယ်၊ မွေးနေ့လက်ဆောင် ဘာပစ္စည်းမှမလိုဘူး.."

နောက်ထပ်လျှောက်ထွက်လာတော့ သူ သူမရှေ့မှာနီးကပ်နေ လျက်.. ၊

"ကိုယ်တစ်ယောက်တည်းကျင်းပမယ့်ပွဲ..မင်းအတွေးထဲက လူတွေ ပါဘူး၊ ကိုယ်တို့အဖွဲ့နဲ့ မိတ်ဆွေတချို့..ဒါပဲ.."

ကိုယ်လာဖို့အတွက် သူဒီလောက်တောင်လမ်းခင်းပေးနေတာ လဲ..။ ဇနီး သူငယ်ချင်းတွေနဲ့မွေးနေ့ပွဲကိုထားပြီး ကိုယ်အဆင်ပြေမယ့်နေရာ မှာ ကျွေးချင်တယ်ဆိုတာကရော ကိုယ်ကခေါ်ရင် ဘယ်အချိန်ဖြစ်ဖြစ် မင်းအတွေးထဲကလူတွေမပါဘူးဆိုတာက သူ့ဇနီးမပါဘူးလို့ပြောတာ ကိုယ်မသိတာတွေရော သိချင်တာတွေရော ခေါင်းထဲမှာရစ်ပတ်ရှုပ်ထွေး သည်။ သူ့ဘက်က ထူးဆန်းနေတာတွေ တွေးလိုက်တိုင်း ကိုယ်က ရာရာဖြစ်နေသောအဖြေပဲထွက်နေခြင်းက ကိုယ်လိုရာဆွဲတွေးနေမိတာ လား.. ၊

ဘာမှမတွေးဘဲလည်း မနေနိုင်ဘဲရှိနေခဲ့လျက်.. ၊

*ကျွန်မ သည်ပွဲကြောင့်*

*သူ့ကိုရင်ခုန်မိတော့မှာသိခဲ့ရင်*

*ကျွန်မ သည်ပွဲကိုသွားဖြစ်ခဲ့မှာမဟုတ်..*

☎



အခန်း(၈၆)

တစ်နေ့တစ်နေ့ ဘယ်မှလည်းလိုက်မပို့ရ ကြုံတာပြုတာလည်းမရှိခဲ့ အိမ်ထဲမှာပဲ ကားပြန်လာရင်ရေထွက်ဆေး။ မဆေးနဲ့တော့ဆို အိမ်ထဲ နေ၊ သူမဒီတိုက်ကြီးထဲမှာ ဘာလုပ်နေခဲ့တာလဲ.. ၊

ဝင်ဝင်ချင်းမှာ ဓားကြိမ်းတုတ်ကြိမ်းတွေ ဖြစ်ခဲ့တာမို့ ကြာလာရင် လောက်ထိဆိုးလာမလဲလို့ ကြိုတွေးထားခဲ့သည်။ သည်းခံနိုင်ဖို့ အား ထားခဲ့သည်။ ဖြစ်လာတော့ ဒီလိုမဟုတ်။ သူမရေချိုး ခေါင်းလျှော်ပြီး တွေဖြန့်ထားလျက် ကိုယ့်အကြောင်းတွေးမိသည်။ ပြီးတော့ သူ့အ ကြောင်းကိုတွေးရင်း စိုစွတ်နေသေးသည့် ဆံပင်အဖျားတွေကို ခါထုတ်နေ သည်၊ ဒီနေ့ သောကြာနေ့ ဦးကိုမွေးနေ့ဖြစ်သည်။ သမီးလေးလည်းမွေး ပွဲမို့ သောကြာနေ့တိုင်းအသားသတ်လွတ်စားခဲ့တာ သမီးဆုံးပြီးတည်း ၊ သူကိုယ့်ကိုမျှော်နေမလား..မေ့နေမလား သတိတော့ရပေမယ့် လာမှာ တ်ပါဘူးလို့ပဲ တွေးထားပြီးသားဖြစ်မလား..ဒါမှမဟုတ် ဖိတ်သွားတည်း မိတ်ဆွေလိုသဘောနဲ့ ဝတ်ကျေတန်းကျေလား.. ၊

ဘယ်အချိန်ကြည့်ကြည့် အမြဲတမ်းကြည့်ကောင်းနေသော စမတ်ထ သောပုံရိပ်တို့သည် သူမသူ့ကိုသတိရလိုက်မိတိုင်း သိမ်ငယ်စိတ်တို့ဖြစ် သည်။ ဘယ်သဘောနဲ့ပဲဖိတ်ဖိတ် သွားချင်နေမိသည့်စိတ်က ရင်ထဲ

မှာ တိတ်တိတ်လေးခိုင်မာနေသည်။ မျှော်နေသည်ဖြစ်စေ မမျှော်သည်ဖြစ်စေ ကိုယ်ကတော့ အချိန်မကုန်မချင်း ဒါပဲတွေးမိနေ၏။ ဒီနေ့အသားသတ်လွှတ်စားတာတောင် သမီးလေးအတွက်ရော သူ့အတွက်ပါ မေတ္တာပို့တောင်းပေးမိသည့်အဖြစ်။ ကိုယ့်စိတ်ကိုယ်လုံခြုံအောင်ဖြည့်တွေးခဲ့တာ သူလည်း ကိုယ့်အပေါ်ကျေးဇူးရှိဖူးတဲ့သူပဲ.. ၊

"ဒါဒါ..ဟဲ့ ဘယ်သွားလဲ.."

"ဟင်..ရှိပါတယ်မမ.."

"ကားထုတ်ပြီး သန့်စင်ထား..တော်ကြာ သွားစရာရှိတယ်.."

"ဟုတ်.."

ဒါဒါကမန်းကတန်းထွက်လိုက်လာခဲ့လျှင် သူမထင်သလို ဧကရီ ပြန်ထွက်မသွားသေးဘဲ လက်လေးပိုက်ပြီး တမင်စောင့်နေသလို ရပ်ရင်း..

"သောကြာနေ့တိုင်း အသားသတ်လွှတ်စားတယ်ဆိုတာ ဘာအတွက်လဲ..နင်ကသောကြာလား.."

"ဟင့်အင်း..ကျွန်မသမီးလေး သဇင်မင်းပါ၊ သူကသောကြာ.."

"သူကသေသွားပြီမို့လား..သေနေကာမှပဲ.."

ဒါဒါမျက်နှာလေး ပျက်သွားသည်။ သေဆုံးခြင်းကို သေသည်ဟု ပြောရမှာ နားလည်ပါသည်။ ဒါပေမဲ့ မြန်မာစာမြန်မာစကားလောက် ဟာရကြွယ်တာမရှိ။ မြန်မာမှန်လျှင် သက်ရောက်မှုအဆင်ဆိုးစေသော စကားလုံးကိုတော့ ရှောင်ကြလေသည်။ ဧကရီကတော့ ရှောင်ဖို့လည်းမ ဘယ်သူ့မျက်နှာကိုမှလည်း မကြည့်။ ဒီနေ့ ကိုကို့မွေးနေ့..ဒီမိန်းမကို နေ့ကိုသိနေတာပဲဖြစ်မည်။ ကိုကိုဖိတ်ထားတာလည်းဖြစ်နိုင်သည်။ ဒီ ပိုင်းတွေမှာ သူမကိုယ့်သောကနဲ့ကိုယ် သင်းကိုအကဲခတ်မနေနိုင်သည် ခိုက် ကိုကိုနဲ့ဆက်သွယ်နေမလား မနေဘူးလားဆိုတာလည်း မသိနိုင်၊ ကြောင့် တည့်တည့်မေးချလိုက်လို့ မဖြစ်သေးသည့်အခြေအနေမှာ မချ ရဲဖြစ်နေခဲ့လျက်.. ၊

"ဒီမှာ ငါကအလုပ်ကိစ္စတွေ စုပြုံကျပ်နေလို့နေနေတာ..ငါအမြဲနေ နေရာမဟုတ်ဘူး..အိမ်ဖော်လည်းသိပ်ရှိတာ မဟုတ်ဘူး၊ အသားသတ်လွှတ် ဆိုပြီး အပိုအလုပ်ရှုပ်အောင် သိပ်ဇာမချဲ့နဲ့..ကျွေးတာနဲ့စား မစားနိုင် အငက်နေ၊ ဒါပဲ..ငါမသိဘဲ ခြံပြင်ကိုတစ်လှမ်းတောင်မထွက်ရဘူး.."

"ကျွန်မမထွက်ပါဘူး.."

အသားသတ်လွှတ်လည်း မစားရဘူး အပိုတွေမလုပ်နဲ့လို့ ပြော တာလည်း လျှာယားနေသည်။ ဘယ်လိုအကြောင်းနဲ့ပြောရမှန်းလည်းမသိ



ကို တစ်စစီဆုတ်ဖြဲပစ်ချင်ပေမယ့် ကိုကို့ကိုအတိအလင်းစိန်ခေါ်တဲ့ နေ့မျက်နှာဖွင့်ဖို့က မပိုင်ဘဲမလုပ်ရဲသည့်အခြေအနေဖြစ်သည်။ ထို့ သူမဒီတိုင်းမျိုသိပ်နေနိုင်မှ ကိုကို့ကိုအမြဲတမ်းအနိုင်ယူနိုင်မှာဖြစ်ကာ ပတ်သက်မှုကိုလည်း သူမကစပြီး ဘယ်တော့မှဖော်ထုတ်မှာမဟုတ် ကိုကိုသူမကိုပြောရဲသည်။ ဘာဖြစ်လို့ ခုချိန်ထိမျိုသိပ်ဖုံးကွယ်နေသ တာကိုမသိ။ ဒါပေမဲ့ ကျေနပ်သည်။ သူကဖုံးကွယ်ထားလေ ကိုယ့် အသာစီးရလေ။ ခုချိန်မှာ ဒါဒါ့ကိုသူမချုပ်ကိုင်ထားမိခြင်းက ကံ ခြင်းတစ်ရပ်.. ၊

"အေး..ဘယ်လိုလဲ၊ နင့်ကိုငါမြန်းခနဲကြီးပြောလိုက်ရလို့ အဆင်ပြေ သွားလို့ စိုးရိမ်နေတာ.."

နွေ့ဆီကဖုန်းလာတော့မှ ဘဝင်ကျသွားရကာ.. ၊

"နွေ့ရယ်..မစိုးရိမ်ဘဲနေပါမလား၊ ခုချိန်မှာ နင်တစ်ယောက်ပဲငါ့အ စိတ်ချရတဲ့ တိုးတိုးဖော်ဥစ္စာ.."

"...................."

"ဒါပဲထည့်ပြောမနေနဲ့နွေ့..ငါအစွဲအလမ်းကြီးတတ်တာ အဲ့ဒါကို ရင်မသိဘူးလား၊ ဧပရယ့်လ်တုန်းက ငါဘယ်လောက်ထိယုံကြည်ခဲ့သ သူနဲ့ပဲတွဲနေတာကိုက သူ့ကိုငါအရမ်းယုံကြည်ခဲ့လို့လေ..ခုတော့ ပြန် လည်း သူ့နေရာပျောက်ပြီ၊ ဘာတစ်ခုမှ အရင်လိုပြန်မဖြစ်နိုင်တော့ဘူး"

ဖုန်းပြောရင်းမျက်လုံးက ကားရေသုတ်နေသည့် ဒါဒါ့ဆီရောက်သွား သည်။ ဒူးဖုံးရုံစကက်ဝဲဝဲလေးနှင့် တီရှပ်လက်ပြတ်လေးကို ဝတ်ထားကာ သူမမြန်မြန်ဆန်ဆန်လှုပ်ရှားနေသည့်အောက်မှာ စကက်လေးကမနားတမ်း ခါနေလျက် တစ်ခါတစ်ခါထီးလေးလိုဝေ့ဝိုင်းသွားတတ်၏။ သူမမျက်နှာ ကိုယ်လုံးသွယ်သွယ်နှင့် ကလေးဆုံးထားသည့် မုဆိုးမလို့ ဘယ်သူမှ ထင်ထားကြမှာမဟုတ်ပေ။ ခုလို ဆံပင်တွေဖြန့်ချထားသည့်ပုံစံမျိုးက အ ဆိုးဆုံး.. ၊

ဖုန်းပြောလက်စမပြတ်ဘဲ ဆံပင်တွေအပေါ်ဖြစ်လာသည့် သဝန်တို စိတ်က ခြေလှမ်းနှစ်လှမ်းလောက်ထိ တွန်းပို့လိုက်သည်ဖြစ်ကာ ပြီးမှတုံ့ခနဲ ရပ်၏။ ဆံပင်တွေကြောင့်ဖြစ်ဖြစ် ဘာဖြစ်ဖြစ် သင်းလှနေတာကို နင် ဖြုံရမယ်ဧကရီ..။ ကိုယ့်ကိုယ်ကို မရမကဆေးထိုးအားဖြည့်နေရသည်။ နေမှ ဟိုလူတမ်းတမ်းစွဲနေမယ်..သူစွဲလမ်းနေတာကို နင်ကခုတုံးလုပ် နင့်ကိစ္စ နင့်ပြဿနာရပ်တွေ ချေဖျက်နိုင်မှာ။ ပြဿနာသည် ဖျော့က် မရလို့ ကြီးမားသွားခဲ့ရင်တောင် ကိုယ်လိုချင်တိုင်း လက်ဖြန့်မရသည့်

ကိုကို့လိုလူအတွက် ကိုယ့်ဘက်မှာဝှက်ဖဲရှိထားရမည်။

"ဟင့်အင်း..ငါ့စိတ်ကူးတွေ အသစ်ပေါ်လာလို့၊ ဒီမှာနွေ..သေ ထောင်ပေးနော်၊ အခုမွေးနေ့ပွဲမှာ ငါဖြစ်စေချင်တာလေးရှိတယ်.."

"................."

"ဟုတ်တယ်..ကိုကို့ကို ငါနည်းနည်းဖြစ်ဖြစ် ကလိချင်တယ်၊ မျက်နှာတွေ ဘယ်လိုဖြစ်နေမလဲ ငါအရသာခံကြည့်ချင်တယ်.."

"......................"

"နင်အသာနေပါ..ငါ့ဘက်က ဘယ်လိုတိုးရလျှော့ရမလဲဆိုတာ သိတယ်၊ အခု ဒီပွဲမှာငါသိချင်တာ တစ်ခုကိုသိရမှာပဲ.."

ဒါက ကိုကိုရပ်တည်နေတဲ့ Direction.. ၊

☎



အခန်း(၈၇)

မွေးနေ့ပွဲသွားမလို့ဆိုတည်းက အံ့သြသွားခဲ့တာဖြစ်ကာ ညဘက် တိုင်းလည်း ကိုယ့်ကိုခေါ်တတ်တာမဟုတ်ပေ။ အထူးသဖြင့် ပွဲလမ်း သွားဖို့ ဝတ်စားပြင်ဆင်ပြီးထွက်လာတိုင်း.. ၊

"နင်လိုက်ဖို့မလိုဘူး..ကားသော့ပေး.."ဆိုသည့် စကားလုံးတွေကို အ ဆောင်ရနေခဲ့သည်။ ထို့ပြင်ပို၍ ထူးဆန်းသည်မှာ မွေးနေ့ကဦးကိုပြော တိုတယ်လ်မှာပဲဖြစ်လျက်.. ၊

"ငါ့လက်ဆောင်ဘူးယူပြီးလိုက်ခဲ့.."

"ရှင်.."

"ဘာလဲ..တရှင်ရှင်နဲ့.."

"ဟုတ်ကဲ့ပါ.."

နောက်မှာထည့်ထားသည့်လက်ဆောင်ဘူးက ဘာတွေမှန်းမသိပေ တစ်ပေပတ်လည်ခန့်ရှိကာ အတော်ကြီးလေး၏။ ထို့ပြင် မွေးနေ့ရှင် ဆိုတာမျိုး စာလည်းရေးမထား။ စာမပါပေမယ့် သူ့မွေးနေ့ကို လာ ည်းဖြစ်နိုင်ချေများနေတာမို့ ဘူးကိုမယူခင် ဧကရီလည်းဟိုဒီအာရုံ နေဆဲ ကိုယ့်ပုံကိုကမန်းကတန် အပြေအပြစ်ပြု၍ အကျိုကိုဆွဲချ၊ ကိုပြုပြင်ကာ ဆံပင်ကိုစုစည်းပစ်လိုက်ဖို့တွေး၏။ သို့သော်..

"ဟဲ့..ဘာလုပ်နေတာလဲ၊ ကုန်းကုန်းကွကွနဲ့.."

"ပြီးပါပြီမမ..ပုံးကနည်းနည်းလေးလို့ပါ.."

"လေးတာပေါ့..အဲ့ဒါ အင်ဗာတာဝေါ့ဒ်သုံးထောင်အားလေ.."

ဘုရားရေ..။ အင်ဗာတာတွေ မီးအားမြင့်စက်တွေလောက် ကွိုင် ကြောင့်လေးတာမရှိ။ ဒါကြီးကမွေးနေ့လက်ဆောင်လားလို့ တွေးချိန် လက်ထဲမှာပါလာအောင် မနည်း'မ'နေရကာ ယောကျ်ားတစ်ယောက်ခေါ် 'မ'ခိုင်းပါလားလို့လည်း မပြောရဲ။ လက်ထဲမှာ ပိုင်ပိုင်နိုင်နိုင်ပွေ့ပိုက်မိ တွင် ကေရီကဟိုတယ်လ်ထဲဝင်သွားပြီဖြစ်သည်။

လူကသိပ်မများပေမယ့် ပြင်ဆင်ထားတာ ခမ်းနားသည်။ ဟိုတယ် မှာ သူမအလုပ်လုပ်ခဲ့လို့ ပိုသိသည်။ စားပွဲနှစ်ဝိုင်း၏ထိပ်မကျတကျ နှစ်ဖက်အလှဆင်ထားသည့် ပန်းအိုးကြီးတွေကပဲ တစ်အိုးလျှင်သုံးသိန်း ကျော်တာဖြစ်၏။ စားပွဲတစ်ဝိုင်းမှာ လုပ်ငန်းမိတ်ဆွေတွေနဲ့ ကိုကိုကထိုင် ကာ အမျိုးသမီးတွေအတွက် စားပွဲနှစ်ဝိုင်းက ခပ်လှမ်းလှမ်းမှာခပ်ကျဲကျဲ လူတွေပြည့်မနေပေမယ့် ဖိတ်ထားသမျှ လူအကုန်နီးပါးရှိနေပြီဖြစ် အချိန်သည်လည်း လူစုံချိန်ဖြစ်နေ၏။ ကေရီ့ကိုမြင်လိုက်သဖြင့် ကုန်း သွားသည့်မျက်ခုံးတန်းတို့က ဒါဒါမနိုင်မနင်း 'မ'သယ်လာသည့်အဖြစ် မြင်လိုက်တော့ လူပါတောင့်မတ်သွားလေသည်။

ဒါကိုမြင်လိုက်သည့်ဝေဒနဲ့ထွန်းထွန်းကလည်း အပြေးတပိုင်း လှမ်းတို့နှင့် သွားကြိုကာ.. ၊

"ပေး..ပေး ညီမ.."

"အို..မဖြစ်ဘူး နေဦး.."

စားပွဲမှာမထိုင်သေးဘဲ ရပ်စောင့်နေတာမို့ ကေရီကအချိန်မီတာ လိုက်သည့်ပြင်.. ၊

"ဒါဒါ ဒီပေါ်မှာလာတင်လိုက်.."

အောင်နိုင်သည့်အပြုံးနှင့် ဝေဒတို့ရှေ့ကနေပိတ်ထားလိုက်၏။ အခါအနည်းငယ်မြင့်သောစားပွဲပေါ်ကို ပစ္စည်းရောက်သွားတဲ့အထိ ဒါဒါ သူတို့မကူညီနိုင်တော့ဘဲ.. ၊

"စားပွဲထောင်သွားလိမ့်မယ်လေ..ဒီဘက်ထပ်တိုးလိုက်ဦး.."

"အမလေး..ခဏ ခဏနေပါဦး၊ မတော်လို့လွတ်ကျရင် တို့ခြေထော ပေါ်ကျလိမ့်မယ်.."

"ဟုတ်တယ်..နေပါဦးဟယ်၊ ငါထပါဦးမယ်.."

စားပွဲမှာ အရင်ထိုင်နေကြသည့် အမျိုးသမီးနှစ်ယောက် အထိ



ဖယ်ကြကာ သူတို့ချင်းလည်းရယ်ကြလို့။ ဒါကြီးကို'မ'တင် 'မ'ချနှင့် ပြီးတစ်ခါလုပ်နေရသဖြင့် ဒါဒါ့လက်ချောင်းတွေရော တံတောင်ဆစ် ဆတ်ဆတ်တုန်နေ၏။ ကေရီက ဟိုကိုင်မလို ဒီကူမလို လက်လေး ပြင်နှင့် ပစ္စည်းနေရာကျတော့ သူမကလက်ဖဝါးချင်း ပွတ်သပ်ခါ၏။ တော့ အမှတ်တမဲ့လို မျက်လုံးတစ်ချက်ဝေ့လိုက်တော့ ကိုကိုဒီဘက်ကို ကြည့်မတ်မတ်စိုက်ကြည့်နေမှန်း သိလိုက်၏။

အမလေး..ကျေနပ်လိုက်ပါဘိ ကိုကိုရေ.. ၊

ရင်ထဲမှာ ဘုရားပွဲလှည့်နေသလား ထင်နေရသည်။ ကိုကို့ကိုဒီလို မျိုးနဲ့ အနိုင်ယူနိုင်ပြီမှန်း သိလိုက်သဖြင့် ပျော်သွားမိတာအတိုင်းအ ။ ထိုပြင် ထောင့်စေ့အောင်စီစဉ်ထားခဲ့သည့်အတိုင်း.. ၊

"ပိုက်ဆံအိတ်..အမလေးလေး ငါ့အကောင်းစားအိတ်လေး ပြားပါပြီ၊ လုပ်ပါဦးကေရီရဲ.."

"ဟင်..ဟုတ်ပါရဲ.."

နွေက လက်ဖျားလေးနှစ်ဖက်ခါနေအောင် စာခြောက်သလိုလက် အော်၏။ တခြားဝိုင်းကလူတွေပါ လှည့်ကြည့်ကြသည်အထိ ဆွဲဆောင် တာခု.. ၊

"နင့်ကိုဒီလောက်ပြောနေတာတောင် ဒါဒါမရယ်.."

ပြောရင်း လက်မောင်းကိုဖြောင်းခနဲ ရိုက်ချပစ်လိုက်ကာ..

"အသုံးကိုမကျဘူး..လုပ် မြန်မြန်လုပ်၊ ပြန်မစမ်း.."

"ဒီလောက်အလေးကြီးကိုဗျာ..ဖယ်ပါ ကျွန်တော်တို့ မပေးပါ့မယ်.."

ဝေဒတို့လက်ပြင်ပြီး အနားကပ်၏။ ကေရီက အားနာသလိုရယ်ရင်း..

"ဟွန်း..အားနာလိုက်တာ.."

ကြည့်နေလိုက်ရပေမယ့် မကောင်းတတ်လို့သာ။ မဟုတ်ရင် ကိုယ် လုပ်နေမှန်း ကိုကိုသိသွားလိမ့်မည်။ ရွဲ့ကြကြေးဆို ကိုကို့ကိုသူမမိမှာ နှလုံးသားတစ်ခုလုံး ခါချဉ်အုံ့ထဲကျသလို ခံစားသွားစေချင်ပေမယ့် တွေမာနတွေပါလာတဲ့အထိတော့ မဖြစ်သေးတာမို့.. ၊

ရှိစေတော့..ဒါက ဇေဒါဖြူနဲ့ရှင့်အတွက် Lesson Oneပဲ.. ၊

"ဟော..အန်တီဆူးတို့ပါလား၊ ကြွပါဗျာ.."

ဝေဒအသံက ရွှင်မြူးခြင်းအပြည့်နှင့် ဆူးဆိုသည့်အမျိုးသမီးကြီးနှင့် တစ်ယောက်ကို ကြိုသည်။ ပြီးတော့ ဒီဝိုင်းမှာပဲ နေရာပေးလိုက်၏။

"ဒီပွဲမှာတော့ လူစုံနေပါလားကွယ်.."

ဒေါ်ဆူးမြတ်..သူမက ကိုကိုနဲ့ရင်းနှီးသလို ကေရီ့တို့မိသားစုနဲ့လည်း

သိကျွမ်းတဲ့သူဖြစ်သည်။ ဒါဒါ့ရှေ့မှာ ကိုကိုနဲ့သူမအကြောင်း ပြောလို့ မဖြစ်.. ।

"ဟဲ့..ကားထဲမှာသွားစောင့်.."

ဒါဒါ ခေါင်းလေးညိတ်၍ လှည့်ထွက်လာခဲ့သည်။ အရိုက်ခံခဲ့ရ လက်မောင်းမှာ စပ်ဖျင်းနေသည်။ လက်ဆစ်တွေလက်ချောင်းတွေမှာ ခြည်ဥနေပြီဖြစ်ကာ ထွက်လာခဲ့ကာမှ ဒူးတွေညွှတ်ကျချင်နေတာ သိ လာ၏။ သူမကိုယ့်ကိုယ်ကို ဒီလိုဘဝမျိုးနဲ့ ခရီးဆက်ရလိမ့်မည်ဟု တုန်းကမှ မထင်ခဲ့မိပါ။ ကားနားရောက်ကာမှ ပြည့်သိပ်လာသည့် မျက်ရည် တွေကို မျက်တောင်ဖျားတို့နှင့် ပုတ်ခတ်ဖယ်ရှားရင်း ခြေစုံရပ်နေမိ၏။ မျက် ရည်သည် အားလျှော့သွားခြင်းဖြစ်လိုက် ပြည့်တက်လာလိုက်ဖြင့် ခြေ ခြင်းကိုအနိုင်ပေးဖို့ ကြိုးစားနေ၏။

ဘဝဟာ အမျိုးစုံကြိုးခုန်နေရသည့်ကကြိုးနှင့် တွယ်ရာမဲ့နေခဲ့ အခိုက် နာကျင်မှုတွေရှိလာတိုင်း သူမငိုကြွေးနေလို့မဖြစ်။ အပြင်မီး ဖျော့ဖျော့အောက်မှာ အပြင်စီးညှပ်ဖိနပ်အကြမ်းနှင့် ကားရေဖက်တိုက် က စိုထားသည့်ရေကွက်တွေမခြောက်တခြောက်နဲ့ စကက်အဖျားစတွေ သူမဒီပုံစံနဲ့ခမ်းနားသည့်မွေးနေ့ပွဲထဲကို သွားခဲ့သည်။ ကိုကိုရှေ့မှာ အ ခံခဲ့ရသည်။ မျက်နှာပြန်မော့လိုက်ပေမယ့် သူမပုံစံရယ် ခုနအခင်းဖြစ် တွေရယ်က မျက်လုံးထဲမှာ လှုပ်ရှားနေဆဲ.. ।

မရှက်နဲ့..နင်ရှက်နေတာ သူ့ကိုမရိုးသားတာပဲဒါဒါ..။ မတူမ ကို နင်ရှက်နေရင် နင့်လိုဘဝမျိုးနဲ့ ဘာသွားလုပ်စားမှာလဲ..။

အားပေးမိသည်။ အမျိုးမျိုးသော ဖြေသိမ့်ခြင်းတွေနဲ့ မျက်ရည် အောင် ကြိုးစားခဲ့သည်။ သို့သော် ရင်ထဲမှာပူနေဆဲ မျက်ရည်ကလည်း နေဆဲ.. ।

နောက်ပြန်ဆုတ်ဖို့မစဉ်းစားနဲ့..နင်ရထားတာတွေကို ဆုံးရှုံး တစ်ရက်ပြီးတစ်ရက်ကုန်သွားမှာပါ..နင်အားလုံးကိုမေ့လိုက်တော့..

မျက်နှာမော့၍ ကားနောက်ဖျားထိ လျှောက်သွားမိသည်။ ပြီး ခြေလှမ်းကျဲလိုက်ပြီး ရှေ့ကိုပြန်လျှောက်ခဲ့သည်။ ရင်ထဲမှာပေါ့သွား ဖြစ်တော့ ဝမ်းသာသွားသည်။ မျက်တောင်ဖျားတို့မှာ စိုစွတ်နေဆဲမျက် စတို့ကို လက်ခုံနဲ့အသာပွတ်၍ သုတ်ပစ်မိစဉ်.. ।

"ရော့.."

သူ့အသံကြားလိုက်တိုင်း ကိုယ်သင်းနံ့က ပူးတွဲပါတတ်၏။ ပြီး မျက်နှာရှေ့မှာ ဖြူလွသည့်တစ်ရှူးအထပ်လေး.. ।



"ဦးကို.."

ရေခွတ်ရင်း တအံ့တသြကြည့်မိသည်။ မကျည်းရင့်ရောင်ကုတ်အင်္ကျီ ရင်ဖွင့်ဝတ်ထားလျက် ဗေဒါရောင်လက်နေသော ရှပ်အင်္ကျီအဖြူရယ် ဘောင်းဘီရှည်အဖြူရယ်။ ထို့ပြင် မီးရောင်အောက်မှာ ခပ်မှုန်မှုန်မျက်နှာ မျက်ခုံးတန်းနှစ်ဖက်က ထင်းနေသည်။ တစ်ရှူးကမ်းပေးထားသည့် လက်ကောက်ဝတ်ကနာရီသည် လှုပ်လိုက်တိုင်းတဖျတ်ဖျတ်လက်နေ ..။

"မျက်ရည်တွေသုတ်လိုက်.."

"ကျွန်မမငိုပါဘူး.."

"မငိုဘဲမျက်ရည်ကျတတ်တာတွေ ရှိတယ်..ယူပါ.."

ဒါဒါ တစ်ရှူးယူလိုက်သည်။ သူကလက်ပြန်ရုတ်လိုက်ပြီး ဒါဒါမျက် ရည်သုတ်နေတာကို အသံတိတ်ကြည့်နေခဲ့သည်။

"ရှင်ချေ့သည်တွေကိုထားပြီး လာတာလားဟင်.."

"ဟုတ်တယ်.."

"ရှင်ကလာလို့ရပေမယ့် ကျွန်မအဆင်မပြေဘူး.."

"ကိုယ်သိပါတယ်.."

"ဒါဆိုလည်းပြန်သွားပါ..သူဌေးရောက်လာရင် ကျွန်မကို.."

ရိုက်လိမ့်မည်လို့ ပြောသင့်ပေမယ့် ရှက်မိသည်။ ဆူလိမ့်မယ်ဆိုလည်း ဖြစ်သွားနိုင်၏။ မုသာဝါဒကို အလွယ်လေးကျူးလွန်ဖို့ မခဲယဉ်းပေ သူမြင်နေရသည့်အခြေအနေကို ညာနေတာသိရင် ရှက်စရာမို့.. ।

"ရှင်ပြန်ပါတော့.."

"မင်းသူဌေးအလုပ်ရှုပ်နေတယ်.."

"သူဌေးအလုပ်ရှုပ်နေရင်လည်း ဒီနေရာမှာရှင်နဲ့အတူ မရှိချင်ဘူး.."

သူဘာမှမပြောဘဲ တိတ်သွားသည်။ ဒါဒါမလာဘူးဆိုတာ သူသိ သည်၊ ဧကရီရောက်လာမယ်လို့တော့ မထင်ခဲ့ပေမယ့် နှောင့်ယှက်ဖို့ဝါသနာ တတ်သည့် သူမအကျင့်ကို သတိထားသင့်သည့်အချက်ထဲမှာ သူအမြဲ ထည့်သည်။ ထို့ကြောင့် သူမရောက်လာနိုင်တာကိုတွက်မိရင်း ဒါဒါပါလာ တာကိုလည်း တွက်မိခဲ့သည်။ လေးလံသောလက်ဆောင်ပစ္စည်းတစ်ခုခု မိန်းမချင်းမစာမနာနှိပ်ကွပ်အနိုင်ယူမည့်အဖြစ်သည်သာ သူမထင်မှတ်ခဲ့ သော.. ।

"အဲ့ဒီသူဌေးဆီမှာ ဘာဖြစ်လို့ကားမောင်းနေတာလဲဒါဒါ.."

"ပိုက်ဆံရလို့.."

"ပိုက်ဆံသူများတွေလည်း ပေးနိုင်တယ်.."

"သူများတွေပေးနိုင်တာ မပေးနိုင်တာ ဒါဒါစဉ်းစားရမယ့်ကိစ္စ..."

သူခုနကပဲ ဟိုလူတွေကိုလွှတ်၍ ကူညီပေးဖို့ကြိုးစားခဲ့တာ မ... မဟုတ်ပါ။ သို့သော်.. ၊

"ကျွန်မဘဝကို ရှင်ဒီ့ထက်ပိုသိချင်သေးလားဦးကို..ရှင်ခန့်မှန်း... နိုင်တာတွေထက် အများကြီးပိုခက်ခဲတယ်၊ ကျွန်မမှာဘာမှမရှိဘူး..."

"ပိုက်ဆံရှာနိုင်တဲ့နည်းလမ်းတွေ အများကြီးပါကွာ..မိန်းမချင်း... နက်ခဲ့ပြီး ဒါမျိုးလုပ်နေဖို့ မလိုပါဘူး.."

"ရှင်ကအဲ့လိုထင်ပေမယ့် သူကအဲ့လိုလုပ်နိုင်ဖို့ ပိုက်ဆံတွေအများ... ပေးထားတာ.."

ကိုကိုမျက်မှောင်ကုတ်သွားသည်။ ဒါဆို ဒါဒါ့ကိုဇေကရီတင်... ထားတာလား..ဒါဒါက တိုက်တိုက်ဆိုင်ဆိုင်ရောက်သွားတာလား..၊ ... တမင်လုပ်ကြံခဲ့တာလား..လုပ်ကြံထားတာမှန်လျှင် ဒါကကိုယ်နဲ့ဒါဒါ... သက်မှုရှိနေတာကို သူမမသိတာမဖြစ်နိုင်။ တွေးစရာတွေပေါ်လာခဲ့သည်... သို့သော် ဒါဒါနဲ့သူ ခုလိုတွေ့နိုင်ဖို့ အထူးသဖြင့် ဒီနေ့ညမှာ ဒါဒါသူ့... ရောက်လာခဲ့သည့် အခွင့်အရေးကို ဆုံးရှုံးမခံနိုင်ခြင်းကြောင့် ထိုထို... တွေးစရာတို့ကို ဖယ်ထားလိုက်ပြီး.. ၊

"ကိုယ်မင်းကိုတစ်ခုခုကျွေးလို့ရမလား.."

ရမလားဆိုပြီး အိတ်ထဲနှိုက်လိုက်သည့်လက်က ဆန့်ထွက်လာ... ချောကလက်တောင့်အပြားကြီးက နည်းတာမဟုတ်။ ချောကလက်ကြို... သည့်စိတ်က လှိုက်ခနဲပျော်သွားသည်။ ပိုဆိုးသည်မှာ အချိန်တိုင်း... လောင်နေတတ်သည်ဗိုက်အတွက် တတ်နိုင်ဆုံးချွေတာ၍ မျိုချဖြစ်... တိုင်း ဘယ်အခါကမှ တနင့်တပိုးဆိုတာမရှိတတ်ခဲ့။ ကောင်းကောင်း... ပိုက်ဆံမဖြုန်းချင်။ နင့်နေအောင်စားပြီး အလုပ်မှာတက်ကြွခြင်းကင်း... မျိုးဖြစ်မှာစိုးသည်။ ထို့ကြောင့် ဤသို့ရှိသော်.. ၊

"ကျွန်မမှာရှင့်အတွက်လက်ဆောင်ပေးစရာမရှိဘူး.."

"ဘယ်သူကတောင်းနေလို့လဲ..လက်ဆောင်ပစ္စည်းမလိုဘူးလို့ ... ပြီးသား.."

ပြောရင်း ရှေ့ကိုတိုးလျှောက်လာကာ.. ၊

"မင်းအတွက် ခုမှအင်္ကျီထဲကောက်ကပ်ထည့်လာတာ မဟုတ်ဘူး... အစောကြီးတည်းက ဝယ်ထားတာ.."

သူမလက်လေးတစ်ဖက်ကို ဆွဲယူပြီး ချောကလက်တောင့်ကို ...



...ည်၊ ပြီးတော့ ကိုင်ထားသည့်လက်ကိုလည်း မလွှတ်။ ချောကလက် ...သည့်လက်ကိုလည်း ပြန်မရုတ်ဘဲ သူ့လက်ဖဝါးနှစ်ဖက်နဲ့ ဒါဒါ့ ...လေးကို ပူးကပ်ဆုပ်ထား၍.. ၊

"ဒါဒါ.."

...တိတ်ဆိတ်ခြင်းက ထူးခြားခြင်းအဖြာဖြာဖြင့် စိုးမိုးသွားခဲ့သည်။ သူ့ ...ကိုမော့ကြည့်လိုက်မှ သူသည်အလင်းကိုမျက်နှာမူထားတာဖြစ်ကာ ...တော့ မှောင်ရိပ်ကျနေမည်ကိုသိလိုက်သည်။ ထို့ကြောင့် မျက်လုံး ...မယ့် ဒါဒါမျက်နှာမလွှဲဘဲ မော့ငေးနေမိ၏။ သူကလည်း ငုံ့မိုး ...ကြည့်ရင်း.. ၊

"ကိုယ့်ကိုခင်လား.."

ရှင်ထဲမှာ ဒိန်းခနဲပစ်ဆောင့်သွားသည်။ စကားသံသည် တိုးတိတ် ...နေခဲ့လျက် တိုးတိုက်ထိရှဖွယ်မရှိဘဲ ရင်တစ်ခုလုံးတုန်ခါသွားခဲ့၏။ ...ခင်လားဆိုတာ ချစ်လားဆိုတဲ့မေးခွန်းမျိုးလား..။ မဟုတ်နိုင်ပါဘူး.. ...နဲ့ခင်တာကြားမှာ အဝေးကြီးကွာသေးသည်။

"ပြောလေ.."

"ဟင့်အင်း.."

"ကိုယ့်ကိုခင်မင်စိတ်လေးတောင် မရှိခဲ့ဘူးပေါ့.."

"ဟင့်အင်း.."

ဒါဒါခေါင်းချည်းပဲခါနေမိကာ.. ၊

"အဲ့လိုမဟုတ်ဘူး..ဒါပေမဲ့ အဲ အဲ့လိုမျိုး ကျွန်မတစ်ခါမှမ မတွေးခဲ့ ...ဘာ.."

ပြောရင်း လက်ကိုပြန်ရုန်းမိသည်။ သူကအားစိုက်ပြီး ဖိဆုပ်ထား ...သဖြင့် မလွတ်မြောက်ခဲ့။ ထပ်ရုန်းတော့ ထပ်ပြီးခိုင်မြဲနေသည်။ သူ့ ...ကြည့်ကာမှ အသာလေးဖြေလွှတ်ပေးလိုက်ပြီး.. ၊

"မွေးနေ့လက်ဆောင်အနေနဲ့ဖြစ်ဖြစ် ဘယ်လိုလဲ.."

"လက်ဆောင်မလိုပါဘူးဆို.."

"ဟုတ်တယ်..အဲဒါကပစ္စည်းလက်ဆောင်မလိုဘူးပြောတာ၊ ကိုယ်မင်း ...ခင်တယ်ဆိုတာလေးပဲ ကြားရရင်ကျေနပ်ပြီ.."

"ရှင်ကျေနပ်ရုံပြောပေးလိုက်ရင်ရော.."

"မင်းပြောတဲ့အတိုင်း ကိုယ်ကျေနပ်မှာပါ.."

သူမသည် နဂိုတည်းက ရှက်ရွံ့အားငယ်တတ်သူမဟုတ်ခဲ့ပေ။ ထို့ ...ကြောင့် နှုတ်ကွယ်ဝှက်ပြီး ကြာကြာမျိုသိပ်မနေနိုင်ဘဲရှိကာ.. ၊

"ရှင်ကျွန်မကို မရိုးသားဘူးလို့ ကျွန်မခံစားမိနေတယ်.."

"ဟုတ်တယ်လေ.."

"ဘာ.."

"မင်းအဲ့လိုခဏခဏစွပ်စွဲနေတာပဲ.."

သူက ဘာလိုလိုပြောပြီးမှ ရယ်သံသဲ့သဲ့နှင့်.. ၊

"ဥပမာ..ဘာဖြစ်လို့ ဒီလောက်ကူညီနေတာလဲဆိုတဲ့မေးခွန်းမျိုး ကိုယ့်ကိုစတွေ့တည်းက မင်းမြင်တာတရွှဲ့တစောင်း.."

"ဒါဆို ကျွန်မထင်တာမဟုတ်ဘူးလို့ စိတ်ဒုံးဒုံးချလိုက်ရမှာပေါ့.."

ဒီမေးခွန်းမျိုး မျှော်လင့်မထားခဲ့သဖြင့် ချက်ချင်းဖြေဖို့ခက်သွားသည် ထို့ပြင် ပြောပုံလေးကိုလည်း အသည်းယားသွားမိသည်။ မသိလို့မေးနေတာ မှန်းသိသာပေမယ့် လူကိုတမင်အဖြေမှားအောင် အတင်းမေးခွန်းထုတ် သည့်နှယ်.. ၊

"ဖြေလေဦးကို..ရှင်ကကျွန်မလိုမိန်းကလေးကို အရေးစိုက်မှာမဟုတ် မှန်းသိပါတယ်၊ ဒါပေမဲ့ ရှင့်ဘက်ကအားလုံးက ကျွန်မအမြင်မှာဆန်း တယ်.."

ကိုယ်စိတ်ရှင်းသွားချင်သည်။ ဒီနေရာမှာ ဒီအဖြေကို သူတစ်ခုခု ဖို့လိုနေသည်။ သို့သော် အခြေအနေသည် ကိုယ့်ဘက်မှာမရှိခဲ့ဘဲ.. ၊

ဟယ်.. ၊

ဝင်းခနဲဖွေးထိန်သွားသည့် ကားမီးရောင်နှင့်အတူ ကားစက်နှိုးလိုက် သံက တစ်ထပ်တည်း။ သူမလန့်ဖျန့်ငေးကြောင်သွားစဉ် ကိုကိုကနောက် ဆုတ်ပြီး ကားကိုမှိချလိုက်၏။ ပြီးတော့ ဒါဒါ့ခါးလေးကို ဆွဲဖက်ထားလိုက် လျှင် သူ့ရင်ခွင်ထဲမှာ သူမတစ်ကိုယ်လုံး ရင်ချင်းထပ်ကာ ပျောက်ကွယ် မတတ်.. ၊

"ရှင်..ရှင်.."

"မရှုန်းနဲ့လေ.."

တရှင်ရှင်နှင့် ရှေ့မဆက်နိုင်သည့်စကားသံလေးရော ရှုန်းလိုက်မိတာ ပါ အားလုံးငြိမ်ကျသွားသည်။ သို့သော် သူမရှုန်းလိုက်တာထက် သူတို့၏ ဖက်ထားလိုက်ခြင်းက နည်းနည်းသိသာသွားလေမလား.. ဒါပေမဲ့ သူမ ကြောက်လန့်ငိုကြွေးနေချိန်တိုင်းမှာ သူမကိုယ်လေးကို ဤသို့ပွေ့ပိုက်ယုယ လိုခြင်းသည် အမြဲတမ်းရှိခဲ့သော သူ့ရင်ထဲကမြတ်နိုးသည့်စိတ်ပဲဖြစ်သည်။ ထို့ကြောင့် လိုတာထက်ပိုနေသည့်အဖြစ်က သိသာနေတယ်ဆိုလည်းမတတ် နိုင်၊ ထို့ပြင်..



"အဲ့..အဲ့ဒါရှင့်မိန်းမတော့ မဟုတ်ဘူးမို့လားဟင်.."

မာကျောသယောင် ကြိုးစားနေရှာသည့် သူမစကားသံလေးတွေ တုန် တာကြောင့် ရင်ထဲမှာနင့်သွားမိသည်။ သူ့ရင်ထဲမှာ မြတ်နိုးယုယ တွေ တဖွားဖွားဖြစ်ပေါ်နေချိန်မှာ သူမလေးက ဂုဏ်သိက္ခာအတွက် က်နေရှာ၏။ အမှောင်ရိပ်မှာ လက်နေသည့်မျက်ဝန်းလေးတွေကို ငုံ့ ည့်ရင်း.. ၊

"အဲ့လိုအဖြစ်တွေ လုံးဝမရှိစေရဘူး..ကိုယ့်ရင်ခွင်ထဲမှာနေ.."

ခေါင်းလေးကို သာသာလေးဖိကပ်လိုက်တော့ သူမမျက်နှာလေးက ထဲမှာ ယုံကြည်အားကိုးစွာ ခိုဝင်နေတဲ့အတိုင်း။ ကားသည်ချက်ချင်း သေးဘဲ လူစောင့်နေ၏။ လူတွေထွက်လာတော့ စကားသံတွေဒီဘက် က်လာသည်။ ရင်ခွင်ထဲက ခုန်ပေါက်ထွက်မတတ် သူမရဲ့ရင်ခုန်သံ ကိုလည်း သူဒီတိုင်းကြားနေခဲ့ရသည်။

သူမကိုမကြောက်ပါနဲ့လို့ သူ့ဘက်ကဖြေသိမ့်ခွင့်ရှိရဲ့လား..။ ရှိနေရင် ဖြေသိမ့်ပေးတာထက် ပိုချင်သည်။ အရိပ်လိုစောင့်ရှောက်နေရတာ သံကွန်ချာကြီးလို အုပ်မိုးကာကွယ်ပေးထားချင်သည်။ သို့သော်.. ၊

သူမ၏ကေသာအလှမှာ နွေးသိမ့်သောခြေရာတို့ ကျန်ခဲ့သည်ရှိသော် ခဲ့သည် ကိုကိုအနမ်းသူခိုးသာဖြစ်ပါကြောင်း.. ၊

## အခန်း(၈၈)

အနံ့.. ।

ဒီအနံ့ကို သူမသေချာသိနေသည်။ ဒါကိုကို့ကိုယ်သင်းနံ့ပါ။ ရေမွှေးနံ့လို သိသာစူးရှသည့်အနံ့မျိုးလည်းမဟုတ်။ စီးကရက်နံ့ ဆပ်ပြာနံ့လို ခပ်ထုံထုံအနံ့တွေနဲ့လည်းမတူ။ ကိုကို့ရင်ခွင်ထဲဝင်လိုက်မှ မက်မပြေချင်အောင် ဆွဲဆောင်နိုင်လွန်းသည့် ကိုကိုဆိုသူတစ်ယောက်တည်းမှာသာ ရှိနေတတ်သော ဒီအနံ့.. ।

နောက်ကတစ်ယောက်တည်းထိုင်ရင်း အံကြိတ်တက်ခေါက်မိသည်။ ဒီလောက် ခဏလေးအတွင်းမှာ ကိုကိုကဒီကောင်မဆီ ဘယ်လိုရောက်သွားတာလဲ...။ ဒီတစ်ခါလည်း ကိုယ်ပဲခံလိုက်ရပြန်ပြီလား..။ တွေးကြည့်တော့ ဒါတွေအားလုံးက ကိုကို့အစီအစဉ်တွေဆိုတာ အသိသာကြီး.. ।

"ဟွန်း..အန်တီဆူးဒီမှာကျပ်ရင် ရှေ့မှာလာထိုင်ပါလားခင်ဗျ.."

"မထိုင်ချင်ပါဘူးကွယ်..ကိုကိုသွားလေရာမှာ သူ့ပါတနာတွေနဲ့ သူ့စီးပွားရေးနဲ့ အန်တီပြန်ခါနီးမှပဲ နှုတ်ဆက်တော့မယ်.."

"ဟုတ်ကဲ့ပါခင်ဗျ.."

ပြောပြီး စားပွဲပေါ်က ကတ္တူပုံးကြီးကိုကြည့်၍ မျက်လုံးသည် ကေရီ့ဆီရောက်လာတာ မထီလေးစားခြင်းတွေအပြည့်.. ।



"မကေရီက ဒီစက်ကြီမွှေးနေလက်ဆောင်ပေးမှာတော့ မဟုတ်ဘူးထင်တယ်.."

"ဟုတ်တယ်လေ..ဘယ်ဟုတ်မလဲ၊ ရှင်တို့သူဌေးက ကျွန်မထက်အများကြီး ချမ်းသာတော့ လက်ဆောင်ဝယ်ရတာခက်တယ်..နောက်ပြီး သူ့ကိုမွေးရဖို့လည်း နိုင်ငံတော်သမ္မတထက်တောင် ခဲယဉ်းနေသေးတာလေ.."

စားပွဲတွေရှိသမျှ ကြားလောက်သည့်အသံနှင့် ကေရီ့နှုတ်ခမ်းသားလေးတွေက နှုတ်ခမ်းနီပန်းရောင်ရင့်ရင့်နှင့် မဲ့ရွဲ့နေသေးသည်။

"အဲ့ဒါကြောင့် စီးပွားရေးလည်းပါ သူသဘောကျရင်လက်ဆောင်ထည်းဖြစ်..ဟွန်း.."

သူမပြုံးလိုက်တော့ ဝေဒတို့ကလည်း အချိုးတူမဲ့ပြုံးနှင့် ဂရုမစိုက်စွာ..

"ဟုတ်ပါပြီ..ကိုကိုကသူ့မွေးနေ့မှာ အလုပ်ကိစ္စတွေနဲ့ပတ်သက်ရင်.."

"အို..ကိုကိုက အလုပ်ကိစ္စဆိုရင် ထမင်းစားနေရင်းတောင် ဖုန်းလက်ခံပြောတတ်တာ ကေရီမသိဘဲနေမလား.."

တမင်ဖြတ်ပြောပစ်လိုက်ပြီး ထိုမျက်နှာတွေကို စူးစူးရဲရဲကြည့်ပစ်မိသည်။ ကေရီ့ကို ဘာမှတ်နေလို့လဲ..သင်းတို့က ဒါဒါမရှိတော့ဘူးဆိုပြီး ချက်ချင်းမျက်နှာတွေပြောင်းသွားလိုက်ကြတာ။ ဒါဖြင့် ဒီဟာမကို ကိုကိုပစ်လောက်ခတ်ကျနေတာ သင်းတို့အားလုံးသိနေကြတာပေါ့.. ।

မခံရပ်နိုင်ခြင်းက ရင်နဲ့မဆံ့အောင် ထဖြစ်လေသည်။ သို့သော် ဒေါသသည် ကိုကို့ထံကူးလူးရှေ့ဆက်ရန် အခွင့်အရေးမရခဲ့ဘဲ.. ।

"ဟာ..ဆရာမ.."

အနားမှာပဲရှိနေသေးသည့် ဝေဒအသံကြောင့် အမှတ်တမဲ့မျက်လုံးအရောက်.. ।

ဟင်..ဒီဆရာမ.. ।

ဒေါက်တာသက်သက်ချိုဆိုသည့် အဖြူရောင်ကော်ပြားလေးပေါ်က နာမည်ကို ဖျတ်ခနဲမြင်လိုက်မိ၏။ ပြီးတော့ သူမနဲ့ဘဘောက်ကျခဲ့သော သည်မျက်နှာ.. ।

"နောက်ကျတယ်နော်ဆရာမ.."

"နောက်ကျသွားလား..အဟွန်း.."

"ကိုကိုကမလာတော့ဘူးတောင် ထင်နေတာ..အချိန်လည်းကြည့်ပါဦး.."

"ဆောရီးပါမောင်လေးရယ်..တကယ်ကို မအားလို့ပါ တော်ကြာတာရင်လည်း ကိုကိုအိမ်ရှေ့ကလာပြီး ခဲ(ဂဲ)နဲ့ထုမှာစိုးတာနဲ့.."

"ဟား ဟား ဟား..ဟုတ်တယ်၊ ဒီကောင်ကပြောလို့မရဘူး.."

"ဟုတ်လားကိုကိုရေ..ဒီမှာငါတို့လည်းလာပါတယ်ဟေ့.."

"ဦးကိုရေ..ကျွန်တော်တို့လည်း လာတယ်နော်၊ မျက်လုံးလေးတစ်ချက် လှန်ကြည့်လိုက်.."

"ဟား ဟား ဟား.."

ဝင်လာကြသည့်လူအုပ်က ဒေါက်တာသက်သက်ချိုနဲ့ ရှေ့နောက် ထွေးလျက် သူမဘေးကနေ ကပ်ဖြတ်သွားကြသည်။

"အန်ကယ်လ်စိုးဦး..အန်ကယ်လ်တို့နဲ့မီတင်က ကိစ္စပြောဖို့ရှိတယ် မှာထားတယ်နော်.."

"ဟေ..ဟုတ်လား၊ ငါကထူးပြီပေါ့.."

"ထူးတယ်..အထူးဧည့်ခံဖို့ပြင်ထားတာ၊ အဟွန်း..ကိုကိုစောင့်နေတာ အန်ကယ်လ်ကြွပါ..အထဲကို.."

စုဝေးဝင်ချသွားသည့် လူစုထဲမှာ ဒေါက်တာသက်သက်ချိုကို သည်းအသန်ရှာရသည်။ သူမနဲ့ကိုကို သိကျွမ်းနေလိမ့်မည်လို့ နည်းနည်း မတွေးမိခဲ့တာ ကိုယ်ညံ့ခဲ့တာလား..။ ဖျတ်ခနဲအတွေးပေါ်လာခြင်းကို ချုပ်၍ ကြောက်လန့်နေချိန်မရ။ ဟန်ဆောင်ဖုံးဖိဖို့လည်း မတတ်နိုင်တော့

"ဒီ..ဒီမှာဒေါက်တာ.."

"ဟင်.."

ပြန်ထူးတာတော့မဟုတ်ဘဲ 'ဟင်' ခနဲအသံလေးဖြစ်ရင်း လှည့်ကြည့် သည်။ သူမမျက်ဝန်းတွေကလည်း ချက်ချင်းမှတ်မိသွားပုံပေါ်ကာ.. ၊

"သြော်.."

"ဒီမှာ ခဏလောက်စကားပြောရအောင်..သိပ်မကြာပါဘူး၊ ခဏ.."

မျက်နှာပျက်သွားတာကို သတိထားမိသည်။ ထို့ကြောင့် မရမက ရတော့မည်လို့လည်း တွေးခဲ့မိသည်။ သို့သော်.. ၊

"ဖြစ်ပါတယ်..သူတို့လည်းစကားပြောကြဦးမှာဆိုတော့ မင်းဘက် သွားထိုင်တာပေါ့.."

သူမကပဲ နေရာရွေးအကြံပြုခဲ့သေးသည်။ ကိုကို့ကိုလှမ်းကြည့် ရောက်လာသည့်လူတွေကို မတ်တပ်ရပ်ကြိုဆိုရင်း စကားတွေဖောင်ခဲ့ သည်။ သူမကတော့ သူဆင်သမျှအကွက်ထဲ လုံးလုံးလျားလျားကျရော သွားခဲ့လျက်.. ၊

"ဘယ်လို.."

"ဟုတ်တယ်..မင်းကမသိပေမယ့် မင်းတို့ဆေးခန်းကိုရောက်



ကိုကို့မိန်းမမှန်း တို့သိတယ်.."

"ဒါဆို..ရှင်က.."

သူမတုန်လှုပ်ချောက်ချားသွားသည်။ သူမကို မိန်းမသားချင်းစာနာ တယ်သူ့မှမပြောဘဲ ဖုံးကွယ်ထားပေးဖို့..။ ထို့ပြင်.. ၊

ရှင်က ဓကရီပေးမယ့်ငွေကိုမမက်ဘူးဆိုရင်လည်း အရှက်ကွဲရမယ့် ကိုယ့်ကိုယ်ကိုအဆုံးစီရင်ပြီး ရှင်နဲ့ရှင့်ဆေးလက်မှတ်တစ်သက်လုံး ယ်သွားအောင် ကျွန်မကချောက်တွန်းခဲ့မှာနော်..အဲ့ဒီတော့ နှစ်ဖက် ရှိဖို့ စဉ်းစားပေးပါ.."လို့ တဆုံးထိပြော၍ ခြိမ်းခြောက်ခဲ့သည်။ သည်း ပြောသမျှနားထောင်သည်။ ခြိမ်းခြောက်လာတော့လည်း စဉ်း သွားသလို ကြည့်နေပုံက ဟုတ်တော့မယ့်အတိုင်း။ ပြီးသွားပြီ

ဒါဆိုရင်တော့ မင်းရဲ့သေဆုံးမှုက အလကားအရာမထင်ဖြစ်တော့မှာ တို့ကမင်းပြန်သွားတည်းက မင်းရောက်လာတဲ့အကြောင်း ကိုကို့ကို ခဲ့တာ၊ သူကတို့မောင်လေးလိုပဲ..ကြီးကြီးမေက တို့ရဲ့ဆရာမကြီး

ဘာမောင်လေးလဲ..ဘာဆရာမလဲ.. ။ ငယ်ထိပ်ကို မိုးကြိုးပစ်ချခံ သည့်နှယ်။ စက္ကန့်များစွာ ဆွံ့အသွားခဲ့သည်။ ဒေါက်တာသက်သက် ဖြူစင်သလောက် အကြည့်တို့ဖြင့် လူကိုချိုးဖဲ့ဖျက်ဆီးလိုက်ရလို့ သွားသည့် ရယ်မြူးရိပ်တွေ ပြည့်နှက်နေသော.. ၊

ဆောရီးပဲဓကရီ..ကိုကို့ကိုတို့သိသိ မသိသိ မင်းရဲ့ကမ်းလှမ်းချက် ရက်စက်ယုတ်မာလွန်းတယ်၊ တို့အဲ့ဒါမျိုးအတွက် အပေးအယူမ ဘယ်တော့မှနှောင်တမရဘူး.."

သူမဒီတိုင်းပြောသွားခဲ့သည်။ ပြီးတော့ နှုတ်မဆက် စကားမဖြတ်ဘဲ ထထွက်သွားခဲ့သည်။ စားပွဲဝိုင်းတို့နှင့်ခြားနားသော ဘေးထောင့် ဓကရီတစ်ယောက်တည်း ကျန်ရစ်ခဲ့၏။ ပွဲပြီးခါနီးပြီဆိုပြီး များသ လာသည့်လူတွေကိုလည်း ထူးခြားသည်မထင်။ လူများထဲမှာ ကို တွေ့တာလည်း လူများနေသည်ပဲထင်ခဲ့မိသည်။ ထို့ကြောင့် ဘာမှ စားဖြစ် အင်ဗာတာဆိုသော ဒါဒါ့ကိုနှိပ်စက်ပြရုံ ကတ္တူပုံးကြီးကို သတိမရတော့ဘဲ တစ်ယောက်တည်းစက်ရုပ်တစ်ရုပ်လို အသက်မဲ့ ခဲ့သည်။ ကားပေါ်တက်လာခဲ့တာတောင် ဘာကိုမှသတိမရမိသေး မှ ကိုကို့ကိုယ်သင်းနံ့သည်.. ၊

"တောက်.."

သတိလက်လွတ်တက်ခေါက်သံကြောင့် ကားမောင်းနေရင်း
မျက်လုံးတွေ နောက်ကြည့်မှန်ဆီရောက်သွား၏။

"ဘာလဲ..ဘာကြည့်တာလဲ.."

"ဘုန်း.."

ဒေါသထွက်လွန်းသဖြင့် သူမကျောနောက်က ကူရှင်ကိုလွှဲရိုက်
မိသည်။ ကိုကိုနဲ့သူလူ့တွေ တစ်ပတ်ရိုက်သွားတာကို ခံလိုက်ရသည်။
ကဆိုးရွားတာတွေ လုပ်ပြပေမယ့် သင်းအတွက်သနားစဖွယ်တွေဖြစ်ခဲ့သည်
ဒါဖြစ်သင့်သလား..ဒီကောင်မဘယ်လောက်တောင် လှနေလို့လဲ..။
မက်စရာရှိလို့လဲ.. ।

'ဟဲ့ကောင်မ..နင်ခိုးတွေ့နေတာ ငါ့လင်'လို့ပြော ဆံပင်ဆွဲပြီး
ထဲက သွားတွေအခွေလိုက်ထွက်ကျလာအောင် လိုမ့်ရိုက်ပစ်ချင်လာသည်
မျိုသိပ်မရသည့်အဆုံးမှာ ကားပေါ်မှာပဲ မေမေ့ကိုဖုန်းခေါ်မိကာ.. ।

"အဲဒီသတ္တဝါ အဲဒီတိရစ္ဆာန်မနဲ့ဖောက်ပြန်နေတယ်မေမေ..သမီး
ဝသည်းမခံနိုင်တော့ဘူး၊ သမီး..သမီးလူသတ်မိတော့မယ်.."

"အောင်မလေး..ညည်းမှာရော အပြစ်မရှိတာကျလို့အေ၊ သူလည်း
ဖောက်ပြန်နေတာ မဟုတ်သေးဘူး..သွားပြီးမပေါက်ကွဲလိုက်နဲ့ကေရိ၊
ပါဝါကို ညည်းမထိုးဖောက်နိုင်ဘူးနော်..ငါပြောတာကိုနားထောင်.."

"မရတော့ဘူးမေမေ..ဒီညအဖြစ်ကို သမီးလုံးဝသည်းမခံနိုင်တော့
"သည်းမခံချင်ရင်လည်း ခံရမှာပဲ..ညည်းလက်ထဲမှာ အဲ့ကောင်မ
ရှိနေသေးတာကိုက ကိုကို့အခြေအနေကောင်းနေသေးတဲ့သဘောပဲ၊
သွားသောင်းကျန်းလိုက်ကာမှ 'ငါ့ကောင်မလေး ငါ့ကိုပေး'ဆိုပြီး ဆွဲ
သွားလိမ့်မယ်..ရင်လေးလိုက်တာကေရီရယ်၊ ကိုယ့်ယောကျ်ားကိုယ်မပိုင်
နဲ့အေ..နို့ ညည်းပြောတော့ ဒီလင်ကိုမမျှော်လင့်တော့ဘူး ရသလောက်
ထားရုံပဲဆို၊ ဒါဆို အဲ့ဒီကောင်မလေးကိုတောင် ညည်းရွှေချထားသင့်
တာ.."

"အဲဒီမှာ တစ်ပတ်လောက်ငုတ်တုတ်ထိုင်ပြီး ဆုတောင်းလေ.."

ပြောပြီးဖုန်းချပစ်လိုက်သည်။ ဒေါသကြောင့် ရွယ်တူချင်းသာဆို
သေလိုက်'လို့ ပြောမိမှာသေချာ၏။ အမေမို့ အတော်ကြီးသည်းခံနေလို
တာ ဒေါသကမပြေ.. ।

တွေ့မယ်..ရွှေချထားသင့်တဲ့မိန်းမ..



အခန်း(၈၉)

"လစာထုတ်ရင် ဝန်ထမ်းလစာအတိုင်းပဲ..ဒီညနေတန်းစီရမယ်.." ဟု
တည်းက ပြောခဲ့သည်။ ထို့ကြောင့် ပလာဇာအပေါ်ဆုံးထပ်က ရုံးခန်း
ဝန်ထမ်းတွေနဲ့အတူ သူမတန်းစီနေရတာ ညနေတည်းက..။ ပြန်ဖို့
သူမဘာသာကားမောင်းပြန်သွားကာ.. ।

"ဒီကလစာထုတ်ပြီးရင် ဆယ်မိနစ်အတွင်း အိမ်အရောက်ပြန်ခဲ့..
တိရောက်ပေ့စေ၊ သွားစရာရှိတယ်.."ဟု မှာသွားသေးသည်။ ကုမ္ပဏီ
ပလာဇာတွေမှာ ဝန်ထမ်းလစာကို ထုတ်ပေးကြပုံချင်း မတူပေ။ ထို့
သူမကြားဖူးနားဝတွေရှိပေမယ့် တန်းစီဆိုတော့လည်း စီလိုက်ရုံသာ။
သူများတွေအထဲဝင်ပြီး ပြန်ထွက်သွားကြတာ ရှောရှောရှူရှူ။ သူမ
 ।

"နင်ကဒီလကျမှ ထုတ်တာလား.."

အထွေထွေတာဝန်ခံဆိုသည့်အမျိုးသမီးက ခပ်စိမ်းစိမ်းကြည့်ပြီး မေး
တ်သည်။ ပြီးတော့ လူကမတုန်မလှုပ် မျက်နှာထားတင်းတင်းနှင့်..

"အသစ်ဆိုတော့ ဒီမှာစာရင်းမဝင်သေးဘူး..ပြီးတော့ နင်ကသူဌေးဒ
ကုမ္ပဏီလစာနဲ့ ဘာမှမဆိုင်ဘူး..သူဌေးဆီက ဘာအော်ဒါမှလည်း
ထားဘူး.."

ဖုန်းကောက်ကိုင်ပြီးမှခဏစဉ်းစားသည်။ ပြီးတော့ ဖုန်းပြန်ချလို
"ဒီနေ့ နင့်အတွက်မပါဘူးဆိုတော့ ပြန်လိုက်တော့.."

သူဌေးဒရိုင်ဘာကိုတောင် သင်းကဒီလိုလုပ်ရဲသလား.. ၊

စိတ်ကထောင်းခနဲထဖြစ်၏။ ဒါပေမဲ့ ဝန်ထမ်းကဒီလိုလုပ်ရဲ ကိုက အကြောင်းရှိနေနိုင်တာမို့ ခေါင်းညိတ်လိုက်မိသည်။ ဇကရီ့ဒေါ စိတ်ဓာတ်မပြည်ဝမှုတွေအရ သူမရဲ့အကျင့်ဖြစ်နိုင်ပေမယ့် ကိုယ့်အ တော့ ရှိနေတာထက်သာလွန်နေတာကို သူမခံစားမိသည်။ ငါ့ကျမှ လို့ဒေါသတွေ ပိုပိုလျှံလျှံဖြစ်နေရသလဲလို့ တွေးမိတိုင်းလည်း ဗေဒင် အိမ်မှာ ကိုယ့်ဘက်ကမဖွယ်မရာ ပြောခဲ့မိလို့ပဲတွေးပြီး ချေဖျက်ပ များပြီ။ ဒါပေမဲ့ပိုပိုများလာပြီထင်သည်။ ဒါဟုတ်တယ်ဆိုရင် ဘာကြော

"ဒေါက်.."

တင်းကျပ်သည့်အတွေးများနှင့် လျှောက်လာခဲ့ရင်း စက်လှေ ကျမှ ဝယ်လာသည့်ခေါင်းညှပ်ကလစ်လေးက လက်ထဲကလွတ်ကျသွ

"အမလေး.."

ကလစ်သည် နောက်လူ၏ခြေထောက်အောက်ကို ပြေးဝင်သ သွားခဲ့ပြီး ထိုသူသည်အလန့်တကြားနောက်ဆုတ်ရှောင်လိုက်ရကာ

"တော်သေးတာပေါ့..တက်နင်းမိတော့မလို့.."

သူမကပဲ ကလစ်ကိုကောက်ပေးလျှင် 'ရပါတယ်'ပြောပြီး ဒါ လှမ်းယူ၏။

"ကြည့်ပါဦး..ကျိုးပြုသွားသလား၊ အယ်.. ဒီ ဒီကအစ်မက.."

ဟင်.. ၊

ကိုယ့်ကိုနှုတ်ဆက်တာမှန်းသိမှ မော့ကြည့်လိုက်မိ၏။ ခုခေ ဒယ်လ်တွေလို အရပ်မြင့်မြင့် ကိုယ်လုံးလှလှလေးနှင့် သူမကိုမြင်ဖူး တော့ရှိကာ.. ၊

"ကျွန်မကိုသိလို့လားဟင်.."

"အစ်မ.."

သူမက ဒါဒါ့လက်ကို တရင်းတနှီးဆွဲကိုင်လိုက်ကာ.. ၊

"သူပဲတီလေး..လာအစ်မ တီလေးနဲ့မိတ်ဆက်ပေးမလို့.."

ဒါဒါ့လက်ကိုဆွဲခေါ်သွားကာ လူရှင်းသည့်နေရာကျမှရပ်၍..

"ပြီးခဲ့တဲ့ဆယ်ရက်လောက်က လက်ဖက်ရည်ဆိုင်ထဲမှာ ပြ တက်နေတာညီမလေး..အစ်မ ဟိုလူယုတ်မာကို ရေဘူးနဲ့ဝင်ရိုက်ပေးလို့ ထွက်ပေါက်ရခဲ့တာ.."



ဟင်.. ၊

"ဩော်..သူလား.."

ဘေးမှာ ရွှေရောင်ကိုင်းနှင့် မျက်မှန်ကြီးကိုပင့်၍ အသက်ငါးဆယ့် အမျိုးသမီးကြီးက သူမမိတ်ဆက်ပေးကာမှ ဒါဒါ့လက်လေးကို ဆွဲကိုင် တာ.. ၊

"ကျေးဇူးတင်လိုက်တာတူမကြီးရယ်..ဟောဒီတူမလေးကို မင်းကယ်ခဲ့ တာ.."

ဒါဒါဘာမှမပြောရသေးဘဲ သူမတို့ချည်းပဲ ကျေးဇူးတွေတင်နေကာ ဆက်ကြတော့ ပြဿနာတက်သည့်သူမနာမည်က ဖူးဖူးပြည့်ဖြစ်ကာ အမျိုးသမီးကြီးက ဒေါ်ပြည့်စုံ.. ၊

"တူမကြီးက ဒီယောကျ်ားယုတ်မာတာကို အမြင်မတော်လို့ပေမယ့် အဲဒီအချိန်မှာ အမြင်မတော်တဲ့သူလည်းမရှိ ကာကွယ်မယ့်သူလည်းမရှိနဲ့ ..ဒီလိုကိစ္စဖြစ်လာရင် မိန်းကလေးလော်မာတယ်ပဲ အပြစ်တင်တတ်ကြ တာကိုး၊ တကယ်က အဲဒီလူတွေအုပ်စုဖွဲ့ပြီး လုပ်စားနေကြတာပါသမီးရယ်"

ထင်ခဲ့ပေမယ့် တကယ်လို့ကြားလိုက်ရတော့လည်း အံ့ဩမိသည်။

"အန်တီတို့မှာ အင်အားရှိပါတယ်..သူတို့ယုတ်မာတာကို လက်တွေ့ ည်းဖမ်းပြနိုင်တယ်၊ ဒါပေမဲ့ ကိုယ့်တူမလေးဂုဏ်သိက္ခာကြောင့် တစ်ခါ အရှက်ရတာနဲ့တင် နောက်ဆုတ်နေလိုက်ကြတာ.."

သူဌေးသမီးတွေ တစ်ခုလပ်မုဆိုးမမကျန် ချမ်းသာသည့်မိန်းမမှန်သ ကို အပြောကောင်းကောင်း ရှိုးကောင်းကောင်းနှင့်တွဲသည်။ ပြီးတော့ ညသို့သော ငွေချူနည်းတွေနှင့် အရှက်ခွဲ၍.. ၊

"သူတို့ကအဆင့်မြင့်မြင့် ချူရဲတဲ့လူတွေတော့ မဟုတ်ဘူးဟဲ့..အဲဒီနေ့ ဖူးဖူးအိတ်ထဲက ပိုက်ဆံတွေကို ပါအောင်ယူသွားတယ်လေ၊ အတူသွား နေကြတော့ အိတ်ထဲမှာဘယ်လောက်ပါတယ်ဆိုတာ သိထားတာကိုး.. တော့ တန်းခနဲပြောတာပေါ့၊ ရှော့ပင်းထွက်မယ်ဆိုတည်းက မြန်မာပြည် ပိုက်ဆံကိုင်သုံးရတဲ့ဥစ္စာ အန်တီတူမအိတ်ထဲမှာ ဆယ်သိန်းလောက်တော့ သွားလေရာပါတာပဲ.."

"ဖူးတကယ်ပြောတာပါအစ်မရယ်..အဲဒီလူနဲ့ဖူး ဘာမှကိုမဟုတ်သေး ဘူး၊ အိမ်နဲ့အဆင်မပြေတိုင်း သူနဲ့ဆုံဖြစ်တယ်..သူ့စကားတွေက မှတ် စရာတွေပါတယ်၊ ကြာတော့ ရင်းနှီးသွားတာပေါ့နော်..ဒီလိုမှန်းမသိခဲ့ လည်း ကြိုက်မိမလားပါပဲ.."

"တော်ပါတော့အေ..ကြောက်စရာကောင်းလိုက်တဲ့လူယုတ်မာတွေ

အန်တီတို့က ဟောဒီမောလ်မှာ သုံးခန်းတွဲစိန်ဆိုင်ကြီးနဲ့ပါ..ခုပဲ ဆိုင်
ပြန်လာကြတာ၊ အသိမြန်လို့ပေါ့..မဟုတ်ရင် ဘယ်လောက်တောင်
လဲပဲ.."

"ကဲပါ..အစ်မသွားစရာရှိရင်သွားပါ၊ ညီမကိုလိပ်စာကဒ်တော့
နော်..အစ်မကို ရှယ်ကျေးဇူးဆပ်ချင်လို့.."

"မဟုတ်တာညီမရယ်..မလုပ်ပါနဲ့၊ အခြေအနေကြုံကြိုက်ပြီး
ဖြစ်သွားတာပါ..ညီမက ခုလိုပြည့်စုံတဲ့မိကောင်းဖခင်သမီးလေးဆိုတော့
ဖြစ်ရတာပေါ့၊ ဒါပါပဲ..ရပါပြီ.."

ဘယ်လိုပြောပြော လက်ကိုမလွှတ်ဘဲ ဖွတ်ဆွဲထားကာ.. ၊

"ဖူးဖူးအဖေကလည်း ဒီပလာဇာက ရှယ်ယာဝင်ပဲလေသမီးရဲ့..သမီး
က ဘာလုပ်တာလဲ.."

"ကျွန်မက ဒီကသူဌေးရဲ့ဒရိုင်ဘာပါ.."

"ဒရိုင်ဘာ.."

"ဩော်..သမီးက မောင်ကို..အဲ ကိုကိုမဟုတ်လောက်ပါဘူး..ကိုကို
သူ့ဘေးမှာအင်ဂျင်နီယာတွေရော ဒါရိုက်တာတွေရော ယောကျ်ားတွေချည်း
ပဲ.."

ဦးကိုကိုဆိုတာ ဘယ်သူ့ကိုပြောမှန်း ဒါဒါမသိ.. ၊

"ပြီးတော့ လင်မယားနှစ်ယောက်စီးပွားခွဲလိုက်ပြီလို့ ကြားတာ..သမီး
က သူဌေးကတော်ရဲ့ကားမောင်းတာလား၊ မန္တလေးမှာတော့ မိန်းကလေး
ဒရိုင်ဘာဆို အထူးအဆန်းဖြစ်နေမှာနော်.."

သူမတို့ဘာအတွက် သွက်လက်ရယ်မောနေကြသည်မသိပေမယ့်
စာမရခဲ့ခြင်း အိမ်ပြန်ချိန်သတ်မှတ်ပေးလိုက်ခြင်းနှင့်ပတ်သက်၍ ဒါဒါ
က ကိုယ်မှာမကပ်။ နောက်ထပ်လည်း နှုတ်ဆက်ပြုံးပျော်မနေနိုင်တော့
နှုတ်ဆက်ပြန်လာခဲ့မိသည်။

တစ်လ ငါးသိန်းထည့်သိမ်းရဖို့က အမြောက်နဲ့ပစ်ချရမလား..မိုး
အောင် လေ့ကားထောင်ရဦးမှာလား.. ၊

☎



## အခန်း(၉၀)

"ရက်စက်တာနဲ့ ယုတ်မာတာ အများကြီးကွာတယ်ဇေရီ..ညည်းကြုံ
နေတာတွေက ယုတ်ယုတ်မာမာတစ်နပ်စား ကြံတာမျိုးတွေ၊ ပြီးတော့
အများအမြင်မှာ ညည်းကကိုကို့ဇနီးနော်.."

ဒါပဲကြားရမှာမှန်းသိရက်နဲ့ ဘာဖြစ်လို့များ တကူးတကဖုန်းခေါ်ပြီး
လိုက်မိမှန်းမသိ။ ဇေရီတစ်ယောက်တည်းနေရင်း နှုတ်ခမ်းကိုက်လိုက်
ဖုန်းကိုဘယ်နဲ့ညာပြောင်းကိုင်လိုက်ရင်း ဒေါသတွေနှင့်.. ၊

"သူ့ဇနီးအဖြစ်ရှိနေတာနဲ့ပဲ ဘုရားရှေ့ပြေးပြီး ပုတီးစိတ်နေရမှာလား..
က ဘာမှမရဘဲ သူ့ဇနီးဆိုတာကြီးကို တန်ဖိုးတကြီးမြင့်တင်မနေနိုင်
မေ..မေမေရှုံးနေသမျှ ဖာထေးလို့ရနေတာတွေ အခုကိုလင်းသုံးဖြုန်း
တွေရော သမီးကားတဝီဝီနဲ့ ထင်သလိုသုံးနိုင်နေတာရော အဲ့ဒါတွေ
ဆိုတဲ့လူဆီက ရနေတယ်များ မေမေထင်နေသလား..အဲ့ဒါတွေအကုန်
မေမေ့သမီးဇေရီလည်လွန်းလို့ရနေတာ၊ ငါ့သမီးသိပ်တော်လို့ပါလား
မေမေတွေးစမ်းပါ.."

ကျွတ်ခနဲအသံတစ်ချက်နှင့် ဖုန်းချသွားတော့ မေမေအကျွတ်တရား
သေးဘူးဆိုတာ သိလိုက်သည်။ ထို့ကြောင့် ဇေရီကလည်း အကျွတ်ချွတ်
ဘယ်လိုနည်းပဲသုံးရသုံးရ.. ၊ ထို့ကြောင့် ဖုန်းပြန်ခေါ်လိုက်ရင်း.. ၊

“မေမေ အဲ့ဒီလူကို အထင်ကြီးလွန်းနေတာတွေဖျောက်ပြီး အမှန်ကို မြင်စမ်းပါမေမေရယ်..မေမေ့ကိုကေရီသိပ်စိတ်ပျက်တာပဲသိလား..”

ပြောနေရင်းရိုင်းစိုင်းလာသည့် ကိုယ့်ကိုယ်ကိုလည်း ကေရီဂရုမစိုက်မိ။ သူမမှာသောကတွေရှိသည်။ အစတုန်းကထင်သလို သုံးစွဲမော်ကြွားနေနိုင်ရေး ခုကျတော့ လူမသိသောအခက်အခဲတွေကို ဘယ်သူမှမသိလိုက်အောင် ဖြေရှင်းနိုင်ရေး.. ။

“ညည်းပြောနေတာတွေကို မေမေသဘောပေါက်တယ်..ညည်းလို အမြင်မတူရင်တောင် နားလည်ပေးနိုင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ညည်းကငါ့သမီးလေ..ဒါပေမဲ့..”

“အဲ့ဒီဒါပေမဲ့ကို မလိုဘူး..မေမေအရင်လို မဟုတ်တော့တာ ကေရီအရမ်းဝမ်းနည်းတယ်သိလား၊ ကိုယ့်ကိုယ်တခြမ်းပဲ့သွားသလိုပဲ..”

“မေမေပြောင်းလဲလာတယ်ဆိုလည်း အဲ့ဒါညည်းကြောင့်ပဲကေရီ.. ညည်းခုတလော တေဇနဲ့ပြန်တွဲနေတာတွေ ပလာဇာမှာ နာမည်ဆိုးထွက်လာတာတွေ..”

“ဘာကိုနာမည်ဆိုးလဲမေမေ..လျှောက်ပြောမနေစမ်းပါနဲ့၊ ဝန်ထမ်းတွေဖြုတ်တာပြောင်းတာလောက်တော့ ကေရီလုပ်ခွင့်ရှိတယ်..”

“ဟဲ့..အဲ့ဒါက ရှယ်ယာဝင်တွေနဲ့..”

“လုပ်ပြန်ပြီ..ဘာမှဖြင့်မသိဘဲနဲ့မေမေရာ၊ ရှယ်ယာဆိုလို့ ဦးဝင်းမြင့်ဘစ်ယောက်ပဲကျန်တာ..အဲ့ဒါလည်းကိုကိုက ရှယ်ယာပြန်မအမ်းနိုင်လို့မဟုတ်ဘူး၊ အဲ့ဒီလူကြီးကို သနားလို့ထားထားတာ..ကိုကိုတောင် အဲ့ဒီပလာဇာကို ကေရီ့လက်အပ်လိုက်ပြီးပြီ..မေမေကဘာဖြစ်ချင်တာလဲ..”

“ဘုရားရေ..”

တစ်ဖက်ကနေ ဒေါ်မာလာခိုင် ဘုရားတလိုက်တာ ကေရီသေချာကြားလိုက်သည်။ ဘာဖြစ်လို့လဲ..ကိုယ်ပြောလိုက်တာ ဘုရားတဖွယ် ဘာများပါသွားလို့လဲ..။ မိဘကိုမှန်တာမှားတာလေးတောင် သားသမီးက ပြန်ပြောခွင့်မရှိတော့ဘူးလား..။ မိဘက ဘယ်တော့မှမမှားဘူးလို့ ဘယ်သူ ပြောနိုင်လို့လဲ..။ နားစမ်းပါ.. ။

သူမစိတ်တွေ အရိုင်းအစိုင်းစိတ်ဖြစ်နေပြီကို ကိုယ့်ကိုယ်ကိုသတိမထားနိုင်တော့ပေ။ တေဇက ပြဿနာလုပ်နေသည်။ ကိုကိုကရက်စက်ဖို့အဆင်သင့်။ ဒါဒါဆိုတဲ့ကောင်မက ဘာကိုမှမသိသည့်အခြေအနေနှင့် သူမလက်ထဲမှာ။ ဒါဒါနဲ့ ကိုကို ဆက်သွယ်မှုရှိနေသည်။ ရင်းနှီးနေကြသည်။ ဒါပေမဲ့ ဒါဒါကလည်း ဘာမှမသိသလို ကိုကိုကလည်း လျှို့ဝှက်နေသည်။



သူမဘာဆက်လုပ်ရမလဲ..ကိုကို့ကို သူမစိန်ခေါ်လို့မဖြစ်ခြင်းကြောင့် အံကြိတ်ရင်း လက်သီးပုန်းထိုးနေရသည်။ ကိုယ်မှားခဲ့သလို ကိုကို မှန်နေတာမှ မဟုတ်တာဲ။ သူ့ကျတော့ အလင်းရောင်ထဲမှာ ရင်ကော့နေ ကိုယ့်ကျမှ မှောင်ရိပ်ကျနေတဲ့ဘဝ.. ။

“ပြောရင်လည်း ဒီစကားတွေပဲဖြစ်နေလိမ့်မယ်..ငါကဘာဖြစ်ချင်တာ တော့ ညည်းအသိတရားရစေချင်တာကေရီ..”

ဒေါ်မာလာခိုင်ဘက်ကလည်း မိဘမို့အမုန်းခံပြီး ပြောဆိုဆုံးမရမည့် ရှိသည့်အတိုင်း.. ။

“ကိုကို့ကို ဘာမှအားမကိုးရဘူး..သမီးလည်လွန်းလို့ ဒီလိုနေရတာ၊ ကားတွေကြောင့် ညည်းဒုက္ခရောက်လိမ့်မယ်..ဒီစကားတွေက ညည်း လောက်ထိကရားလက်လွတ်ဖြစ်နေတာကို ပြနေတယ်..”

“မေမေကဘာလဲ..ဖဲဝိုင်းကထလာပြီး ဒီစကားတွေပြောနေတာလား၊ ပုလင်းထောင်တဲ့ဆရာစာသင်နေရင် ဘယ်တပည့်ကမှ လေးစားမှာ ဘူးဆိုတာ မေမေသိမှာပါ..”

“ငါ့ကိုမစော်ကားနဲ့ကေရီ..ငါဘယ်လိုမိန်းမဖြစ်နေနေ ညည်းဆီက တောင်းတယ်၊ ငှားရမ်းသုံးစွဲခဲ့တယ်..”

“မရမကဓားပြတိုက်သလို ဆွဲယူတာတွေပါ ထည့်ပြော..”

“ဟုတ်တယ်..အဲ့ဒါ ငါ့သမီးသူဌေးမကြီးဆိုပြီးတော့ပဲ၊ ငါ့ရဲ့မသိစိတ် ယူနေတာ..အဲ့လိုမဟုတ်ဘဲ ညည်းဘဝပျက်တော့မယ့်အရေးမြင်ရင် ငါမိဘပီသရမှာပဲလေ..”

“မိဘပီသလာပြီလို့ သားသမီးကယုံကြည်လက်ခံဦးမှ..”

မေမေ့ဘက်က အသံတိတ်သွားတော့ ပြုံးလိုက်မိသည်။ ပြီးနှုတ်ခမ်း နှစ်ဖက် ညွတ်ခနဲပုံပျက်သွားတဲ့အထိ မဲ့ရွဲ့ပစ်ရင်း.. ။

“ပြောလေ..သမီးက ရှိတတ်တာတွေကို ပြောတာပါ..”

“အေး..ဘာဖြစ်ဖြစ် ငါကလည်းပြောသင့်တဲ့စကားကိုတော့ ပြီးအောင် သွားမှာပါ၊ ‘နားအရောင်နဲ့ပါးပြောင် ငါ့အရောင်မထင်နဲ့’ဆိုတာ ညည်း ကိုကို့အသိုင်းအဝိုင်းမှာ ညည်းရှိနေလို့ ကေရီဆိုတဲ့အရောင်ထွက် ကိုကို့ပိုင်ဆိုင်မှုတွေနဲ့ ညည်းပေါ်များနေတာ..အဲ့ဒါကိုဘယ်တော့မှ အဲ့ဒါကြောင့် ကိုကို့ကိုနေ့စဉ်ရှိခိုးအိပ်ပါလို့ ငါမပြောဘူး..ဒါပေမဲ့ ဖြစ် နှစ်ဖက်မျှတွေးရတယ်..”

“မတွေးနိုင်ဘူးမေမေ..ဒီလောက်ပြောနေတာတောင် မေမေလည်း သမီးနဲ့ရန်ဖြစ်ခဲ့ပြီး ဒါပဲပြောနေသေးတယ်နော်၊ မေမေ့ကို ကိုကိုဆိုတဲ့

လူ ဘယ်လောက်တောင်လာဘ်ထိုးထားလို့လဲ.."

"ဧကရီ.."

"မေးချင်လာအောင် မေမေအဖြစ်သည်းနေတာလေ..အခု ဧကရီဘယ်လောက်ပိုင်ကွက်နင်းထားသလဲဆိုတာ မေမေ့ကိုတိုင်ပင်တာ၊ ဧကရီခံခဲ့ရမှု ဒီလူ့ကိုတစ်ထစ်ချင်း တစ်ဆင့်ချင်းဘယ်လိုဒဏ်ပြန်ပေးမယ်ဆိုတာ ပြောတာ..မေမေပြန်ပြောလာတော့ ဘယ်လိုပိုကောင်းအောင်လုပ်ပါလား ဘာတွေထပ်လုပ်လို့ရတယ်ဆိုတာမျိုး မလာဘူး..ဒီယောကျ်ားကို ဘုရားလိုကိုးကွယ်သင့်တာတွေ.."

"ဧကရီ..ငါကညည်းအမေလေ၊ ငါညည်းသူငယ်ချင်းမဟုတ်ဘူး.."

"စားသောက်ကောင်းနေတုန်းကတော့ သူငယ်ချင်းထက်ပိုသလားလဲ.."

"ဘာ.."

"မအေပီသတော့လည်း ချက်ချင်းပဲမေမေရယ်..ငရဲပဲကြီးကြီး ဘာပဲကြီးကြီး သမီးကတော့ သမီးတက်ခေါက်ရင် စားပြေးဆွဲတဲ့သူငယ်ချင်းမျိုးလိုချင်တယ်..သမီးစားဆွဲထွက်ရင် နောက်ကနေတုတ်ဖြစ်ဖြစ် ဆွဲလိုက်လာတာမျိုး.."

"အဲလိုဖွင့်ဟစော်ကားပေးတဲ့အတွက် ကျေးဇူးပဲဧကရီ..နောက်ထပ်ဒီလိုအကြောင်းနဲ့ပတ်သက်ပြီး ငါပြောမိရင် ကိုယ့်လျှာကိုယ်ကိုက်ပစ်မယ်.."

ပြောပြီး ဖုန်းချသွားသည်။ ဧကရီဖုန်းကိုပြန်ကြည့်ပြီး မဲ့နေမိကာ..

"ဒီကပြောတာလေးတောင် နားမထောင်သွားဘူး..ဟွန်း.."

သူမမျက်နှာပုံအရ တောင်းပန်ဖို့တော့ မဟုတ်တန်ရာ.. ၊

☎



အခန်း(၉၁)

ဒီဆိုင်မှာ ကိုကိုတို့ထိုင်နေကျဆိုတာ သိသည်။ ဒီနေ့ကိုကိုနဲ့သူ့ညီညီတွေ ဒီမှာဆုံကြမည်။ အတွင်းပိုင်းတစ်ခန်းလုံးကို ကိုကိုတို့ယူထားတာ အတိအကျသိပြီးသားပါ။ အချိန်ကိုက်ဝင်လာမိရင်း ဧကရီကျေနပ်နေသည်။ သတင်းကိုရပြီး ဒီလိုပညာပြဖို့အကြောင်း မေမေ့ကိုအားပါးတရမိုက်ဖော်ခဲ့တာ အဖော်မဖြစ်တော့ နေပေါ့..။ ကိုကို့မှာပဲ အားကိုးရတဲ့ခြေရံသင်းတာပည့်လက်သားတွေ ရှိတာလား.. ငွေရှိရင်အားလုံးကိုခိုင်းလို့ရသည်။ အများသဖြင့် ဗေဒါဖြူဆိုတဲ့မိန်းမလို ငွေမက်တဲ့မိန်းမမျိုးဆိုရင်.. ၊

ဟွန်းခနဲကြိတ်ပြုး၍ အဖြူရောင်ကြိုးရှည်လေးနဲ့အိတ်ကို ပခုံးပေါ်ထပ်လွယ်တင်သည်။ ဒီသတင်းရဖို့ ငွေနည်းနည်းလေးပဲဖြုန်းလိုက်တာ ညီ့သည်ဘယ်နစ်ယောက်နဲ့ရောက်လာမယ်ဆိုတာထိ သိထားပြီးသား။ မျက်လုံးဝေ့လိုက်တော့ မှန်တစ်ဝက်မှာပေါ်နေသည့် ပုံရိပ်တွေကိုမြင်လိုက်ရသည်။ အရှင်းလိုက်ကာဇာပါးလေးတွေ ကာထားပေမယ့် အမြဲတမ်းကုတ်အင်္ကျီဝတ်ထားတတ်သည့် ပုံရိပ်ကိုမှန်း၍ ကိုကိုဘယ်မှာထိုင်သလဲဆိုတာ သိလိုက်သည်။

"ဒီမှာ..ခဏ.."

မိန္နုလာပေးသည့်ဝိတ်တာကို အနားလာဖို့ခေါ်၍ ချစ်စဖွယ်လေးပြုံး

သည်။ ပြီးတော့ ကိုကိုတို့ရှိရာညွှန်ပြကာ ထိုထဲကတစ်ယောက်ကိုမှ ရင် သေရတော့မယ့်အတိုင်း ကြွေပြရင်း.. ၊

"အင့်..ပလိစ်.."

ကိုကိုနဲ့တည့်တည့်နေရာက လိုက်ကာကိုမသိမသာလေး သိမ်း ပေးထားဖို့ ကောင်လေးလက်ထဲကို ပိုက်ဆံတွေထည့်ပေးလိုက်သည်။ လည်း ငွေကြောင့်ပြီးပြည့်စုံခဲ့၏။

လိုက်ကာဘယ်လိုရွှေ့လျားသွားတာကို ကိုကိုမသိလိုက်ပေမယ့် နဲ့မိန်းကလေးသုံးယောက်ဝင်လာကြတော့ ဘေးတိုက်အရုပ်ဆီ ငွဲကြည့် မိသည်။ မထင်မှတ်လိုက်သဖြင့် မျက်ဝန်းတို့က ပေါ့ပါးစွာရုပ်တိုက်ပြေး ခဲ့ပြီး.. ၊

ဒါဒါ.. ၊

နောက်တစ်ကြိမ် ဖျတ်ခနဲပြန်လှည့်ကြည့်မိ၏။ ဒါဒါသည် လှပသစ်လွင်နေကြသည့် မိန်းကလေးတွေအလယ်မှာ ရုပ်အင်္ကျီအပြာ လေးနှင့် ဆံပင်တွေကို ဖြစ်သလိုလိမ်ပတ်တင်ထား၏။ ဘယ်လိုပ ထိန်းထားမှန်းမသိပေမယ့် ဆံပင်တွေကများနေသဖြင့် မျက်နှာဘေးမှာ လိပ်တင်ထားပုံကရော ဖရိုဖရဲဆန်လှစွာ.. ၊

"လုပ်ဗျာ..ကိုကိုသောက်လိုက်ပါဦး၊ အန်တီမီရှယ်က ကိုယ်တိုင် ပေးနေတာနော်.."

"အဟွန်း.."

သူခေါင်းညိတ်ရင်း တန်ဖိုးကြီးပါသည်ဆိုသော နှစ်ချို့ဝိုင်ကို လိုက်ရင်း အဓိပ္ပာယ်မဲ့ကြည့်မိသည်။ ဧကရီတမင်လုပ်တာလား..သူထင် သလို သူမအားလုံးကိုသိနေလို့ ဒါဒါ့ကိုသူ့ရှေ့တမင်ခေါ်ထုတ်လာတာလား ဘယ်လိုအကြံနဲ့လဲ..။ လူတွေရိပ်မိသွားမှာစိုးပေမယ့် ထိုဆီကိုပဲကြည့်ချင် သည်။ ဘာရယ်မဟုတ်ဘဲ ဒါဒါတစ်ခုခုဖြစ်တော့မှာလိုမျိုး ရင်ထဲမှာ ကျသွားသဖြင့် စိတ်သည်ထိုင်နေသည့်ဆီမှာ လုံးလုံးမရှိတော့.. ၊

"ဒါကဘယ်လိုဖြစ်လာတာလဲ.."

ဒါဒါတို့ဝင်လာတည်းက ကိုကိုလှည့်ကြည့်လိုက်တာကို တမင် ပြီးထောင်ထားသည့် မှန်ဝိုင်းလေးကနေ ဧကရီမြင်လိုက်သည်။ ထို့ကြော ဒါဒါကိုင်လာပြီး ချပေးသည့်ဖာလူဒါဘူးကို ကောက်ကိုင်လိုက်ရင်း..

"ဒါတွေက ဘာလုပ်ဖို့ဒီထိယူလာတာလဲ.."

"မမက အကုန်လုံးယူခဲ့ဆိုလို့.."

"အို..ငါမပြောပါဘူး အကုန်ယူခဲ့ပြီး စားသောက်ဆိုင်မှာ ဘာလု



တို့ကို တမင်ထည့်ခိုင်းလာသည့် အထည်ထုပ်တွေနဲ့ တခြားသော ပါ သူပဲယူခဲ့ဖို့ မှာခဲ့ပေမယ့် ဖြောင်လိမ်ပစ်လိုက်သည်။ နွေနဲ့ ယောက်ကလည်း စားပွဲမှာမထိုင်ဘဲ ထိုင်တော့မလို မထိုင်ဘူးလို အထားဖြင့်ရှိဆဲ.. ၊

"ဒါကဖာလူဒါပဲမှာတာ..ဒီမှာက ဖာလူဒါမကောင်းလို့.."

"ဒါဆို ဒါတွေ.."

"စားပွဲပေါ်မှာချထားလိုက်လေ..ဒီဘူးဖွင့်ပေး.."

ကရီက အပေါ်ကပလပ်စတစ်အဖုံးပါးလေးကို ပြန်ကပ်ထားလိုက် ခိုင်း၏။ ဒရိုင်ဘာမို့ ဒါဒါကားပေါ်မှာပဲနေချင်တာပါ။ ဒါပေမဲ့ ပ မနိုင်ဘူးဆိုတော့လည်း လိုက်ပို့ရသည်။ လက်စနဲ့ဒါဖွင့်ပေးပါဦး လည်း.. ၊

"ဟုတ်.."

ဖမ်းပေးနေသည့်ဘူးကို လှမ်းယူ၍ စားပွဲပေါ်ချသည့်အထုပ်တွေကို တထိန်းနေရဆဲ နောက်ကနေဘယ်သူယိုင်လဲသွားသည် မသိလိုက်၊

"အ.."

"အမလေး.."

"ဟယ်..ပေကုန်ပြီ.."

နောက်က ဆောင့်တိုက်လိုက်သလိုဖြစ်ကာ ထိုလက်ထဲမှ ဖာလူဒါ ည် ဧကရီရင်ဘက်ဆီ ဘူးလိုက်ပစ်မှန်၏။ ထို့ပြင် ရင်ဘက်ကနေ ထိ ဖိတ်စင်ပေကျံစေပြီးမှ ကြမ်းပေါ်လိမ့်ဆင်းသွားခဲ့၏။ ထိုအ ပြဿနာတစ်ခုခုဖြစ်ပြီဆိုသည့် ပုံရိပ်တွေမျက်ဝန်းထောင့်မှာ ထင် ဖြင့် ကိုကိုလှည့်ကြည့်လိုက်လျှင်.. ၊

"တောက်..နင် နင်ငါ့ကိုမကျေနပ်လို့ တမင်လုပ်တာ၊ လုပ်ဦးဟာ.."

"ဖြန်း.."

ဒါဒါ့ပါးကို ရိုက်ချလိုက်သည့်လက်ကိုမြင်လျှင် ကိုကိုကိုင်ထားသည့် ဒေါက်ခနဲလွတ်ကျသွား၏။

"ကိုကို.."

"ဟာ..ဆောရီး.."

"ရပါတယ်..ဝိတ်တာခေါ်လိုက်.."

သူတို့အလုပ်ရှုပ်သွားချိန်မှာ ကိုကို့မျက်လုံးတွေက အပြင်မှာစူးစိုက် ဒါဒါသည် ယိမ်းယိုင်ထွက်သွားကာ စားပွဲပေါ်မှာ အထိုင်မကျသေး

သည့် ပစ္စည်းထုပ်တချို့ပါ ပြန်ပြုတ်ကျကုန်သဖြင့် အခြေအနေကရှုပ်ထွေး သွား၏။ တစ်ဆိုင်လုံးမှာရှိသမျှလူအားလုံး၏အာရုံတွေ စုပြုံးစိုက်ထား လျက်.. ။

"သွား..နင်ပြန်တော့၊ သွား.."

"အား.."

ဆောင့်တွန်းပစ်လိုက်သဖြင့် ဒါဒါပုံလျက်သားလေး ကျသွား၏။ ထို အချိန်မှာ ဒါဒါ့မျက်နှာရှေ့ကို ရောက်လာသော ကြက်သွေးရောင်ဖောင်း ရှည်ပျော့လေးနှင့် ဒေါက်ဖိနပ်တစ်စုံသည်.. ။

"ဩော်..ဟန်ကျလိုက်တာ၊ ဟွန်း.."

ဧကရီက ထိုင်ရာမထပြော၍ ကိုယ်မှာပေကျံနေသည့် ဖာလူဒါအ စအစတို့ကို လက်ဖျားနဲ့တောက်ခါချနေရင်း.. ။

"ဒီထက်တိုက်ဆိုင်တာတောင် ဒီလောက်တိုက်ဆိုင်ပါ့မလားနော် ရယ်လ်.."

ဧပရယ်လ်က အနက်ရောင်အိတ်လေးကို လက်ပြောင်းကိုင်လိုက်ရင်း ဒါဒါ့ကို တအံ့တသြငုံ့ကြည့်နေသည့်မျက်နှာလေး မော့လာ၏။ ပြီးတော့ ဒါဒါ့ကိုရွေ့ရှောင်၍ ဧကရီ့ဆီလျှောက်သွားကာ.. ။

"တိုက်ဆိုင်တာမဟုတ်ပါဘူး..နင့်ကားကိုမြင်လိုက်လို့ ဟိုဘက်က တမင်ကူးလာတာ.."

ပြောကာ ဒါဒါ့ကိုငဲ့ကြည့်ပြီးမှ ပြန်လှည့်၍.. ။

"ငါလာမှ ငါ့ရှေ့မှာ ဒီလိုလာဖြစ်တာတော့ တိုက်ဆိုင်မှုပေါ့.."

ဒါဒါ့ဆံပင်တွေ ပြိုကျကုန်လျက် ပခုံးတွေပေါ်မှလွန်ကာ မျက်နှာ ပါ ဖုံးကွယ်နေ၏။ ပါးတစ်ဖက်သည်နီရဲနေကာ ရှက်ခြင်း ဒေါသမာန ရောင်တို့ ပြေးတက်လာခြင်းကြောင့် ကြက်သွေးရင့်ရင့်ဖြစ်နေခဲ့၏။ သို့သော် နမော်နမဲ့ဖြစ်သွားခဲ့တာကိုယ်ပဲမို့ ဧကရီ့အပေါ်ဖြစ်သည့်ဒေါသကို မရ မျိုသိပ်သည်။ ဒီလောက်ပေကျံအရှက်ရခဲ့တာ ဧကရီ့လိုလူမပြောနဲ့ တော လူဆိုလည်း ပေါက်ကွဲသွားမှာပဲဖြစ်သည်။ ထို့ကြောင့် ထွက်သွားဆိုတဲ့ အ တိုင်း အပြင်ကိုခေါင်းငုံ့ထွက်လာခဲ့သည်။ ဘယ်သူတွေကြည့်နေတာ ဘယ် လိုထင်ကုန်ကြတာလည်း ဂရုမစိုက်တော့.. ။

သို့သော် သူမမငိုပါဘဲ မျက်ရည်စက်တို့ တတောက်တောက်ကျ ကြသည်။ ထိုစဉ် ဖုန်းမြည်လာ၏။ ကိုယ့်ဖုန်းကိုဆက်မည့်သူသိပ်မရှိ ကြောင့် လှုကွယ်ရာပြေးရပ်ကာ ထုတ်ကြည့်လိုက်မိသည်။ မျက်ရည်တို့ ဝေဝါးနေသဖြင့် နာမည်ကိုရှုတ်တရက်ဖတ်လို့မရ။ မျက်တောင်ရှည်တို့



ပြီးမှ ခတ်ပစ်ကာမှ မျက်ရည်တို့စီးကျသွားခဲ့ပြီး ဥမ္မာဆိုသည့်နာမည်လေး မြင်လိုက်ကာ.. ။

"ဟလို.."

"..................."

"ဟင့်အင်း..မဟုတ်ပါဘူး၊ သိပ်နေမကောင်းလို့.."

"..................."

"ဟင်..ဟုတ်လား၊ မသန်းဝင်းကိုယ်တိုင်ပြောတာပေါ့နော်..ဒါဆို ငါ့ ဆို့လိုက်ရတော့မှာလားဟင်.."

"..................."

"ပျော်လိုက်တာဟာ..ငါ့ရင်ထဲမှာရှိသမျှအပူတွေ မီးကိုရေနဲ့ငြိမ်းပစ် လိုက်တဲ့အတိုင်းပဲ၊ ငါ့မှာ စုစုပေါင်းဆို သိန်းခုနစ်ဆယ်ကျော်ရှိနေပြီဟ..မိ တင့်တယ်တို့လည်း နာရေးအတွက်ဆိုပြီး ကူသွားကြတာတွေရှိသေး တယ်လေ.."

"..................."

"စားပါတယ်..စားပေမယ့် ကြိုးစားစုလို့လည်း ဒီလောက်ရတာပေါ့၊ ဒီတော့ ဖုန်းလာရင် ငါ့ရှယ်ယာတန်းထည့်နိုင်အောင် ကြိုးစားနေတာ..ခု ဆို ကျေနပ်ပြီ၊ ဟဲ့..မသန်းဝင်းက ငါ့ကိုပိုက်ဆံနည်းသေးတယ်ပြောသေး လားဟင်၊ တကယ့်ရှင်ယာဝင်ဖြစ်ဖို့ ဘယ်လောက်လောက်ထပ်စုရမှာတဲ့လဲ.. အောင်စုမှာပါ၊ နင်တို့တွေ ငါ့အတွက်တမင်နေရာပေးတာမှန်း သိပါ တယ်..နောက်ထပ် ဘယ်လောက်စုရစုရ.."

"..................."

"သမာအာဇီဝပါဥမ္မာရယ်..ငါ့ကိုယ်ကျင့်တရား ထိခိုက်မခံဘူး၊ ဥပ ဒေနဲ့ငြိစွန်းဘူးဆိုရင် ဘာအလုပ်ဖြစ်ဖြစ် ငါလုပ်ဖို့ဆုံးဖြတ်ပြီးသားပါ..ငါ့ ကိုယုံကြည်မှုနဲ့.."

ကျနေဆဲမျက်ရည်တွေကို လက်ခုံနဲ့ပွတ်ဖျက်လိုက် ရယ်လိုက်နှင့် ဒါ ဒါ့စကားတွေ ကရားရေလွှတ်ပြောနေမိသည်။ ပြီးတော့ မြင်ယောင်လာတာ က သူမသေသပ်လှပစွာ ဝတ်စားသွားလာနေသည်။ ပြီးတော့ ဘုရားတည့် တည့်နေရာမှာ လက်ပွေ့အိတ်ကြီးတရမ်းရမ်း မျက်နှာမော့မော့နှင့် စီစဉ်ညွှန် ကြားနေလိုက်တာ.. ။

သူမဘာလုပ်နေသလဲဆိုလျှင် သမီးနဲ့အမေ့နာမည်ကမ္ပည်းတင်သည့် နေရာမှာ လက်ညှိုးတထိုးထိုးနှင့်.. ။

"နည်းနည်းစောင်းနေသေးတယ်နော်..ဒီဘက်က ဒီဘက်.."

"တစ်ဖက်ကကြည့်ရင် အဲ့လိုထင်ရတယ်အစ်မကြီးရဲ့.."

အစ်မကြီးလို့ သူတို့ခေါ်ကြတာလား.. ဒါဆို အဲ့ဒီအချိန်မှာ သူ
သက်ဘယ်လောက်ဖြစ်နေမလဲ..။ ဒါမှမဟုတ် သူမသိပ်ကိုခန့်ညား
ရှိန်နေတာလား.. ။

မျက်ရည်စိုစွတ်နေသည့်မျက်နှာလေးမှာ ပြုံးခြင်းမဲ့ခြင်းတို့ တစ်
စီဖြစ်ထွန်းနေခဲ့လျက် တင်းကျပ်နေသည့်ရင်ကိုဖွင့်၍ ရယ်ချလိုက်တော့
သံအစား ရှိုက်သံတို့သည်သာ.. ။



အခန်း(၉၂)

"ဟား ဟား ဟား.."

"ဖြည်းဖြည်းရယ်ပါဟယ်..မိန်းကလေးဆိုတာ ဝါးလုံးကွဲမရယ်ရဘူး"

"ရယ်တော့ဘာဖြစ်လဲ.."

"သိသာသိစေ မမြင်စေနဲ့တဲ့..ဆိုင်ထဲကလူတွေက ဘာဖြစ်သွားမှန်း
လိုက်တာ မဟုတ်ဘူး၊ နင်ရယ်ကာမှ သိကုန်လိမ့်မယ်.."

"သိသိလေ.."

အနားမှာရှိသည့် သူငယ်ချင်းတွေက နည်းနည်းတော့လန့်နေကြ
သည်။ ပေရယ်လ်ကမျက်မှောင်ကုတ်စဉ်းစား၏။ သူမလည်း အစကနေမသိ
ပေမယ့် ပြောစကားများအရ ဒါဒါ့ကိုဝိုင်းလုပ်ကြံလိုက်တာမှန်း တွေးမိ
သွားသည်။ 'ဒါဒါက ငါ့ဒရိုင်ဘာ'လို့ ကေရီအားပါးတရပြောတုန်းက မယုံ
ခဲ့ပေ။ မြင်လိုက်ကာမှ ထို့ထက်အဖြစ်ဆိုးနေခဲ့သော.. ။

"ကိုယ့်ကိုယ်ကို အစွန်းထင်းခံပြီး ချောက်တွန်းလိုက်တာလား.."

ပေါ်တင်မေးလိုက်တော့ ကေရီက မျက်နှာလေးမော့ရယ်၏။ ပြီးတော့
ရာမှထရပ်ကာ.. ။

"နေခဲ့ကြဦး..အနံ့အရမ်းပြင်းနေလို့ နည်းနည်းသွားလုပ်လိုက်ဦးမယ်"
ပြောပြီး လှည့်ထွက်သည်။ ပြီးတော့မှ ပေရယ်လ်ကို ပြန်စိုက်ကြည့်

၍.. ।

"နင်အရမ်းသိချင်နေရင် စောင့်လေ..ငါသေချာပြောပြမယ်.."

စကားလုံးက မကြမ်းပေမယ့် အကြည့်တွေက ကြမ်းဝါးနေသလို၏။ ထို့ပြင်.. ।

"နင်နဲ့ငါစာရင်းရှင်းမယ်..ငါ့မျက်စိရှေ့ကို လာချင်သလိုလာခွင့်ရှိ ငါကြည်ဖြူမှုဖြစ်စ်မယ်၊ နောက်ပြီး အသံတိတ်ပြောနေတဲ့ နင့်မျက်လုံးထဲက စကားတွေကို ငါအခုအဓိပ္ပာယ်ဖွင့်ပြမယ်..ခဏပဲစောင့်.."

ဟွန်း..ငါမသိဘူးထင်နေလို့လားဖေရယ်လ်..နင်ငါ့ကို တစ်နည်းနည်းနဲ့ တုံ့ပြန်တိုက်ခိုက်ဖို့ ကြိုးစားနေတာ၊ နင်ပြန်ရောက်လာတာလည်း ငါနဲ့လက်တွဲချင်တာ မဟုတ်ဘူး..ငါသိတယ်.. ।

ခြေလှမ်းတိုင်းက စိန်ခေါ်မှုတွေရှိနေခဲ့လျက် ရင်ထဲကစကားတွေကြောင့် ဇကရီ့မျက်နှာလေး မော့နေသည်။ ပေါင်တစ်ဝက်ခန့် အသားရောင် စကက်တိုတိုကျပ်ကျပ်လေးကြောင့် လုံးထင်နေသည့် တင်ပါးလေးကပိုနေသည်။ ပွိုင့်ဒေါက်နှင့်ခြေလှမ်းကျဲလျှောက်တော့ ခါးတစ်ဆစ်ချိုးက ကိုင်လှုပ်နေသည့်အရုပ်လေးလို လွန်ခနဲတွန့်ခနဲ။ ကိုယ့်ခြေလှမ်းကို ငုံ့ကြည့်ပြီး သဘောကျမိလေ ပိုတွန့်လျှောက်လေရှိနေဆဲ.. ।

"တောက်.."

"ဒုန်း.."

"ဟာ..သွားပြီ.."

"ကိုကိုရာ..ကျွတ်.."

ဝေဒနဲ့ထွန်းထွန်းတို့၏ ရှုံ့မဲ့ညည်းတွားသံတွေကို ကြားပေမယ့် သူ့စိတ်က ပစ္စုပ္ပန်မှာမရှိ။ ထို့ကြောင့် သူထုချလိုက်သဖြင့် ချိုင့်ဝင်သွားသည့် ဘန်ဘာကိုလည်း ဂရုမစိုက်မိပေ။ လွန်ခဲ့သော မိနစ်ပိုင်းက အတိတ်သည် သူ့မျက်လုံးထဲမှာ ပုံရိပ်တွေထင်နေဆဲ.. ।

"ဒီမိန်းမမိုက်ရိုင်းလွန်းနေပြီ.."

"သူ့အကျင့်ကိုက ဒါဒါမဟုတ်လည်း ဒီလိုလုပ်မှာပဲ.."

"မဟုတ်ဘူး..သူဒါဒါ့ကိုသိတယ် ငါ့ကိုလည်းသိနေတယ်၊ ငါမပေါင်းတဲ့မိန်းမပေမယ့် သူ့အကြောင်းငါသိတယ်.."

ဘယ်လောက်မိုက်ရိုင်းပေ့စေ လူရှေ့မရှောင် လက်ပါဖို့ဆိုတာ..

"ဇကရီက လွတ်နေပြီနော်ကိုကို..သူမလုပ်ရဲတာ ဘာမှမရှိတော့ဘူး ငါတို့ကလည်း မပြောချင်ပါဘူး..ဒါပေမဲ့ သူ့သမိုင်းအရ သူ့မှာဘာမှမရှိတော့ဘူး.."



"ဟုတ်တယ်ကွာ..ထားလိုက်စမ်းပါ၊ လျှောက်ထွက်သွားတဲ့ပုံကိုက ကြည့်ပါလား..တစ်ခန်းတင်မကဘူး၊ အခန်းစုံပျက်နေပြီ ဒီမိန်းမ..မင်းသူနဲ့ ခိုက်စမ်းပါနဲ့၊ မင်းပြောသလို သိနေတယ်ပဲထား..သူကမင်းကိုထွက် ချင်တာ.."

ကားထဲဝင်ကြဖို့ အကြိမ်ကြိမ်ကြိုးစားကြသည်။ ကိုကိုက နေရာမ သဖြင့် တံခါးဖွင့်မိလိုက် ပြန်ပိတ်လိုက်နှင့် ကားဘေးမှာပဲ သောင်တင် ကြ၏။ သူတို့တွေပြန်မလို့ အားလုံးထွက်လာကြပြီးမှ ဇကရီသန့်စင်ခန်း သွားတာကို အပြင်ကနေလှမ်းမြင်ကာ ကိုကို့ဒေါသတွေ တစ်ကနေပြန်စ ခဲ့သည်။ ဒီနေရာထိအောင်မြင်စွာ ခေါ်ထုတ်နိုင်ခဲ့ပြီးမှ ဝေဒတို့မျက် နှင့် ရင်တမမဖြစ်နေကြရကာ.. ।

"မင်းကလေးလည်းမဟုတ်ဘဲနဲ့ကွာ..သူကဒီလိုဖြစ်အောင် လုပ်နေ သိရက်နဲ့ မင်းကသူဖြစ်စေချင်သလို လိုက်ဖြစ်ပေးမလို့လား..ဒီလောက် နက်နည်းတဲ့မိန်းမမျိုးကိုကွာ၊ ခုပဲကြည့်ဦး..လုပ်ချင်တာလုပ်ပြီး မြောက် ထွက်လာတာ.."

"အေးလေ..မင်းသူ့ကိုဘာသွားပြောမှာလဲ၊ ဒါဒါ့ကိုလွှတ်လိုက်..ဘယ် လောက်လိုချင်သလဲဆိုပြီးတော့လား.."

"တောင်းပြပါလိမ့်မယ် မငွေခင်က..သူ့အဖေအတွက်ရော အမေအ တွက်ရော..မောင်အတွက်ပါ.."

"မောင်ဆိုလို့ ပြောရဦးမယ်..သူ့မောင်လည်းခုတလော မန္တလေးကမ ဘူးနော်၊ ဟိုတစ်ညကလည်း အဲ့ဒီဘက်ကဖုန်းရတယ်..ညဘက်ကျမှအဲ့ ကောင် သူ့အစ်မဆီလာတာ နှစ်ခါရှိပြီတဲ့.."

ကိုကို့မျက်နှာ ဒီဘက်လှည့်လာသည်။

"မနေ့ကပဲ ရန်ကုန်မှာမဟုတ်ဘူးလား.."

"မင်းကလည်း ရန်ကုန်နဲ့မန္တလေးကို မိနစ်ပိုင်းနဲ့ကူးနေလို့ရတဲ့ဥစ္စာ.. တောင် ဟိုမှာစကားပြောပြီး ကားပေါ်ပြေးတက်တာ၊ ဘယ်လောက်မှ ကြာလိုက်ဘူး..မန္တလေးမှာ ဖြစ်နေပြီ.."

"ထွန်းထွန်း..မင်းပြောတာ ငါစုပြီးသားတွေနော်၊ ငါသိချင်တာ အဲ့ဒါ ဟုတ်ဘူး..ကိုလင်းဆိုတဲ့ကောင် ဒီကိစ္စမှာပါလာရင်.."

ဒါဒါဘဝပျက်သွားနိုင်တာကို ရှေ့ဆက်ပြောမထွက်တော့ပေ။ ရင်ထဲ နေသည်။ လူလူချင်း အရှုံးပေးလက်မြှောက်ပေးထားရတဲ့အဖြစ်က သူ့ မှာ ဒါပါနဲ့ဆိုနှစ်ခါ။ နှစ်ခါစလုံး သူအရှုံးပေးခဲ့ရတဲ့သူက ဇကရီဆိုသည့် မတစ်ယောက်ပဲဖြစ်နေခြင်းနှင့် ပတ်သက်၍.. ।

"ငါသည်းခံနိုင်တဲ့အတိုင်းအတာ ကုန်ပြီထင်တယ်.."

"ကုန်တာမကုန်တာ ကိုယ့်ဘာသာသတ်မှတ်တာပဲကွ..မင်းဒါကိုရ မှ ဆင်ကန်းတောတိုးမလုပ်ချင်စမ်းပါနဲ့၊ ကဲပါ..ကားထဲဝင်စမ်းပါ.."

ဧကရီ့ကိုဆွဲထုတ်မေးတော့မည့်အဖြစ်ကနေ သူတို့တွေနားချနေ နေရတာ ပြီးဆုံးမလိုဖြစ်လိုက် ပြန်စလိုက်.. ၊

"မင်းသွားမေးရင် လုံးဝမှားမှာကိုကို..ကိုလင်းကိစ္စလည်း မပူနဲ့၊ ငါ တတ်နိုင်သလောက် ဝိုင်းထိန်းပေးမယ်.."

"ကျွတ်..အဲ့ဒီဟာလေးကလည်း ဘာဖြစ်လို့များ ဧကရီဆီတန်းတန်း မတ်မတ်ရောက်သွားတာလဲမသိဘူး.."

"အဲ့ဒါဧကရီလုပ်တာ..ဒါဒါ့စကားထဲမှာပါတယ်၊ သူဒီလိုလုပ်ဖို့ ပိုက် ဆံတွေပေးထားတာတဲ့.."

"ဘယ်လောက်တောင် ပုံချပေးထားသလဲပဲ.."

ထွန်းထွန်းက တအံ့တသြပြောပြီး သူ့စကားသူပြန်တွေးမိသွားသည့် ပုံနှင့်.. ၊

"ပုံမှန်ထက် ပိုပေးတယ်ဆိုတည်းက ဒါမရိုးသားတာပဲ..ဒါဒါနဲ့ကိုကို ပတ်သက်မှုရှိနေတာ ဧကရီသိကိုသိတယ်၊ ဟော့ကောင်.."

"မင်းကလည်းတစ်မျိုး..'

ထိန်းချုပ်မရအောင် ပေါက်ကွဲချင်နေပါတယ်ဆို အဆင်းဘီးတပ်ထား သလိုစကားကြောင့် ဝေဒစိတ်တိုသွားသည်။ ဒါတောင်ထွန်းထွန်းကမပြီး သေး..၊

"အံ့သြစရာပဲ..ဧကရီနေရာတကာဦးနှောက်မရှိခဲ့ဘဲနဲ့.."

"ဒေါက်ပြုတ်နေတာလေ.."

"အေးလေ..ဒါကျတော့ ဝုန်းဒိုင်းကျဲပြီး ကိုကို့ဆီပြေးမလာပါလား ဘယ်လိုနည်းကောင်းတွေ တွေ့ထားလို့များလဲ..ဒါမှမဟုတ် ဆရာကောင်း သများကောင်း တွေ့ထားတာလား.."

"တစ်ခါတလေ အရူးလည်းရွှေခွက်တွေ့တတ်တယ်..အပိုတွေပြော နေနဲ့.."

ဧကရီ့ကိုဆို ချဉ်တူးခါးစပ်တဲ့ သစ်သီးတစ်လုံးကို စားဖွယ်တစ်ခေါ် ရင်တောင် မစားအပ်တဲ့အစားကဲ့သို့ မြင်လိုက်ရင်ကို နှုတ်ခမ်းကအလိုလို မဲ့ပြီး ဖြစ်နေရကာ ဒါဒါနဲ့ကိုကို့ကို သဘောမကျကြတာတောင် သူမနဲ့မ စေချင်တာကြောင့် ဒီတိုင်းကြည့်နေခဲ့တဲ့အထိ.. ၊

"ဟုတ်တယ်..ခွေးရူးလည်း တစ်မွန်းတည့်တော့ ကောင်းစားတယ်



စိတ်ကူးကောင်းရသွားတာလား..ဒါဒါက သူ့ဆီတည့်တည့်ဝင်သွား သူကောင်းဖို့ဖြစ်သွားတာ အမှန်ပဲ..ငါထင်တယ်ကိုကို မင်းရဲ့ ည်း မင်းဘာသာသူ့အတွက်ကွယ်ရာမှာ စိတ်ပူလို့ဖင်ဆောင့်အော် သူ့ကိုသွားပြောကြည့်ပါလား.."

"သေချာတာပေါ့..ဆောရီးလုပ်မှာ.."

သေချာလွန်းလို့ ဟိုဘက်တောင်လွန်နေသည်လို့ ထပ်ပြောချင်သေး မျက်နှာနှင့် ထွန်းထွန်းကနှာခေါင်းရှုံ့နေဆဲ။ ဒါကိုကိုလည်းသိပြီးသား ဒါကိုသူဘယ်လိုမှ တားဆီးရမှာမဟုတ်ပေ။ မျက်စိမချမ်းသာ နားမ ဘာဖြစ်လာရတော့ ဒီကောင်မလေးဘာဖြစ်လို့ ဒီလောက်တောင်ပိုက်ဆံ နေရသလဲလို့ မေးပစ်ချင်စိတ်တွေဖြစ်လာမိသည်။ ယောကျ်ားတစ် ဆီကဖြစ်ဖြစ် ဘယ်ကရရ ချေးငှားသူဘက်က ဖြူစင်နေရင် မဖြစ် ..။ ဒီငွေနဲ့ရင်းနှီးလုပ်ကိုင်လို့ မရဘူးလား..မိန်းမတစ်ယောက်ကို ပုံချေးငှားတဲ့ယောကျ်ားတိုင်း တဏှာရူးတွေချည်း ဖြစ်နေလို့လား.. ကောင်မလေးကိုက တလွဲဆံပင်ကောင်းနေတာ.. ၊

တရုတ်ဒေါသသည် သူမပခုံးကိုကိုင်ပြီး ကလေးဆူသလို အော် စ်ချင်မိသည်အထိ။ သူဘယ်လိုလုပ်ရမလဲ.. ခွေးရူးလာနေသည်။ ဆိုလည်း မပြေး။ ရှေ့မှာချောက်ကမ်းပါးရှိနေသည်။ မပြေးပါနဲ့ဆို မရပ်။ သေချင်နေလည်းနေပေါ့ဆိုပြီး သူလည်းကြည့်မနေနိုင်။ ခွေး စပ်ထဲ သူ့လက်ပြေးထည့်လိုက်ရမလား..ချောက်ကမ်းပါးကိုပဲ ကိုယ့် ပြေးရွှေ့ရတော့မလား.. ၊

..........ဒီကောင်မလေးအတွက် ငါငိုရင်ငိုရမယ်......

..........ဒီကောင်မလေးအတွက် ငါရယ်ရင်ရယ်ရမယ်........

.........ဒီကောင်မလေးအတွက် ရင်ဘက်တစ်ခုလုံး ပေါက်ကွဲသွားပါ ..........

.........ဒီကောင်မလေးအတွက် ငါပေးဆပ်မှာပဲ.........

သီချင်းသံလေးကြောင့် ကိုကိုကလှည့်ကြည့်သည်။ ထွန်းထွန်းက မ သည့်မျက်နှာနှင့် ဖုန်းထောင်ပြ၍.. ၊

"ဖုန်းလာတာ..ဖုန်း.."

ဝေဒက ပြုံးစိစိ. ၊

"မသိရင် စောင်းပြောနေသလိုပဲနော်..အဟမ်း.."

"တည့်တည့်ပြောချင်လို့ သွင်းထားတာ..အဟမ်း အဟမ်း.."

☎

အခန်း(၉၃)

"နင်ငါ့ကိုမကျေနပ်ရင် တည့်တည့်ပြောလေ..လူကြားထဲမှာ အရှက်ခွဲ တဲ့နည်းနဲ့ တုံ့ပြန်ရသလား၊ နင်တော်တော်အောက်တန်းကျတဲ့မိန်းမ..

"ကျွန်မတမင်လုပ်တာမဟုတ်ဘူး.."

**"အဲ့ဒီဘူးက မဆုံမပြပိတ်ထားတဲ့ဘူးမျိုး မဟုတ်ဘူး..လွယ်လွယ်အ ဖွင့်မရလို့တောင် နင့်ကိုဖွင့်ခိုင်းတာ.."**

**"မဟုတ်ဘူးမမ..နောက်ကတိုက်လိုက်မိလို့ဖြစ်တာ.."**

"ဩော်..ငါ့သူငယ်ချင်းတွေက ငါ့ကိုပေကျံအောင် တမင်လုပ်ကြ ပေါ့.."

ဒါဒါအသံတိတ်သွားသည်။ ဧကရီကမသိအောင် မဲ့လိုက်ပြီးပြ သို့သော် ဒေါသထန်နေသည့်ပုံစံနှင့်.. ၊

**"ကျပ်ကျပ်သတိထားဗေဒါဖြူ..နင့်ကိုမေမေခန့်ထားလို့ ကြည့်နေ** ငါ့ကိုစိတ်ပျက်အောင်မလုပ်နဲ့ နားလည်လား..နင့်ကိုပေးထားတဲ့သိန်း ဆယ်က ငါတို့ကျေနပ်မှုရှိစွာ နှစ်ပြည့်မှနင်ရမှာ၊ ကြားထဲမှာ ငြိုငြင် ထုတ်ခံရရင် တပြားမှရမယ်မထင်လိုက်နဲ့.."

ဒါဒါ့မျက်နှာပျက်သွားတော့ အကြီးအကျယ်ကျေနပ်သွားမိသ သင်းသိစမ်းပါစေ..စပေါ်ဆိုတာ ပေးပြီးရင် ပြန်ယူရတဲ့အမျိုး..။ ဒါကို



ချင်းစိတ်ရောက်သွားသည်။ ဧကရီမဲ့တာပြုံးတာတွေမှာလည်း စိတ်မရှိ သူမတို့လစဥ်ပေးနေသည့်လစာကို သတိရကာ အထိတ်တလန့်ဖြစ် ၏၊ ဟုတ်သည်..ဒီငွေက သူတို့ကျေနပ်မှကိုယ့်ရမည့်ကိစ္စ။ ပုံမှန်မ သော အနေအထားနဲ့ ငွေကိုသူမဥမ္မာထံ လွှဲပို့ခဲ့ပြီဖြစ်သည်။

သူမဘယ်လောက်တောင် အတွေးတိမ်ခဲ့တာလဲ..မဟုတ်ဘူး ငါလုပ် ယ်၊ 'ပြစ်ချက်တစ်စုံတစ်ရာမရှိခဲ့လျှင် စပေါ်ငွေအားလုံးကို ပိုင်ဆိုင် ဖြစ်ပြီး'ဆိုတဲ့အချက်က ဥပဒေနဲ့ကင်းရှင်းခြင်းလို့ ဆွဲယူနိုင်တာပဲ.. သားစွာနေခဲ့သည်။ ဒီတိုင်းပဲ ဆက်လက်နေသွားနိုင်သည်။ ထို့ပြင် တို့ကျေနပ်အောင် ဧကရီဆိုသည့်အမျိုးသမီးဘယ်လိုပဲမောက်မာပါစေ သည်းခံနေခဲ့တာလည်း ကိုယ့်ရည်ရွယ်ချက်အတွက်ပဲဖြစ်သည်။ ဒါ ဖြစ်စရာရှိလို့လဲ..မကြောက်နဲ့ ဘာမှမဖြစ်ဘူး.. ၊

လက်သီးလေးနှစ်ဖက်ကို တင်းနေအောင်ဆုပ်ထားလျက် ဒါဒါဒီတိုင်း ချိန်ကျန်ရစ်လျှင် အိမ်ထဲဝင်အခန်းတံခါးပိတ်လိုက်ပြီးမှ အားပါးတရ လိုက်၏။ ကျေနပ်လိုက်သည့်ဖြစ်ခြင်း..။ အိမ်ပြန်လာရင် ပါးတစ် ညိုကွက်နဲ့မြင်ရမည့် သူမအတွက် ရိုက်မိတဲ့ကိုယ်က တောင်းပန်ရ ည်၊ ဒါကြောင့် ကိုယ်ကဦးအောင်အပြစ်တင်မောင်းမဲလိုက်တော့ မှတ် ၊

"ဟား ဟား ဟား ဟား.."

အဲ့ဒါမှတ်ထားဗေဒါဖြူ.. နင်ငါ့ကိုစွာခဲ့သမျှလေ။ ဆန်မရှိ အစားကြီး မ..ဧကရီဆိုတာ နင်ပြောတိုင်းရမယ့်မိန်းမမှမဟုတ်ဘဲ..။ ဒါဘာမှ သေးဘူး..ငါ့မှာမရှိဘဲ ခြစ်ကုတ်ပေးခဲ့ရတဲ့သိန်းငါးဆယ်၊ အဲ့ဒီသိန်း ယ်နဲ့တန်အောင် နင်ပြန်ပေးဆပ်ရမယ်မှတ်.. ၊

ကိုကို့မျက်နှာကို မြင်လာတော့ ရင်ထဲမှာတင်းခနဲဖြစ်သည်။ သင်း ဆီ ငြိမ်နေတုန်း။ ကြိုက်တယ်ကိုကို..ရှင်ထွက်လာရင် ကျွန်မရှုံးမှာပဲ..၊ တော့ ထွက်မလာနဲ့..။ ဒီလိုမိန်းမအတွက် ရှင်ကလျော်မယ်ဆိုရင် ပြန် လိုက်ဦး..ရှင်ဘယ်လောက်ချမ်းသာသလဲဆိုတာ။ အိပ်ခန်းထဲမှာ နိုင် တွေနဲ့ ပျော်ရွှင်ကျေနပ်နေတုန်း ဖုန်းလာတော့ ယူကြည့်လိုက်မိသည်။ သော် ပေါ့ပါးနေသည့်စိတ်ကြောင့် နာမည်မသိသည့်ဖုန်းကို ဖွင့်လိုက်မိ

"ဒေါ်ဧကရီ..ကျွန်တော်ကန်ထရိုက်တာမိုးဆွေပါ.."

"ဘာ.."

ဒေါသက ထောင်းခနဲဖြစ်သွားသည်။ တဆက်တည်း ထိတ်လန့်ခြင်း

ပါဖြစ်လျက်.. ၊

"ဘာကိစ္စလဲ..ပြော.."

"ငွေရေးကြေးရေးကိစ္စလေးပါပဲ..ဒေါ်ဧကရီက.."

"အဲ့ဒါကျွန်မပြောထားပြီးပြီလေ..ရှင့်မိန်းမနဲ့ အားလုံးအိုခေတော

"ဒေါ်ဧကရီယူခဲ့တာ ကျွန်တော့်ဆီကလေ..ကျွန်တော့်ဇနီးက အဲ့ဒါ တွေ.."

"လင်နဲ့မယားပဲရှင်.."

"လင်နဲ့မယားတိုင်းပဲ ကိစ္စတိုင်းစွတ်ဖက်နေလို့ မရဘူးဆိုတာ ဧကရီလည်း.."

"သိပါတယ်..ကျွန်မမှာလည်း လုပ်ငန်းတွေအရှုပ်ပေါ်နေတာ ရှင်း တယ်.."

"ခင်ဗျားဗျာ..သူများစကားကို လေးစားသမှုမထားတာ အတော် ပျက်ဖို့ကောင်းတယ်၊ ကျွန်တော့်ကိုစကားဆုံးအောင် ပြောခွင့်ပေးဦး

ယောကျ်ားမတန်မယ့် အိညက်အိညက်ပြောနေတာကို ဘယ်လော ထိအချိန်တွေပေးနေရဦးမှာလဲ..။ ငွေချေးထားတယ်..တောင်းတယ် နှ လား မရှိဘူး ဒါပဲမပြီးဘူးလား.. ၊

"တောက်.."

ပြောသွားလိုက်တာ လူကိုတစ်စက်လေးမှ ရစရာမရှိတော့အောင် လားလူယဉ်ကျေး..။ လူကြီးလူကောင်းဖြစ်ဖို့ တိတ်တိတ်နေပေးလိုက်ရ ရေလား.. တော်တော်လည်းဟန်ဆောင်ကောင်းတဲ့လူတွေ၊ ဒါသ ထက်ထမ်းပိုးဖြစ်နေရကာ.. ၊

"ဟဲ့..ငါ့ကားကို နင်အားတိုင်းဆေးမနေနဲ့၊ ဆေးပါးတယ်.."

ကားရေဆေးနေသည့် ဒါဒါ့လှုပ်ရှားမှုတွေ တုံ့သွားသည်။ တစ် တစ်ကြိမ်ပဲဆေးတာပါ။ နားနေကာမှ ကားတိုက်သည့်အဝတ်လေးနဲ့ ပွတ်ပေးရုံ။ သို့သော်.. ၊

"ဟုတ်ကဲ့ပါ.."

မြန်မြန်ဆန်ဆန်လက်စသတ်ဖို့ ပြင်ကာမှ.. ၊

"နင့်မျက်ခွက်ကို သနပ်ခါးပွတ်ထား..ငါ့ကားပေါ်မှာ အဲ့ဒီအစွန်း ရုပ်နဲ့ တက်မလာနဲ့၊ ခြံထဲကအမှိုက်တွေ လိုက်ကောက်ထားဦး..ခြံကခြ ထားရလောက်အောင် ကျယ်တာမဟုတ်ဘူး၊ ကိုယ့်ကိုယ်ကို ဒရိုင်ဘာ မာန်တက်မနေနဲ့..နင့်ကိုမီးဖိုချောင်မဝင်ခိုင်းတာတောင် ငါကအပြင် ကြိုက်တတ်လို့.."



ကယ်တော့ မဟုတ်ပါ။ ဒါဒါ့ကိုခိုင်းချင်လွန်းလို့ ဘယ်နေရာခိုင်း ရှာနေသည့်ထဲမှာ ကိုယ့်မှာကိုယ်ဝန်လာရှိနေသည့်အဖြစ်ကြောင့် းချင်။ ချက်ပြုတ်ကြော်လှော်သည့် ညှော်နံ့တောင်မခံနိုင်။ ထို့ ဖြစ်ပေမယ့်.. ၊

ခြံသန့်ရှင်းလေးလုပ်ထား..ဒရိုင်ဘာပေမယ့် တစ်အိမ်လုံးအလုပ်ဘာ ငါခိုင်းရင်လုပ်ရမှာပဲ.."

ဒါဒါ့နှုတ်ခမ်းတွေ တင်းခနဲဖိကပ်သွားသည်။ လိုက်နာသင့်သည့် ကောင်တွေကို ဘယ်လောက်ပဲနားလည်ပေမယ့် သူမမှာ ဘာတစ် ခွင့်မရှိတော့သည်ကို သိနေသည်။ 'လူ့အောက်ကျို့လို့ လူမပိဘူး' နပ်ကိုကိုင်ရဲမှ နောင်တစ်ချိန်မှာ ကိုယ့်ဖိနပ်ကိုသူများကိုင်သည်' စကားတွေကတော့ မမှားနိုင်ပါ။ ဒါပေမဲ့ ခံရချက်က ခါးသီးလွန်း ကြားမှာ ဒေါသဖြစ်လာတိုင်း မာန်မဲခံရတာကိုယ်။ ကိုယ့်အပေါ်မ ချက်ရှိလာတိုင်း နှုတ်ဖြင့်သော်လည်းကောင်း လက်ဖြင့်သော်လည်း မိုက်ရိုင်းရမ်းကားတတ်သော ညင်သာပျော့ပျောင်းသည်ဆိုတာ ဒီ မရှိခဲ့သော.. ၊

"ကားထုတ်ထား..သွားစရာရှိတယ်.."

ချက်ချင်းကြီးထဖြစ်၏။ ဒါဒါ အိမ်ထဲပြေးဝင်ပြီး သနပ်ခါးပါးကွက် ပြေးတင်သည်။ ကျောက်ပျဉ်သနပ်ခါးတုံးမရှိပေမယ့် သနပ်ခါးဘူး ဆောင်ထားခဲ့လို့ တော်သေးသည်။ မဟုတ်ရင် သူမဘယ်လောက် ပြောဦးမည်မသိ.. ၊

သည်းခံထားဖေဒါဖြူ..မိန်းမသားချင်းပေါင်တင်လို့ နင်ဘဝပျက်မ း..။ ကိုယ်လိုတာကို ပေးတဲ့သူလို့မှတ်ပြီး ကျေးဇူးရှင်လို့မြင်.. ၊

"တီ.."

"နာနာတီးစမ်းပါ..ဟွန်းသံတစ်ချက်လောက်ကို ဂရုစိုက်မယ့်ဟာတွေ တ်ဘူး.."

ဒီနေ့အိမ်ကမထွက်ခင်တည်းက အနားမရခဲ့သည့် ဧကရီ့ဒေါသတွေ ဆက်တိုက်မှားယွင်းမှုတစ်ခုဆီ မြန်မြန်ဆန်ဆန်ရောက်သွားခဲ့၏။ ဒါဒါ ခါးလာဖွင့်ပေးသည်နှင့် ဆင်းထွက်လိုက်သော သူမ၏အလျင်စလိုခြေ များက ပိုက်ဆံရေနေသည့် တောင်းရမ်းသူနှစ်ယောက်ရှေ့ကခွက်ကို ထုတ်ပစ်လိုက်သလိုဖြစ်သွားခဲ့ပြီး.. ၊

"ဂျရော.."

ပိုက်ဆံတွေနှင့်ခွက်က အတော်လှမ်းတဲ့အထိ လွှောထွက်သွား၏။

"အမလေးတော်..ငါ့ခွက်ဒီလောက်လည်း မသေးပါဘူး၊ ဒါကြီး
မမြင်နိုင်တာ ကန်းပဲကန်းလွန်းတယ်.."

"ဘာပြောတယ်.."

နောက်ကစကားသံကြောင့် ဆောရီးပြောမလို့ လှည့်လိုက်သည်
မျက်နှာ ရဲခနဲဖြစ်သွားခဲ့ပြီး.. ။

"သူတောင်းစားတွေက လူပါးဝလို့..ခွင့်လွှင့်သွားရင် ပြန်ကော
ကန်းလို့ပဲကန်းကန် တမင်ပဲကန်းကန်..နင့်လိုအဆင့်နဲ့ မတန်မရာမပြော

"အောင်မယ်လေး..စွာလိုက်တာဟယ်၊ ငါတို့သူတောင်းစားတွေ
တောင် သာသေး.."

"ခိ ခိ ခိ..ရန်ဖြစ်ဖော်ရပြီသန်းစိန်မ၊ သူဌေးနဲ့ရန်ဖြစ်ရတာ ကံ
ပဲ..နပန်းလုံးရင်တော့ ငါနဲ့လုံးမှာနော်.."

နောက်ထပ် ဖွေးဆုတ်သွားသည့်မျက်နှာပြင်မှာ သွေးမရှိတော့
ပင်။ ဧကရီချာခနဲလှည့်ထွက်ခဲ့သည့်တိုင် နောက်ကရယ်သံတွေက နား
စွဲပါလာ၏။ သူတောင်းစားတွေ ထုချေတာကို ကောင်းကောင်းခံလိုက်
မှာ ခြေထောက်နဲ့မြေပြင်ထိသည်မထင်အောင် လူတစ်ကိုယ်လုံးက အ
တရားတို့ဖြင့် အငွေ့ပျံနေတဲ့အတိုင်း.. ။

ခြေလှမ်းကျဲလိုက်ရင်း ဈေးရုံကြီးထဲဝင်လာတော့ ချိန်းထားသည်
ရာမရောက်သေးဘဲ စောင့်နေသည့်လူက ကိုယ့်ရှေ့ရောက်လာသည်၊
ပါသေးသည်။ ဒါဒါ့ကို ဟိုဘက်ရုံထဲမှာ ဈေးဝယ်ခိုင်းထားခဲ့လို့၊ ဒါ
တော့ စစ်ကိုင်းဈေးကိုမရောက်ဘူးသဖြင့် ဘယ်ပစ္စည်းဘယ်နားရှိမှန်း
ဒီတစ်ခါနာရီအကန့်အသတ်နဲ့ခိုင်းတာ မဟုတ်သောကြောင့် စိတ်အေး
လျက်။ အချိန်မရွေးဖုန်းဆက်ခေါ်နိုင်တာလည်း တွေးမိသေးသည်၊

သစ်သီးဆိုင်လေးတစ်ဆိုင် တွေ့သည်နှင့် မျက်စောင်းထိုးနေ
နန်းကြီးသုတ်ဆိုင်လေးကိုပါ မြင်သွားခဲ့၏။ ဆိုင်နာမည်က 'ခိုတောင်'
ကိုင်းဈေးထဲကခိုတောင်နန်းကြီးသုတ် တကယ်ကောင်းတယ်ဆိုသည်
ဆင့်စကားကို သတိရကာ နန်းကြီးသုတ်ကြိုက်သည့်အာရုံက ဆိုင်ရှေ့
ခြေဦးလှည့်ပြီးသားဖြစ်နေခဲ့၏။ နန်းကြီးသားဖြူဖြူအုအု အိအိလေးတွေ
သုတ်နံ့က ကြိုင်လှိုင်နေသည်။ ဒါဆို တစ်ပွဲဘယ်လောက်ဖြစ်မလဲ..အ
ရပေမယ့် ပိုက်ဆံကငါးရာတန်လေးတစ်ရွက်ပဲပါသည်။ ဒါတောင် လ
ရီးမှာ ချထားခဲ့တတ်တာတွေ ခဏခဏခံလာရလို့ လိုလိုမယ်မယ်ဆောင်
ခဲ့တာဖြစ်သည်။

နောက်ဆုံးမဖြစ်သေးပါဘူးဆိုသည့် ဆုံးဖြတ်ချက်နှင့် ကျောခိုင်း



သစ်သီးဆိုင်ဘက်ကို ပြန်လှည့်လိုက်ရသော်လည်း ဒါဒါ့စိတ်တွေ
နန်းကြီးသုတ်ဆိုင်မှာ စွဲကပ်ကျန်ရစ်ခဲ့လျက် လမ်းလျှောက်ရင်း ဗိုက်
တကြုတ်ကြုတ်မြည်သံပေးနေ၏။

"အား.."

"ဆောရီး.."

ခုံးတစ်ဖက်ချင်း တိုက်မိလိုက်သဖြင့် ဆွဲထားသည့်ရှောက်သီးနှစ်
ပြုတ်ကျသွား၏။ အိတ်ထဲကနေ လိမ့်ထွက်ကုန်သည့် ရှောက်သီးတို့
ဆက်တိုက်အကန်ခံရကာ ဘောလုံးတစ်လုံးထက် ဆိုးရွားစွာဖြင့်..

"ရှောက်သီးနှစ်လုံးပြုတ်ကျတာ ဘာတွေအကြီးကြီးဖြစ်သွားစရာရှိ
"

တင်.. ။

အသံကြောင့် လှည့်ကြည့်လိုက်မိလျှင် ကိုကို့ကိုမြင်လိုက်ရကာ အနီး
လူတွေအကုန် သူ့ကိုပဲကြည့်နေကြတာမို့.. ။

"ရှင်ကဘယ်လိုလုပ်.."

"မင်းလိုပဲ.."

သူ့မျက်နှာကလည်း တင်းနေသည်။ ဒေါသထိန်းနေရသည့်မျက်နှာ
ခဏစ်ပြီးမှ ဖျတ်ခနဲပြန်လှည့်ကာ.. ။

"မင်းကိုပြောစရာရှိတယ်.."

"ဦးကို..ရှင့်.."

လက်ကိုဖတ်ခနဲ ဖမ်းဆွဲပြီး ဆွဲခေါ်ခဲ့တာ ဘယ်ထိတောင်လဲ..။ ကိုင်
သည့်ပိုက်ဆံအိတ်နဲ့ဖုန်းကို ပြုတ်မကျအောင် ဗိုက်မှာလက်တစ်ဖက်နဲ့
ထားရကာ.. ။

"ရှင် တော်တော့.."

အထည်တန်းဘက်ချောင်ကျသည့်နေရာရောက်သည်နှင့် ခြေကန်
လိုက်ပြီး လက်ကိုပြန်ရုန်းပစ်မိသည်။ သူကလည်း အမှတ်တမဲ့လွှတ်
သွားခြင်းအတွက် အမိအရပြန်ဆွဲယူကာ.. ။

"ဒီတစ်ခါမရဘူး.."

"ရှင်..ရှင်နော်.."

ပိုးထည်ဆိုင်ထဲကို ဒါဒါ့ကိုသူဆွဲခေါ်သွားသည်။ ဆိုင်နောက်ထဲထိ
တလျှောက်ဝင်သွားသဖြင့် သူသိနေသည့်ဆိုင်မှန်း တွေးမိသည်။ သို့
သူခေါ်သွားတဲ့အတိုင်း ပါလာခဲ့တာ လူတွေဝိုင်းကြည့်နေလို့.. ၊

"ရှင့်ကိုယ်ရှင် ဘာမှတ်နေလဲဦးကို..လက်ကိုလွှတ်.."

"ငါ့ကိုယ်ငါဘာမှန်းသိတယ်ဒါဒါ..ငါမင်းကိုပဲ မသိတာ၊ ဘယ်
ကို လိုက်မမီတော့တာ..ဘာတွေဖြစ်နေတာလဲ၊ မင်းမှာဘာတွေဒီ
တောင်လိုအပ်နေလို့လဲ..ဒီမိန်းမဆီမှာ အရိုက်နှက်ခံ ဒူးထောက်နေ
မင်းဘာတွေယူထားလို့လဲ.."

ဧကရီ့ဆီမှာလုပ်တာကို သူမေးနေတာပဲ..။ ဒါဒါရှုန်းနေတာ
တန့်သွားသည်။ ဒါဆို ဟိုနေ့သူမပါးရိုက်ခံလိုက်ရတာကို သူမြင်
လား.. ၊

"မင်းရဲ့လိုအပ်ချက်တွေက ဆံပင်ဖြတ်ရောင်းဖို့ဖြစ်လိုက် သူ
စက်တာခံဖို့ဖြစ်လိုက်..လူတစ်ယောက်ရဲ့မာန်မာနဘယ်မှာလဲ.."

"ကျွန်မမှာမရှိဘူး.."

ဒါဒါက ပြတ်သားစွာဖြေသည်။ ထို့ပြင်.. ၊

"သိန်းငါးဆယ်ဒီတိုင်းချပေးလို့ ကျွန်မပါးရိုက်ခံတယ်..ဘယ်
ကျားဘယ်ဆွေမျိုးဆီကမှ အကူအညီမလိုချင်လို့၊ ကိုယ့်ဆံပင်ကို
ရောင်းဖို့ ကြိုးစားတယ်..ကိုယ်လိုတာရဖို့ မလိုတာကိုစွန့်ရမယ်ဆိုရင်
ဖြစ်ဖြစ်စွန့်မယ်.."

"လူဆိုတဲ့ရပ်တည်မှုမှာ ဂုဏ်သိက္ခာကအဓိကပဲ..မင်းဘယ်လော
သတ္တိရှိရှိ ဘာတွေလုပ်ရဲပါစေ သိက္ခာအတွက် မာနဆိုတာ စစ်သည်
..မင်းဂုဏ်သိက္ခာအတွက် မင်းနည်းနည်းလေးတောင် မာနမရှိဘူး

"တိုင်းပြည်တစ်ခုအတွက် စစ်တပ်လိုပေမယ့် ဘဝအတွက်မလို
ကျွန်မဘဝအတွက် ကျွန်မပဲစစ်သည် ကျွန်မပဲဗိုလ်ချုပ်..ဘယ်သူမှ
ထုတ်ဖို့မလိုဘူး.."

ခံစားချက်တို့နှင့် ဒါဒါ့စကားသံတွေကလည်း သွားကြားနေ
အေးစက်ခက်ထန်နေသည်။ ပါးပြင်မှာ အနာတောင်မပျောက်သေးပါ။
အတွက် အဖော်အပေါင်းနဲ့ တိုက်ပွဲဝင်လို့ရသလား..။ သူမဘဝမှာ
ဘက်ရဲဘက်ကောင်း ဘယ်သူရှိသလဲ..။ ဒုက္ခကိုလက်တွဲရင်ဆိုင်ဖို့ မေး
နဲ့ အေးအတူပူအမျှ ဘယ်သူရှိခဲ့သလဲဆိုရင်တောင် ဘယ်သူမှမရှိခဲ့

"ပညာနည်းတဲ့မျက်နှာမွဲမိန်းမတစ်ယောက်က အမြင့်ဆုံးဘဝတ
ကိုယ့်နည်းကိုယ့်ဟန်နဲ့ တည်ဆောက်ပါလားဆိုရင် အနိမ့်စပ်ဆုံးကျွန်
စားစရာနေစရာမရှိတဲ့မိန်းမ..အဲ့လိုမိန်းမက ဘယ်လောက်ထိမြန်မြန်
ဆန် ခမ်းခမ်းနားနားတည်ဆောက်ပြနိုင်မလဲ..

"ဒါကတော့ မင်းနားလည်နေတယ်..မိန်းမတစ်ယောက်က
လောက်ထိလုပ်နိုင်မှာလဲဆိုတာသိနေရင် ကိုယ်လုပ်နိုင်သလောက်ပဲ



သွားဖို့ ကြိုးစားလေ.."

"ကျွန်မတရွေ့ရွေ့သွားနေတဲ့ကာလမှာ သူတို့.."

ကျွန်မအမေနဲ့သမီးလေး ဘယ်ဘဝမှာ ဘယ်လိုဝဋ်ကြွေးတွေနဲ့ ပိတ်
လဲ..။ ကိုယ့်နားမှာလား..ကိုယ်နဲ့အဝေးကြီးမှာလား..။ သူတို့ဘဝကူး
ဖို့က သူမအတွက် အရေးကြီးဆုံး။ သေဆုံးသူတွေအတွက် တာဝန်
ခဲ့သော ဒါနမျိုးစေ့အတွက် ထီးဖိနပ်သင်္ကန်းလှူရုံ အမျှသုံးကြိမ်ပေး
လည်း သူမမကျေနပ်နိုင်ပါ။ ဒီအလှူကိုပဲ ရှုံးသွပ်ခဲ့ခြင်းကြောင့်
ဆပ်နေသမျှအပေါ်မှာ ဘယ်သူတွေဘယ်လိုပဲသတ်မှတ်ကြပါစေ..၊

"ကျွန်မလုပ်နေတာ ကျွန်မနားလည်ဖို့ပဲလိုတာပါ.."

လေသံမျှပြောရင်း သူ့မျက်နှာကိုကြည့်သည်။ လက်ကိုနောက်ထပ်ခါ
လိုက်ပြီး.. ၊

"ရှင်နောက်ထပ် ကျွန်မနားကို.."

"လာတော့.."

"ရှင်ကျွန်မကို ဒုက္ခပေးနေတာ.."

"ချာတိတ်.."

ဖျတ်ခနဲလှည့်ပြေးသည်နှင့် သူမလက်လေးတစ်ဖက်ကို အမိအရပြန်
ဆွဲလိုက်သည်။ ဒါဒါပြန်လှည့်ပါလာသော်လည်း သူ့ကိုယ်ကိုထုနက်
ရင်း.. ၊

"ရှင်က လူကိုမှဆိုးမဆိုပြီး အထင်သေးနေတာလား..အဲ့ဒါကြောင့်
သွားဖို့ ချောင်းနေတာလား၊ ဖယ်..လွှတ်.."

"နေဦးချာတိတ်..ငါပြောတာ မင်းနားထောင်ဦး.."

"မထောင်ဘူး..ကျွန်မကိုစွ ရှင်နဲ့ဘာဆိုင်သလဲ၊ ကျွန်မဘာဖြစ်ဖြစ်
ဘာပါသလဲ..ရှင်လိုက်ကြည့်နေတာ ကျွန်မကို.."

"မင်းကို ငါချစ်နေလို့.."

ဟင်.. ၊

"ဒါဒါ.."

လှုပ်ရှားမှုတွေ ငြိမ်ကျသွားသည့်အခါ သူမပခုံးလေးနှစ်ဖက်ကို မချင့်
ဆုပ်၍ မျက်နှာလေးကို စူးစိုက်ကြည့်မိရင်း.. ၊

"ကိုယ့်ဘက်မှာ ရှုပ်ထွေးမှုရှိနေတာ မှန်တယ်..ဒါပေမဲ့ အဲ့ဒါကရှုပ်
သပ်သပ်ပဲ၊ ဒီ့ထက်ဘာမှမပိုဘူး.."

"တော်တော့ဦးကို..ယောက်ျားတွေအိမ်ထောင်ရေး အဆင်မပြေတာ
ပြတိုင်း သနားတတ်တဲ့မိန်းမထဲမှာ ကျွန်မမပါဘူး၊ အနှစ်မပါတဲ့အချစ်

တွေနဲ့ လိုင်းပေါ်တင်ပြီး မိန်းမကိုချစ်ပြနေတဲ့ယောကျ်ားတွေကိုလည်း [illegible] တယ်.."

လိုင်းပေါ်မှာ ပုံတွေတင်ပြီး သည်းသည်းတုန်ချစ်ပြနေကြသည့် [illegible] ကျ်ားတွေကို သူမဘယ်တုန်းကမှ အထင်တကြီးဖြစ်ခဲ့တာ မဟုတ်။ [illegible] နဲ့အဆင်မပြေတာတွေပြောပြပြီး မိန်းမတစ်ယောက်ယောက်ရဲ့ သနား[illegible] နာမှုကို စောင့်စားသည့်ယောကျ်ားတွေဆို ပိုဆိုးသေးသည်။ ဘယ်ယော[illegible] ဘယ်လိုအခြေအနေရှိနေတာရော ကိုယ်သိဖို့လိုသလား..။ မိန်းမတစ်ယော[illegible] ၏ကာလျှနြေသည့် အမျိုးမျိုးသောဆွဲဆောင်ဖြားယောင်းမှုတို့ကို ရှောင်[illegible] ကာကွယ်နိုင်စွမ်းရှိဖို့.. ।

"ကျွန်မကဆင်းရဲပါတယ်..ဒါပေမဲ့ ဆင်းရဲခြင်းက ရုက်စရာမ[illegible] ဘူး၊ ရှင်ကျွန်မအနားမှာရှိနေတာကမှ.."

"ကိုယ့်ကြောင့် မင်းကိုနည်းနည်းလေးတောင် မထိခိုက်စေရဘူး[illegible] တိတ်..ကိုယ့်ကြောင့်မဟုတ်ဘဲ ထိခိုက်နေတာတွေကိုလည်း ကြည့်မ[illegible] ဘူး၊ မင်းအခု အဲ့ဒီမိန်းမဆီမှာယူထားတဲ့ငွေ.."

"အဲ့ဒါကိုပြန်အမ်းဖို့ ကျွန်မဘယ်တော့မှစိတ်မကူးဘူး.."

"ဒါဒါ.."

"ရှင်ကျွန်မကို ဘယ်လောက်နဲ့ဖြစ်ဖြစ် ပြန်ရွေးထုတ်နိုင်တယ်..အဲ့[illegible] ပြောချင်တာလား၊ ဆောရီးပဲဦးကို..မိန်းမချင်းဘယ်လိုပဲတင်စီးနေနေ [illegible] တာမခံနိုင်တာ ကျွန်မကိစ္စ..ဒါပေမဲ့ ယောကျ်ားတစ်ယောက်ဆီက အ[illegible] စာကို ကျွန်မဘယ်တော့မှမမီဝဲဘူး.."

"မင်းဘယ်လိုလဲဒါဒါ..ဘယ်လိုမှကို တည့်အောင်ပေါင်းလို့မရ[illegible] မင်း..တောက်.."

"လူကိုတက်ခေါက်စရာ မလိုဘူးနော်..ကျွန်မကရှင့်မိန်းမမဟုတ်ဘူး"

"ငါ့မိန်းမဆိုတက်ခေါက်နေမှာမဟုတ်ဘူး..တစ်ခါတည်း ရိုက်[illegible] မှာ.."

ဒါဒါကမဲ့လိုက်ပြီး ထွက်ပြေးသလို ချက်ချင်းပြန်လှည့်သည်။ ကို[illegible] က လက်ကိုပြန်ဆွဲလိုက်ပြီး. ।

"မင်းဘာမှရှင်းစရာမလိုဘူး..အဲ့ဒီငွေကြေးကိစ္စတွေ ကိုယ်ရှင်း[illegible] မယ်. မင်းဘဝလုံခြုံအောင်လည်း ကိုယ်ထားပေးမယ်၊ မင်းမမြင်ချင်ဘူး[illegible] ရင် ကိုယ်မင်းဆီကို အရိပ်တောင်မပြဘဲနေမယ်..ဒါဆို မင်းနဲ့ကိုယ်ကို ဘ[illegible] သူမပတ်ခတ်စရာမရှိတော့ဘူး အဲ့လိုဆိုဖြစ်မလား.."

"ဟင့်အင်း.."



"ဒါဒါ..မင်း.."

"ဟင့်အင်းလို့ပြောနေတာ ရှင်မကြားဘူးလား..လွှတ်.."

ရုန်းလေ ဖိဆုပ်ထားလေမို့ ကြေကွဲသည့်ဝမ်းနည်းစိတ်သည် ဘယ် [illegible] မြစ်ဖျားခံခဲ့သည်မသိ။ ချစ်တယ်ဆိုတဲ့စကား ကြားလိုက်လို့လား..သူ့ [illegible]ကြည်တာလား ဒါမှမဟုတ် သူ့မှာအိမ်ထောင်ရှိနေတာကြီးကို သဝန် [illegible]မိတာလား..။ သူမကြေကွဲခဲ့သည်။ သူပေးနေတာတွေကြောင့် ငိုချင် [illegible]သည်၊ ထို့နောက် စိတ်နာမိခြင်းသည်.. ।

"ပြောနေတာမရဘူး..ကဲ.."

ဒါဒါ သူ့မျက်နှာကိုတအားလွှဲရိုက်ပစ်လိုက်၏။ သို့သော် သူ့ပါးပြင် [illegible]ကို ထိခတ်ကျရောက်ရမည့် ရိုက်ချက်အစား ကိုယ့်ပါးပြင်ထက်မှာ ဖိ [illegible]လာသည့်သူ့မျက်နှာသည်.. ।

"ဟင့်အင်း..ဖယ်.."

သူသည် အနမ်းတို့ကို ဖွတ်တရွတ်ခြွေ၏။ ငြင်းဆန်ရင်း အရှုံးပေးနေ [illegible]သည့် နှလုံးသားတို့ ဆတ်ဆတ်ခုန်လျက် သူ့ရင်ခွင်မှာ သူမပြုဆင်းခဲ့၏။ [illegible]ပြင်ထက်မှာ လိမ်းခြယ်လာခဲ့သော သနပ်ခါးတို့တစ်မှုန်တစ်စမှမကျန် [illegible]သည့်အခါ.. ।

သူ့ကို ကျွန်မ.. ।

☎

## အခန်း(၉၄)

"ငါသူ့ကိုဖွင့်ပြောပြီးပြီ.."

"ဟာ.."

"ငါ့ကိုယ်ငါလည်း မေ့သွားတယ်..အခြေအနေတွေ သင့်တော်တာ သင့်တော်တာတွေလည်း မသိဘူး၊ ငါသူ့ကိုရင်းနှီးနေတဲ့စိတ်က သူ့အတွက် ဘာဖြစ်ဖြစ်အဆင်သင့်ဖြစ်နေတာ.."

"ဟုတ်ပါပြီ..အဲ့ဒီတော့ သူကမင်းကို ဝမ်းသာလိုက်တာကိုကြီးရယ် တဲ့လား.."

"မထင်ပါဘူး..ပါးရိုက်ထွက်ပြေးသွားတာနေမှာ.."

ထွန်းထွန်းစကားကြောင့် သူ့မျက်နှာပြုံးယောင်သမ်းသွားသည်။ စီးကရက်မီးခိုးတို့ကိုကြည့်နေခဲ့ပေမယ့် မြင်နေတာက မီးခိုးတွေမဟုတ်ဘဲ မျက်ရည်တွေဝေ့နေသည့် သူမ၏ဒေါသမျက်နှာ.. ၊

"ရှင်အနိုင်ကျင့်တာ အောင်မြင်တယ်..ကျွန်မရှုံးသွားတယ်၊ ဒီ့ထက် ဘာမှမပိုဘူး.." တဲ့.. ၊

"အံမာ မာ..ပြုံးတော်မူနေတာ ရုပ်ကြီးက.."

"ဒါတွေပြောဖို့ မီးရာဇလိုက်နဲ့ ရန်ကုန်ပေါက်ချလာတာ..ဒါ.."

စနောက်နေကြတာကို သူဘာမှပြန်မပြောဘဲ ဆိုဖာမှာခပ်လျော့လျော့



လိုက်သည်။ ပြောလည်းပြောတတ်တဲ့ကောင်မလေး..။ သူမရဲ့ရင်ခုန်သံတွေကို သူကြားနေခဲ့သည်။ အနမ်းနဲ့ကမ္ဘာမှာ နှစ်ယောက်အတူမေ့မူးခဲ့သည်။ ဒါပေမဲ့ ဒီ့ထက်မပိုဘူးဆိုတဲ့စကားနဲ့ နောက်ထပ်ယစ်မူးခွင့်ကို သတ်သွားသည်။ သူကျေနပ်ပေးမှာပါ။ ကိုယ့်အတွက် သူမမှာရင်ခုန်သံ ရှိနေသည့်အတွက် နောက်ထပ်သူဘယ်လိုကြိုးစားရမလဲဆိုတာ.. ၊

"ငါတို့ကတော့ လှည်းကူးအိမ်ရာကိစ္စမှာ ကိုယ့်အလုပ်ပဲကိုယ်လုပ်မှာ နောက်ထပ်နှစ်ထပ်ခွဲကိစ္စကတော့ နီးပဲ.."

"အေးလေ..မင်းဘက်ကရှော့ခ်မရှိပေမယ့် ဧကရီကသူ့အင်ဂျင်နီယာ သူ့အဖွဲ့နဲ့အကုန်လုံး လက်ဝါးကြီးအုပ်ထားတာ.."

"လက်ဝါးသေးအုပ်တာပါကွာ..အဲ့တစ်ယောက် ဟိုမမီဒီမမီ မလုံမခြုံ ချင်လိုက်တာလည်းပျာလို့ လက်နှေးလိုက်တာလည်း ချာလို့ဆိုတာ.."

ဝေဒက ရှုံ့မဲ့ကဲ့ရဲ့၏။ ဘေးကမြင်နေရသည့်သူမ၏လုပ်ကွက်တိုင်း ထစ်ဟာမှုတွေနဲ့ စိတ်ပျက်ဖွယ်ဖြစ်နေခဲ့လျက် ဘာလုပ်လုပ်ကိုကိုက ညီး ဘာမှမပြော.. ၊

"မင်းအဲ့တစ်ယောက်ကို အရင်ရှင်းသင့်တယ်ကိုကို..ဧကရီက နည်းနည်းမှဦးနှောက်မသုံးဘူးနော်၊ မင်းနေရာကို သူလိုချင်နေတာ မင်းပိုင်ဆိုင်မှု သူပိုင်ဖြစ်ဖို့ ဒါပဲသိတာ..ငါတို့တင်မကဘူး၊ သူဘယ်ခြေလှမ်းနေလဲဆိုတာ သူ့ဘေးက'သပညစ'တွေပါသိတယ်.."

သာပေါင်းညာစားတွေဆိုရင် စကားလုံးကရင့်သီးသည်။ ဒါပေမဲ့ ဒီလူတွေကလည်း ဒီလိုစကားတွေနဲ့ပဲတန်တာမို့ သူတို့ချင်းသိသော အတိုင်းနှင့်ပဲ ပြောနေကျအတိုင်း.. ၊

"အဲ့ဒါကြောင့် ကြောက်ဖို့ကောင်းတယ်နော်ကိုကို..ငါတို့ပရော့ဂျက်အခုလုံး သူမဟုတ်ကဟုတ်ကဝင်လုပ်လို့ အတိမ်းအစောင်းဖြစ်သွားခဲ့ရင်.."

"သေချာတာပေါ့..ကောင်းနေရင် သူကဆရာကြီး၊ မကောင်းတော့ရင် ကိုယ်တို့.."

ထိုစဉ် ဧည့်ခန်းတံခါးရှေ့မှာပေါ်လာသည့် တစ်စုံတစ်ယောက်ကြောင့် သူတို့တွေ အားလုံးတိတ်ကျသွားကြသည်။ ခုပဲ သူမအကြောင်းပြောနေတုန်း ဘယ်သူ့အသက်ရှည်ပြီး ဘယ်သူ့ပြဿနာကြီးမှာလဲဆိုတာမသိ.. ၊

"မင်းဘာကိစ္စလဲ.."

ဧကရီက မဖြေဘဲ တံခါးကိုအသားကုန်ပွင့်သွားအောင် တွန်း၍ အထဲဝင်လာသည်။ အသည်းကွဲရောင်ရင့်ရင့် ရင်ပြတ်ဒူးကျက ကျပ်ကပ်နေသည်၊ အနက်ရောင်အပေါ်ထပ်က လက်ရှည်ခါးရှည်။ သို့သော် သူမကပခုံးတစ်

ဖက်ဖြုတ်ဝတ်ထားသဖြင့် ကာလာတွေရင့်နေသည့်သူမပုံစံက ခပ်ရိုင်း

"ကိုကိုမန္တလေးမှာချည်းရှိနေတာကျတော့ ဇေကရီမမေးခဲ့ဘူး

ဟိုတုန်းတည်းက ရှိသည့်အလုပ်ကိစ္စတွေကို ကိုကိုကလူခွဲ
ထားသည်။ ဦးကိုကိုပိုင်ဆိုင်သမျှ ဘယ်မြို့ဘယ်နယ်က လုပ်ငန်း
သူခြေလှမ်းပြင်လိုက်တာနှင့် ဇေကရီကရောက်နေတတ်တာကြောင့်
ကြည့်ဘဲနေခဲ့သည်။ မဖြစ်သည့်အလုပ်ကိစ္စတွေပေါ်လာမှ သွားတ
ကိုယ်စားလှယ်နဲ့ပြီးသွားတာတွေပဲ များ၏။ ခုကျမှ.. ၊

"ခုလည်းမမေးပါဘူး..ကိုကိုမေးတာကိုတော့ ဖြေနိုင်တယ်.."

ပြောလိုက်ရင်း ဝေဒတို့ဘက်ကိုလှည့်၍ တစ်ယောက်ချင်းစီ
တွေကို ကြည့်သည်။ ပြီးတော့.. ၊

"ဒါပေမဲ့ အတွင်းစကားတွေပါလိမ့်မယ်..ရှင်တို့အပြင်ထွက်

ဝေဒတို့ မျက်နှာတွေနီသွားသည်။ သို့သော် နှင်လွှတ်နေကာမှ
ရအောင် ဒါကကိုယ်ပိုင်သည့်နေရာမဟုတ်.. ၊

"မလိုဘူး.."

"ချောက်.."

ကိုကိုက စီးကရက်နဲ့ရောကိုင်ထားသည့် မီးခြစ်ကို စားပွဲပေါ်
လိုက်ပြီး နေရာမှထရပ်သည်။ ပြီးတော့ ထိုင်ရမလိုထရမလိုဖြစ်သွ
ဝေဒတို့ဘက်ကို ငုံ့ကြည့်လိုက်ပြီးမှ.. ၊

"မင်းပြောမယ့်စကားက ငါ့သူငယ်ချင်းတွေထက် အရေးကြီး
တောင် ငါစိတ်ဝင်စားဖို့လိုသေးတယ်..အဲ့ဒီတော့ ဘယ်သူမှဖယ်ပေး
ဘူး၊ ပြောချင်တဲ့ဆန္ဒရှိရင်ပြော၊ မပြောချင်ရင်ထွက်သွား.."

"ကောင်းပါတယ်..ဇေကရီကလည်း ရှင်ပတ်ပြေးနေတဲ့ကိစ္စကို
သူမသိစေချင်ဘူး ထင်လို့ပါ.."

ဘာလဲ..။ သူတို့အားလုံး နားရွက်တွေထောင်သွားကြသည်။
က ကိုကို့မျက်နှာရှေ့ထိ တစ်လှမ်းချင်းလျှောက်လာသည်။ ရင်ဘက်
ထိကပ်မတတ် နီးစပ်နေမှ ခြေစုံရပ်၏။ ပြီးတော့ မျက်နှာကိုမော့
ပြီး.. ၊

"ဒီလောက်ဆိုတော်သင့်ပြီမို့လားကိုကို..ဇေကရီဒီထက်နောက်ဆု
မပေးနိုင်တော့ဘူး၊ ဒါကိုလျှို့ဝှက်ထားတဲ့အတွက်ကြောင့် တခြားယော
တစ်ယောက်က နိုင်ကွက်နင်းပြီး လုပ်စားနေတာကိုလည်း ဆက်ပြီး
မခံနိုင်တော့ဘူး..ကိုကို့တာဝန်ကို ကိုကိုယူပေးပါ၊ ဇေကရီ့ကိုသနားပါဦး
ငယ်.."



ကိုကို့ရင်ဘက်ပေါ် လက်ဖဝါးလေးနှစ်ဖက် ကပ်တင်လိုက်ပြီး မျက်
ဝေ့နှင့် တောင်းပန်မိသည်။ မုသားစကားကို ဆိုမိသော်လည်း ဒီယော
က်နှာကိုမြင်လိုက်ရသည့်အချိန်မှာ ရင်နင့်ခြင်းက အမှန်အတိုင်းဖြစ်
သည်။ ချောမောပြည့်စုံနေသည့် ယောကျ်ားဟာ ကိုယ့်ခင်ပွန်းဖြစ်နေ
ကိုယ်မပိုင်။ ဒီရင်ခွင်ဒီအရိပ်မှာ သူမခိုလှုံခွင့်မရှိ။ ထိုအဖြစ်နှင့်ပတ်
၍ သူမဘက်ကရယူဖို့ ကြိုးစားမည်ဆိုရင် မတရားတာဘာရှိသလဲ..၊

"ကိုကို့ကို ဇေကရီကိုယ်ဝန်ကိစ္စ ဒေါက်တာသက်သက်ချိုပြောပြလိုက်
ကိုကိုပတ်ပြေးနေတာ.."

ကိုကို့မျက်နှာမှာ လှုပ်ရှားပြောင်းလဲခြင်း ကင်းမဲ့နေကာ ဇေကရီ့မျက်
နေသည့် မျက်ဝန်းတွေက ရင်ဘက်မှာကိုင်ထားသည့် သူမလက်တွေ
တ်ခနဲရွေ့လျားသွားခဲ့လျက်.. ၊

"မင်းလက်တွေကိုအရင်ဖယ်လိုက်.."

"ကိုကို့ကို..အ.."

သူမကိုင်ထားလျက်နှင့် စကားဆက်ပြောဖို့ပြင်လျှင် ကိုကိုကလက်
ကိုက်ဖယ်လိုက်၏။ မလွှတ်ချင်သည့်လက်တွေက အင်္ကျီစကိုပါ ဆုပ်
ထားသဖြင့် လက်ပြုတ်သွားတာနှင့် လူပါယိုင်သွား၏။ ဇေကရီဒေါသအိုး
လေသည်။

"ရှင်တော်တော်တာဝန်မဲ့ပါလားကိုကို..ဘယ်လိုယောကျ်ားမျိုးလဲ
တောင် ပြောမထွက်နိုင်ဘူး.."

"ဘယ်ပြောထွက်မလဲ..ပြောစရာမှမရှိတာ.."

အထင်မြင်သေးခြင်းတွေ ပြည့်နှက်နေသည့် မျက်ဝန်းတို့ဖြင့် သူမကို
ကြည့်နေရင်း.. ၊

"ယောကျ်ားတွေရှိသမျှကို မင်းရဲ့အထုပ်အပိုးတွေ ထမ်းခိုင်းချင်နေလို့
ဘူး..တာဝန်ယူဖို့ဆိုတာ ကိုယ့်ကြောင့်သက်ရောက်မှုရှိသွားတဲ့ တစ်စုံတစ်
အတွက်ပဲ၊ အဲ့ဒါနားလည်လား.."

"သိပ်လည်တာပေါ့ကိုကို..နားမလည်တာက ကိုကိုပဲ၊ ကိုယ့်သားမ
ကို တာဝန်ယူဖို့တော့ မတွေးဘဲ ဇရပ်ပေါ်တက်နေရတဲ့ အောက်တန်း
မကို ပလ္လင်ပေါ်တင်ဖို့ ကြိုးစားနေတယ်..အခု အဲ့ဒီဟာမက ဇေကရီ့ကျွန်
နေပြီ၊ ကိုကိုနှုက်မြည်းမလား..ကျကျနနပွဲတော်တည်ချင်သလား.."

"တောက်.."

"ကိုကိုမလုပ်နဲ့.."

ဝေဒတို့နှစ်ယောက် ကိုယ်ကြီးတွေပါကြွခနဲဖြစ်သွားကြသည်၊ ဒီလို

မှအသည်းအသန်မတားလျှင် မြှောက်ထားသည့်လက်ကြီးရဲ့အရှိန်က သေး
သေးမဟုတ်.. ။

"လုပ်လေ..ရိုက်ချလိုက်စမ်းပါ၊ ဧကရီက ကိုကို့အတွက်ပြောတယ်
ကိုကိုက ကိုယ့်ရင်သွေးလွယ်ထားရတဲ့မိန်းမကို ရိုက်မယ်၊ လုပ်ကြည့်လိုက်
ပေါ့.."

"မင်းမိန်းမဖြစ်ပြီး အဆင့်အတန်းမရှိတဲ့စကားတွေ တော်တော့"

"အဆင့်အတန်း ဟုတ်လား..ဘာအဆင့်အတန်းလဲ၊ ဧကရီ လွတ်ထွက်
မှုနောက်လိုက်တယ်..ဧကရီဘာလုပ်လုပ် လူသိတယ်၊ ကိုကိုကတော့ အုပ်
ဖွဲ့လှုပ်ရှားတဲ့အံ့ပုန်း..ကိုကိုဖောက်ပြန်တာ ဘယ်သူမှမသိဘူး၊ အဲ့ဒီကောင်း
ကို ဧကရီဘာဖြစ်လို့ ဧကရီ့ကျွန်ဖြစ်အောင်လုပ်ထားလဲ သိချင်လား..အဲ့ဒါ
ကိုကို.."

"မင်းဘာလုပ်ထားထား ဒါဒါ့ကိုငါရအောင်ပြန်ယူမှာ.."

"ယူလေ..ဘယ်တော့လဲ.."

လှောင်ပြုံးနဲ့မေးပုံက စိတ်ရှိလက်ရှိသာ တုံ့ပြန်လိုက်ရပါလျှင်မလွယ်

"ဟွန်း..ကိုကိုဘယ်တော့မှ ခေါ်မှာမဟုတ်ဘူး၊ အဲ့ဒါကို ရှင့်ကိုယ်ရှင်
မသိပေမယ့် ဧကရီသိတယ်..ဘာဖြစ်လို့လဲဆိုတော့ ရှင်ဧကရီ့ကို ကျော်လို့
မှမရတာ.."

"မင်းကငါ့ကိုစိန်ခေါ်တာလား.."

ကိုကို့မေးခွန်းကြောင့် ဧကရီမျက်နှာပျက်သွားသည်။ အမှန်အတိုင်း
ဆို သူမကိုကို့ကိုစိန်မခေါ်ဝံ့။ သို့သော် ကိုယ်တိုင်စခဲ့ပြီးသည်နောက်.. ။

"ကြိုက်သလိုထင်လေ..ကိုကိုဗေဒါဖြူကို ဘယ်လိုအစွမ်းအစနဲ့ ခေါ်
ထုတ်နိုင်မှာလဲ၊ ရှင်ငွေပေးတိုင်း သူဝမ်းသာအားရလိုက်မယ်လို့ရော ထင်
နေလို့လား.."

"မထင်ပါဘူး..သူကမင်းလိုမိန်းမမျိုးမှ မဟုတ်တာ.."

မိတ်ကပ်ရောင်တွေ ရဲခနဲရင့်တက်သွားသည်။ ကိုကို့ဆီက ဒီလိုအ
ပြောတွေ ခံရခက်ဆုံး.. ။

"သိပ်မှန်တာပေါ့..ဧကရီလိုမိန်းမနဲ့ လိုင်းပေါ်ကဗေဒါတူနိုင်ပါ့မလား
နောက်ထပ် ကိုကိုမထင်တာတစ်ခု ထပ်ပြောဦးမယ်..အဲ့ဒီမိန်းမမျိုးကို ကိုကို
ကတန်ဖိုးထားလေ ဧကရီကချနင်းပြလေ၊ ကိုကိုကချစ်လေ ဧကရီကမုန်း
လေ..ကိုကိုဒေါသထွက်လို့ လဲသေနေလည်း ဘယ်တော့မှဆွဲထုတ်သွားလို့
မရစေရဘူး၊ အဲ့ဒါကို ဧကရီလည်းလုပ်မှာမဟုတ်ဘူးကိုကို..သူကိုက ကျွန်
ဘဝတာပါနေတာ၊ သူ့ဘဝကို ကျွန်ခံရင်းနဲ့.."



"ဧကရီ..မင်း.."

"ကိုကို.."

ဒီတစ်ခါတားနိုင်ပေမယ့် ကိုကို့လက်ထဲမှာ ဧကရီသည် တစ်စစီကျိုး
ပဲ့တော့မတတ် အရုပ်တစ်ရုပ်ကဲ့သို့.. ။

"ရှင်..ရှင်လွှတ်နော်.."

ကျကျနနပြင်ဆင်ထားသည့်ဆံပင်တွေ ဖွာရရာကျဲသွားသည်။ လက်
ဖဝါးနှစ်ဖက်မှ နာကျင်မှုကြောင့် ရှုံ့မဲ့နေသည့်မျက်နှာက ချွေးစတို့ဖြင့်
စိုစွတ်ပြန်နေခဲ့ပြီး.. ။

"လွှတ်လိုက်ကိုကို.."

သူ့မှာကိုယ်ဝန်နဲ့လို့ ကပ်ပြောချင်သည်။ ဧကရီကြားမှာပဲမို့ မပြော
ချင်။ ကိုယ်ဝန်ဆောင်မိခင်မို့ ညှာတာသင့်တာလည်း မှန်သည်။ ပိုဆိုးတာ
ဧကရီ့လိုမိန်းကလေး ပါးစပ်ထဲမှာ ဒီပြဿနာကြောင့် နောက်ထပ်ဆ
က်စပ်ပြဿနာ်းတွေအများကြီး ဖြစ်လာနိုင်၏။

"ငွေနဲ့မရရင် ရတဲ့နည်းနဲ့ငါခေါ်ထုတ်မယ်..ဗေဒါဖြူဆိုတဲ့မိန်းမ ဘယ်
လောက်ရောက်နေနေ မင်းလိုမိန်းမထက် သာတယ်၊ တစ်လောကလုံးမှာရှိသမျှ
မိန်းမကြီးမိန်းမတွေထက် ငါသူ့ကိုတန်ဖိုးထားတယ်..သူကငါမြတ်နိုးရတဲ့
တစ်ဦးတည်းသောမိန်းမ.."

သွားပြီကိုကို..။ ဒီကောင်ဘာဖြစ်လို့ လက်နက်ပြနေတာလဲ...။ ဧကရီ့
မိန်းမကိုမှ လက်နက်ကုန်ထုတ်ပြနေတာ ဘယ်လောက်တောင်မိုက်မဲတဲ့
အကောင်လဲ.. ။

"ငါဘက်ကမပြောရဲတဲ့ အမှန်တရားဘာမှမရှိဘူးဧကရီ..သူနဲ့မင်း မြန်
မာဆန်ဆန်တွေ့သွားတဲ့အတွက် ငါအကြောင်းပြောဖို့ နောက်ကျခဲ့တယ်၊
မင်းဘိုခက်နေရင်း ပိုပိုခက်သွားတယ်..မပြောဘဲနေခဲ့တဲ့အကြောင်းကဒါပဲ၊
ပြောခဲ့ အခု ငါဂရုမစိုက်တော့ဘူး.."

"ဟား ဟား ဟား ဟား.."

ဧကရီ့ရယ်သံက အားပါးတရရှိနေခဲ့လျက် နာကျင်သွားသည့်လက်
ကိုလက်ပိုက်သလိုဖိဆုပ်နေရင်း.. ။

"ရှင်က ပွင့်ပွင့်လင်းလင်းပြောပြတဲ့အတွက် ဧကရီကလည်း တချို့တ
ချို့ အသိပေးရမှာပေါ့..ဒီမှာ.."

လက်ပိုက်ဖြုတ်လိုက်ပြီး ရှေ့ကိုတစ်လှမ်းတိုးကာ.. ။

"ချပြလိုက်စမ်းပါ..ရှင့်အမှန်တရားတွေ ရှင်ချရေးမယ်ဝါကျတွေပေါ်
ဧကရီ့ကအတိသရတွေနဲ့ အရောက်ပို့ပေးမှာ ရှင်ဘယ်တော့မှ ဗေဒါ

ဖြူ့ကို မရနိုင်ဘူးဆိုတာ မှတ်ထား..”

“မင်းလည်းတော်တော်ပြောရဲတာပဲ..ဒီ့ထက်ယုတ်မာတဲ့သူ
လောက်ယုတ်မာပါ့မလား..”

“လူယုတ်မာချင်း ဆရာခေါ်ခံနေရတာ ရှင့်မိန်းမလေ..ဟွန်း
လိုက်တော့..”

ဧကရီက မေးဖျားလေးပင့်၍ ဂရုမစိုက်ခြင်းတွေ ထုတ်နှုတ်ပြ
၏။ ပြီးတော့ မျက်နှာတစ်ပြင်လုံးက ဆွေးငေးရီဝေသွားခဲ့ပြီး ခဏတိ
သည်။ သူမပြောသမျှ ထိတ်လန့်ဖွယ်တွေချည်းဖြစ်နေသဖြင့် သူမ
တိတ်သွားပေမယ့် ဘယ်လိုအကြောင်းနဲ့ပြန်စလာမလဲဆိုတာကို ဝေ
ထိတ်နေကြ၏။ ထို့ကြောင့် တိတ်မြဲတိတ်လျက်.. ၊

“ဧကရီလာတာ လင်နဲ့မယားကိစ္စပြောဖို့ပဲ..ဘယ်ကျွန်အကြော
ပါးစပ်ထဲထည့်ဖို့မပါဘူး..”

“မင်းပြန်တော့ဧကရီ..ငါမင်းနဲ့ဘာမှမပြောချင်ဘူး..”

“ကိုကိုမသွားရဘူး..”

ကိုကိုက ကားသော့ကောက်လိုက်သည်နှင့် ဧကရီကရှေ့ကပိတ်
ကာ.. ၊

“ကိုကိုငြိုငြင်မှာသိလို့ ဧကရီကြိတ်ဖြေရှင်းနေတာ..ဒါပေမဲ့ အခု
အရမ်းယုတ်မာတယ်၊ ဧကရီသည်းမခံနိုင်တော့ဘူး..”

“မင်းဘာတွေလာပြောနေတာလဲ..မင်းဒီလောက်ထိအရှက်အကြော
မဲ့သွားပြီလား..”

“ဘာကိုရှက်ရမှာလဲကိုကိုရဲ့..ဒီကိုယ်ဝန်က ကိုကို့ကိုယ်ဝန်၊ ဒါ
မှူးရှူးနေတဲ့ညတွေကို ကိုကိုမမှတ်မိဘူး ပြောဦးမှာပဲ..”

“ဧကရီ..မင်းနော် တောက်..’

“မှန်တာတွေပြောနေတော့ နားခါးသလားကိုကို..ကိုကို့ကို ဟို
တာပြောသွားပြီမို့လား၊ သိသွားကာမှတော့ ဧကရီ့ကိုပစ်မထားပါနဲ့
ကိုရယ်..ဒါကိုဖျက်ချဖို့ထိ ကိုကို့အမုန်းကို ဧကရီကြောက်ခဲ့တာပါ၊ ဘာ
လို့လဲဆိုတော့ ဧကရီ့ကို ကိုကိုမချစ်ရင် ဝေးဝေးနေလို့ရတယ်..ကိုကို
နေရင် ဧကရီအဆောင်အယောင်မဲ့မှာလေ၊ အဲ့ဒါကြောင့် ကိုယ့်ဘာသာ
ရှင်းဖို့ပဲ ကြိုးစားခဲ့တာ..”

ကိုကို့မျက်နှာ အကြီးအကျယ်ပျက်သွားလျှင် ဧကရီက မနေ
ပြောရင်း ကိုကို့ရှေ့ထပ်တိုးလိုက်ပြီး.. ၊

“သူ့ကိုနေရာတကာခေါ်နေတော့ အဲ့ဒီကောင်က သူ့ကလေးလို့



ပါတဲ့..အဲ့လောက်ထိပြောရဲလာတာ ကိုကိုဝတ္တရားမကျေလို့သိရဲ့လား
လေးသူငယ်ချင်းဆို အတင်းတုပ်ခံရမှာစိုးလို့ ဧကရီသူနဲ့ပဲတိုင်ပင်ခဲ့ရ
သူ့ကိုပဲ အကူအညီတောင်းရတယ်၊ ခုတော့ စော်ကားခံရပြီ..”

“ဘာတွေလဲ..ဘာအကြောင်းတွေလဲ၊ အဓိပ္ပာယ်မရှိတာတွေ..မင်းခု
ချင်း ငါ့ရှေ့ကထွက်သွား..”

“ကိုကိုကန်ထုတ်တဲ့နည်းက ဒီနည်းလား..ကိုကိုမယုံရင် မန္တလေး
နှန်းမှာ ကိုကိုတို့သူငယ်ချင်းတွေနဲ့ ညှိသည်တွေနှုတ်ဆက်ပွဲဆိုပြီး
တဲ့ညကို တွေးကြည့်စမ်းပါ..”

ထိုညက သူတစ်ယောက်တည်းပြန်လာခဲ့သည်။ အမြဲတမ်းလည်း
မိကို တစ်ယောက်တည်းပြန်အိပ်နေကျ။ ထိုညက ဘာဖြစ်လို့သူမက
ဆီရောက်လာတာလဲ..။ ဒီတိုင်းမေးလိုက်ရင် ‘ဧကရီကကိုကို့မိန်းမပဲ’
စကားကြားရလိမ့်မည်။

“ဧကရီက ကိုလင်းအဲ့ညက ပြဿနာတက်နေလို့ အားကိုးမဲ့ပြီး ကိုကို့
လာတာပါ..ကိုကိုက ကိုယ့်ယောကျ်ားမို့ ဧကရီသည်းခံနေခဲ့တာ၊ အဲ့
ဧကရီ့ကိုရင်ခွင်ထဲမှာထားပြီး ဒါဒါ ဒါဒါနဲ့ ကိုကိုတစ်ချိန်လုံး..”

“တိတ်စမ်း..”

“တိတ်ဆိုတိတ်လို့ရတယ်..ဒီကိုယ်ဝန်ကတော့ ဒီတိုင်းနေမှာမဟုတ်
ကိုကိုတာဝန်ယူမှာလား..မယူဘူးလား၊ ငါ့ကိုယ်ဝန်မဟုတ်ဘူးဆိုတဲ့စ
ကိုကိုခုပြောရဲရင်ပြောလိုက်လေ..ဧကရီကလည်း အတင်းတာဝန်မယူ
ဘူး၊ ကိုကိုကငြင်းပြီဆိုရင် ဆုံးဖြတ်ရမှာတစ်ခုတည်းပဲ..”

ပြောပြီး သူမကနောက်ဆုတ်ရပ်လိုက်၏။ ပြီးတော့ လက်သီးလေးနှစ်
ဆုပ်ကာ.. ၊

“ကိုကိုငြင်းလိုက်တာနဲ့ ခုချက်ချင်းသွားဖျက်ချမှာ..ဒါပေမဲ့ တိတ်
ဆိတ်ဆိတ်တော့ မရဘူး..”

ကိုကိုနေရာမှာတင် ကျောက်ရုပ်လိုငြိမ်သက်သွားလေသည်။ ဘယ်လို
ကြမ္မာမျိုးလဲ.. ၊

အခန်း(၉၅)

"ကိုကို..မင်း.."

"ငါမဟုတ်ဘူး.."

"မင်းမူးနေတာ.."

"ငါသိတယ်..လုံးဝမဟုတ်ဘူး.."

"အေးလေ..ဘာကြောင့်ခိုင်မာနေတာလဲ ပြောနိုင်လို့လား.."

ကိုကိုအသံတိတ်သွားသည်။ ထူထဲသော မျက်ခုံးအစုံစုကုတ်နေလျ
ရပ်နေရာကနေ တုတ်တုတ်တောင်မလှုပ်။ သူတို့တွေ ကိုကို့နားထသွား
ကာ.. ။

"မင်းလိုပဲ မင်းကိုယ်မင်းသိသလို ငါတို့လည်းသိတယ်..ဒါပေမဲ့ သ
သေမရှိဘူး.."

"သူကတော့ ဝန်ထုတ်ဝန်ပိုးနဲ့ သက်သေပြမှာ..ပြီးတော့ လင်မယာ
ချင်း ငါ့ဟာမဟုတ်ဘူးလို့ မင်းငြင်းလိုက်တာနဲ့.."

"တောက်.."

ကိုကိုချာခနဲလှည့်သွားကာ ဆိုဖာမှာထိုင်ချလိုက်သည်။ ကားသော
ပြန်ပစ်တင်၍ မျက်နှာကနေဆံပင်တွေထဲထိ လက်တစ်ဖက်နဲ့ ဖိပွတ်ပစ်ရင်း

"တော်တော်ပက်စက်တဲ့မိန်းမ.."



"သူပြောတာလည်း ဖြစ်နိုင်ချေတွေနော်ကိုကို..ဒါဒါလို့မင်းခေါ်နေတာ
ပါသေးတယ်၊ မင်းထွေပြားနေတာမျိုး လုပ်သွားတာ.."

"ငါတို့ဘယ်လိုလုပ်မလဲ..အဲ့ဒါမင်းကို မသက်ပြန်ပြောပြီးပြီမှန်းသိလို့
စ်တာကွ၊ တကယ်က ကလေးအဖေဖော်ချင်တာ မဟုတ်လောက်ဘူး
အပေါ်ပုံချဖို့ ဖြစ်ချက်တစ်ချက်ထပ်တင်တာ..မင်းကိုတကယ်ပစ်တော့
ည်ဆံတွေနော်..ဟော့ကောင် ပေါ့ဆလို့မရဘူး.."

ကိုကို့မျက်နှာမှာ မမြင်ခဲ့ဘူးသော စိတ်ရှုပ်ချောက်ချားခြင်းတွေကို
ရသည်။ မျက်နှာကိုပွတ်နေတာလည်း ဘယ်နှစ်ခါရှိပြီဆိုတာမသိ။
မှာ ကျောမှီ၍မော့ထားလိုက်တော့ ကော့ထင်းနေသည့်နှာတံနှင့်မျက်
စ်ပြင်လုံးက နီရဲနေတာ မြင်မကောင်း။ ပြီးတော့ ကျိခနဲအံကြိတ်လိုက်
။

"ရှုပ်ကုန်ပြီ.."

ဟုရေရွတ်၏။ ဝေဒက ခေါင်းညိတ်ပြီး အေးမှာဝင်ထိုင်ကာ.. ။

"မင်းကိုအဖေဖော်သွားတာကွ..ဒါပေမဲ့ ငါထင်တာပြောရရင် သူ့အဲ့
လေးကို မွေးမှာမဟုတ်ဘူး.."

"ဘာလဲ..မင်းကဖေယျကြီး လုပ်ချင်လို့လား.."

"ဘာလဲ..ဖေယျကြီးက.."

ထွန်းထွန်းက မိဘတွေပြောပြသည့် ဟိုခေတ်ကရုပ်ရှင်တွေအကြောင်း
ပြောရင်း မချိုမချဉ်နှင့်.. ။

"မင်းသမီးကချစ်သူနဲ့ကိုယ်ဝန်ရှိလာရင် အဲ့ဒီကိုယ်ဝန်ကို အဖေဖော်
တာ မင်းသားဖေယျကြီးပဲတဲ့..အဟွန်း ငါလည်းဖေယျကြီးမမြင်ဖူးပါဘူး၊
ရုပ်ကြီးနဲ့တော့ ဆင်သလိုပဲ.."

"သူတောင်းစား.."

"တွေးကြည့်မိတာပါ..ကြည့်လည်းမကြည့်ဘူးတော့.."

ကိုကိုအရမ်းခံစားနေရတာ မျက်ရိပ်ပြကာ ထွန်းထွန်းမျက်နှာပြီတီတီ
ကို တားဆီးနေရသည်။ သူငယ်ချင်းတွေဆုံတိုင်း တစ်ခုမဟုတ်တစ်ခု
ရယ်စရာပါလာတတ်တာမို့။ ပြီးတော့ ဒီထက်စိတ်ရှုပ်ဖွယ်တွေရှိခဲ့တာ
င် ဒီလောက်စိတ်မရှုပ်ခဲ့ရဘူးထင်သည်။

သူတို့တွေစိတ်ပျက်အကြံအိုက်နေသမျှ ဧကရီကတော့ ကျေနပ်ပြုံးတို့
အံကြိတ်နေခဲ့၏။ ကိုယ့်ပြဿနာကိုယ့်ဘာသာရှင်းပြီးနေကာမှ ဒေါက်
သက်သက်ချိုက ဂြိုလ်မွှေသည်။ ခုတော့ ကိုယ့်အပြစ်ကနေ သူ့အပြစ်
သွားပြီမို့ ကျေနပ်လို့မဆုံး..။ ရှင့်ကိုနောက်ထပ်တစ်ပတ်ထပ်ချည်လိုက်

ပြီကိုကို..ရှင်ဒီကြိုးကနေ လွတ်အောင်ရုန်းစမ်း.. ၊

ကြိမ်းဝါးနေရင်း မျက်လုံးထဲမှာ မြင်ယောင်နေသည်။ မူးနေ တောင် အနားကပ်မခံသည့် ကိုကို့မာနတွေ.. ၊

"မင်းငါနဲ့ဝေးဝေးသွားနေလိုက်..သွားတော့.."ဆိုတာမျိုး ခွေး သလို မောင်းခဲ့တဲ့သူ.. ၊

လင်နဲ့မယားဖြစ်ပေမယ့် သူ့အနားကပ်ရဖို့ကို သူမူးမေ့နေနိုင်တဲ့ ခြေအနေတစ်ခုကို စောင့်ရသည်။ တစ်ခါတလေကိုယ့်ဘာသာဖန်တီးခဲ့ရ ဒါနဲ့တောင် မွေ့ရာပေါ်ကပြုတ်ကျတဲ့အထိ တွန်းလွှတ်ခံခဲ့ရတာတွေ.. တော့ ရှင်ချောင်ပိတ်မိနေပြီလေ..ဒါဒါဆိုတဲ့မိန်းမကို ရှင်ဘယ်တော့မှ တော့ဘူးဆိုတာ.. ၊

"တောက်.."

ဖုန်းမြည်လာတော့ ကိုယ့်အောင်မြင်မှုတွေကို တွေးနေတုန်းမို့ တိုသွားသည်။ ထို့ပြင် အမြဲတမ်းစိတ်ပျက်ခြင်းတွေသာပေးတတ်သည့် လင်းဆီကဖြစ်နေရာ.. ၊

"ပြော..ပြော.."

"မမ ကျွန်တော့်ကို Yoma Plazaကတရားစွဲနေပြီ.."

"ငါသိတယ်လေ..သူတို့တရားစွဲမှာပဲလို့ ငါ့ကိုခြိမ်းခြောက်နေတာ ကိုပြောသားပဲ.."

"အဲ့ဒါ မမတစ်ယောက်လုံးရှိနေသားနဲ့ ဒီအဆင့်ထိကျွန်တော်ဖြစ် ရတာ တွေးကြည့်ဦးလေ.."

"ကိုလင်း..နင်ငါ့ကိုဆွဲမထည့်နဲ့၊ နင့်အလုပ်အစတည်းက မချေရာ လို့ ငါမပြောခဲ့ဘူးလား..မက္ကဲန်းနစ်အမည်ခံနေတဲ့ အင်ဂျင်နီယာပေါက် က သူတို့ကိုယ်သူတို့ ဘာလိုလို..အိပ်စ်ပီရီးရဲန့်ရှိတဲ့ပညာတတ်ပါသလား တော့ မပါဘူး၊ ဒါကိုငါအတန်တန်တားတဲ့ကြားက သားကတစ်မျိုး..အ ကတစ်မျိုး အမျိုးမျိုးတောင်းတဲ့ပိုက်ဆံတွေ၊ နင့်အလုပ်မှာ ရှော့ခ်ထဖြစ် အတွက် ငါထည့်ပေးတဲ့အရင်းအနှီးတွေ ပလုံသွားတာ အပြစ်တင်ချင်း ရင် ငါကတင်ရမှာ.."

"လူကြီးဆိုတာ အပြစ်လည်းတင်..လက်ကလည်းပါရတယ်လေ၊ ကအပြစ်တင်ဖို့ပဲသိတာ..ပိုက်ဆံကျတစ်ပြားမှ မပေးဘူး.."

"နင်ကုန်တိုင်းပေးရအောင် ငါကဘယ်လောက်ချမ်းသာနေလို့လဲ.."

"မမဆိုရှာကြံပေးနေတာပဲ..အခု.."

"မမပေးနေတာရော ဘယ်သူ့ပိုက်ဆံမို့လို့လဲ..ငါ့ဆီကလက်ဝါး



တဲ့ပိုက်ဆံပဲ၊ နင်တို့တစ်အိမ်လုံး ငါ့ပစ္စည်းငါ့ငွေနဲ့ရပ်တည်နေတာကို စကားပြောတာ ဆင်ခြင်.."

"မသိဘူး..မေမေလည်း အိမ်ပေါင်ထားတဲ့ငွေကုန်ပြီ.."

"မတတ်နိုင်ဘူး..အမှုဖြစ်နေတဲ့အထိ လုံးဝလိုက်ရှင်းမပေးနိုင်ဘူး၊ ငါ့ သိက္ခာနဲ့ ငါရပ်တည်ဖို့လည်း ကြည့်ရဦးမယ်..ဆွေမျိုးနှီပ်စက်လို့ ဘဝ ခံရရင် ငါ့ကိုဘယ်သူကယ်မှာလဲ.."

အပြတ်ပြောပြီး ဖုန်းချမလို့ပေမယ့် ကိုလင်းကမပြီးနိုင်။ Yoma Plazaမှာ အိလက်ထရွန်းနစ်ပစ္စည်းတွေသွင်းသည်။ စသွင်းသွင်းခြင်းမှာပဲ ဖြစ်ပြီး အသေးစားပေါက်ကွဲမှုတစ်ခုဖြစ်သွားခဲ့သည်။ သိပ်မကြီးမား ယ့် မီးလောင်မှုကတစ်မှု ပလာဇာကသပ်သပ်စွဲချက်တင်ခဲ့တာက တစ်

"မောင်နှမအရင်းကြီးပါမမရာ..ကျွန်တော်ဒီလောက်ဖြစ်နေတာကို မမ လည်း လင်းမြတ်ဇော်က ဒေါ်ကေရီ့မောင်ပဲ.."

"လွယ်ပါတယ်..ဘာမှမဆိုင်ဘူးလို့ပြောလိုက်ရင် ပြီးတာပဲ၊ နင်တို့ ငါကောင်းခဲ့သမျှကို သံပရာတစ်ခြမ်းနဲ့မချေနဲ့လေ..ဒီကိစ္စငါပြောနေ င်မလိုဘူး၊ ငါ့သမီးဂုဏ်သိက္ခာ ငါ့အစ်မဂုဏ်သိက္ခာဆိုတာ နင်တို့က သိတတ်နေရမှာ.."

"သြော် သြော်.."

"မသြောနဲ့ကိုလင်း..ငါတစ်ယောက်မယိုင်လဲမှ နင်တို့အကုန်ရပ်တည် နားမလည်ဘူးလား၊ အဲ့ဒါ ကိုယ်ဖြစ်ကိုယ်ခံဆိုတာ ငါရက်ရက်စက် ပြောတာ မဟုတ်ဘူး..နောက်ထပ် အဲ့ဒီပြဿနာနဲ့ဖုန်းမဆက်နဲ့၊ ဖြစ် ရင် နင်ပဲခံရမှာမဟုတ်ဘူး..ဟိုအင်ဂျင်နီယာပေါက်စတွေလည်းပါမှာပဲ၊ နဲ့မျှခံကြပေါ့.."

"ရင်းနှီးမတည်တာက ကျွန်တော်လေ.."

"ရင်းနှီးမတည်ပေးခဲ့တုန်းကတော့ နင်ဆရာကြီးမဖြစ်ခဲ့ပါလား..အ မှာကျမှ ဘာလဲ၊ ဒီမှာ အဲ့ဒါတွေအကုန်ထားခဲ့ပြီး နင်နိုင်ငံခြားထွက် လိုက်.."

"ဟား..ပြီးသွားမှာကျလို့မမရာ၊ ဟိုမှာနိုင်ငံသားအဖြစ်ပြီးသွားအောင် ကုန်တာဝန်ယူမှာလား.."

"နီး.."

ဆက်မပြောချင်တော့သဖြင့် ဖုန်းကိုပါဝါပါပိတ်ပစ်လိုက်သည်။ ဖုန်း လုံးလုံးလောက်ပါအောင် ယူတတ်သလောက် ထုတ်ပြောသည့်ဖုန်းဆီ

ပြန်မထည့်မိဘဲ ဟိုမှာကျန်ခဲ့ ဒီမှာကျန်ခဲ့ဖြစ်တတ်သည့်သူမ။ ဘယ်နေ မေမေတို့အားလုံးသိနေတဲ့ ဒီဖုန်းကျမှ ကိုယ်နဲ့မကွာမြဲပဲမြဲနိုင်လွန်းပါဘ ကဒ်ချိန်းပစ်လိုက်ဖို့ သေချာဆုံးဖြတ်၍ အိတ်ထဲကို ဆောင့်ထည့်ပစ်မိသည်။

တော်တော်ရှုပ်တဲ့ကိုလင်း..ဒါတွေသိလို့ သင်းပစ္စည်းတွေထုတ်သွ ကိုယ့်ပလာဇာမှာ တင်သွင်းခွင့်မပြုခဲ့တာ။ ခုတော့ ကံကောင်းလို့ပါလား မောလ်ကို ကိုကိုတစ်ချက်မှပြန်မကြည့်တော့ပေမယ့် ဒေါ်မေစိုးဦးကြီး ရှိသေးသည်။ ကိုယ်အုပ်စီးခွင့်ရဖို့တောင် ဘယ်လောက်ထိမျက်နှာပြေး ပြောင်နဲ့ သိမ်းယူထားခဲ့ရသလဲ..။ ပြီးတော့ ကိုယ့်မှာလည်း အလျော်အစား တွေနဲ့ ကြွေးပတ်လည်ဝိုင်းနေခဲ့တာ။ တွေးရင်းသတိရကာ ဖုန်းထုတ်၍ တ နံတစ်ယောက်ကို ခေါ်လိုက်ပြီး.. ၊

"မမခိုင်လား..ဒီနေ့ဘယ်မှာရှိလဲ.."

"........................"

"ဟုတ်လား..ကလျာတို့ဆီမှာဆို ဝိုင်းကောင်းမှာပဲ.."

"...................."

"လာမှာပေါ့..လာမလို့မေးတာကို.."

"......................."

"မြောက်နေပြန်ပြီ..ဒီကငွေလိုနေလို့ လာရမှာ၊ စတည်းက တ ကောင်းခြင်းနဲ့.."

"..............."

"ဂွတ်လပ်ခ်..ဂွတ်လပ်ခ်.."

ဖုန်းပြန်ထည့်၍ ပြုံးနေမိကာ 'တစ်ထိုင်တည်းနဲ့ ငါ့ကြွေးတွေကျေအ ရမယ်'ဟု ကြိမ်းဝါးလေသည်။

☎



အခန်း(၉၆)

ကြည့်စမ်း..လှနေလိုက်တာ.. ၊

လက်သီးဆုပ်ရင်း တက်ခေါက်လိုက်မိသည်။ မီးရောင်ထိန်ထိန် အောက်မှာ ဆံပင်တွေဖြန့်ချပြီး သူ့ကိုယ်သူမော်ဒယ်လ်မှတ်နေသလား..။ ထားတာက မဆန်းပြားပေမယ့် လိမ္မော်ရောင်ဖျော့ဖျော့ ခြေသလုံး အောက်ဂါဝန်ပွပွကို ခါးစည်းကြိုးလေးချည်ထားသည်။ လည်ကပ်ရှု့တွတွ နှင့်အင်္ကျီပုံက ဘိုမရုပ်လေးနဲ့တူနေ၏။ ထို့ပြင် ဆံပင်တွေဖြန့်ထားတိုင်း အဆင့်အတန်းကို ခန့်မှန်းရခက်လောက်အောင် ရုပ်ပြောင်းသွားတတ် ည့်အဖြစ်က ဒီနေ့လိမ္မော်ရောင်လေးနဲ့ ဆံပင်တွေကိုဖြန့်ထားတော့ သူမ အောင်ရုပ်ကြည့်နေမိတာ သတိလက်လွတ်.. ၊

"တောက်..သင်းတွေ့မယ်.."

ရုံးခန်းမှန်တံခါးက ခန်းဆီးစလေးကိုလှတ်ချကာ စားပွဲရှေ့မှာ ခေါက် ခေါက်ပြန်လျှောက်နေမိသည်။ စိတ်ထဲမှာ သူမျှားကိုဒုက္ခပေးလိုသည့်အ လိုစိတ်တွေ အဆမတန်ကြီးထွားနေခဲ့ပေမယ့် ကိုယ့်ကိုယ်ကိုဘာဖြစ်လို့ ာက်တောင်ပူလောင်နေသည်ကိုလည်း မဆင်ခြင်မိ။ ခြေလှမ်းတို့ ာက်တစ်ခါပြတင်းပေါက်ဆီ ရောက်လာမိတော့ ဒါဒါကဖိနပ်ကိုဘာင့် နေသည်မသိ။ စလစ်ပါတစ်ရံကို ထိပ်တွေလန် ဖနောင့်ပါးအောင်စီးတဲ့

မိန်းမ..။ အတန်မရာကိုမှန်းတာ နင်တွေ့မယ်.. ။

ဖျတ်ခနဲလှည့်ထွက်လာရင်း ကိုကို့မျက်နှာကိုမြင်ယောင်လာ သင်းကိုကြိုက်သလို စီရင်ပစ်နိုင်သည်။ ထင်သလိုဒုက္ခပေးလို့ရသည်။ မဲ့ ကိုကို့ကိုပြောင်ပြောင်တင်းတင်း စိန်ခေါ်သလိုလုပ်လို့တော့ မဖြစ် ဒါပေမဲ့ ရင်ထဲမှာ တနုံ့နုံ့ဖြစ်နေခဲ့သည်။ ဒါဒါ့ကိုဒီလိုပုံစံမြင်လိုက် ဒီလိုပူလောင်မှုက လောင်ပြီဆိုငြိမ်းသတ်ဖို့မလွယ်။ ဘာမှမပြင်ရဘဲ နေသည်။ ဘာမှမဝတ်ရသေးဘဲ လှနေသည်။ ဒါပေမဲ့ သူတောင်း သာဒီမိန်းမကို ကိုကိုဘာဖြစ်လို့ စွဲလမ်းနေတာလဲ.. ။

မိန်းမဖြစ်တိုင်း အလှတရား၏လျှို့ဝှက်ချက်ကို မသိကြဘူး ကိုယ့်ကိုမြင်တိုင်း 'လှလိုက်တာ'လို့ အားလုံးပြောကြသည်။ ဒါဒါ့ကိုလှ ပြောတာက တချို့တလေ။ ဒါလည်းအမှန်တရားပဲဖြစ်သည်။ ပြင်နိုင် နိုင် ဝတ်နိုင်စားနိုင်တဲ့သူရဲ့ ကိုယ်ရည်ကိုယ်သွေးနဲ့ ဖိနပ်စုတ်စီးပြီး ကြမ်းခဲဆားဖြူးစားရတဲ့အဆင့် ဘယ်လိုမှမတူနိုင်။ ဒါပေမဲ့ ကိုကိုသည် ကိုတော့ နည်းနည်းလေးတောင် အရေးမလုပ်ခဲ့ဘဲ ဒီငမွဲမကျမှ ချစ်လှ ဖြစ်နေ၏။ စိတ်ကူးတို့နှင့် တစ်ထပ်တည်းကျနေသော ခြေလှမ်းတွေက လေးတင် ဆိုင်ကလာပို့ထားသည့်ကြေးအိုးနဲ့ ပင်လယ်စာအသုပ်တွေကို ဖာပေါ်ပြောင်းတင်လိုက်သည်။ ပြီးတော့ ဘူးတွေကိုသေချာပြင်ဆင်ပြီး ဟဟလုပ်ထားကာ အထပ်လိုက်အတိုင်း လှဲချပစ်လိုက်၏။

ပြီးတော့ သူမအတွင်းတံခါးကနေ နောက်လေးကိုထွက်လာခဲ့သည် ပြီးတော့ ဒါဒါ့ကိုဖုန်းဆက်ခေါ်ကာ.. ။

"အထဲမှာ ငါ့ပိုက်ဆံအိတ်ရှိတယ်..နှုတ်ခမ်းနီဘူးရှာပြီးယူခဲ့၊ နောက် တော့ ဘေးအိတ်အသေးဆုံးလေးထဲမှာ စိန်လက်စွပ်ရှိတယ်နော်..ယူလာ နောက်ကနားနေခန်းကို.."

အစီအစဉ်အားလုံးကို ချက်ချင်းကောက်လုပ်ပစ်လိုက်ပေမယ့် သူ ဒေါသကြားမှာ ဒါဒါသည်မျက်လုံးအပြူးသားနှင့် ရှင်းပြဖို့လည်းမကြိုး နိုင်ဘဲ သူမတွက်ထားတဲ့အတိုင်း အံဝင်ခွင်ကျ.. ။

"အဲ့ဒီဆိုဖာမှာ စိမ့်ဝင်နံ့စော်နေတာတွေကို ခြောက်အောင်သုတ်..န နည်းလေးမှ အနံ့အသက်မကျန်စေနဲ့၊ ပလာဇာပိတ်သွားရင် ဒီထဲမှာပဲအိ

"မမ.."

"နင့်အပြစ်နဲ့နင်ပဲလေ..ငါ့လက်စွပ်ကိုခိုးဖို့ နင်ဘယ်လောက်ပျာ ခတ်သွားသလဲဆိုတာ ဒါတွေမှောက်တဲ့အထိ.."

"မဟုတ်ပါဘူး..အဲ့ဒါတွေက ကျွန်မဝင်လာတည်းက မှောက်နေ



ကျွန်မသူများပစ္စည်း ဘယ်တော့မှမခိုးဘူး.."

"အခု ငါ့လက်စွပ်ကို အိမ်မှာပြန်ရှာရဦးမှာမို့လို့ အဲ့ဒီကိစ္စကို ထည့်မ ဦး..သူခိုးမှန်ရင်လည်း ငါကခွင့်လွှတ်မှာမဟုတ်ဘူး၊ လောလောဆယ် ကိုရှင်း..ဒီညလုံးဝပြန်မလိုက်လာနဲ့.."

ဖြစ်ချင်ရာဖြစ်ပါစေ..။ ဒါဒါဆိုတဲ့မိန်းမကို ဒုက္ခပေးဖို့ဆုံးဖြတ်လိုက် ။ ကိုကို့ကြောင့်သာမဟုတ်လျှင် သူမစိတ်ကတောင်းဆိုလာသည့်အ ဘာမဆိုဖြစ်စေခဲ့တာချည်းပင်။ သင်းကျမှ ဘာကိုငဲ့ပြီး ကိုယ့်စိတ်ဆန္ဒ ချုပ်တီးနေရမှာလဲ..။ ဘဝမှာ ပြည့်စုံနေသမျှအရာရာသည် ဒါဒါဆိုသည့် ကို ချိုးဖဲ့ဖျက်ဆီးခွင့်မရသော သဝန်တိုစိတ်ကြောင့် အဓိပ္ပာယ်မဲ့နေခဲ့ ဆိုလျှင်.. ။

ငါလုပ်ပြမယ်..ကြည့်.. ။

အခန်း(၉၇)

အချိန်တွေက ကုန်လွယ်လွန်းသည်ထင်၏။ Shopping Mall မပိတ်ခင် ဒီဆိုဖာကိုအပြီးသတ်သန့်ရှင်းအောင် တိုက်ချွတ်ဖို့ သူမအသည်း အသန်ကြိုးစားနေခဲ့ရင်း နာရီကြည့်လိုက်တော့ ညရှစ်နာရီ။ ဖုန်းကိုလှမ်း ကြည့်ရင်း ပြန်ပါရစေလို့ တောင်းပန်ရရင် ကောင်းမလားတွေးမိသည်။ ဧကရီသည် တောင်းပန်ခြင်းမှာ ပျော်ဝင်မယ့်မိန်းမမျိုး မဟုတ်သည့်ပြင် ကိုယ့်ကျမှ ဒေါသတွေပိုနေတတ်တာလည်း သူမသိနေ၏။ ထို့ကြောင့် တောင်းပန် ဖို့စိတ်ကူးကို ဖျက်လိုက်မိသည်။ မနက်ဖြန်ဆိုသည့်ကာလမှာ သူမဘယ် ပုဒ်မတွေထပ်တပ်လာဦးမည်ဆိုတာတောင် မခန့်မှန်းနိုင်ဘဲ.. ။

“ဟလို..”

တကယ်ပဲ Mallမှာတစ်ညလုံး ပိတ်မိနေမှာစိုးသည့်စိတ်က ဧကရီ ဆီကဖုန်းလာတော့ ဝမ်းသာအားရပြေးကိုင်လိုက်မိသည်။

“ငါ့လက်စွပ် ခုထိမတွေ့သေးဘူး..နင်အခု ငါ့ရုံးခန်းထဲမှာလား..”

“ဟုတ်ကဲ့..”

“အေး..နင့်အကြောင်းကိုငါသိတယ်၊ ဒီမှာစိန်လက်စွပ်တောင် ခုထိ ရှာမတွေ့သေးတာ..ငါ့ရုံးခန်းထဲမှာ လုံးဝလက်မဆော့ပါနဲ့..”

“ကျွန်မက..”



“မရှည်နဲ့..ငါပြောသလိုလုပ်၊ ဒီည နင်ငရဲကျပြီ............”

အမိန့်တွေပေး ဟိန်းဟောက်ပြီးမှ ဖုန်းချသည်။ ဖုန်းချပြီးတော့ တ ...ရယ်နေတာ ဒါဒါကတော့ မသိရှာပါလား.. ဖုန်းဆက်လိုက်တာက ... ဒီညရုံးခန်းထဲမှာ သူမရှိနေတာကို သက်သေပြဖို့အတွက် ရိုက်ကော် ...လိုက်တာဖြစ်သည်။ တယ်တော်တဲ့ ငါပါလား..။ တွေးလေကျေနပ်မိ ... မနက်မိုးလင်းတာနဲ့ နင့်ကံကြမ္မာဘယ်လိုပြောင်းလဲသွားမလဲဆိုတာ ...တိုင်ဖန်တီးမယ့် ငါတောင်မခန့်မှန်းနိုင်ပါလား...ဟား ဟား ဟား..၊ သူမဒီညဝမ်းသာလွန်းလို့ အိပ်ပျော်ပါ့မလားတောင်မသိ။ ညသည် ...တွေကို ဝါးမျို၍ သက်တမ်းကိုတွက်နေစဉ် ဒါဒါချွေးဒီးဒီးကျနေခဲ့ ...။ တိုက်ချွတ်ဆေးကြောစရာ ဘာပစ္စည်းမှမရှိ။ ဘေဇင်တောင်မရှိသည့် ...ရုံးခန်းထဲမှာ တစ်ရှူးထုပ်လေးနဲ့ ရေလက်တစ်ဝါးလောက်ပဲကျန် ...ရေသန့်တစ်ဗူးရှိသည်။ နောက်ဆုံး သူမတစ်ယောက်တည်းပြဿနာ ...သလိုရှင်းရင်း ခြေလက်တွေပါ ဆေးကြောပြီးတော့ ကိုးနာရီမထိုး ... ထိုစဉ် မန်နေဂျာကိုမြင်လိုက်သဖြင့် အထဲကနေခပ်သွက်သွက် ...ထွက်လိုက်သွားမိရင်း.. ။

“ဦးနိုင်အောင်..”

ဦးနိုင်အောင်က အရပ်ရှည်ရှည် ထိပ်ပြောင်ပြောင်ဖြစ်ကာ သဘော ...ကောင်းသည့်မျက်နှာမျိုးဖြစ်သည်။ သဘောကောင်းလွန်းလို့လည်း ဧကရီ ...အောင်းနေတာ ခဏခဏမြင်နေခဲ့ရလျက်.. ။

“ပြန်တော့မလို့လားဟင်..”

“အေး..နင်ကဒီမှာဘာ..”

မေးမလို့ပြင်ပြီးမှ သတိရပြီး ရုံးခန်းကိုလှမ်းကြည့်သည်။

“ဒေါ်ဧကရီ မပြန်သေးဘူးလား..”

“မမကပြန်သွားပြီ..ဒါဒါ့ကိုသန့်ရှင်းရေးလုပ်ဖို့ထားခဲ့တာဒီည..”

“ဒီည..ဘာ တစ်ညလုံး..”

ဦးနိုင်အောင်ကို ဒါဒါတခြားဘာမှမပြောခဲ့ပါ။ ဦးနိုင်အောင်ကလည်း ...တာတွေ များသွားသည့်ပုံနှင့် ပါးစပ်ပြင်သေးသည်။ သို့သော် နား ...တွေအသံတိတ်ယူကြရင်း ကိုယ်စီအရှိန်သတ်၍.. ။

“အင်း..ငါတို့သူဌေးကလည်း ငါတို့သူဌေးပဲ..”

တစ်ခါတလေပဲ ရောက်ရောက်လာတတ်ကာ ရောက်လာတိုင်းပြဿ ...ခုရှာသွားတတ်တာကိုတော့ ဦးနိုင်အောင်ဆက်မပြောတော့ပါ..

“ပြောလေ..အခု ဘာပြောမလို့တုန်း..”

"ဒီမှာ ညကျမီးတွေပိတ်လားဟင်.."

"ပိတ်တာပေါ့..စောစောပိုင်းဆိုရင်တော့ တစ်ကန့်စီစပိတ်တယ် နာရီကျော်ရင် ဂျန်နရေတာပါပိတ်မယ်.."

ဒါဒါ့မျက်နှာပေါ်က ချောက်ချားခြင်းကိုတွေ့ပြီး ဦးနိုင်အောင်ဘာ ရမှန်းလည်းမသိ။ တစ်ခုခုမရိုးသားတာကို တွေးမိပေမယ့် သူ့အလုပ် သူ့အလုပ်သမားကိစ္စမှာ ဘယ်လိုအကန့်တွေရှိနေကြမှန်းလည်း သိ ဟုတ်။ ကိုယ့်ကိုအကူအညီတောင်းရင်လည်းတစ်မျိုး။ ဘာဖြစ်လို့လဲ ကြည့်ချင်တာတောင် ဒေါ်ဧကရီ့မျက်လုံးတွေကို သတိရပြီး ပါးစပ်ပိတ် လိုက်ရင်း.. ၊

"ဦး..ဟိုလေ၊ နံရံကပ်မီးလုံးလေးဘာလေးတောင်.."

"အထဲမှာဘာမီးမှမထားဘူး..မီးရှိလည်း ညည်းတစ်ယောက်တည်း တစ်ညလုံးကြီး မနေရဲပါဘူး.."

သူမတစ်ခုခုပြောလာအောင် ညည်းတွားသလိုဆိုမိပေမယ့်..

"ဒါဒါရပါတယ်.."

"ဟမ်.."

"ဟိုလေ..ဘတ္တရီမီးလေးတစ်ခုလောက်ပဲ ဘယ်မှာရမလဲဟင်.."

ဦးနိုင်အောင်မျက်နှာပေါ်က များပြားလှစွာသော အံ့ဩခြင်းတွေ လစ်လျူရှုထားလိုက်သည်။ သူမအတွက်က ဧကရီကျေနပ်ကြည်ဖြူဖို့ ဘာမှအရေးမကြီး။ ကိုယ့်အပေါ်မှာ သူမဘာကြောင့်ဒေါသတွေပိုက်နေ မသိပေမယ့် မလိုရင်မည်းတတ်သည့်သူမရဲ့စိတ်ဓာတ်ကို နားလည်နေ ဖြင့် သူမမလိုလားမည့်အဖြစ်တွေကို ရှောင်မှဖြစ်မည်။ အမှောင်ဖြစ်ဖြစ် လင်းဖြစ်ဖြစ် ကိုယ့်အတွက်အရေးကြီးဆုံးကိုသာ ရွေးချယ်ရမှာမို့..

"အဲ့ဒီအတိုင်းသွား..ဂျန်နရေတာဘေးက စတိုခန်းမှာ ညည်းလို တာတွေရှိတယ်၊ တံခါးသော့က စကျူရီတီတွေထဲက နံပါတ်ဝမ်းကဒ်နဲ့ ထားတဲ့လူဆီကတောင်း..ရော့ ငါ့ကဒ်ယူသွားပြီးပြလိုက်၊ သူပေးလိမ့်မယ် ငါတော့ပြန်ပြီနော်.."

ပလာဇာမှာ ဆိုင်သိမ်းနေသူတွေသာ အနည်းငယ်ရှိတော့ကာ အခြား လူတွေမရှိတော့ပေ။ ဒါဒါတစ်ယောက်တည်း စီကျူရီတီဆီက စတိုခန်းသော့ ယူလာခဲ့ပြီး အထဲမှာမီးအိမ်ရှာနေမိစဉ်.. ၊

"ကျွိ.."

တံခါးဖွင့်သံကြောင့် လှည့်ကြည့်လိုက်မိ၏။ မီးရောင်အောက်မှာ လိုက်ရသည့်မျက်နှာသည် လူကိုလိပ်ပြာလွင့်မတတ်ဖြစ်သွားစေကာ..



"လင်းမြတ်ဇော်.."

"ဟုတ်တယ်..ကိုယ်ပါ.."

သူက တရင်းတနှီးပြောပြီး တံခါးလှည့်ပိတ်လိုက်သည်။ ပုံစံက ကမို ...န်နေလျက် အမောတကောဖြစ်လာသည့်နှုတ်ခမ်းတွေက မစေ့နိုင်၊ ...မျက်နှာသည် ချွေးပြန်နေကာ.. ၊

"စောင့်လိုက်ရတာဒါဒါရယ်.."

"ရှင်ရှေ့တိုးမလာနဲ့နော်.."

မီးရာကို လှမ်းဆွဲလိုက်တော့ မီးအိမ်လိုဂေါက်တံတစ်ခုပါလာသည်။ ...လင်းမြတ်ဇော်က ဒါဒါ့ကိုကြံစည်လှုပ်ရှားခွင့်မပေးဖို့ ဆုံးဖြတ်ထား ...အတိုင်း သူမပစ္စည်းတစ်ခုလှမ်းဆွဲလိုက်တာနှင့် အနားကပ်ပစ်လိုက် ...ပြီးတော့ ပစ္စည်းလုရင်း လူတစ်ကိုယ်လုံးကို ပွေ့ဖက်လုံသိပ်ဖို့ ကြိုးစား ...သည်။ ဒါဒါ့ကိုမြင်လိုက်တိုင်း သူ့စိတ်တွေတက်ကြွနေတာကို ဒီတစ် ...ကြောင့်မှ ထိန်းချုပ်ဖို့မလိုတော့။ ထို့ပြင် သူနိုင်ငံခြားပြန်မည်။ ဒါဒါ့ ...ခေါ်ထုတ်သွားမည်။ အပျော်သဘောကနေ သူမကိုရဖို့ကြိုးစားရင်း ...ခြင်းသို့ရောက်ခဲ့ပြီမို့ မမဒေါသထွက်လည်း မတတ်နိုင်ပေ.. ၊

"ငြိမ်ငြိမ်လေးနေပြီး လိုက်လျောလိုက်ပါဒါဒါရယ်..ငါနင့်ကိုအပျော် ...ဘာမထားပါဘူး၊ နော်..လိမ္မာစမ်းပါ၊ ငါနင့်ကိုလက်ထပ်ယူမယ်..သူ ...တော်ဖြစ်စေရမယ်၊ မရုန်းပါနဲ့ကွာ.."

"လူယုတ်မာ..လွှတ်စမ်း၊ နင်..လွှတ်ဆိုနော်.."

အင်အားရှိသမျှ ဘယ်လိုရုန်းရုန်းမလွတ်။ မှန်ငြိုနေသလို မဟားတ ...နေသည့်အင်အားက မိန်းမသားတစ်ယောက်ကို အသာလေးအနိုင်ယူ ...လောက်နေ၏။ ချောင်ပိတ်မိတော့မည့်အခြေအနေမှာ ဖျတ်ခနဲကြည့် ...တော့ အထပ်စင်တွေပေါ်မှာ သုံးဘူးစီတင်ထားသည့် ရေသန့်ဘူးကြီး ...သူမစွန့်စားဖို့ အထပ်စင်တွေဘက်ကို ကျောပေးလိုက်သည်။ ပြီးတော့ ...ပြည့်သုံးကာ စင်ပေါ်ကိုကိုယ့်ကျောနဲ့ပစ်ကပ်တိုက်ချလိုက်၏။

"ဟာ.."

"ဒုန်း..ခွမ်း.."

"အား.."

အောက်ခြေသေးသေးနှင့်စင်က တစ်ဖက်ကိုယိုင်သွားကာ ရေဘူးတွေ ...ထုတ်ပစ်လိုက်သလိုဖြစ်သွားခဲ့ပြီး.. ၊

"ဒုန်း..ဒုန်း.."

"အား..သေပါပြီ၊ အား.."

တစ်ဘူးက ဘေးစင်အနိမ့်ပေါ်ကျကာ မှန်ပြတင်းကိုပစ်ဆောင့် သွား၏။ ကိုယ်ပေါ်ကို ထိုဘူးတွေတိုက်ရိုက်ပြုတ်ကျခံရသဖြင့် လ ဖော် ဘာဖြစ်ကျန်ခဲ့သည်မသိပေမယ့် အော်သံကြီးကို အခန်းပြင် အထိ ကြားနေရ၏။ ကိုယ့်ကြောင့် ဝုန်းဒိုင်းကြဲကုန်သည့်အဖြစ်ကို ကာ ဒါဒါချောင်ကြိုချောင်ကြားကနေ ကွေ့ပတ်ထွက်ပြေးခဲ့လေသည်။

ဇကရီ… သူမကိုဒေါသထွက်တော့မှာ သေချာသည်။ ဒီလိုအ တွက် ရှန်းထွက်ခဲ့ရသည်ဆိုရင်တော့ မိန်းမသားချင်းနားလည်ပေးဖို့ လင့်နိုင်၏။ အချိန်မတော် လမ်းကြိုလမ်းကြားမှာပြေးနေရင်း လမ်းမ ပြန်တက်ဖို့ ဘယ်ကပြန်စရမည်မသိတော့.. ၊

☎



အခန်း(၄၈)

စီးကရက်သောက်နေရင်း နာရီကြည့်ရင်းနှင့် ကိုလင်းဆီကဖုန်းကို ……နေခဲ့တာ စိတ်မရှည်ချင်အောင်ဖြစ်လာ၏။ ဝရန်တာဘက်ထွက်ရင်း ……တန်းတွေမှာ လက်တင်လိုက်တော့ စီးကရက်ညှပ်ထားသည့်လက်ကို ……တရင့်ကြည့်မိသည်။ မြင်ယောင်မိတာက ကိုယ့်လက်မဟုတ်ဘဲ ကိုကို့ ……ဖြစ်နေ၏။ စီးကရက်ညှပ်ထားသည့်လက်နဲ့ လက်ပ်တော့ပ်ကိုင်တာ ……ရက်ညှပ်ထားပြီး ဖုန်းပြောတာ တစ်ခါတစ်ခါ စီးကရက်ညှပ်တာကတစ် …… ဖုန်းကသပ်သပ်ပြောနေတာ။ ကိုကိုဘယ်လိုနေနေ စီးကရက်နဲ့ကိုကိုက ……ဆောင်မှုရှိလွန်းသည့်ပုံရိပ်တွေပဲဖြစ်လေသည်။

လက်နှစ်ဖက်စလုံး ခုလိုရှေ့ကတန်းမှာတင်ထားရင်း မျက်တောင်ဖျား ……င်းချထားပြီး ရယ်နေရင်အချောဆုံး..။ ဒါပေမဲ့ ဒီယောကျာ်းသည် ကိုယ့် ……အမုန်းဆုံးဖြစ်နေခဲ့၏။ သူချစ်တဲ့မိန်းမကို ဒီညဘယ်လိုပုံစံဘဝပျက်စေမ ……ဆိုတာ သိသွားခဲ့ရင် ဘယ်လိုနေမလဲ.. ၊

“ဟား ဟား ဟား..”

ကြိတ်ကြဲတတ်တဲ့သူမို့ ကွယ်ရာမှာရယ်မောရခြင်းသည် ကိုယ့်စ ……င်လ်လိုဖြစ်နေပြီလား..။ ဇကရီအရူးလိုရယ်နေရင်း ဝရန်တာမှာတင် လမ်း ……ာက်နေမိသည်။ ချစ်ပါရစေ တကဲကဲဖြစ်နေသည့်ကိုလင်းအတွက် ဒီည

မီးစိမ်းပြပေးလိုက်ပြီ။ သင်းဟာ သားကိုကိုဆိုတဲ့ယောကျ်ားနဲ့ ဘယ်တော့မှ ထိုက်တန်သူမဖြစ်ဘူးဆိုတာ ဒီညကအဖြေ.. ။

ဘာဖြစ်လို့ခုချိန်ထိ ဖုန်းမဆက်သေးတာလဲ..။ ဘာလဲ ဒီကောင်လေး နင့်ဆန္ဒပြည့်တာနဲ့ စင်္ကာပူကိုလစ်တော့လို့ အားလုံးကိုလမ်းကြောင်းပေးထား ခဲ့တာ.. ။

မျှော်နေတုန်း ဖုန်းဝင်လာကာ.. ။

"ဟလို.."

"မမကြီး..ကျွန်တော်စည်သူပါ.."

"ဘာကိစ္စလဲနင်က..ကိုလင်းကရော.."

"အဲ့ဒါပြောမလို့ပါ..ကိုလင်းက အဲ့ကောင်မကိုဆွဲမလာဘူး.."

"ဘာ.."

"အခုထွက်သွားတည်းက ပြန်လည်းမလာဘူး..အဲ့မိန်းမကို သူတကယ် ကြိုက်တာတဲ့၊ လက်ထပ်ပြီးခေါ်သွားမှာတဲ့.."

"အံမာ.."

ယောကျ်ားတွေ ချိုပေါက်ကုန်ကြတာလား..အမြီးတွေပေါက်နေပြီလား ...။ ဒီကလေးမအေ မုဆိုးမ ဇီးရိုးမကို ဘာလဲ.. ။

ဒေါသထွက်လွန်းလို့ အသားပါတုန်၏။ မူလစီစဉ်ခဲ့ဖူးတဲ့အတိုင်း အခြားကိုဆွဲသွားပါ။ တစ်ရက်လောက်သိပ်ထားပြီး နာမည်ပျက်အရှက်ရဖို့ လောက်မှ ပြန်လွှတ်လိုက်ပါလို့ ပြောခဲ့တာ.. ။

"မမကြီး..မမကြီးမောင်က မမကြီးကိုစိတ်နာနေတာ၊ ဒါတမင်လုပ်တာ သိလား.."

"တိတ်စမ်း.."

အရေးထဲမှာ အတို့အထောင်တွေလုပ်နေသေးသည်။ ကိုယ့်မှာမှအ ပေါင်းအသင်ခြေရုံးရှားပါးလှသည်ထင်ခဲ့သည်။ ကိုလင်းပေါင်းသင်းနေတဲ့ ကောင်လေးတွေရော ဘာထူးသလဲ.. ။

"တောက်..သူတို့နိုက်မပြည်းရလို့ မကျေနပ်နေကြတဲ့ နှာဘူး နှာ ဒေါင်လေးတွေ.."

တစ်ယောက်တည်းကျိန်ဆဲနေမိသည်။ ပြီးတော့ ကိုလင်းဆီဖုန်းခေါ် ဖို့ပြင်နေဆဲ ဖုန်းတစ်ကောလ်ဝင်လာသဖြင့်.. ။

"ဟလို.."

"သူဌေး..ကျွန်တော်တို့မောလ်အနောက်ခြမ်း မီးလောင်နေလို့.."

"ဘာ..ဘာဖြစ်တယ်.."



"ဂျန်နရေတာဘက်ကစ.."

စိတ်ကူးတွေ အပျော်တွေ လွင့်စင်ပျောက်ပျက်ကုန်လျက် ပြီးဆုံးအောင် နားမထောင်နိုင်။ လူသည်ကားပေါ်ရောက်တဲ့အထိ ကိုယ့်ဘာသာဘာ နေမိမှန်း မသိခဲ့ဘဲ.. ။

## အခန်း(၉၉)

"မဟုတ်ဘူးမမ..ကျွန်မအဲ့လောက်ထိ သူများထိခိုက်ပျက်စီးအောင် လုပ်ဘူး၊ မမကိုကျွန်မကဘာဖြစ်လို့.."

"နင့်ကိုငါအနိုင်ကျင့်တာလေ..နင်အဲ့လိုတွက်နေတာ နင့်မျက်လုံး မှာ ငါမြင်နေရတာပဲ၊ နင့်လိုမိန်းမက သည်းခံပါရမီရှိပါတယ်ဆိုတာကို စားပြောတောင် မယုံဘူး.."

ကိုယ့်မှာလည်း ထိခိုက်နာကျင်နေဆဲပါ။ ဒါပေမဲ့ မီးလောင်မှုဖြစ် တာက ကိုယ်ရှိနေတဲ့ညကျမှဖြစ်နေသည်။ လင်းမြတ်ဇော်လက်က အ တိုးကြိတ်ပြေးလာခဲ့ရသဖြင့် သူမပုံစံကလည်း မီးလောင်ပြေးနဲ့တူနေသည် ထို့ကြောင့် သူ့ကိုမုန်းလို့မီးရှို့ပြေးလာခဲ့သည်ဟု စွပ်စွဲခြင်းအတွက် ခါနေရုံမှလွဲ၍.. ၊

"နင်ငါ့ကိုဒီလောက်တောင် မုန်းတီးနေတာလားဖေဒါဖြူ..နင့်ပုံစံ တော့ စိတ်ထဲကနဲ့တခြားစီပါလားဟင်..အရိုးမပြေတာသိနေတာ နည်းနည်းမှမရိပ်မိအောင် နေတတ်တယ်၊ အယုတ်တမာမ..အလစ် ချောင်းပြီး နောက်ကျောဓားနဲ့ထိုးတယ်.."

"မဟုတ်ဘူး..မမ ကျွန်မ..အား.."

"ကဲ.."



"မမအဲ့လိုနိုင့်ထက်စီးနင်း မလုပ်နဲ့နော်.."

အတင်းတွန်းထိုးရိုက်ပုတ်နေသဖြင့် ရှောင်နေသည့်ကြားကပဲ ကိုယ့်မှာ နာကျင်လာခဲ့သည်။ ညဉ့်နှစ်နာရီရှိနေပြီဖြစ်သည့်အချိန်က တစ်လော အိပ်မောကျနေပြီဖြစ်သော်ငြား ဒီနေရာမှာလူနှစ်ဦး၏ ဒေါသမာနတို့ နောက်ထပ်မီးလောင်မှုတစ်ခုဖြစ်တော့မည့်နှယ် တရှိန်ရှိန်လောင်မြိုက် ၏။ ဒါဒါလုပ်ခဲ့တာမဟုတ်မှန်း ဧကရီသိသည်။ ဒါပေမဲ့ သူမကြောင့် သိနေတော့ မခံစားနိုင်။ ကိုယ်တိုင်မောလ်ကိုရောက်ခဲ့ပြီဖြစ်ကာ မီးမ င်လေးတင် မောင်ဖြစ်သူပြေးထွက်သွားတာကို လုံခြုံရေးနှစ်ယောက် ကြိုက်သည်ဟုလည်း ပြောကြသည်။ ကိုယ့်ဆီရောက်လာချိန်မှာတော့ မီး င်ခံရတာ မရှိပေမယ့် ကိုလင်းတစ်ကိုယ်လုံး ခေါင်းလည်းကွဲ ခြေလည်း ကျ.. ၊

"နင်ဘာဖြစ်တာလဲ..ဒီကိုဘယ်လိုရောက်နေတာလဲ၊ နင့်ကိုငါခိုင်းတာ ခေါ်သွားဖို့လေ.."

"ခေါ်သွားဖို့ကို သူကကပ်လို့တောင်မရဘူး.."

ရောဂါခံစားနေရသည့် ရှုံ့တွတွမျက်နှာကြီးကို သူမဂရုမစိုက်နိုင်။ မီး ကားသံတွေ မီးလောင်မှုနေရာက ရုတ်ရုတ်သဲသဲပြေးလွှားခြင်းတွေကြား သူမမောင်ဖြစ်သူကိုလည်းဆုံးခဲ့သည်။ လုံခြုံရေးတွေလက်ထဲကို ပိုက်ဆံ ထိုးထည့်ပေးဖို့လည်း သတိတရပြုမိလျက်.. ၊

"ကိုလင်းဒီထဲမှာရှိနေခဲ့တာ လုံး၀ ဘယ်သူမှမသိစေနဲ့.."

လုပ်စရာရှိသမျှ ဘာကိုမှမမေ့။ ပြေးလွှားသတိချပ်ရင်း ဒေါသသည် ဖြူ၏မာန်မာနတွေအပေါ်မှာပဲ စုပုံနေခဲ့သည်။ ကိုလင်းက ကိုယ့်မောင် သူမမသိပေမယ့် သူဌေးသားဆိုတာသိသည်။ သုံးနိုင်ဖြုန်းနိုင်သည့်သူ သားတစ်ယောက်ကို သင်းလိုခြေမဲ့လက်မဲ့မိန်းမက ဘယ်လိုအားကိုးတွေ ခြင်းနေတာလဲ.. ဒါကိုကို့ကိုမျှော်လင့်နေတာအပြင် ဘာဖြစ်နိုင်သေးလို့

ဘယ်လိုတွေးတွေး ဒီအဖြေပဲထွက်လာသည်။ မီးစတင်လောင်ခြင်း ရေသန့်ဘူးကြီး ဂျန်နရေတာပေါ် ပြုတ်ကျကွဲကာ ရှော့ခ်ထဖြစ်ခြင်းက ဖြစ်၏။ 'စတိုခန်းထဲမှာ သူ့ကိုချောင်ပိတ်ဖမ်းတာပဲ..မရဘူး'ဆိုသည့် အရ ဖြစ်ပျက်သွားသည့် ရှန်းရင်းဆန်ခတ်တွေကနေ ပြိုကျပျက်စီးမှု ဆက်တိုက်ဖြစ်သွားခဲ့သည်။ ထိုကနေ ဆိုးရွားသောဆင့်ကဲဖြစ်စဉ်တွေ ပေါ်ခဲ့ရ၏။ ဖြစ်ပွားခြင်းအားလုံးက ဘယ်သူ့ကြောင့်လဲ.. ၊

"တောက်.."

တရေးရေးတွေးရင်း တနုံ့နုံ့ပူလောင်လာသည်။ ဧကရီက တက်...
လိုက်ပြီး.. ၊

"ပြောစမ်း..မဟုတ်ဘူးဆိုရင် နင်ဘာဖြစ်လို့ သူခိုးပြေးခွေးပြေးပြေး...
သလဲ..နင့်ကိုယ်မှာမီးခိုးရာတွေ ဒဏ်ရာတွေ.."

"မီးခိုးမဟုတ်ဘူး..စတိုခန်းထဲကဖုံတွေပါ၊ အဲ့ဒါ..အဲ့ဒါက.."

သူမရုတ်တရက်ပြောလို့ မထွက်တော့ခြင်းသည် စွပ်စွဲချင်သူ...
ခိုင်မာမှုဖြစ်သွားခဲ့၏။ ထို့အတူ သူမကိုလင်းနဲ့အဖြစ်ကို ဖွင့်မပြော...
ဧကရီက ရိပ်မိသွား၏။ အားလုံးသည် သူမပိုင်ကွက်ထဲဝင်သွားသည့်အ...

"ဆက်ပြောလေ..စတိုခန်းထဲကို ဘာသွားလုပ်တာလဲ.."

"မီးအိမ်..ဘဏ္ဍာရီမီးအိမ်သွားဝင်ယူတာ.."

"မီးအိမ်ယူတာ..တစ်ခန်းလုံးပြိုကျတယ်ပေါ့၊ အဲ့ဒီကပစ္စည်းတွေ...
မှန်ပြတင်းတွေကွဲထွက်သွားတာ..ရေတွေကျပြီး ဂျန်နရေတာရှော့ခ်ထဖြ...
နင့်စကားတွေက ရှေ့ကဖုံး နောက်ကပေါ်.."

"ကျွန်မညာနေတာမဟုတ်ဘူး.."

ဒါပဲထပ်ပြောမိသည်။ ယောက်ျားတစ်ယောက်က အတွင်းခန်း...
လိုက်ဝင်လာတာကို ဘယ်လိုရှင်းမလဲ..။ စတိုခန်းထဲ လိုက်လာပြီး ...
ပါတယ်လို့ပြောရင် ဧကရီ့လိုမိန်းမက သနားသွားမှာလား.. ၊

"မညာရင်ပြောလေ..ယုံအောင်ဖြီးစမ်းပါဦး၊ နင့်ကြောင့် နင့်ကြော...
အခုငါ့စီးပွားတွေကုန်ပြီ၊ ကဲဟာ.."

"ဖြန်း.."

ပါးတစ်ဖက်ပူလောင်ကျိန်းစပ်သွားသည်။ လူလည်း ယိုင်နဲ့သွ...
ထို့ပြင် ဆံပင်ကိုဆောင့်ဆွဲ၍ နောက်ထပ်ပါးရိုက်ဖို့ ရွယ်လျှင်.. ၊

"ဧကရီ.."

ရိုက်ချလိုက်သည့်လက်ကို ဖတ်ခနဲဖမ်းဆုပ်ထားလိုက်ကာ ဒါဒါ...
သံ ဟိန်းထွက်သွားသည်။ သူမလက်ထဲမှာ ဧကရီ့လက်သည် ပြုတ်တ...
ခံထားရသလိုဖြစ်သွား၏။

"ဆံပင်ကိုလွှတ်ဧကရီ..ငါ့လက်က ငါ့ဒေါသထက်မြန်တယ်နော်"

"လုပ်လိုက်လေ..နင်ခုချက်ချင်း ငါ့ပိုက်ဆံပြန်လျော်ပြီး ထွက်သွ...
ရင်.."

ဒါဒါ တွေခနဲဖြစ်သွားသည်။ ထိုခဏလေးမှာ ဧကရီသည်လ...
ဆတ်ခနဲဆောင့်ရုန်း၍ လက်ပြန်ရိုက်ချပစ်လိုက်၏။

"ဖြန်း.."



ဒါဒါ့ဆံပင်တွေ ဖွားခနဲလွင့်ပျံထွက်သွားကာ လူပါပစ်စလက်ခတ်ပြ...
...။ ထို့ပြင် ဧကရီပေါက်ခွဲကန်ကျောက်ပစ်သမျှ မှန်ကွဲအကျိုးအစတို့
...ပြေးစင်နေကာ ဒါဒါကိုယ့်ခေါင်းကို လက်နှစ်ဖက်နဲ့ကာ၍ အဝတ်ထုပ်
...ကပ်ထားရ၏။

"ကိုယ့်သောက်ပြစ်ကိုယ်သိရင် ငါ့ကိုခံတန်တန်တွေ လာမလုပ်နဲ့..နင်
...ခံခံ ဒီကိစ္စနင့်ကြောင့်ဆိုတာ အရှင်းကြီး၊ နင်လုပ်လို့ဖြစ်တာ..နင့်ကို
...ရားစွဲမယ်ဆို ခုချက်ချင်းဖုန်းဆက်လိုက်လို့ရတယ်..နားလည်ရဲ့လား.."

ဒါဒါဆတ်ခနဲဖြစ်သွားသည်။ ဂျန်နရေတာက စတိုခန်းနဲ့ကပ်လျက်မှာ
...သည်၊ သူမကို လုံခြုံရေးကိုယ်တိုင် သော့ပေးခဲ့သည်။ စတိုခန်းတံခါးကွဲ
...ရပုံးကျခဲ့သည်။ မီးလောင်မှုဖြစ်ခဲ့၏။ ဒါတွေကို သူမဘယ်လိုကာကွယ်
...လဲ..မနိုင်လို့ အရှုံးပေးရရင်တောင် ကိုလင်းနဲ့သူမ ရှုန်းရင်းဆန်ခတ်
...တာတွေ လူတွေသိကုန်ရင် ဘာပြောကြမလဲ.. ၊

"မာနတွေပြချင်တာနဲ့ ငါ့ငွေပြန်အမ်းပြီး ထွက်သွားမယ်ဆိုလည်း ရ
...နင့်ကိုငါ့အလုပ်သမားမို့ သက်ညှာပေးဖို့စဉ်းစားတာ၊ မဟုတ်လို့က
... ငါ့ခြံတံခါးက ထွက်သွားတာနဲ့ နင်သွားရမှာထောင်ထဲပဲ..ကြိုက်သလို
...တ်.."

ပြောပြီး ခါးထောက်ကြည့်နေလိုက်သည်။ မှန်ကွဲစတွေစင်ထားသဖြင့်
...မိမ့်နေသည့် ပြတ်ရာရှရာတွေက မီးရောင်အောက်မှာ မြင်လို့မကောင်း
... ထို့ပြင် ပစ္စည်းအတိုအထွာတို့ပစ်မှန်ထားသဖြင့် ယောင်ရမ်းနာကျင်နေ
...တွေ ဧကရီဘာကိုမှဂရုမစိုက်နိုင်ဘဲ ဒီတိုင်းကြည့်နေခဲ့၏။ သူမရင်ထဲမှာ
...နာကြီးတက်လာနိုင်သည့် မီးလောင်မှုရယ် သူမရဲ့ဆုံးရှုံးရခြင်းတွေရယ်
...က်ပိုပြီး ဘာမှမမြင်နိုင်။ ဒါဒါ့အပေါ် အပြစ်တွေပုံချပြီး မတရားလုပ်ပစ်
...ရသည်။ ဒီလောက်ငွေမက်တဲ့မိန်းမကို ငွေပုံပေးလိုက်ရုံနဲ့ ပြီးသွားနိုင်၏။
...မဟုတ် ငွေနဲ့တုတ်နှောင်ပြီး ခြိမ်းခြောက်၍..။ သို့သော် ကိုကိုကိုသူမမေ့
...လို့မရ။ သင်းနောက်မှာကိုကိုရှိနေသည်။ ကိုလင်းကို သင်းကမသိပေ
... ဒီကိစ္စကိုကိုပါလာရင် အားလုံးရှုပ်ကုန်မှာဖြစ်သည်။

"တောက်.."

ကိုကိုနဲ့သူမကို ယှဉ်တွဲတွေးလိုက်မိတိုင်း တက်ခေါက်လက်သီးဆုပ်
...ခြင်း ဘာမှမတတ်နိုင်တာကို ခံရခက်ဆုံး။ ထိုထက်ပိုဆိုးနေသည့်အခြေအ
...သည် Plazaကို Queenနာမည်နဲ့ မှတ်ပုံတင်ထားခဲ့မိတာ မူပိုင်ခွင့်က
...သာ..

"သွား..နင် အခုငါ့မျက်စိအောက်မှာ မနေနဲ့ သွား..ခြံထဲမှာသွားနေ

သွား..ခုထွက်သွား..”

“ဒုန်း..”

လွင့်ပျံလာသည့် အလုထားကြေးဖလားလေးကို ကမန်းကတန်းခေါင်း ငုံ့ရှောင်ရင်း သူမအပြင်ထွက်ဖို့ ကြိုးစားရသည်။ စတိုခန်းထဲမှာ ရှန်းကန် တွေဖြစ်စဉ် ထိရှထားခဲ့သော ခြေသလုံးကဒဏ်ရာတွေ ခေါင်းမှာထိုးမိထား တာတွေ။ ထို့နောက် ခုနစင်ထွက်လာသည့် မှန်ကွဲစတချို့ကြောင့်ဖြစ်သော ပြတ်ရှရာတွေ..ဘယ်ဒဏ်ရာကပိုကြီးပြီး ဘယ်ပေါ်ကိုဖိအုပ်ထားရမှန်းသေ အပြင်ရောက်လာတော့ ကတုန်ကယင်ရပ်နေရသည့်ခြေထောက်နှစ်ဖက် ပြေးလာခဲ့ရသည့်အရှိန်တွေကြောင့် ပြိုလဲချင်နေ၏။ ထို့အတူ သူမထိန်းချု နေရင်း တအိအိခွေကျသွားလေသည်။

ခြံထဲမှာ တဖြုးဖြုးတိုက်ခတ်လာသည့် လေပြည်နုနုသည် လဲကျသွား သည့်သူမကိုယ်ကို ရေခဲစိမ်ထားသည့်စားသွားနှင့် တရှပ်ရှပ်ပွတ်လှီးနေသည့် အတိုင်း.. ။

☎



အခန်း(၁၀၀)

ကားသော့ကို အိတ်ထဲထည့်ဖို့လည်းမေ့သည်။ ဒါဒါဘယ်မှာရှိနေတာ ...မသိ။ သို့သော် သူ့ခြေလှမ်းတွေအပြေးအလွှားဖြစ်နေကာ သိပြီးသား ...နေရာကိုသွားနေတဲ့အတိုင်း.. ။

“ဟော့..နေဦး..”

ပြာသို့လွင့်ကို ပြာသိုလွင်မှန်းလည်းမသိပေမယ့် ဒါဒါနဲ့ပတ်သက်ဖူး ...ကို သိနေသောကြောင့်.. ။

“ဒါဒါ ဘယ်အထပ်မှာလဲ..”

“သူဌေး..”

ကိုယ့်အလုပ်ရှင်မဟုတ်ဘဲ သူဌေးလို့မခေါ်တတ်ကြပါ။ ဒါပေမဲ့ ပြာသို ...ချက်နှာက အလုပ်ရှင်ကိုမြင်လိုက်တာထက် ပိုမိုသောထိတ်လန့်မှုတွေ ...သွားသည်။ အပြစ်သားတစ်ယောက်လို ချောက်ချားသည့်မျက်ဝန်းတွေ ...ငြိမ်မသက်ဖြစ်သွားခဲ့ပြီး..”

“ဒါဒါက..”

“ဒါဒါဘယ်မှာဖြစ်ဖြစ် ကိုကိုနဲ့ဘာဆိုင်သလဲ..”

ခတ်လေ့ကားဘက်ကတက်လာသည့် ဧကရီကအံသံအရင်လှမ်းပေး ...ည် ကိုကို့ခြေလှမ်းတွေ ဘယ်ကိုလှမ်းရမှန်းမသိအောင် ထွေပြားသွားဖို့

ကသူ့တာဝန်။ သို့သော် ပြာသိုလွင်က ဇေရီမမြင်အောင် ကိုယ်ပေး
ခနဲရှိလိုက်ပြီး.. ။

"သရီးအိုတူးမှာ.."

ပြောပြီးမှထွက်သွား၏။ ကိုကို့မျက်လုံးတွေ သူ့ရှေ့အခန်းဆီ
သွားသည်။ အခန်းနံပါတ်300..။ သူ့ကျောနောက်ဘက်ကို ဖျတ်
လှည့်လျှင် ဇေရီနဲ့မျက်နှာချင်းဆိုင်မိပြီး ဖြစ်သွားခဲ့ပြီး.. ။

"ကိုကိုပြန်ရင်ကောင်းမယ်.."

"မင်းကဘာမို့လို့ အမိန့်ပေးနေတာလဲ..ဖယ်.."

"ကိုကိုနော်.."

"တောက်.."

"အား.."

ဇေရီ့ကို တွန်းဖယ်ပစ်ကာ အခန်းနံပါတ်302ဆီ ဘယ်လိုပြေး
နဲ့ရောက်သွားခဲ့မှန်းမသိ။ သို့သော်.. ။

"ကိုကို့ကို ဇေရီတစ်ခွန်းပဲပြောမယ်..သူ့ကိုဇေရီ့ရှေ့မှာ ကိုကို
ရဲ့သလား.."

တံခါးကိုကျောနဲ့ပြေးကွယ်ထားလိုက်ပြီး ဇေရီကမေးခွန်းထုတ်သည်။
သူဘာမှမပြောဘဲ တံခါးလက်ကိုင်ဘုကို လှမ်းလိုက်သည်နှင့် သူမက
ဖမ်းအုပ်ထားလိုက်ပြီး.. ။

"မရှုးချင်စမ်းပါနဲ့ကိုကိုရယ်..သူ့လိုမိန်းမကို ဒီလိုဆေးရုံမျိုးတင်
ထားတည်းက ဇေရီဘယ်လောက်ထိသဘောထားကြီးထားရသလဲ
ကြည့်လို့ရနေပြီ.."

"မင်းသဘောထားကြီးတာသေးတာ ငါကဘာလုပ်ရမှာလဲ..ဒါဒါ
ရုံရောက်တဲ့အထိ ဖြစ်သွားတဲ့ကိစ္စ မင်းနဲ့ငါနောက်မှရှင်းမယ်၊ အခု သူ့
ကြည့်ရမှဖြစ်မယ်.."

"ရှော့ပင်းန်မောလ်ကိုမီးနဲ့ရှို့ပြီး သူထွက်ပြေးလာတာ ကိုကိုသိလား"

"ဘာတွေဖြစ်ခဲ့သလဲ ငါသိဖို့မလိုဘူး..အဲ့ဒီအချိန် မင်းမောင်မောင်
ထဲမှာရှိနေခဲ့တယ်၊ သူဘာဖြစ်လို့ ရှိနေခဲ့သလဲငါမသိချင်ဘူး..ဒါဒါဘာဖြစ်
အဲ့ဒီအချိန်ထိ မောလ်မှာရှိနေခဲ့တာလဲ.."

ဇေရီ မျက်နှာပျက်သွားပြီးမဖြေနိုင်.. ။

"မင်းသူ့ကို တစ်ခုခုလုပ်ဖို့ ကြိုးစားခဲ့တာဇေရီ.."

"လုံးဝမဟုတ်ဘူး..သူ့ကိုအလုပ်ခိုင်းခဲ့တာ.."

"သူကဒရိုင်ဘာလေ..မင်းကိစ္စတိုင်းကို ခိုင်းရမယ့်လူမဟုတ်ဘူး"



"ဘယ်ကိစ္စတွေပဲခိုင်းခိုင်း ကိုကိုမေးခွန်းထုတ်နေစရာ မလိုပါဘူး.."

"တောက်.."

ဒါသသည် ဘယ်နေရာမှကောင်းကျိုးမပေးတာကို သိသည်။ ထို့
သူစိတ်ပူနေသည့်လူဆီ တိုက်ရိုက်သွားကြည့်ဖို့ပဲ ကြိုးစားခဲ့တာပါ။
စကားတွေတုပြိုင်ပြောနေရပြီဆိုရင်တော့ ဘယ်နည်းနဲ့မဆို အမှားတွေ
တော့မှာဖြစ်ကာ.. ။

"မင်း ငါ့ရှေ့က အေးဆေးဖယ်လိုက်ဇေရီ..မဟုတ်ရင် ဘယ်သူ့မှာမှ
ကောင်းကျိုးမရှိဘူး.."

"ဇေရီ့ကို ကိုကိုဘယ်တုန်းကရော ကောင်းကောင်းကန်းကန်းဆက်
ဆံလဲ..သူ့ကိုဇေရီတရားစွဲမယ်ဆိုရင်တောင်.."

"လူတွေကိုအရူးတွေမှတ်နေသလား.."

"မမှတ်ပါဘူး..ကိုကိုတစ်ယောက်ပဲ ရူးနေတာသိသားပဲ၊ ရူးနေလို့သာ
ကောင်မမျိုးကိုချစ်တာ.."

"ငါရူးလို့ချစ်တာ မဟုတ်ဘူး..ချစ်လွန်းလို့ရူးတာ၊ အချစ်အကြောင်း
လောက်အောင် မင်းနဲ့မတန်ပါဘူး..အခုငါ့ရှေ့ကဖယ်မလား၊ မင်းကို
ထုတ်ရမလား.."

"ကိုကိုဆက်ကြိုးစားနေမယ်ဆိုရင်တော့ မပြောတော့ဘူးလို့ထားတဲ့
စရာလျှို့ဝှက်ချက်တစ်ခု အခုသူ့ရှေ့မှာပဲ ဇေရီပြောချလိုက်မှာ.."

ကိုကို့မျက်နှာတင်းသွားသည်။ လာပြန်ပြီလား ဝှက်ဖဲတစ်ချပ်..။ ဇေ
မိန်းမ နှုတ်တိုက်ရေရွတ်နေသမျှ တကယ့်လျှို့ဝှက်ချက်ဆိုတာ ဘာ
ည်းမသိတော့ပေ။ ထွက်လာသမျှ စကားလုံးအကြောင်းအရာတိုင်းက
ဟောင်ခနဲ ဟာခနဲဖြစ်သွားစေသော လျှို့ဝှက်ချက်တွေချည်းဖြစ်ကာ
နှုတ်ဖျားသည် လျှို့ဝှက်ချက်ထုတ်လုပ်သောစက်ကြီးကဲ့သို့.. ။

"မင်းပါးစပ်ထဲမှာ လျှို့ဝှက်ချက်ဆိုလည်း ဟုတ်တယ်..မဟုတ်ဘူးဆို
ည်းဖြစ်တယ်၊ ဘာဖြစ်ဖြစ် အခုငါဂရုမစိုက်ဘူး.."

"ကိုကို.."

လူကိုတိုးတိုက်ဖယ်ကာ ကိုကိုအထဲဝင်သွားလျှင် ဇေရီတက်ခေါက်
၏။ သို့သော် ချက်ချင်းပဲပြေးလိုက်ဝင်ကာ.. ။

"ကိုကို သူ့ကိုမထိနဲ့.."

ဒါဒါသည် လူနာခုတင်ပေါ်မှာ အညိုအမည်းစွဲနေသော မျက်နှာအ
ကော်တွေမှာပလာစတာတွေနှင့် မြင်မကောင်း။ ကိုကိုရင်ထဲမှာ နင့်သွား
သတိလစ်နေတာလား အိပ်ပျော်နေတာလားမသိသော သူမနဖူးပြေ

ပြေလေးကို တယုတယပွတ်သပ်ပြီး မေးဖျားလေးကိုပင့်ကြည့်သည်။ သည်။ ဒါတွေက ထိခိုက်ဒဏ်ရာတွေ လုံးဝမဟုတ်။ ဆေးပိုက်တွေချိတ် တာကို မော့ကြည့်လိုက်လျှင် ကိုကိုဘာလုပ်တော့မည်ကို ကေရီသိလို ဒီလောက်ထိအဖြစ်သည်းနေလိမ့်မည်လို့ သူမနည်းနည်းလေးတောင် မိခဲ့သည့်အဖြစ်မှာ သူ့သဘောနဲ့သူ ဆေးအပ်တွေကို ဆွဲဖြုတ်ပစ်သည်။ တော့ ဒါဒါ့ကိုယ်လေးကို ပွေ့ယူလျှင်.. ၊

"ကိုကိုဘာလုပ်တာလဲ.."

ကေရီ ဒါဒါ့ကိုယ်ပေါ်က ဖိချမတတ် လက်နဲ့ဖိကပ်ထားလိုက်ပြီ

"အဲ့လောက်တောင် ရှင်သူ့ကိုချစ်တယ်ပေါ့..ကျွန်မဘာပြောပြော ဒီအကြောင်းအရာက ဘာဖြစ်ဖြစ် ခေါ်သွားတော့မယ်..ဟုတ်လား.."

"ဟုတ်တယ်.."

ရင်ထဲမှာ ဖျင်းခနဲနာကျင်သွားသည်။ အချစ်ကိုမရသည့်မိန်းမ ယောက်က ဟားတိုက်ရယ်နေနိုင်ရင်တောင် သူပျော်လို့မဟုတ်ဘူး ဘယ်သူမှနားမလည်နိုင်ပါလား..။ အရှုံးမပေးနိုင်သူတစ်ယောက်အတွက် ရှုံးခြင်းသည် ကြမ်းတမ်းခြင်းကို အပြည့်အဝကူညီတတ်သည်ရှိရာ..

"ခုပြန်ချလိုက်ကိုကို..ရှင်သူ့ကိုခေါ်သွားလည်း မထူးဘူး.."

ပြတ်ရှသည့် တားမြစ်သံသည် ဓားရောင်လုံ့ရောင်တွေ ထွက်နေ သို့ မာကြောပြင်းထန်နေသဖြင့် ကိုကိုကစိုက်ကြည့်သည်။ သူ့လက်နှ ပေါ် ရောက်နေပြီဖြစ်သည့်ဒါဒါ့ကို ကေရီမလိုမုန်းတီးစွာကြည့်လိုက်မိ

"ကျွန်မမှာရှင့်ကိုယ်ဝန်ရှိသေးတယ်နော်.."

ကိုကို့မျက်ဝန်းတွေ အေးစက်သွားတော့ ကေရီကကြိုသိထားသည် ပြုံးနှင့်.. ၊

"ဒါကိုရှင်ဂရုမစိုက်ဘူးဆိုရင်လည်း ကျွန်မဆီက စာချုပ်တစ်စောင် မြင်လိုက်ရင်တော့ ရှင်တင်မကဘူးနော်..ရှင့်ကြီးကြီးပါ တစ်ခါတည်းဟ အတက်ခ်ရသွားနိုင်တယ်.."

ဗေဒါဖြူကို ကြိုးကိုင်ဖို့ကြိုးစားနေတည်းက ကိုကို့လိုလူကို ဘ နိုင်ကွက်နင်းရမလဲဆိုတာ ကြိုတွေးမထားဘဲနေမလား..။ အထူးသဖြင့် ကြီးမားတဲ့ရှုပ်ထွေးမှုတွေဖြစ်လာကာမှ ကေရီကပြင်ဆင်မထားရင် ရ ရိုင်းသွားမှာပေါ့..။ ခုပဲဗေဒါဖြူကို သူလာဆွဲထုတ်နေပြီ။ သူမမထင်ခဲ့ က ဗေဒါဖြူ့အတွက် ကိုကိုဒီလောက်ထိရူးသွပ်စွာပေါက်ကွဲလာနိုင်သည် ဖြစ်..

"ဘာလဲ..မင်းဘာတွေယုတ်ပတ်ဖို့ စဉ်းစားလိုက်တာလဲ၊ အနိုင်



ခုံသုံးလို့ရတယ်ဆိုတာ လူတိုင်းလက်ကိုင်ထားတဲ့ စကားမဟုတ်ဘူး"

"ကေရီ့ကို သိပ်ယုတ်မာတာပဲလို့ ရှင်ပြောချင်တာမို့လား..ဟုတ်တယ်၊ လူကိုအနိုင်တိုက်ဖို့ လက်နက်ရွေးနေချိန်မှ မရတာကိုကိုရဲ့..အခုပြော ဦးနဲ့ကေရီလက်ထပ်ထားတဲ့စာချုပ်ရှိတယ်.."

"မင်း..တော်တော့.."

နားထဲမှာ အုန်းခနဲကွဲသွားသလိုပင်။ မယုံသင့်ပေမယ့် မယုံနိုင်ခြင်း မိထိတ်လန့်စွာ ဖြစ်၏။ ဒါတကယ်ဟုတ်သလား..မဟုတ်ဘူးလားဆို တ် ကိုယ့်အဖေဘက်ကို ပြန်တွေးကြည့်လိုက်တော့ ဘေဘီလေးဆို မ်းမအတွက် လူသည်လည်းလုံးပါးပါးကာ ဘာကိစ္စတွေဖြစ်ဖြစ် ဘယ် ကုန်ကုန် သားနဲ့အစ်မကိုအတိုက်အခံလုပ်၍ အမြဲတမ်းအကာအ ပေးတတ်ခဲ့သော.. ၊

"ရှင် သူ့အတွက်ဘယ်လောက်လုပ်ပေးပေး ဗုန်းဗုန်းလဲအောင်ချစ်နေ တွေကိုသိသွားခဲ့ရင် ရှင့်ကိုပြန်ချစ်မယ်ထင်လို့လား.."

"အဲ့ဒါမင်းပူစရာမလိုဘူး..မင်းပါးစပ်ကထွက်ချင်တိုင်းထွက်နေတဲ့ တ်ချက်ဆိုတာတွေကိုလည်း ငါမယုံဘူး.."

"မယုံလို့ရတယ်ကိုကို..ဒါပေမဲ့ ဂရုမစိုက်လို့တော့ မရဘူး၊ ကေရီ့ကို ကိုက်ပေမယ့် ဗေဒါဖြူမုန်းသွားမှာတော့ ရှင်ဂရုစိုက်ပါတယ်..ဟုတ်တယ် ကျွန်မမှာကိုယ်ဝန်ရှိနေတယ်..ဦးနဲ့လည်းလက်ထပ်ထားပြီးသား၊ ဒါ အခု ရှင့်မယားအဖြစ်နေရတယ်..ရှင်တို့သားအဖနှစ်ယောက်ကြားမှာ သားအဖနှစ်ယောက်ကြားမှာလေ၊ ကေရီဆိုတဲ့မိန်းမ ဘယ်ဘဝ.."

"မင်း.."

"ကျွန်မမှာကိုယ်ဝန်နဲ့နော်.."

လက်မောင်းတစ်ဖက်ကို ဖျတ်ခနဲဆောင့်ဆွဲခံလိုက်ရလျှင် ကေရီက ခြောက်သလို အော်၏။ ဆုပ်ကိုင်ထားသည့်ကိုကို့လက်ခုံမှာ အကြော င်းတို့ ရှိန်းရှိန်းထနေလျက် လက်သည်ဆတ်ဆတ်တုန်၏။ သို့သော် ထားသည့်လက်တို့ တဖြည်းဖြည်းပြေလျော့ကျသွားခဲ့ပြီး.. ၊

"တောက်.."

တစ်ဦးသည်တက်ခေါက်၍ တစ်ယောက်ကပြုံး၏။ တစ်ယောက်သော သည်ကား.. ၊

*သုံးပွင့်ဆိုင်အလကာ်*

*ကာရန်မလှတဲ့အလွဲ*

*သက်တမ်းရင့်ခါးသက်ခြင်းတွေနဲ့*

*ငါ မင်းကို*
***ရှုံးလောက်အောင် မုန်း......***

☎



## အခန်း(၁၀၁)

"မုန်းလို့လည်းပြီးသွားမှာ မဟုတ်ဘူး..မင်းလုပ်နိုင်သလောက် လုပ် [illegible]ည်း သဲထဲရေသွန်ဖြစ်မှာပဲ၊ ဗေဒါဖြူကို မင်းမျှော်လင့်မနေနဲ့တော့.."

"မင်းကလည်း ရှင်းရှင်းပြောလိုက်စမ်းပါကွာ..မုန်းကြမယ်ဆိုလည်း [illegible]၊ အဲ့ကောင်မလေးကို မေ့ပစ်လိုက်..အဲ မေ့ဖို့ကြိုးစား.."

ဝေဒတို့ရောက်လာကြသည်။ Mall မီးလောင်မှုဖြစ်သည်ကြားလို့လာ [illegible]တာပေမယ့် ဒီရောက်မှသိကြတာက Mall က Queen ဖြစ်ပြီးတည်းက [illegible]နဲ့မသက်ဆိုင်တော့.. ၊

"ဒီမိန်းမကိုက အကုသိုလ်ကြီးနေတာ.."

ကိုကိုကတိတ်နေလေ သူတို့အသည်းယားလေ။ ထို့ကြောင့် ဒေါသက [illegible]ဖြူဆီရောက်လိုက် ဧကရီ့ဆီရောက်လိုက်.. ၊

"ကိုကိုလုပ်သမျှလိုက်လုပ် ဆောက်လုပ်ရေးလည်းပါ တခြားလုပ်ငန်း [illegible]ည်းပါ..ဦးခန့်ညားနဲ့တောင် သွားလုံးလိုက်သေးတယ်၊ ဟိုလူကြီး ကိုကို့ကို [illegible]းနေရင် သူဝင်နှောက်ချင်လို့.."

"ခုလည်း သူ့လက်ထဲရောက်တာနဲ့ မီးလောင်တာပဲ..သူများလက်နဲ့ထိ [illegible]..သူ့လက်နဲ့ထိတာနဲ့ မီးသွေးဖြစ်မှာ၊ အကုသိုလ်က မနေဘူးလေ..ဒါ [illegible] အကုသိုလ်ဝင်နေတာကို ဝင်မှန်းမသိတာလည်း ငရဲသက်ရှည်တယ်တဲ့

ကွ၊ ဒီလိုမိန်းမမျိုး တော်တော်နဲ့တော့ ကျွတ်တမ်းဝင်မှာမဟုတ်ဘူး..."

"သူကျွတ်ကျွတ် မကျွတ်ကျွတ် ဒီကောင့်ကိုပဲချွတ်နိုင်အောင် [illegible] ပါ..ဒီမှာကိုကို မင်းကဗေဒါဖြူကို လက်မလွှတ်နိုင်ဖြစ်နေလေ [illegible] ကြုံကြိုက်တွေ့လေ၊ သူ့အတွက် မင်းကကျွန်ုပ်သယအိုးကြီးလေ..မင်းက[illegible] မင်းကြီးတစ်ပါးလို သူ့ကိုလိုရာတောင်းစမ်းလို့ ဖွင့်ပေးရင်တောင် ဒါဒါ[illegible] ကိုဘယ်တော့မှ အလဲအလှယ်လုပ်မှာမဟုတ်ဘူး..သူကမင်းဆီက [illegible] နှိုက်ယူနေချင်တာ.."

"ဘာတုံး.."

"မင်းကြီးတော်.."

ဝေဒစိတ်တိုနေပေမယ့် လှည့်ဆဲဖို့တော့ သတိရသေးသည်။

"အဲဒါကြောင့်ကိုကို..မင်းအဲဒီမာနမင်းသမီးကို.."

"ငါဘယ်တော့မှလက်မလျှော့ဘူး.."

"ဟုတ်ပါပြီ..ဆုံးအောင်ပြောပါရစေ.."

ရွှဲ့လည်း ကိုကိုကဂရုမစိုက်.. ၊

"ချာတိတ်က မာနကြီးတာမဟုတ်ဘူး..သူလုပ်ချင်တာတစ်ခုခု[illegible] ဆုတ်မနစ်လုပ်နေတတ်တာ၊ စပြီးရင် တဆုံးထိသွားချင်တာမျိုး.."

"သိပြီ..ဆေးမမီတော့ဘူး.."

သူတို့ထင်ကြပါစေ။ သူ့မျက်လုံးထဲမှာတော့ ဒါဒါသည်သူမှန်း[illegible] ထင်ရင် နှစ်ရာတန်လေးတစ်ရွက်နဲ့တောင် လူတစ်စုနဲ့တစ်ယောက် ရင်[illegible] ခုခံလာခဲ့သည့်မိန်းကလေး..သူမက ဗေဒါဖြူပဲဖြစ်၏။ ထို့ကြောင့် [illegible] တလေကရုဏာဒေါသစိတ်တွေနဲ့ မချင့်မရဲညည်းတွားခဲ့မိတာ ရှိရင်ရှိ[illegible] သူမလေးကို ငွေမက်လုချေလားလို့လည်း မမြင်။ နံ့သည်အသည်လို့[illegible] မထင်ရက်ခဲ့ပေ။ ဆင်းရဲတွင်းနက်သည့်ဘဝမှာ သုညအောက်ထိုးဆင်း[illegible] စေ သူရှိနေသည့်အရပ်ဆီ မရမကဆွဲတင်ခေါ်ယူဖို့ ပြင်ဆင်ထားပြီးသား[illegible]

"ဆေးမမီလည်း မီရာနဲ့လိုက်ကုရမှာပဲဝေဒ..ဒါဒါဒီကောင့်ကို[illegible] ဖို့ဆိုတာ သူလိုက်နေရတဲ့ဒုက္ခနဲ့ မတန်တော့ဘူး၊ ဧကရီကညစ်ပြီးရင်း [illegible] တယ်..ညစ်စရာမရှိရင် ကိုယ့်ဘာသာပြန်ညစ်မယ့်မိန်းမမျိုး၊ ဒီကော[illegible] လည်း မကြောက်တတ်ဘူး..ဒါပေမဲ့ ဒီမိန်းမရဲ့နှံ့က ရုန်းထွက်နိုင်သလား[illegible] တော့ မထွက်နိုင်ဘူး.."

"ကြိုးစားနေတဲ့လူအတွက် လွတ်မြောက်ခြင်းဆိုတာ ရှိလာမှာပဲ[illegible] နေတဲ့ခြေထောက်ကို ခြေထိုးခံပြီးလဲအောင်လုပ်နိုင်နေတာ အရည်အချ[illegible] ဟုတ်ဘူး.."



"ဒါပေမဲ့ ခြေထိုးခံလိုက်ရင်တော့ လဲကြတာချည်းပဲကိုကို..ခြေထောက် [illegible]မျက်စိရှိရင်တောင် စက္ကန့်မလပ်သတိကပ်နေတဲ့လူဆိုတာ မရှိဘူးလေ၊ [illegible]တို့မင်းကိုစိတ်ပူနေတာ အဲ့ဒါ..ဧကရီက ကြမ်းပိုးကိုလိပ်ဖြစ်အောင်ပြောနိုင် [illegible]တယ်၊ မင်းမပြောနိုင်ဘူး..အဲ့ဒီကြားထဲမှာ မင်းချစ်နေတဲ့မိန်းကလေးက သူ့ဒ [illegible]ဘာ.."

ပြောနေကြရင်း စားပွဲပေါ်ကဖုန်း ဖျတ်ခနဲလင်းလာသဖြင့် သုံးယောက် [illegible]သုံးလှမ်းကြည့်လိုက်ကြ၏။

"ရန်ကုန်ကကွ.."

ဝေဒကပြောပြီး ကိုကို့ကိုမော့ကြည့်သည်။ ကိုကိုက ကိုင်မည့်အခြေ [illegible]ကာမှ ယူလိုက်ကာ.. ၊

"ကိုမိုး..ပြော.."

"......................"

"ဟင်..ဘယ်လို.."

တစ်ခုခုဆိုတာ သိလိုက်လျှင် ကိုကိုကလှမ်းကြည့်သည်။ ဝေဒက [illegible]ည်း ကိုကို့ကိုမေးဆတ်၍ ဖုန်းကိုလက်ညှိုးထိုးပြရင်း.. ၊

"အေး..ဆက်ပြော၊ မင်းသေချာလို့လား.."

"........................"

အားလုံးနားထောင်ပြီး ဖုန်းချလိုက်သည်။ ပြီးတော့ ဝေဒခေါင်းကုတ် [illegible]၊ ပြီးတော့ မပြောချင်ဘဲပြောရမည့်မျက်နှာနှင့်.. ၊

"တစ်ပူက မငြိမ်းသေးဘူး..နောက်တစ်ပူတိုးနေပြီ.."

"ဘာလဲ.."

"ဗေဒါဖြူ.."

ကိုကိုချက်ချင်းအနားကပ်လာကာ ဖုန်းကောလ်ကို ဖွင့်ကြည့်လိုက်ရင်း၊

"မိုးလွင်ဘာပြောလို့လဲ.."

"ဒါဒါ့သမီးလေးဆုံးတဲ့နေ့က သူတို့သားအမိနဲ့တိုက်မိခဲ့တာ အဲ့ဒါဧကေ [illegible]ဘားတဲ့.."

ဟင်ခနဲအသံတောင် ပေါ်မလာခဲ့ဘဲ အားလုံးတိတ်ကျသွားသည်။ ကို [illegible]မျက်လုံးတွေ စူးစူးရဲရဲဖြစ်လာခဲ့လျက် မျက်နှာတစ်ခုလုံးမှာ တက်လာသည့် [illegible]ရင့်ရောင်သည် တစစရင့်သန်လာခဲ့ပြီး.. ၊

"ပြောချင်တာကဘာလဲ.."

ဝေဒမပြောချင်ပါ။ ဒါပေမဲ့ မပြောလို့လည်းမဖြစ်..

"ဧကရီ့ တမင်တကာဝင်တိုက်ပစ်တာတဲ့ကွာ.."

သူ့ကိုယ်ကြီးတောင့်မတ်သွားသည်။ ဒီကိစ္စ သူနည်းနည်းလေး မသိခဲ့ပါလား..။ မသိခဲ့ရခြင်းအတွက် မဟုတ်ဘူးလို့ပဲ မှတ်ချင်သော်ငြား

"ကေရီ့ကားပေါ်မှာ ဖေရယ်လ်ပါတယ်တဲ့ကွ..ဖေရယ်လ့်အမ တစ်ယောက်က မိုးလွင်တို့နဲ့ဆွေမျိုးတော်သွားပြီလေ၊ အဲ့ဒါက အစက ညီအစ်မချင်းပြောခဲ့တဲ့ အတွင်းစကားနေမှာပေါ့..မိုးလွင်ကလည်း သူ့အ ဆီက ပြန်ကြားတာတဲ့.."

"ဖေရယ်လ်တိုက်ရိုက်ပြောတာ မဟုတ်ဘူးပေါ့.."

"ဘာလဲ..မင်းကမယုံလို့လား၊ ဖေရယ်လ်က မင်းနဲ့ပတ်သက်နေတဲ့ တွေကို ဒီကိစ္စပြောမလားကွ..သူကကေရီနဲ့အတွဲဆုံး သူငယ်ချင်းဥစ္စာ"

"အခု သူတို့မတွဲကြတော့ဘူး..လူ့စိတ်ဆိုတာ မလိုရင်မုန်းကြတာ"

မယုံကြည်တာ မဟုတ်ပေမယ့် ဒါမဟုတ်ပါစေနဲ့လို့ပဲ ဆုတောင်း သည်။ ကေရီက ကိုယ့်ဇနီး..။ သူမကြောင့် ဒါဒါဘဝပျက်ခဲ့ရသည့်အဖြစ် သူဘာမှလုပ်မပေးနိုင်ပေ။ ဒါ့အပြင် ဘဝပျက်ကျန်ခဲ့သည့်မိန်းကလေး တောင် အနားမှာခေါ်ခိုင်းခဲ့သေးသည်။ ကျေးပိုင်ကျွန်ပိုင်စံနစ်ကလို ခိုင်း တင်အားမရဘဲ ပါးရိုက်နားရိုက်တွေလုပ်နေခဲ့သည်။ ဒီနေ့ဒီလိုအနိုင်ရဖို့အ တွက် ထိုစဉ်ကတည်းက ကေရီကြိတ်ကြံနေခဲ့တာလား.. ।

"အဲ့ဒါ ဘယ်လိုသေချာတာလဲဝေဒ..မိုးလွင်ကိုငါသေချာမေးချင်တယ်"

"ဟာ..ဟုတ်ကောင်း ငါပြောမယ်လေ.."

ကိုကိုဖုန်းကိုင်လိုက်တော့ ဝေဒကဖုန်းကိုဆွဲယူထားလိုက်ကာ..

"ဖေရယ်လ်က မလုပ်ဖို့တားတယ်တဲ့..သူကဇွတ်ငင်တိုက်ပစ်တာ အဲ့လောက်ဖြစ်သွားစေချင်တာတော့ ဟုတ်ချင်မှဟုတ်မယ်..ဒါပေမဲ့ ဖြစ်သွား တော့လည်း အပြုံးမပျက်ဘူးတဲ့ကွ၊ ကလေးက အဖျားကြီးပြီး မှိန်းနေတဲ့အ ခြေအနေပဲရှိသေးတာတဲ့..အဲ့ဒါဆေးရုံမရောက်ခင်ဆုံးသွားတယ်၊ စစ်ကြည့် လိုက်တော့ အတွင်းကြေဒဏ်ရာတွေကြောင့်သေသွားတာတဲ့.."

"ကျွတ်.."

ကျိုခနဲအံကြိတ်မိခြင်းက သွားခြေတွေထိ ကျိန်း၏။

"အဲ့ဒါတွေထိ ကေရီကအကုန်လက်စဖျောက်တာတဲ့..ဖေရယ်လ်က တားတဲ့သူဆိုတော့ သူ့ကိုဘာမှမတိုင်ပင်တော့ဘူးလေ၊ ဆင်းရဲတဲ့လူတွေအ တွက်ကလည်း သေရင်သေတယ်မှတ်ပဲလေ..ငွေလည်းမရှိ အသိလည်းနည်း တာကိုး၊ နောက်ပြီး အဲ့နေ့မှာပဲ ဒါဒါ့အမေကလည်း ဆုံးတာဆိုတော့ ဆေး ရုံမှာနှစ်လောင်း..အဲ.."

"သုံးလောင်းလေ..ယောက်ျားလည်းဆုံးသွားတာကို.."



"ဟုတ်တယ်..မေ့လို့ အဲ့ဒီလိုအဖြစ်ဆိုးထဲမှာ.."

"မဟုတ်ဘူး..ဒါဒါက သူကားမောင်းမကျွမ်းလို့ အက်ဆီးဒန့်ဖြစ်တာ လို့ ထင်နေတာ.."

တစ်ယောက်တည်း ရေရွတ်သလိုဆိုရင်း ကိုကိုနေရာကနေ လှည့် ထွက်သွားသည်။ ဘူးထဲက စီးကရက်ထုတ်လိုက်ပြီး နှုတ်ခမ်းဖျားမှာတပ်၍ မီးခြစ်ဖို့ပြင်၏။ သို့သော် မီးလည်းမခြစ်ဖြစ်ဘဲ စီးကရက်ကိုပြန်ဖြုတ်၍ ဒီ တိုင်းဖိချေပစ်လိုက်၏။ ပြီးတော့ လွှတ်ပစ်ဖို့ လက်မြှောက်ထားပြီးမှ တက် ခေါက်လိုက်ရင်း လက်ကဒီတိုင်းပြန်ကျ၏။

"ငါဒါဒါ့ကိုသွားဆွဲထုတ်မယ်.."

"ဟာ..ကိုကို.."

နှစ်ယောက်သားပြိုင်တူ ထရပ်မိကြကာ ကိုကို့ကိုပြေးဆွဲရင်း ခုံနဲ့ခ ထုတ်တိုက် ဝမ်းလျားမှောက်ခုံလဲမတတ်ဖြစ်ရင်း.. ।

"ခုပဲပြောနေတာကွာ..မင်းချာတိတ်မကြောင့် ခက်နေတာလေ၊ ကေရီ့ ကိုမင်းကြောက်စရာမလိုဘူး..ဒါပေမဲ့ မင်းကိုဒါဒါပိုမုန်းမှာနော်၊ မင်းနဲ့ကေရီ အခင်မယားမုန်းလည်း သိသေးတာမဟုတ်ဘူး..သူ့သမီးကိုသတ်တာကေရီ၊ မင်းကကေရီ့ယောကျ်ား..မင်းအတွက်ကောင်းမယ့်အလားအလာ ဘာရှိသ လဲ.."

"ရှိရှိမရှိရှိ သူငါ့ကိုဘယ်တော့မှပြန်မချစ်လည်းဖြစ်တယ်..နောက်တစ် ယောက်နဲ့မညားသေးသရွေ့ သူ့ကိုအရိပ်ကြည့်နေမယ်၊ လိုအပ်သမျှဖြည့် ဆည်းပေးနေမယ်.."

"ဟား.."

"ကောင်းကွာ.."

ကိုကိုက သူတို့လက်တွေကို လွှဲဖယ်ချပစ်ကာ ဝေဒရင်ဘက်ကိုပါ သိမ်းယိုင်သွားအောင်တွန်းပစ်သေးသည်။ ပြီးတော့.. ।

"မိန်းမသားတစ်ယောက်က ဒီလောက်ထိနစ်နာသင့်သလား..ကူကယ် ရာမဲ့ ရပ်တည်နေရတဲ့ဘဝမှာ သူ့ကိုယ်သူထူမတ်ပြီး ကျားကုပ်ကျားခဲကြိုး စားနေတာ၊ ငွေပုံပေးလို့ ဒရိုင်ဘာဝင်လုပ်တယ်..ပါးရိုက်ခံတယ်၊ နှိပ်စက် အလုပြုနေတာလည်း အသက်မဲ့သလိုနေတယ်..အဲ့ဒါတွေကလည်း ရည်ရွယ် ချက်တစ်ခုခုရှိနေလို့ပဲ၊ ဘယ်သူသိသိမသိသိ ငါသိတယ်..ဇေဒါဖြူဆိုတဲ့မိန်း ကလေး သိပ်ညံ့လို့မဟုတ်ဘူးဝေဒ၊ ညံ့နေရင်တောင်မှ တမင်သိရက်နဲ့အညံ့ ခံတာ..ဒါမှမဟုတ် မသိလို့အညံ့ခံနေတာ၊ ဒီနှစ်ချက်ပဲ.."

"အေးလေ..ငါတို့ပြောတာက.."

"သူ့ဒီလောက်ထိနစ်နာသွားတာ ငါ့အတ္တကြောင့်လည်းပါတယ်...ဒ့ကိုသိမ်းပိုက်ဖို့ကြိုးစားချင်တဲ့စိတ်နဲ့ ငါကစပြီးသူ့ကိုမရိုးသားခဲ့တာ၊ ဒါကြောင့် ဧကရီအခွင့်အရေးတွေရနေတာ နောက်ထပ်မပေးနိုင်တော့ဘူး.."

"မင်းကချစ်ရတဲ့သူကိုးကွ..ဘာမှကိုယ့်ကိုကိုယ်အပြစ်တင်နေဖို့မလိုဘူး.."

"အေးလေကွာ..လူတိုင်းကိုယ့်ဘဝနဲ့ ကိုယ့်လမ်းကြောင်းပါ၊ တစ်လောကလုံး ဒုက္ခတွေ့နေတာ ငါ့ကြောင့်လို့တွေးနေရင်တော့ မင်းသွားပြီ.."

"မတတ်နိုင်ဘူး.."

သူဆုံးဖြတ်ချက်ချသည်။ အားလုံးဝိုင်းဝန်းလိမ်ညာနေကြတဲ့ထဲမှာ ဒမဒ်ဒီထက်ပိုပြီး နွံမနစ်စေရ.. ၊

"ဟော့ကောင်..ဖုန်းမြည်နေတယ်ကွ.."

လှည့်ကြည့်လိုက်တော့ ဧကရီ့ဖုန်း။ သူတို့လည်း ဖုန်းလာတာကို ဒတင်းပေးတာက ကိုကို့ဒေါသအရှိန်ကို တားဖို့သာဖြစ်ကာ ဧကရီ့ဖုန်းဖြစ်နေသောအခါ.. ၊

"မင်းဆီကို ငါအခုလာမယ်..ပြောစရာရှိရင် ပြန်မျိုချလိုက်.."

ဖုန်းချပစ်မလို့ပေမယ့် ဧကရီ့စူးစူးဝါးဝါးထအော်လိုက်သဖြင့် မချဖြစ်

"မရဘူးကိုကို..ကိုကိုဘာကြောင့်ပဲလာလာ ဗေဒါဖြူကိုတွေ့ဖို့ဆိုရင်တော့.."

"ဘာလုပ်မလဲ.."

"ကိုကိုက မလာသေးခင် ကြေညာပေးလိုက်တော့ ကိုကိုရောက်လာရင် ဘာလုပ်မယ်ဆိုတာ သိပ်ခေါင်းစားဖို့တောင် မလိုဘူး..ဒါပေမဲ့ ဧကရီ့မှာ အဲ့ဒီလိုမိန်းမတစ်ယောက်ကြောင့် အရှုးထနေရတဲ့အကြောင်းတွေ ပြောဖို့အချိန်မရှိဘူး.."

ကိုယ်ကတော့ သိပ်အားနေလို့ အရှုးထနေတာလား.. ၊

"ဧကရီအရမ်းအရေးကြီးနေပြီကိုကို.."

သူမမှာ အရေးကြီးကိစ္စတွေ တန်စီးနေမှန်းမသိဘဲနေမလား..။ လင်းမြတ်ဇော်ကို Yoma Plazaကတရားစွဲထားသည်။အရှုံးပေါ်နေသည့် ဆောက်လုပ်ရေးလုပ်ငန်းကြောင့် ကြွေးတွေတင်နေသေးသည်။ ပြီးတော့ အခုQueen Shopping Mall မီးလောင်မှုနှင့်.. ၊

"မောလ်က ခုထိကေတူးလို့ပဲ နာမည်ကျန်နေတုန်းပါ.."

"အဲ့ဒီတော့.."

"တရားစွဲကြ ရင်ဆိုင်ကြဖြစ်ရင် ကိုကိုလည်းသိက္ခာကျမှာပဲ.."



"မင်းလိုမိန်းမကို ယူလိုက်ရတည်းက ငါ့မှာသိက္ခာတစ်ပြားဖိုးမှမရှိတော့တာ.."

"ရန်မဖြစ်ချင်ပါနဲ့ကိုကိုရယ်..အခု ကိုကို့ဇနီးအနေနဲ့မဟုတ်ရင်တောင် ကိုကို့မောလ်.."

"မင်းကိုမှုပိုင်ခွင့်ပါလွှဲပေးပြီးသား.."

"ကိုကို.."

"ဖုန်းစခေါ်တည်းက မင်းပဲမတည့်အောင်ပြောခဲ့တာ..အဲ့ဒါကို ရန်မဖြစ်ချင်ပါနဲ့လို့ပြောတာ မင်းရူးတာလား ငါရူးတာလား.."

"ဧကရီရူးနေတာက ကိုယ့်စီးပွားရေး ကိုယ့်ဂုဏ်သိက္ခာကြောင့်..ကိုကို့ကို တန်ဖိုးမရှိတဲ့မိန်းမတစ်ယောက်အတွက် ဖက်ဖက်မောအောင်လိုက်ချောင်းရူးနေတာမဟုတ်ဘူး.."

စားပွဲစွန်းမှာထောက်ထားမိသည့်လက်က တင်းကျပ်စွာဖိဆုပ်မိခြင်းခံရောက်၏။

"မီးက ရတနာဆိုင်တွေဘက်ခြမ်းကို ထိသွားတယ်..ပိုးထည်ဆိုင်တွေလည်းပါတယ်၊ ပြီးတော့.."

"အဲ့ဒါတွေ ငါ့ကိုရှင်းခိုင်းနေတာလား.."

"ဒီတစ်ခါပါပဲကိုကိုရယ်..ဒီလောက်ကြီးတဲ့ကေ့စ်ကြီးကို ဧကရီဘယ်လိုရင်ဆိုင်ရမှာလဲ၊ ဧကရီမှာငွေလည်းမရှိဘူး.."

"မင်းသူများကို ဒုက္ခပေးဖို့ကျတော့ ငွေဘယ်ကထွက်လာသလဲ.."

"ဧကရီပြောနေတာ ဒါဒါအကန့်လုံးဝမပါဘူးနော်ကိုကို..ဒါဒါနဲ့အလဲအလှယ်လုပ်ဖို့စဉ်းစားရင်တော့ ဆောရီးပဲ.."

သူမဒီလောက်ထိ မာကြောနေတာကြောင့် စိုးရိမ်စိတ်တွေကမပြေနိုင်။ နောက်ထပ်ဘယ်လိုစဉ်းလဲဖို့နည်းလမ်းတွေ ရှိနေသေးတာလဲ..။ ဝေဒတို့လည်း သူ့ဘေးမှာဝိုင်းကပ်နေကြတာမို့ အော်ဟစ်ပြောဆိုနေသည့် ဧကရီစကားတွေကို အားလုံးကြားနေရ၏။ သူတို့လည်း အသည်းယားခြင်း စုတ်သပ်မိခြင်းမဲ့လွှဲ၍.. ၊

"ကိုကိုလည်းထွက်လာဖို့မဟုတ်ဘူး..ဧကရီလိုနေတာကငွေ.."

"မပေးဘူးဆိုရင်ရော.."

"မပေးရင်တော့ ဖွင့်ပြောလိုက်တော့မှာပဲလို့ ဧကရီကပြောမယ်ထင်လို့လားဟွန်း အဲ့လောက်ထိဧကရီမတုံးဘူး၊ ရှင့်ကိုရူးလောက်အောင် မုန်းနေရင်တောင် ရှင်ကကျွန်မယောကျ်ားဆိုတာ ဖွင့်ပြောဖို့အစီအစဉ် လုံးဝမရှိဘူး..နားလား.."

မယုံနိုင်စရာတွေ သူမပဲပြောနေပြီး ယုံလောက်ဖွယ်တွေက မယုံ
ရာ.. ၊

"ရှင့်ဇနီးဖြစ်ရတဲ့အတွက် ဧကရီမှာကောင်းတာ ဘာရှိခဲ့လို့လဲ
ကြောင့် ကျွန်မဘယ်တော့မှမကြိုးစားဘူး၊ ရှင့်ဇနီးဖြစ်ရခြင်းထက်ပို
တာတွေ ရသလောက်ထပ်ယူဦးမှာ..သားကိုကိုဆိုတဲ့လူကို ခွေးကလေးလို
နဲ့ဆွဲပြီး ကိုယ်ပို့ချင်တဲ့တစ်နေရာကိုရောက်တဲ့အထိ.."

ရှင် ကျွန်မကိုထိုးစစ်ဆင်ဖို့ ပြင်နေတယ်ဆိုတာ မသိဘဲနေမလား
ကို..ရင်ဆိုင်ရတော့မယ်ဆိုရင် ရှင့်ကိုကျွန်မမနိုင်နိုင်ပါဘူး.. ၊

ဖုန်းချလိုက်သည့်အချိန်မှာ ကိုယ့်ကိုယ်ကို မျက်ရည်ဝဲနေတာကို
မသိခဲ့။ ငါတိုက်ခိုက်နေရတာ ငါ့ယောက်ျားပါလားဆိုသည့်အတွေးတို့
လာတတ်သလို ဝင်လာတဲ့အခါ ရင်ထဲမှာနာကျင်မှုတစ်ရပ်က ခံရခက်
ဒုက္ခပေးလေသည်။ ဒါပေမဲ့ ကိုကို့ကိုသူမလက်လျှော့ထားပြီးပြီ။ ဒါ
မြင်လိုက်တိုင်း ရင်ခုန်သံမြန်လာအောင် ဆွဲဆောင်နိုင်တဲ့ ယောကျ်ား
ယောက်ကို စိတ်မဝင်စားပါဘူးဆိုတဲ့ မိန်းမရှိမလား..။ အဲ့ဒီမိန်းမကန်း
လို့ဆိုရင်တောင် ကိုကို့အနားရောက်သွားတိုင်းရတတ်တဲ့ ကိုကို့ကိုယ်သင်း
ပြီးတော့ သူများဟက်ဟက်ပက်ပက်ရယ်နေတယ်ထင်တဲ့အထိ သွားတွေ
အောင်ရယ်နေရင်တောင် ခပ်ညက်ညက်လေးပဲကြားရတတ်တဲ့ ကိုကို့ရယ်
ကိုယ့်ယောကျ်ားရဲ့အရယ်မျက်နှာကိုတောင် သူများနဲ့ရယ်မောနေတုန်း
လှမ်းငေးကြည့်ရတဲ့ သူမရဲ့အဖြစ်.. ၊

"ညည်းအပြစ်ပဲလေ..ဦးကိုကိုကို ညည်းမှမပြတ်တာ.."လို့ မေ
တော့ ချီးမွမ်းထောပနာပေးခဲ့ပါ၏။ သူမဘာဖြစ်လို့ဦးကိုပဲ တွယ်တာခဲ့
လဲ..ဘာဖြစ်လို့ ဦးနဲ့မပြတ်သားခဲ့တာလဲ..။ ဒါလည်းကိုကို့မကြင်နာခဲ့
မဟုတ်ဘူးလား..ဝတ္တရားမကျေတဲ့ယောကျ်ားကိုရွံ့ပြီး အားကိုးရတဲ့သူ
တွဲခဲ့တာ ဘာအပြစ်ဖြစ်သွားသလဲ.. ၊

မှန်တင်ခုံရှေ့မှာ ထိုင်ချလိုက်ပြီး နှုတ်ခမ်းနီဘူးတွေကို အတွဲလိုက်
ထုတ်သည်။ ပြီးတော့ အိုင်းလိုင်နာ ပြီးတော့ ရောင်စုံရှုဒိုးတွေ တစ်ခုပြီး
ဆွဲထုတ်သည်။ အကြမ်းဗရမ်းပစ်ချ၏။ ပြီးတော့ မျက်နှာကိုမသန့်စင်
ကြောဘဲ ရှိထားပြီးသည့် အဆီပြန်ပြန် ချွေးစတို့ပေါ်မှာ ကူရှင်တွေထပ်
သည်။ မှန်တင်ခုံရှေ့မှာ ထိုင်နေပေမယ့် သူမအတွက်က အလှပြင်တာမ
တိုက်ပွဲတစ်ခုအတွက် အားဖြည့်ပြင်ဆင်နေခြင်းသာဖြစ်သည်။ နှုတ်ခမ်း
ရဲရဲကို အထပ်ထပ်ဖိဆွဲနေရင်း စိတ်မထင်တော့ အခန်းထောင့်ဆီလွှဲ
ပစ်လိုက်၏။ မျက်တောင်ဖျားတွေကို ကိရိယာလေးနဲ့ ထပ်ကော့နေရင်း



မလိုဘဲ ကော့နက်နေသည့်တစ်ယောက်သောသူ၏မျက်တောင်ရှည်ကြီး
တာ အာရုံထဲမှာပေါ်လာသည်။

"တောက်.."

"ဒုန်း.."

ဆံပင်ပုံသွင်းမလို့ ဒရိုင်ယာကိုင်ပြီးမှ ဆောင့်ချပစ်လိုက်ရင်း.. ၊
နင့်မျက်နှာကို ဓားနဲ့မွှန်းပစ်ခဲ့ရမှာ ဇေဒါဖြူအောက်တန်းစားမ....
မကြားဝံ့မနာသာတွေ ဆဲရေးနေမိရင်း.. ၊

## အခန်း(၁၀၂)

"ငါမီတင်ရှိတယ်ကေရီ..မင်းနဲ့စကားပြောဖို့ အချိန်မရှိဘူး.."

"ကိုကို့အစည်းအဝေးက ချက်ချင်းစီရင်ချက်ချမယ့် ပြဿနာမဟုတ်ပါ ဘူး..ကေရီက အခုရင်ဆိုင်ရတော့မှာ.."

"မင်းရင်ဆိုင်ဖို့ဖြစ်လာအောင် ငါခိုင်းခဲ့တာလား.."

ပြောရင်း ဒေါသကထိန်းရခက်လာသည်။ စကားပြောပြီဆို တ လက်လွတ်တွေပြော ထင်သလိုရိုင်းစိုင်း တရားလွန်တွေလုပ်။ ပြီးသွား ပြီလားဆိုတော့လည်း မဟုတ်သေး။ ဒါတွေပဲထပ်ပြော တစ်ကနေပြန်စ တစ်လမ်းတည်းကို သူမချည်းပဲခေါက်တုံ့ခေါက်ပြန်လျှောက် ပြေးလို ခုန်လိုခုန်။ ယောကျ်ားတစ်ယောက်ရဲ့ သည်းခံနိုင်စွမ်းတွေ သဘောထား မှုတွေကို ဘာနဲ့တိုင်းတာသတ်မှတ်ကြသည်မသိ။ သူ့မှာတော့ ဘာမှမ တော့တာ သေချာလေသည်။

"ကိုကိုက အကြမ်းဖက်ဖို့အတွက် မတည့်ဖို့ပဲပြောနေတာလား ပြဿနာတစ်ခုရှိလာရင် နှစ်ဖက်စလုံးမှာ အကြောင်းရင်းရှိတယ်နော်.."

"ဟုတ်လား..ဒါဆိုလည်း မင်းဘက်ကအကြောင်းရင်းတွေကို စိတ် စားတဲ့သူတွေလိုက်ပြော၊ ငါစိတ်မဝင်စားဘူး.."

"ဒီတစ်ခါတည်းပဲကိုကို..ရှင့်ကိုကေရီ ခြေသလုံးဖက်တောင်းပန်



.."

ထိုစဉ် ဖုန်းမြည်လာတော့ ကေရီအိတ်ဖွင့်၍ ကမန်းကတန်းထုတ် ည်။ သို့သော် ဘာအလိုမကျမှန်းမသိဘဲ စားပွဲပေါ်ကို ခပ်ဆောင့်ဆောင့် ချလိုက်ပြီး ဒီဘက်ပြန်လှည့်၍.. ၊

"မီးလောင်မှုကို တရားစွဲခံရတာပဲ မဟုတ်ဘူးကိုကို..ကိုလင်းကစိန် ရှင်ကားကို တက်မောင်းသွားတော့ ဆိုင်သိမ်းထားတဲ့ရတနာထုပ်ကို သွားသလိုဖြစ်ပြီး.."

"ခိုးသွားတာလည်း ဖြစ်နိုင်တာပဲ.."

"ကိုလင်းအဲ့လောက်ထိ မမိုက်ဘူးကိုကို..သူယူရင် မိဘ မိသားစုဆီက သူတစ်မ်းဆီက.."

"လိုရင်းကိုပြော.."

နာရီကြည့်ပြီးပြောလိုက်ပုံက ဘာကိစ္စကိုမှ စိတ်မဝင်စားသည့်နှယ်။ တော့ စားပွဲနောက်ပြန်ဝင်သွားပြီး လက်ပ်တော့ပ်ပိတ်သည်။ ဖိုင်တွေထဲက ထပ်ကို ဆွဲထုတ်ပြီး ပြန်ချထား၏။ စီးကရက်ဘူးနဲ့မီးခြစ်ကို ကိုင်လိုက် ဖျတ်ခနဲမျက်လွှာပင့်၍.. ၊

"ပြီးပြီလား.."

"ကိုကိုအလုပ်ရှုပ်နေတာ ပြီးအောင်စောင့်နေတာ.."

"ငါ့အလုပ်ထဲမှာ မင်းကလာရှုပ်နေတာကေရီ..ဒီမှာ.."

ကိုကိုက မတ်တပ်ရပ်ရင်းကနေ စားပွဲပေါ်မှာ လက်နှစ်ဖက်ထောက် ကိုယ်အနည်းငယ်ကိုင်းလိုက်ပြီး.. ၊

"ဒါဒါ့ကိုမင်းလွှတ်လိုက်ပါ..မင်းပြဿနာအားလုံး ငါရှင်းပေးမယ်.."

"ဟင်.."

ရုတ်တရက်ကြောင်သွားပြီးမှ ချက်ချင်းခေါင်းခါ၏။ သို့သော် သူမ ဘာမှမပြောရသေးခင်.. ၊

"မောလ်ကို မင်းအပေါင်ဆုံးထားတယ်..တခြားရှယ်ယာဝင်တွေသိကုန် ရင် မင်းဒီ့ထက်အဖြစ်ဆိုးမှာ.."

ဒါတွေကို ကိုကိုဘယ်လိုသိနေဟာလဲ..ဘယ်လိုမှ မပေါက်ကြားနိုင်တဲ့ နည်းနဲ့ လွှဲပြောင်းလဲလှယ်ခဲ့ကြတာကို ထိတ်လန့်ခြင်းသည်မျက်ဝန်းတွေမှာ အရိပ်ထင်လာ၏။ ကေရီမျက်ဝန်းတို့ကို လွှဲပစ်ရင်း.. ၊

ရှယ်ယာဝင်တွေကို ပြန်အမ်းဖို့သူမကြိုးစားခဲ့တာတွေ ဒါကြောင့်ကြွေး တ်ကုန်တဲ့အဖြစ်တွေ အားလုံးကို ကိုကိုသိသွားတာလား.. ၊

ကိုယ့်ကိုယ်ကို နောင်တမရတတ်ခဲ့ပေမယ့် ဒီလောက်အမှုကြီးသွား

တော့ ညညအိပ်လို့တောင်မပျော်။ ရှုပ်ထွေးမှုတွေနဲ့ လိမ်ပတ်ပွေလီနေ Queen Shopping Mallကျမှ ဒီအဖြစ်ဆိုးနဲ့တိုးခဲ့ရ၏။ အစ်မကို ညှာတာတတ်တဲ့မောင်ကလည်း မီးလောင်ပြီးတဲ့နေ့တည်းက ပျောက် လိုက်တာ နိုင်ငံခြားအရောက်ပြေးသလား..အကြောက်လွန်ပြီး စကြာ ပြင်ဘက်ပဲ ရောက်နေပြီလား..။ ဒီမှာတော့ ပိုင်ရှင်လွှဲပြောင်းရမည့်ပြ စိန်ထုပ်ပျောက်ဆုံးမှုနှင့် အဆိုးဆုံးသည် မီးလောင်မှုပဲဖြစ်လေသည်။ ကိုပြောတော့ ကိုကို့ကိုသွားတောင်းပန် သူပဲဖြေရှင်းပေးနိုင်မှာတဲ့..။ မယား မယားကိစ္စ လင်ကရှင်းပေးပါလားဆိုပြီး ပိုင်ဆိုးပိုင်နင်းအော် က ကိုယ့်မှာလည်း ပြစ်ချက်တွေဗရပွနဲ့ဖြစ်နေသောကြောင့် ဆုပ်လည် စားလည်းရှူး.. ၊

ဒါဆို သူပြောသလို ဒါဒါ့ကိုလွှတ်ပြီး လိုအပ်တာမှန်သမျှ ဖန် ပေးပါတော့လို့ လက်နက်ချပွဲသိမ်းလုပ်ပေးလိုက်ရမလား..။ အတွေး တောင် ဒေါသကခေါင်းထောင်ထ၏။ ရင်ထဲမှာ မုန်းတီးနာကျည်းစိတ် ဖြစ်နေခဲ့ပေမယ့် ကိုကို့လိုအရည်အချင်းရှိတဲ့ယောကျ်ား ကိုကို့လိုယော ပီသသည့်စိတ်ဓာတ်ရှိတဲ့သူ..ဒီယောကျ်ားမျိုးကို သူမအဆုံးရှုံးမခံနိုင် ဝန်တိုခြင်းမကင်းတာလည်းပါသလို သူမထင်သလိုပွဲတိုင်းကျော်ခဲ့သ ဟာ ကိုကို့အားကိုးနဲ့သာဖြစ်လေသည်။ ကိုယ့်အတွက် အရိပ်ကောင်း ကို သူများအတွက်နေရာဖယ်မပေးနိုင်ပါ.. ၊

"မင်းစဉ်းစားလို့ရတယ်..ဒါပေမဲ့ ခုကစပြီး မင်းအဖြေထွက်တဲ့ ဒါဒါ့ကိုယ်မှာ ခြင်ကိုက်ရာတောင် မထင်စေနဲ့.."

"နုပ်နုပ်တောင်စင်းပစ်ချင်နေတာကို ဘယ့်နှယ်ခြင်ကိုက်ရာတောင် ထင်ခိုင်းနေတာလဲကိုကို..ဧကရီအဲ့လောက်အသည်းမပျော့ဘူးနော်.."

စိန်ခေါ်ပြီဆို မိုက်မိုက်ရိုင်းရိုင်းဆုံးဖြတ်၍ မျက်လုံးမှိတ်ပြောချ သည့်အတိုင်း.. ၊

"ကိုကိုပဲထပ်စဉ်းစားဖို့လိုတာ..ဘာမှမဆိုင်တဲ့မိန်းမကို စောင့်ရှော ဖို့ ကြိုးစားနေမယ့်အစား ကိုယ့်ရင်သွေးကိုလွယ်ထားရတဲ့.."

"လျှောက်ပြောမနေနဲ့ဧကရီ.."

"ကိုကိုကမယုံလို့လား.."

"မင်းလိုမိန်းမပါးစပ်က ဘာပြောပြောရင်ခုန်စရာမရှိဘူး.."

"ကိုကို့ကို ရင်ခုန်လားမေးနေတာမှ မဟုတ်ဘဲ.."

နာကျင်နေသည့်မျက်ဝန်းတွေက ဆွေးမြည့်နေပေမယ့် ဧကရီ့နှုတ် သားလေးတွေက အကျည်းတန်အောင်မဲ့နေခဲ့လျက်.. ၊



"သူ့ကိုလည်းမလွှတ်ဘူး..ကိုကို့ကိုလည်း ဘယ်တော့မှကွာရှင်းမပေး ကွာရှင်းရှင်းမရှင်းရှင်း ကိုကိုဂရုမစိုက်ခဲ့ပေမယ့် အခုဒီမိန်းမကြောင့် ကွာရှင်းချင်နေတာ.."

"မင်းသူ့ကိုပဲလွှတ်ပေးလိုက်ပါ..ငါသူနဲ့နီးစပ်ဖို့ မကြိုးစားဘူး.."

ဧကရီ ဟင်ခနဲဖြစ်သွားသည်။ စကားနဲ့ဖြစ်ဖြစ် လုပ်ရပ်နဲ့ဖြစ်စေ ကို ယောက်မာနကြီးပြီး ပြတ်သားတာမရှိ။ မုန်တယ်ထင်ရင်လည်း ဘယ် နောက်မဆုတ်ခဲ့သလို သူ့ကိုယ်သူအမြဲတမ်းယုံကြည်မှုရှိနေခဲ့တဲ့သူ။ ယောကျ်ားက အရှုံးပေးလာတာကို သူမအံ့သြသွားမိသည်။ ဒါပေမဲ့ ဒီ အနိုင်မျိုးကို ဘယ်လိုရင်ဘက်နဲ့ ပျော်ရမလဲ..။ ဇေဒါဖြူအတွက် အား နေသည်။ လက်နက်ချအရှုံးပေးနေသည်။ ဒီလောက်တောင် ဒီမိန်းမ

"ရှင်သိပ်ချစ်တယ်ပေါ့ဟုတ်လား.."

ကိုကိုက မျက်မှောင်ကုတ်ကြည့်၏။

"ရှင်ကလည်းမလိုနဲ့ 'အ'သေးတာပဲကိုကို..ရှင်ကချစ်ပြလေ ကျွန်မကပို ဆိုတာ ရှင့်ကိုဧကရီဖွင့်ပြောခဲ့တယ်နော်၊ ဒါလျှို့ဝှက်ချက်မဟုတ်ဘူး"

"ငါ 'အ'တာလျင်တာ မင်းအကြောင်းမဟုတ်ဘူး..အခု သူ့ကိုငါဂရု နေတာ မင်းမကြိုက်ဘူးမို့လား၊ ငါဗွတ်ရေ့တိုးရင် မင်းကနည်းမျိုးစုံနဲ့ က်မယ်..ငါသူ့အတွက်အရှုံးပေးနေတာ မဟုတ်ဘူး၊ ခွေးကိုက်မခံချင်

ကြည့်စမ်း.. ၊

သူမဆတ်ဆတ်ခါဖြစ်သွားလည်း ကိုကိုကမျက်လွှာတောင်ပင့်မကြည့် .. ၊

"မင်းမောင်ဘယ်မှာပုန်းနေလဲ ငါသိတယ်..အဲ့ဒါကိုငါရှင်းပေးမယ်ဆို ငါ့အလုပ်ဖြစ်သွားပြီ၊ မင်းကနိုးဆိုရင်တော့ သူ့ကိုရှာနေတဲ့သူတွေက.."

"အဲ့လိုအကျပ်ကိုင်တာလား..ဟွန်း လုံးဝဂရုမစိုက်ဘူး၊ အစ်မကိုတစ် ငဲ့မကြည့်ဘဲနဲ့ ထွက်ပြေးတာ၊ ပျောက်နေတဲ့ရတနာထုပ်ကို သူယူသွား ည်းဖြစ်နိုင်သေးတယ်..ဒီလိုမောင်မျိုးအတွက် ကျွန်မရင်းခဲ့ရသမျှ စွန့် တွေကို ရေစုန်မျှောခံရမယ်လို့၊ ဧကရီက ရှင့်လိုအရှုံးမဟုတ်ဘူးကိုကို.."

"ဒါဆိုလည်း မင်းရှုံးချင်လာရင် ငါ့ကိုဖုန်းဆက်.."

ကိုကိုကပြောပြီး လက်ပ်တော့ပ်နဲ့ဖိုင်ကို အိတ်ထဲထည့်သည်။ ထည့်နေ မျက်တောင်ဖျားတို့ ဖျတ်ခနဲပင့်တက်လာပြီး.. ၊

"ပြောထားတယ်နော်..ဒါဒါ့ကိုမင်းဒုက္ခပေးဖို့ မစဉ်းစားနဲ့.."

သူထွက်လာတော့ ကေရီဒီတိုင်းရပ်ကျန်ခဲ့၏။ တော်တော်အထွေးအ
တဲ့မိန်းမ..။ ကိုယ့်ကိုယ်ကို ဒုက္ခတွင်းထဲနစ်ခံပြီး သဝန်တိုစိတ်ကိုမွေး
သည်။ ငါမရရင် သူများလည်းမရစေရဆိုသည့် စိတ်ဓာတ်အပြည့်အ
သည့်သူမအတွက် သူမ၏အတ္တအဆိပ်က ဖြေဆေးမရှိနိုင်.. ၊

သူထွက်သွားသည့်အတိုင်း စူးစိုက်လိုက်ကြည့်နေသည့်ကေရီက
အံကြိတ်လျက်.. ၊

ရှင်ကတော့ထင်မှာပဲ..'ဒီမိန်းမ ဖြေဆေးမရှိတော့ဘူး'လို့..။ အ
ကျွန်မကိုအတ္တကြီးတယ် လောဘကြီးတယ် ဘယ်လိုပဲပြောကြစမ်းပါ
ဒီအဆိပ်တွေကြောင့် ဘုန်းခနဲလဲသေသွားမယ်ဆိုရင်တောင် ကျွန်မအ
ဖြေဆေးကို ရှင်ကိုယ်တိုင်လာမတိုက်ဘဲ မသောက်ဘူး..

အဲ့ဒါကျွန်မရဲ့ နောက်ထပ်အတ္တ...



အခန်း(၁၀၃)

ခြေလှမ်းကျဲကျဲ လက်သီးနှစ်ဖက်ဆုပ်လျက် ဘောက်ဆတ်ဆတ်
လျှောက်လာပုံကြောင့် သူမဒေါသထွက်လာပြီကို ပေရယ်လ်သိလိုက်သည်။
ဟိုတယ်လ်ထဲကထွက်လာခြင်း ဒေါသထွက်ခြင်းအရ ဟိုတယ်လ်ထဲမှာ ကိုကို
နှင့်တာလည်း တွက်မိကာ ထူးဆန်းနေမိသည်။

"ဟုတ်ကဲ့ပါရှင့်..ပြန်မယ့်ရက်လေးတော့ ကြိုပြောပါနော်.."

ညှိသည်တွေကို နှုတ်ဆက်ရင်း ကေရီ့ဆီပဲ မျက်လုံးကရောက်နေခဲ့
သည်။ သူမတို့ ခရီးသွားအေဂျင်စီက ဒီဟိုတယ်လ်နဲ့ချိတ်ထားတာမို့ ဧည့်
သည်လာပို့တာဖြစ်ကာ ဟိုတယ်လ်ပိုင်ရှင်ပြောင်းလဲသွားတာကိုလည်း သူမ
သိပြီးဖြစ်သည်။ ကေရီနဲ့ပတ်သက်သော ဒီရက်ပိုင်းသတင်းတွေအရ စိတ်ဝင်
စားမှုတွေချည်း ဖြစ်နေသောကြောင့် ကိုယ့်ကားဆီပြန်မဝင်ဘဲ ကေရီ့
ဆီကို ခပ်သုတ်သုတ်လျှောက်လိုက်မိ၏။ ကေရီသည် ဘေးပတ်ဝန်းကျင်
ကို သတိမထားနိုင်လောက်အောင် စိတ်တွေပူလောင်ဖောင်းပွနေခဲ့လျက်..၊

"ဒါဒါ အောက်ဆင်းခဲ့စမ်း.."

ဒါဒါထွက်လာတာမြင်လိုက်တော့ ပေရယ်လ်ကားတစ်စီးဘေးမှာ
ရပ်နေလိုက်၏။ ဒါဒါ့ရဲ့ပါးချိတ်နဲ့လည်တိုင်မှာ ခြစ်ရာတချို့ကိုမြင်လိုက်
သည့်ပြင် တကယ်ဆိုပလာစတာနဲ့ရှိနေရမည့် ဒဏ်ရာဒဏ်ချက်မျိုးဖြစ်

သောကြောင့် နားမလည်နိုင်။ နောက်ပြီး ကိုကိုနဲ့ဆတ်ဆတ်ခါသဝန် နေခဲ့ပြီး ကိုကို့ပိုင်နက်ထဲထိခေါ်လာတာ ဘယ်လိုသဘောလဲ..။ ဒါဒါ့ ဘာအဖြစ်နဲ့နိုင်စားပြချင်တာလား..ဖြစ်နိုင်ချေတွေကိုတွေးရင်း သူမဘာ ခဲ့သေးသည့်အဖြစ်တွေပေါ်မှာ ဆက်စပ်ကြည့်နေမိသည်။ ဇကရီ့ဒေါ် ကတော့ ကိုကို့အပေါ်လွှမ်းမိုးမနိုင်သမျှ ဒါဒါ့ဆီမှာပဲ စုပြုံနေကာ..

"လက်ခုံက ပလာစတာက ဘာလို့ခွာလာတာလဲ..ပလာစတာနဲ့ မောင်းလို့မရလို့လား၊ ဘာလဲ..ရှက်လို့လား၊ နင်အဲ့လောက်တောင် နေတာလားဗေဒါဖြူ.."

မေးခွန်းတွေဆက်တိုက်မေးသွားသမျှ ခံရသည့်လူဘက်က ဖွယ်မရှိ။ သည်းခံနိုင်စွမ်းလည်း မဲ့စေသော.. ।

"ငါ့ကိုဘယ်လိုမျက်လုံးနဲ့ ပြန်ကြည့်တာလဲ..ဆေးရုံကနေ ဆွဲ ပြီး ကားမောင်းခိုင်းလို့လား.."

လူတိုင်းမှာဒေါသရှိသည်ဆိုတာ ဒီမိန်းမမေ့နေတာလား...။ ဒါဒါ နာလွှဲလိုက်ရပေမယ့် ဇကရီ့စကားတွေပေါ်မှာ သည်းခံနိုင်စွမ်းမဲ့လာခြင်း ကိုယ့်ဘာသာခံစားမိနေသည်။ 'ငါလိုချင်တဲ့ငွေရဖို့အတွက် ခုချိန်မှာနင် ဖြစ်သွားပါစေ'ဆိုသည့် ခံယူချက်တို့က အောက်ခြေပြတ်အောင်ခြစားခံ သည့်တိုက်အိုဟောင်းကြီးနဲ့တူလာသည်။ သည်းမခံနိုင်တော့တာမျိုးလည်း မဟုတ်ဘဲ သည်းခံလိုက်ရတိုင်း နာကျင်ကျန်ရစ်တာမျိုး.. ।

ဒါပေမဲ့ သူမဒီခရီးမဆုံးဘဲ ညည်းညူလို့မဖြစ်ပါ။ ကိုယ့်ရဲ့နာကျင် ကို မျိုသိပ်၍ ခေါင်းငုံ့မျက်လွှာချနေလိုက်သည်။ ဇကရီ့က တစ်ခွန်းမှ ပြောသည့် ဒါဒါ့ပုံစံကို အသည်းတွေယားနေခဲ့လျက်.. ।

"မဟုတ်ဘူး ဟုတ်တယ်တောင် ပြန်မပြောနိုင်တာ နင့်ပါးစပ်က နေလို့လား.."

ပြန်မပြောဘဲနေတာလည်း တစ်ပြစ်.. ।

"ငါ့မှာရှင်းစရာပြဿနာနဲ့ ပူလောင်စရာသောကတွေနဲ့ နင်ငါ့နား နေပြီး အဲ့လိုဆွံ့အနားမကြားလုပ်မနေနဲ့သိလား..ငါ့လက်က ဒေါသ မြန်တယ်၊ ပြီးရင် ဇကရီမောက်မာတယ်ဖြစ်ဦးမယ်၊ ပလာဇာထဲထိ နင့် ရှုပ်တွေဆွဲသွင်းပြီး ဒီပြဿနာတက်တယ်ဆိုတာ ငါမသိဘူးမှတ်နေသလား"

ဒါဒါမျက်လုံးအဝိုင်းသားနှင့် အလန့်တကြားမော့လာမှ ဇကရီကျေ သွားသည်။ မှတ်ထား..။ ကိုလင်းက ကိုယ့်မောင်ဆိုတာ သင်းသိတာမဟုတ် ကိုယ့်အပြစ်ဆိုတာ ပေါ်စရာအကြောင်းမရှိသည့်အဖြစ်မှာ သူ့အပြစ်ဖို့ တွက် ခေါင်းထဲမှာအဆင်သင့်.. ।



"ဒီမီးလောင်မှုဖြစ်ရတာ နင့်ကြောင့်..ငါဖော်လိုက်ရင် နင့်ဂုဏ်သိက္ခာ ဘူး၊ ငါ့လုပ်ငန်းကြီးတစ်ခုလုံးပါ လူအယုံအကြည်မဲ့ကုန်မှာ..အဲ့ဒါ မပြောဘဲနေနေတာ အကောင်းမမှတ်နဲ့၊ နင့်ကိုယ်နင် လုံလုပြီထင်နေ .."

"မဟုတ်ပါဘူး..ကျွန်မမပြောချင်လို့ ဖုံးထားတာမဟုတ်ဘူး၊ ပြောရင် စိုးလို့ပါ.."

"ဘာမယုံစရာရှိလို့လဲ..နင့်လိုဘဝပျက်နေတဲ့မုဆိုးမကို ဘယ်ယော ဆိုမှန်းမှာပဲ.."

နားထဲမှာ ပူဆင်းသွားသည်။

"တော်ပြီ..တော်ပြီ၊ နင့်ရဲ့စာရိတ္တ ပုတ်သိုးနေလည်း ခုကျမှပြောနေလို့ နင်သိထားရမှာက နင့်ကိုဖျက်ဆီးဖို့ချောင်းနေတဲ့ယောကျ်ားတွေလက် နေ ငါကယ်ထားတယ်ဆိုတာပဲ၊ ဒီမိန်းမအပြောဆိုးတယ်..မောက်မာ ဆိုတဲ့မျက်လုံးနဲ့ ငါ့ကိုမကြည့်နဲ့၊ ငါ့အိမ်ထောင်ရေးထိခိုက်ပြိုကွဲခံပြီး ကိုကယ်ထားခဲ့တာ.."

ဒါဒါအံ့ဩသွားသည်။ ဒါဘာစကားတွေလဲ..။ သူမအိမ်ထောင်ရှိသည် သိသည်။ အဆင်မပြေကြဘူးဆိုတာလည်း သိခဲ့သည်။ ဒါတွေက ဖြစ်လို့ ကိုယ့်ကြောင့်ဖြစ်ရတာလဲ..။ သူ့ယောကျ်ားဘယ်သူဆိုတာတောင် မသိခဲ့ဘဲ.. ।

"ဘာမှနင်သိဖို့မလိုဘူး..ကျေးဇူးတင်ဖို့လည်း မလိုဘူး၊ အရေးမပါတဲ့ က်လုံးတွေကို ဆုံးမပြီး ရိုကျိုးတတ်ဖို့ကြိုးစား..အခု ဟိုမှာပါကင်ကြည့် တဲ့အစောင့်ကိုသွားပြီး ငါခေါ်နေတယ်လို့ပြော.."

"ဟင်.."

"အဲ့ဒီအစောင့်နေရာမှာ သူမလာမချင်း နင်ပါကင်ကြည့်ပေးထား.."

ဒီလိုခိုင်းရသည့်အကြောင်းကို နားမလည်ပေမယ့် ဒါဒါခေါင်းညိတ် ထွက်လာခဲ့သည်။ ဇကရီဆတ်ခနဲလက်ပိုက်လိုက်ပြီး ဒါဒါဖြည်းဖြည်း လျှောက်ထွက်သွားတာကို အရသာခံကြည့်နေလိုက်သည်။ သူမကိုဆေး ကနေ အိမ်ကိုမဟုတ်ဘဲ ဒီထိတမင်ခေါ်လာခဲ့တာမို့ ပြောရရင် သူမက ပဲရှိသေးသည်။ ခိုက်မိရှမိသည့်ဒဏ်ရာတွေနဲ့ အိမ်အပြင်မှာတစ်ည နေခဲ့သဖြင့် သတိလစ်အောင်ဖျားထားခဲ့တာ သေမယ်ဆိုသေနိုင်သည့်အ ။

ဒါပေမဲ့ သေသွားပါစေတောင် ဆုတောင်းနေရတာ ဘာလို့ညှာနေရ လဲ.. ကိုကိုမြင်ပါစေ.. ရင်ထဲမှာယားကျိကျိမချင့်မရဲဖြစ်ပြီး ပေါက်ကွဲပစ်

စမ်းပါ။ သင်းကိုဗေဒါဖြူတစ်သက်လုံး စိတ်မကူးတော့အောင် ကိုကို
လူယုတ်မာအဖြစ် သူမပုံဖော်ထားပြီးပြီ။ ရုပ်လုံးပေါ်ဖို့က ကိုယ့်ရှေ့
ဖြူ့ကို ပေါ်ပေါ်တင်တင်လက်ဆွဲခေါ်ထုတ်ဖို့ ရောက်လာတဲ့အချိန်-

"ကောင်မလေးက တော်တော်ယိုင်နေတဲ့ပုံပဲ.."

အနီးကပ်ပေါ်လာသည့်စကားသံကြောင့် ဖျတ်ခနဲလှည့်ကြည့်
ဧပရယ့်လ်ကိုမြင်လိုက်တော့ မျက်နှာသည်အလိုအလျောက်တင်း
ရောက်လျက်.. ၊

"ဟုတ်တယ်..ယိုင်ရုံတင်မကဘူး၊ ခုတင် ဆေးရုံကဆွဲထုတ်လာ
ပြောရင်း လက်ပိုက်လျက် သူမဘက်ကိုမျက်နှာချင်းဆိုင် လှည့်
လိုက်ကာ.. ၊

"ခိုင်းဖို့အတွက် လခပေးထားတာကို ဖျားချင်လို့ဖျားနေတိုင်း
ကုပေးနေတာလေ..ဒေါင်ဒေါင်မြည်တဲ့အထိ ပြုစုနေစရာလား.."

ဒီတိုင်းပဲဖြေမယ်ဆိုတာ သိပြီးသားပါ။ ကိုယ့်စိတ်ထဲမှာ မကောင်း
မယ့် မကောင်းတာကိုပြောမိရင်လည်း ထပ်ရွဲ့ဦးမှာမို့.. ၊

"မီးလောင်မှုဖြစ်တုန်းက ထိထားတာလား.."

"ဘယ်တုန်းကဖြစ်ဖြစ် ငါနင့်ကိုပြောချင်စိတ်မရှိဘူးဧပရယ်လ်
ဒီနားရောက်လာတာ အဲ့ဒါတွေစပ်စုဖို့လား.."

"မဟုတ်ပါဘူး..ငါ့ဦးလေးရဲ့အေဂျင်စီက ဧည့်သည်ကားနဲ့လိုက်ခဲ့

"ဩော်..ဒါဖြင့်တိုက်ဆိုင်တာပေါ့.."

ထေ့ငေါ့ဖို့စကားတွေခင်းနေပေမယ့် ဧပရယ်လ်မသိသလိုနေ
သည်။ လှမ်းကြည့်လိုက်တော့ ဒါဒါက ပါကင်စောင့်နဲ့နေရာချင်းလဲနေ
ကာ.. ၊

"အစ်မ ကျွန်တော့်ကိုခေါ်တယ်ဆိုလို့.."

အစောင့်က သူမတို့နားရောက်လာလျှင်.. ၊

"မင်းကိုခဏအနားပေးတယ်လို့ မှတ်လိုက်.."

ပြောပြီး လက်ကနာရီကိုပင့်ကြည့်လိုက်ကာ အိတ်ထဲကတစ်
ရှာနေရင်း.. ၊

"အကြွေကလည်းရှားလိုက်တာ.."လို့ ညည်းသေးသည်။ ပြီး
ငါးထောင်တန်လေးတွေကို ဖြစ်သလိုဆွဲထုတ်၍.. ၊

"ငါ့ကားကိုရေဆေးပေး.."

"ဗျာ.."

"ငါးထောင်ပေးရင် ပါးရိုက်ခိုင်းလို့ရတယ်နော်..အခု ငါ့လူကို



ခိုင်းနေတာ မင်းနစ်နာတယ်ထင်လို့လား.."

"ဟုတ်ပါဘူး.."

နောက်ကိုတော့ ပြန်ကြည့်ပေမယ့် အစောင့်ကကားဆေးပေးဖို့ ငြင်း
သည်။ ဧည့်သည်ကားတွေကိုလည်း ဆေးပေးရတာပဲမို့ တက်ကြွစွာလှုပ်
ရှားလသည်။ အစက ဒါဒါ့ကိုကားဆေးခိုင်းဖို့ မယ်  ဟိုတယ်  ပေါ်က
ကြည့်ရင် မလွတ်တမ်းမြင်နိုင်ဖို့က ကားဝင်ကားထွက်ဝေ နောက် ဟိုပြေး
သွားလုပ်နေမှ.. ၊

"ဒီလူကိုကားရေဆေးခိုင်းချင်တာ ဒါဒါ့ကိုလူစားထည့်ပေးဖို့မလိုပါ
ဘူးကရီရယ်.."

"ဒါဆို နင်သွားပေးမလား.."

မျက်နှာတည့်တည့်ကြည့်ပြီး မေးဆတ်မေးသည်။ ပြီးမှ.. ၊

"ဟိုတယ်လ်ပေါ်က ကိုတိုရှည်ကိုပြချင်လို့လုပ်တာ..သူချစ်တဲ့မိန်းမ
ဘယ်လိုအဆင့်အတန်းပဲရှိတယ်ဆိုတာ သိအောင်.."

"သိလို့ပဲ သနားနေတာမို့လားကေရီရယ်..ငါကစေတနာနဲ့ပြောတာ
 စခါကလည်း ဘွန်းချဖို့ကြိုးစားရင်း ကိုယ်ပဲပြုတ်ကျသွားတတ်တယ်..
အသူ့အဆင့်ကိုပြပေမယ့် ကိုကိုကနင့်အဆင့်လို့ပဲ သတ်မှတ်သွားရင်ရော"

ကေရီ့မျက်နှာ ရဲချိတ်သွားသည်။ ဧပရယ်လ်ဆိုတဲ့မိန်းမက ပြောလိုက်
 ဒီတိုင်း။ ပျော့ပျော့လေးနဲ့နံတဲ့ ကြောင်ချေးမ.. ၊

"နင်ဘယ်လောက်သိလို့ ငါ့ကိုဝေဖန်နေတာလဲ..ကိုကိုနဲ့ဗေဒါဖြူအ
ခြေအနေကို နင်ဘယ်လောက်သိလို့လဲ၊ မသိရင် ကိုယ့်ပါးစပ်ကိုယ်ပိတ်ပြီး
ကြည့်ပြန်လိုက်တော့ဧပရယ်လ်..ငါနင့်ကိုဒီ့ထက်ပိုမရိုင်းချင်ဘူး.."

"ရိုင်းစရာစကားရော ရှိသေးလို့လားကေရီ..ငါပြောသမျှ နင့်အတွက်
ညည်းပါပဲ..ပြောတိုင်းလည်း.."

"တော်တော့..နင့်အသံကိုပဲ လုံးဝမကြားချင်တော့တာ၊ ငါ့ရှေ့ကခုချက်
ချင်းထွက်သွား.."

နင်ထုတ်ခံရခြင်းက တိုးတိုးတိတ်တိတ်လည်း မဟုတ်။ ဧပရယ်လ့်
မျက်နှာလေး နီရဲသွားသည်။ ပြီးတော့ တစ်ခုခုပြန်ပြောဖို့ပြင်လျှင်.. ၊

"ဒါ ငါ့ပိုက်နက်နော်ဧပရယ်လ်..ငါယောက်ျားပိုင်တဲ့ဟိုတယ်လ်၊ နင့်
ကိုငါဆွဲမထုတ်ဘူး ထင်နေသလား.."

အခန်း(၁၀၄)

"ဖြည့်စွက်ပြင်ဆင်ရေးနဲ့ပတ်သက်ပြီး ရှေ့ဆိုင်းမှာပေမယ့် ဘယ် ပိုင်းကဏ္ဍတွေမှာ ဘယ်လိုလျာထားတယ်ဆိုတာ ဦးသိန်းဇံက ရှင်းပြ မှာပါ.."

"အဟမ်း.."

ဦးသိန်းဇံက Projectorရှေ့ကို ထသွားသည်။ သူလည်းကြည့် မျက်နှာမူထားပြီးဖြစ်သည်။ သို့သော် ဘယ်နှစ်ကြိမ်မြောက်မှန်းမသိ ထ လာသည့်ဖုန်းကြောင့် အားလုံးကိုအားနာသွားမိသည်။ ကေရီကျန်ခဲ့ ဖုန်းကမြည်နေမှန်းသိသောကြောင့် စိတ်တွေလည်းတိုမိ၏။ ဘာဖြစ်လို့ အိတ်ထဲထဲယူ ထည့်ထားခဲ့မိမှန်းလည်း မသိတော့ပါ။ ထို့ကြောင့် နောက်တ ပြန်မခေါ်ခင် ပါဝါပိတ်ထားလိုက်ဖို့ ဆုံးဖြတ်၍ အိတ်ထဲကထုတ်ယူလိုက် မှ.. ၊

ဘယ်လိုလဲကေရီ ကိုယ့်သူငယ်ချင်းအရင်းကြီးကိုတောင်
ဖုန်းမကိုင်ချင်တော့တာလား

ဖျတ်ခနဲလင်းလာသည့်ပေါ်မှာ တက်လာသည့်မက်ဆေ့ချ်ကြောင့် မျက်မှောင်ကုတ်သွားမိ၏။ ထို့နောက် ဆက်တိုက်ကြီးဝင်လာသည့် ဆေ့ချ်တွေကြောင့် သူမျက်လုံးပြူးသွား၏။



သံသရာဆိုတာ တစ်ပတ်လည်တတ်တယ်
အဲ့ဒါကိုနင်သိဖို့လိုပြီကေရီ
ငါဆက်ပြီးမျိုသိပ်မထားတော့ဘူး
သူ့သမီးလေးသေခဲ့ရတာ နင့်ကြောင့်ဆိုတာသိရင်
နင်တမင်ယုတ်မာခဲ့တာမှန်း ဒါဒါသိသွားရင်
ဘာတွေပြောင်းလဲကုန်မယ် နင်ထင်လဲ
ဆောရီးပဲ ဒါဒါ့ဖုန်းသံမြည်လာရင်
နင်ဘယ်လိုသွေးပျက်မလဲဆိုတာ
ငါဒီကနေ မှန်းကြည့်နေမယ်
ဒါပေမဲ့ သူမောင်းတဲ့ကားကိုစီးနေရတာဆိုတော့
ဒေါသလေးဘာလေး ထိန်းပေါ့ဟာ
သရီး တူး ဝမ်း........
ဒါဘာတွေလဲ.. ၊

မက်ဆေ့ချ်တွေဖတ်နေရင်း ကိုကိုကယောင်ကတန်းထရပ်မိသည်။ ထဲကဘယ်သူလဲ.. ကေရီကဘယ်မှာလဲ..။ ဘယ်လိုမကျေနပ်ချက်တွေနဲ့ .. ၊

"ဒုန်း.."

ခုံကြားထဲကထွက်လိုက်တော့ ကမန်းကတန်းဖြစ်နေသဖြင့် ခုံခြေ ထောက်နဲ့ငြိသွားသည်။

"ကိုကိုဘာဖြစ်လို့လဲ.."

စည်းဝေးခန်းထဲမှာ အားလုံးသူ့ကိုလှမ်းကြည့်ကြသည်။ Presentation အတွက် Projectorရှေ့မှာရှိနေသည့် ဦးသိန်းဇံလည်း လှုပ်ရှားမှု အားလုံးရပ်တန့်သွားပြီး သူ့ကိုကြည့်နေ၏။

"ကိုကို.."

ထွန်းထွန်းစိုးရိမ်သည့်မျက်နှာကြီးနှင့် ထွက်လိုက်မလိုပြင်သည်။ ကိုကို ခေါင်းခါပြပြီး ဒရိုင်ဘာဆီဖုန်းလှမ်းခေါ်၏။ ဆက်တိုက်လှုပ်ရှားမှုတွေနှင့် အတူ သူ့ခြေလှမ်းတွေစည်းဝေးခန်းထဲကနေ အပြေးတပိုင်းဖြစ်နေကာ.. ၊

"ကိုတုတ်..မနက်ကကေရီလာတာသိလား.."

"သိတယ်လေ..ပြန်ဆင်းလာတော့တောင် ဧည့်သည်နဲ့စကားပြောနေ တာအကြာကြီးပဲ.."

"ဘယ်ဧည့်သည်လဲ.."

စကားပြောနေရင်း ဓာတ်လှေကားရှေ့ရောက်လာသည်။ သို့သော် ငါး

လွှာကိုတက်နေသည်မို့ ကျွတ်ခနဲဖြစ်သွားမိရင်း.. ။

"သူ့သူငယ်ချင်းမိန်းကလေးထဲကလား..အနားမှာဒါဒါရှိနေတာ..
လား.."

ဒါဒါဆိုတော့ ဦးတုတ်ရှုတ်တရက်မဖြေနိုင်ဘဲ စဉ်းစားနေပုံရှိ..

"ကိုတုတ်မေးနေတယ်ဗျာ.."

"သူ့ဒရိုင်ဘာမိန်းကလေးလား.."

"ဟုတ်တယ်..သူ့ကိုတွေ့လား.."

"တွေ့တာပေါ့..ကောင်မလေးနေကောင်းပုံမရဘူး၊ ဒါပေမဲ့ ကား..
ကင်မှာ အစောင့်ကိုယ်စား.."

"ကိုတုတ်ကားစက်နှိုးထား..ကျွန်တော်ဆင်းလာပြီ.."

လှေကားကနေ တောက်လျှောက်ပြေးဆင်းခဲ့ရင်း လှေကားထစ်..
လည်း ကျော်ခွဆင်းမိလိုမိ။ ပြီးခဲ့သည့်အဖြစ်တွေ အသစ်ပြန်ပေါ်လာ..
ဒါဒါဘယ်လိုမှ ခံစားနိုင်မှာမဟုတ်။ ဘာလုပ်ရမည်ဆိုတာ ခေါင်းထဲမှာ..
အစီအစဉ်မှ မရှိသော်လည်း အောက်ရောက်တာနှင့်ဟန်မဆောင်နိုင်။ ..
ဆီတအားပြေး..သွားမိကာ.. ။

"သွားမယ်..ပြန်မြန်တက်.."

ဒရိုင်ဘာလည်း ခလုတ်တွေတိုက်၏။ ရင်ထဲမှာ မီးတွေတောက်..
သလား ဒါမှမဟုတ် မုန်တိုင်းနဲ့လျှင်ရောပါနေသလား။ တစ်ခါမှ..
သော ရင်တုန်စိတ်လှုပ်ရှားခြင်းက ဘာတွေပဲဖြစ်ခဲ့ပါစေ ခုဘာတွေဖြစ်..
မှာဖြစ်ဖြစ် ပူပင်သောကမှန်သမျှ ဒါဒါ့အပေါ်မရိုက်ခတ်စေဖို့သာ သူ့အ..
အဓိက။ ဒီမိန်းကလေးရဲ့ ပူလောင်ကြေကွဲရခြင်းတွေသာ ဒီလောက်နဲ့..
မရပ်တန့်သေးဘူးဆိုပါလျှင်.. ။

.........ဒီကောင်မလေးရဲ့ ရင်ထဲကမီးလောင်ကျွမ်းနေတယ်......

........ဒီကောင်မလေးရဲ့ ကြေကွဲခြင်းအတိတ်တွေ ဘယ်သူသိ..

........ဒီကောင်မလေးရဲ့ ငိုကြွေးခြင်းသမိုင်းဟောင်းတွေ........

........ဒီကောင်မလေးရဲ့ ကိုယ်စားမျှဝေလို့........



## အခန်း(၁၀၅)

"ဒီမှာစောင့်နေ.."

..ပြီး မျက်မှန်ဆိုင်ထဲဝင်သွားသည်။ လူကိုလှမ်းမြင်နေရပေမယ့်
..တော်ကြာတာတောင် ထွက်မလာပေ။ လူကအစားမဝင်သေး။ ဒဏ်ရာ
..ချို့ကလည်း အကင်းမသေ။ ထို့ကြောင့် ကိုယ်လက်မအီမသာဖြစ်ရခြင်း
.. တစ်မျိုး။ ခေါင်းတွေလည်း မူးနေသည်။ ကားပါကင်မှာ အာရုံစိုက်လှုပ်
..လိုက်ရသဖြင့် ပိုဆိုးသွားတာလည်းဖြစ်နိုင်သည်။ ဒါဒါဘယ်လိုမှ ခေါင်း
..ချင်တော့ဘဲ စတီယာရင်မှာ နဖူးနဲ့ထိကပ်မှောက်ရင်း မျက်လုံးတွေကို
..တ်ထားလိုက်မိသည်။

ထိုအခါ အားနည်းခြင်းကြောင့် ရင်ခုန်သံတွေရိုက်ခတ်နေသောရင်
..တစ်ပြင်လုံးက စည်တီးနေသည့်နှယ်။ ဤကဲ့သို့ ကိုယ့်ဒုက္ခနဲ့ကိုယ်
..လှုပ်မရှားချင်ဖြစ်နေဆဲ ဖုန်းသံက လူကိုနှိုးနေသည်မို့.. ။

"ဟလို.."

"ဒါဒါလား..တို့ကပေရယ်လ်ပါ၊ ဆရာလေးကျောင်းမှာတုန်းက ငါတို့
..ဘားပြောခဲ့သေးတယ်လေ..ဇေရီ့သူငယ်ချင်း.."

"အင်း..သိပါတယ်၊ ဒါပေမဲ့ ခုလေ.."

"အရေးကြီးတဲ့သတင်းပြောစရာရှိလို့ပါ..အဲ့ဒါက မင်းနဲ့ပဲသက်ဆိုင်နေ

တာ၊ မင်းနဲ့မင်းသမီးလေးပေါ့..”

လေးလံစင်းကျနေသည့် ဒါဒါ့မျက်တောင်ဖျားတွေ ဖျတ်ခနဲပင့်တက်သွားသည်။ စတီယာရင်မှာ ခေါင်းတင်ထားရာကနေ တဖြည်းဖြည်းမော့လာခဲ့၏။

ဇေကရီကားဘက်ကို မျက်နှာအလှည့်မှာ ဒါဒါဖုန်းပြောနေတာကို မြင်လိုက်သည်။ ကိုကို့ဖုန်းများလားလို့ တွေးလိုက်မိသည်နှင့် ရွှေးဖယ်နေသော အလှတပ်မျက်မှန်တွေအားလုံး ရှေ့ပြန်တွန်းလိုက်ပြီး.. ။

“နောက်မှလာကြည့်တော့မယ်..”

စကားသံကို ချန်ခဲ့ပြီး လူကဆိုင်ပြင်ရောက်နေသလို ခြေလှမ်းတွေ သွက်နေခဲ့သည်။ ကားတံခါးဆွဲဖွင့်လိုက်တော့ ဒါဒါသည်ဖုန်းကိုနားမှ ချလိုက်ပြီဖြစ်၏။ သို့သော် သူမဘက်ကိုနည်းနည်းမှ ငဲ့မကြည့်ဘဲ ဖုန်းကိုအသာလေးထဲ ပြန်ထည့်နေသည်။

“ဘယ်ကဖုန်းလဲ..”

ဒါဒါက သူမဘက်ကိုငဲ့ကြည့်မလိုဖြစ်သွားပြီးမှ ရှေ့ပြန်လှည့်သည်။ ကိုကို့ဖုန်းလားလို့ မေးဖို့ကလည်း မဖြစ်နိုင်။ ကိုယ့်ရှေ့မှာ ဖုန်းပြောတာတောင် မရှိသလောက်ရှားခဲ့တာမို့ ရင်ထဲမှာ မရိုးမရွဖြစ်သွားခဲ့၏။

“ငါ့အလုပ်ချိန်မှာ ဘယ်ကဖုန်းလာလာမကိုင်နဲ့နော်..ငါမကြိုက်ဘူး နင့်ကိုတစ်ကောင်ကြွက်မို့ အထူးရွေးချယ်ထားတာ သဘောပေါက်..”

ဒါဒါက ဘာမှပြန်မပြောဘဲ ကားစက်နှိုးသည်။

“အိမ်ပြန်မှာ..အပေါ်လမ်းကပတ်မောင်း..”

‘ဟုတ်’ဆိုသည့်အသံကို နားစွင့်ထားပေမယ့် ဘာသံမှမလာ။ မှန်ထဲကနေ အကဲခတ်လိုက်တော့ ဒါဒါ့မျက်နှာလေးက အသိမဲ့နေသလို အေးစက်စက်နေသည်။

တကယ်လည်း သူမရင်ထဲမှာ ဘာဆိုဘာမှရှိမနေတော့ပါ။ အခြေအနေမဲ့ မိသားစုမဲ့ဘဝမှာ သူမငွေကိုဘာကြောင့်လိုချင်ခဲ့သလဲ..။ ငွေအတွက် လူတကာမလုပ်သည့်အလုပ်မျိုးမှာ သူမဘာမအတွက် အံကြိတ်တင်းခံနေခဲ့သလဲ.. ဒါတွေအားလုံးဟာ အမေနဲ့သမီးလေးအတွက်ပါ။ မိမိဘဝကို တက်စေခြင်းဖြင့် သူတို့အတွက် ကိုယ့်စိတ်ကြိုက်လှူဒါန်းချင်သည်။ ဒါသည်ဒုတိယ သူတို့အတွက်က ပထမ.. ။

ခုတော့ သူမတောက်လျှောက်ဘာတွေလုပ်နေခဲ့သလဲ.. သမီးလေးသတ်တဲ့မိန်းမဆီမှာ ဒီမိန်းမရဲ့ရိုက်နှက်ခံပြီး သူမကျွန်လုံးလုံးဖြစ်ခဲ့သည်.. သူမကဘာလဲ.. သမီးကိုလည်း ရှင်သတ်သင့်ပါတယ် ကျွန်မကိုလည်း



သလိုပြုပါ စေလိုရာစေပါဆိုပြီးတော့လား..။ နင်ကတော့မပဲဒါဒါ..

“မင်းကိုသူငြိုးနေတာဒါဒါ..ဘာကြောင့်ငြိုးတယ်ဆိုတာက နောက်လမ်းတစ်ပုဒ်ဖြစ်သွားပြီမို့လို့ မပြောချင်တော့ဘူး၊ တမင်သေအောင်တာမျိုး မဟုတ်ပေမယ့် တစ်ဖက်သားသေသေရှင်ရှင် ရက်ရက်စက်စက်တတ်တာ သူ့အကျင့်ပဲ..ကလေးဆုံးသွားတဲ့နောက်ပိုင်း သူနဲ့တို့လိုင်းသွားတာပဲ၊ မင်းသူ့ဆီမှာ အလုပ်လုပ်ဖြစ်တဲ့အထိ မင်းပတ်ဝန်းကျင်ကို ခြောက်သလိုခြောက်ပြီး မရအရကြိုးစားခဲ့တာ..အဲ့လိုနိုင်နင်းနှိပ်စက်ဖို့ ရွယ်ချက်တွေနဲ့ တမင်ငွေပုံပေးခဲ့တာ...

....ဘာဖြစ်လို့လဲလို့မမေးနဲ့..သူလုပ်ချင်လာရင် တစ်ဖက်ကအကြောင်းလိုရှိရှိ ဖွတ်လုပ်တယ်၊ တို့သေချာသိတာတော့ မင်းကိုသူဖျက်ဆီးပစ်ဖို့ ကြိုးစားခဲ့တာ..Shopping Mallမီးလောင်တာလည်း သူ့မောင်ကြောင့် လင်းမြတ်ဇော်ဆိုတာ သူ့မောင်အရင်းကြီးပဲ..မောင်ကလူဆိုး အစ်မကတယ်..”

ဒါဒါ့မျက်ဝန်းမှာ စိုစွတ်ခြင်းမရှိ။ မျက်တောင်လည်းမခတ်။ ကားတစ်ဖြောင့်တည်းပြေးနေသလို သူမမျက်ဝန်းတို့သည်လည်း ရှေ့မှာစူးစိုက် နည်းနည်းလေးတောင် မရွေ့။ ထိုစဉ် ဖုန်းမြည်သံပေါ်လာသည်။ ဇေကရီက ဆတ်ခနဲလှည့်ကြည့်၏။ ဒါဒါကမကြားတာလား သူမပြောထားကိုင်ဖို့အစီအစဉ်မရှိတာလား..။ ဖုန်းသာဒီတိုင်းချထားတာဆို သူမကောက်ကြည့်မိမှာ သေချာ၏။ ထို့ပြင် ဖုန်းသည်ပြန်ခေါ်လိုက် ပြန်ကျသွားလိုက်..

ဖုန်းမြည်နေတာ ပြန်ကျသွားတာတွေ ပြီးတော့ ဘယ်သူ့ဖုန်းဖြစ်နေမှာ ဒါဒါဘာကိုမှစိတ်မဝင်စားတော့ပေ။ စတီယာရင်မှာ အသာလေးတင်ထားသည့်လက်က တဖြည်းဖြည်းဖိကပ်ထားခြင်းသို့ရောက်ကာ တင်းတင်းထားသည့်နှုတ်ခမ်းလေးတွေက မသိမသာတုန်ယင်လာ၏။ ပြီးတော့ မချိကိုက်ပစ်သည်။ ရက်စက်လိုက်ကြတာ..လုပ်ရက်လိုက်တာ ငါ့သမီး.. ။

မျက်တောင်ဖျားတို့ ဖြန့်ကပ်သွားကြသည်။ မျက်ဝန်းအိမ်က ပိုပြူးသလိုရှိပေမယ့် မျက်ရည်ရောင်မတင်.. ။

“ကလေးက တစ်ကိုယ်လုံးအတွင်းကြေကြေသွားတာ..”

“အဲ့ဒီလူက တခြားလူမဟုတ်ဘူး..ဇေကရီဆိုတဲ့ နင့်ဘေးမှာထိုင်နေတဲ့ ..ပဲ..”

“သူပဲ..နင့်ကိုမုန်းလို့ သူများတွေဘာဖြစ်ဖြစ်ဆိုပြီး ရက်ရက်စက်စက် ကိုက်ပစ်တာ..”

"သူတမင်တိုက်ခဲ့တာ..ကလေးကဖျားလို့မဟုတ်ဘူး၊ ကားတိုက် ကြောင့် အတွင်းကြေကြေပြီး ဆုံးရှာတာ.."

ကြားခဲ့သည့်စကားသံတွေက ရှေ့ကနောက် နောက်ကရှေ့အထပ်ထပ် ပြန်ကြားနေသည်။ ပြီးတော့ ဓပရယ်လ်တစ်ယောက်တည်းပြောနေတာ ဟုတ်တော့ဘဲ လူတွေအများကြီးပြောနေကြသလို တဖြည်းဖြည်းသော ကျယ်လောင်လာခဲ့လျက်.. ၊

"မင်းရဲ့ကလေး..သူ့ကြောင့်သေတာ.."

"သူတမင်ဝင်တိုက်ပစ်တာ.."

"မင်းဘေးမှာထိုင်နေတဲ့မိန်းမပဲ.."

ကား၏အရှိန်သည် ဝေါခနဲမြင့်တက်သွားခဲ့၏။ ဓကရီအေးဆေး နေရာကနေ ကော့ခနဲယိမ်းထိုးသွားကာ တအံ့တသြလှည့်ကြည့်သည်။ ပြီး တော့ လမ်းပေါ်မှာသွားလာနေကြသည့် ဆိုင်ကယ်လ်တွေကားတွေ လန့်တကြားပြန်ကြည့်လိုက်ပြီး.. ၊

"ဘယ်လိုဖြစ်တာလဲဗေဒါဖြူ..လမ်းပေါ်မှာ၊ ဟဲ့..အမလေး.."

ကားသည် လမ်းမကနေ ဘေးကိုကွေ့ချိုးသွားတာ ဝေါခနဲ.. ၊

"ဒါဒါ..နင် နင်ရူးနေပြီလား၊ ဒီအရှိန်နဲ့မောင်းလို့မရဘူးဆိုတာ လည်ဘူးလား..ခရုပ်စမ်း.."

"ဒီအရှိန်နဲ့မောင်းမှ နင်သေမှာပေါ့.."

"ဘာ.."

ဒါဒါက နာနာကျည်းကျည်းမဲ့ကာ ကားကိုအရှိန်ထပ်တင်၏။

"နင်ကံကောင်းတယ်..ကိုယ်သေမှာကို ခုလိုကြိုသိရတာ၊ ငါ့သမီးလေး ကတော့.."

"ဟဲ့..မလုပ်နဲ့.."

ကားသည် လမ်းဘေးကိုရိပ်ခနဲထိုးဆင်းသွားခဲ့ပြီး.. ၊

"အမလေး..အား.."

"ဒုန်း..ဝုန်း.."

ကားရှင်းသည့်လမ်းကို ထိန်းချုပ်မောင်းလာခဲ့သည့်စိတ်က ကုန် ကြီးဆီ ဦးတည်လိုက်သည့်အချိန်မှာ လုံးဝဗလာ.. ၊

"အား..ကျွတ် ကျွတ်.."

ကားတစ်စီးလုံးသည် ဘယ်ကအခိုးအငွေ့တွေနဲ့ ဝိုင်းပတ်နေမှန်းမသိ ဘဲ တိတ်ကျသွားသည့်အောက်မှာ မြင်ကွင်းကတစပြင်ကဲ့သို့.. ၊

"ဒါဒါ..ဒါဒါ.."



"သမီးရေ..ဒါဒါ ထလေ.."

"မေမေ့..မေမေ သမီးကိုမျက်လုံးဖွင့်ကြည့်.."

ပြေးရောက်လာကြတာ လူတွေအများကြီး။ အမေရယ် မင်းမင်းရယ် တော့ မင်းနိုင်။ ပြီးတော့ ဦးဝင်းမောင်ရဲ့မျက်နှာကြီးလည်းပါ၏။ တစ် က်က ရှေ့တိုးလာလိုက် နောက်ပြန်ဆုတ်ပြီး နောက်တစ်ယောက်က ရောက်လာလိုက်.. ၊

"ဒါဒါရေ.."

"မေမေ့..ထလေ.."

"အမေ့လက်ကိုကိုင်ပြီးထလိုက်.."

"မေမေ့..သမီးအရမ်းနာနေပြီ..'

ဟင်.. ၊

သမီးလေး အော်လိုက်တာလား..။ ဒါဒါသတိဝင်လာသည်။ ဖိကပ် ခံနေသည့် လေအိတ်ကို ဖယ်ရှားဖို့ကြိုးစားရင်း သမီးကိုကယ်ဖို့ပဲ တွေး နေသည်။ ကားထဲမှာ ငါပဲ..။ ငါ့သမီးလေးက မရှိတော့ဘူး.. ၊

စိတ်နဲ့လူနဲ့ကပ်လိုက် မကပ်လိုက်။ ထို့ပြင် ခုနခေါ်သံတွေလည်း လုံး ဆိတ်သုန်းနေခဲ့ပြီး.. ၊

ဓကရီဘယ်မှာလဲ.. ၊

ကားထဲကနေ အပြင်ကိုအထွေးလိုက်ပြုတ်ကျသွားသည်နှင့် ကိုယ်ဘာ ခဲ့တာကို သတိရလာသည်။ ဓကရီသေပြီလား..သူမသေသွားပြီလား..။ ယ်တောင်မတတ်တပ်ရပ်ဖို့ကြိုးစားနိုင်သေးရင် သူမလည်းထရပ်နေလောက် ပေါ့..။ ကားရှေ့ကနေ ပတ်သွားစဉ် နာကျင်ချိန့်နေသည့်ခြေထောက်တွေ ဖုတ်ခနဲလဲကျသွားလိုက် ပြန်ထရပ်လိုက်.. ၊

ကားဆက်ဝေးအောင်ရှင်းသည့်နေရာမို့ တစ်ယောက်စနှစ်ယောက်စ ြေးလာကြပေမယ့် လူဘာမှမဖြစ်တာမြင်တော့ အနားမကပ်ကြပေ။ ဒါဒါ ကရီ့ဘက်ကတံခါးကို အကျောက်အကန်ဆွဲဖွင့်သည်။ သူမသေပြီလား သေဘူးလားဆိုတာသိရဖို့အရေးက ကိုယ့်ရဲ့သေရေးရှင်ရေးထက် အရေး ကြီးနေသည်။ ခုနေဒါကိုမသိရဘဲ သေရတော့မယ်ဆိုရင်တောင် နောက်ဆုံး ွက်သက်ကို မရမကပြန်မျိုချမိမလားမသိ.. ၊

ဓကရီသည် ဒတ်ရှ်ဘုတ်ပေါ်မှာ ခေါင်းစိုက်လျက် သူမနဖူးကနေသွေး ကျနေတာ မြင်မကောင်း။ သူမကိုကားအောက်ကျလာအောင် ကျားကုတ် ခဲ့ကြိုးစားနေရင်း ဒါဒါ့တစ်ကိုယ်လုံးခွန်အားမဲ့လာသည်။ မျက်လုံးတွေ ဝေလာခြင်းနှင့်အတူ ဒူးတွေကဆတ်ဆတ်တုန်၏။ လူတချို့သူမနဲ့အနီး

အနားကို ရောက်လာတာလည်း သတိမထားမိ။ ခွေခေါက်ပုံကျနေသည် ရှိဘေားမှာ ဒူးထောက်လေးထိုင်ကျသွားသည်နှင့် လူကနောက်ထပ်မလှုပ် အောင် ချုံးချုံးကျလေသည်။ သို့သော်.. ။

"မေမေ.."

"ဒါဒါ..သမီး.."

မျက်နှာတွေ အာရုံထဲမှာ တစ်လှည့်စီပေါ်လာသည်။ နဖူးမှာ လေးနှင့် မင်းမင်းကမျက်ရည်တွေစိုရွှဲလျက် ဧကရီရဲ့ဟိုဘက်မှာ ကြောင့်လေး လာထိုင်သည်။ ပြီးတော့ ဧကရီကိုငုံ့ကြည့်၏။ ပြီးတော့ ကိုပြန်မော့ကြည့်ကာ.. ။

"မေမေ့..သမီးမေမေ့ဆီလာချင်တယ်.."

ငါ့သမီးလေး.. ။

ပြည့်ဝိုင်းနေသည့်မျက်ရည်စက်တို့ လျှောခနဲလိမ့်ဆင်းသွားလျှင် မင်းရဲ့ပုံရိပ်လေးပါ ပျောက်ကွယ်သွား၏။

သမီးလာရမှာမဟုတ်ဘူး..မေမေကလာမှာ၊ မေမေသူ့ကိုသတ်ခဲ့ဦး ..သူမသေဘဲကျန်ခဲ့ရင် မေမေသေရတာ အလကားဖြစ်သွားမှာပေါ့၊ ရင် မေမေလာမယ်နော်.."

ဒါဒါ့လက်နှစ်ဖက် ဟိုစမ်းဒီစမ်းရှာဖွေနေသည်။ ပြီးတော့ မြေပြင် မှာ လေးဘက်တွားသလိုရှာ၏။ ထိုအခါ လက်ထဲမှာ လမ်းခင်းကျောက် ကြီး၏ အပိုင်းအစတစ်ခုပါလာပြီး.. ။

"ဒါဒါမလုပ်နဲ့.."

ကိုကိုအသံပြာအောင် အော်သည်။ လေတိုက်သလိုပြေးလာပြီး လက်နှစ်ဖက်နဲ့ကိုင်မြှောက်ထားသည့် ကျောက်တုံးခြမ်းကို ဆွဲလုထား ၏။

"ရှင်..ရှင်ဘာလုပ်တာလဲ၊ ပြန်ပေး..သူ့ကိုကျွန်မသတ်ရမယ်၊ သ ဖြစ်မှာ..ကျွန်မမသွားခင် သူ့ကို.."

ကျောက်တုံးဆီလက်လှမ်းနေရင်း ဒူးထောက်ထိုင်နေရာကနေ ကျသွားသည်။ ဖရိုဖရဲဆံနွယ်ထွေးတို့ပေါ်မှာ မျက်ရည်တို့စိုလူးနေသည် နှာလေးစောင်းကျငြိမ်သက်သွားခဲ့ပြီး.. ။

ကျွန်မမသွားခင် သတ်မှဖြစ်မယ်..သူ သူမသေလို့မဖြစ်ဘူး....

သူမသည် အသိစိတ်တို့ကိုယ်မှလွင့်ကွာသွားသည့်တိုင် တတွတ် အော်ဟစ်နေဆဲ.. ။



## အခန်း(၁၀၆)

စက္ကန့်သံတချပ်ချပ်က ရင်ထဲမှာကျယ်လောင်စွာ မြည်ဟီးနေသည်။ နာရီသို့မပြောင်းဘဲ စက္ကန့်သံတွေနဲ့သာ အချိန်စက်ဝန်းကို စောင့်စား သလို သည်းမခံနိုင်အောင်ဖြစ်လာခဲ့၏။ ကော့နက်သည့်မျက်တောင်ရှည် စိတ်ယှက်လျက် အားလုံးကိုအေးစက်စွာ ဥပေက္ခာပြုနေခဲ့သည့်မျက်နှာ ကို သူထိုင်ကြည့်နေခဲ့တာ ကြာပြီဖြစ်သည်။ နွေးနေသည့်လက်ဖဝါး ကို ဆုပ်ထားမိလိုက် နဖူးဆံစလေးတွေကို သိမ်းပေးမိလိုက်.. ။

နှစ်ယောက်စလုံး အရေးပေါ်ကိုရောက်လာကြပေမယ့် ဧကရီ့တစ် လုံးသွေးချင်းချင်းနီလာခဲ့တာတောင် ဒါဒါကခုချိန်ထိသတိမရ။ သူမ ကို ခုလိုပုံအတိုင်း သူမြင်ခဲ့ရတာ ဒီတစ်ခါနဲ့ဆို သုံးကြိမ်ရှိပြီထင်သည်။ လောက်ဒုက္ခသောကတွေနဲ့ လုံးထွေးညစ်ပတ်နေရတဲ့ မိန်းမသားရှိပါ့မ ။ မပြည့်စုံကြတာချင်းတူရင်တောင် ဘာမှကိုမရှိခဲ့သည့်မိန်းမတစ် က်အနေအထားနဲ့ ကြိုတင်ကြံစည်မှုတွေနဲ့ ဒုက္ခပေးသမျှကိုလည်း စု စားနေရသည့်အဖြစ်မျိုး... ။

"ကိုကို.."

ထွန်းထွန်းအနားရောက်လာပြီး လက်တို့သွားသဖြင့် သူထလိုက်လာခဲ့ သည်၊ အပြင်ကျမှ မျက်နှာချင်းဆိုင်ရပ်မိကြကာ.. ။

"ဧကရီဆီ မင်းခဏတော့.."

"ခဏမှမသွားဘူး.."

"မကောင်းဘူးထင်တယ်.."

"မကောင်းတတ်တာတွေကို ငါကဘာဖြစ်လို့ ဂရုစိုက်ရမှာလဲ..သူ ပြီးနေတာကြာပြီ၊ ရှေ့ဆက်ကြမယ်ဆိုရင် တိုက်ပွဲပဲ..အဲ့ဒါအတွက် ငါ နာသွားမေးရမှာလား.."

ကိုကို့မျက်နှာကနီနေသည်။ ဒေါသကြောင့် မျက်လုံးတွေကစူးရဲ ၏။ ဒါမှမဟုတ် လူမမာနားမှာနေ့ရောညရော ငုတ်တုတ်ထိုင်နေခဲ့ အနားမယူရသေးသည့် ပင်ပန်းနွမ်းနယ်မှုတွေပဲလား.. ၊

"သူနဲ့ငါပတ်သက်စရာအကြောင်း မရှိဘူး.."

"အေးလေ..ဒါပေမဲ့.."

ကိုကိုက မျက်နှာလွှဲပစ်လိုက်ပြီး ကျိန်းစပ်စပ်ဖြစ်နေသည့်မျက်လုံး ကို ဖိမှိတ်ပစ်သည်။ ပြီးတော့ အပြင်ဘက်ညှော်သည့်ခုံမှာပဲ ခပ်လေးလေး ချလိုက်ကာ.. ၊

"ချာတိတ်ကို ငါရယူဖို့ကြိုးစားနေလေ သူ့ရဲ့အနိုင်ယူမှုတွေက ကြ တမ်းလာလေ..နောက်ပြီး အဲ့ဒီကြမ်းတမ်းမှုတွေက ချာတိတ်အပေါ်မှာပဲ ကျတယ်..ဒီလိုအဖြစ် နောက်ထပ်မဖြစ်စေရဘူး.."

"ဒါဆိုမင်းက.."

"ချာတိတ်ကို ပိုင်ဆိုင်ဖို့ ငါမကြိုးစားတော့ဘူး.."

ဒါလေးပြောတာတောင် စကားသံတွေက တုန်ယင်နေသည်။ ဒါ တစ်ခုခုဖြစ်ပြီဆို ခလုတ်တိုက်အောင်ပြေးသည်။ ခုချိန်ထိ အလုပ်ပျက် ခိုက်ခံပြီး ဒါဒါ့နောက်ပဲအရိပ်လိုလိုက်နေတာ ဘယ်သူလဲ..။ စင်းချ ငြိမ်သက်နေသည့် ကိုကို့မျက်တောင်ဖျားတို့ကို စိုက်ကြည့်ရင်း ထွန်းထွ မကောင်းဖြစ်နေမိသည်။

"ဒါတော့ အေးချမ်းမယ့်လမ်းလို့ ထင်စရာရှိတာပေါ့ကွာ..မင်းနေ ဆတ်လိုက်ရင် ဧကရီက ဒါဒါ့ကိုဒုက္ခမပေးတော့ဘူးလို့လည်း ထင်စရာရှိ ပဲ၊ အစကငါတို့တောင် မင်းကိုလက်လျှော့ဖို့ ခဏခဏသတိပေးခဲ့သေး ..ဒါပေမဲ့ အခုဒါဒါက အကြောင်းမှန်းကံမှန်းသိနေပြီလေ၊ သူကိုယ်တိုင် လက်အောက်က ခွာထွက်တော့မှာ.."

"အဲ့ဒီတော့ ဘာလုပ်စေချင်တာလဲ.."

"မင်းသူ့အတွက် ရှိနေသင့်တာကိုပြောချင်တာ..မင်းကိုယ်ငိုင်လည်း ပြောနေတာကတခြား ရင်ထဲမှာတခြားပါကွာ၊ ငါတို့ကိုလာညာမနေပါနဲ့..



ကို မင်းဘယ်လောက်ကြွေနေတာ ငါတို့မသိတာမှမဟုတ်ဘဲ.."

ကိုကိုကခေါင်းခါသည်။ ချစ်တဲ့စိတ်ကို ဘယ်သူမှတိုက်တွန်းဖျက်ဆီး ရပါ။ သူဆုံးဖြတ်လိုက်တာ ဘယ်သူ့ကြောင့်မှမဟုတ်။ ဘယ်သူ့အတွက် ည်း မပါ.. ၊

"ဧကရီနိုင်တယ်..ငါရှုံးတယ်.."

"မရှုံးဘူးဟေ့ကောင်..တစ်ကိုယ်လုံးပုတ်ပွလောက်တက်နေတဲ့လူတစ် ကောက်ကို မင်းကဘာကြောင့်ရှုံးရမှာလဲ၊ အမှန်တရားဆိုတာ နောက်ကွယ် ရောက်နေတတ်ပေမယ့် အမြဲတမ်းတော့မဟုတ်ဘူးကိုကို..သူမင်းကိုချုပ် ထားနိုင်တဲ့အကြောင်းတွေက သူနဲ့မပြတ်စဲရသေးတဲ့အဖြစ်တစ်ခုတည်း ကြောင့်ပဲ..တေဇနဲ့ဘယ်လောက်ထိ နယ်ကျွံခဲ့သလဲဆိုတာ ငါတို့မှာသက်သေ ရှိတယ်၊ ဒီတစ်ခုနဲ့တင် မင်းကိုသူကွာရှင်းမပေးလို့မရတော့ဘူး.."

"ရသေးတယ်.."

"ဘာရတာလဲ.."

ထွန်းထွန်းက သူ့ဘေးမှကပ်ထိုင်လိုက်ပြီး မျက်နှာရှေ့တိုးကာ.. ၊

"ကိုယ်ဝန်ကိစ္စဆိုတာ မင်းလန့်နေတာမို့လား..အဲ့ဒါတေဇကို နှစ်ချက် ကပ်ပဲထုလိုက်..အကုန်ပေါ်တယ်.."

"ငါ့ကိုယ်ငါမသေချာဘူးထွန်းထွန်း.."

"ဘာ.."

သူ့အတွက်လူမှုရေး စီးပွားရေးတွေကြောင့် သောက်စားမူးရူးပြီး ပြန် တဲ့ညတွေဆိုတာ မရှိတတ်လို့လား..။ မူးနေတဲ့သူမှာ ဒီလိုအသိစိတ်မျိုး ကပ်ဆိုတာ သူတစ်ခါမှမကြုံဘူးသလို သိလည်းမသိ.. ၊

"သံသယစိတ်က ကြောက်စရာကောင်းတယ်ကိုကို..မင်းကိုယ်မင်းလိပ် သန့်နဲ့နေလာခဲ့တာ မဟုတ်ဘူးလား၊ မိန်းမတစ်ယောက်ဆိုတဲ့ ဦးစား စိတ်နဲ့ မင်းကိုယ်မင်းပဲအပြစ်ပုံချဖို့ ကြိုးစားနေတာအဲ့ဒါ.."

စိတ်ရှုပ်လာတိုင်း မျက်နှာပွတ်ရင်းနှင့် ပူပူကျိန်းကျိန်းဖြစ်လာသည့် မျက်လုံးတွေက ပိုဆိုးလာသည်။ သူဘာတွေဖြစ်နေတာလဲ ဘာဆက်ဖြစ် သလဲ ဘာမှမသိတော့ပေ။ တောက်လျှောက်ခိုင်မာလာခဲ့သည့် အသိစိတ် က ဒါဒါ့ကိုစွန့်လွှတ်ဖို့ ပြင်ဆင်လိုက်ချိန်မှာပဲ တဖျစ်ဖျစ်အက်ရာထင်လာ သည်။

"ချစ်တဲ့စိတ်ဆိုတာ ချုပ်ကိုင်လို့မရတာမှန်တယ်..မင်းခံစားနေရတာ ဘာသာပဲဆုံးဖြတ်ရမှာလည်း မှန်တာပဲ၊ ဒါပေမဲ့ မီးကြီးလာရင်တော့ လုံးဝိုင်းဝန်းရတာပဲကွ..ရေနဲ့ရရင်ရေနဲ့ မရရင်ဖျက်ချ ဖောက်ခွဲသင့်ရင်

လည်း ဖောက်ခွဲပစ်ရမှာပဲ၊ မိန်းမတစ်ယောက်ကြောင့် တိုင်းပြည်ပျက်
တကယ်ဟုတ်ခဲ့ရင်တောင် အဲ့ဒါကရာဇဝင်ပဲ..”

ဒါဒါဘဝပျက်ခဲ့ရတာကျတော့ ဘယ်မိန်းမတစ်ယောက်ကြောင့်လဲ။ သူသိခဲ့သည့်ဖေဒါဖြူရဲ့နိဒါန်းသည် မပြည့်စုံသည့်ကြားက တောက်ပ လက်နေခဲ့သည်။ တစ်ဆစ်ချိုးပြောင်းလဲသွားတော့ ငွေငါင်တွေဝေနေတဲ့ ကလေး..။ နောက်တစ်ဆစ်ချိုးကျတော့ ပျဝပ်ယို့ကျို့၍အရာရာကို ဦးညွှတ် အရှုံးပေးနေခဲ့သူ။ နောက်ကျန်တဲ့တစ်ဆစ်ချိုးမှာ ဘယ်လိုဖြစ်လာမှာလဲ။ ဒီပြောင်းလဲမှုတွေကို ဘယ်သူဖန်တီးခဲ့တာလဲ..။ သူမကြောင့် ဒါဒါဘာ ထပ်ဖြစ်ရဦးမှာလဲ.. ၊

ရင်ထဲမှာနာကျင်နေသည်။ ကိုယ်တိုင်ရပ်တည်အောင်မြင်နေခဲ့သည် ပမှာ ကိုယ်လုပ်၍မရသော တစ်စုံတစ်ရာကြောင့်မွန်းကျပ်ပူလောင်နေရတာ ခံရခက်နေ၏။ ဒါကဲ့ကျော်လွှားနိုင်ပေမယ့် ကြိုးစားလို့မရ။ ဒါကိုရှောင် လို့ရသည့်တိုင် တည့်တည့်တိုးဖို့ပဲ ဦးတည်နေခဲ့သည်။ ဘယ်သူကတော့ ဘယ်သူကညှဲ့နေတာလဲ.. ၊

တစ်ခါတလေ ပညာရှိတို့စကား တိုးလို့မပေါက်ဘဲရှိတတ်ကာ မဲ့တို့စကားကြောင့် အသက်ကိုပါဆုံးစေတတ်၏။ မကောင်းသူတစ်ယော နှုတ်ရေးကြွယ်ခြင်းဟာ ကောင်းသူတစ်ယောက် တစ်စုတစ်ဖွဲ့သာမက တိုင်း ပြည်ရွာစွန်ပျက်စေတတ်သည်ဆိုတာ ထွန်းထွန်းမေ့နေသလား..။ ဧကရီသည် လေမှာပျံ့နှံ့နေသည့် အဆိပ်ငွေ့လို ကြောက်စရာကောင်းတဲ့မိန်းမ.. ၊

☎



အခန်း(၁၀၇)

“ညည်းကြိမ်းဝါးနေတာက ‘လေ’ပဲဧကရီ..အစတည်းက ဒီလိုလိုက်သ တိုနေဖို့မလိုဘဲ ပြောချလိုက်ရင်ပြီးပြီ..”

“ပြီးရင် အားလုံးပြီးသွားမှာပေါ့မေမေရယ်..နေမကောင်းရတဲ့အထဲ ပါတော့..”

လူမမာညည်းလိုက်ကာမှ ‘ဟုတ်သား’လို့တွေးမိသည်။ ဒီမှာသွေးတွေ ချင်း သတိတွေလစ်နေနဲ့ အကြီးအကျယ်ဖြစ်နေတာတောင် တစ်ချက်လေး ကြည့်ဖော်မရတဲ့ ကိုကို့ကိုဒေါသထွက်လွန်းလို့.. ၊

“မကြားချင်လည်း နားထောင်စမ်းပါသမီးရယ်..ဒီကောင်နဲ့ကိုယ်နဲ့လင် မယားဆိုတာ ပြောချလိုက်ပါတော့၊ နောက်ပြီး သူတို့ဘယ်တော့မှမျက်နှာ ချင်းဆိုင်လို့မရတော့အောင် ပြောချလိုက်စမ်းပါ..ညည်းပြောတတ်ပါတယ်..”

“မပြောဘူးမေမေ..ဒီလူ့ကိုမပြီးသဝ်လိုက်ခိုက်ဖို့ သမီးဘယ်တော့မှမ ကြိုးစားဘူး၊ ကိုယ့်ရဲ့ကျေးကျွန်တစ်ယောက်ကို မျက်မောလိုက်ကြိုက်နေ တဲ့လူက ငါ့ယောကျ်ားလို့လည်း ဘယ်တော့မှလက်ညှိုးထိုးမပြဘူး..ဧကရီ မိန်းမက ယောကျ်ားတစ်ယောက်ကို ကျွန်နဲ့ပြိုင်လုနေရတာ ဂုဏ်ယူစရာ မဟုတ်တာ..”

“ဒါဆိုညည်းက..”

“အညီအမျှလည်း ဝေမစားနိုင်ဘူး..ဘာဖြစ်ဖြစ်လုယူတာမျိုးလည်း
မီးမလုပ်နိုင်ဘူး၊ ကိုကို့ကို သမီးဒုက္ခပဲပေးချင်တယ်..သူ့ဆီကရသမျှ
မယ်..”

“ခုထိမျှော်လင့်နေသေးတယ်ဟုတ်လား..အခု ဟိုမှာနှစ်ပါးသွား
ကြပြီလေ..”

“နှစ်ပါးသွားမကပါဘူးဒေါ်မာလာခိုင်..”

စကားသံနှင့်အတူ ဒေါ်မေစိုးဦးက အဖော်မိန်းကလေးတစ်ယော
ဝင်လာ၏။ မိန်းကလေးလက်ထဲမှာ လူမမာအတွက်စားသောက်ဖွယ်
အိတ်ကြီးတွေနှင့်ဖြစ်ကာ.. ၊

“သွားတင်ထားခဲ့..”

ထားခဲ့ပြီးထွက်သွားဖို့ပြောတာမျိုးဖြစ်သည်။ ပြီးမှ ကေရီ့ခုတင်
မှာ လက်ကိုင်အိတ်ချိတ်ထားသည့်လက်ကို ခပ်ကွေးကွေးပိုက်ထားရင်း

“ကနေ့တဲ့ပြဇာတ်တောင် မဆုံးသေးဘဲ နှစ်ပါးသွားကိုကျော်
မရပါဘူး..”

ကေရီမျက်လုံးတွေက လက်တောက်နေသည်။ ဒေါ်မေစိုးဦးဝင်
တည်းက ပြောနေကျစကားတွေနဲ့ အပြတ်အသတ်တိုက်ခိုက်ချင်နေ
မျက်လုံးတွေမှာပေါ်နေကာ လူကတော့ခေါင်းတောင်ကောင်းကောင်း
နိုင်သေး.. ၊

“ရှင်ဘာပြောချင်တာလဲတော့ မသိဘူး..ဒါပေမဲ့ တမင်တကာ
မှောက်အောင်လုပ်ပြီး သတ်ဖို့ကြိုးစားတဲ့ ဇေဒါဖြူဆီမှာ ရှင့်တူက..”

“သူလည်းသေသွားနိုင်တာပဲမို့လား..ဘာဖြစ်လို့ ဒီလိုလုပ်သလဲဆို
သူတို့ချင်းအကြောင်းတွေရှိမှာပေါ့..”

မျက်လွှာစင်းကြည့်လိုက်တော့ ကေရီ့မျက်လုံးတွေနဲ့ဆုံ၏။ မျက်
သည်သာ ဖွေးဆုတ်ဖြူဖျော့နေသော်လည်း ရင်ထဲမှာရဲရဲတောက်နေသည်
နီရောင်လွင်ပြင်ကြီးက သိသာစွာ.. ၊

“ရှင်လူမမာလာကြည့်တာထင်တယ်နော်..”

“ဟုတ်ပါတယ်..သားကိုကိုက မလိုဘူးလို့ပြောပေမယ့် လူကြီး
တော့..”

“ဘာလို့မလိုရမှာလဲဒေါ်မေစိုးဦး..သူကကေရီ့ယောကျ်ား..”

ဒေါ်မေစိုးဦး မျက်နှာတင်းသွားသည်။ မပြောအပ်သည့်နေ
လျှော့ချဖို့ကြိုးစားပေမယ့် မအောင်မြင်။ လူငယ်တွေရဲ့ဖြစ်ကြောင်း
ကို မသိရသေးရင်တောင် ဇေဒါဖြူဆိုတဲ့မိန်းကလေးနဲ့ ကေရီ



ခဲ့သည်။ ဘာကြောင့်ဒီလိုဖြစ်ရသည်ဆိုတာတွေကို ဝေဒတို့ဆီကနေ
အောင်စုံလင်အောင် သိထားပြီးဖြစ်သည်။ မိန်းကလေးတစ်ယောက်တည်း
လူတွေအားလုံးကို ထိုင်ရာမထဒုက္ခပေးနေခဲ့တာ အရှိန်ဘယ်လောက်
ရနေပြီလဲ.. ဘယ်အတိုင်းအတာအထိ ထင်သလိုလိမ့်နေမှာလဲ..။ ဒါ
အားလုံးက ငြိမ်နေကြတာ သူမချည်းပဲသိပ်တော်နေလို့လား..။ နည်းနည်း
မှ အဓိပ္ပာယ်မရှိ.. ၊

“ရှင်မို့လို့ပဲ ဒီလိုနေရာမှာ ဒီစကားမျိုးလာပြောရဲတယ်..သူများလင်မ
ကြားဆိုတာလည်း သတိရပါဦး..”

“ဘယ်ကြားဖြစ်ဖြစ် ကျွန်မမဝင်ချင်ဘူးဒေါ်မာလာခိုင်..ဒါကြောင့် တ
တိုပဲဘေးထွက်နေခဲ့တာ၊ ဒါပေမဲ့ အခုကျွန်မသား တစ်ဖက်မှာအာရုံ
ကောင်းကောင်းစိုက်လို့ရအောင် ကျွန်မဝင်မပါလို့မရတော့ဘူး..”

“ဘာ..”

ဒေါ်မာလာခိုင် ဆတ်ခနဲထရပ်သည်။ ကိုယ်ကိုယ်တိုင်ကျတော့ ဘေး
လုံးထစလူမမာရှိနေတာကို ဆင်ခြင်ဖို့သတိမရခဲ့.. ၊

“ရှင်ကိုယ်တိုင်က ရှင့်တူဖောက်ပြန်ဖို့ကို အားပေးနေတာပေါ့..ဒါမျိုး
လာမလုပ်နဲ့နော်၊ လုံးဝလက်မခံဘူး..”

“လက်ခံတာမခံတာ သူတို့ချင်းရှင်းကြပါစေလားရှင်..ရှင်နဲ့ကျွန်မပြော
လို့ပြီးမှာမှမဟုတ်တာ..”

“အခု ရှင့်ကိုကေရီက ဘာမှမပြန်မပြောနိုင်တာ..အဲ့ဒါကြောင့်..”

“ကျွန်မကလည်း ကေရီ့ကိုအဲ့ဒါတွေလာပြောတာ မဟုတ်ဘူးလေ..
သူတို့ချင်းရှင်းရမယ့်ကိစ္စကို သူတို့ချင်းရှင်းကြပါစေ၊ ကျွန်မပြောဖို့လိုတဲ့ကိစ္စ
ကိုတော့..”

စကားကမဆုံးသေး။ ဒေါ်မာလာခိုင့်မျက်လုံးတွေက စူးရဲခက်ထန်လာ
သည်။ ဒေါ်မေစိုးဦးမျက်နှာသွင်ပြင်အရ ကောင်းသောစကားကိုဆိုဖို့တော့
မိနိုင်။ သို့သော် ဒေါ်မေစိုးဦးအကြည့်တွေက ကေရီ့မျက်နှာလေး ပေါ်မှာပဲ
နေကာ.. ၊

“ကျွန်မမောင်လေးကိုကိုနဲ့ပတ်သက်တဲ့ လက်ထပ်စာချုပ်ဆိုတာရယ်..
မသားရဲ့ကိုယ်ဝန်လွယ်ထားရပါတယ်ဆိုတာရယ်၊ အဲ့ဒါတွေကို ကျွန်မ
ဝအသိအမှတ်မပြုဘူး..”

“ဘယ်လို..ဘယ်လို..”

ကေရီကုန်းထဖို့ပြင်တဲ့အထိ လှုပ်ရှားသွားကာ ဒေါ်မာလာခိုင်ဆတ်
တ်ခါနာသွားသည့်မျက်နှာနှင့်.. ၊

"ဒါလား..ဒါလား ဘယ်ကြားမှ မဝင်ချင်တဲ့လူ.."

"ဟုတ်တယ်..မဝင်ချင်လို့ ကျွန်မဘက်ကအပိုင်းကို သီးသန့်ပြော တာပါ၊ ကိုကို့ဇနီးဖြစ်လိုက် ဦးကိုကိုနဲ့တရားဝင်လက်ထပ်ထားကြော သက်သေပြမယ်ပြောလိုက်..အဲ့ဒါတွေကို ကျွန်မကဘယ်လောက် ကြည့်နေရမှာလဲ.."

"ဘယ်လိုအကြောင်းတွေဖြစ်ဖြစ် ဒါလင်မယားချင်းရှင်းရမယ့် ပဲ.."

"ဒါဆို အခုရှင်ကျွန်မကို ဘာဖြစ်လို့ရန်တွေ့နေတာလဲ.."

ဒေါ်မာလာခိုင် အို့တို့အမ်းကမ်းဖြစ်သွားသည်။ ဘယ်လိုပြော ကျွန်မသမီး စကားကောင်းကောင်းမပြောနိုင်သေးလို့လို့ ပြောရမ

"ပြောချင်တာက ရှင်တို့ကြုံကြိုက်တဲ့လက်နက်ကို ထုတ်လို့ရပြီဆိုတာ

မေမေပြောနေတာပဲဆိုပြီး မျိုသိပ်နေပေမယ့် ဒီလိုအနိုင်နဲ့ပိုင်းပြီး ဆိုထွက်သွားမှာတော့ ပါးစပ်ပိတ်မနေနိုင်တော့ပါ။ ဧကရီပက်လက် နေ အံတစ်ချက်ကြိတ်မိကာ.. ၊

"ဘာကိုစိန်ခေါ်တာလဲကြီးကြီး..ကြီးကြီးတူ နှစ်ပါးသွားကမယ် ရီ့ကို ဂရုမစိုက်ဘူး..အဲ့ဒါကိုကျေညာတာလား.."

ဒေါ်မေစိုးဦးက လူမမာထံစိတ်ပျက်သည့်အကြည့်ဝေ၏။ ဧကရီ့ ဖျားက ဘယ်လိုစကားလုံးတွေ ထွက်လာတော့မည်ကို တွက်မိနေသည့် တိုင်း..

"ကြီးကြီးမေစိန်ခေါ်ရဲနေပေမယ့် ဧကရီကငတုံးမှမဟုတ်တာ.. ဧကရီ့ကာဝက်နက်မပြဖို့မကိဘဲ ကိုကို့ပါးစပ်အလိုအလျောက်ပိတ် မယ်၊ မယုံရင်ကြည့်နေလိုက်.."

သူမ ဘာကိုအပိုင်တွက်ပြီး ပြောနေတာလဲ..။ ခေါင်းမှာပတ်တီး သားနဲ့ မေးဖျားမှာလည်း တိတ်ပ်တွေပလာစတာတွေဆိုတာ မြင်လို့မ ဒါနဲ့တောင် ပြုံးနိုင်မဲ့နိုင်သေးသည်။ လူကောင်းသာဆို ဘယ်လောက် အော်ဟစ်ရယ်မောနေဦးမည်မသိ။ ကလေးဆန်ဆန်တွေးရပါမူ သူမ ရယ်မောခွင့်ရနေပါလား..။ လူငယ်တွေဘာတွေဖြစ်ပျက်ကုန်သည် သေချာမသိပေမယ့် ဟိုမိန်းကလေးကို သားကမြတ်နိုးနေသည်။ ထိုမိန်း လေးကို ဧကရီကချုပ်ကိုင်ထားသည်။ အခု ဒါတွေပြုတ်ထွက်ကွာပြီ ဆိုတော့ မပြီးသေးဘူးလား..

ကိုယ်ကတော့ ဒီတစ်ခါသတ္တိရှိရှိရင်ဆိုင်တော့ဖို့ ထွက်လာခဲ့တာ ဘာရှင်ခြင်းအကြောင်းအမျိုးမျိုးနှင့် ကိုကို့ဘဝလောင်းရိပ်ကျနေခြင်းကို သူမ



သတ်ပေးရမည်။ ထို့ကြောင့် ကိုကိုသူ့ဘဝသူပြန်ရဖို့အတွက် ဝတ်ဝန်း ဆိုသည့် သိက္ခာပဝါကို သူမကိုယ်တိုင်ဖယ်ရှားပေးဖို့လို၏။ ပြောင်းလဲ ည့်အရာရာထဲမှာ ကိုကိုတို့ရဲ့သုံးပွင့်ဆိုင် အဆိုးအကောင်းအကြောင်း ည်း ပြောင်းလဲသွားပါစေ.. ၊

☎

## အခန်း(၁၀၈)

"မိနစ်နှစ်ဆယ်လောက်ပဲရှိသေးတယ်..တကယ်ပါ၊ သူရေအိမ်ဝင်ချင်တယ်ထင်လို့ အဝတ်စားလဲပေးဖို့ ယူလာတာတွေကို ချထားခဲ့ပြီး ကျွန်မထွက်သွားတာ..ပြန်ပြန်ကြည့်တာ သုံးခါရှိပြီ၊ ဒီအစ်ကိုလာမှ.."

"ကြာပြီဆိုလို့ ငါတံခါးသွားခေါက်တာ.."

ဝေဒကဝင်ပြောသည်။ ရင်ထဲမှာ အတွေးတွေ ပူလောင်တာတွေ မွှန်းလျက် ဖြစ်နိုင်ချေတွေလည်း တွေးမနေနိုင်ပေ..။

"သူနဲ့အတူရောက်လာတဲ့လူနာက သက်သာနေပြီမို့လား..သူဒီကိုလာသေးလား၊ သူ့လူနာစောင့်ရော.."

ကေရီနဲ့ဒေါ်မာလာခိုင်ကို ရည်ရွယ်ပြီး မေးလိုက်မိကာ နာ့စ်ခေါင်းပြတာတောင် မဆုံးလိုက်ဘဲ သူပြေးဆင်းလာခဲ့သည်။ ဒါဒါခုမှသတိရပဲရှိသေးသည်။ ဆေးရုံဆင်းကာစမှာ ဆေးရုံပြန်ရောက်ခဲ့သည့်အဖြစ်နှင့် ကြေပြုံကွဲနေသည့် စိတ်ခံစားချက်တို့ ဘယ်လောက်ထိဖိစီးနေမလဲဆိုတာ မဟုတ်သေးဘူး..။

ဆေးရုံထဲကနေ ကားဆီဦးတည်လိုက်ကာမှ ခေါင်းထဲမှာဖျတ်ခနဲ အတွေးတစ်ချက်ဝင်၏။ ကေရီကရောက်မလာပေမယ့် ဒါဒါရောက်သွားနိုင်သည်ပဲ၊ သူ့ခြေလှမ်းတွေ တုံ့သွားသည်။ သူမမအောင်မြင်ခဲ့သည့် ဂလိုဘ

[illegible]ကို မဖြစ်မနေလုပ်မှာပဲဆိုရင် ဒါမှမဟုတ် တစ်ခုခုတုံ့ပြန်ရှင်းလင်းဖို့ [illegible]..။

ဒါဒါ့ခြေလှမ်းတွေကို ကိုကို့အာရုံမှာမြင်လိုက်သည့်အခိုက် သူမကတော့ [illegible]ပဲ ကေရီ့အခန်းကို ရှာဖွေတွေ့ရှိသွားပြီဖြစ်ကာ..။

"ဗေဒါဖြူ.."

ကေရီ မျက်လုံးပြူးသွားသည်။ ဒါဒါသည် ဖွာရရာကျဲနေသည့်ဆံပင်[illegible]သေမသပ်နှင့် လူကဖြူဖျော့နေ၏။ သို့သော် မျက်လုံးအစုံက မီးဝင်း[illegible]တောက်နေလျက်..။

"ကလစ်.."

"ဟဲ့..ဘာလုပ်တာလဲ.."

သားအမိနှစ်ယောက်စလုံး ကြောင်တောင်တောင်ကြည့်နေမိလျက် သူ[illegible]ခါးလှည့်ပိတ်လိုက်မှ ဒေါ်မာလာခိုင်ဖျတ်ခနဲထရပ်၏။ ဒါဒါကတံခါး[illegible]ပြီးမှ သူတို့ဘက်ပြန်လှည့်လာကာ..။

"ဘာဖြစ်တာလဲ..ငါကတစ်ယောက်တည်းလာတာပါ၊ ကြောက်နေတာ[illegible].."

"နင်ကဘာမို့ကြောက်ရမှာလဲ.."

"ငါ့ကိုယ်ငါသေမှာမကြောက်တဲ့အထိ နင့်ကိုသတ်ချင်နေတဲ့မိန်းမလေ[illegible]ရိုက်ခဲ့တဲ့အချက်ရေတွေအတိုင်း အတိအကျပြန်ဆပ်ပြီးမှ နုပ်နုပ်စင်း[illegible]မှာ.."

"အံမာ..ညည်းကများ.."

"ဒုန်း.."

ဒေါ်မာလာခိုင်က ပါးရိုက်ဖို့လွှားခနဲကပ်လာ၏။ ဒါဒါက ရင်ဘက်ကို [illegible]ဆောင့်တွန်းပစ်လိုက်ပြီး..။

"ဒီမှာ.."

နောက်ဆုတ်ယိုင်သွားသည့် ဒေါ်မာလာခိုင့်မျက်နှာဆီ လက်ညိုးထိုး[illegible]ပြီး..။

"ရှင့်ကိစ္စဘာမှမပါဘူးနော်..ဒီတစ်ခါရှေ့တိုးလာရင် စားပွဲပေါ်ကရှိသ[illegible]ညည်းတွေ ရှင့်ခေါင်းပေါ်ရောက်ကုန်မယ်မှတ်.."

စားပွဲပေါ်မှာ မနက်စာအတွက်ပြင်ဆင်ထားသည့် စားဖွယ်တွေအပြင် [illegible]ဘူးတွေ ဖန်ခွက်တွေအစုံ။ ဒေါ်မာလာခိုင်ရှေ့မတိုးရဲတော့ဘဲရှိကာ ကေ[illegible]ကတော့ လှဲနေရာကနေ မချိတရိကုန်းရုန်းထသည်။ ဒါဒါက သူမကိုစိုက်[illegible]ကြည့်ပြီး အနားတိုးသွားသည်။ ခုတင်ဘေးမှာ ခြေစုံရပ်၍..

"ငါ့စိတ်ရှိတဲ့အတိုင်းဆို နင့်ဆံပင်ကိုဆွဲပြီး စားပွဲပေါ်မှာရှိသမျှ အအေးဖျော်တွေနဲ့ ခေါင်းကနေပြီလောင်းချမယ်..အဲ့ဒီပန်းကန်တွေကွဲအောင် ခေါင်းကိုရိုက်မယ်၊ ချိုင့်တွေပိန်ရှုံ့ကုန်အောင် ထိုးမယ်.."

"လုပ်လေ..ငါလူမမာဖြစ်နေတဲ့အတွက် နင်နိုင်ရင်နိုင်မယ်၊ ဒါပေမဲ့ ငါကလည်း ငြိမ်ငြိမ်လေးတော့ ခံနေမှာမဟုတ်ဘူး.."

"ဟွန်း.."

ဒါဒါက ဖန်ခွက်အလွတ်ကို ဆွဲယူလိုက်ပြီးမှသည်။ ကေရီ့မျက်နှာ ချောက်ချားသွားခဲ့ပြီး ဒေါ်မာလာခိုင်ခြေလှမ်းပြင်၏။ ထိုအခါ.. ၊

"ခွမ်း.."

"အမလေး.."

ခြေထောက်ရှေ့ကို ဖန်ခွက်နဲ့လွဲပေါက်ပစ်လိုက်သဖြင့် ခွက်သည် မွကြေလျက် ဒေါ်မာလာခိုင်ကိုယ့်အသက်ကိုယ်မေ့ပြီး ခုန်ပေါက်ရှောင်ရသည်။

"ရှေ့ကိုနည်းနည်းလေးမှ ထပ်မတိုးနဲ့..ဒါနောက်ဆုံးသတိပေးတာ" ပြောပြီး ကေရီ့ဘက်ကိုလှည့်လိုက်၏။

"နင့်ကိုငါမသတ်ဘူး..မသတ်သေးဘူးကေရီ ငါပါးရိုက်ခံရတာက နင်ပိုက်ဆံပေးနိုင်လို့..ငါကငွေမက်လို့၊ အဲ့ဒါကိုထားလိုက်နိုင်တယ် ပေမဲ့ နင်ငါ့ကိုအများကြီးလုပ်ကြံခဲ့တယ်၊ နင်တို့မောင်နှမကိုယ်ယောင်ဖျောက်ပြီး ငါ့ကိုအမဲဖျက်ဖို့ ကြိုးစားကြတယ်..ဒါလည်း ငါ့ဒုက္ခနဲ့ငါပါပဲ၊ ဒါပေမဲ့ နင်ငါ့သမီးလေး.."

အသံက တိမ်ဝင်သွားသည်။ မျက်ဝန်းမှာပြိုးပြောင်လက်လာသည့် အရာတွေက မျက်ရည်တွေမှန်းသိနေသဖြင့် ကေရီရင်ခုန်သံတွေမြန်လာသည်။ ဒါတွေ ဧပရယ်လ်ပြောလိုက်တာလား..ကလေးကိစ္စကို သူမနဲ့ဧပရယ်လ်ရော ကလွဲပြီး ဘယ်သူမှမသိ.. ၊

"နင်သိပ်ယုတ်မာတယ်..နင်ယုတ်မာတာ ကမ်းကုန်သွားပြီ အဲ့ဒါကို နင်ပြန်ပေးရမယ်ကေရီ..ကားတိုက်တုန်းက နင်မသေခဲ့တာ ကံဆိုးလိုက်တာ ခြင်းလို့ အော်ငိုရတဲ့အထိ နင့်ကိုငါပြန်လုပ်မယ်.."

"ခုတောင်နင်လုပ်လို့ ဒဏ်ရာဗလပွနဲ့ မသေရုံတမယ်ပဲလေ..နင်နဲ့ ငါတို့တရားမစွဲပါနဲ့လို့ပဲ ဆုတောင်းစမ်းပါဦး.."

ဒေါ်မာလာခိုင်က နိုင်ကွက်တွေ့တော့ ထအော်သည်။

"ငါ့သမီးဘာလုပ်ခဲ့လုပ်ခဲ့ နင့်မှာဘာသက်သေရှိသလဲ..နင့်လက်မှတ် ငါတို့ပေးထားတဲ့ သိန်းငါးဆယ်ရှိတယ်၊ အခု နင်ပေးထားတဲ့ဒဏ်ရာ



ကေရီ့မှာရှိတယ်..နင့်ကိုထောင့်အသက်လွတ်ရက်မရှိ ငါလုပ်လို့ရတယ်ဆို တာ နားလည်ရဲ့လား.."

ဒါဒါက မျက်နှာငဲ့ကြည့်ရင်း ပါးရိုးပေါ်မှာဖေးတင်နေသည့်ဆံပင်တွေကို အသာလေးသိမ်းဖယ်သည်။ ပြီးတော့.. ၊

"ကြိုက်တဲ့လမ်းကလိုက်..သုံးချင်တဲ့လက်နက်သုံး၊ ငွေရှိတိုင်းအရာရာ ရတယ်ဆိုရင် ငါနင့်ကိုငွေမရှိဘဲနဲ့ အနိုင်ယူပြမယ်.."

"နင်ကအဲ့ဒါလာပြောတာပေါ့..တယ်သတ္တိကောင်းပါလား.."

ရန်ပြုဖို့မဟုတ်မှန်းသိသည်နှင့် ကေရီ့လေသံကမာလာသည်။ နှုတ်ခမ်းခဲ့လိုက်တိုင်းနာပေမယ့် ဒဏ်ရာကိုမေ့ပြီး မဲ့မိတာလည်းခဏခဏ.. ၊

"ခိုင်းဖက်ဆိုတာသိလားဗေဒါဖြူ..ငယ်ကျွန် ငယ်ကြောက်ဆိုတာတွေ"

"စိတ်ကူးယဉ်မနေနဲ့ကေရီ..ငါအတိတ်မေ့နေတဲ့အချိန် နင်ခဏတဖြုတ် အနိုင်ရလိုက်တာပါ၊ ငါ့တစ်သက်မှာ ကြောက်တယ်ဆိုတာ မရှိခဲ့ဘူး.. ပြောမယ့်စကား ငါလုပ်မယ့်အလုပ် ကြောက်လို့ပြန်မျိုချတာ မရှိဘူး၊ မကြောက်ရဲလို့ နောက်ပြန်ဆုတ်တာလည်း မရှိခဲ့ဘူး..နင်တောင်သူများဝင်ဆွဲလို့ မျက်နှာသစ်ခွင့်ရနေတာ မမေ့နဲ့.."

ပြောနေရင်း နောက်ပြန်လှည့်သည်။ ဒေါ်မာလာခိုင်က သူမဆီလာ သည်မှတ်ပြီး ဖျတ်ခနဲနောက်ဆုတ်ရှောင်၏။ ဒါဒါက မျက်နှာတစောင်းပြန် လှည့်၍ ကေရီ့ကိုကြည့်ကာ.. ၊

"တစ်ချက်တည်းရိုက်မသတ်ခဲ့မိတာ နင်ကံကောင်းတာမဟုတ်ဘူး..ငါ ကောင်းတာ၊ ခုကစပြီး နင်နဲ့ငါဘယ်သူပိုရက်စက်သလဲ ကြည့်ကြတာ ပေါ့.."

ဒါဒါ ကိုယ့်ဘာသာတံခါးဖွင့်ထွက်သည်။ ရန်သူ့ကွယ်ရာရောက်သည် နှင့် တဆတ်ဆတ်တုန်နေသည့်ခြေအစုံက ဘယ်လိုမှမဟန်နိုင်တော့ဘဲ ခွေ ခနဲကျလေသည်။

"ဒါဒါ.."

ဓာတ်လှေကားဘက်ကပြေးလာသည့် ကိုကို့ခေါ်သံက စိုးရိမ်တကြီး ဖြစ်လျက် လဲကျသွားသည့်ဒါဒါ့ကိုယ်လေးကို ကမန်းကတန်းပွေ့ယူလိုက်၏။

"ကျွန်မ..ရ.."

သူ့လက်တွေကို ဖယ်ချဖို့ကြိုးစားရင်း လူကမဟန်နိုင်။ ကရုဏာဒေါ သတွေနှင့် ကိုကို'ကျွတ်'ခနဲတစ်ချက်ဖြစ်ကာ.. ၊

"မင်းတော်တော်မိုက်မဲပါလားချာတိတ်..မင်းလုပ်ချင်တာ ဘာပဲဖြစ်ဖြစ် မင်းကျန်းမာမှလုပ်နိုင်မှာ မဟုတ်ဘူးလား.."

"ကျွန်မဘာမှမဖြစ်ဘူး..ဖယ်.."

"ဟော့..ဘာလို့ရှုန်းနေတာလဲ.."

"ရှင် ကျွန်မကိုဆေးရုံပေါ်ပြန်တင်ပေးမလို့မို့လား..မတက်ဘူး မလိုက်ဘူး.."

ရုန်းသာရုန်းနေပေမယ့် ချိနဲ့နေသည့်လက်တွေက အားမပါ။ သူ သာအတင်းထရပ်ဖို့ ကြိုးစားနေသဖြင့် ပခုံးလေးကိုအသာထိန်းထား အတူထရပ်လိုက်မိကာ.. ။

"ဒီမှာ..ကိုယ်ပြောတာကိုနားထောင်.."

"ဟင့်အင်း.."

"ခဏပဲ..ခဏလေးပဲ၊ ဒီမှာ.."

သူမတွင်တွင်ခေါင်းခါနေသဖြင့် မျက်နှာလေးကို လက်ဖဝါးနှ ထဲထည့်ဖိပြီး မျက်နှာချင်းနီးအောင် မော့ယူလိုက်ရင်း.. ။

"မင်းဖြစ်ချင်တာတွေ လုပ်ချင်တာတွေအားလုံး အကုန်လုပ်လို့ရ ကိုယ်မင်းကိုမတားဘူး၊ လိုအပ်ရင်လည်း ကူညီပေးမှာ..အခုတော့.."

"မကူညီပါနဲ့..ကျောထောက်နောက်ခံရှိလို့ ကြိမ်းဝါးရဲနေတဲ့မိန်း ကျွန်မမဖြစ်စေရဘူး၊ ကျွန်မသမီးလေးအတွက် ကျွန်မအင်အားနဲ့ ကျွန် ကခိုင်းတဲ့အတိုင်းလုပ်မယ်..နိုင်မယ်ထင်ပြီးမှ ရှုံးသွားရင်လည်း ကျွန်မ နိုင်ယူလိုက်နိုင်ရင်လည်း အဲ့ဒါဗေဒါဖြူပဲ..ဘယ်သူ့ကြောင့်မှမဟုတ်ရ

"ဒါပေမဲ့ ဒေါသဆိုတာ အမှားကိုပဲပေးတတ်တယ်ချာတိတ်..ကိုယ် မှာကိုမတွေးဘဲ မင်းကားမှောက်ပစ်တယ်၊ ပြီးတော့ ဟိုတစ်ယောက်ကို ဖို့ကြိုးစားတယ်..အဲ့ဒီနေရာမှာမင်းသေသွားခဲ့ရင် ဒါမှမဟုတ်အဲ့ဒီတစ်ယော ကို မင်းသတ်လိုက်ရင် မင်းဘဝအဲ့နေရာမှာပဲ အဆုံးသတ်ပြီ.."

သူ့လက်ပေါ်ထပ်ကိုင်ပြီး ဖယ်ချဖို့ ကြိုးစားနေသည့်လက်လေး ပြေကျသွားသည်။ ဂလဲ့စားချေလိုစိတ်တို့နှင့် ကိုယ့်ကိုယ်ကိုထူမတ်နေ သူမကိုယ်တိုင် ကိုယ့်ကိုယ်ကိုမသိခဲ့ဘဲ ကိုကို့ရင်ခွင်ထဲမှာ သူမပြိုလဲ သည်။ ဝေဒနာဆိုတာ ခြေရာမထင်ပေမယ့် လူကိုသေဆုံးစေတဲ့အထိ မြိုက်လေသည်။

သူမသည် အမုန်းလွန်အဆိပ်သင့်လျက် အနိုင်ယူဖို့ကြိုးစား ခြေကမခိုင်။ သူသည်လည်း ဖွင့်ဟပြောပြချင်ခဲ့သည့် အမှန်တရားတို့အ ဆွဲ့အနေခဲ့ရင်း..



အခန်း(၁၀၉)

"ဒီလောက်ပြောပြတာပဲ ကျေးဇူးတင်နေပါပြီ..နောက်ထပ်ဘာအကူ ညီမှမလိုတော့ဘူး.."

ဒါကရင်ထဲမှာရှိနေတဲ့အတိုင်း.. ။

"ညီမ အခုဘယ်မှာလဲ.."

"စားသောက်ဆိုင်မှာ.."

"ဘယ်သူတွေနဲ့လဲ.."

"ကျွန်မပဲ.."

ဖုန်းဟိုဘက်ဖယ်မှ ဖေရယ်လ့်ထံက အသံတိတ်သွားသည်။ ခဏကြာမှ.. ။

"လင်းမြတ်ဇော်အကြောင်းတင်မကဘူး..သူ့စိတ်ကူး လုပ်ဆောင်ချက် မင်းကိုအများကြီးပြောပြဖို့ရှိသေးတယ်၊ အခု တစ်ယောက်တည်းဆို တော့ အစ်မလာခဲ့ရမလား.."

"ဟင့်အင်း..ကျွန်မကစားတာတင်မဟုတ်ဘူး၊ သောက်နေတာဆိုတော့"

"ဟင်.."

အံ့သြသွားသည့်အသံက ခပ်တိုးတိုးဖြင့်..။ ပြီးမှ..

"သောက်နေတာ ဟုတ်လား.."

သူမပြုံးလိုက်မိသည်။ ဖန်ခွက်ကြီးထဲရွှေရောင်တောက်ပနေသော အ

ရည်ကြည်တွေကို ဘီယာဟုခေါ်သည်ဆိုလျှင် သူမရှေ့မှာထိုအရာရှိ
ပြီးတော့ ပြည်ကြီးငါးချဉ်စပ်ရယ် ကျောက်ပွင့်သုပ်ရယ် ရေသန့်တစ်
အချိုရည်တစ်ဘူး.. ။

ဒီနေ့ သူမဆိုင်မပိတ်မချင်းထိုင်ဖို့ စိတ်ကူးထားခဲ့သည်။
တည်းမှာ မနက်ဖြန်အတွက် Planချမည်။ ကိုယ်ဘာလုပ်ရမလဲဆို
ကိုယ့်စိတ်ကူးပဲဖြစ်ကာ ဘယ်သူပါမလဲ ဘယ်သူကူမလဲ နောက်လှည့်
စရာ သူမအတွက်ဘာမှမရှိ.. ။

"အင်း..ဟို ဒါဆိုရင် မနက်ဖြန်တို့ဆီလာခဲ့ပါလား၊ ဒါမှမဟုတ်
ခေါ်မယ်လေ..ဘယ်မှာလာခေါ်ရမလဲ.."

"ကျွန်မဘယ်မှာအိပ်ရမှန်းတောင် မသိသေးဘူးရယ်..အဟွန်း.."

ပြောနေရင်း ပြည်ကြီးငါးချဉ်စပ်ကို ခပ်စားလိုက်သည်။ ပြီးတော့
ခွက်ကိုကိုင်၍ ကုန်နေပြီဖြစ်သည့်အအေးဘူးအခွံထဲ လောင်းထည့်
ပြီးတော့ ဖန်ခွက်ကိုနှုတ်ခမ်းမှာဟန်ပါပါကပ်မော့ပြီးမှ ပြန်ချ၏။ အနီး
မှာရှိနေသည့် ယောကျ်ားတချို့က သိသိသာသာတစ်မျိုး မသိမသာ
လှည့်ကြည့်ကြ၏။

ကြည့်ကြစမ်း.. ဒီမိန်းမဘီယာသောက်နေတယ်လို့.. ။

ဒါမျိုးအထင်ကြီးပြီး လူရှိန်တော့နည်းလား..။ စားပွဲပေါ်မှာ
ဘက်ခ်နဲ့ကပ်ထောင်ထားပြီး အအေးဘူးထဲကို ဘီယာတွေလူမမြင်အောင်
သွန်ချပစ်နေရင်း ရယ်မိသည်။ သူမဘဝပျက်ခဲ့သည်။ ခုထိလည်း ပျက်
မှာ နောက်ဘယ်လောက်ကြာတဲ့အထိ ပျက်စီးယိုယွင်းနေမလဲလည်း
နိုင်။ ထို့ပြင် ဘဝသည်တစ်စုံတစ်ယောက်ကဖျက်ဆီးခဲ့ခြင်းသာဖြစ်လျှင်

"နားငြီးလိုက်တာ.."

"ခွမ်း.."

အတွေးတို့သည် ကျွတ်စိထိုးနေသည့် နောက်စားပွဲကအသံ
ကြောင့် ဒီမှာတင်ထွေးလုံးရစ်ပတ်နေခဲ့သဖြင့် ဒါဒါစူးစူးရှရှအော်ကာ
ခွက်ကိုပေါက်ခွဲပစ်လိုက်သည်။ ဘီယာခွက်ကွဲသွားမှန်းသိသည်နှင့်
ဖို့ရိုးဖားရားနှင့်ဒါဒါ့ကို ကြည့်လာကြတာ ဒီမိန်းမမူးနေပြီဟု.. ။

"ဒီလောက်ပြောချင်နေကြရင် ပန်းခြံသွားပြောကြပါလား..သွား
ယောက်မှမနေနဲ့.."

"ဒီမှာ အစ်မ.."

ဆိုင်ကြီးက စားဖျော်ဆိုင်ကြီးဖြစ်ကာ ဒါဒါထဆူလိုက်တာနှင့်
ရေးဝတ်စုံနှင့်လူတစ်ယောက် အနားရောက်လာ၏။ ထို့ပြင် ဝိတ်တာတွေ



လာကာ.. ။

"ဖန်ခွက်ကွဲတာရော ဒါတွေပါရှင်းပြီး အစ်မအေးဆေးပြန်ပါ..ကျွန်
တို့ဆိုင်မှာ မူးရူးရမ်းကားလို့မရပါဘူး.."

"ဘယ်သူကမူးနေလို့လဲ..ငါကမူးတဲ့ပုံပေါက်နေလို့လား.."

"ဒုက္ခပဲဗျာ.."

ဒါဒါက နှုတ်ခမ်းမဲ့ပြီးလက်ပိုက်သည်။ မြင်သည့်တစ်စုံတစ်ရာပေါ်မှာ
ဖော်သတ်မှတ်တတ်ကြသည့်လူတွေအကြောင်း သေချာသိလိုက်ရသ
ဒါတွေကိုသူမတစ်ယောက်တည်း ရင်ဆိုင်ရတော့မည့်အဖြစ်အတွက်
မှာနာကျင်မှုတွေ ဆတိုးကိန်းနဲ့ဖြစ်လာခဲ့သည်။ ထို့ကြောင့် သက်ဆိုင်
လူတွေရော မသက်ဆိုင်သည့်လူတွေကိုရော အားလုံးအပေါ် နာကျည်း
တွေဖြစ်နေမိ၏။ 'သင့်အတွက် ဘယ်သူ့မှာမှတာဝန်မရှိပါ'တဲ့။ စာလေး
ကြောင်းရေးချလိုက်တာက လွယ်သည်။ ဒါပေမဲ့ တာဝန်ဆိုတာ တစ်
အားဖြင့် ပတ်သက်ဆက်နွယ်မှုတွေပဲ မဟုတ်ဘူးလား.. ။

လူ့ပတ်ဝန်းကျင်မှာ တစ်ယောက်အများအတွက် တစ်ယောက်က၊ တစ်
တ်ရဲ့ကျေးဇူးအတွက် တစ်ယောက်အပေါ်မှာ၊ သူ့ကိုချစ်မိသည့်အတွက်၊
ကိုမှန်းလွန်းလို့ စသဖြင့်သော ပတ်သက်မှုတွေကနေ တာဝန်တွေရှိလာ
တာ မဟုတ်ဘူးလား.. ။

သူမကိုယ့်ဘဝအတွက် ကိုယ့်ဘာသာတာဝန်ယူခဲ့သည်။ ကိုယ့်စကား
ကြောင့် ဘဝကိုထိုးပေးပြီး တာဝန်ယူခဲ့ပြီးပြီ။ သူတို့အများကျတော့
နမယူကြဘူးလား..။ ဗေဒါဖြူဆိုတဲ့မိန်းမကို ဖျက်ဆီးဖို့အတွက် ငွေတွေ
သည်။ လူတွေသုံးပြီး တောလုန့်ခြောက်ထုတ်ခဲ့သည်။ အခု ဒါတွေအ
အလျော်အစားလုပ်ကြမည်ဆိုလျှင် သူတို့မှာတာဝန်မရှိဘူးလား..။ မသိ
ဆိုရင်တော့ သိအောင်လုပ်ပေးဖို့သာရှိလေသည်။ ဒါပေမယ့် သူမမှာအင်
ရှိ။ အားနည်းသူက အားကြီးသူကို တွန်းလှန်တိုက်ခိုက်ဖို့ သူမကြောက်
နေလို့မဖြစ်ပေ။ ထို့ကြောင့် ဒီနေ့ရာဒီဖြစ်ရပ်သည် ဘဝအတွက်အရေး
သော Rehearsal.. ။

"ခင်ဗျားမူးနေလို့ရစ်နေတာပေါ့ဗျာ..ရေလည်ညစ်တယ်၊ ဘော့စ်သိရင်
ငဲ့.."

"ခင်ဗျားကွဲတာတွေအတွက်ရော စားသောက်ထားတာတွေရော လျော်
လိုက်ပါ.."

"ငါနားငြီးလို့ခွဲတာလေ..ငါပေါက်ခွဲလိုက်လို့ အဲ့ဒါတွေအသံတိတ်ကုန်
ဟိုမှာ သူတို့.."

စားပွဲသုံးဝိုင်းဆက်ပြီး ပခုံးချင်းထပ်အောင် ထိုင်နေကြတာ ရုံး
ခုကဝန်ထမ်းတွေလားမသိ။ တကယ်ပဲ ငြင်းခုံထုရိုက်ရင်း တစ်ယောက်
ကန်ထဲကတစ်ယောက် စားသောက်နေကြတာကအမှန်ပါ။ ဒါပေမဲ့
ဘေးစားသောက်ဆိုင်လည်း ဖြစ်နေသည်ရှိရာ.. ၊

"လျော်ဆိုရင်တော့ ထပ်ခွဲမယ်.."

"ခွမ်း.."

"ဟာ.."

"ငါလျော်နိုင်တယ်လေ..အဲ့ပန်းကန်လေး ဘယ်လောက်ရှိလို့လဲ
ရောပဲ.."

"ခွမ်း.."

"ဟာ..လုပ် လုပ်၊ ဒီမိန်းမရဲလက်အပ်လိုက်တော့.."

"နေပါဦး..နေပါဦး.."

ရုတ်ရုတ်သဲသဲတွေထဲမှာ မိန်းကလေးသံတစ်သံက ထိုးဖောက်
ပေါ်လာကာ သူမလက်ညှိုးထိုးဒေါသထွက်နေခဲ့သည့် စားပွဲဝိုင်းကမိန်း
လေးတစ်ယောက် ဒါဒါ့ဘေးကိုရောက်လာ၏။ ဒီတိုင်းဖုန်းဖွင့်ထားသ
တစ်ဖက်ကနေ ဧပရယ်လ်လည်းကြားနေရသည်။ ကွဲရှသံတွေ ပြီးတော့
အော်ဟစ်နေတာတွေ ဆိုင်ထဲမှာပြဿနာတက်နေပြီဆိုတာ သေချာသိ
ကာ လန့်လည်းအတော်လန့်သွားသည်။

အရက်တွေသောက်၍ မူးယစ်ရမ်းကားနေသည့် ဇေဒါဖြူ..။ ပြီး
သူမမှာ အုပ်စုမရှိ အားကိုးရာမမြင်။ ဒါနဲ့တောင် သူမတစ်ယောက်တည်း
ဆိုင်ထဲမှာ ပွဲကြမ်းနေသည်။ မထိတ်သာမလန့်သာပါလား..။ သူမဖုန်းနံပါ
ကို ဧကရီ့ဆီကနေ သူမကြဲဖန်ရယူထားခဲ့ရကာ သူမကပဲရှာဖွေဆက်သွ
ရသည်။ ပြီးတော့ ဧကရီလုပ်ကြံခဲ့တာတွေ ကိုယ်သိသမျှရော စုံစမ်းထား
မှုတွေပါ ပြောပြခဲ့သည်။ ကိုကိုနဲ့ပတ်သက်ပြီး မပြောခဲ့တာက ဧကရီ့
တွေထဲမှာ ကိုကိုနဲ့ဒါဒါပတ်သက်မှုရှိနေသလိုလို ပြောခဲ့တာမို့ ဒီလိုကိစ္စ
ထဲ ကြားမဝင်ချင်တာကြောင့်ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် ဧကရီယုတ်မာခဲ့တာတွေကို သိခွင့်ရခဲ့တာ ကိုယ့်ကြော
မဟုတ်ဘူးလား..။ ပြဿနာဖြစ်ပြီးနောက်ပိုင်း သူမကသာစပြီးဆက်သွ
သင့်တာ။ သိသမျှပြောပါ ကူညီပါဆိုတာတွေ သူမကသာစပြောရမှာ
ဘူးလား..။ ခုတော့ ကိုယ်ကစပြီး ရှာဖွေပြောပြခဲ့တာတောင် ကျေးဇူး
ကြောင်းလေးတစ်ခွန်းတည်း..

တွေးမိနေတာက မကျေနပ်လို့တော့မဟုတ်ပါ။ ဒါဒါဆိုတဲ့မိန်းက



သောက်ထိမှာကျောကျောနေတတ်ပါလျက်နဲ့ ဧကရီ့လက်ဖဝါးထဲမှာ ဆုပ်
ဆုပ်ချေလိုချေ သင်းမို့နေနိုင်လွန်းပါ၏။ စားသောက်ဆိုင်ထဲမှာ သောင်း
ကျန်းနေသည့်အသံတွေကို ပြန်တွေးမိတော့ လန့်လည်းလန့် သနားစိတ်တွေ
လည်းဖြစ်သွားမိသည်။

သူမ ဧကရီ့ကိုမယှဉ်သာမှန်းသိလို့ အရက်တွေသောက်ပြီး ပေါက်ကွဲ
နေတာများလား.. ၊

## အခန်း(၁၁၀)

"နင့်အဆောင်ကလည်း စုတ်ပြတ်နေတာပဲဒါဒါရယ်.."

လို့ပြောပြီးမှ စိတ်မကောင်းဖြစ်သွားသည်။ သူမခများ မိဘမဲ့အိမ်ထောင်မဲ့ ဆွေမျိုးသားချင်းတွေကလည်း အားမကိုးရသည့်ပြင် ဝိုင်းဝန်းထုထောင်ကြဖို့ လက်တပြင်ပြင်.. ၊

**"အေးပေါ့လေ..ဘာဖြစ်ဖြစ် မိန်းကလေးတွေနေတဲ့အဆောင်ဆိုတော့ ကိုယ့်ဘာသာနေတတ်ရင် လုံခြုံပါတယ်.."**

**"နင်ပြန်တော့လေ..**ငါအရက်မူးနေတာမှ မဟုတ်တာ.."

**"စကားပြောချင်လို့လိုက်လာတာ ပြန်စရာလား.."**

ဘာမှမဖြစ်သလို ပြောလိုက်ရပေမယ့် စကားတွေလည်းအများကြီး ပြောခဲ့ပြီဖြစ်ကာ ဒါဒါဘာတွေဖြစ်ပျက်ရင်ဆိုင်နေရမှန်းလည်း သိခဲ့ပြီဖြစ်သည်။ ဒါပေမဲ့ ကိုယ့်မြို့သားချင်း တစ်နယ်တစ်ကျေးမှာ လာတွေ့ကြတာ သူ့အိမ်ကိုယ်အိမ်လည်ကြသလို ခဏထိုင်ပြောပြီး ထပြန်တာမျိုးတော့ မလုပ်နိုင်။ ထို့ပြင် ဒါဒါတစ်ယောက်တည်း ဒုက္ခရောက်နေသဖြင့် ထားခဲ့ရမှာ စိတ်မဖြောင့်သလိုကြီးဖြစ်နေရကာ.. ၊

"ဒါဒါရယ်..ရှုံးကအဖွဲ့ထဲမှာ ငါပါလာလိုပေါ့၊ မဟုတ်ရင် နင်တော့ ဒုက္ခပဲသိလား.."



"ဘာကိုဒုက္ခရမှာလဲ..အဲ့ဒီကျွတ်စီထိုးနေတဲ့အဖွဲ့ထဲမှာ **နင်ရှိနေတာရော** ထင်သလိုရမ်းကားခွင့်ရခဲ့တာရော အဲ့ဒါငါ့ဘက်ကကံတရားပဲ.."

"ဘယ်လို.."

"ငါရင်ဆိုင်ရမှာ အဲ့ဒီထက်အင်အားကြီးတယ်..ငါစိန်ခေါ်ရမယ့်သူက အဲ့ဒီစားဖျော်ဆိုင်ထက် အဆပေါင်းများစွာကြီးတယ်၊ ဒီနေ့ ငါလုပ်ကြည့်လိုက်တာ ငါ့ရဲ့ကံတရားဘယ်ရောက်နေသလဲဆိုတာပဲ.."

သူမပြောတာကို ယင်းမာနားလည်မှာမဟုတ်ပါ။ ဘာဖြစ်လို့လဲဆိုတော့ ရင်ထဲကအကြောင်းအရာတွေကို တစ်ထိုင်တည်းနဲ့ကုန်စင်အောင်ပြောပြဖို့ကလည်း မဖြစ်နိုင်။ သူမကိုယ်တိုင်လည်း ပြောပြချင်စိတ်မရှိခဲ့။ သို့သော်၊

"unseenဖြေခဲ့ရတဲ့ ငါ့ရဲ့အတိတ်စာမေးပွဲမှာ ငါကျရှုံးခဲ့တယ်..မမြင်ရတဲ့ကံကြမ္မာက သူများဘက်ကိုစားရိုးကမ်းပြီး ငါ့ရင်ဝကိုစားသွားနဲ့လှည့်မွှေခဲ့တယ်၊ ဒီတစ်ခါတော့မရတော့ဘူး..ငါ့ကံကြမ္မာဘယ်လိုရှိမလဲဆိုပြီး စမ်းတဝါးနဲ့ ရင်မဆိုင်ရအောင် ငါ့ကံကြမ္မာကိုငါပြန်ပြီး မေးခွန်းထုတ်မှာ၊ ဒါကြောင့် ဒီနေ့က.."

"ဒါဒါ နင်ဘာတွေပြောနေတာလဲဟင်..ကံကိုကံချင်းမပြိုင်နဲ့တဲ့၊ သူကံကောင်းလို့ ချမ်းသာနေတိုင်း ကိုယ်ချမ်းသာမယ်ထင်ပြီး.."

"ချမ်းသာနေဖို့မဟုတ်ဘူးယင်းမာ..လူချမ်းသာတွေနဲ့ စီးချင်းထိုးရမှာပေမဲ့..ငါ.."

သူမစကားသံတိမ်ဝင်သွားသည်။ ပြီးတော့ ချောင်းတစ်ချက်ဟန့်ပြီး ဆက်ဖို့ကြိုးစားသည်။ ကြိုးစားနေရင်း ဒါဒါ့မျက်ဝန်းမှာ မျက်ရည်ဝဲ့လာတာမြင်တော့ ယင်းမာအံ့သြနေခဲ့၏။ အဆောင်သည် လူသိပ်မရှိပေမယ့် **နေခင်းရုံးပြန်ချိန်မို့ တစ်ယောက်ဝင်လာလိုက် နှစ်ယောက်ဝင်လာလိုက်နှင့်** သူတို့ကိုတော့ ဘယ်သူကမှအထူးဂရုစိုက်ကြည့်မနေပါ။ သို့သော် ကိုယ့်လိုပဲ အခန်းထဲမဝင်ဘဲ မလှမ်းမကမ်းက ထိုင်ခုံတွေမှာ လာထိုင်ကြတာ ဘာတော့ စကားသံကို တိုးတိုးနှိမ်၍.. ၊

"နင်ပြောတဲ့ဧကရီဆိုတဲ့သူဌေးနဲ့လား.."

ဒါဒါက ခေါင်းညိတ်ကာ နှုတ်ခမ်းလေးကိုဖိပိတ်၍ လည်ချောင်းရှင်းသည်။ ပြီးမှ.. ၊

"ငါ့မှာဘာမှမရှိဘူး..အဲ့လောက်လည်း ငါသတ္တိမကောင်းဘူးယင်းမာ၊ မိန်းမတစ်ယောက်ခြေဗလာလက်ဗလာဘဝကနေ အမြင့်ဆုံးထိရောက်သွားတယ်ဆိုတာ သူ့ဘဝတစ်လျှောက်လုံး ဘယ်လိုရုန်းကန်ခဲ့ရသလဲဆိုတာနဲ့ ...တာလို့ရချင်ရမယ်..ငါ့အတွက်အချိန်မရှိတော့ဘူး၊ ငါငွေမက်ခဲ့လို့ ငွေ

ကိုအဲ့လိုနည်းနဲ့ရှုံးရတာကို ရှက်ရမှန်းမသိခဲ့လို့..အဲ့အမှားအတွက် ငါအ ကြီးပေးဆပ်ခဲ့ပြီးပြီ၊ သဘာဝအနိမ့်အမြင့်တွေတောင် အမြဲတမ်းမတည်မြဲ ဆိုရင် သူတူဖြစ်တုန်းကထုနက်ခဲ့ပြီးပြီ..ငါ့ကျတော့ တူပြန်ဖြစ်ခွင့်မရှိတော့ ဘူးလား.."

ယင်းမာစိတ်မကောင်းဖြစ်သွားလေသည်။ ဒါဒါ့စိတ်တွေ လောက်တောင် ပူလောင်ယောက်ယက်တိုက်နေခဲ့သလဲ..။ ဒီလောက် ခြားနေတဲ့အခြေအနေနှစ်ခုကို ပြောင်းပြန်လှန်ဖို့ ကြိုးစားနေတာ ရှုံး ချေလားလို့လည်း မမေးရက်.. ။

"ငါရှုံးနေတယ်ထင်လို့လားယင်းမာ.."

ကောက်ကာငင်ကာမေးလိုက်သဖြင့် ယင်းမာစိတ်ပူသွားသည်၊ ဒါ က မျက်တောင်တွေဖိခတ်ပစ်ရင်း ပြုံးလိုက်ကာ.. ။

"ရှုံးတယ်လို့ပြောကြပါစေ..နင်လည်းထင်ခွင့်ရှိတယ်၊ ဒါပေမဲ့ ငါ လောက်အောင်ဖြစ်ခဲ့ရသလို အဲ့လူတွေမဖြစ်ဖူးပါဘူး..အဲ့ဒါကြောင့် ငါလု လို ဘယ်သူလုပ်ခဲ့သလဲလို့ ငါမကြည့်နိုင်ဘူး၊ ဘယ်သူတွေဘယ်လိုလု သလဲဆိုတာလည်း ငါ့အလုပ်မဟုတ်ဘူး..သတ္တိမရှိရင် သတ္တိမွေးမယ် အားမရှိရင် ရှိအောင်လုပ်မယ်..အဲ့လိုလုပ်ဖို့အတွက် ငါ့ကိုယ်ငါယုံကြည် ထက် ဘာမှအရေးမကြီးဘူး.."

"ဒါဒါရယ်..ငါကနင့်ကိုမနာလိုတဲ့သူတွေထဲက မဟုတ်ပါဘူး၊ နင်အ ရောက်ပြီးရင်း ရောက်နေမှာစိုးလို့ပါ..'အမလေး'ဆိုရင် ပြေးလာကူမယ် လည်း နင့်မှာမရှိဘူး.."

"အခု နင်ပြေးကူတယ်လေ.."

ဆူညံပွထနေသည့်ဝိုင်းထဲမှာ ယင်းမာကအရာရှိပိုင်းဝန်ထမ်း ယောက်ဖြစ်နေသည်။ ဒါကြောင့် အားလုံးကိုထိန်းလိုက်နိုင်သည့်ပြင် ဒါဒါ ပွထားတာတွေအတွက်ပါ သူမပဲစိုက်ရှင်းပေးခဲ့သေးသည်။ ပြီးတော့ ရုံး နဲ့ပြန်လိုက်မသွားဘဲ ဒါဒါနဲ့ဒီကိုပါလာခဲ့သည်။ ဒါတွေဟာ သူမမန္တလေး အလုပ်လုပ်နေတဲ့အဖြစ်ကနေ ဒါဒါနဲ့လာဆုံခဲ့မိတဲ့အထိ ဘယ်လိုမှမထင် တဲ့ တိုက်ဆိုင်မှုတွေမဟုတ်ဘူးလား..။ ဒီလိုခဏခဏတိုက်ဆိုင်ပြီး အမြဲ အဆင်ပြေမယ်လို့ ဘယ်လိုတောင်တွေးလိုက်တာလဲ.. ။

ဒါဒါကလည်း ထပ်ပြီးရှင်းပြမနေတော့ပါ။ သူမရင်ထဲမှာ တစ် ချယုံကြည်နေခဲ့တာက 'ဒီတစ်ခါငါ့အလှည့်'။ သူ့အလှည့်မှာ ဘာလုပ် အောင်မြင်သွားခဲ့သည်ဆိုလျှင် ကိုယ့်အလှည့်မှာ ဘာလို့မရရမှာလဲ..။ ကြောင့် ခြေဆင်းဝင်ကြည့်လိုက်တော့ ပထမခြေလှမ်းသည် နွံမနစ် ဆုံး



ကာလုပပလေး ချည်းနှင်းသွားခဲ့သည်ရှိရာ.. ။

☎

အခန်း(၁၁၁)

“မီးလောင်မှုဖြစ်ရင်တော့ တရားစွဲခံရမှာပဲလေ..ခုဟာက တခြား ရေးတွေပါ ထိခိုက်ကုန်တော့ ရှင်းလို့ရဖို့သိပ်မလွယ်ဘူး၊ ဒီသူဌေးက ပါးစပ်ကတော့ ငွေစကားပြောနေတာပဲ..လက်ကမပါဘူး..”

သတင်းပေါင်းစုံကြားနေသည်။ အားလုံးသောအကြောင်း ကိုယ်ထင်တာထက် ဆိုးရွားတာတွေချည်းဖြစ်နေကာ.. ၊

“စိန်ဆိုင်ကလည်း လူရိုးလူကောင်းတွေလေ..သူတို့စိန်ထုပ်လည်း ရတယ်ဆိုတော့ လျှော့တာမလျှော့တာတွေတောင် တွက်နေပုံမရဘူး..”

“မဟုတ်ပါဘူးအောင်ဦးရယ်..သူဌေးအပြောဆိုးလွန်းလို့ ပြဿနာ ဖြစ်ချင်လို့ပါ၊ ကိုယ့်ပစ္စည်းအခိုးခံရတာ ဘယ်သူကကျေနပ်မှာလဲ..”

“အဲ့ဒီကိစ္စက ဘာမှန်းကိုမသိသေးဘူး..”

“ငါတို့အတွက်တော့ကောင်းတယ်..မော်လ်ပေါ်မှာ လူမတက်တော့ ဆိုင်တွေရောင်းကောင်းသလားမမေးနဲ့..”

“ဒါနဲ့ညီမရော သူဌေးကားမောင်းနေသေးတာလား..”

“ဟင့်အင်း..”

“တော်သေးတာပေါ့..သူ့လူကိုငုတ်တုတ်ထားပြီးများ အတင်း မိသလားလို့ လန့်သွားတာပဲ..”



“အမလေးဗျာ..မီးကဒီလောက်ကြီးတဲ့ဟာ လူတိုင်းဒီအကြောင်းပဲပြော ကြတာ အတင်းဖြစ်စရာလား..”

Shopping Mall အောက်ခြေဆိုင်ခန်းတွေမှာ ပြောနေကြတာ အကြောင်းပဲဖြစ်ကာ ဈေးရောင်းရင်းပြောကြသည်။ ကိုယ့်ဆိုင်ရှေ့ကိုယ်ရပ် ကြသည်။ ဈေးဝယ်လာတဲ့သူက မေးလို့ပြောနေကြသည်။ ပိတ်ကွယ် မယ့် မလုံခြုံသောမီးလောင်ထားသည့်လက်စတွေက တကယ်လည်း တို့မေးချင်ဖွယ်ဖြစ်နေခဲ့ရာ ကိုယ်တောင်မမေးရဘဲ ပြောနေကြတာ အ အလက်ပေါင်းစုံပင်.. ၊

ဟိုဆိုင်က ပစ္စည်းလေးနည်းနည်း ဒီဘက်ဆိုင်ကိုရွှေ့ပြီး ဟိုဟာဒီဟာ ရွေးလိုက် ငွေနည်းနည်းဖြုန်းလိုက်တာနှင့်လိုချင်သည့်သတင်းတွေရ တော့ ဒါဒါကျေနပ်သွားသည်။ Mall ကိုအဝင် ဒီဆိုင်တွေရှေ့ကပဲ ဖြတ်နေကျမို့ သူတို့ကလည်း ဒါဒါ့ကိုသိနေကြ၏။ ပိုသိနေတာက ကား တ်ဘဲလည်း ဒီတိုင်းဆင်းလာပြီး ဝယ်ခြမ်းဖူးသလို စကားတွေလည်း ခဲ့ဖူးသောကြောင့်.. ၊

“သူဌေးမက နဖူးမှာဒဏ်ရာရလို့တဲ့..နိုင်ငံခြားမှာ ပလက်စတစ်စာဂျ ရီလုပ်မယ်ဆိုလား၊ ငါဖြင့်မထင်ပါဘူး..သူ့မောင်ကိုလိုက်ဖမ်းမှာလား၊ မောင်နောက်လိုက်တော့မလားပဲ..”

“သူ့ယောကျ်ားက လှည့်ကိုမကြည့်တော့တာတဲ့..ကြည့်ချင်စရာမှာ မ ဟာ ယောကျ်ားလက်ထက်က ဘာပြဿနာမှမရှိဘူး၊ မောလ်ကလည်း နာ မည်ကျော်..သူ့ကျမှ..”

“ဟွန်း..နာမည်တော့ကျော်ပါတယ်၊ ဝန်ထမ်းတွေကို ပါးရိုက်တော်လို့”

ပြောပြီး ဒါဒါ့ကိုကြည့်လိုက်ပုံက ‘နင်ရောအရိုက်ခံဖူးလား’လို့ မေးချင် ဟန်မျိုး။ သူတို့စကားတွေကို နားထောင်ရဖို့ ဒါဒါပစ္စည်းတွေတစ်မျိုးပြီးတစ် မျိုးဝယ်သည်။ ဒါပေမဲ့ ကိုယ့်ဆီမေးခွန်းတွေရောက်မလာအောင် မျက်နှာကို တော့ လွှဲထားခဲ့၏။ သတင်းတွေလည်းစုံ ပိုက်ဆံလည်းအတော်ကုန်မှ ထို နေရာကလှည့်ထွက်ခဲ့၏။ ခေါင်းထဲမှာပါလာတာ ဘရဏ်စိန်ဆိုင်ရယ် ပိုင် ရှင်တွေရယ်.. ၊

“ဟော့..ဒါဒါ..”

လှမ်းခေါ်သံက တရင်းတနှီးမို့ လှည့်ကြည့်လိုက်လျှင် မြေအောက်ကား ဂိတ်ကနေ တက်လာသည့် Light Truckကားထဲမှာ မောလ်တတိယ ထပ်က မြန်မာမုန့်ပဲသွားရည်စာရောင်းသည့်ဆိုင်က အပျိုကြီးနှစ်ယောက်။ ထွက်နားကျမှ ကားရပ်ပြီး တစ်ယောက်ကဆင်းလာကာ.. ၊

"နင်ကားမမောင်းတော့ဘူးဆို.."

"ဟုတ်တယ်မမသိမ့်.."

"မီးလောင်မှုနဲ့ပတ်သက်တာလား..အေးလေ၊ ပြောလည်းမပြော ဘူး..သူဌေးဒေါ်ဇေကရီဆိုတာ ငါတို့ဖြင့်နာမည်သာကြားဖူးတယ် တောင် မမြင်ဖူးဘူး၊ သူ့ယောကျ်ားလက်ထက်တည်းကိုက မမြင်ဘူးခဲ့"

"ဘယ်မြင်ဖူးမလဲ..ဆိုင်ခန်းငှားခဲ့တာက ဒေါ်လေးတို့ပဲဥစ္စာ၊ လွှဲပြောင်းငှားထားတာကို.."

ကားပေါ်ကနေ ညီမဖြစ်သူကလှမ်းပြောကာ အားမလိုအား လာ၏။ ဒါဒါက သူတို့ဆိုင်မှာ မုန့်လာစားနေကျဖြစ်ကာ ဘယ်မုန့် တစ်ခုတည်း တစ်ပွဲတည်းစားတတ်သောကြောင့် သတိထားမိရာက နီးခဲ့တာဖြစ်သည်။

"နင့်ကိုပြောစရာတွေရှိတယ်ညီမရေ..ငါတို့လည်း ကုန်စိမ်းတန်း ကြမှာ၊ ဆိုင်မှာပစ္စည်းပြတ်လို့လေ..နင်အားရင်လိုက်ခဲ့ပါလား၊ ကူသ ဖို့မဟုတ်ဘူးနော်..ငါတို့မှာ ကုန်ထမ်းမယ့်အလုပ်သမားပါတယ်၊ ဒီ ကားပြောဖို့ သက်သက်ပဲ.."

"အယ်..ကျွန်မမှာလည်းဒါတွေနဲ့.."

ဝယ်ခြမ်းထားသည့်လက်ထဲကအိတ်တွေကို မြှောက်ပြပြီးမှ ဒါ ရမည်ဟု စိတ်ကဆုံးဖြတ်ကာ.. ။

"ဒါတွေနဲ့လိုက်လို့ရတယ်မို့လား.."

"သိပ်ရတာပေါ့.."

သူမပြုံးလိုက်မိသည်။ မီးလောင်မှုနဲ့ပတ်သက်သော သူမသိရမှ အကြောင်းကစ၍ အချက်အလက်သတင်းစုံတဲ့အထိ သူမသတ်မှတ် တစ်ပတ်.. ။

လုပသည့်နှုတ်ခမ်းအစုံမှာ ပြုံးရိပ်ထင်၏။ တစ်နေ့လည်းလုံး အ နှစ်ယောက်နဲ့ ဈေးဝယ်လိုက်ရင်း စားသောက်ပြောဆိုရင်း သူမဝမ်း သည်။ ဒီတစ်ရက်တည်းမှာ ရခဲ့တဲ့ဝမ်းစာအတွက် ဒါဒါအကြီးအကျယ် နပ်နေလေသည်။ သီလရှင်ကျောင်းက စာအုပ်တွေသွားယူမည်။ ထိုထဲ သားစရာတွေ ထုတ်ယူစရာတွေရှိသေးသည်။ ပြီးတော့ လပြည့်ဝန်း ဆက်ရမည်။ ဟိုတစ်ခါပါမလာခဲ့သည့်ရှေ့နေမ..။ ဒီတစ်ခါလာရမည်။ zn Zpf.Mailဖြစ်ဖြစ်.. ။

အစီအစဉ်တွေထဲမှာ မျှော်လင့်ချက်အလင်းတန်းတို့က စိန်ပွင့် ဖုတ်ဖုတ်လက်နေကြသည်။ နေ့ရယ်ညရယ်ကတော့ တစ်လည့်စီပဲ..



နင်တစ်ကိုယ်လုံးအမှောင်ဖုံးနေတဲ့အတွက် နင်ဘယ်တော့မှမိုးလင်းမှာမဟုတ် ဘူး..အမြဲတမ်းဖြစ်နေမှာ ငါ့ဘက်မှာနေ့ နင့်ဘက်မှာည.. ။

"ကျွိ.."

"အား.."

လမ်းကြားထဲဝင်မည့် ကားရှေ့ကအဖြတ်မှာ စုပြုံဆွဲထားသည့်ကြားက နည်းတချို့ ပြုတ်ကျကုန်၏။ ကားကလည်း လူကူးသွားပြီမို့ ပုံမှန်အရှိန်နဲ့ လာကာ ဒါဒါကပစ္စည်းပြန်လှည့်ကောက်လျှင်.. ။

"သမီးရေ..ဘယ်ထိသွားသေးလဲ၊ ဒီကောင်မလေးတော့လေ..လူကြား မောင်းရင် အရှိန်လျှော့ပါဆိုတာ.."

"ဖေဖေကလည်း သမီးလည်းလွတ်ပြီထင်..အယ် အစ်မ.."

ဒါဒါ့ဘေးကို ပျာပျာသလဲဝင်ထိုင်၍ ပစ္စည်းတွေဝိုင်းကောက်ပေးစဉ် မျက်နှာမော့ကြည့်ပြီး ပြုံးချိုသွားကာ.. ။

"ဖေဖေ့..ဒီအစ်မက သမီးနဲ့ခင်တယ်.."

"ဟုတ်လား..အသိတွေလား.."

"ပိုတောင်ပိုသေးတယ်.."

လို့ပြောပြီး ဒါဒါ့နားကပ်လိုက်ကာ.. ။

"မိုင်ဟီးရှိုးနော်.."

ဒါဒါက ပြုံးပြလိုက်ပြီး.. ။

"မဟုတ်တာညီမကလည်း.."

တကယ်တော့ သူမလေးသည်ဘရဏီစိန်ဆိုင်ပိုင်ရှင်ဖူးဖူးဖြစ်ကာ သူမ တို့ကားကိုမြင်လိုက်သဖြင့် ဒါဒါ့ဤသို့အထုပ်တွေ တမင်လွှတ်ချခဲ့ခြင်းဖြစ် လျက်.. ။

"မမကားမောင်းသေးလားဟင်..မီးလောင်ပြီးမှလေ.."

"ဟင့်အင်း..မီးထဲပါသွားတဲ့စိန်ဆိုင်က ညီမလေးတို့ဆိုင်လား.."

"ပါရှုတင်ဘယ်ကမလဲ..စိန်ထုပ်ရော ကားရော အခိုးခံရတာလေ၊ ညီ မကြောင့် အဲ့ကောင်ကိုမကျေနပ်ပါဘူး..သူ့အစ်မအားကိုးနဲ့လွတ်နေတာ.."

သူမတို့မောင်နှမအကြောင်း ကိုယ်ကလွဲပြီး အားလုံးသိနေကြပါလား.. ကိုယ့်ရှေ့မှာ မောင်နှမချင်းအဆုံမခံဘဲ တစ်ယောက်တစ်မျိုး တစ်ထောင့်တစ် နေရာစီကနေ လူကိုချိုးဖဲ့ဝါးမျိုဖို့ လှည့်ပတ်ကြံစည်နေကြသည်။ အကောင်အ ထည်ဖော်ခဲ့ကြသည်။ ဒီလောက်တောင်တော်နေကြတာလား..။ ဒါမှမဟုတ် ထုတ်မာနိုင်လွန်းတာလား..မဟုတ်ဘူး၊ ကိုယ်ညံ့လွန်းလို့ သူတို့တော်နေတာ.. သူတို့ထက်ယုတ်မာမယ့်သူမရှိသေးလို့ သူတို့ယုတ်မာတိုင်းအောင်မြင်နေ

တာ.. ।

"မမ ဒီတစ်ခါတော့ မငြင်းနဲ့တော့..အိမ်လိုက်ခဲ့နော်၊ တီလေးကလည်း ဟိုတစ်ခါစကားသေချာမပြောလိုက်ရလို့ပြောနေတာ.."

ဒါဒါလည်း ဖူးဖူးတို့ကိုတော့ ဖွင့်ပြောအကူအညီတောင်းဖို့တွေးထား သည်မို့ ဖူးဖူးတို့အိမ်ပါသွားခဲ့သည်။

"ဒါဆို သမီးတို့က ရိုးရိုးအလုပ်ရှင်နဲ့ အလုပ်သမားမှမဟုတ်တာဘဲ.."

"မမဘာမှမသိပေမယ့် သူကတစ်လျှောက်လုံး လုပ်ကြံဖို့ကြိုးစားနေ တာ ကြည့်စမ်း.."

ဒါဒါ ခေါင်းညိတ်လိုက်သည်။ ဧကရီကိုပြန်တုံ့ပြန်နိုင်ဖို့အတွက် အ မုန်းသမိုင်းကို လှန်ရမှာဖြစ်သည်။ ထို့ကြောင့် ကိုယ့်အထုပ်ကိုယ်ဖြည်သလို ဖြစ်ခဲ့ရင်တောင် သူမလုပ်ရမည်သာ။ ဒေါ်ပြည့်စုံနဲ့ဖူးဖူးပြည့်တို့ တအုံ့တပြ တွေဖြစ်ကုန်ကြကာ မိန်းမသားချင်းမို့ ပိုပြီးမခံရပ်နိုင်။ ကလေးကိုသေအောင် ပြီးတာတောင် သနားညှာတာရမှန်းမသိဘဲ တောက်လျှောက်လိုက်ဒုက္ခပေးနေ တာ..မောင်ဖြစ်သူနဲ့လုညပြီး စော်ကားခိုင်းခဲ့တာကပါသေး.. ।

"ဒါတော့ တော်တော်လွန်နေပြီ..ဒါဘယ်လိုမှ သည်းမခံသင့်တဲ့ကိစ္စ.."

"ဟုတ်တယ်မမ..အဲ့ညက မမကိုသူ့မောင်စော်ကားဖို့ကြံတာရော မီး ထုပ်ပါတဲ့ကားကို တက်မောင်းပြေးတာရော၊ ဟွန်း..လင်းမြတ်ဇော်ဆိုတဲ့သူ ဖူးတို့နဲ့လာငြိသွားတာကံဆိုးပြီ၊ ဒီကိစ္စဖေဖေ့ကိုလည်းတိုင်ပင်မယ်..အရမ်း ယုတ်မာနေကြတာကို၊ မမလက်တုံ့မပြန်နိုင်ရင် ပြန်နိုင်တဲ့ဖူးတို့က ဆက်လုပ် မယ်.."

"ဟုတ်တယ်..နေဦး ပိုးထည်မဇင်တို့ဆီ တီးလေးဖုန်းဆက်မယ်၊ ဒါဒါ့ ကိစ္စကို ကွက်ချန်ပြီး မီးလောင်မှုကို ပုဒ်မတပ်ဖို့ မီးလောင်ခံရတဲ့ဆိုင်ခန်းသ မားတွေ ညီညွှတ်ဖို့လိုတယ်.."

ဒေါ်ပြည့်စုံက ဖုန်းတစ်လုံးနှင့်အလုပ်ရှုပ်နေတော့သည်။ ဖူးဖူးက ဒါဒါ့ လက်လေးကို ဆုပ်ကိုင်ထားပြီး အားပေးနေလျက်.. ।

"မိန်းကလေးတွေက ဆင်းရဲဒုက္ခတွေ့ရင် ပျက်စီးကြတယ်တဲ့..ပြီးတော့ မမက မျက်နှာမွဲတစ်ကောင်ကြွက်ရယ်၊ ဖူးကနိမ်တာမဟုတ်ဘူးနော်..ကိုယ့် ကိုယ်ကိုစိတ်ခိုင်ခိုင်ရပ်တည်ဖို့ ပြောချင်တာပါ၊ ဖူးကိုမမအများကြီး ကူညီခဲ့ တာလေ..ကိုယ်တိုင်မှားခဲ့ဖူးလို့ မမကိုပိုသနားတာ.."

"တို့စိတ်မပျော့ပါဘူး..ကိုယ့်မှာအင်အားမရှိတာတစ်ခုပဲ စိုးရိမ်တယ် ပြိုင်ကြပြီဆိုရင် အရည်အချင်းရယ် အင်အားရယ်က စကားပြောလာမှာ.."

"မမမှာ အရည်အချင်းရှိတယ်..အင်အားမရှိပေမယ့် အခုဖူးတို့နဲ့လက်



ကွဲမိပြီလေ၊ ဖေဖေနဲ့တီလေးက အရမ်းအေးတော့ ဒီအမှုကိုဒီတိုင်းထားလိုက်ဖို့ တွေးလိုက်ကြတာ..မီးလောင်မှုကတစ်ဖက်နဲ့ ခမျာလည်းဗျာများနေမှာဆို းလေ.."

"စိန်ထုပ်က တကယ်လက်ရာမပျက်ပြန်ရခဲ့တာလားဟင်.."

"ဘယ်ဟုတ်မလဲမမရယ်..အပျောက်အရှုတောင် သေချာစစ်မကြည့်ရဲ ဘူး၊ တန်ဖိုးသိပ်များနေရင် ဒါကိုလျှော်ပစ်ဖို့က မလွယ်တော့ဘူးလေ..ဒါ ပေမဲ့ ပျောက်ရှုကုန်တာတွေကိုလည်း သိနေတယ်.."

ဒီလောက်ထိ သဘောထားနူးညံ့တဲ့လူမျိုးတွေ ရှိနေသေးတာလားလို့ တွေးမိရင်း ဒါဒါကိုယ့်လိပ်ပြာလည်း ကိုယ်မလုံ.. ।

"တစ်ခုလောက်မေးမယ်နော်.."

"အင်း..မေးလေ.."

"စိန်ထည်ဆိုတည်းက အကြီးဖြစ်ဖြစ် အသေးဖြစ်ဖြစ် တန်ဖိုးနည်းမှာ မဟုတ်ဘူး..ဘာဖြစ်လို့ လျှော်ပစ်ဖို့ပဲ တွေးခဲ့တာလဲ.."

ဖူးဖူးကပြုံးသည်။ ပြီးတော့ မျက်လွှာလေးချလိုက်ရင်း ခဏကြာမှ..।

"ဖူးရဲ့မောင်ဝမ်းကွဲတစ်ယောက်က ပြီးခဲ့တဲ့နှစ်ကမှ ခိုးမှုနဲ့အချုပ်ကျ ထားတာ.."

"ဩော်.."

"နောက်ပြီး တကယ်ခိုးတာလည်းမဟုတ်ဘူး..အထင်လွဲတာ၊ ဒါပေမဲ့ သက်သေလည်း ခိုင်မာနေတော့ စစ်လို့မရတိုင်း ရိုက်နှက်ကြတာလေ..ဒဏ် ရာတွေ မြင်မကောင်းဘူး.."

ထိုစဉ် ဖုန်းပြောလက်စကိုဖြတ်၍ ဒေါ်ပြည့်စုံက သူမတို့နားရောက်လာ တာ.. ।

"စိုးကျော်ကျော်က သူ့သူငယ်ချင်းအတွက် အနစ်နာခံပြီး ဝန်ခံထား တာလေ..သူခိုးကခိုးတယ်ဆိုမှတော့ ရိုက်မှာပေါ့၊ ညည်းအဖေကိုက စိတ်ပျော့ လွန်းတာပါ..အစတည်းက ဒီကိစ္စမကျေအေးဖို့ တီလေးပြောထားတာ၊ ခု လည်း ရှေ့မဆက်တာပဲရှိတယ်..ကျေအေးရသေးတာမဟုတ်ဘူး၊ ဘယ့်နှယ် ဒီလောက်ယုတ်မာတဲ့မောင်နှမတွေ သူတို့လည်းဆင်းရဲတာမဟုတ်ဘူး..လုံး ဝမလျှော့နိုင်ဘူး၊ တစ်ကနေပြန်စမယ်..ဟိုးအစကနေ ပြန်တိုင်မယ်၊ စိန်ဖြစ် ဖြစ် ကျောက်ဖြစ်ဖြစ် တစ်ပွင့်မှအဆုံးမခံနိုင်ဘူး..အကုန်လျော်ရမယ်.."

ပြောပြီး ဖုန်းပြန်ခေါ်ဖို့လက်ပြင်၏။ ပြီးတော့မှ တစ်ခုခုသတိရသလို လက်ပြန်ချကာ.. ।

"ဒါဒါရေ..သမီးကံမကောင်းသေးလို့မွဲနေတာ ဘာမှအားမငယ်နဲ့ တီ

လေးတူမကိုကယ်ခဲ့လို့ တီလေးကလိုလားနေတာမျိုး မဟုတ်ဘူး..အဲဒီ
တည်းက သမီးရဲ့စိတ်ဓာတ်ကပေါ်လွင်နေတာ၊ အဲ့ဒါကြောင့် တီလေးတို့
ကျေးဇူးလည်းတင်တယ်..လေးလည်းလေးစားတယ်၊ မိန်းမဖြစ်ပြီး စိတ်ဓာတ်
မကောင်းရတဲ့အထဲ မိန်းမချင်းမစာမနာ မောင်နဲ့စော်ကားခိုင်းရတယ်လို့
မျိုးတော့လာမလုပ်နဲ့၊ တီလေးတို့စည်းစိမ်ပြုတ်သွားပေ့စေ..အမှုမှန်
အောင်ကိုဖော်မှာ၊ ခုလည်း အန်တီတို့သေချာကြားထားတယ်..ဒီမောလ်တစ်
လုံးကို ရောင်းပစ်ပြီးပြီဆိုလား၊ မီးလောင်မှုကြောင့် အဲ့ဒီသတင်းထွက်လာ
တာ..”

“ဟုတ်တယ်တီလေး..ပိုးထည်ဆိုင်ကလည်းပြောတယ်၊ သူတို့ဆိုင်ခန်း
တွေတောင် ပြန်ဆောက်မပေးတော့ဘူးတဲ့..နှစ်ချုပ်တွေနဲ့ငှားထားကြတာ
ချို့ဆို နှစ်တွေကျန်နေသေးတာလေ၊ မီးလောင်တဲ့အခြမ်းကို အကုန်ဖျက်
ပြီး ဘာလုပ်မှာလိုလို ညာလုပ်မှာလိုလို..”

“သူတို့ဘာသာဘာလုပ်လုပ် တို့ဆိုင်တွေ တခြားမှာလည်းရှိတယ်
ဒီမှာပြန်မဖွင့်ရတာနဲ့ အိပ်ရေးပျက်ဖို့မရှိဘူး၊ ဟွန်း..နေပါဦး သူ့သမိုင်း
ထပ်သိရအောင် စုံစမ်းဦးမှပါ၊ ဒီလိုမျိုး ဘယ်သူ့မှလူမထင်တဲ့ပုံစံတွေလုပ်
မရဘူး..မီးလောင်မှုရော ဒါဒါ့ဘဝကိုဖျက်ဆီးဖို့ကြံတဲ့အတွက်ရော သင်
ပညာကောင်းကောင်းရသွားမှဖြစ်မယ်..”

ဒေါ်ပြည့်စုံက သားသမီးချင်းစာနာစိတ်တွေ တဖွားဖွားနှင့် လက်သီး
လက်မောင်းတန်းတော့သည်။ ဖုန်းကစားအုပ်ထုတ်ပြီး နံပါတ်တွေရှာပေး၏။
လက်တံတိုတယ်ရှည်တယ်ဆိုတာ ဒါမျိုးလား.. ၊

“ရှေ့နေဦးမိုးခလားရှင့်..ကျွန်မနည်းနည်းလောက် ဆွေးနွေးစရာလေး
ရှိလို့ အချိန်ရမလားရှင်..”

“……………”

“ဟုတ်ပါတယ်..ကျွန်မဒေါ်ပြည့်စုံပါ..”

“……………”

“ဟုတ်ပါတယ်..အခု အဲ့ဒီအမှုကိစ္စပဲပြောမှာပါ..”

ဒါဒါ နှုတ်ခမ်းလေးတင်းတင်းစေ့ထားရင်း မဲ့လိုက်မိသည်။

မနေ့တစ်နေ့ကငါ မဟုတ်တော့ဘူး.. ၊

“ဟုတ်ပါတယ်စခန်းမှူးရှင်..ကျွန်မဒေါ်ပြည့်စုံပါ..”

“……………”

“လင်းမြတ်ဇော်ကို အမြန်ဆုံးမိဖို့.......”



## အခန်း(၁၁၂)

“ရတယ်..နင်လာဖို့မလိုပါဘူး၊ အဲ့လောက်ပြောပြနေတာပဲ..ငါတော်
တော်ရပြီ၊ ကျေးဇူး..အဟွန်း..”

ဆိုင်ကြီးကကြီးပေမယ့် လက်ဖက်ရည်ဆိုင်ပဲဖြစ်သည်။ လူတွေလည်း
စားပွဲတိုင်းပြည့်နေသည်။ ဒါဒါက ရေသန့်ဘူးလေးတစ်ဘူးမှာထားပြီး
ထောင့်စားပွဲမှာ တစ်ယောက်တည်းထိုင်နေသည်။ ခရမ်းပွင့်လေးတွေပါ
သည့် စကက်အရှည်နှင့် ခရမ်းရောင်တီရှပ်လက်ပြတ်လေး ဝတ်ထားသည်။
ဆံပင်တွေကို ဒီတိုင်းဖြန့်ချထားပြီးမှ နဖူးကဆံပင်လေးနည်းနည်းကို ဘီး
ကုပ်သေးသေးလေးနဲ့ သိမ်းထိုးထား၏။ မျက်နှာသည်အပြောင်သားရှိလျက်
မျက်တောင်ရှည်တို့သည် ခပ်လှမ်းလှမ်းကကြည့်တာတောင် အတိုင်းသား
မြင်နေရသည်။

သူမကိုမြင်သာသည့်စားပွဲမှာ ဝင်ထိုင်လိုက်ရင်း ကိုယ့်ကိုသိတဲ့လူ
တစ်ယောက်ယောက်များ မြင်သွားမလားလို့ ဟိုဒီလှည့်ကြည့်မိသေးသည်။
င်းလိုလူက ဒီဆိုင်မျိုးမှာထိုင်ရလားလို့ အထင်ခံရမှာစိုးလို့မဟုတ်ပါ။ ကိုယ့်
ည်ကြီးခေါ်ပြီး ကျယ်ကျယ်လောင်လောင်နှုတ်ဆက်လိုက်မှာ စိုးရိမ်မိတာ
သည်။ သူမကိုပိုင်ဆိုင်ဖို့ မကြိုးစားတော့ဘူးဆိုသည့် ဆုံးဖြတ်ချက်ကို
ခဲ့ပေမယ့် သူ့ဘက်မှာခိုင်မာသလား မခိုင်မာဘူးလားဆိုတာ မသိ။ အားလုံး

ကို ဖွင့်ပြောဖို့ဆုံးဖြတ်ချင်သည်။ သို့သော် ဖြစ်ပေါ်လာမည့်ဆုံးရှုံးမှု သူလက်ခံနိုင်ဖို့ကမသေချာ။ ထို့ကြောင့် မနက်ဖြန်တွေကို သူမေ့ထား သည်။ ကောင်းလာဖွယ်မရှိသည့်ပြင် မကြာခင်ကြီးမားသည့်အပြောင်း ကြီးတစ်ခုခု ဖြစ်လာတော့မှာကိုလည်း ခံစားမိနေပါလျက်.. သူ.. ၊

"ဟင်..ဒါ ဘာတွေလဲ.."

စာအုပ်လေးနဲ့ရေးမှတ်နေရင်း ဒါဒါဆတ်ခနဲဖြစ်သွားသည်။ ကိုစားပွဲပေါ်ချလိုက်ပြီး ပါလာသမျှစားစရာတွေကို ဝိတ်တာက တစ် ချခင်းပေးလျက်.. ၊

"အမေရိကန်ထမင်းကြော်ရယ်..ကြက်ကုန်းဘောင် ဝက်လက် တံငါသောက်ဆမ်း.."

"မြင်တယ်လေ..ဒါတွေဘယ်သူမှာလို့လဲ၊ စားပွဲမှားချနေတာ သယ်သွား ပြန်သယ်သွား.."

"စားပွဲနံပါတ်ခြောက်လို့ သေချာမှာထားတာဗျ.."

နောက်ထပ် ကုတ်ဒ်နှစ်ဘူးနဲ့ ဖန်ခွက်နှစ်လုံးပါ နောက်တစ် က လာထပ်ချတော့ ဒါဒါ့ဒေါသတွေ မျက်လုံးပြူးမျက်ဆံပြူးအောင် လျက်.. ၊

"ဒီမှာ.."

စားပွဲကိုလက်နှစ်ဖက်နဲ့ပုတ်၍ ရေသန့်ဘူးလေးကို ကိုင်ပြကာ

"ဒီမှာအလုပ်လုပ်နေတာ မစားအားသေးလို့ ဘာမှမမှာရသေးဘူး တောင်မသောက်အားသေးတာ..ရော့.."

ရေသန့်ဘူးဖိုးသုံးရာကို ဒေါသထွက်နေသည့်ကြားက အတိ အောင် အိတ်ဖြဲရှာပြီး စားပွဲပေါ်ပစ်ချ၏။ ပြီးတော့ ထွက်သွားဖို့ပြင်

"ကိုယ်မှာထားတာ.."

ခုံကြားထဲကထွက်မည့်သူမဘေးမှာ လူရိပ်ပေါ်လာသည်။ ပြီး ခုံဆွဲထိုင်လိုက်ကာ.. ၊

"ရပြီ ညီလေး.."

ဝိတ်တာတွေကို မေးဆတ်ပြလိုက်ပြီး စားသောက်ဖွယ်တွေကို ဘက်ပြန်တိုး၏။ ပြီးမှ မော့ကြည့်ကာ.. ၊

"ဘာလဲ..ပြန်မထိုင်တော့ဘူးလား.."

ကိုကို့ကို အံ့သြနေသည့်မျက်ဝန်းလေးတွေနဲ့ကြည့်ရင်း ဒါဒါ ပြန်ထိုင်သည်။ ပြီးတော့ စိတ်လိုက်မာန်ပါကောက်ကပ်ထပ်ကိုင်ထားမိ ဂိုက်ဆံအိတ်ရယ် စာအုပ်တွေရယ် ဖုန်းရယ်ကို စားပွဲပေါ်အသာလေး



ကာ.. ၊

"ရှင်ရောက်နေတာကြာပြီပေါ့..ဒီဆိုင်ထဲမှာလေ.."

"အင်း.."

ဒါဒါက ဆိုင်ထဲကို ဟိုဒီလိုက်ကြည့်ကာ.. ၊

"ရှင့်လူတွေရော.."

"နေရာတကာ လူစုလူဝေးနဲ့သွားနေရအောင် ကိုယ်ကဂိုဏ်းစတားကြီး ဟုတ်ဘဲ.."

ဂိုဏ်းစတားကြီးနဲ့တူနေတာ မဟုတ်ပါ။ သူ့ပုံစံ သူ့လှုပ်ရှားမှုတိုင်းကို င်းသားတစ်ပါးလို မဟာဆန်နေတာဖြစ်သည်။ ဒါမှမဟုတ် တမင်တ ခန့်ဆင်းယူတာမဟုတ်ဘဲ ခမ်းနားခြင်းလား...။ သူ့စကားအတွက် စိတ် သာ ဖြေရှင်းချက်တွေဖြစ်သွားခဲ့လျက်.. ၊

"ဒီတစ်ခါ ရှင်ကအလိုက်သိပေမယ့် ကျွန်မတကယ်မဆာသေးလို့မ ပါ.."

ရေလေး လက်နှစ်လုံးလောက်ပဲ ကျန်တော့သည့်ရေသန့်ဘူးကို ခ င် စုလုံးကောက်ယူလိုက်သေးသည်။ ပြန်ချထားလိုက်တာလည်း ခ ဖြစ်သည်။ ကိုကိုက ရေဘူးကိုလှမ်းကြည့်ပြီးပြုံးသည်။ ဒါဒါကလည်း ဘူးကိုကြည့်လိုက်တာကို သိကာ.. ၊

"ရှင်သူများကို အဲ့လိုလှောင်ရယ်ချင်လို့ ဝယ်ခြမ်းကျွေးနေတာလား.."

ဒေါသမပါဘဲ မျက်မှောင်ကုတ်မေးနေပုံလေးက ကလေးဆန်နေကာ တောင်ရှည်တို့သည် မျက်စပ်လေးတွေထဲကနေ ရှန်းကြွကော့ညွတ်နေ ကိုကိုကစိုက်ကြည့်နေပြီး ပြန်မဖြေ.. ၊

"ဟုတ်နေတဲ့ပုံပဲ..အတော်ကျေနပ်အားရနေတာ.."

"အဟွန်း.."

ထပ်ပြောလိုက်ကာမှ ခပ်သဲ့သဲ့ပြုံးလိုက်ပြီး မျက်ဝန်းတို့ရွှေ့ဖယ်သွား ၊

"ဟုတ်စရာလားကွ..ခုချိန်ထိမင်းကိုယ့်ကို မိတ်ဆွေကောင်းလို့ မသတ် သေးပါလားလို့ တွေးနေတာ.."

ဒါဒါ့မျက်နှာလေးပျက်၏။ သူလည်းပြောဖို့စိတ်ကူးမရှိဘဲ ပြောလိုက် ဖြစ်ကာ ပြောပြီးမှ အဆင်ပြေသွားတာကို ကျေနပ်သွားမိရင်း.. ၊

"ကိုယ်မင်းကို ညီမလေးလိုတော့ မဟုတ်ပေမယ့် ညီမအစ်မတွေကို ရှောက်ချင်တဲ့စိတ်မျိုးထက် ပိုတယ်.."

"ဘယ်လို.."

"အရိုးသားဆုံးပြောရရင် မင်းကိုဘယ်လိုမှ စိတ်မချနိုင်အောင် ...
ယောဇဉ်ဖြစ်နေမိတာ.."

ရင်ထဲမှာ လှိုက်ခနဲတစ်ချက်ခါသွားသည်။ ဒါ ဘာစကားလဲ။ ...
ရိုးရိုးပြောနေတာ နင်သတိထားစမ်း.. ၊

"ဘာပဲဖြစ်ဖြစ် မင်းလည်းရိုးရိုးပဲတွေးပေးလို့ မရဘူးလား.."

ဘယ်လိုလုပ်ရမှာလဲ..လူကိုချစ်တယ်လို့ပြောပြီး သူပဲ.. ၊

ဒါဒါ ရင်ခုန်သံတွေမြန်လာသည်။ လက်ဖျားတွေက တာဝန်...
စွာ အေးစက်စက်အငွေ့အသက်သို့ ကူးနေကြ၏။ ဆိုင်ထဲမှာ အသံ...
မဆူပေမယ့် တိတ်ဆိတ်နေတာလည်းမဟုတ်။ ဒါပေမဲ့ သူနဲ့ကိုယ်...
ယောက်တည်းရှိနေသလိုလို ရုတ်တရက်မြင်ကွင်းတွေ အသံတွေ စ...
စွာ ပျောက်ကွယ်သွားခဲ့၏။ ဒီယောကျ်ားကိုယ့်ရှေ့ရောက်လာတိုင်း သူ့...
လုံးတွေနဲ့ ဖျတ်ခနဲဆုံလိုက်မိတိုင်း.. ၊

မဟုတ်ဘူး.. ရိုးရိုးပဲနေဒါဒါ၊ ရိုးရိုးပဲတွေး..

"ချာတိတ်..ကိုယ်ပြောတာ တွေးနေတာလား.."

"ဟင်..အင်း၊ ဟင့်အင်း.."

ခေါင်းညိတ်ပြီးမှ ဟင့်အင်းပြောမိလျက် ကိုယ့်ဘာသာဘာတွေ...
နေမှန်းလည်းမသိတော့ပါ။ ခုပဲ အမှုသွားအမှုလာတွေကြည့် ပုဒ်မတွေ...
နှင့် မနက်ဖြန်တွေကို ရင်ဆိုင်ဖို့ခွန်အားအသစ်တွေနဲ့ လူစွမ်းကောင်းကြီး...
နေခဲ့တာ..သူ့ရှေ့ကျမှ ခြေဖျားအေးအောင် ဘာတွေဖြစ်နေတာလဲ.. ၊

"ဒါဆို ကိုယ်ပဲဆက်ပြောမယ်နော်..မင်းအတွက် ကိုယ့်ဘက်က ...
၏ စောင်မခြင်း လက်၏စောင်မခြင်းတွေနဲ့.."

"ကျွန်မဘက်ကမလိုဘူး.."

"မင်းလိုတာမလိုတာတွေကို မင်းကိုယ်မင်းထက် ကိုယ်ကပိုသိတယ်"

ဒါဒါနှုတ်ဆိတ်သွားခဲ့သည်။ ပက်ခနဲပြန်မေးဖို့လည်း သတိမရ၊ ...
သတွေလည်း ဘယ်ရောက်နေမှန်းမသိ.. ၊

"ကိုယ့်ကြောင့် မင်းသိက္ခာကျအရှက်ရတာမျိုး ဘယ်တော့မှမဖြစ်...
ရဘူး..တခြားသူကြောင့်လည်း မင်းရဲ့အရှက်သိက္ခာကို မထိခိုက်စေချင်ဘူး
မင်းကိုယ့်ကိုယုံကြည်တယ်ဆိုရင် မေးခွန်းတွေမထုတ်ဘဲ ရှေ့ဆက်သွား...
အောင်..ဘယ်လိုလဲ.."

"ဒီတိုင်းရှေ့ဆက်ရအောင် ရင်ပဲသဘာဝကျကျတွေးကြည့်စမ်း...
ကျွန်မကအခြေမဲ့အနေမဲ့ ရင်ကအိမ်ထောင်နဲ့.."

"အဲ့လိုစည်းတွေက မိန်းကလေးတစ်ယောက်အတွက် လိုအပ်သ...



...ရှိတဲ့ယောကျ်ားတိုင်းလည်း ရှောင်ကြည်ကြတာပဲ..မင်းကိုယ့်သိက္ခာ
... ယုံကြည်လေးစားတယ်ဆိုရင် ရိုးရိုးပဲတွေးလိုက်ပါ၊ မင်းနဲ့ကိုယ်နှစ်
...ယောက်တည်းပဲ နားလည်ရင်ရပြီ.."

ချစ်လို့ဆိုတဲ့စကား ပြောခဲ့တုန်းကတော့ နမ်းဖို့အတွက် ညာခဲ့တာ
...။ သူ့မျက်ဝန်းတွေကို ဖျတ်ခနဲကြည့်မိ၏။ စူးစိုက်ကြည့်နေသည့်မျက်
...တွေနဲ့ ဆုံဆည်းမိစဉ် ရင်ထဲမှာလှိုက်ခနဲတစ်ချက်ခါသွား၏။ သူမနား
...သွားသည်။ သူပြောသလို နှစ်ယောက်တည်းနားလည်ဖို့သာ ရည်ရွယ်
... ၊

"အဟမ်း.."

သူမကပဲ မျက်ဝန်းတွေကို တိမ်းဖယ်၍ ဟင်းပွဲတွေဆီအာရုံစိုက်လိုက်
... ၊

"ဒါဒါ တံငါသည်သောက်စမ်းကြိုက်မှန်း ရှင်သိ.."

သိနိုင်စရာအကြောင်းမရှိတာကို လွှတ်ခနဲမေးမိမလိုဖြစ်သွားကာ အ
...ပြန်ထိန်းလိုက်ရသည်။ ကိုကိုက ထိုဟင်းပန်းကန်ကို ဒါဒါနဲ့နီးအောင်
...သာလေးဆွဲကပ်ပေးရင်း.. ၊

"မီးဖိုကြီးနဲ့ဆိုပူလို့ ကိုယ်ဒီတိုင်းချခိုင်းထားတာ.."

ပြောပြီး သွားတွေပေါ်အောင်ရယ်ကာ.. ၊

"ခုတွေ့လား..မင်းဘာကြိုက်မှန်းမသိပေမယ့် ကြိုက်လောက်မယ်ထင်
...တွေ ခန့်မှန်းလိုက်တာ.."

"အဲ့တစ်မျိုးပဲကြိုက်တာ.."

"ဒါပေမဲ့ လေးမျိုးမှာတစ်မျိုးတိုးတယ်လေ..ဒါနည်းတဲ့အရည်အချင်း
..."

ဒါဒါက ဆံပင်လေးသပ်လိုက်ပြီး ရယ်သည်။ သူမရယ်နေတာကို
...ခါမှမမြင်ဘူးခဲ့သဖြင့် ကိုကို့လှုပ်ရှားမှုတွေ ရပ်တန့်သွားသည်။ ပြီးမှ
...ခင် ကမန်းကတန်းမျက်နှာလွှဲရင်း ရယ်လိုက်မိသည်။

ချစ်ဖို့ကောင်းတဲ့ချာတိတ်..

ရေရွတ်တာပေမယ့် နှုတ်ခမ်းတွေလှုပ်ခတ်သွားတဲ့အထိ ပြောလိုက်မိ
...သည်။

"ဒီထဲမှာ ရင်အကြိုက်ကဘာလဲ.."

"မသိဘူး.."

"ဟင်.."

"ကိုယ်မကြိုက်တာဆို သိပ်မစားဖြစ်ဘူး..ကြိုက်တဲ့အစားအစာဆိုတာ

လည်း မရှိဘူး..”

“ဘယ်လိုကြီးလဲ..”

“စားလို့ကောင်းသွားရင် ကောင်းတယ်ပေါ့..အစားအသောက်ပေါ်မှာ သိပ်အာရုံမထားတတ်တာ..”

“ဒါဒါကျတော့ အရမ်းအကောင်းကြိုက်တာ..အထူးသဖြင့် ပင်လယ်စာတွေပေါ့၊ ဒါပေမဲ့ မျိုးသိပ်နေရတယ်..”

“မျိုးသိပ်တာလည်း မျိုးသိပ်ပေါ့..လူတစ်ယောက် ရှင်သန်တယ် တာကြွတယ်ဆိုတာ အာဟာရပေါ်မှာလည်း မူတည်နေတယ်ကွ၊ ကိုယ်လုပ်ချင်တာလုပ်ရတာကို ကျေနပ်အားရသလို စားချင်စိတ်ရှိနေတာကို စားလိုက်ရတဲ့စိတ်ဆန္ဒရဲ့ပြီးမြောက်ခြင်းကလည်း အင်အားပဲ..နောက်ဆိုမျိုးသိပ်မနေနဲ့တော့၊ အိမ်မှာစားချင်ရင် ကိုယ်ပို့ခိုင်းလိုက်မယ်..အပြင်မှာထွက်စားချင်ရင်လည်း အချိန်မရွေးဖုန်းဆက်..”

သူနဲ့ကိုယ် အဲ့လောက်ထိရင်းနှီးခွင့်ရှိရဲ့လား..။ သူပြောနေတဲ့အနေအထားလေးကိုတွေးမိပြီး ပျော်သလိုဖြစ်သွားသည်။ ပြီးတော့ ချက်ချင်းပဲမဲ့နည်းသွားမိသည်။

“ချာတိတ်..”

“ဟင်..”

ထူးလိုက်ပြီးမှ သတိရကာ.. ၊

“ရှင်လူကိုချာတိတ်လို့ မခေါ်ပါနဲ့..ကျွန်မအိမ်ထောင်ကျခဲ့တယ်၊ သမီးလည်းရှိခဲ့တယ်..”

“အဲ့ဒါတွေရှိတော့ ဘာဖြစ်လဲ..မင်းကိုယ့်ထက်ငယ်တာပဲဟာ..”

“ဘယ်လောက်တောင်ကွာလို့လဲ..ရှင့်အသက်ဘယ်လောက်လဲ..”

သူက စီးကရက်ထုတ်၍ မီးညှိဖို့လုပ်ရင်း ပြုံးသည်။ ပြီးတော့ ဒီတိုင်းကိုင်ထားပြီး ငဲ့ကြည့်ကာ.. ၊

“အဲ့ဒါတော့ပြောလို့မဖြစ်ဘူး..တော်ကြာ အဲ့လောက်ကွာတာလားဆိုပြီး မင်းကိုယ့်ကိုထားခဲ့ရင် ဘယ်လိုလုပ်မလဲ..”

မျက်လုံးချင်းဖျတ်ခနဲဆုံ၏။ နှစ်ယောက်သားမျက်လုံးချင်းဆုံမိတာ ရုတ်တရက်ပြန်မလွှဲဖြစ်ကြတာလည်း ဘယ်လိုဆွဲငင်အားတွေမှန်းမသိ..

“ကိုယ်နည်းနည်းစပ်စုလို့ရမလား..”

ဒီတိုင်းချထားလိုက်သည့်စာအုပ်တွေကို သူလှမ်းကြည့်လိုက်သည်။ ဒါဒါကထမင်းကြော်စားဖို့ ဇွန်းခပ်ရင်းကိုင်လိုက်ရင်း.. ၊

“အဲ့ဒါကျွန်မလုပ်ရမယ့် မနက်ဖြန်အတွက်အိမ်စာတွေပါ..”



သူမဖုန်းထဲကနေပြန်ကူးနေတာတွေသည်။ ဖုန်းပြောနေတာလည်းမြင်သည်။ သေချာတာက ဧကရီ့ကို သူမတစ်ခုခုတုံ့ပြန်ဖို့ ကြိုးစားနေတာပင်။ သူတို့တွေထင်တာက ကားနဲ့ဝုန်းဒိုင်းကြဲခဲ့အပြီးမှာ ဧကရီနဲ့မပြတ်မသားဖြစ်နေဦးမလားဆိုတာကိုဖြစ်ကာ သူမကတော့ ကိုတ်တဆိတ်လှုပ်ရှားနေတာ သည်းထိတ်ရင်ဖိုတွေ.. ၊

“ဘာတွေမှန်းတော့ ကိုယ်မသိဘူး..ဒါပေမဲ့ မင်းအလုပ်ရှင်နဲ့ပတ်သက်တဲ့ရန်ငြိုးတွေဆိုရင်တော့ မင်းကိုစိတ်ပူနေရတဲ့လူတွေကို အလေးထားသောအားဖြင့် တစ်ယောက်တည်းထင်တိုင်းမကြဲပါနဲ့..”

“ကျွန်မကလွဲရင် ကျွန်မပဲရှိတာ..အဲ့ဒါဘယ်သူ့ကိုပြေးတိုင်ပင်ရမှာလဲ တစ်လောကလုံးမှာ ဖေဒါဖြူအတွက်..”

“ကိုယ်ရှိတယ်..”

သူ့မျက်နှာက တည်ကြည်လေးနက်မှုတွေနှင့် မျက်ဝန်းတို့က စူးရဲနေ၏၊ ပြီးတော့ သူမကိုကြည့်နေရင်း စီးကရက်မီးညှိလိုက်ပြီး.. ၊

“မင်းကိုယ့်စေတနာကို အဲ့လိုလေးပဲတုံ့ပြန်ပေးရင် ကျေးဇူးတင်တယ်..အောင်မြင်တယ်ဆိုတာ အရည်အချင်းတွေ အင်အားတွေနဲ့ချည်း တိုင်းတာလို့မရဘူး..ဒါတိုက်ပွဲတစ်ခုလည်း မဟုတ်ဘူး၊ ဘဝစာမျက်နှာတွေ..”

ဒါဒါက ထမင်းငုံ့စားနေရင်း ထမင်းစားလည်းမပျက်။ ပြန်လည်းမော့မကြည့်တော့ပေ။ ကိုကိုက တူတစ်စုံဆွဲယူကာ သောက်စမ်းဟင်းထဲက ပုဇွန်ကောင်တွေကို ရွေးဆယ်ပြီး ဒါဒါ့ပန်းကန်ထဲထည့်ပေးသည်။ ပြီးတော့ သူမဘက်လှမ်းသမျှပန်းကန်တို့ကို လက်ပြင်လိုက်တာနှင့် ဆွဲကပ်ပေးပြီးဖြစ်တာ.. ၊

“သူ့ကိုဘယ်လိုလူမျိုးလဲဆိုတာ လူအများသိကြတာပဲ..မင်းကြိုးစားဖို့ အဲ့ဒီ ပတ်ဝန်းကျင်က ရိုက်ပုတ်ဖယ်ထုတ်သွားမှာပါ၊ ဆန္ဒစောတဲ့အတွက် အဲ့ဒီခိုက်နစ်နာပြီး ကျန်ရစ်ခဲ့မှာ ကိုယ်မလိုချင်လို့ပြောနေတာ..”

သူမက စားသောက်နေရင်း မော့မကြည့်ဘဲ.. ၊

“ရှင်က ကျွန်မကိုကလေးဆန်ဆန်တွေလျှောက်လုပ်နေတယ် ထင်လို့လား..”

“ကိုယ်ပြောချင်တာ အဲ့လိုမဟုတ်..”

“ဦးကို..”

ဇွန်းနဲ့ခပ်ရင်းကို ချပစ်လိုက်ပြီးမော့လာတော့ ဒါဒါ့မျက်ဝန်းလေးတွေက အားသစ်ပျိုတစ်ကောင်ကဲ့သို့ ရန်လိုစွာစူးရဲနေခဲ့လျက်.. ၊

“ရှင်ကျွန်မအတွက် စိုးရိမ်နေတာဆိုရင်တော့ မလိုဘူး..”

"ချာတိတ်..မင်းကို.."
"ဟိုမိန်းမဘက်ကပြောနေတာဆိုရင်တော့ ရှင်သိအောင်ပြောပြ
မယ်..အဲ့ဒီမိန်းမဘာဖြစ်ဖြစ် ဘယ်လောက်အင်အားကြီးကြီး ကျွန်မပြ
သူဘယ်လိုမိန်းမလဲဆိုတာ ပတ်ဝန်းကျင်ကသတ်မှတ်တာမလိုချင်ဘူး
မကိုယ်တိုင် ထုံးသားမယ်၊ ဖေဒါဖြူဘာတွေလုပ်နေသလဲဆိုတာ ရှင်အ
စုမယ့်အစား စောင့်ကြည့်နေလိုက်.."
"ချာတိတ်.."
ဒါဒါစာအုပ်တွေနဲ့ပိုက်ဆံအိတ်ကို ဆွဲယူလိုက်တော့ ကိုကို
လက်ပေါ်ကနေ ထပ်အုပ်ကိုင်လိုက်၏။ စူးရဲသည့်မျက်ဝန်းတို့ ဆုံဆည်
သည် ကဗျာတွေလား စာတွေလားတော့မသိ။ ကားထဲကနေ မမိုတ်
ကြည့်နေသည့် ဧကရီ့မျက်ဝန်းတွေကတော့ အေးစက်မာကြောနေလျ
"တော်တော်အဆင်ပြေနေကြတာပဲ.."
အံကြိတ်ရေရွတ်သည်။ ပြီးတော့ ကင်မရာလေးထုတ်၍ နှစ်ယော
ကို လှမ်းရိုက်လိုက်သည်။ ပြီးတော့ ကားနည်းနည်းထပ်ရွှေ့သည်။ ထပ်
သည်။ သူမလက်တို့ ဆတ်ဆတ်တုန်နေခဲ့လျက်.. ၊
ငါ့ရည်ရွယ်ချက်တွေ ပြီးဆုံးတဲ့နေ့ နင်ပက်ပက်စက်စက်အရှု
ရမယ်ဖေဒါဖြူ.. ၊

☎



အခန်း(၁၁၃)

တရားခွင်ထဲကထွက်လာသည်နှင့် လူတစ်ကိုယ်လုံးက ဒေါ်သလှိုင်း
ပေါ် လိမ့်ပါနေသည့်နှယ်.. ၊
"ဒီမှာ ဒီမှာဒေါ်ပြည့်စုံ.."
စိန်ဆိုင်ပိုင်ရှင်ဒေါ်ပြည့်စုံက ကားဆီသွားနေရာကနေ ပြန်လှည့်ကြည့်
ဧကရီ့ကိုမြင်လိုက်တော့ မျက်နှာကိုပို၍တည်ငြိမ်အောင် ကြိုးစား၍..
"ဘာများလဲ.."
"အန်တီတို့ပဲ ပထမစစ်လိုက်တုန်းကတော့ စိန်လည်တုံတွေ စိန်လည်
ဆွဲ လက်ကောက်တွေ အားလုံးပြည့်ပါတယ်..အိတ်တောင်လှဲကျရာမ
ဘူးဆို၊ ရုံးတင်တရားစွဲပြီဆိုကာမှပဲ.."
"အေး..အစကလက်ရာမပျက်ပေမယ့် အခုပျက်နေလို့လေ.."
"အကျယ် အကျယ်တွေလည်း မလုပ်ချင်ပါဘူးဆို.."
"ချိသိပ်နေတိုင်း အားလုံးအေးချမ်းသွားမှာမှမဟုတ်တာ..ကိုယ်ကစေ
သားခဲ့ပေမယ့် အစတည်းက မသေချာတဲ့ ဒီကရှမ်းသိမ်းစွပ်စွဲသလိုလို
အစုတ်ပလုတ်က ဘာရှိမှာလဲဆိုလို့ဆို.."
ဧကရီကွက်ခနဲ မျက်နှာညိုသွားသည်။ ဒါကြောင့် မေမေပြောခဲ့တာ

"အမှုဖြစ်နေတုန်း စကားပြောဆင်ခြင်ရတယ်နော်..အခုကိုယ့်ဘက် ကျေအေးစေချင်နေတာ လျှော့ပေါ့ပေးရမယ့်လူကို ဟိုလိုဒီလိုပုတ်ခတ် တွေမပြောမိစေနဲ့.."တဲ့.. ၊

မိဘစကားနားမထောင်ခြင်းကြောင့် ပေါ်လာခဲ့သည့်မှားကွက် မှင်နီကြက်ခြေခတ်တွေ ပြည့်နှက်နေသော စာမျက်နှာကဲ့သို့.. ၊

"ဒီစကားတွေ အန်တီ့ကိုဘယ်သူပြောတာလဲ..ပြဿနာဖြစ်နေတုန်း ကြားစကားတွေက အဆိပ်အတောက်တွေပါ.."

"အဆိပ်အတောက်ဖြစ်ခဲ့ရင်လည်း ဘယ်ဟာကဆေး ဘယ်ဟာ ဘေးဆိုတာ ကိုယ့်ဘာသာခွဲခြားကြည့်ရတာပေါ့ကွယ်.."

ဒေါ်ပြည့်စုံက ကေရီ့ကို စိတ်ပျက်သလိုစိုက်ကြည့်ရင်း.. ၊

"အကြောင်းရှိနေရင် အကျိုးဆက်တွေဖြစ်လာတတ်တာပဲမို့လား ရဲ့မောင်က Yoma Plazaနဲ့လည်း အမှုလက်စရှိထားတယ်၊ သူ့အ ငွေးဆိုတာလည်း ကြွေးပတ်လည်ဝိုင်းနေတယ်..အဲ့ဒီည က သူဘာဖြစ် တူးကိုရောက်နေသလဲတော့ မသိဘူး၊ ကားတွေအများကြီးထဲကနေ တို့ ကိုမှ တက်မောင်းပြေးတာ တခြားဘာရည်ရွယ်ချက်များဖြစ်နိုင်သေးလို့

"မောင်လေးက ပိတူးမှာမဟုတ်ပါဘူး..စတိုခန်းမှာပါ.."

စိန်ဆိုင်ကို စောင့်ချောင်းနေတာမဟုတ်မှန်း ဖြေရှင်းချင်ဇောနဲ့ ချလိုက်မိသည်။ ပြောပြီးမှ ဒေါ်ပြည့်စုံကြည့်နေသည့်မျက်လုံးတွေ ထိတ်လန့်သွားမိကာ.. ၊

"ဆောရီးပါအန်တီရယ်..ကေရီမီးလောင်မှုကိုတောင် မရှင်းနိုင် ဘူး၊ မောင်လေးအမှုကြောင့် ရှူးမတတ်ဖြစ်နေရတာပါ..ပစ္စည်းတွေလည်း ပြန်ရပြီဆိုတာ ကျွန်မသိထားပါတယ်၊ အမြင်ကတ်ပုဒ်မနဲ့တော့ မလုပ် နော်.."

"ဖြစ်ရလေကေရီရယ်..အဲ့လိုပုဒ်မတွေတပ်လို့ရရင်တောင် မောင်က အမြင်ကတ်စရာကောင်းအောင် ရှုပ်လို့ပဲဆိုတာ ရှင်းနေတာ တော် တော်..ငါတို့တွေခုံရုံးရှေ့ရောက်နေကြကာမှ အပြင်မှာအပိုတွေပြော ရတာ အချိန်ကုန်အလုပ်ရှုပ်တယ်.."

"အန်တီ.."

တစ်သက်လုံးမော်ကြွားလာခဲ့သည့် ကေရီ့မျက်နှာတစ်ခုလုံး ချောက်ချားခြင်းတွေနဲ့သာ ပြည့်နှက်နေခဲ့သည်။ အောက်ကျို့ခယဖို့ သည့် ကိုယ့်အဖြစ်ကိုသိပေမယ့် မာနကခံနေသည်။ ငြင်းသာငြင်းနေ မယ့် ကိုလင်းတကယ်ပဲ ကားခိုးမောင်းခဲ့တာ အမှန်ပဲမို့ ပြောအားက



ပြဿနာသည် အစုလိုက်အပြုံလိုက်တက်လာနေခဲ့လျက် ကိုယ့်ဘက်က ရပ် တည်ဖြေရှင်းပေးမယ့် ရဲဘော်ရဲဘက်ဆိုတာ မရှိသည့်ဘဝမှာ.. ၊

"ငါ့မှာသားလူပျိုတစ်ယောက်လုံးရှိသေးတယ်ကေရီ..ညည်းကိုငါအ တန်တန်တားလျက်သားနဲ့ ဒီလောက်ထိဆိုးအောင်ဖြစ်ကုန်တာ ဘယ်သူမှ မြှုံမိမိအမှုပဲ.."တဲ့.. ၊

"သမီးမေမေ့ကို ဖေဖေပြောထားတယ်..သူကူညီမှာပါ.."ဆိုပြီး ဖေဖေ့ အနောက်ထပ်ပေါ်မလာ..။ ကိုလင်းကိုနောက်ထပ်ဖုန်းဆက်သွယ်လို့မရ တော့သည့်အခိုက်မှာ ပေါက်ကွဲမှုနဲ့ ကြွေးမြီနဲ့ပတ်သက်သမျှပြဿနာတွေ ပြီးတော့ မီးလောင်မှုအပြင် Mall မှာအခန်းငှားရမ်းထားကြသည့် ဈေး သည်တို့၏ မကျေနပ်စွဲဆိုခြင်းတွေ။ မီးလောင်မှုဖြစ်ကာစက ဒီပြဿနာတွေ ဘာမှမရှိခဲ့ပါ။ ကိုယ့်ဘက်ကလည်း ဖြေရှင်းဖို့ရှာကြံတွေးတောချိန်ရခဲ့ သည်။ ကားအက်ဆီးဒန့်ဖြစ်ပြီးကာမှ ပြဿနာပေါင်းစုံ အစထွက်လာခဲ့ခြင်း သည်.. ၊

ဗေဒါဖြူ.. ၊ တရွေ့ရွေ့ရှေ့တိုးနေခဲ့သည့်ခြေလှမ်းတို့ တုံ့ခနဲဖြစ်သွား သည်။ ဒီပြဿနာတွေဖြစ်အောင် ဒါဒါဖန်တီးနေတာလား.. ၊

"ကားတိုက်တုန်းက နင်မသေခဲ့ရတာ ကံဆိုးလိုက်လေခြင်းလို့ အော် ငိုရတဲ့အထိ နင့်ကိုငါပြန်လုပ်မယ်.."

"ငွေရှိတိုင်းအရာရာဖြစ်တယ်ဆိုရင် ငါနင့်ကိုငွေမရှိဘဲ အနိုင်ယူပြ မယ်.."

ဆေးရုံပေါ်မှာတုန်းက ကြိမ်းဝါးသွားတာတွေကို ပြန်တွေးမိတော့ ဒါ တွေအားလုံး ဒါဒါ့လက်ချက်ဆိုတာ ပေါ်လာသည်။ မဟုတ်လောက်ဘူး..ဒီ လိုအဆင့်လောက်နဲ့ ဒီလူတွေကို ဘယ်လိုသွားပေါင်းလို့ရမှာလဲ..။ လက်မ ခံနိုင်သည့်ကိစ္စပေမယ့် စိတ်ကဒါဒါ့လက်ချက်လို့ပဲထင်နေတာ ဘာကြောင့် မှန်းမသိ။ ဘယ်လိုတွေးတွေး ဒီတိုင်းပဲခံစားမိနေသဖြင့် အံတင်းတင်းကြိတ် ရင်း တက်ခေါက်လိုက်မိကာ.. ၊

"ဟလို..ဂျေကြီးလား.."

ချက်ချင်းဖုန်းထုတ်ခေါ်လိုက်မိကာ.. ၊

"အလုပ်ရှိတယ်..ညနေ ငါ့ဆီလာခဲ့.."

☎

အခန်း(၁၁၄)

"ဘုတ်.."

ရှိစုမဲ့စုကို ရက်ရက်ရောရောပစ်ချပေးလိုက်ရင်း.. ။

"သတ်ပစ်ဖို့မဟုတ်ဘူး..ခြေကျိုးလက်ကျိုးဖြစ်အောင်လုပ်၊ အိပ်ရာထဲမှာ ထကြွမရတော့တဲ့လူမမာဖြစ်သွားပြီဆိုရင် နောက်ထပ်ပေးဦးမယ်.. လုံးဝလက်သည်မပေါ်စေနဲ့.."

ငွေကိုယူပြီး ကျော်ကျော်နပ်နပ်ထွက်သွားသည်။ ဂျေကြီးဆိုတာ တကယ့်လူမိုက်ခေါင်းဆောင်ဖြစ်ကာ အစတည်းက ဂျေကြီးနဲ့သာတွဲခဲ့မိလျှင် ဒီဒုက္ခပြဿနာတွေ ဒီလောက်တောင်ရှုပ်ကုန်မှာမဟုတ်။ ခုတော့ သင်းကိုသေလောက်အောင်ကြိုက်နေတဲ့ကိုလင်းကိုမှ အားကိုးခဲ့မိသည်။ ကိုယ့်မောင်မှ စိတ်ချရမည်လို့ ထင်ခဲ့၏။ ခုတော့ ရှောင်ပြေးသွားလိုက်တာ ဘယ်ဆီဘယ်ဝယ်မှာမှန်းမသိ.. ။

"ဟလို.."

ဖုန်းမြည်တိုင်းလန့်နေရသည့်အဖြစ်က 'ဘုရား'တ၍ကိုင်လိုက်တော့လည်း မထူးခြား.. ။

"ဒါကရန်သူမျိုးငါးပါးပဲအန်တီချစ်မရယ်..အလုပ်လုပ်ခဲ့ကြတာလည်း သိန်းငါးဆယ်တစ်ရာ မဟုတ်ပါဘူး.."



"မှန်တယ်..အန်တီကလည်း အဲ့လိုပြောင်းလဲနိုင်အောင်လို့ပဲ ငွေချေးချုပ်နဲ့ အလုပ်လုပ်ခဲ့တာ၊ ကေတူးကနေ ကွင်းနိဖြစ်သွားတည်းက သိပ်မကြည်တော့တာလည်း ပါတယ်.."

"ခုမှ ဒီစကားတွေထွက်လာတာတော့ ဇကရီအံ့ဩတယ်တကယ်.."

"ဟုတ်လား..အန်တီက မင်းအံ့ဩအောင်လုပ်လိုက်နိုင်တာပဲ.."

ဒေါ်ချစ်မမရဲ့လေသံကို နားထောင်ရင်း ဇကရီတနုံ့နုံ့ဖြစ်နေမိသည်။ ချေးတုန်းကလည်း Mall ကိုလက်လွှဲပေါင်နှံခဲ့တာပါ။ ဒါပေမဲ့ စာရွက်စာတမ်းအပြည့်အစုံမအပ်နိုင်သဖြင့် ငွေချေးစာချုပ်နဲ့ပဲ ပြီးခဲ့ရသည်။ ကိုကိုစောင်စီမံထားသမျှ ဘာတွေရှိခဲ့ရှိခဲ့ သူမဂရုမစိုက်ခဲ့ပေ။ ကိုကိုဘာတွေနေနေ ကိုယ့်မှာနိုင်ကွက်ရှိထားသည့်မာနနှင့် Mallကိုဇောက်ထိုးလုပ်စိတ်တစ်လုံးလို မှောက်သွန်ခါချပစ်ရပါစေ ဘာကိုမှလည်းမစိုးရိမ် ရှေ့ဆက်လည်းမဆင်ခြင်ခဲ့။ ဒီမိန်းမကြီးလည်း ဘာထူးခဲ့သလဲ..မချေရာတာ မသေချာတာတွေ အဲ့ဒီတုန်းက ဘာမေးခဲ့သလဲ..ဘာများစူးစမ်းခဲ့လို့လဲ.၊ ထဲမှာ ကြာကြာမမျိုသိပ်နိုင်သည့်အကျင့်က ရှိုင်းသွားခဲ့ပြီဆိုလည်း မနိုင်.. ။

"အန်တီဘယ်လိုဖြစ်သွားတာလဲဆိုတာ ဇကရီတွေးလို့ကို မရတော့ မီးလောင်မှုဖြစ်စတုန်းကတောင် ပါတီမှာတွေ့ကြသေးတယ်.."

"အင်းလေ.."

"အဲ့ဒီတုန်းကအန်တီတောင် သတင်းမေးလိုက်ပါသေးတယ်..'တော်ထိသွားတယ်ဆို..စိတ်မကောင်းလိုက်တာ'ဆိုပြီး..."

"ဒါကတော့ သူဌေးရဲ့မောင်တစ်ယောက်လုံးတောင်မှ ခိုးမှုနဲ့တရားစွဲရသေးတာ အန်တီတို့ဘက်က ဘယ်အချိန်မှာ ဘယ်ဆုံးဖြတ်ချက်ချမယ်ဆိုတာ ကြိုပြောဖို့လိုသလား.."

ဇကရီမျက်နှာပျက်သွားသည်။ ဖုန်းကိုင်ရင်း ဖိဆုပ်မိလိုက် လက်ချောင်းတွေတစ်ချောင်းချင်းဖြန့်ကားနေမိလိုက်နှင့် စိတ်လှုပ်ရှားနေခြင်းကို ထိန်းလို့မရ။ သူမဒူးထောက်တောင်းပန်ရတော့မှာလား..တောင်းပန်လို့ရော ရပါ့မလား..။ ခေါင်းမော့ထောင်လွှားလာခဲ့သမျှ ဒူးထောက်ခယဖို့အတွက်ကတော့လည်း ဘယ်လိုမှခွင့်မပြုပေ.. ။

"အခုချိန်မှာ မင်းဘက်ကဒူးထောက်တောင်းပန်ရင်တောင် အန်တီ့ဘက်က နည်းနည်းလေးမှလျှော့မှာမဟုတ်ဘူးဇကရီ.."

ကိုယ်ကြံစည်ခဲ့တာကို သိနေတဲ့အတိုင်း.. ။

"ဘာဖြစ်လို့လဲဆိုတော့ အနာတရဖြစ်သွားပြီးတဲ့ မင်းရဲ့ကွင်းကို ဒီ

တိုင်းလွဲပြောင်းယူပြီး နှစ်ရှည်ကြာဆေးထိုးကုသပေးဖို့လည်း အဲ့လော
ရှုပ်မခံနိုင်ဘူး..ယူထားတဲ့ငွေကို အတိုးအရင်းအပြည့်အဝနဲ့ မင်းပြန်
ဆပ် မဟုတ်လို့ အန်တီလွဲပြောင်းယူရတော့မယ်ဆိုရင်တော့ မီးလော
တဲ့အခြမ်းကို ဖျက်ချမယ်..တစ်ထပ်လုံးကို ဂျင်မ်ခန်းလုပ်မယ်၊ အဲ့ဒီ
လုံးဝပြန်ဆောက်ခွင့်မပြုနိုင်ဘူး.."

"ဒါကြီးကတော့ အန်တီ့ဘက်ကသက်သက်.."

"မပြီးသေးဘူးကေရီ..မင်းဆီကရွေးချယ်မှုကို ဆယ်ရက်အတွင်း
ပေးရဖို့ရှိတယ်၊ မင်းမပေးနိုင်ရင်.."

"အန်တီလည်း စီးပွားရေးသမားပါ..ဆိုင်ခန်းအားလုံးကို
ချည်းပေးဖွင့်ထားတာ အန်တီသိသားနဲ့.."

"အန်တီဘယ်လောက်သိသလဲဆိုတာ မင်းနဲ့မဆိုင်ဘူးထင်
"ဟုတ်ပါတယ်..ဒါပေမဲ့ အန်တီရိုက်ချလိုက်တဲ့ပုံက ဒီလိုဖြစ်
တွေကို ကြိုသိနေပြီး အကွက်ချစီစဉ်ထားတဲ့အတိုင်းပဲ.."

"သတိလည်းထားဦးကေရီ..မင်းရဲ့ကွင်းနံကို မီးရှို့သွားတာ မင်း
နော်၊ အန်တီမဟုတ်ဘူး.."

"မောင်လေးရှို့တာမဟုတ်ပါဘူး..အန်တီစကားပြောတာ ကြည့်
ပါ.."

ဒေါ်သတွေထွက် ဘယ်လောက်ပဲမုန်းမုန်း သွေးကသွေးပဲဖြစ်
ကိုလင်းမီးရှို့သွားသည်။ စိန်ထုပ်ပါသည့်ကားကို ခိုးပြေးသည်စသည်
တွေနဲ့ ရုံးတင်ခံရပေမယ့် မောင်ကြောင့်အရှက်ရတာကတခြား..ကို
ကို တခြားသူလက်ညှိုးထိုးတာတော့ နည်းနည်းမှမခံနိုင်။ ဒါကြောင့်
ကူလောင်ဖော်မရှိလို့ အားငယ်တမ်းတမိပေမယ့် ကိုလင်းပြန်လာအောင်
မလုံးပမ်းခဲ့တာဖြစ်သည်။ လွတ်ရာကျွတ်ရာပြေးသွားနိုင်လေ ကော
မို့.. ၊

"ကျွန်မသတင်းအတိအကျ စုံစမ်းပြီးပါပြီ..ကြွေးကိစ္စကို ဒီတိုင်
ပြီးမှ အန်တီတို့ဘက်ကလှုပ်လာတာ ဘယ်သူ့ပရောဂမှန်း.."

"ဘယ်သူ့ပယောဂဖြစ်ဖြစ် မင်းရဲ့မောလ်မီးကြောင့် ထိခိုက်ပျ
တွေအကုန်လုံး ကိုယ်နစ်နာတာ ကိုယ်ပြောလာကြတာပဲမို့လား..မင်း
တက်ပြောင်တဲ့အဖြစ်ကျမှ ငါတို့ကကြွေးထတောင်းတော့ ဘာရမှာ

ခုလည်းပြောင်နေပါပြီလို့သာ ကျုံးအော်လိုက်ချင်တော့သည်
ဝင်ငွေမှလည်း မရှိတော့သလို ရှိထားသမျှလက်ဝတ်လက်စားတွေ
ဖြုတ်လိုက်သမျှ အဆက်လိုက်အတွဲလိုက်။ ဒါတွေရောင်းချထုခွဲ



ကိုအားကိုးရပါ၏။ အခက်အခဲတွေဖြစ်လာသမျှ 'ဗေဒါဖြူမကြောင့်'
ည့်အတွေးက တရိပ်ရိပ်နှိပ်စက်နေခဲ့လျက်.. ၊

"အန်ကယ်ဦးမိုးကြွယ်နဲ့ စိန်ဆိုင်ကဒေါ်ပြည့်စုံ ဘယ်လောက်ရင်းနှီး
ဲ ကျွန်မသိတယ်.."

"ဟုတ်တယ်..ခုမှသိတာလား.."

"သူတို့ကိုတောင်မငဲ့ဘဲ ဆိုင်ခန်းတွေပြန်ဆောက်ခွင့်မပေးနိုင်ဘူးဆို
အံ့ဩဖို့ကောင်းတယ်..အန်တီ့ကိုကေရီက စေတနာနဲ့သတိပေးချင်တာ
စိန်ဆိုင်ပဲဖြစ်ဖြစ် အန်ကယ်လ်ဦးမိုးကြွယ်ဖြစ်ဖြစ် နောက်ထပ်ဆိုင်ခန်း
ားတွေကြား အားလုံးနဲ့အနီးဆုံးမှာ ဗေဒါဖြူဆိုတဲ့မိန်းမရှိတယ်.."

သူတို့သိသိမသိသိ ကိုယ်ကဖော်ပေးလိုက်မှ ဒီကိစ္စအစပေါ်လာမှာမို့၊

"ဒီပြဿနာတွေကြီးထွားကုန်အောင် အဲ့ဒီမိန်းမလုပ်နေတာ..မုဆိုးမ
လေးအမေ၊ သူ့လိုမိန်းမက ကျွန်မမောင်ကိုမရလို့ အငြိုးထားပြီးယုတ်မာ
တာ..မုဆိုးမ တစ်ခုလပ်တွေဆိုတာ သူတို့ရှိတဲ့နေရာမှာ အန္တရာယ်ရှိတယ်
အခု အန်တီ့ယောက်ျားနားမှာ အဲ့ဒီမိန်းမ.."

"ဟေ့ ဟေ့..မင်းကိုယ့်ကိစ္စကိုယ်ပြောလေ၊ တစ်လောကလုံးမှာ တစ်
မုဆိုးမတွေအများကြီးရှိတယ်..မင်းလည်းအဲ့ဒီထဲကို အချိန်မရွေးပါ
နိုင်တယ်၊ မိန်းမသားချင်းစာနာမှပေါ့.."

ဒေါ်သကထောင်းခနဲဖြစ်သွားသည်။ ဒီလောက်ဆိုသေချာပါပြီ။ ဒါဒါ
သူတို့တွေသိနေကြသည်။ ဒါတွေအကုန်လုံး ဒါဒါမွှေနေတာ.. ၊

"ငွေရှိတိုင်းအရာရာဖြစ်တယ်ဆိုရင် နင့်ကိုငွေမရှိဘဲ အနိုင်ယူပြမယ်"
စူးရှတုန်ခါနေသည့်စကားသံတွေကို ပြန်ကြားနေမိတာ ဘယ်နှစ်ခါ
မသိ.. ၊

တောက်.. ဒီလိုလူတွေနဲ့အဆက်အသွယ်ဖြစ်ကုန်အောင် ဘယ်လို
ာင်ဖန်တီးပစ်လိုက်တာလဲ..ခင်ခင်မင်မင်ဖြစ်သွားရုံဆိုတာလည်း ဖြစ်နိုင်
း‌သည်။သင်းပြောသမျှအောင်တဲ့အထိ ဘယ်လိုပညာတွေသုံးနေတာလဲ..

လက်သီးဆုပ်တို့က အကြောသေမတတ်ကျစ်ခဲနေခဲ့သည်။ ဗေဒါဖြူ
တဲ့မိန်းမ စိန်ဆိုင်ပိုင်ရှင်တွေနဲ့သိကျွမ်းနေတည်းက သူမသတိထားမိခဲ့ဖို့
ာင်းသည်။ မီးကိုမလောင်ခင်က တားခဲ့သင့်သည်။ ခုတော့ ကိုယ့်မှာအ
အခဲတွေ ပတ်လည်ဝိုင်းနေချိန် သင်းကဒါ့ကိုလက်ကိုင်တုတ်လုပ်ပြီး..

"တောက်.."

ဖုန်းပြောနေတာကိုမေ့၍ တက်ခေါက်လိုက်ပြီးမှ..

# အခန်း(၁၁၄)

"တောက်.."

ပြောသမျှအဆင်ပြေမလာခဲ့သဖြင့် လေကားကနေဆင်းရင်း တော ခေါက်မိသည်။ အပြင်ထွက်လိုက်တော့ မျက်လုံးထဲမှာ ဒါဒါကတန်းနေ ထိုအခါ နိုင်နေကျစိတ်က ဒါဒါ့ကိုမြင်တာနဲ့ ပြောချလိုက်ဖို့ခြေလှမ်းပြင် ဖြစ်က။ ဖုန်းလာနေသဖြင့် ထုတ်လိုက်ပြီး.. ၊

"ဟလို..အင်း ရပါတယ်၊ နောက်ထပ်တော့မစောင့်ချင်တော့ဘူးနော် ရှေ့နေကြီးမအားသေးရင်လည်း ရှင်လာခဲ့လိုက်ပါ၊ ငွေရေးကြေးရေးကို ကားကိုထည့်မပြောနဲ့..ကျွန်မမောင်အတွက် ပေးနိုင်တယ်.."

လူရှုပ်ရှုပ်ကိုရှောင်ရင်း ဒါဒါ့ကိုမြင်လိုက်တဲ့နေရာရောက်လာလျှင် ဘယ်ရောက်သွားတာလဲ...

ဟိုဒီလိုက်ကြည့်ရင်း.. ၊

"ကျွန်မမောင်က ဘာမှမကျူးလွန်ဘူး၊ အခု မရှိတာက..အ.."

ဟိုရှာဒီရှာ ဖုန်းပြောနေရင်းနှင့် တစ်စုံတစ်ယောက်နဲ့အင့်ခနဲဝင်တိုက် မိလေသည်။ ကြည့်လိုက်တော့ ပိုးထည်တိုက်ပိုင်ရှင်ဒေါ်သီရိအောင်နှင့် သူ့ နောက်မှာ သူမရဲ့ခင်ပွန်း..။ ပြီးတော့ နောက်မှာဒေါ်ဝေဝေတို့.. ၊

သူမသိလိုက်သည်။ ဒီနေ့နေလည်ပြဿနာရှိသည်ဆိုတာ မီးလောင်



ဆွေးနွေးဖို့ပဲ။ သေချာလွှဲပြောင်းမှုမပြုရသေးဘဲ ဒေါ်ချစ်မမကိုယ်တိုင် က်အုန်းသီးရသလို Queenကမပြန်ဘဲဖြစ်နေတော့ ပိုခက်နေရသည်။ မြန်မြန်ပြီးအောင်လုပ်ကြဖို့ ဆွေးနွေးတော့လည်း နည်းနည်းလေးမှ မခံ။ လက်မခံရသည့်အကြောင်းရင်းကလည်း ဘယ်နည်းနဲ့ဖြစ်ဖြစ် ဘက်ကပေးရတော့မှာကို သိနေသည်ကိုး။ နှစ်ချုပ်မစေ့သေးသည့် ဆိုင် သမားတွေနဲ့ ပြေလည်ဖို့သည်.. ၊

"ဒေါ်ဧကရီပျာယီပျာယာနဲ့ပါလား..နေ့လည်ကတော့ ရောက်မလာ နော်.."

"အဲ..အဲ့ဒါက.."

"ကျွန်မတို့ကိုတော့ ရှောင်နေလို့မရဘူးနော်ဒေါ်ဧကရီ..ဒေါ်ဧကရီနဲ့ မတို့ရှင်းရမှာ၊ ဒေါ်ချစ်မမနဲ့ရှင်းရမှာမဟုတ်ဘူး.."

"ဟုတ်တယ်..ကျွန်မတို့စာချုပ်ခဲ့တုန်းက ချုပ်ခဲ့တာတွေလည်း.."

"အဲ့ဒါမှန်ပါတယ်..တချို့ကေတူးနဲ့တုန်းက ချုပ်ခဲ့တာတွေလည်း.."

"အိုဗျာ..အဲ့ဒါတွေမပြောပါနဲ့၊ ကေတူးနဲ့ချုပ်ခဲ့ချုပ်ခဲ့ ကွင်းနဲ့ဖြစ်ဖြစ် အောင်နံ့တွေမဟုတ်ဘူးလား..အဲ့ဒါမဆိုင်ဘူးဆိုရင်လည်း သူတို့ရှင်းရ နေရာသွားလိမ့်မယ်၊ အခု ကျွန်တော်တို့ကကွင်းနဲ့ချုပ်ခဲ့တာ၊ သက်တမ်း မကုန်သေးဘူး.."

"ကျွန်မတို့က ချုပ်တာတောင်မကြာသေးဘူး..အများကြီးကျန်သေး .."

ဘယ်လိုရောက်လာကြတဲ့လူတွေလဲ..။ ဒါတွေကြောင့် ကိုယ်ပိုင်တဲ့ ကိုတောင် တိတ်တိတ်ဆိတ်ဆိတ်လာခဲ့တာပါ။ ဘယ်သူနဲ့မှမတွေ့ချင် အတွင်းလေကားကတောင် ပြန်ဆင်းခဲ့တာ.. ၊

ဒါဒါ.. ဒါတွေဒီမိန်းမစီစဉ်တာပဲ၊ ဒီလူတွေနဲ့တည့်တည့်တိုးအောင် တ်စောင့်နေတာ။ တမင်ရန်တိုက်ပေးတာ..။ နေ့လည်ဆုံကြဖို့အစီအ ရဆို ပွဲပျက်ပြီဖြစ်တဲ့ကိစ္စမှာ ဒီလူတွေဒီအချိန်ထိရှိနေဖို့ အကြောင်းမ

ထိုစဉ် ဖုန်းကလည်းမြည်လာပြန်၏။

"ဟလို..ရှေ့နေကြီးကိုယ်တိုင်လား၊ သြော်..ဟုတ်ကဲ့ပါ ဘယ်မှာလဲမ .."

နောက်ထပ်ဇွဲသည်ရောက်လာပြီဆိုတာ သိအောင်ပြောလိုက်ရင်း မ်းရွှေ့ပြီး ဒီဘက်အလှည့်.. ၊

"ရှေ့နေတွေခေါ်ပြီး နင့်မောင်အတွက် လုံးပမ်းနေတာလား.."

ကြည့်စမ်း ဒါဒါမ.. ။

ဒေါသထွက်လာသည့်အတိုင်းသာဆို ထိုမျက်နှာကိုခုန်အုပ်ပြီး ဖွဲ့ဆွဲပစ်ချင်၏။ ခုန ဖုန်းပြောတည်းက သူမကြားခဲ့တာမှန်းသိသာနေ စိတ်ကထိန်းလို့မရ.. ။

"ငါ့ဘာသာ ဘယ်သူ့အတွက်ဖြစ်ဖြစ် နင့်အလုပ်ဘာပါသလဲ.."

"နင့်မောင်ကျတော့ ထောင်ကျမှာကြောက်တယ်..ဒီမောလ်ကိုလည်း လက်မလွှတ်ချင်ဘူး၊ လောဘကသေးသေးမဟုတ်ဘူးပဲ..အေးလေ ကြည့်ဦးပေါ့၊ နွံဆိုတာ လူ့ပ်လေမြုပ်လေ..နင့်မောင်ထောင်ကျပြီး လုပ် အားလုံး ဒေဝါလီခံရအောင် ငါလုပ်ပြမယ်.."

"အိပ်မက်လိုက်လေ..အခြေအမြစ်မရှိတဲ့မိန်းမကများ.."

"အခြေအမြစ်ဆိုတာ ရပ်တည်သူရဲ့ခိုင်မာမှုပဲ..ငါရပ်တည်ဖို့အတွ တခြားသူရဲ့အင်အားမလိုဘူး၊ မနက်ဖြန် သူတို့တွေစွဲချက်တင်ကြလိမ့် နင့်မောင်အတွက် နင်မက်တဲ့ဟောဒီကွင်းန်အတွက် နင့်မှာအခြေအမြစ်ဘ လောက်ရှိသလဲပြကြည့်လိုက်.."

ကေရီမျက်နှာပျက်သွားသည်။ ဒါဒါ့နောက်မှာ အံကြိတ်ရပ်ကြည့် ကြသည့် ဆိုင်ခန်းပိုင်ရှင်တွေရဲ့ မီးတောက်မျက်လုံးတွေက သူမဆီမှာ မိုးလုံမိုးရှာချတော့မယ့်အတိုင်း.. ။

သူမဘာလုပ်ရမလဲ.. ။

ကိုလင်းလွှတ်မြောက်ဖို့လိုတာက မောင်နှမချင်းပဲသိထားတဲ့ကိစ္စ နဲ့ ဒီကောင်လေးအကျပ်ကိုင်နေလို့ပါ။ ထို့ကြောင့် ကိုလင်းကိုလွှတ်အော သူမကြိုးစားပေးမှဖြစ်မည်။ ကွင်းန်ကိုတော့ သူမပြန်မရနိုင်တော့မှန်း လည်နေပါပြီ။ ဒီပြဿနာ ဒီကြွေးတွေနဲ့ ပြဿနာရှင်းဖို့တောင် ဒေါ်ချစ် ကိုအားကိုးရတော့မယ့်အဖြစ်။ ဒီအချိန်ကျမှ တမ်းတမိတာက လင်ယော ကျ်ားလည်းမဟုတ်။ မွေးချင်းမိဘလည်း မဟုတ်.. ။

ကိုယ့်အတွက်စိတ်ရင်းစေတနာမှန်နဲ့ ကူညီဖေးမလာမည့်မိတ် ကောင်းတစ်ယောက်.. ။



အခန်း(၁၁၆)

"ဘာလဲ..လက်ကိုင်ပဝါက တမင်ပစ်ချခဲ့တာလား.."

ဟင်.. ။

ဒါဒါခြေလှမ်းတုံ့သွားသည်။ လက်ကိုင်ပဝါကိုင်ထားတာကိုယ်ပဲမို့ ကိုယ့်လက်ကိုပြန်ကြည့်လိုက်တော့ ပိုက်ဆံအိတ်ကိုသာကိုင်ထားဆဲဖြစ်ကာ လက်ကိုင်ပဝါက မရှိတော့။ ချက်ချင်းနောက်ပြန်လှည့်ကြည့်လိုက်လျှင် ကို ထိုလက်ကိုင်ပဝါကို ငုံ့ကောက်လိုက်ပြီး မတ်မတ်ပြန်ရပ်၍.. ။

"နှစ်ဆယ်ရာစုနှစ်ကတော့ နောက်မှာယောကျ်ားလေးပါလာရင် ဒီလို ..."

"ဟုတ်တယ်..ဒါပေမဲ့ ကိုယ့်နောက်လိုက်နေတဲ့ ယောကျ်ားတစ် ယောက်ကိုတော့ အထာတွေပေးပြီး ဘာတွေအပိုလုပ်နေမှာလဲ.."

ပက်ခနဲပြန်ပြောတော့ သူပြုံးလိုက်သည်။ သူ့အပြုံးကြောင့် ဒီလက် ကိုင်ပဝါကို သူ့လက်ကိုင်ပဝါမှန်းသိလို့များလားဟု မလုံမလဲဖြစ်မိသည်။ လှမ်းပေးလိုက်တော့ ခပ်တည်တည်လေးလှမ်းယူရင်း.. ။

"ချွေးထွက်လာရင် ခေါင်းပါမူးတာ..အဲ့ဒါကြောင့် တစ်ရှူးတွေလည်းမ ကြိုက်တော့ တစ်ခါတလေလက်ကိုင်ပဝါဆောင်သွားရတယ်.."

"မေးမိလို့လား.."

"မသိဘူး..ပြောချင်လို့.."

ဒါဒါက လှည့်ထွက်သွားတော့ ကိုကိုသူမဘေးက ယှဉ်တွဲလျှောက်ရင်း ရယ်လည်းရယ်မိလျက်.. ၊

"အရင်တုန်းကပုံစံလေး ပြန်ဖြစ်နေပြီ.."

"အမေ့ဝမ်းကကျွတ်ကတည်းက လူကိုမြင်ဖူးထားတဲ့ပုံနဲ့.."

ဒါလည်း သူ့ရယ်သံထွက်လာတော့ ဒါဒါပြုံးလိုက်ရင်း မော့ကြည့်သည်။ တိုစိပ်စိပ်မျက်တောင်လေးတွေနဲ့ ဘောင်ခတ်ထားသလိုရှိသည့်မျက်ဝန်းတွေက ရယ်နေမှပိုပြီးကြည့်ကောင်းသည်။ သူကအပြုံးအရယ်နည်းသလား ကိုယ်ပဲခုလိုမျိုးသတိထားမကြည့်မိခဲ့တာလား..။ လမ်းလျှောက်နေးနေမိသဖြင့် ထိုယောကျ်ားရှေ့မှာပဲ ခလုတ်တိုက်လေသည်။ ကိုးရိုးကားယားဖြစ်သွားသည့် သူမလက်ဖဝါးလေးကို ကိုကိုကဖျတ်ခနဲဖမ်းဆုပ်ထားလိုက်ကာ.. ၊

"ဘေးကကြည့်နေတာကိုးကွ..ဟိုရှေ့ကဆိုင်မှာထိုင်မှ ရှေ့ကဘေးကထိုင်ကြည့်.."

ကြည့်စမ်း.."

"ကြည့်ခမပေးရဘူး..စိတ်ကြိုက်ပဲ.."

"တော်တော်ကျေနပ်အားရနေတယ် ဟုတ်လား..ရှင့်ကိုပြောစရာရှိလို့ ပြောရကောင်းမလား မပြောဘဲနေရမလား စဉ်းစားရင်းနဲ့.."

"ဟုတ်လား..မသိပါဘူး၊ ကိုယ်အဲ့လောက်ချောနေလားဆိုပြီး.."

သူက လူကိုငဲ့ကြည့်ပြီးရယ်သည်။ အဲ့လိုကြည့်တာကို မခံနိုင်မြဲကြောင့် ရှက်ရှက်နှင့်မျက်စောင်းထိုးပစ်မိသည်။ ကြည့်မိတာ သူခိုးလူမိသွားသောကြောင့် ပါးစပ်ထဲတွေ့ရာပြောချလိုက်တာ အဆင်ပြေသွားသည်။ သို့သော် သူ့ရဲ့အကြည့်တစ်ချက်ကြောင့် ရင်ထဲမှာအဆင်မပြေ.. ၊

ဒီလူဘာဖြစ်လို့ ရင်ထဲရောက်နေတာလဲ..ငါ့မှာလုပ်စရာတွေ အများကြီး၊ အဲ့ဒါတွေက အနှောင့်အယှက်အဖျက်ပိုးတွေ..ဒီစိတ်ကိုဖျောက်စမ်း..

ဒါဒါနှုတ်ခမ်းလေးစေ့၍ ပင့်သက်ရှိုက်သည်။ ဘယ်လိုတွန်းအားကြောင့် သူနဲ့တွဲသွားတွဲလာတွေမှာ သတ္တိကောင်းနေမိမှန်း မသိသော်ငြားဒါကိုပဲပျော်သလိုလို အားရှိနေသလိုလို..။ သူမဘာကိုဖမ်းဆုပ်ထားပြီး ဘာကိုစွန့်လွှတ်သင့်သလဲ..။ ဒီယောကျ်ားကို သူမမပိုင်လိုပါ။ ဒါပေမဲ့ မစွန့်လွှတ်နိုင်ခြင်းသည်.. ၊

"ကိုယ့်ကိုလည်းခေါ်တယ်..မင်းတစ်ခုခုလည်း လုပ်နေသေးတာတစ်ခုပြီးမှတစ်ခုကိုလုပ်ရင် မရဘူးလား.."



သူ့စကားသံထွက်လာမှ ကိုယ့်နဖူးမှာချွေးပြန်နေတာကို လက်ခုံနဲ့ကတ်လိုက်မိသည်။ ပြီးတော့ ပြုံးလိုက်မိကာ.. ၊

"ရှင့်ကိုဒီမှာချိန်းတာကိုက ကျွန်မအောင်ပွဲအတွက် မုန့်ကျွေးချင်လို့..."

"အောင်ပွဲ.."

"အင်း.."

"ကိုယ်မြင်တာတော့ မင်းပဲချွေးဒီးဒီးကျနေတာလားလို့.."

ဒါဒါမျက်နှာလေး တည်သွားသည်။ သို့သော် ခဏပဲဖြစ်ကာ သူ့ကိုမော့ကြည့်လိုက်ပြီး.. ၊

"အောင်မြင်တဲ့လူတွေက ချွေးမထွက်ဘူးလား.."

ပြန်မေးလိမ့်မည်မထင်သောကြောင့် ချက်ချင်းပြန်မဖြေနိုင်.. ၊

"ဟုတ်ရင်ဟုတ်မှာပေါ့လေ..ဒါပေမဲ့ ဒါဒါ့ဘဝတစ်လျှောက်လုံးမှာ အလွယ်တကူဘာတစ်ခုမှ မရခဲ့ဖူးဘူး၊ သွေးတွေ ချွေးတွေ ဘဝတွေ အားလုံးနဲ့.."

"ရပြီ..တော်ပြီ.."

ဒီစကားတွေပြောနေသည့်မျက်နှာလေးကို သူမကြည့်ရက်ပါ။ ကိုယ့်နှလုံးတွေပါ လွဲပစ်မိရင်း.. ၊

"ဒါဆို ကိုယ့်ဗိုက်ဆာပြီကွ..အတော်ပဲ၊ ဟိုရှေ့ကဆိုင်မှာထိုင်မလား"

သရဖူဆိုသည့် လက်ဖက်ရည်ဆိုင်ကြီးကိုမြင်တော့ သူ့ကိုပြန်ကြည့်မိကာ.. ၊

"ရှင်က အဲ့မှာထိုင်မလို့လား..ဒါဒါ့မှာပိုက်ဆံပါပါတယ်.."

"ကျွေးမယ်ဆိုတည်းက ပိုက်ဆံပါမှန်းတော့ သိတာပေါ့..ဒါပေမဲ့ အနီးနားမှာအမြန်ဆုံးစားဖို့ ဒီဆိုင်အဆင်ပြေပါတယ်.."

ဒါဒါ့ကိုဆို သူအမြဲညှာသည်။ ဒုက္ခတွေ့နေတိုင်းလည်း ရောက်လာတတ်၏။ သူနဲ့သက်ဆိုင်သည့်မမေ့ကောင်းစရာတွေကို မေ့ချင်ပေမယ့်..၊

"ကော်ဖီပလိန်းနဲ့ ပလာတာတစ်ပွဲပဲ..မင်းရော.."

"ဘာဖြစ်လို့ဒါပဲလဲ..ဒီဆိုင်မှာလန့်ချ်အစုံရပါတယ်၊ တရုတ်စာ ကုလားစာအစုံပဲ..ဟိုမှာပြထားတာပုံတွေ.."

"ရပြီ..စားပွဲတွေကပ်လွန်းတယ်ကွ၊ ဗိုက်ကလည်းအရမ်းဆာနေတော့ အဆာပြေစားရုံပဲ..နောက်တစ်ဆိုင်မှာစားဖို့ချန်ထားရမယ်.."

ဆိုင်ထဲကိုဝေ့ကြည့်ပြီး ဒါဒါသူ့ကိုအားနာသွားသည်။ ဖွင့်တောင်ပြောသည်ဆိုတော့ သူတကယ်ဆာလောင်နေတာပဲလို့ တွေးမိကာ..

"ရှင်ဒါဒါ့ကိုစောင့်နေတာကြာပြီလားဟင်.."

"ဟုတ်တယ်..မင်းနဲ့တွေ့တဲ့ပလက်ဖောင်းပေါ်မှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေတာ အခေါက်ပေါင်းတစ်ရာ့တစ်ဆယ်.."

"ဟင်..တကယ်.."

"ရှေ့လှည့်နောက်လှည့် နှစ်လှမ်းတိုး နှစ်လှမ်းဆုတ်လေ.."

"သွား.."

ဒါဒါက မျက်မှောင်လေးကုတ်ပြီးရယ်၏။ ပန်းရင့်ရောင်ပြောင်တင်း လေးနဲ့ ဒါဒါ့ပါးပြင်လေးတွေက ဝင်းဝင်းနှစ်နှစ်လေးနဲ့ လှနေသည်။ သူ စားစရာမှာတာ Menuဖွင့်ကြည့်နေတာတွေကို သူစူးစိုက်ကြည့်နေ လျက်.. ။

မင်းအရမ်းကိုချစ်ဖို့ကောင်းတယ်ချာတိတ်..

"ရှင်သိလား..ဒါဒါအခုစိတ်ကူးထားသမျှ အကုန်လုံးအကောင်အ ထည်ပေါ်နေပြီ.."

"ဘာတွေလဲ.."

"ကျွန်မရဲ့သူဌေးကေရီလေ.."

ကိုကိုစီးကရက်သောက်သလိုနှင့် မျက်နှာဖျတ်ခနဲလွှဲမိ၏။ ဒီအ ကြောင်းနဲ့ပတ်သက်ပြီး ဘာတစ်ခုမှဖွင့်ဟပြောပြဖို့ စိတ်ကူးမရှိတော့သည့် နောက်.. ။

"သူ့ကိုကျွန်မအလွတ်မပေးဘူး..ကျွန်မဘဝကို အစအလယ်အဆုံး ပိုင်ချုပ်ဖို့ကြိုးစားခဲ့တဲ့မိန်းမ၊ ကျွန်မသမီးလေးကို သေစေခဲ့တဲ့သူ..သူ့ကို ဘယ်တော့မှ အလွတ်မပေးဘူး၊ ကျွန်မခံစားရတဲ့အတိုင်း မပိုရင်တောင် ထပ်တူ ခံစားစေရမယ်..ခုကစပြီး ကေရီပါတော်မှုခန်း သူကရတော့မှာ.."

သူမကြိမ်းဝါးနေသမျှ ကိုကို့မျက်နှာကိုတစ်ချက်မှမကြည့်။ ဝင်ဆေး မြန်းတာကိုလည်း သတိမထား.. ။

"ဒါကိုစလုပ်မယ်ဆိုတည်းက ကျွန်မကိုယ့်ကံကြမ္မာကို ကံစမ်းမဲနှိုက် ပြီးသားပါ..ကျွန်မယုံကြည်ခဲ့တာ မှန်သွားတယ်.."

ဘာလုပ်လုပ်အောင်မြင်လာသည်။ အများပြိုင်နိုင်ရပါစေ အများနဲ့ ပြော ချောရပါစေဆိုတာလည်း ပြည့်ဝခဲ့၏။ မထင်ခဲ့သော ဆက်ဆံရေးလေး တွေကနေ ယုံကြည်လေးစားမှုတွေနဲ့ ကိုယ့်အပေါ်ကမ်းလင့်နေခဲ့ကြသည်။ တစ်ခုကိုချိတ်မိတာနှင့် နောက်ထပ်ကွင်းဆက်တို့သည်.. ။

"ကိုယ်ကြားပါတယ်..ဒါပေမဲ့ မင်းနဲ့ပတ်သက်မယ်လို့ မထင်ခဲ့ဘူး.."

"ဘယ်ထင်မလဲ..အဲ့ဒီမိန်းမကိုယ်တိုင်တောင် ဒါဒါအဲ့လိုလုပ်နိုင်လိမ့်



မယ်လို့ မထင်ခဲ့ဘူး၊ မနေ့ကတွေ့တော့လေ ဟွန်း..ဒေါသမာနတွေ ယယ်ထိုး ထားတဲ့ပေါက်လို့..ဟား ဟား ဟား.."

ကော်ဖီနဲ့ပလာတာနှစ်ပွဲ လာချပေးသည့်ဝိတ်တာကောင်လေးက ဒါဒါ့ ကိုချလိုက်တော့ တွန့်ခနဲဖြစ်သွား၏။ ပြီးမှ ကမန်းကတန်းပြန်လှည့်သွား သည်၊ ကိုကိုကပြုံးလိုက်ပြီး.. ။

"ဘာပဲဖြစ်ဖြစ် ပွဲမပြီးသေးရင် အဖြေမထွက်သေးဘူး.."

"အဖြေထွက်လာလည်း ကျွန်မနိုင်မှာပဲ..သူနဲ့ကျွန်မအတွက် ဒိုင်မလို ဘူး သူကျွန်မကိုအနိုင်ယူခဲ့တာတွေမှာ ဘယ်ဒိုင်လူကြီးမှမပါခဲ့ဘဲနဲ့ ဒါဒါ့ ဘက်လှည့်ကျမှ ဘယ်လူကြီးကလာဆုံးဖြတ်မှာလဲ..နားစမ်းပါ၊ သူဘယ်သူ့ကိုမှ အားကိုးလို့မရတော့အောင် ကျွန်မသူ့ကိုတုတ်နှောင်ပတ်ထားပြီးပြီ..ဒီထဲက ရုန်းထွက်ဖို့ကြိုးစားရင် ခြေကျိုးခြေဖြတ် လက်ကျိုးလက်ဖြတ်၊ သူသတ္တိ ရှိရင်လည်း ကျူးလို့မရဘူး.."

ဒါဒါ့လေသံဟန်ပန်က ရဲရင့်နေသည်။ ကြိမ်းဝါးခြင်းသက်သက်မ ဟုတ်မှန်း စူးလက်ခက်ထန်နေသည့် မျက်ဝန်းတို့က စကားပြောလျက်.. ၊

"သူ့မောင်ကို ခုံရုံးထဲထိဆွဲထုတ်လာနိုင်ရင် ပြီးပြီ..ကျွန်မမလုပ်နိုင် ဘူးတာ အဲ့ဒါပဲ.."

"အခု မီးလောင်မှုက ဘယ်လိုဖြစ်ပြီး ဆိုင်ခန်းသမားတွေနဲ့ တရားရင် ဆိုင်တဲ့အထိ ဖြစ်သွားတာလဲ.."

ဖြစ်နေတာတွေကို သူသိပြီးဖြစ်သည်။ ဒါပေမဲ့ ဘာမှဝင်မမေးမပြော ဆိုဘဲလည်း နေလို့မဖြစ်သေးတာမို့.. ။

"မင်းရဲ့သူဌေးကကြိမ်းဝါးနေတာတော့ မင်းချည်းပဲမကောင်းကြဲနေ တာဆိုပဲ.."

ဒါဒါကပြုံးနေပြီး လက်ဖက်ရည်ပန်းကန်ကိုင်၏။ ဆိုင်မှာဆုံဖြစ်တိုင်း စားစရာမှာတော့မှာပေမယ့် သူစားတာမရှိခဲ့ဘူးထင်သည်။ စကားပြောရင်း စီးကရက်သောက်ရင်းနှင့် ဒီတိုင်းထပြန်တတ်တာကို သတိထားမိရင်း သူ့ ရှေ့ရောက်နေပြီဖြစ်သည့် ကော်ဖီပန်းကန်ကို လှမ်းကြည့်မိသည်။ ထို့ကြောင့် ဘာရယ်မဟုတ်ဘဲ ပန်းကန်ကိုဆွဲယူလိုက်ပြီး.. ။

"ဒီမှာ..ဒီမှာ ရေနွေးပူတာလေးနဲ့ ပြန်လဲပေးပါ.."

စီးကရက်ပြာခွေရင်း ကိုကိုကဘာမှလည်းမမေးဘဲ ကြည့်နေ၏။ ရေ နွေးပြန်လဲပြီးတော့ သူမဘာသာကော်ဖီမစ်ထုတ်ဖောက်၍ ရေနွေးထဲသေ ချာထည့်မွှေသည်။ မသိရင် ချစ်သူကိုဂရုစိုက်ယုယနေတာလိုလို၊ ကော်ဖီ တစ်ရာတန်ကိုမှာတာ သူသောက်ဖို့မဟုတ်မှန်း ဒါဒါသိသည်။ သူမသိနေ

တာကို ကိုကိုကလည်းသိသည်။ ထို့ကြောင့် ဖျော်ပေးနေတာကြည့်ပြီး
မသာပြုံးသည်။ သူရည်ရွယ်တာကိုက ဒီကထရင် ဆိုင်ကောင်းကောင်း
ခုမှာ သူမကြိုက်တာတွေကျွေးပြီး အေးဆေးထိုင်ကြဖို့.. ၊

"ရှော့..တစ်ရာတန်ပေမယ့် ကောင်းပါတယ်.."

ဖျော်ပြီးသည့်ကော်ဖီပန်းကန် ရှေ့ရောက်လာတော့ ကိုကိုက
နဲ့ဒါဒါ့ကို မျက်တောင်ဖျားတို့ လှုပ်ခတ်ရုံကြည့်၍.. ၊

"ကော်ဖီတစ်ရာတန်ကိုယ်မသောက်ဖူးဘူးထင်လို့လား.."

"မသိဘူး..ဒါပေမဲ့ ရှင်ဒီတိုင်းထားခဲ့ပြီး ထသွားမှာတော့သေချာတယ်"

သူကအသံမထွက်ဘဲရယ်ကာ ကော်ဖီပန်းကန်ကို ချက်ချင်းကော
ကိုင်၏။

"မင်းလည်းသောက်လေ..ဘာလဲ ကိုယ်မျိုချတဲ့အထိ ကြည့်နေချင်
လား.."

"ဟုတ်တယ်..မျိုချဖို့ ဘယ်လိုအခက်တွေ့နေမလဲဆိုတာလည်း စိတ်
ဝင်စားသေးတယ်.."

"ကိုယ့်ကိုစိတ်ဝင်စားလာပြီထင်တယ်.."

"သိပ်သေချာတာပေါ့..ရှင်လုပ်သမျှ စိတ်ဝင်စားဖို့ကောင်းတယ်၊ ဒါ
ပေမဲ့ ကျွန်မကမဝင်စားအားဘူးဖြစ်နေတာ.."

"ရတယ်..အားမှဝင်စားပါ၊ မုန့်နဲ့လက်ဖက်ရည်သောက်ဦး.."

ကော်ဖီ သူတကယ်သောက်နေတော့လည်း ကိုယ်တိုက်လို့သောက်ဖြစ်
သွားတာကို စိတ်ထဲမကောင်း.. ၊

"စိတ်မကောင်းဖြစ်နေတာဆို မလိုဘူးနော်.."

အယ်..

"မင်းတိုက်လို့သောက်တာ မဟုတ်ဘူး..မင်းဖျော်ပေးတာမို့လို့
သောက်တာ၊ မက်မက်စက်စက်လိုလိုချင်ချင်သောက်တာ.."

မျက်လုံးချင်းစကားပြောတာမို့ ဖျင်းခနဲပူရှိန်းသွားခြင်းက နှလုံးသား
မှသည် ခြေဖျားလက်ဖျားတို့ဆီ တစ်ရှိန်တည်း။ ထိုအခါ တခြားအာရုံတစ်
ခုခုသို့ လွှဲပြောင်းထွက်ပြေးစရာ စကားစရှာလိုက်ရင်း.. ၊

"ရှင် ကျွန်မမွဲထိုင်ပြာကျနေတာကိုသိလို့ ဒီဆိုင်ကိုရွေးလိုက်တာ
လား..ပြီးရင် ဆိုင်ကောင်းကောင်းမှာပြန်ကျွေးမယ်ဆိုပြီး.."

"သိသွားပြီဆိုတော့ ကျွန်မမစားနိုင်တော့ဘူးပြောဖို့ အဆင်သင့်ဖြစ်
နေပြီလား.."

တစ်ယောက်ခြေရိပ်တစ်ယောက်မြင်နေကြရင်း ရယ်မိကြတာပြိုင်တူ



ကော်ဖီကိုတစ်ဝက်ကျအောင်သောက်ပစ်လိုက်သည်။ ပန်းကန်
ချပေမယ့် လက်ကကိုင်လျက်နှင့်.. ၊

"မင်းနေတဲ့အဆောင် ကိုယ်လိုက်လည်လို့ရတယ်မလား.."

"မရဘူး.."

ဒီလိုပြောမယ်ဆိုတာ သိပြီးသားပါ။ ကိုယ်သိပြီးသားပါဆိုတာလည်း
သိပ်နေလိုက်ကာ အတူပြန်လာတဲ့အထိ သူမကနေခဲ့တော့လို့ မပြောမ
ယှဉ်တွဲလျှောက်ခဲ့ရင်း.. ၊

"မင်း သူ့ကိုဘယ်အတိုင်းအတာအထိ တုံ့ပြန်ဖို့စဉ်းစားနေလဲ.."

"သတ်မှတ်ချက်ဆိုတာ ကိုယ့်စိတ်ကျေနပ်မှုပေါ်မှာပဲ ဖြစ်သင့်တာ.."

"ကိုယ့်စိတ်ကျေနပ်တဲ့အထိ ခုတ်ထစ်ဖျက်ဆီးဖို့ဆိုတာလည်း တစ်
ကသစ်တုံးကြီးမဟုတ်ဘူးချာတိတ်..တစ်ခါတလေ ကိုယ့်လက်နက်နဲ့
ကို ပြန်ထိတာတွေလည်း ဖြစ်တတ်တယ်၊ ဆိုလိုတာက သူ့ကိုထိခိုက်
အောင်လုပ်နေရင်း မင်းအတွက်အန္တရာယ်ဖြစ်လာနိုင်တယ်.."

"ဖြစ်စရာမရှိပါဘူး..ဘဝတစ်လျှောက်လုံး ခုချိန်လောက်ကမ္ဘာကြီးက
နေတာမရှိဖူးဘူး၊ တစ်ခါမှကျွန်မဘက်မှာ မရှိခဲ့ဘူးတဲ့ကံတရားက အခု
ဘာလုပ်လုပ်ဖြစ်ခွင့်ပေးတယ်..အောင်မြင်တယ်၊ ဧကရီဆိုတဲ့မိန်းမဒူး
အောင်ကြောက်နေရတဲ့လူတွေကတောင် ဗေဒါဖြူ့ကိုအသည်းတုန်
အောင်ချစ်နေတဲ့အထိ.."

"ကိုယ်ယုံတယ်.."

လူကိုငုံကြည့်ပြီး ဘယ်လိုသဘောနဲ့ပြောမှန်းမသိ။ ခွန်အားအပြည့်နဲ့
နေသည့်ဒါဒါ့မျက်နှာလေး ရှက်ကိုးရှက်ကန်းဖြစ်လျက်.. ၊

"ပြောပြတာပါ.."

"ကိုယ်လည်းပြောပြတာလေ.."

"ဘယ်သူကယုံခိုင်းလို့လဲ.."

"မင်းယုံခိုင်းခိုင်းမခိုင်းခိုင်း ယုံနေတာ.."

"သွား.."

ဒါဒါမျက်နှာငုံ့ရယ်ရင်း ဆံပင်လေးသိမ်းသည်။ မရို့တရို့အမူအရာ
ကို အသည်းယားကာ သူသည်လည်းဆံပင်သပ်ရင်း ဟိုကြည့်သလို
ကြည့်သလို အကြည့်တို့လွှဲ၍.. ၊

လိုချင်မိသည်..အသည်းယားတိုင်း နမ်းချင်မလာတဲ့ဆေး....

## အခန်း(၁၁၇)

ရင်ထဲမှာပျော်နေမိသည်။ ဒါဒါ့ဆီက နွေးထွေးနူးညံ့သည့်တုံ့ပြန်မှု ရရှိခြင်းအတွက် သူ့ဘဝအမောတွေပြေသွားခဲ့သည်ဆိုရင် ပိုသည်ထင်ကြ လား..။ တကယ်က ဒီ့ထက်ကိုပိုပါသေးသည်။ ထို့ကြောင့် သူမအကြောင်း ကိုယ့်အကြောင်း ဘယ်လိုအကြောင်းအရာကိုမှ အစမဖော်တော့ဘဲ သူ့ ဘေးမှာအရိပ်လို အစဉ်ရှိနေမည်။ လိုအပ်သမျှဖြည်းဆည်းပေးမည်။ တစ်လျှောက်လုံး ဒီတိုင်းနေသွားရမည်ဆိုရင်တောင် သူမလေးတခြားသော ရင်ခွင်တစ်ခုကို မခိုလှုံသေးသမျှ နာရီစက္ကန့်တိုင်းအတွက် မျှော်လင့်ခြင်း အသက်ဆက်နေမည်။

ဖွင့်ပြောခွင့်မရှိသော သူမဆုံးဖြတ်သည့်အတိုင်း နာခံရဖို့ရှိနေသော ကိုယ့်ဘက်ကချို့ယွင်းချက်တွေအတွက် ကြေကွဲမနေဘဲ ဒီနေ့မနက်ဖြန်မျှော် ရှင်ခွင့်တွေအတွက် ကျေနပ်နေနိုင်ဖို့သာ ကြိုးစားတော့မည်။ သူမပျော်ရွှင် ပါစေ..။ အတွေးတွေနဲ့ပျော်မွေ့နေဆဲ ဘောင်းဘီအိတ်ထဲမှာထည့်ထားသည့် လက်မှာ ဖုန်း၏ Vibrationက နှုတ်ဆက်လာသဖြင့် ထုတ်ယူလိုက်တော့

"ပြော.."

"..............."

"ငါလမ်းလျှောက်နေတယ်.."



"..........."

"လမ်းလျှောက်နေပါတယ်ဆို ကားမယူသွားလို့ပေါ့ကွ.."

"................"

"ဟုတ်တယ်..ဒီအချိန်တွေလောက် ချိုမြိန်တာမရှိဘူး၊ ငါ့တစ်သက် မှာလို့တောင် ပြောလို့ရတယ်.."

"...................."

"ဟား ဟား ဟား..နေပေ့စေ၊ သူပြာပူထဲမှာလျှောက်နေရင် ငါလည်း လိုက်လျှောက်မယ်.."

"................."

"ထားလိုက်ပါကွာ..သူ့အမုန်းတွေပြေတဲ့အထိပေါ့၊ သူလုပ်ခွင့်ရှိတာ .."

"................"

"အဲ့ဒါကြောင့် ငါသူ့နားမှာနေပေးဖို့လိုနေတာ.."

ထိုစဉ် နားထဲဝင်လာသည့်သီချင်းသံကြောင့် သူ့ခြေလှမ်းတွေရပ်တန့် သွားသည်။ သူမအတွက် ပျော်ရွှင်ခြင်း စိုးရိမ်ရခြင်းတွေဖြစ်ပေါ်ခံစားနေရ ခြင်း ဒီသီချင်းနဲ့နီးစပ်နေခဲ့တာ တိုက်ဆိုင်မှုလား.. ၊

.......ဒီကောင်မလေးရဲ့ ရင်ထဲကမီးလောင်ကျွမ်းနေတယ်..........

......ဒီကောင်မလေးရဲ့ ကြေကွဲခြင်းအတိတ်တွေ ဘယ်သူသိလဲ.....

......ဒီကောင်မလေးရဲ့ ငိုကြွေးခြင်းသမိုင်းဟောင်းတွေ..........

......ဒီကောင်မလေးရဲ့ ကိုယ်စားမျှဝေလို့...........

"................."

"မဟုတ်ပါဘူး..ငါဈေးသည်နားရောက်နေလို့၊ အဟွန်း.."

ပြောနေရင်း နောက်ဖုန်းဝင်လာတာ အနှောင့်အယှက်ဖြစ်လာသဖြင့်..

"ဒါပဲဝေဒ..ဖုန်းထပ်ဝင်လာလို့.."

ဖုန်းနားထောင်လိုက်သည့်အချိန်မှာ ကိုကို့မျက်နှာပေါ်က ကြည်နူး သည့်အပြုံးတွေ ပျောက်ကွယ်သွားခဲ့ပြီး.. ၊

"ဘယ်လို..ဘယ်သူလဲ၊ မင်းသေချာလား.."

"သေချာပါတယ်သူဌေးရယ်..ကျွန်မအဲ့ဒါကို ဂရုစိုက်ဖို့ ဇကရီ့ဘေး မှာ နေနေတာဥစ္စာ၊ ဘူ့မှာဘာမှကိုမရှိတော့ဘူး..အခု နေနေတဲ့ကွန်ဒိုကို လည်း ပြန်ရောင်းပြီးပြီ၊ ကြွေးတွေလည်း.."

"ငါအဲ့ဒါတွေမသိချင်ဘူး..ဒါဒါ့ကိုလုပ်ကြံခိုင်းတာ ဘယ်သူ့ကိုလဲ မင်းသိလား..လူမြင်လိုက်လား.."

ဆက်ပြီးနားမထောင်နိုင်တော့ပေ။ သူနဲ့ခွဲကျန်ရစ်ခဲ့သည့် သစ်သီး ဆီ အသည်းအသန်ပြန်ပြေးလာခဲ့ရင်း ဒါဒါပါမသွားပါစေနဲ့ဦး ဆု နေမိသည်။ သို့သော် သစ်သီးဆိုင်မှာရှိနေသည့်လူသုံးယောက်ထဲမှာ မပါ။ ဆိုင်ရှေ့မှာ ခြေစုံရပ်၍ ဟိုဒီပတ်ရှာကြည့်မိသေးသည်။ ပြီးမှ သ ဆိုင်ရှင်ဘက် ပြန်လှည့်၍.. ।

"ဒီမှာအစ်မ..ခုန ပန်းရောင်လေးဝတ်ထားတဲ့ ဆံပင်ကော်ဖီရော ကောက်နဲ့မိန်းကလေးလေ.."

"အင်း..မာလကာသီးဝယ်သွားတာ.."

"သူဘယ်ဘက်ထွက်သွားတာလဲ..တဆိတ်လောက်သတိထား ပြောပြပါဗျာ၊ ဒါမှမဟုတ် တစ်ယောက်ယောက်နဲ့စကားပြောတာ တွေ့ လား.."

သူမကျန်ခဲ့တုန်းက ဒီဆိုင်မှာတခြားဝယ်သူမရှိပေ။ သူမနဲ့သူ ရပ်ပြောနေတာတောင် ဆိုင်ရှင်ကကြည့်နေသေးသည်။ ထို့ကြောင့် က ဘောင်ကျော်နေနိုင်ပေမယ့်.. ।

"ဘယ်သူနဲ့မှတော့ ပြောတာမတွေ့ဘူးနော်..ဟောဒီ့ရှေ့မှာရပ်ပြီး စောင့်နေသလား တစ်ယောက်ယောက်ကိုစောင့်သလား..ရပ်တော့ရ တယ်၊ ဘယ်ထွက်သွားလဲတော့ မသိလိုက်ဘူး.."

ဒီလောက်ခြွေတာတဲ့မိန်းကလေးက အိုးဝေခေါ်စီးမှာတော့ မဟုတ် ရန်ကုန်လိုနေရာတိုင်းမှတ်တိုင်တွေရှိနေတာလည်း မဟုတ်။ ဖြစ်နိုင် သူမလမ်းလျှောက်သွားနေတာလား..သူမတို့အဆောင်ဘက်ဆီ အားစိုက် ခဲ့ရင်း ဖုန်းထုတ်ကာ.. ।

"ကိုမျိုး..မင်းဘယ်မှာလဲ.."

"........................"

"အေး..ရှစ်ဆယ့်ခွန်ထိပ်မှာ၊ မင်းအမြန်ဆုံးပတ်ထွက်လာခဲ့..သုံး အတွင်း.."

ဖုန်းပြောရင်း လမ်းပေါ်ကလူတွေကို ကိုယ်တစောင်းလှဲရှောင် တိုက်မိတာတွေဖြစ်လိုက် နာရီစင်ဆီပြေးနေမိတာ အရှုးလို။ ထိုအ ကီးချိန်းလေးတွေရောင်းသည်ဆိုင်ထဲရောက်နေသောဒါဒါက ပြန်ထွ ကာ.. ।

"အိုးဝေ.."

လက်ခုပ်တီးရင်း လှမ်းခေါ်လိုက်ကာ 'ကျုံးဘက်ကိုပတ်မောင်းခိုင် သေချာကိုစီးလိုက်ဦးမယ်'လို့ ကြိမ်းဝါးသည်။ တစ်ခါတလေစိတ်ပျော်



အတွက် ငွေဆိုတာသုံးပေးရတယ်လို့တောင် ကိုယ့်ကိုယ်ကိုဆုံးမလိုက်သေးသည်။ သို့သော်.. ।

"ဒါဘာလုပ်တာလဲ..ကျွန်မငှားထားတာကို.."

သူမထိတ်ခနဲဖြစ်သွားကာ ဒရိုင်ဘာကိုအော်ပြောမိသည်။ သို့သော် ယောကျ်ားတစ်ယောက်သည် ဘီးသုံးဘီးစလုံးမရပ်သေးမီ သူမဘေးမှာဝင် ထိုင်လိုက်ကာ.. ।

"ဘာလုပ်တာလဲ..မယုတ်မာနဲ့နော်၊ ဟောဒီမှာကယ်ကြပါဦးရှင်.."

## အခန်း(၁၁၈)

နဖူးနည်းနည်းထိသွားသည်။ လက်နှစ်ဖက်စလုံးမှာ ပွန်းရာရှရာ က မြင်မကောင်း။ ဒါပေမဲ့ အရေပြားပေါ်ကဒဏ်ရာထက် ရင်ထဲမှာတ ဆစ်နာကျင်နေတဲ့ခံစားချက်က လူကိုအသက်ပါစေနိုင်၏။ သူမကံမကော သေးပါလား..။ တစ်ဖက်ကိုအနိုင်နဲ့ပိုင်းနိုင်သည့်အချိန်ရောက်ပြီလို့ ခံ မိခဲ့သမျှ အိုးဝေပေါ်ကနေ ဒလိမ့်ခေါက်ကွေးလိမ့်ချပြေးရသည့်အဖြစ် ဟာ 'နင်မမှန်သေးဘူး'လို့ အဖြေထုတ်ပြလိုက်သည့်နှယ်.. ။

အိုးဝေပေါ်တက်လာပြီး လူကိုမေ့ဆေးပဝါနဲ့အုပ်ဖို့ ကြိုးစားသည် သူမသာလွတ်မြောက်အောင်ရုန်းမထွက်နိုင်ခဲ့လျှင် ဘယ်လိုအဖြစ်ဆိုးသွ နိုင်သလဲ..။ ကိုယ့်လက်တွေကို လက်ဖဝါးလေးနဲ့ မထိတထိစမ်းရင်း မျ ဝန်းတို့သည် သူမလျှောက်နေသည့်လမ်းပေါ်မှာ စူးစိုက်နေခဲ့၏။ လက်တ ဖက်က ဆန့်ချလို့မရ။ ရသည့်လက်ဖျံမှာလည်း ပေါက်ပြဲထိခိုက်ထား သည်။ ဒါပေမဲ့ စုရုံးလာသည့်လူတွေနဲ့ဝေးရာကိုပဲ သူမအားတင်းထွက်လ ခဲ့မိသည်။ လူတွေဓာတ်ပုံရိုက်ဖို့ လိုင်းပေါ်တင်ဖို့သတိမရခင် ရဲတွေရော လာပြီး ဟိုဒီစစ်မေးမလာကြခင် သူမရှောင်ထွက်လာခဲ့သည်။ ရင်ထဲမှာခံစ နေရတာက ကိုယ်ရည်ရွယ်သောအနာဂတ်အတွက် ဒီအဖြစ်ကနိမိတ်ပြတ လားဆိုတာပင်။ ကံကောင်းခြင်းတွေကို သူမပိုင်ဆိုင်ခွင့်မရှိတော့ဘူးလာ



"တီ.."

လက်တံတောင်ဆစ်လေးတစ်ဖက်ကို တစ်ဖက်နဲ့ပြန်ပိုက်ထားရင်း းပွန်းသံကြောင့် ဘေးကပ်ပေးလိုက်၏။ သို့သော် ကားသည်သူမနား ဲ တုံ့ခနဲရပ်သွားကာ ကိုကိုအပြေးတပိုင်းဆင်းလာ၏။

"ချာတိတ်.."

ရှေ့ကနေပိတ်ရပ်ထားလိုက်ကာ ပင့်ကွေးထားသည့်တံတောင်ဆစ် က ဒဏ်ရာကိုကြည့်လိုက်မိသည်။ မန်ကျည်းစေ့ဝိုင်းခန့် ပွန်းထားသည့် ဏ်ရာသည် သွေးတွေပါစီးကျနေ၏။ ထို့ပြင် သွေးသည်ပင့်ကိုင်ထားရ ည့်လက်ဖဝါးတစ်ဖက်ထဲမှာ ရေပွက်လိုတင်လျက်.. ။

"တောက်.."

ရင်ထဲမှာ ပူပူလောင်လောင်ကြီး ထိရှသွားခဲ့သည်။ မျက်ရည်တွေပြည့် း‌နေပေမယ့် မငိုသည့်မျက်နှာ။ သွေးစိမ်းရှင်ရှင်ကျနေလျက်နှင့် အံကြိတ် သည့်မိန်းကလေး..။ ဒီလောက်ဆိုးရွားတာတွေ ဘာဖြစ်လို့ဒီမိန်းကလေး မှလဲ.. ။

"မင်းဘာတွေလုပ်နေတာလဲကေရီ..ဘာတွေတွေးနေတာလဲ၊ ဘယ်ထိ းမှာလဲ..မင်းလုပ်နေတာတွေတော်တော့.."

"အား.."

သူဒါဒါ့ကိုဆေးခန်းပို့ပေးခဲ့ပြီး ချက်ချင်းပြန်လှည့်လာခဲ့သည်။ ခြေ ာက်နဲ့မြေပြင်ထိတာမထိတာ မသိ။ ကေရီ့ရှေ့ကိုရောက်လာတော့ မျက် း‌အဝိုင်းသားနှင့်မော့ကြည့်ရင်း သူမဖုန်းပြောနေတာကိုတောင် မေ့သွား ည့်နှယ်။ ကိုကိုသူမပခုံးနှစ်ဖက်ကို ဆောင့်ခါပစ်မိရင်း စိတ်ရှိလက်ရှိအော် ည်။ ပြီးတော့ ဒီတိုင်းဖိတွန်းသွားမိတာ သူမကျောပြင်လေးနံရံမှာပစ်ကပ် းတဲ့အထိ.. ။

"မင်းရဲ့မကောင်းမှုတွေ ခုထက်ထိမရပ်သေးဘူး..ဒီလောက်ဖြစ်နေတာ ာင် မင်းမိုက်ရိုင်းဖို့ကြိုးစားနေဝှန်း.."

"ဟုတ်တယ်..ဟုတ်တော့ဘာဖြစ်လဲ၊ ရှင့်ဟာမကိုထိလို့နာနေတာ..ကဲ ယ်.."

ကိုကို့လက်တွေကိုဆောင့်ဖြုတ်ချကာ ပါးကိုတအားလွှဲရိုက်ပစ်လိုက် ၏၊ သို့သော် ကိုကိုက သူမလက်ကိုဖမ်းကိုင်ထားလိုက်၏။ ပြီးတော့ ဆောင့် တ်ပစ်ရင်း.. ။

"ဘယ်သူ့ကိုဖြစ်ဖြစ် မင်းအခုလုပ်တာ လူသတ်မှု မုဒိန်းမှု ညှင်းပန်း စက်မှု..ဒီ့ထက်ပြင်းထန်တာတွေလည်း ရှိနိုင်သေးတယ်၊ ဒါဒါ့ကိုမင်းဘာ

ဖြစ်လို့ဒီလောက်တောင် မုန်းနေတာလဲ..မင်းမောင်နဲ့တစ်ဖက်လှည့်ကြ ပြီး ဖျက်ဆီးဖို့လမ်းဖွင့်ပေးခဲ့တာတွေရော မိန်းမသားချင်း မင်းမှာစာနာ မရှိတော့ဘူးလား..”

“မရှိဘူး..အဲ့ဒီဟာမကိုနှိပ်စက်လို့ ငရဲကနေမတက်ရတော့ဘူး တမ်းမဝင်နိုင်တော့ဘူးဆိုရင်တောင် ဒီဟာမကိုအားရအောင်နှိပ်စက်ပြီးမှ ကိုသွားမယ်..”

ဧကရီက အသံပြာအောင်အော်သည်။ လက်သီးနှစ်ဖက်ဆုပ် ဆန့်ကပ်၍ ခြေဆောင့်၏။ ပြီးတော့ ဆံပင်တွေဖွပစ်ပြီ ‘အား’ခနဲအော် အရူးတစ်ယောက်လိုပင်.. ။

“ရှင်ကဧကရီဆိုတဲ့မိန်းမ ဘာမှမသိဘူးထင်နေတာကိုး..အဲ့ဒီကောင် ကိုရှင်လိုက်ကြည့်နေတာကအစ လိုက်ကြိုက်တာအဆုံး ဘယ်မှာသွား တာထိ ကျွန်မအကုန်သိတယ်..”

“ငါကမင်းမသိအောင် လုပ်နေတာမို့လို့လား..”

“မထင်ပါဘူး..ကျွန်မကလည်း မပြောရဲလို့နေနေတာမှမဟုတ်တာ အဲ့ဒီငမွဲကလေကချေအောက်တန်းစားမကို လက်သပ်မွေးထားတာကို ကိုက်စေချင်ရင် ရှူးတိုက်ဖို့..အလုမွေးချင်တဲ့သူရှိလာရင် ဈေးကောင်း ကောင်းနဲ့ရောင်းဖို့..”

ရင်အစုံက နိမ့်တုံမြင့်တုံလှိုက်ခါနေလျက် ဒေါသသွေးတို့လည်း ပွက်နေဆဲ။ ဒါပေမဲ့ ခါးထောက်မျက်နှာမော့ပစ်သည်။ ချွေးတွေစို့ရွှဲနေသည့် မျက်နှာမှာ မျက်ရည်တွေပါကျနေခဲ့သည်။ သို့သော် ဒါကိုဖုံးဖိဖို့သာ စိတ် မှာရှိလျက် သုတ်သင်ဖျောက်ဖျက်ဖို့ကို သတိမရ။ ကိုကိုက သူမကိုစိုက် ကြည့်နေရင်း နောက်ကိုခြေလှမ်းဆုတ်ရပ်သည်။ ပြီးတော့ နောက်ထပ်ဆုတ် လိုက်ပြီးမှ ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်ထည့်ထားလိုက်ရင်း.. ။

“မင်းကပခုံးနှစ်ဖက်ကြား လူခေါင်းပေါက်နေလို့ လူဖြစ်နေတာ..”

“ဧကရီကလည်း ရှင့်ကိုအဲ့လိုပဲမြင်တယ်ဆိုရင်ရော..”

ကိုကိုက တစ်ခွန်းမှမပြောဘဲ စိုက်ကြည့်နေ၏။

“ဖေဒါဖြူလိုမိန်းမကို အရူးလိုတမ်းတမ်းစွဲနေတာ သားကိုကိုဆို လူလေ၊ ရှင်လည်းလူခေါင်းပေါက်နေလို့သာပဲ..”

“ငါမင်းနဲ့အနိုင်လုပြောဖို့ လာခဲ့တာမဟုတ်ဘူး..ချာတိပ်ပဲနဲ့ပတ်သက် ပြီး နောက်ထပ် မင်းဘက်ကကြံစည်မှုထပ်လုပ်ရင် မင်းကိုငါကိုယ်တိုင် ထောင်ထဲဆွဲထည့်မယ်..”

“ဩော်..ဩော် ဒါက ကိုယ့်မိန်းမကိုပြောတဲ့စကားလား..”



“အရှက်မရှိပြောမနေနဲ့ဧကရီ..အခု မင်းမှာပြေးစရာမြေမရှိဘူး၊ လည်းငွေမရှိဘူး..”

“မှန်တယ်..ဧကရီအဲ့လိုဖြစ်နေတယ်၊ ကိုကိုမသိချင်ယောင်ဆောင်နေ တွေက ဖေဒါဖြူကြောင့် ဧကရီ့ရှေ့ကိုရောက်လာတာလား..”

“ဟုတ်တယ်..”

“ရှင်သိပ်ရက်စက်တယ်သားကိုကို..ဧကရီရဲ့မှားယွင်းမှုတိုင်းက ရှင်နဲ့ သက်တာ ရှင့်ကြောင့်ဧကရီ..”

“အားလုံးငါ့ကြောင့်လို့ ပြောလိုက်တာလား..”

ဧကရီ သူ့ကိုငေးကြည့်ရင်း စကားလုံးတို့ထွက်ကျမလာတော့ပေ။ ထို့ င်းမာစူးရဲနေသည့်မျက်နှာပြင် မျက်ဝန်းအစိတ်အပိုင်းအားလုံးတို့မှာ ဖြည်းဖြည်းနူးညံ့ခယခြင်းသို့ လွှမ်းခြုံလာခဲ့လျက်.. ။

“ဧကရီဒုက္ခရောက်နေပြီ..ဘာမှကိုမရှိတော့ဘူးကိုကို၊ ဒီမောလ်ဧကရီ့ ထဲရောက်တည်းက ကျိန်စာသင့်ပစ္စည်းတစ်ခုကောက်ရသလိုပဲ..”

မာနဒေါသတွေနဲ့ တင်းခံနေခဲ့သည့်စိတ်က အောက်ခြေပြုတ်သွား စင်ကဲ့သို့ နည်းနည်းလေးပျော့ညံ့သွားတာနှင့် လူပါဖုန်းဖုန်းလဲမတတ်..

“ဒေါ်ချစ်မနဲ့လည်း ကြွေးကိစ္စညှိလို့မရဘူး..ကိုလင်းကိုလည်း ရှာမ ဘူး၊ ရှာလို့တွေ့ရင်တောင် သူမကျူးလွန်ခဲ့တဲ့ကိစ္စအတွက်တော့ ဝန်ခံ နိုင်ဘူး..”

“သူမကျူးလွန်ဘူးလို့ မင်းကိုဘယ်သူအာမခံထားတာလဲ..”

“အို..ကိုလင်းဒီလိုတော့..”

“မင်းအတွက်ကိုလျှော့ထားလိုက်ဧကရီ..သူလုပ်လုပ်မလုပ်လုပ် သူများ ကိုသွားဆွဲခဲ့တာမှန်တဲ့အတွက် ပမာဏက မင်းပါးစပ်ထဲမှာမရှိဘူး..”

“အဲ့ဒါတွေပိုဆိုးအောင်လုပ်နေတာ ဟိုငမွဲမလေ..ဘာတွေပေးပြီး ပစ် နေသလဲမသိဘူး၊ စိန်ဆိုင်ပိုင်ရှင်တွေ ဒီအမှုကိုပြန်ဆွဲထုတ်အောင် နေတာ..”

ဒါဘယ်လိုပြောင်းလဲဖွဲ့စည်းကုန်ကြတယ်ဆိုတာ သိဖို့မလိုပါ။ စာ ရှိတဲ့သူတိုင်း ဒါဒါ့ကိုကူညီကြမှာပင်။ ဧကရီက လူသတ်ရိုက်ပုတ်၍ ဖို့ကြိုးစားနေပေမယ့် ဒါဒါဘယ်ခြေလှမ်း၍ ဘယ်လိုလှုပ်ရှားနေသည် သူတွက်မိသည်။ လူမိုက်တစ်သောင်းကဲ့ရဲ့ညောင်းလည်း လူလိမ္မာ ယောက်ချီးမွမ်းသလောက် ခရီးမရောက်ဘူးဆိုသည့် ရှေးဆိုရိုးကဲ့သို့ ယ့်အမှန်တရားမို့သူ့နည်းသူ့ဟန်နဲ့ပေါ်လာခဲ့တာ ဒါဖြစ်သင့်သည့်ကိစ္စ၊

“ကိုကို..”

ဧကရီ့လေသံက မာကြောသွားလိုက် နူးညံ့သွားလိုက်နှင့်..

"ဧကရီ့ကို ရန်ကုန်ကလှည်းကူးအိမ်ရာပရော့ဂျက်လွှဲပေးပါ.."

"ဘာ.."

"ကိုကို့ဆီက အဲ့ဒါမှမရရင် ဧကရီဘဝပျက်ပြီကိုကို..ဧကရီ့မှာ [illegible] မရှိတော့ဘူး.."

"ရှိနေတော့ မင်းထင်ရာလုပ်ပစ်နေတာကိုး..ဘယ်လောက်ကြီး [illegible] တိုးပွားနေတဲ့လုပ်ငန်းဖြစ်ဖြစ် မင်းလက်ထဲရောက်ရင် သွားမှာပဲ၊ လုံး [illegible] နိုင်ဘူး.. ၊

ဧကရီဆီသူလာတည်းက ဒီမိန်းမနဲ့ဘာစာရင်းမှမချန်ဘဲ အပြ [illegible] တော့ဖို့.. ၊

"ဒီတစ်ခါဧကရီကြိုးစားမှာပါ.."

ကိုကိုမျက်နှာလွှဲသည့်နောက်ကို ပြေးလွှားလိုက်မော့ရင်း ဧက [illegible] ရည်ခံထိုးရတော့သည်။

"ဆောက်လုပ်ရေးနဲ့ပတ်သက်တာတော့ ဧကရီနားလည်ပါတ [illegible] ကို့ဆောက်လုပ်ရေးလုပ်ငန်းကြီးတစ်ခုလုံးကို မဟုတ်ပါဘူးကိုကိုရယ် [illegible] ပရော့ဂျက်ကိုပဲပေးပါ.."

အပိုင်မြတ်မယ့်အလုပ်ကိုပဲ သူမလက်လှို့ယူချင်တာဖြစ်သည်၊ [illegible] ဆိုတဲ့မိန်းမ တစ်ခုခုတောင်းဆိုလာတော့မည်ကို ကိုကိုလည်းသိသည်၊ [illegible] ဘက်ကကမ်းလှမ်းလိုက်တိုင်း သူမကအဆတစ်ရာတိုးသွားတတ်လို့ [illegible] တော့မှမပြောတော့ဖို့ ဆုံးဖြတ်ထားခဲ့သည့်စကားတစ်ခွန်းကို ဒီနေ့..

"ကိုကိုသိပ်လိုချင်နေတဲ့ကွာရှင်းစာချုပ်မှာ ဧကရီလက်မှတ်ထိုး [illegible] မယ်.."

သူတွေးနေတုန်း ဧကရီကစပြောလာခဲ့ပြီး.. ၊

"ဒါပေမဲ့ ကိုကိုမကြေညာရဘူး..ဖေဒါဖြူကိုဘယ်တော့မှမယူရ [illegible]

သူမကလွှဲရင် တခြားဘယ်မိန်းမကိုဖြစ်ဖြစ် ကိုကိုယူ..။ ဖေဒါ [illegible] မုန်းသည့်အမုန်းက အခြေအမြစ်မရှိ ဦးတည်ရာမရှိသော မုန်တိုင်း [illegible] ရာကဲ့သို့။ ဖေဒါဖြူသည် လေဖိအားနည်းရပ်ဝန်းဖြစ်လျက် ကိုယ်က [illegible] အင်အားကြီးမုန်တိုင်း။ ဘယ်ကစခဲ့သလဲဆိုတာ မသိ။ ဘာကြောင့်ကြီး [illegible] ခဲ့ရသလဲဆိုရင် မသေချာ.. ၊

ဒါပေမဲ့ ဖေဒါဖြူကို သူမအသေအကြေမုန်းလေသည်။

☎



အခန်း(၁၁၉)

မုန်းထိုက်လို့မုန်းတာ ကြိုက်သလိုမုန်းစမ်းပါ..ယုတ်မာကောက်ကျစ် [illegible] တွေ ဘာလို့ပါတာလဲ..

"သေချာတာကတော့ မင်းကိုဧကရီလုပ်ကြံတာပဲ.."

ပြောသွားသည့် ဧပရယ်လ်စကားတွေက ဖုန်းပြောပြီးတာတောင် နား [illegible] ဒီတိုင်းကျန်ရစ်၏။

"ဘာတဲ့လဲဒါဒါ..ဖုန်းဆက်တာဘယ်သူလဲ၊ ဘာပြောသွားလို့လဲ.."

ခုနကတင်ရောက်လာခဲ့သည့် ဥမ္မာက ဒါဒါဘာတွေဖြစ်ပျက်နေသည် [illegible] နေတာ လုံးစေ့ပတ်စေ့တောင် သိခွင့်မရသေးပါ။ ဒါဒါဖုန်းထပြောနေ [illegible] သူမအထုပ်တွေဖြည်ရင်း စောင့်နေတာဖြစ်သည်။ သို့သော် ကြားနေ [illegible] အခြေအနေအရ တစ်ခုခုဖြစ်ပြန်ပြီကိုသိလိုက်ပြီး အနားရောက်သွားခဲ့ [illegible] ၊

"ဘယ်သူဘာပြောလိုက်တာလဲဒါဒါရယ်..ဘေးစကားဆိုတာလည်း [illegible] လုံးကိုခေါင်းထဲကောက်ထည့်နေလို့ မဖြစ်ဘူးနော်၊ ကိုယ့်အတွက်ပြော [illegible] သူ့အတွက်ပြောတာလား..ဘယ်လိုပြောင်းလဲသွားနိုင်တဲ့စကားမျိုး [illegible] ခဲ့ဒါတွေကိုအရင်စဉ်းစား.."

"စဉ်းစားစရာမလိုဘူးဥမ္မာ..ဒါကိုနည်းနည်းလေးမှ မတွေးမိခဲ့တာကို

က ငါတုံးတာ..”

ဖုန်းကိုင်ထားသည့်လက်က တင်ပါးနားမှာဆန့်ကပ်လျက် တုန်နေကာ.. ၊

“သူရှုံးနေပြီ..အလဲလဲအကွဲကွဲရှုံးနေလို့ ငါ့ကိုလုပ်ကြံတာ..”

“အဲ့လိုမျိုးလူမိုက်ငှားပြီး လုပ်ကြံတာတွေက ရုပ်ရှင်တွေထဲ..”

“အပြင်မှာလည်းရှိတယ်..အထူးသဖြင့် ဧကရီဆိုတဲ့မိန်းမရဲ့ရာဇဝင် အများကြီးရှိခဲ့တယ်၊ လုပ်ကြံခံခဲ့ရတာက ငါ..”

အလုပ်ကိစ္စတွေပြောဆိုရင်း အလည်လာခဲ့သည့်ဥမ္မာ့ခမျာ ဒီရောက်မှ ကြားလိုက်ရသည့် ဒါဒါ့ဘဝအကြောင်းတွေကြောင့် သက်ပြင်းတောင်မချနိုင် ကဲတွေးတွေးမမျိုးအား။ ထို့ပြင် တော်ရုံမိန်းကလေးတွေ ခံနိုင်ရည်ရှိမှာမဟုတ် သော ဒဏ်ရာဒဏ်ချက်တွေနဲ့ လောကစံကြားက မိန်းကလေးဟာ ဘေးမဲ့ ဖြစ်နေခြင်းအတွက် အထိတ်တလန့်ဖြစ်ရခြင်းနဲ့အတူ.. ၊

“ထားခဲ့လိုက်ပါတော့ဒါဒါရယ်..နင်ရန်ကုန်ပြန်လိုက်ခဲ့ပါဟာ၊ နင့် ဆရာလေးတောင် စိတ်ပူနေတာ..သူ့ဆီမှာမနေတော့တည်းက နင့်ကိုသူစိတ် ပူနေတာတဲ့၊ ရန်ကုန်ပြန်ခေါ်သွားဖို့လည်းပြောတယ်..”

“ငါသူနဲ့စာရင်းရှင်းရဦးမယ်..”

“ဘယ်လို..”

ဒါဒါ ပိုက်ဆံအိတ်လေးကောက်ကိုင်သည်။ အချိန်သည် ညကိုးနာရီ မထိုးသေးသည့်တိုင် လမ်းပေါ်မှာခြေချလိုက်တာနှင့် ညဥ့်နက်သည့်အသွင် ကိုဆောင်နေပြီဖြစ်ကာ.. ၊

“ဘာသွားလုပ်မှာလဲဒါဒါရယ်..နင့်ကိုယ်မှာဒဏ်ရာတွေ ပလာစတာ တွေနဲ့ဟာ..”

“နင်နေခဲ့ဥမ္မာ..ငါ့ကိစ္စမှာ ဘယ်သူမှဝင်ပါဖို့မလိုဘူး..ငါ့ကြောင့်တခြား သူဒုက္ခရောက်မှာလည်း မလိုချင်ဘူး..”

“ငါကတခြားလားဒါဒါရဲ့..နင်တစ်ယောက်တည်းမို့ တစ်ယောက် တည်းရင်ဆိုင်ခဲ့ရတာ၊ အခု ငါရှိနေသားနဲ့ ငုတ်တုတ်ထိုင်ကြည့်နေရမှာလား”

ဥမ္မာပါကိုယ့်ဘေးမှာပါလာခဲ့သဖြင့် စိတ်တော့မကောင်းပါ။ သို့သော် ဒါကိုဘယ်လိုနည်းနဲ့မှ ခေါင်းငုံ့ခံနေလို့မဖြစ်။ ကိုယ့်ကံမကောင်းလို့ ကြုံတွေ့ ခံရသည့်အဖြစ်လို့ ယူဆခဲ့သဖြင့် အကျယ်အကျယ်တွေလည်းမရှင်းချင်တာ ကြောင့် သူမဒီကိစ္စကို လက်လျှော့ကျောခိုင်းထားခဲ့တာဖြစ်သည်။ ဒါက လုပ်ကြံမှုဖြစ်သည့်ပြင် လုပ်ကြံသူကဧကရီဖြစ်နေသည့်အတွက်.. ၊

“နင့်မှာသေ့ရှိနေတာလား..”



“သူဒါကိုသတိမရရင်ပေါ့..”

သော့လဲထားဖို့ ဧကရီသတိမရပါစေနဲ့ ဆုတောင်းရင်း ခြံသော့ကိုဖွင့် လိုက်သည်။ တံခါးပွင့်သည့်အခါ ဒါဒါ့မျက်နှာပေါ်မှာ ဖြစ်လာသည့်အောင် နိုင်သည့်မဲ့ပြုံးက ခြေလှမ်းတို့ကိုပို၍ခိုင်မာစေကာ.. ၊

“နောက်ထပ် ဒီလိုလုပ်ကြံဖို့စိတ်မကူးရဲအောင် သူနဲ့ငါအပြတ်ရှင်း မယ်..”

ဥမ္မာသည် ဘေးကနေခပ်သုတ်သုတ်လျှောက်လိုက်နေရင်း.. ၊

“သူ့ပိုင်နက်ထဲမှာဒါဒါ..ကိုယ်ထိလက်ရောက်လုပ်ဖို့ စိတ်ကူးရှိနေရင် သတိထား..”

သတိပေးနေရင်း တိုက်တံခါးရှေ့ကိုရောက်လာခဲ့ကြသည်။ မှောင်ရိပ် များများအလင်းတချို့နှင့် ညဥ့်နက်၏ပတ်ဝန်းကျင်မြင်ကွင်းသည် ဧကရီ့ တိုက်တံခါးရှေ့ရောက်တာနှင့် လုံးဝခြားနားသွားခဲ့၏။ တိုက်ထဲမှာ မီးတွေ ထင်းနေသည်။ လူတွေလည်းအများကြီးရှိနေကြကာ ဖွင့်ထားသည့်Sound Boxဆီမှ ထွက်ပေါ်နေသည့် Musicသံက သိပ်မကျယ်ပေမယ့် မြူးကြွစို ပြေနေ၏။

“ဘာပွဲလုပ်နေတာလဲမသိဘူး..”

ဥမ္မာပြောပေမယ့် ဒါဒါရှာနေတာ ဧကရီ့ကို.. ၊

ဧကရီဘယ်မှာလဲ..။ တကယ်တော့ အဝင်တံခါး၏အတွင်းညာဘက် ခြမ်းမှာ ဧည့်ခန်းရှိကာ ထိုနောက်ကအခန်းထဲမှာ စားပွဲဝိုင်းကြီးတစ်လုံးနှင့် ဧကရီတို့သည်.. ၊

“ဒါဆို နင်ပဲအကြီးအကျယ်အောင်ပွဲခံလိုက်တာပေါ့..”

“ဟုတ်တယ်လေ..ဟွန်း ဟွန်း ဟွန်း၊ ဒေါသတကြီးနဲ့ရောက်ချလာပြီး ငါ့ရဲ့လှည့်ကွက်မှာဦးညွှတ်ဒူးထောက်သွားရတာ သားကိုကိုဆိုတဲ့ယောက်ျား”

“မိုက်တယ်ဗျာ..ဟား ဟား ဟား..”

ထိုနားကိုရောက်လာသည့် ဒါဒါ့ခြေလှမ်းတွေ တုံ့ဆိုင်းသွားသည်။ အခန်းဆီးလေးတစ်ထပ်နှင့် ပြတင်းပေါက်လေးကနေ ရယ်မောနေသည့်ဧက ရီ့ကို သူမမြင်နေရသည်။ ပြီးတော့ သူမရဲ့ဘေးမှာ မျက်နှာချင်းဆိုင်မှာ ယောက်ျားမိန်းမတွေ အသီးသီးရှိကြလျက် တချို့ကသောက်လက်စနဲ့ဖန်ခွက် တွေကိုင်ပြီး အပြင်မှာကနေကြ၏။ ကနေတဲ့လူတွေရော အခန်းထဲကလူတွေ ပါ ဘယ်သူကမှ ဒါဒါနဲ့ဥမ္မာကို ဂရုမစိုက်ကြပေ။ ထို့ပြင် အပြင်ကနေထွက် ပေါ်လာသော ထင်သလိုပြောနေကြသည့်စကားသံတို့သည်.. ၊

“ငါ့နာမည်ကိုက ဧကရီလေ..ငါဘယ်သူ့ကိုမှမရှုံးဘူး၊ ဘယ်သူ့

အောက်မှကျဖို့မလိုဘူး..ဒါကြောင့် ငါရှုံးရမယ့်အဖြစ် ငါမျက်နှာငယ်ရမယ့်အဖြစ်ဆိုတာလည်း ငါ့အတွက်ကြာကြာရှိနေမှာမဟုတ်ဘူး..”

“ဒါပေမဲ့ ဒီအမှုကိစ္စတွေမှာတော့ နင်အပြတ်အသတ်မနိုင်သေးပါဘူး ဧကရီရယ်..ပွဲကခုမှစနေတုန်းပါ..”

“ကြည့်နေလိုက်စမ်းပါ..ဒီပွဲမကြာခင်အဆုံးသတ်လိမ့်မယ်၊ ဗေဒါဖြူဆိုတဲ့မိန်းမ ဒိုက်သရောကြားမှာ လိုက်မျောရတော့မှာ..”

“ပြောတတ်တယ်ကွာ..ဟား ဟား ဟား..”

“ဟား ဟား ဟား..”

“ဒါဖြင့် နင်တို့လင်မယားအစက သဘောတူထားသလို မဟုတ်တော့ဘူးပေါ့..”

“ဘယ်ဟုတ်မလဲ..သူကတစ်မျိုးပြောင်းသွားတော့ ငါလည်းပြောင်းရတယ်လေ၊ သူဘာဖြစ်ချင်တာ ငါကသိပေမယ့် ငါဘာဖြစ်ချင်သလဲဆိုတာ သူမသိဘူး..ဟွန်း သူ့ကိုငါဘယ်တော့မှလွတ်လပ်ခွင့်ပေးမှာမဟုတ်ဘူးဆိုတာလည်း မသိရှာဘူး..”

“ယောကျ်ားကိုချစ်တဲ့နေရာမှာတော့ ဧကရီ့ကိုဘယ်သူမှမီမှာမဟုတ်ဘူးဟေ့..ဟိုကဖောက်ပြန်နေတာသိတာတောင် တစ်ခွန်းမှမဟဘဲ သူကပြန်ထိန်းထားလိုက်သေးတယ်၊ ပညာယူရမှာငါတို့..”

“ဘယ်မှာဖောက်ပြန်ခွင့်ပေးခဲ့လို့လဲကိုတာရဲ့..သေချာသိမှပြောစမ်းပါ ဗေဒါဖြူကို ကိုကိုစိတ်နဲ့တောင်မပြစ်မှားရဲအောင် ဒီဂ(ါ)ထိန်းချုပ်ထားတာ..ဟိုဟာမ သူ့ကိုယ်သူတော့ဟုတ်လှပြီထင်နေမှာပေါ့၊ သူ့နားမှာရှိနေတာ ငါ့ယောကျ်ားမှန်းတောင် မသိရှာဘူး..ငါ့လင်ကိုမလုနိုင်အောင် သူ့လည်ပင်းကိုငါတက်နင်းထားတာလည်း မသိ..”

“ဟား ဟား ဟား..တော်တော်ကိုတုံးတာနော်၊ ဒီနေရာမှာတော့ နင့်ကိုလေးစားသွားပြီဧကရီရယ်..ကိုယ့်လင်လုမယ့်မိန်းမကို အနားခေါ်ပြီး ဒရိုင်ဘာလုပ်ခိုင်းထားတာ၊ တကယ်လက်ဖျားခါတယ်..”

“ဘယ်ရမလဲ..ငါ့ဘဝမှာ ကိုကိုရှိရင်ငွေရှိတယ်၊ ကိုကို့ကိုမြင်ရရင် ငါ့ဘဝပြီးပြည့်စုံတယ်..အဲ့ဒါကြောင့် ကိုကိုကငါ့အတွက်အရာရာပဲ..”

“အဲ့လိုသိရတာကျေးဇူးပဲ”လို့ ဒါဒါအံကြိတ်ပြောလိုက်တော့ အနားမှာရှိနေသည့်ဥမ္မာထိတ်လန့်သွားသည်။ ဒီကနေရှေ့ထပ်တိုးလိုက်တာနှင့် တံခါးရှေ့ရောက်သွားမှာဖြစ်ကာ ပြောလိုက်သည့်စကားအရ ဒါဒါတစ်ခုခုပေါက်ကွဲတော့မှာလည်း သေချာနေလျက်.. ၊

“နင်ရန်ကုန်မှာအလုပ်ကိစ္စနဲ့ သွားနေဦးမှာဆို..ဒါကနှုတ်ဆက်ပါတီ



သား..”

“ဟုတ်တယ်..ဒီပွဲကလည်း နှုတ်ဆက်ပွဲပဲ၊ ကဲ ဆက်ကစားမှာလား ဒီမှာတင်ရပ်မလား..”

“မသိဘူး..ငါ့မှာတော့ကုန်ပြီ၊ ကိုကျော်ကျော်တို့စုံတွဲကိုမေး..”

“တော်ပါပြီဗျာ..သူ့အိမ်မှာလာဆော့မိတာနဲ့ သူချည်းပဲသိမ်းနေသလားပဲ..”

“ဟား ဟား ဟား..ဧကရီလေ အောင်နိုင်ခြင်းအရာရာက ဧကရီ့အတွက်ပါဆိုမှ..”

သူမကကြိမ်းဝါးနေရင်း ဘာကိုသတိရသွားသည်မသိ.. ၊

“ဗေဒါဖြူဆိုတဲ့တစ်ယောက်လို မြင့်မိုရ်တောင်ကို ခေါင်းနဲ့ပြေးတိုက်နေမိမှန်း ကိုယ့်ကိုယ်ကိုမသိတဲ့သူ ဒီပွဲမှာမပါဘူးပဲ..”

“အောင်မလေး..ဟုတ်ပါပြီ၊ တော်ပါတော့မယ်မင်းကြီးမ..”

“ငါလည်းနိုးပါ..”

ထိုစဉ် စေ့ထားသည့်တံခါးက လျှောခနဲပွင့်သွားခဲ့လျက်.. ၊

“ငါကစားမယ်..”

အသံနှင့်အတူ လူကရှေ့ရောက်လာ၏။ အားလုံးတိခနဲတိတ်ကျသွားကြသည်။ အစိမ်းရင့်ရောင်တီရှပ်လက်တိုနှင့် အနက်ရောင်ဘောင်းဘီရှည်ပွတ်ထားသည့် ဒါဒါ့ကိုသူတို့သိလိုက်ကြသည်။ သူမအကြောင်းဧကရီပြောဖြစ်တိုင်း မဖြစ်မနေပါလာတတ်သော ဒီဆံပင်တွေကြောင့် မြင်လိုက်တာနဲ့ဗေဒါဖြူမှန်းသိနေကြတာဆိုလည်း မမှား။ ဧကရီကတော့ ထိုးထားကြသည့်ငွေပုံပေါ်မှာ လက်တင်ပြီးမှ ပြန်ရုတ်လိုက်ကာ.. ၊

“ခုန ပြောလိုက်တာနင်လား..ငါနားကြားမှားတာတော့ မဟုတ်ဘူးထင်တယ်..”

ဒါဒါက မတည်မပြုံးမျက်နှာနှင့် ဘယ်သူ့ကိုမှ ဂရုမစိုက်။ ဧကရီ့မျက်ဝန်းတွေထဲကို စူးစိုက်ကြည့်ရင်း ခြေလှမ်းရွှေ့လျက်.. ၊

“ဧကရီလို့ နင့်ကိုယ်နင်ကြွေးကြော်နေသလို ဗေဒါဖြူဆိုတာလည်း ငါပဲရှိတယ်..ဘာကိုမှားရမှာလဲ..”

တရွေ့ရွေ့ခြေလှမ်းသည် ဧကရီ့ရှေ့မှာရပ်တန့်သွား၏။ ထိုအခါ ဧကရီ့မျက်နှာချင်းဆိုင်ထိုင်နေသည့်အမျိုးသမီးက ဘေးခုံကိုချက်ချင်းပြောင်းထိုင်လိုက်၏။ အနေအထားအရ နှစ်ယောက်တည်းမျက်နှာချင်းဆိုင်ဖြစ်သွားပြီ.. ၊

“နင့်ကိုယ်နင်သိပ်တော်တယ်ထင်ရင် ငါနဲ့ကစားရဲမှာပါ..”

"ရာရာစစ ငါကဘာလို့မကစားရဲရမှာလဲ..ဒီလိုဝိုင်းမှာထိုင်ဖို့တန်ရဲ့ လား..ပဲ နင့်ကိုယ်နင်ပြန်ကြည့်၊ ငါကရော နင့်လိုအောက်တန်းစားတစ်ယောက်နဲ့ ပြိုင်ဘက်အဖြစ်ပေးကစားရမှာလား.."

"ဟား ဟား ဟား.."

ဒါဒါက မျက်နှာမော့ရယ်၏။ လှိုက်လှဲခြင်းမရှိသောရယ်သံ ခြောက်ကပ်ကပ်.. ၊

"တကယ်တော့ နင်ကြောက်နေတာပဲကေရီ.."

ကေရီ့မျက်နှာ ရဲတက်သွားသည်။

"ငါသိပ်မကစားတတ်ဘူး..ဒါပေမဲ့ နင့်ကိုအနိုင်ယူဖို့တော့ အဆင်သင့်ပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ငါနိုင်မှာသိနေလို့.."

"နေပါဦး..နင့်မှာလောင်းကြေးထပ်စရာ ဘာများရှိလို့လဲ၊ ငါ့ဆီမှာရှုံး ခဲ့ထားတဲ့ သိန်းငါးဆယ်လား..ဒါတောင် အပြည့်ရှိပါဦးမလား၊ အဲ့ဒါလည်း ငါကစားတဲ့ဝိုင်းမျိုးမှာ နင်မတန်သေးဘူးဗေဒါဖြူ..သိန်းလေးငါးဆယ်ဆိုတာ ငါ့အတွက်ကျပျောက်သလောက်ပဲရှိတာ.."

"တကယ့်ကစားသမားဆိုတာ ပြိုင်ဘက်ကောင်းကိုပဲမက်ကြတာ..ငါနဲ့ကစားရဲရင် ခေါင်းညိတ်လိုက်စမ်းပါ၊ ချထိုးစရာငွေမရှိပေမယ့် ငါရှုံးခဲ့ရင် နင့်ဆီမှာ ငါတစ်သက်လုံးကျွန်ခံမယ်.."

"ဟင်.."

ဥမ္မာမျက်လုံးပြူးသွားသည်။

"ဒါဒါ..ဒါဒါ နင်.."

သူမလက်ကိုကိုင်လှုပ်တော့ ဒါဒါကမကြည့်ဘဲ ဖယ်ချပစ်၏။ အားလုံးအံ့အားသင့်ကုန်သည့်ပြင် ကေရီစက္ကန့်များစွာ ဆွံ့အသွားခဲ့၏။ ပြီးတော့ မျက်နှာတစ်ပြင်လုံး ဝင်းထိန်သွားကာ သွားတွေအဖွေးသားပေါ်အောင် ရယ် ချပစ်လိုက်ကာ.. ၊

"ကြိုက်သွားပြီ..ဒီလောင်းကြေးကို အကြိုက်ဆုံးပဲ.."

မိုက်လိုက်တဲ့မိန်းမ..ကျွန်ခံမှာတောင် တစ်သက်လုံးတဲ့..။ ကိုကို့ကို ကိုယ်မပိုင်တော့ပေမယ့် သင်းကိုကျွန်လုပ်ထားနိုင်ရင် ဘာပူစရာလိုသေးလဲ..

လှမ်းကြည့်လိုက်တော့ အားလုံးလည်းတအံ့တသြတွေဖြစ်နေကြလေရဲ့ မျက်လုံးချင်းဆုံတော့ 'လုပ်လိုက်တော့'လို့ မျက်စပစ်နေတဲ့သူတွေလည်းရှိ..

"နင့်ကိုပြိုင်ဘက်လို့သဘောမထားနိုင်ပေမယ့် နင့်ရဲ့လောင်းကြေးကို စိတ်ဝင်စားတဲ့အတွက် ငါလက်ခံတယ်.."

ပြောပြီး သူမပတ်လည်မှာစုပုံလျက်ရှိနေသည့် ပိုက်ဆံအထပ်လိုက်



တွေကို အပုံလိုက်တွန်းရွှေ့ပေးလိုက်သည်။ ပြီးတော့ ခနိုးခနဲ့ရယ်၍.. ၊

"နင့်လောင်းကြေးအတွက် ငါကလည်းထိုက်တန်အောင် ပြန်လောင်းရမှာပေါ့..အဲ့ဒါတွေဘယ်လောက်ရှိမယ်ထင်လဲ.."

ပိုက်ဆံတွေကိုကြည့်နေသည့် ဒါဒါ့မျက်တောင်ဖျားတို့ ဖျတ်ခနဲပင့် တက်လာသည်။ မျက်ဝန်းတို့သည် ကေရီ့ထံမှာသာစူးစိုက်လျက်.. ၊

"နည်းသေးတယ်.."

"ဘယ်လို.."

"ငါလောင်းကြေးထပ်ခဲ့တာ ငါ့ဘဝ..ဒီလောက်နဲ့တော့မရဘူး.."

ဒေါသက ထောင်းခနဲထဖြစ်၏။ သိန်းထောင်ချီတဲ့ငွေတွေကို သင်းက ဘာထင်နေသလဲ...။ ကိုယ့်လက်ထဲပြန်ရောက်မှာမှန်းသိနေလို့ စုပုံချပေးနေ တာကို မာန်တက်တာလား.. ၊

"နင်နိုင်မယ်လို့ နင့်ကိုယ်နင်ယုံကြည်သလို ငါလည်းငါနိုင်မယ်ဆိုတာ သိတယ်.."

"ဟား ဟား ဟား ဟား.."

ကေရီ့ထံမှ လှောင်ရယ်သံတွေသာ ထွက်ပေါ်နေခဲ့၏။ အားလုံးသော အပေါင်းအသင်းမိတ်ဆွေတို့၏မျက်နှာတွေမှာလည်း ဒီတိုင်းပဲဖြစ်ကာ အပြင် မှာကနေကြည့်သည့်လူတချို့လည်း အထဲဝင်လာကြ၏။

"ဘာတွေတွေးကြောက်နေတာလဲကေရီရယ်..မလုပ်ရဲဘူးလား.."

"စဉ်းစားဖို့တော့လိုမှာပေါ့ကွ..ငွေကတင်နည်းတာမှမဟုတ်တာ၊ သူက ဘာထပ်လိုချင်သေးတာလဲ.."

"အောင်မယ်လေး..ကိုယ်ပြန်ရမယ့်ငွေတွေပါဟယ်၊ အလကားအသား ထွက်ကျွန်လာခံတာကို.."

ထိုစကားကို ဘယ်သူပြောလိုက်မှန်းမသိပေမယ့် ကေရီ့အတွက် အ ကြိုက်ဆုံးစကားဖြစ်သွားသည်။ မျက်နှာပြင်မှာအပြုံးတို့ ခိုတွယ်လာကာ..၊

"ဂျွန်ရေ..အပြင်ကသူငယ်ချင်းတွေပါခေါ်လိုက်ပါ၊ တော်ကြာ ကျွန်ခံ တော့မယ်ဆိုမှ ပတ်ပြေးနေမှာစိုးလို့.."

"ဟုတ်တယ်..သက်သေတွေက နှစ်ယောက်တည်းသုံးယောက်တည်းမ ဟုတ်ဘူးနော်၊ ဒီမှာလူနှစ်ဆယ်လောက်ရှိတယ်.."

ပြောနေကြသမျှ ဥမ္မာခေါင်းနားပမ်းကြီးနေ၏။ ဒါဒါက ကေရီ့ကိုသာ မျက်တောင်မခတ်ကြည့်နေခဲ့လျက် ဘယ်သူ့စကားကိုမှ ခွန်းတုံ့မပြန်။ လှုပ် လှုပ်ရှားရှားဖြစ်သွားတာမျိုးလည်းမရှိ။ လူတွေအလုံးအရင်းဝင်လာကြသည်။ 'ဘာလဲ..ဘာဖြစ်တာလဲ'လို့ မေးတဲ့သူတွေကမေးကြတုန်း။ 'ဟာခနဲ' 'ဟင်ခနဲ'

ဖြစ်သွားသည့် တချို့သောတီးတိုးသံတွေနောက်မှာ ဒါဒါ့ကိုသနားစရာ ဝါလို ကြည့်ကြတာလည်းရှိ၏။ အခြေအနေသည် ဘဝတွေပုံထိုးထား အလောင်းအစားတစ်ခုအတွက် ကံကြမ္မာချိန်ခွင်လျှာကို မီးမောင်းထိုး ဖွေဆဲ.. ။



အခန်း(၁၂၀)

"လက်တွဲခေါ်ရမှာပေါ့ဗျာ..ကျွန်တော့်အပေါ်ယုံကြည်မှုရှိကြတဲ့အတွက် ကျေးဇူးတင်ပါတယ်.."

"လူကိုမနေတတ်အောင်လုပ်ပြီ ကိုသားကတော့ အဲ့လောက်လည်း ကိုယ့်ကိုယ်ကိုမနှိမ့်ချပါနဲ့ဗျာ..ကျွန်တော်တို့ကသာ ကိုသားနဲ့လက်တွဲခွင့်ရ အတွက် တခြားသူတွေထဲမှာ မော်ကြွားရမှာပါ.."

"အိုခေဗျာ..လုပ်ငန်းကိစ္စအဆင်ပြေသွားတဲ့အတွက် ချီးယာ့စ်.."

"ချီးယာ့စ်.."

ဖန်ခွက်ချင်းထိခတ်ပြီး ပြန်ရုတ်လိုက်စဉ် ဖုန်းဝင်လာသဖြင့် ထုတ် ကြည့်လိုက်သည်။ ဧကရီ့အိမ်မှာရှိနေသည့်မမျိုးသော်ဖုန်းမို့ မျက်မှောင်ကုတ် မိ၏။ ပြီးတော့ နေရာမှထကာ.. ။

"ဆောရီးပါ..ဒီဖုန်းအရေးကြီးလို့.."

"ဟာ..ရတယ် လုပ်ပါ၊ အေးဆေးပါ.."

သူတံခါးတွန်းဖွင့်ပြီး အပြင်ထွက်လာခဲ့ရင်း.. ။

"ဟလို.."

"......................"

"ဘာ..ဒါဒါ အဲ့ဒီမှာလား.."

"...................."

ပြောသွားတာတွေအများကြီးမှာ သူကြားလိုက်တာ ဒါဒါနဲ့ကော်ဖီ ကြီးအကျယ်အလောင်းအစားလုပ်နေပြီဆိုသည့်စကားသာ.. ၊

ဖုန်းကိုင်ရင်း သူပြေးထွက်ခဲ့ရပြန်ပြီ။ အလုပ်ကိစ္စဖြစ်ဖြစ် ဘာ လောက်ကြီးမားသည့်ဆုံးဖြတ်ချက်တွေချနေပါစေ ဒါဒါတစ်ခုခုဖြစ်ပြီ သည့်အသံကြားလိုက်တာနဲ့ ကျန်တာဘာမှအရေးမပါတော့သည့်အဖြစ် သူ့ကိုယ်သူတောင် သတိမထားမိခဲ့သော အလိုအလျောက်ဖြစ်စဉ်တစ်ခု ကားဆီပြေးသွားရင်း ဝေဒတို့ဆီဖုန်းဆက်သည်။ ဝေဒဘေးမှာ ကြီးကြီး လည်းရှိနေသဖြင့် အားလုံးသိကုန်ပြီဆိုတာလည်း သူတွေးမိသည်။ Mall မီးလောင်သည့်အမှုအတွက် ကြီးကြီးမန္တလေးရောက်နေတာဖြစ်ကာ တစ်ရက် နှစ်ရက်နေရင်တော့ ရန်ကုန်ခဏပြန်ဦးမည်လို့ ပြောနေခဲ့သေးသည်။ ခုတော့ သိပ်မကြာခင် ပြစ်တင်သံတွေရေရွတ်ရင်း သူ့ဆီကြီးကြီးရောက်လာမှာ ဒါဒါနဲ့ပတ်သက်ပြီး ဘယ်သူတွေဘယ်လိုထင်ကြပါစေ ဘာတွေဝေဖန်ကြ လည်း သူဂရုမစိုက်။ တစ်လောကလုံးမှာ သူချစ်ရဆုံးသူစိမ်းမိန်းမဟာ အဲဒီ ဖြူသာဖြစ်လေသည်။

"ဝေဒ..မင်းတို့အရင်ရောက်မလား.."

"ရောက်လည်းမင်းရောက်မှဖြစ်မှာပေါ့ကွ..နေပါဦး မင်းတို့သုံးပွင့်ဆိုင် ကြီးရှင်းရမှာနော်၊ တစ်သက်လုံးဖုံးဖိလာသမျှ.."

"ဖုံးဖိစရာမလိုဘူး..သူနဲ့ငါပြီးပြီ.."

"အဲ့ဒါကိုမကြေညာရဘူးလို့ မင်းကိုပြောထားတယ်ဆို.."

"ဒါဒါ့ကိုမထိခိုက်သမျှ သူထင်တာလုပ်လို့ရတယ်.."

အလုမ်းဝေးသည့်ခရီးမို့ ကားကိုအရှိန်ထပ်တင်လိုက်သည်။ ဝေဒတို့ လည်း သွားနေကြပြီဖြစ်ကာ ကြီးကြီးကတော့ ရင်ဘက်တွေဘာတွေဖိပြီး ကျန်ခဲ့သည်လို့ဝေဒကပြောနေ၏။

"မင်းကလည်း ရှုးရှုးရှားရှားနဲ့ကိုကိုရာ..ဒါဒါက တစ်သက်လုံးကျွန် ခံဦးမယ်လို့တောင် စိန်ခေါ်မှတော့ သူနိုင်မှာသေချာလို့ပေါ့ကွ၊ ချာတိတ်ကြည့် ရတာ ဒါလည်းကျွမ်းကျင်နေပုံပဲ.."

"လောင်းကစားဆိုတာ ကြွေတစ်လှည့် ကြက်တစ်ခုန်ပဲ..ဒီကောင် လေး စိတ်လိုက်မာန်ပါတွေသိပ်လုပ်တာ.."

ပြောနေရင်း မချင့်မရဲစိတ်က စတီယာရင်ကိုလက်သီးဆုပ်နဲ့ ထုမိ မိတဲ့အထိဖြစ်၏။ ဟိုမှာပါတီလုပ်နေကြသည်တဲ့။ လူတွေအများကြီးထဲ သွားပြီး စိန်ခေါ်ထုတ်ရဲတာ သတ္တိကောင်းတာလား...။ နောက်ပြီး သူ့



ကိုယ်သေဖက်သတ်ကြတာမျိုးဆိုရင်တောင် ဒါသမထိန်းနိုင်ရာတာပဲဆိုပြီး ပြောစရာရှိသေးသည်။ ဖဲရိုက်ဖို့စိန်ခေါ်တာ သတ္တိလား..။ ရှုံးရင်ကျွန်ခံမယ် ဆိုတာ ဘာလဲ..။ ဒီလိုနည်းနဲ့မိုက်ရူးရဲဆန်ရတာကို ဂုဏ်ယူနေတာလား..

ရင်ထဲမှာ ကရုဏာဒေါသနှင့် နင့်နေခဲ့သည်။ သူရှုံးရင်ကျွန်ခံမည်ဆို တော့ ဟိုကရှုံးရင် ဘာပြန်ယူမှာလဲ..။ ဒီလောက်တောင် ခုထိတောင်ငွေမက် နေသေးတာလား.. ၊

☎

အခန်း(၁၂၁)

"ဘာ..ဘာပြောတယ်၊ ဒီငွေတွေအပြင် နင်ကငါ့ယောကျ်ားကို.."

"ဟုတ်တယ်..ငါနိုင်ရင် ဒီငွေတွေကိုလည်းယူမယ်၊ နင့်ယောကျ်ားကို လည်း ယူမယ်..ဒီလူတွေရှေ့မှာပဲ ငါ့ယောကျ်ားဖြစ်သွားပြီဖြစ်တဲ့အကြောင်း အတည်ပြုပြီး ငါလွှဲယူမှာ.."

"ကောင်မ.."

"အို..မလုပ်နဲ့လေ.."

"ဧကရီ..စိတ်ထိန်းစမ်းပါဟယ်.."

"ဒီမှာ.."

သူ့လူတွေဝိုင်းဆွဲနေသည့်ကြားက အတင်းရုန်းဖယ်ဒေါသကြီးနေသဖြင့် ဥမ္မာက ဒါဒါ့ဘေးမှာဝင်ရပ်လိုက်ကာ.. ၊

"ဒါဒါကတစ်ယောက်တည်းမဟုတ်ဘူးနော်..လူအင်အားနဲ့ ဖြစ်ခြောက် မနေနဲ့ ရှင်တို့သဘောတူတာ မတူတာ ပါးစပ်ကပြောလို့ရတယ်..လက်မပါ နဲ့.."

ဥမ္မာကလူကောင်သေးပေမယ့် အသံကစူးသည်။ မြင်နေရသမျှမှာ ဧကရီဆိုသည့်မိန်းမ လွန်လွန်းနေတာတွေ့နေရသဖြင့် ဒါဒါမှားသည်ဖြစ်စေ မှန်သည်ဖြစ်စေ ကိုယ့်လူဘက်ကရပ်တည်ဖို့ အဆင်သင့်.. ၊



"ဖဲရိုက်ပြီးတော့များ လူကိုလောင်းကြေးထပ်ခိုင်းရတယ်လို့..တောက် [illegible]င်ငါ့လင်ကို ဘယ်တုန်းတည်းက ကြိတ်ကြံနေတာလဲဟင်.."

"မကြံပါဘူး..နင့်ယောကျ်ားကိုကိုဆိုတာ ဘယ်သူမှန်းတောင်မသိခဲ့ [illegible].."

"ခုမှသိလို့ ခုလာလုတာရော နင့်ကိုယ်နင်မရှက်ဘူးလား.."

ပြောနေရင်း ဖုန်းထုတ်ပြီး ဓာတ်ပုံရှာသည်။ ပြီးတော့ အားလုံးရှေ့မှာ [illegible]ပြလိုက်ကာ.. ၊

"နင်တို့မယုံဘူးမို့လား..မသိသေးတဲ့လူတွေသိရအောင် အဲ့ဒီမှာကြည့်"

စားသောက်ဆိုင်မှာ ရယ်မောစကားပြောနေတုန်းက သူမရိုက်ယူထား [illegible]သည့်ပုံ။ အားလုံးအလုအယက်ဝိုင်းကြည့်ကြသည်။ ဒါဒါ့မျက်တောင်ဖျား [illegible] ဓာတ်ပုံဆီစိုက်ခနဲဝေ့သွားပေမယ့် တစ်ချက်ပဲဖြစ်ကာ မတုန်လှုပ်သလို [illegible]လွှဲ၏။ နည်းနည်းလေးတောင်မထင်ခဲ့ပါ။ ယုံလိုက်ရသည့်အချိန်သည် [illegible]မြင်လိုက်ရသည့်ခဏလေးအတွင်းမှာပဲဖြစ်လျက်.. ၊

"ဒါကြောင့် သူကထည့်လောင်းခိုင်းနေတာကိုး.."

"ဟုတ်ပ..ဒါပေမဲ့ ကြောက်စရာမလိုပါဘူးဧကရီရယ်၊ လူတစ်ယောက် [illegible] သက်မဲ့ပစ္စည်းမှမဟုတ်တာ..ဒီမိန်းမရူးလို့ချထိုးခိုင်းနေတာ.."

ဘာမှမသိတဲ့လူတွေက ဝင်ပြောနေကြသည်။ ထိုထဲမှာ ဥမ္မာပါပါကာ..

"ဒါဒါ နင်ဒါတော့.."

"ငါနိုင်မှာ.."

"နင်နိုင်ရင်တောင် ခုပြောနေကြတာကြီးက.."

"ငါဘာမှမဖြစ်ခဲ့တဲ့အတွက် ဘယ်သူဘာပြောပြော ဂရုမစိုက်ဘူး..ငါ [illegible]နေတာ ငါသိရင်ပြီးတယ်.."

ဒါဒါက ဧကရီနဲ့မျက်နှာချင်းမှာထိုင်ချလိုက်ကာ.. ၊

"နင်သတ္တိမရှိဘူးလားဧကရီ..ခုနဟစ်နေတုန်းကတော့ အောင်နိုင်ခြင်း [illegible]ရာက ဧကရီ့အတွက်ပဲဆို.."

အရှိုက်ကိုတည့်တည့်ထိုးနှက်ခြင်းက ဧကရီ့ကိုပြောရခက်သွားစေ [illegible].. ၊

"ငွေလည်းယူဦးမယ်..လူလည်းယူမယ်ဆိုတာက နင်လောဘမကြီး [illegible]ဘူးလား.."

"နင့်ကိုယ်နင်ယုံကြည်ရင်လောင်းလေ၊ ဈေးဆစ်နေတာက နင်ရှုံးနိုင် [illegible]ကိုသိနေတဲ့သဘော သက်ရောက်တယ်နော်..ငါကတော့ ဒီပွဲပြီးတာနဲ့ [illegible]မှာကုန်းကောက်စရာမကျန်အောင် ငွေတွေကိုသိမ်းမယ်..နင်ချစ်တဲ့သူကို

ယူပြီး နင့်အသည်းခွဲမယ်..ဘယ်သူတွေဘယ်လိုထင်ထင် ငါ့ကိုအထင်
လောက်သေးသေး နင့်ယောက်ျားကိုငါလိုချင်တာ နင့်အသည်းကိုခွဲဖို့..

စိတ်ကထောင်းခနဲဖြစ်သွားသည်။ တမင်နှိုးဆွပြောနေတာ
လည်း ဒေါသကတူးဆွတဲ့အတိုင်း ထောင်းထောင်းထနေပြီဖြစ်ကာ..

"နင့်လိုမိန်းမကို ငါကဂရုစိုက်နေတယ်ထင်လို့လား...ကိုကို့ကိုနင်
တော့မှရမှာမဟုတ်ဘူး၊ နင်ပဲငါ့ကျွန်ဖြစ်မှာ.."

ဒါဒါကပြုံးလိုက်ပြီး နှုတ်ဆိတ်နေ၏။

"ငါလက်ခံတယ်..ကျွန် ဖဲဝေမယ်၊ လုပ်တော့.."

ပြောလိုက်ပြီး ဧကရီက ပိုက်ဆံတွေကို အပုံလိုက်အတိုင်း
တွန်းထိုးပို့ပစ်၏။ ငွေပုံအထပ်လိုက်သည် တစ်ဖက်တည်းမှာ တည်း
တည်ရှိလျက်.. ၊

"ကြေးကြီးလွန်းတယ်..ရှုံးကစားလိုက်တော့.."

အားလုံးဝိုင်းပတ်ရပ်နေကြလျက် အသံဗလံတွေ တိတ်ကျသွား
သည်။ ဖဲချိုးပြီဆိုတည်းက ဧကရီကဂဏန်းကြီးသဖြင့် သူမကစဝေရ
ဖြစ်သွားကာ.. ၊

"ဘယ်လိုလဲ..နင်ဝေချင်လား၊ တာထွက်တည်းက နိုင်နေတာ
ပျင်းဖို့ကောင်းလို့.."

ဒါဒါက မတည်မပြုံးစိုက်ကြည့်ပြီး ဧကရီပဲဝေဖို့ မေးဆတ်ပြ

"အဟွန်း.."

ကံကြမ္မာကို ဆုံးဖြတ်တော့မည့်ဖဲချပ်တို့၏ကာလာတွေက ကြည့်
သူတိုင်းရဲ့ရင်ကို ပေါက်ထွက်မတတ် လှိုက်ခါတုန်လှုပ်နေစေ၏။ ဒီ
လောင်းအစားမျိုးကို ဘယ်သူမှမတွေ့ကြုံဘူးခဲ့သလို မိန်းမသားချင်း
မြတ်ခြင်းကနေ ဒီလိုပွဲကြီးဖြစ်လာလိမ့်မည်လို့လည်း ဘယ်သူမှမထင်ခဲ့
ထိုစဉ် ကိုကိုနဲ့ဝေဒတို့ ပြိုင်တူရောက်လာကြကာ.. ၊

"ကိုသားကိုကို.."

"ခင်ဗျားမိန်းမနဲ့ဟိုမိန်းမ လုံးဝပွဲကြီးစနေပြီ..ကျွန်ခံကြေးနော်၊
သေးမဟုတ်ဘူး.."

"သူရှေး.."

မမိုးသော်ကလည်း ကိုကို့ကိုမျှော်နေတာမို့ ဒီမှာပြောဆိုဖြစ်ပျက်
ကို အပြေးအလွှားသတင်းပို့၏။ တိုက်ထဲမှာ မသေမသပ်ပြန့်ကျဲနေ
စားစရာတွေ စားသောက်လက်စ ပန်းကန်တွေ ဖန်ခွက်တွေနှင့် ပြင်ဆင်
သည့် ရောင်စုံမီးတွေက ပြိုးပြက်ပြေးလွှားနေဆဲ။ လူတွေအားလုံးက



ည့်ခန်း၏ဒုတိယအခန်းတွင်းမှာ စုပြုံတိုးကြိတ်နေကြပြီး.. ၊

"ဒီပွဲလုံးဝမဖြစ်ရဘူး.."

"ကိုကို ဟိုမှာပွဲကစနေပြီကွာ.."

"မစရဘူး..ဒီပွဲစလို့မဖြစ်ဘူး.."

"ဟေ့ကောင်..ဟား.."

"ကိုကိုသတိထားဦးလေကွာ..လူတွေကနည်းတာမဟုတ်ဘူး၊ နောက်
မင်းကောင်မလေးက ဘာဖြစ်ချင်နေသလဲ မင်းသိတာမဟုတ်ဘဲနဲ့.."

"သူဖြစ်ချင်တာကို မျက်ကန်းတစ္ဆေမကြောက် ဖွတ်လုပ်တတ်တာသူ့
အကျင့်ပဲ..ဒီပွဲသူရှုံးသွားရင် သွားပြီ.."

"ဘယ်သူရှုံးရှုံး အဆုံးအဖြတ်ရောက်နေပြီ..မင်းသွားလည်းမထူးဘူး.."

သူမနိုင်ရင် ငွေတွေနဲ့ကိုကို့ကိုပါ သိမ်းမည်တဲ့..။ သူမဘယ်လိုအတွေး
အလျော်အစားလုပ်တာလဲဆိုတာ သူသိနေသည်။ ကိုယ်ဖြစ်ချင်သလိုဖြစ်
မှာပဲလို့ ဘာလို့တွေးရတာလဲ..။ ရှုံးခဲ့ရင် ကိုယ့်ဘဝတစ်ခုလုံးသွားပြီဆို
မတွေးတော့ဘူးလား.. ၊

သူရင်တွေပူနေသည်။ လက်နှစ်ဖက်စလုံးကို ဆံပင်တွေထဲထည့်သွင်း
ဆိုဖာမှာထိုင်ချလိုက်မိသည်။ ပြီးတော့ ထိုလက်တို့သည် မျက်နှာပြင်
ရောက်လျက်.. ၊

"တောက်..ချာတိတ်ကွာ.."

"အေး..မင်းအဲ့ဒီမှာနေ၊ ဒီပွဲဘာဖြစ်မလဲဆိုတာ မိုးကျော်နဲ့ငါ အခြေအ
နေသွားကြည့်မယ်.."

"ဟေ့ကောင်..ငါကဒီသတင်းနားထောင်ဖို့ ရောက်လာတာလား.."

ကိုကိုဆတ်ခနဲထရပ်တော့ မိုးကျော်ကပြေးလာပြီး သူပြန်ထိုင်အောင်
တွန်းချလိုက်ကာ.. ၊

"ဒါဒါမထိခိုက်အောင် မင်းလုပ်ပေးလို့ရတယ်..ဒီကစားပွဲကိုတော့ မင်း
တားလို့မရတော့ဘူး၊ အဲ့ဒီတော့ ပြန်ထိုင်နေ.."

အခြေအနေသည် သိကြားမင်းဆင်းတားရင်တောင် ရပ်တန့်မှာမဟုတ်
တော့သည့်အနေအထားသို့ ရောက်ရှိနေခဲ့လျက် ဖဲငါးချပ်၏အဆုံးအဖြတ်က
လူနှစ်ယောက်၏ဘဝနှစ်ခုကို ပြောင်းပြန်လှန်ပစ်တော့မှာဖြစ်သည်။ ဒါဒါ
မျက်တောင်ဖျားတွေက ဖဲငါးချပ်ဆီမှာ ကပ်တွယ်ငြိမ်သက်နေပေမယ့် ဧကရီ
ဒီလိုမဟုတ်.. ၊

ကိုယ့်ဖဲချပ်ကိုကြည့်ပြီးတာနှင့် ဂွမ်းထိုးချင်အောင် ပျော်မြူးတူးသွား
ကိုယ့်ဆီမှာ တစ်သုံးလုံးကင်းပူးဖြစ်နေပြီ။ သင်းဘယ်လောက်ကံကောင်း

နိုင်မှာလဲ..။ ဖဲချပ်ကိုလှမ်းကြည့်လိုက်တော့ စီနီရာကာလာ..။ ဒါပေမဲ့ သူ့ဆီမှာ စပိတ်တစ်ဘယ်လိုမှမရှိနိုင်။ ကျန်ဆယ်လေးချပ်ဆီ မျက်လုံး ... သွားပြီ ဧကရီသွားတွေပေါ်အောင် ပြုံးလိုက်သည်။ စပိတ်တစ်က ကျန် ... လေးချပ်ထဲမှာမဟုတ်ဘဲ သူမဆီကမျက်နှာမွဲငါးချပ်ထဲရောက်နေဖို့ ... ဖြစ်မှမဖြစ်နိုင်ဘဲ.. ။

သနားစရာဗေဒါဖြူ..ခုချိန်ထိ သူမရဲ့ဝှက်ဖဲကို မလှန်။ လှန်ဖို့ ... သာသာ ကိုင်တောင်မကြည့်သေး..။ ကြည့်ကိုမကြည့်ရဲတာလား ဒါမှ ... အကြောက်ကြီးပြီး ငုတ်တုတ်မေ့သွားခဲ့တာလား..။ သူမရဲ့ဝှက်ဖဲကို ... တွေကလည်း စိတ်ဝင်စားနေကြကာ တစ်ယောက်နဲ့တစ်ယောက် အား ... အားမရတိုးကြိတ်ရင်း ယိုင်နဲ့လဲပြိုကုန်တဲ့အထိ.. ။

ဒါဒါဒီတိုင်းအကြာကြီးငြိမ်သက်နေခဲ့သည်။ သူမမျက်နှာမှာရော ... ဝန်းမှာပါ စိတ်လှုပ်ရှားသည့်ဟန်အနည်းငယ်မျှ မပြခဲ့ဘဲ ဖဲလေးချပ် ... အပြန်ပြန်အလှန်လှန်ကြည့်နေ၏။ ဘာလဲ.. စီနီရာကာလာဆိုပြီး ခပ်တိုး ... ကြိတ်ပျော်နေတာလား..။ နင့်ငါ့ကိုနိုင်ဖို့ဆုတောင်းလိုက်ဗေဒါဖြူရေ... ဘဝ...

စိတ်အချဉ်ပေါက်လာတဲ့အတိုင်း ဒါဒါ့မျက်နှာရှေ့ထိ ကိုယ့်ရဲ့ဝှက်ဖဲ ... ကို လှန်ပြီးပစ်ချလိုက်ကာ.. ။

"ဒီမှာ ဖူးလ်လော့.."

"ဟား.."

"ပွဲသိမ်းပြီကွ.."

ဧကရီ့အတွက် ရင်ပူနေသည့်အပေါင်းအသင်းကွေ့ လက်သီး ... မောင်းတန်းပြီး ထအော်ကြ၏။ ဘာတွေလဲ..ဥမ္မာသတီလစ်ချင်သလိုဖြစ် ... ကာ ဒါဒါဘာလုပ်နေတာလဲ..နင်ရှုံးသွားပြီလားလို့ ဆွဲရမ်းမေးချင်လာ ... သူမအတွက်စိတ်ပူနေသူတချို့ကလည်း ခုချိန်ထိအသံတိတ်နေဆဲဖြစ် ... ဒါဒါ့ရှေ့ကဝှက်ဖဲကို စိတ်ဝင်စားနေကြသေးသည်။

"ဘယ်လိုလဲဗေဒါဖြူ..ဒီထဲကိုနင့်စိတ်နဲ့နင့်ကိုယ် ရောက်လာတာ ... ကျွန်ခံပါရစေလို့ပြောတာလည်း နင်ပဲ..ငါမတရားလုပ်တာမဟုတ်ဘူး ... အိုခေ.."

"သက်သေထူရမှာက ငါပါ.."

ဒါဒါ့စကားသံထွက်လာတော့ တခြားအသံဗလံတွေ တိတ်ကုန်သ ... ဒါဒါကဝှက်ဖဲပေါ်လက်တင်လိုက်ပြီးမလှန်သေးဘဲဧကရီ့ကိုစူးစိုက်ကြည့် ...

"ဒါဘာလဲ ငါမသိဘူး..ဒါပေမဲ့ နင့်ကိုငါမရှုံးဘူးဆိုတာ ငါ့ကို ...



... ကြည့်တယ်.."

ဧကရီ ကွက်ခနဲမျက်နှာပျက်သွားသည်။ ဖဲချပ်တွေကို ဒါဒါနည်းနည်း ... ကိုင်ခဲ့ပေ။ ဖဲချိုးတာကအစ သူမပဲချိုးခဲ့တာဖြစ်ကာ.. ။

"ဘာဖြစ်လို့လဲသိလား..ငါ့ဝဋ်ကြွေးအတွက် ငါပေးဆပ်ခဲ့ပြီးပြီ၊ အခု ... တ်မာခဲ့သမျှ ပေးဆပ်ရမယ့်အလှည့်ပဲ..အဲ့ဒါကြောင့် အဲ့ဒီဖဲချပ်က သေ ... ပေါက်စပိတ်တစ်ဖြစ်ရမယ်.."

"ဟား ဟား ဟား..နင်ရူးနေပြီ.."

ဒါဒါကပြုံးလိုက်သည်။ သူမရင်ထဲမှာ ပူလောင်သောကတို့လျော့နည်း ... တာ အမှန်ပင်။ ဘယ်လောက်ထိလဲဆိုလျှင် ဒီအလောင်းအစားကြောင့် ... ဘာဖြစ်မလဲဆိုတာတောင် တွေးမပူခဲ့ပါ။ ကမ်းကုန်အောင်ယုတ်မာသည့် ... ကိုမှ သူမတို့ပြန်ခွင့်မရှိတော့ဘူးဆိုလျှင် မနက်ဖြန်တွေလှအောင် ကာ ... တွေသုံးပြီး ကြိုးစားဖန်တီးနေစရာ ဘာလိုသလဲ..အခက်အခဲတစ်ခုအ ... ဒုတိယအစီအစဉ်ဆိုတာ အမြဲတမ်းရှိသည်တဲ့..။ ထို့ကြောင့် ဒီပွဲ၏အ ... နိုင်ကို သူမမစိုးရိမ်ခဲ့ပါ။ ဒီမှာလွဲခဲ့ရင် ဒုတိယအစီအစဉ်ဖြင့် အေးဆေး ... ဆုံးသတ်ပေးမှာမို့.. ။

"ဒီအဖြေဘာပဲဖြစ်ဖြစ် နင့်ကိုအဆုံးသတ်ပေးမယ့်သူက ငါပဲ.."

တစ်ခွန်းချင်းရေရွတ်လိုက်ပြီး ဖဲချပ်ကိုလှန်သည်။ သူမအရင်ကြည့် ... ပြီးမှ ဧကရီ့ထံမျက်လွှာပင့်ကြည့်၏။ ဒါဒါ့နောက်ကလူတွေရဲ့မျက်နှာ ... ကို လှမ်းကြည့်လိုက်တည်းက ဧကရီ့နှုတ်ခမ်းတွေပြန်စေ့မရဖြစ်သွားခဲ့ ... ။ ပြီးတော့ ဒါဒါနဲ့မျက်လုံးချင်းဆုံ၏။ အေးစက်ခက်ထန်သည့် ဒါဒါ့ ... ဝန်းတွေက ဖဲချပ်ပေါ်ကအဖြေကိုပြဖို့မလိုဘဲ အောင်နိုင်သူလို စူးရဲရိုင် ... နေခဲ့ပြီး.. ။

"စပိတ်တစ်.."

အေးဆေးပြောပြီးမှ အားလုံးရှေ့ကိုလှန်ချပြလိုက်၏။

"ဟာ.."

"မိုက်လှချေလား.."

"မဖြစ်နိုင်တာ.."

ဧကရီနေရာမှ ဝုန်းခနဲထရပ်လိုက်သည်။

"ဒါမဖြစ်နိုင်ဘူး.."

စူးစူးဝါးဝါးအော်ပစ်ရင်း ဖဲချပ်ကိုသည်းကြီးမည်းကြီးကြည့်နေ၏။ ... လိုမှမဖြစ်နိုင်သည့်အဖြေထွက်သွားခဲ့သည်။ လူတစ်ရာတစ်ထောင်မှာ ... ယောက်ကံကောင်းဖို့မလွယ်သည့်အဖြစ်က ဗေဒါဖြူလိုမိန်းမမှာဖြစ်သတဲ့

"ဒါလုံးဝမဖြစ်နိုင်ဘူး.."

ထပ်ပြောပြီး တခြားသူတွေကို အကူအညီတောင်းသလို လှည့်ကြည့်သည်။

"အဲ့ကောင်မညစ်ပတ်တာ..သူ့ကိုယ်မှာရှာကြ၊ အင်္ကျီတွေထဲမှာ ထဲမှာရှာ..ဒီဟာမ ဖဲလိမ်ရိုက်တာ.."

"သူနိုင်သွားပြီကေရီ.."

"မဟုတ်ဘူး.."

ဒါဒါက ဧကရီ့ကိုစိုက်ကြည့်ပြီးမဲ့သည်။ ပြီးတော့ ဥမ္မာကိုငဲ့ကြည့်လိုက်ပြီးမှ အားလုံးဆီမျက်လုံးတစ်ပတ်ဝေ့၍.. ၊

"ကျွန်မကတစ်ယောက်တည်း လာကစားတာပါ..ဒီအဖြေမှန်အတွက် အားလုံးဝိုင်းကူပေးမယ်ထင်ပါတယ်.."

ငွေတွေနဲ့ဥမ္မာကို နောက်ထပ်ငဲ့ကြည့်လိုက်စဉ် အားလုံးကလည်း သိမ်းပေးဖို့ ကူညီကြ၏။ ဥမ္မာဘာမှနားမလည်ပေမယ့် ဒါဒါနိုင်သွားပြီ သိကာ ဝမ်းသာအားရသိမ်းလေသည်။ ဒါဒါနေရာမှ ထရပ်လိုက်ပြီး ကြားထဲကထွက်သည်။ ဧကရီ့မျက်လုံးတွေ ကျွတ်ထွက်မတတ်ပြူးကျ လှုပ်ရှားနေရင်း.. ၊

"စုန်းမ..နင်ကလူမဟုတ်ဘူး၊ စုန်းမ..သရဲမ.."

ပြောချင်တိုင်းပြောပြီး ဒါဒါ့ကိုPaper Weightနဲ့ကောက်ပေါက်၏ တစ်စုံတစ်ယောက်သည် ဒါဒါ့ပခုံးတစ်ဖက်ကို ဆောင့်ဆွဲယူလိုက်သဖြင့် Paper Weightလေး နံရံဆီခွမ်းခနဲပြေးမှန်လေသည်။ ထိုသူက ကိုကို နေကာ ရှေ့ဆက်မည့်ဒါဒါ့ခြေလှမ်းတွေ ရပ်တန့်သွား၏။

"ကိုကို..ကိုကိုဘာလာလုပ်တာလဲ.."

သူတို့နှစ်ယောက်မျက်နှာချင်းဆိုင်နေတာ မြင်သည်နှင့် ဧကရီ ကိုယ်လုံး တုန်ခါသွားကာ အရူးတပိုင်း။ ဒါဒါ့မျက်ဝန်းတွေက ရေခဲပြင် ဖြတ်တိုက်လာသည့်လေငွေ့ဆွတ်ဖျန်းသွားသလို အေးစက်မာကျောသွား ပြီး.. ၊

"သိပ်လှတဲ့အကွက်ပဲ.."

ရေရွတ်လိုက်ပြီး ဧကရီ့ကိုဆတ်ခနဲလှည့်ကြည့်သည်။ ဧကရီခေါင်း တွင်တွင်ခါရင်း.. ၊

"မရဘူး...ကိုကို့ကိုမခေါ်ရဘူး၊ ကိုကို့ကိုနင်လုံးဝမရရဘူး.."

ဒါဒါက ကိုကို့လက်ကိုဆွဲယူလိုက်ပြီး အခန်းထဲကနေ လျှောက်ထွက် သွားလျှင် ဧကရီခုံကြားထဲကနေ အသည်းအသန်တိုးထွက်ရင်း ခလုတ်တိုက်



ခဲ့ပြီကုန်လျက်.. ၊

"ဇေဒါဖြူမ..နင် ခုရပ်နေစမ်း.."

"ကေရီရယ်..နင်ရူးနေပြီလား၊ နင်တို့သဘောတူခုပဲအလောင်းအစား ထုပ်ခဲ့ကြတာ.."

"နင်ရူးသွားပြီ.."

"တော်လိုက်တော့ကေရီ..အစတည်းက နင့်ကိုယ်နင်စိတ်မခိုင်ရင် နှစ်ယောက်တည်းကစားသင့်တယ်.."

"နင်သူ့ကိုရှုံးသွားတာ ငါတို့အားလုံးရှေ့တင်.."

"ဟင့်အင်း..မဟုတ်ဘူး.."

ဧကရီ ပဋ္ဌာမြေလူး ငိုရှိုက်ကျန်ရစ်၏။ သူမရဲ့ငိုသံတွေကိုနားထောင်ရင်း ကျောခိုင်းထွက်လာခဲ့သည့် သူမမျက်နှာမှာ ပြုံးရိပ်ဆင်၏။ ခြေလှမ်းတို့သည် အောင်နိုင်ခြင်းဖြင့် မော်ကြွားနေကြကာ မျက်ရည်စက်တို့က တ တောက်တောက်ကြွေဆင်းလာကြသည်။ ပြုံးနေ၏။ ဒါပေမဲ့ ငိုနေခဲ့၏။ အောင်နိုင်ခဲ့သော်လည်း အပျော်ကရောက်မလာခဲ့။ ဒါပေမဲ့ သူမကျေနပ်ခဲ့သည်။ ဒီပွဲမှာ ငါနိုင်ရမည်ဆိုသည့်ယုံကြည်ချက်မှန်ကန်ခဲ့ခြင်းကြောင့် ကျေနပ်နေသည်။

ဟိုအရင်တုန်းကလည်း ငါဒီလိုပဲငိုကြွေးခဲ့ရတယ်ကေရီ..နင့်ကသက်သာပါတယ်..ဒါကြောင့် နင်နဲ့ငါဒီလောက်နဲ့မပြီးသေးဘူး..။ ငါငိုခဲ့ရတဲ့မျက်ရည်လစ်မစ်မပြည့်မချင်း ငါရှုံးခဲ့ရတဲ့အရှုံးမလက္ခဏာမျိုးနင့်မှာမပြမချင်း ငါ့ ဒါကိုမရပ်တန့်ဘူး..

အော်ဟစ်ကျန်ရစ်သောကေရီပုံစံ အသံတို့ကိုမြင်ယောင်ရင်း သူမအံ ကြိတ်မပြေခဲ့.. ၊

နင်သိထားဖို့က နင့်အတွက်ပဲကမ္ဘာကြီးက လည်နေတာမဟုတ်ဘူး..

☎

## အခန်း(၁၂၂)

"ဒါဒါ..နင်လုပ်တာမဟုတ်သေးပါဘူးဟာ၊ သူ ဒီရှေ့မှာ အဲ့လိုကြီးရပ် နေတာရော နင်ဂုဏ်ရှိသွားမှာလား..အထဲဝင်ခိုင်းပြီး တစ်ခုခုဆွေးနွေးကြေ

"မလိုဘူး.."

"ပြီးတော့ ကားကြီးကနင့်အိမ်ထက်တောင်ကြီးဦးမယ်..ကိုယ့်ရှေ့မှာ ဒီကားကြီးရပ်ထားတည်းက.."

"ကိုယ့်ဘာသာအေးဆေးဝင်အိပ်စမ်းပါဥမ္မာရယ်..ငါအိပ်ပျော်အောင် မနည်းကြိုးစားရမှာ.."

"ကြိုးစားလည်းပျော်မှာမဟုတ်ဘူး..မသိဘူး ငါကတော့ဖွင့်ပေးမှာပဲ"

"ဥမ္မာ.."

လူချင်းကဝေးနေသဖြင့် လှမ်းဆွဲလို့လည်းမရ။ ခုပဲပြန်ရောက်တာ အကျီလဲ ဆံပင်စည်းလုပ်နေတုန်း ဥမ္မာကဗွတ်.. ၊

ကိုကိုဆိုတဲ့လူကို သူပဲလက်ဆွဲခေါ်လာခဲ့တာ ခေါ်ထုတ်လာပြီးမှ ဖြ ချပစ်ခဲ့တာလည်းသူပဲ..။ သူကအိမ်ထိပါလာကာမှတော့ မခေါ်ချင်လည်း ခေါ်ချင်တဲ့အကြောင်း ရှင်းပေါ့.. ၊

"အထဲဝင်ပါကိုသားကိုကို..အပြင်မှာမကောင်းပါဘူး.."

"အဟွန်း..သဲနဲ့ခ်ယူ..."



"အို..မဖြစ်ဘူး၊ မဖြစ်ဘူး ပေးမဝင်နဲ့.."

အိမ်ရှေ့နဲ့အိမ်နောက်မို့ သူမပြေးထွက်လာတော့ ကိုကိုကအထဲဝင်ပြီး ပြီဖြစ်ကာ ဥမ္မာကလည်းစိတ်မရှည်တော့သည့်မျက်နှာလေးနှင့်.. ၊

"ပေးမဝင်ချင်လည်း အဲ့ဒီမှာရန်ဖြစ်ကြ..မသိတော့ဘူး."

ထမီလေးတစ်ဖက်'မ'၍ အိပ်ခန်းထဲဝင် တံခါးပိတ်ပစ်မိသည်။ လူအ ခေါင်ထားပြီး ဖဲရိုက်တာတွေကြားဖူးသည်။ ခုဟာက အပေါင်ထားတာလည်း မဟုတ်။ ဖဲနိုင်လာတဲ့ယောကျ်ားဆိုတာလည်း ကြည့်ဦး..။ တစ်ကိုယ်လုံး ဘောင့်ဖြောင့်ချောမောနေတာ မိုးကျရွှေကိုယ်လား..။ မိုးကျရွှေကိုယ်ဆိုတာ ဘယ်လိုမှန်းမသိပေမယ့် ဒီလူကတော့ ဘယ်လိုနှိုင်းရမှန်းကို မသိတာပါ။

ဧကရီရယ်..သားကိုကိုရယ် ဒါဒါရယ်.. ဘယ်လိုတွေလှည့်ပတ်ရှုပ် ထွေးခဲ့သည်ဆိုတာ အလုံးစုံမသိခဲ့သည့်ဥမ္မာ့အတွက် ညကကစားဝိုင်းကစပြီး ဧကရီနဲ့ရန်ငြိုးတွေဆိပြန်ရောက်။ ပြီးတော့ သားကိုကိုနဲ့ဒါဒါ ဘယ်လိုငြိခဲ့ ဘာတွေပြန်တွေး ပြီးတော့ ဒါဒါခုကျမှဆတ်ဆတ်ခါခါတွေထဖြစ်တာ ဘာ ကြောင့်မှန်းမသိ။ မသိခြင်းတွေထဲမှာ ပိတ်မိရင်း.. ၊

"ဒီကစားပွဲဘာကြောင့်ဖြစ်လာတယ်ဆိုတာ ရှင်သိသားနဲ့ အခြေအနေ ကိုအခွင့်အရေးယူချင်တာလား.."

"ဟုတ်တယ်.."

ကိုကို့မျက်နှာက ခိုင်ကြည်နေသည်။ ရွဲ့နေတာမဟုတ်မှန်းသိသာပေ မယ့် ဒီအဖြစ်တွေကို လက်ခံလိုက်ဖို့က ဒီလောက်လွယ်မလား.. ၊

"ကိုယ်မင်းကိုချစ်တယ်လို့ ပြောပြီးပြီပဲ..ကိုယ်ချစ်တဲ့မိန်းမကိုပိုင်ဆိုင် ရဖို့ဆိုရင် ဘယ်နည်းနဲ့ဖြစ်ဖြစ် အဆင်ပြေတယ်.."

"ရှင့်အတွက်အဆင်ပြေပေမယ့် ကျွန်မမှမပြေတာ.."

"နောက်တော့ပြေသွားမှာပါ.."

"ဘာ.."

ကိုကိုက အိမ်ကိုလှည့်ပတ်ကြည့်ပြီး ကျွန်းဆက်တီလေးမှာထိုင်လိုက် သည်။ ဒါတွေက အိမ်ငှားတည်းကတစ်ခါတည်းပါလာသည့်ပရိဘောဂတွေ ဖြစ်သည်။ ကိုယ့်မှာဘာမှမရှိဘဲ အိမ်ဆိုသည့်အဂ်ါရပ်လေးနဲ့အညီ သပ်သပ် ရပ်ယပ်လေးနေနိုင်သည်။ လုံခြုံမှုရှိသည်။ အိမ်ရှင်တွေက သဘောကောင်း သမယ့် အပျိုကြီးတွေပီပီ ဒီလိုအရှုပ်တွေကင်းဖို့တော့ သေချာစည်းကမ်းထား ထားတာမို့.. ၊

"မထိုင်နဲ့.."

ဒါဒါ သူ့ကိုယ်ကြီးကိုပြေးဆွဲသည်။ ထိုင်ပြီးသည့်ကိုယ်ကို ကြွပါလာ

ဖို့ အတင်းအားစိုက်နေရသဖြင့် ကိုကိုက သူ့ဘာသာထရပ်လိုက်ပြီး-

"ဘယ်လိုဖြစ်နေတာလဲချာတိတ်..ကိုယ်မင်းကိုအများကြီးကူညီခဲ့တာ နော်.."

"ဘာကူညီတာလဲ..ရှင်ဘာပြောချင်တာလဲ.."

"အရင်ကကိစ္စတွေကိုထားပါ..အခု မင်းသူ့ကိုအနိုင်ယူဖို့အတွက် ကိုယ့်ကိုအရုပ်တစ်ရုပ်လိုကောက်ဆွဲထွက်လာတာလေ၊ အဲ့ဒီနေရာမှာ ကိုယ်ကသာ ကဆန်လုပ်လိုက်ရင် မင်းရတဲ့အကွက်လုနိုင်ပါ့မလား.."

"ရှင်ကလန်ကဆန်မလုပ်ခဲ့တာ ဘာဖြစ်လို့လဲ..အခု ကျွန်မအိမ်ခေါ်ပြီး အခွင့်အရေးတွေရှာတ်ပြပြီး ထိုင်နေတာလေ၊ ရှင်အဲ့လိုဖြစ်ချင်တာမို့လား"

"မဖြစ်ချင်ပါဘူး.."

သူ့မျက်နှာက တည်ကြည်မှုတွေနဲ့ ပို၍ချောမောနေသလိုရှိကာ သက်ရှိုက်လိုက်တော့ သူ့ဆီကလေငွေ့နွေးတို့ ဒါဒါ့မျက်နှာလေးဆီ ခပ်ဖွဖွ ရိုက်ပုတ်သွား၏။ သူမနောက်ကိုခြေလှမ်းဆုတ်ရပ်သည်။ ကိုကိုက သူမကို စိုက်ကြည့်၍.. ၊

"ကိုယ့်ရင်ထဲက သိုသိပ်မြတ်နိုးမှုတွေကို အလောင်းအစားတစ်ခုနဲ့ ထိုးခံရတာ ဂုဏ်ယူဝမ်းမြောက်ဖွယ်မှမဟုတ်တာ..ဒါပေမဲ့ ကိုယ်မနေချင်ဘူး အရပ်ကနေ ကိုယ်လိုလားတဲ့နေရာကိုရောက်သွားတာဖြစ်တဲ့အတွက် ကျေနပ် တယ်..နောက်ပြီး မင်းနဲ့ကိုယ်ဆုံဆည်းဖို့ဆိုတာ စစ်တုရင်ခုံ ဒါမှမဟုတ် ဝှက်ဖဲတစ်ချပ်ကလွဲပြီး ဘယ်အခြေအနေကမှ ဖြစ်မြောက်စေမှာမဟုတ်တဲ့ အတွက် ဒါကိုပဲကိုယ်ကျေနပ်ခဲ့တာ.."

"ကျွန်မမကျေနပ်ဘူး..ကျွန်မဘဝက ရှင်တို့လက်ထဲမှာ အံစာတုံးတုံးလို ဖဲချပ်တစ်ချပ်လို၊ ပြီးတော့ သားရဲတွေဝိုင်းနေတဲ့ အမဲတစ်ကောင်လို"

မပြောမိအောင် မျိုသိပ်ထားချင်သည်။ ဘာဖြစ်လို့လဲဆိုတော့ ကိုကို ဟာဘယ်လိုလူပဲဖြစ်နေနေ ကိုယ်ဒုက္ခတွေ့နေတိုင်း ရောက်ရောက်လာခဲ့တဲ့ လုံခြုံမှုက ရင်ထဲမှာအမြဲတမ်းနွေးနေခဲ့လို့။ ဒါပေမဲ့ သူကစလာပြီဆိုရင်တော့ ဒါကသာယာနာပျော်ဖွယ်မှ မဟုတ်ခဲ့တာ.. ၊

ထိုစဉ် ဖုန်းမြည်လာလျှင် နှစ်ယောက်စလုံးဖုန်းဆီအကြည့်ရောက်သွား ကြသည်။ ဧကရီ့ဖုန်းမှန်းသိလိုက်တော့ သူမမျက်မှောင်ကုတ်သွားသည်။ သို့သော် ဖွင့်လိုက်ပြီး.. ၊

"ဟလို.."

"တော်သေးတာပေါ့..နင်ငါ့ဖုန်းကိုသာ နားမထောင်လိုက်ရင် တစ် သက်လုံး ရင်ထုငိုနေရတော့မှာ.."



ပြောပြီး မနှစ်မြို့ဖွယ်ရယ်သံကို ကြာရှည်စွာပို့လွှတ်နေသည်။ ပြီးမှ-

"သေခါနီးလူတောင် နောက်ဆုံးအချိန်မှာ အမှန်တွေပြောတတ်တယ် ငါပြောတာကို နင်ယုံမှဖြစ်မယ်.."

"သေခါနီးသွားတဲ့လူတိုင်း အမှန်တွေပြောနေကြရင် အဝီစိဆိုတာ ငါ ကြားဖူးမှာတောင် မဟုတ်ဘူး..နင်ပြောချင်တာကိုပြော၊ ယုံခိုင်းတိုင်းယုံရ အောင် ငါကပုခက်ထဲကခုမှဆင်းလာတာမဟုတ်ဘူး.."

"ဟား ဟား ဟား..သိပါတယ်၊ နင်ဒီတိုင်းပြန်ကိုက်မယ်ဆိုတာ၊ ဒီမှာ ရောက်သွားတာ ရွှေထုပ်လား ချေးထုပ်လားသိစေချင်လို့ ပြောပြမယ်..နင့်ကို အိမ်ကြီးအိမ်ကြားမှာ ရန်ပွဲတွေနွှဲနေတည်းက ဒီတစ်ခုလပ်မလေးကို ငါ့အိမ် အောင်အောင်လုပ်မယ်ဆိုပြီး နင်မသိခင်တည်းက တောက်လျှောက်လိုက် ကြည့်လာတာ ဘယ်သူလဲ..ယောကျ်ားတစ်ယောက်က မိန်းမတစ်ယောက် ကိုပ်နေတိုင်းထုပ်ပေးနိုင်ရင် မစခင်တည်းက တစ်ဝက်သေချာတယ်တဲ့.. ဘယ်သူပြောတာလဲ၊ မိန်းမပျက်တွေထက် အရပ်ပျက်လေးတွေက သန့် တဲ့..အဲ့ဒါနင်ရသွားတဲ့ချေးထုပ်ပြောခဲ့တာတွေပဲ.."

နားထဲမှာ မီးရဲနေတဲ့သံလုံးတွေ ပြေးဝင်တစ်ဆို့နေသလား..သံရည်ပူ လျှော့စီးဝင်ကုန်တာလား..။ ဒါဒါဘာမှမတုံ့ပြန် မေးလည်းမမေးနိုင်ခဲ့..

"နင်နဲ့ငါ ဘာအကန့်ရှိခဲ့လို့လဲဒါဒါ..နင့်ကိုငါ့ဒုရိုင်ဘာဖြစ်အောင် လုပ် တာက သဝန်တိုစိတ်နဲ့လုပ်ခဲ့တာမှန်ပါတယ်၊ ဒါပေမဲ့ ငါ့ကြောင့် နင်စော စောစီးစီး ဘဝမပျက်ခဲ့တာကို ပြန်တွေးစမ်းပါ..ငါ့မောင်ကိုစော်ကားခိုင်းတယ် ဆိုပြီး ပြန်လှည့်ပြီး ဟီးရိုးလုပ်တယ်၊ ငါ့ကိုသေအောင်နိုင်တဲ့ယောကျ်ား ငါ ပြန်မပြောနိုင်ခဲ့ဘူး..သူနဲ့ငါအမြဲတမ်းရန်ပဲဖြစ်နေရတာ နင့်ကြောင့်ပဲဒါ ငါနင့်ကိုကာကွယ်ချင်တာ မဟုတ်ဘူး..ဒါပေမဲ့ တခြားရောက်သွားရင် တောက်စားသွားမှာစိုးလို့ နင့်ကိုစိတ်ပူတာမဟုတ်ပေမယ့် သူ့ကိုသဝန်တို တာ၊ ငါ့မောင်လေးကို အသုံးချခဲ့တာတွေရော အဲ့ဒီမှာဗေဒယယ်လ်ကကြား ခဲ့တာပဲ..သူ့လူကိုယ့်ဘက်သားလုပ်ပြီး နင့်ကို.."

သူမမျက်နှာကို အကဲခတ်ရင်း ကိုကိုကအနားကပ်လာသည်။ ဒါဒါ ဖုန်းကိုင်ရင်း တခြားရွှေ့ပစ်၏။ ရုပ်ပျက်ဆင်းပျက်ထပ်မလိုက်ခဲ့ပေမယ့် ကိုတစ်ခုခုကို ခံစားမိလိုက်သည်။ ဖုန်းဆက်တာ ဧကရီမှန်းသိလိုက်တည်း ဝှတ်သင်ညိုခေါင်းညိတ်အောင်ပြောနိုင်လွန်းသည့် ဧကရီ့အကြောင်းသ ခဲ့မိကာ.. ၊

"ငါပြောတာတွေ နင်မယုံရင်တောင် နဖူးပေါ်လက်တင်ပြီး စဉ်းစား ကြည့်လိုက်..နင့်သမီးလေးသေအောင်လုပ်ခိုင်းတာလည်း သူပဲ၊ ငါကသာ

ငါ့လက်နဲ့မလုပ်ရက်တာနဲ့ ကားနဲ့တိုက်ပြေးတာ..သူဘာပြောလဲသိလား မိသားစုတွေမရှိမှ နင်ဒုက္ခတွေရောက်ပြီး သူ့လက်ခုပ်ထဲအေးဆေးရောက် မှာတဲ့..နင့်ကလေးတကယ်သေမယ်လည်း မထင်ခဲ့ဘူး၊ သေအောင်ထိ ငါမလုပ်ရဲဘူး..ငါလည်းမိန်းမပါ၊ ဒါပေမဲ့ ကိုကိုခိုင်းရင် ဘာဖြစ်ဖြစ်ငါ ရတာပဲ..သူကငါနဲ့ငါ့မိသားစုကို ထောက်ပံ့နေတာလေ၊ သူ့ငွေးမိန်းမ မယ့် ငါ့လက်ထဲမှာ ဘာမှမရှိဘူး..ပိုက်ဆံသုံးခွင့်တောင် မရှိဘူး၊ အဲ့လို သူ့ကိုလည်းအရမ်းချစ်နေမိသေးတယ်..ငါ့ဘဝကြီးက ချစ်တဲ့စိတ် ကြောက်တဲ့စိတ်တွေနဲ့ သဝန်တိုတာတွေရောထွေးရစ်ပတ်နေတဲ့ ဘဝ

ကိုကိုဖျတ်ခနဲ အနားရောက်လာသည်။ ပြီးတော့ ဒါဒါ့ဖုန်းကို လက်လှမ်း၏။ ဒါဒါက လက်မြှောက်ပစ်လျှင်.. ၊

"ဒီမိန်းမစကားတွေကို မင်းဒီလောက်ထိအချိန်ပေး နားထောင် မလိုဘူး..အဲ့ဒါအန္တရာယ်ရှိတယ်.."

ကိုကိုက ဖုန်းကိုလှမ်းဆွဲ၏။ ဒါဒါ နောက်ထပ်ခြေလှမ်းရွှေ့လိုက် နှင့် သူမခါးလေးကို ဆွဲပွေ့လိုက်ပြီး ဖုန်းကိုလုယူလိုက်၏။ ဒါဒါပြန်လု မယ့် တင်းကျပ်အောင် သိမ်းဖက်ထားသဖြင့် မမှီတမီဆွဲလိုက်မိစဉ် ဖုန်း တိုင်းပြုတ်ကျသွား၏။

"ရှင် လွှတ်စမ်း.."

ဒါဒါ အံကြိတ်ရုန်းလိုက်ရင်း လွတ်သွားသည်နှင့်.. ၊

"ဖြန်း.."

ပါးပြင်တစ်ဖက်လုံး ကွဲထွက်သွားပြီလားထင်ရအောင် ရိုက်သည် ရှိန်ကပြင်းသည်။ ထို့ပြင် သူ့မျက်နှာပြန်လှည့်လိုက်သည်နှင့် နောက်ပါး ဖက်သို့.. ၊

"ဖြန်း.."

"ဒါဒါ..မင်း.."

ယောကျ်ားသားကြီးတစ်ယောက်လုံးကို ခြေလှမ်းပျက်ယိမ်းယိုင်သွား စေသည့်အားကြောင့် ကိုကိုခံနိုင်ရည်မဲ့သွားသည်။ ထိုစဉ် ပြုတ်ကျသွားသည့် ဖုန်းထဲမှ ဧကရီဟားတိုက်ရယ်နေသည့်အသံက လူကိုလောင်ကျွမ်းနေ လျက်.. ၊

"မင်း.."

"ဟုတ်တယ်..ရှင်လက်ဖျားနဲ့တောင် ထိခွင့်မရှိတဲ့မိန်းမ၊ ရှင်တို့ဝိုင်း ဝန်းလုပ်ကြံကြလို့ မိသားစုဘဝပျက်ပြီး ရှင့်မိန်းမဖြစ်လာရတဲ့ဗေဒါဖြူ"

"ထင်ရာတွေစွတ်ပြောမနေနဲ့..ရှင်းပြတာကိုနည်းနည်းလောက်၊ မင်း



"ရှင် ဒီတစ်ခါထပ်တိုးကြည့်စမ်း.."

ဒါဒါက စားပွဲပေါ်ကပုလင်းကို ရိုက်ခွဲပစ်လိုက်ပြီး လက်ကိုဆန့်တန်း သူ့ရင်ဘက်တည့်တည့်ကို ချိန်ထားလိုက်သည်။ ကိုကိုက မဲ့လိုက်ပြီး.. ၊

"သိပ်တိုးရဲတာပေါ့..ကိုယ်မင်းကို အလျှော့ပေးထားတာ မနိုင်လို့မ တ်ဘူး.."

ပုလင်းကွဲကိုင်ထားသည့် ဒါဒါ့လက်လေးကို ဖမ်းဆုပ်ပစ်လိုက်ပြီး.. ၊

"အား.."

"ခွမ်း.."

လက်ကိုလှန်ပစ်လိုက်သဖြင့် ကိုင်ထားသည့်ပုလင်းခေါင်းက လွတ် သွားသည်။ လူတစ်ကိုယ်လုံးသည်လည်း သူပွေ့လိုက်သည့်အတိုင်း က်ပါသွားခဲ့ပြီး.. ၊

"ရှင်ဘာလုပ်တာလဲ..ချပေး.."

ကိုကိုက တခြားကိုထွက်သွားတာလည်းမဟုတ်။ ပြန်ချပေးတာလည်း တ်ဘဲ ပွေ့ချီထားသည့် ဒါဒါ့မျက်နှာလေးကို ဒီတိုင်းငုံ့မိုးကြည့်ရင်း.. ၊

"မင်းကို ကိုယ့်ဘဝနဲ့ထပ်တူချစ်ခဲ့တာဒါဒါ..ကိုယ့်ကိုယ်ကို စိတ်ပူတာ မင်းအတွက်ပိုဆိုးတယ်၊ ကိုယ်တစ်ခုခုလိုအပ်လာတိုင်း မင်းလိုအပ်နေ ားပူတယ်..မိန်းမတစ်ယောက် အသံပြာအောင်အော်သံကြားလိုက်တာ င် မင်းများလားဆိုပြီး ကိုယ်ခလုတ်တိုက်အောင် ပြေးထွက်မိတာ.."

မျက်ဝန်းတို့သည် ရိုက်ခံထားရသဖြင့် မျက်ရည်ဝေ့နေသည်လား..သူ ရက်စက်ခြင်းကြောင့် နာကျင်နေသည်လားဆိုတာမသိ။ မျက်ရည်တို့ဝေ့ ည်နေပေမယ့် ခိုင်ကြည်သည့်မေးရိုးနှစ်ဖက်က အံကြိတ်ထားခြင်းဖြင့် တင်း သည်။

"သူ့ကြောင့် မင်းဒီလောက်ထိဒုက္ခရောက်ခဲ့တာတောင် သူ့စကားခဏ နားထောင်ပြီး မင်းထင်ရက်တယ်.."

ပြောပြီး ဒါဒါ့ကိုယ်လေးကို ပြန်ချပေးသည်။ သူ့အင်္ကျီရင်ဘက်ကို ဆွဲထားမိဆဲ သူမလက်ကိုသူအသာလေးဖြုတ်ချလိုက်ကာ.. ၊

"မင်းကိုစွန့်လွှတ်ဖို့ကလွဲရင် ကြိုက်တာပြောလို့ရတယ်..မင်းကြိုက်သ ည်းသားလိုက်၊ ကိုယ်လုံးဝမကျော်ဖို့စဉ်းစားမယ်.."

မီးရောင်အောက်မှာ ဝင်းထိန်နေသည့်ဒါဒါ့မျက်နှာလေးကို သူစိုက် ည့်သည်။ ခဏကြာမှ လှည့်ထွက်သွား၏။

"ဒါဒါရယ်.."

အားလုံးကိုမြင်လိုက်ကြားလိုက်ရသဖြင့် ဥမ္မာအသည်းအသန်ပြေးလာ

သည်။ ဒါဒါသည်ကျောက်ရုပ်လေးလို ဖြစ်ကျန်ခဲ့ရင်း ကိုကို့ကိုရှိက်ထား သောလက်ဖဝါးတစ်ဖက်ကို ငုံ့ကြည့်နေ၏။ ထိုလက်လေးကို ဥမ္မာက သူ့ လက်နှစ်ဖက်နဲ့ အုပ်ကိုင်ထားလိုက်ကာ..

"ဘယ်လိုတောင်လုပ်ရက်တာလဲဒါဒါရယ်..နင်တို့လိုပေါင်းသင်း ခဲ့ လေ..နင်တို့လိုတွေ့နေကြတဲ့လူချင်းမပြောနဲ့၊ ဘေးကနေနားထောင်ရတဲ့ တောင် သူအမှန်တွေ ပြောနေတာပဲဆိုတာယုံတယ်..သက်သေဆိုတာ ဒ ကယ်တော့ အမှန်တရားကိုဖျောက်ဖျက်ပစ်နိုင်တဲ့ အခိုင်မာဆုံးမှားယွင်းမှု ပဲ၊ အမှန်တရားအတွက် သက်သေမလိုဘူး..အဲ့ဒါကြောင့် နင့်အမေ လောက်မယ့်သက်သေမျိုး သားကိုကိုဆီက နင်ရဖို့မလွယ်ဘူး၊ အဲ့ဒါ ငါ ရဲတယ်..သူ့ပုံစံကြည့်ရတာလည်း နင့်ကိုသူဖြေရှင်းဖို့ကြိုးစားမှာမဟုတ်ဘူး"

ဒါဒါ တုတ်တုတ်မှမလှုပ်ဘဲ ဒီတိုင်းရပ်နေခဲ့၏။ ဥမ္မာက သူ့ လေးကိုလွှတ်ကာ ကွဲကျပြန့်ကျဲနေသည့် ဖန်ကွဲစတွေကို မြန်မြန်ဆန်ဆန် လိုက်ရှင်းသည်။ ပြီးတော့ ကြမ်းပြင်ပေါ်ကို စောင်နဲ့ရိုက်ပုတ်ပစ်ကာ စောင် ကိုအခန်းထောင့်ဆီ လွှဲပစ်လိုက်ပြီး ဒါဒါ့လက်လေးကိုပြေးဆွဲ၏။

"လာ ဒီမှာလာထိုင်.."

ခုနကပဲ ကိုယ်ဘာမှမသိခဲ့ရတာတွေကို ပြောနေမေးနေမိလျက် ခုတော့ ကိုယ်ပဲအိမ်ရှင်ဖြစ်သွားရကာ.. ။

"စိတ်ထဲမှာတင်းထားမနေနဲ့ဒါဒါ..နင်ပြောချင်တာ ငါ့ကိုရင်ဖွင့်လို့ရ တယ်၊ ဘယ်သူပဲမှားမှား တစ်ဖက်ကနားလည်ပေးနေရင် ဘာမှအကြီးအ ကျယ်ပြတ်တောက်သွားမှာ မဟုတ်ဘူး.."

"ပြတ်သွားပါစေ..ငါ ငါသူ့ကိုမပေါင်းနိုင်ဘူး.."

"နင်ပဲ.."

"ဟုတ်တယ်..ငါလုပ်ခဲ့တယ်၊ ဒါပေမဲ့ အဲ့ဒါအနိုင်ရလိုမှုအတွက်လေ သားကိုကိုဆိုတဲ့လူက ဧကရီ့ဆိုတဲ့မိန်းမရဲ့ယောကျ်ား၊ အဲ့ဒီအဖြစ်က မနေ့ တစ်နေ့ကအထိပဲ..ငါမခံစားနိုင်ဘူး၊ ဒီမိန်းမ ခုလိုခုလုတ်တိုက်လာတိုင်း"

"ကွာရှင်းပြီးကြပြီပဲဒါဒါရယ်..မနာလိုနေတဲ့မိန်းမကတော့ အမျိုးမျိုး ကြိုးစားနေမှာပဲလေ၊ နင်နဲ့မတွေ့ခင်တည်းက သူတို့ချင်းမပြေလည်ဖြစ်နေ ကြတာဆို..သူမရခဲ့တဲ့အရာကို နင်ရသွားတာ ဘယ်လိုလုပ်လွယ်လွယ်နဲ့ပြီး သွားနိုင်မှာလဲ၊ တကယ်တော့ နင်သူ့ကိုသဝန်တိုနေတာ..သားကိုကိုဆိုတဲ့ လူကို နင်ချစ်နေပြီ.."

ဒါဒါ မျက်ရည်ဖြိုင်ဖြိုင်ကျလျက် ဥမ္မာကတွင်တွင်ချော့သည်။

"ရေးရေစက်ရှိတဲ့လူတွေသာ မြင်မြင်ချင်းချစ်ကြတယ်..သိဖူးကြ



ခဲ့ကြသလို စိတ်တွေကအလိုလိုရင်းနှီးကြတယ်၊ ဆုံဆည်းစရာအကြောင်း ရှိနိုင်ဘူးဆိုတဲ့အခြေအနေတွေကနေ အံ့သြလောက်တဲ့တိုက်ဆိုင်မှုတွေနဲ့ သူ တို့တွေဆုံသွားကြတယ်..အဲ့ဒါတွေက ဘယ်သူလော်မာတာမှ မဟုတ်ဘူးဒါ ဒါရဲ့၊ ဖူးစာကံပါလာတဲ့အကြောင်းတွေပဲ..ငါကလူကြီးလုပ်ပြီး သတိပေးနေ ရတယ်ဒါဒါရယ်၊ နင်လည်း ဒါတွေသိပါတယ်.."

ဒါဒါက မျက်ရည်သုတ်၍ တည်ငြိမ်ဖို့ကြိုးစားနေ၏။ သို့သော် မျက် ရည်သည်သုတ်နေရင်း ကျမြဲကျလျက်.. ။

"တိတ်..မငိုနဲ့တော့၊ နင်သူ့ကိုရအောင်ကြိုးစားခဲ့သလိုကြီးဖြစ်သွားတာ ကို ရှက်နေတာပါ..အဲ့ဒါကိုဘာမှမဟုတ်ဘူးလို့ ထားလိုက်၊ နင်တို့ညားရမယ့် အကြောင်းကံပါလာတာပါ..ငါလည်း.."

"ဒါဒါ.."

စကားမဆုံးခင် အိမ်ပိုင်ရှင်အပျိုကြီးက ပြုံးရွှင်သည့်မျက်နှာနှင့်ပေါ် လာကာ ဒါဒါငိုနေတာမြင်တော့ ကြောင်အမ်းအမ်းဖြစ်သွားသည်။ ပြီးတော့မှ တစ်မျိုးအတွေးပေါက်သွားကာ.. ။

"အပြင်မှာလေ.."

"သမီးရေ..ကြီးကြီးတို့စကားပြောရအောင် ထွက်ခဲ့ဦးနော်.."

ဟင်.. ဒါ..

"သတို့သမီးဝက်ရမှာက ငါတို့အလုပ်နော်ကိုကို..ဘယ်မှာလဲဗေဒါဖြူ"

"အထဲမှာရှိတယ်..ငါတို့ဝင်သွားရမလား၊ ခေါ်ထုတ်မှာလား.."

"သတို့သမီးမဝက်ပါဘူး..ခဲ(ဂဲ)ဖိုးလေးရရင် ဒီညကောင်းကောင်းအိပ် ရမယ်.."

စကားသံတွေက လူတော်တော်များသည့်ပုံပေါ်နေလျက် ဥမ္မာနဲ့ဒါဒါ မျက်လုံးချင်းဆုံသွားသည်။ အပျိုကြီးက ရယ်လိုက်ရင်း.. ။

"နှစ်ဦးသဘောတူလက်မှတ်ထိုးခဲ့ကြတာ နည်းနည်းပါးပါးတောင်မ ပြောဘူးဒါဒါရယ်..လုံလိုက်ကြတာ၊ အပြင်မှာကောင်လေးအဒေါ်နဲ့သူငယ် ချင်းတွေရောက်နေကြတယ်..နင်တို့ကြောက်လန့်စိုးရိမ်နေမှာစိုးလို့တဲ့၊ သူတို့ ဘက်ကလည်း သဘောတူကြောင်းပြချင်လို့ ညတွင်းချင်းလိုက်လာတာတဲ့.. နေဦး လူကြီးတွေနဲ့အပ်ချင်လို့ သွားနှိုးပေးပါဆိုတော့ ကျုပ်ပဲသွားခေါ်ရတော့ မှာပေါ့.."

ထမီတစ်ဖက်'မ'၍ ထွက်သွားမည်ပြင်သည်။ ပြင်ပြီးမှ ပြန်လှည့်ကြည့် ကာ.. ၊

"ကောင်လေးကချမ်းသာလို့ စိုးရိမ်နေတာမို့လား..အခု သဘောတူပါ

တယ်ဆိုမှပဲ ငိုမနေနဲ့တော့၊ အားလုံးအေးချမ်းသွားပြီ..”

ဒါဒါ့အတွက်မျက်နှာမငယ်ရအောင် ဒေါ်မေစိုးဦးတို့တိုင်ပင်ပြီး ချ[illegible] ချင်းစီစဉ်ခဲ့ကြတာဖြစ်သည်။ ဒေါ်မေစိုးဦးအနေနဲ့ကတော့ ဧကရီ့လိုမိန်း[illegible] လေးနဲ့လွဲရသည့်အဖြစ်က ဆုကြီးပေါက်သလိုဖြစ်ရတာမို့ ကိုကိုကလည်း နှစ်သက်နေသော မိန်းကလေးတစ်ယောက်ကို သူမဘက်ကမကြည်ဖြူနိုင်[illegible] ရာမရှိပေ.. ၊

“သမီးရေ..”

နောက်တစ်ခါခေါ်လိုက်သည့်အချိန် ခန်းဆီးစလေးရုတ်ဖယ်သွား[illegible] ဒါဒါ့မျက်နှာလေး ပေါ်လာ၏။ အခြေအနေအဖြစ်အပျက်တို့ကို သိထား[illegible] ဖြင့် ဒေါ်မေစိုးဦးက ဒါဒါ့လက်လေးကို ထဆွဲခေါ်ပြီး အနားမှာထိုင်စေကာ..

“သမီးကို မင်္ဂလာဦးလက်ဆောင်လေးလည်း ပေးချင်လို့ ကြီးကြီးကိုယ် တိုင်လိုက်လာတာ..”

တကယ်တော့ ဒါဒါပြန်လှည့်ပြေးလို့မရတော့အောင် တစ်ခါတည်း အပိုင်ချုပ်လိုက်ခြင်းသာဖြစ်လျက်.. ၊

“သမီးတို့ချင်း ချစ်ချစ်ခင်ခင်ရှိပြီးသားပဲကွယ်..အိမ်ထောင်ရေးဆိုတာ ဖြစ်သွားပြီးရင် ခိုင်မြဲဖို့ပဲကြိုးစားရတယ်၊ သားဘက်မှာက ကြီးကြီးပဲရှိတော့ တာ..ဒါကြောင့် ကြီးကြီးကသဘောတူကြည်ဖြူတဲ့အတွက် သမီးဘာမှမ[illegible] ရိမ်နဲ့နော်၊ မနက်ဖြန်ကျမှ သမီးတို့နေရေးထိုင်ရေး ကြီးကြီးနဲ့သားနဲ့တိုင်ပင် မယ်..”

ဒါဒါ နှုတ်ခမ်းလေးဖိပိတ်ထားရင်း သူ့ကိုရှာသည်။ တံခါးဝမှာ [illegible] ကြိုးတားဖို့ကြိုးစားနေကြသည့် ဝေဒနဲ့လူငယ်တွေကြားမှာကိုကို။ ပြီးတော့ အပျိုကြီးပြေးလွှားလှုပ်ရှားလိုက်လို့ ရပ်ကွက်လူကြီးတွေခတ်မီးတဝင်းဝင်း နှင့်ရောက်လာကြသောအခါ မင်္ဂလာသည် သတို့သမီးအပ်နှံခြင်းအတည်ဖြစ် ခဲ့ရလျက်.. ၊

ကိုကိုနဲ့ဒါဒါ အိမ်ပြင်နဲ့အိမ်ထဲ မျက်လုံးချင်းဆုံသွားကြသည်။ ကိုကို့ မျက်ဝန်းတွေက ရီဝေနေကာ ဒါဒါ့မျက်နှာလေးကလည်း တည်နေ၏။ သို့ သော် ပြောဖြစ်ကြသော မျက်ဝန်းစကားတို့သည်ကား.. ၊

☎



အခန်း(၁၂၃)

“ဟလို..”

ဖုန်းမြည်နေသဖြင့် ကောက်ဖွင့်လိုက်ပေမယ့် အချိန်ကိုမကြည့်မိ။ ဒေါ် ချစ်မမဆိုကာမှ ဖန်စပ်နေသည့်မျက်လုံးတွေကို ပြူးပြဲဖွင့်ပြီး နာရီကြည့်မိ သည်။ မနက်ကိုးနာရီထိုးနေပြီ.. ၊

“အား ကျွတ် ကျွတ်..”

နှစ်ယောက်တွဲကျွန်းဆက်တီပေါ်မှာ တစ်ညလုံးထိုင်လိုက်လှဲလိုက် နှင့် အချိန်ကုန်ခဲ့ရသဖြင့် ကိုယ်လက်တွေနာကျင်ကိုက်ခဲနေသည်။ ခေါင်း တွေပါအုံနေ၏။ ဖုန်းကိုင်လျက် နေရာမှထရပ်လိုက်ရင်း မျက်နှာသစ်ဖို့နေ ရာရှာမိသည်။

“သူနဲ့ရှင်းရမယ့်ကိစ္စတွေ သူနဲ့ပဲရှင်းပါ..ကွင်းနီကသူ့အပိုင်ဖြစ်နေတာ အန်တီချစ်မသိပါတယ်..”

“...............”

“အိုခေ အိုခေ..ဖြစ်တယ်၊ ကျွန်တော်လုံးဝကြားမဝင်ဘူး..သူနဲ့ကျွန် တော် ဘာမှလည်းမဆိုင်တော့ဘူး..”

ရေချိုးခန်းထဲဝင်ကာ ဖုန်းကိုမှန်တင်ခုံလေးပေါ်တင်၍ ရေခပ်ပြီးဒီ အတိုင်းပဲမျက်နှာသစ်လိုက်သည်။ ပြီးတော့လည်ဂုတ်တွေ လည်ပင်းတွေပါ

ရေစိုလက်နဲ့ ပွတ်သပ်ပြီး ပြန်ထွက်ခဲ့၏။ ဖုန်းမြည်လာတော့ ဖုန်းကိုင်ရင်း အပြင်ပြန်ထွက်ခဲ့ပြီး.. ၊

"ဝေဒ..မင်းငါ့ကိုခေါ်ထားသေးလား၊ တစ်ညလုံးကောင်းကောင်းမအိပ် ရတာနဲ့ ငါလည်း.."

"......................"

"လျှောက်ပြောနေပြန်ပြီ..အထိုးခံရမယ် မင်း.."

စိတ်တိုသွားသည့်ကြားက ပြုံးမိ၏။

'တစ်ညလုံးကြီး မင်းလွန်လှချေလား'တဲ့..၊ ဝဲစား...

ရေသုတ်စရာ မျက်နှာသုတ်ပဝါမရှိတော့ ဖုန်းပြောရင်း မျက်နှာကို သပ်ချလိုက် ခါထုတ်လိုက်နှင့် ကိုယ့်ကိုယ်ကိုဘာလုပ်နေမှန်းတောင်သိရဲ့ လား..။ ကိုကို့ကိုကွယ်ရပ်ကနေကြည့်နေရင်း ဒါဒါခြေလှမ်းပြင်မိလိုက် ပြန် ရပ်နေမိလိုက်။ ဘာလုပ်ရမှန်းမသိတာ ကိုယ်ပါလားလို့တွေးမိသေးသည်။

အကောင်းစားဖိမ်ခံပစ္စည်းတွေနဲ့ သုံးစွဲကြီးပြင်းလာခဲ့သည့်လူတစ် ယောက်က ဆယ်ပေသာသာအခန်းကျဉ်းထဲက အခင်းအကျင်းလေးတောင် မပါသည့်ကျွန်းခုံပေါ်မှာ တစ်ညလုံးနေခဲ့ရသည်။ ကိုယ်တိုက်ဆပ်ပြာရည် ရေတိုင်ကီရယ်ပဲထည့်ထားသည့် ရေချိုးခန်းထဲမှာ မျက်နှာသစ်ပြီး ပဝါမရှိ လို့ ဒီတိုင်းရပ်နေခဲ့၏။ သူဖုန်းပြောနေတည်းက သူမမြင်နေခဲ့တာမို့ သူ့ကို အပ်သမျှ ခြေလှမ်းပြင်နေမိသည်။ ထို့ကြောင့် လက်ထဲမှာလည်း မျက်နှာ သုတ်ပဝါကိုကိုင်ထားပြီးဖြစ်သည်။ သို့သော် တကယ်တမ်းကျတော့ ခြေ ထောက်တွေက နေရာမှမရွေ့.. ၊

သူမဘာဖြစ်တာလဲ..သူလိုအပ်သမျှ ကိုယ့်ဝတ္တရားလို့ ဘာဖြစ်လို့ထင် နေတာလဲ.. ဘာဆိုင်လို့လဲ.. ၊

မျက်နှာသုတ်ပဝါကိုင်ထားသည့်လက်သည် တွဲလွဲကျသွားခဲ့လျက်..

မတူတန်တာတွေကို စိတ်ကူးယဉ်မနေနဲ့ဒါဒါ..သူနှင့်ကိုချစ်နေရင်း တောင် နင့်ဘက်ကတော့ စိတ်ကူးယဉ်ခွင့်တောင်မရှိတဲ့လူ။ သူ့အဒေါ်ဆိုတာ ရော သူ့သူငယ်ချင်းတွေဆေရာ အားလုံးက သူ့အတွက်ခေါင်းညိတ် ခေါင်း ခါရုံပဲ။ သူ့အတွက်ပဲ အားလုံးဖြည့်ဆည်းပေးကြတာ..သူကတော့ နင့်ကိုတော

"ကိုယ်အများကြီးကူညီခဲ့တာနော်.."

"မင်းသူ့ကိုအနိုင်ယူဖို့အတွက် ကိုယ့်ကိုအရုပ်တစ်ရုပ်လို ကောက်ချ လာတာလေ..အဲ့ဒီနေရာမှာ ကိုယ်ကလနက်ကဆန်လုပ်လိုက်ရင် မင်းရတဲ့အ ကွက် လုပ်မလား.."

သူပြောခဲ့တာတွေ ပြန်တွေးမိနေသည်။ ချစ်တဲ့စကားတွေ မိုးခွင်



အောင်ပြောပါစေ တစ်စွန်းတစ်စပေါ်လာသည့်စကားကသာ စိတ်ထဲရှိတဲ့အ ချိုးလို့ သတ်မှတ်ရသည်။ သူမမျက်လုံးတွေမှိတ်၍ သက်ပြင်းချလိုက်မိ သည်။ မိုးလင်းတာနဲ့ ကိုယ်နဲ့အနီးဆုံးမှာ သူ့အသံကြားလိုက်ရသည့်အချိန် ပျော်ဖျတ်လူးခုန်သွားသည့်နှလုံးခုန်သံတို့အတွက် ကြေကွဲသွား၏။ ဧကရီ ဆိုတဲ့မိန်းမအသံ ဖုန်းထဲရောက်လာတိုင်း ရင်တုန်နေရမည့်ယောကျ်ား..မျက် စိအောက်က ပျောက်သွားတိုင်း ဧကရီဖမ်းစားလိုက်ပြီလားလို့ တွေးပူနေရ မည့်သူ.. သွားပါတော့.. ဘယ်လိုအခြေအနေတွေပေးလာလာ ရှင်ကကျွန်မ အတွက် စိတ်ကူးယဉ်ခွင့်မရှိတဲ့သူ..

သူမပြင်ဆင်ပြီးသားမို့ ပိုက်ဆံအိတ်ပြားလေးကောက်ယူကာ အခန်း ထဲကထွက်လာခဲ့သည်။ ကိုကိုကဖုန်းပြောနေရင်း လှည့်ကြည့်၏။ ပြီးတော့ ပြောလက်စမပျက်ဘဲ ပြန်လှည့်သွားသည်။ ညက သူ့ကိုပါးရိုက်ထားခဲ့တာ သူလည်းစိတ်ဆိုးမှာပေါ့ တွေးလိုက်မိသည်။ တစ်ခါတည်းစိတ်နာသွား စေလို့ ဆုတောင်းမိရင်း သူ့ဘေးကဖြတ်လာခဲ့လျှင် ကိုကိုက လက်ကိုဆွဲ ထားလိုက်ပြီး.. ၊

"အေး..သေချာသတင်းရောက်ရင် ငါ့ကိုပြော..အေး ဒါပဲ.."

ပြောပြီး ဖုန်းကိုအိတ်ထဲထည့်လိုက်ပြီး.. ၊

"ကိုယ့်ကိုမျက်နှာသုတ်ပဝါလေး မပေးချင်ဘူးလား.."

ဒါဒါက လက်ကိုရုန်းလိုက်ပြီး အထဲကိုမေးဆတ်ပြကာ.. ၊

"တန်းပေါ်မှာရှိတယ်.."

အဖြေပေးပြီးထွက်လာတော့ သူကလက်ကိုပြန်ဆွဲထားလိုက်ပြီး.. ၊

"ဘယ်ကိုလဲ..ကိုယ်လိုက်ပို့မယ်လေ.."

"မလိုပါဘူး..ရှင်လည်းပြန်တော့၊ ကျွန်မဒီနေ့ပဲ အခန်းပြန်အပ်မှာ.."

"အခန်းအပ်ဖို့က ညတည်းက ကြီးကြီးပြောသွားတယ်လေ..ခုနက သည်း ဖုန်းဆက်တယ်၊ မနက်စာဟိုမှာပြင်ထားတယ်တဲ့.."

ဒါဒါ သူ့ကိုမော့ကြည့်သည်။ ကိုယ်ပြောမလိုပြင်လိုက်တာကတခြား ကိုကိုကသူမလက်ကိုလွှတ်၍ဖြန့်ချထားသည့်ဆံပင်တွေကိုမထိတထိကိုင်ရင်း၊

"ကိုယ်ညကမင်းကို အော်ငေါက်လိုက်မိသေးလား.."

ဘာလဲ.. လာနောက်နေတာလား..။ ရိုက်ပစ်ခဲ့တာက ကိုယ်.. ၊

"ဆောရီးပါ..ကိုယ်မင်းရိုက်လိုက်တာကို နာလို့မဟုတ်ဘူး၊ မင်းမျက် လုံးတွေကအကြည့်ကို မခံနိုင်တာ.."

ပြောနေရင်း ဒါဒါ့ညာဘက်လက်ဖဝါးလေးကို ဆွဲယူသည်။ လက် ချောင်းလေးတွေပါပြန့်သွားအောင် သူ့လက်ဖဝါးနဲ့အသာလေး ဖြန့်ကြည့်

၏။ ပြီးတော့ စိတ်မကောင်းသလို ဖွဖွလေးပြန်ဆုပ်ပေးလိုက်ပြီး..

"နောက်ဆိုကိုယ်ဆင်ခြင်မယ်.."

"ဦးသားကိုကို..ရှင်ကျွန်မကို ရွဲ့နေတာလားဟင်.."

သူက မျက်မှောင်ကုတ်သွားလျက်.. ।

"ကိုယ်ကဘာဖြစ်လို့ရွဲ့ရမှာလဲ.."

ဒါဒါစိတ်တိုပြီး လက်ကိုပြန်ဆွဲရုန်းတော့ ဖိကိုင်ထားလိုက်ပြီး..

"မင်းစိတ်ဆိုးလောက်စရာတွေ ကြားရလို့ စိတ်ဆိုးတယ်..ကိုယ့်ဘက်က မရိုးသားတာတွေလည်း ရှိခဲ့မိတယ်၊ အဲ့အတွက် မင်းကိုယ့်ကိုအပြစ်ပေးတာ ကိုယ်ကဘာကိုပြန်ရွဲ့ရမှာလဲ.."

သူ ဒါဒါ့လက်မောင်းလေးနှစ်ဖက်ကို မချင့်မရဲဆုပ်ကိုင်လိုက်မိသည်။ ပြီးတော့ မျက်နှာလေးကိုစေ့စေ့စပ်စပ်ကြည့်၍.. ।

"မင်းနာကျင်ခဲ့ရတာတွေနဲ့စာရင် ကိုယ့်အသားနာတာက ဘာမှ ဟုတ်သေးဘူးဆိုတာ ကိုယ်နားလည်တယ်..မင်းဘဝမင်းခံစားချက်တိုင်း လည်း ခံစားပေးနိုင်တယ်၊ ဒါပေမဲ့ မင်းကိုယ့်ကိုနားလည်ပေးပါလို့တော့ ကိုယ်မတောင်းဆိုပါဘူး..ကိုယ်တို့နှစ်ယောက် နားလည်မှုမရကြသေးခင် ဘယ်သူပြောတဲ့စကားဖြစ်ဖြစ် နားနဲ့ပဲထောင်ပါ..ရင်ထဲဆွဲမထည့်ပါနဲ့၊ ကိုယ့် ကိုထားပြီး ဘယ်မှထွက်သွားဖို့ မကြိုးစားပါနဲ့.."

"ရှင်နဲ့ကျွန်မ.."

"မင်းကိုချစ်တယ်.."

သူက ဒါပဲထပ်ပြောကာ.. ।

"ကိုယ်မင်းကိုပိုင်ဆိုင်ခွင့်ရပြီဆိုတဲ့အပျော်တွေနဲ့ ကိုယ့်ညတွေကို ဖြတ်သန်းခွင့်ရချင်တယ်.."

ပိုင်ဆိုင်ခွင့်ရတာ မဟုတ်ဘူး.. ရှင့်ကိုရဖို့ ကျွန်မကကြိုးစားခဲ့တာ.. ကိုယ့်လုပ်ရပ်အတွက် အမြဲတမ်းမလုံခြုံသည့်စိတ်တွေနဲ့ သိမ်ငယ်နေ ရမှာပါ။ သူက ဒါကိုသိလို့ ငဲ့ညှာနည်းအမျိုးမျိုးနဲ့ ဖျော့တွေးပေးတာ..

ဒါဒါ သူ့လက်ကိုဖယ်ချပစ်လိုက်ပြီး တစ်ဖက်လှည့်လိုက်လျှင်..

"ကိုယ်ဘယ်လောက်ချစ်သလဲသိလား.."

ဒါဒါ့ကိုယ်လေးကို နောက်ကနေသိမ်းဖက်ထားလိုက်သည်၊ ဆံပင်နောက် ဆံနွယ်တွေဖြန့်ချထားသည့်ဂုတ်သားလေးတွေမှာ သူ့မျက်နှာကို ကပ်လာခဲ့ပြီး.. ।

"ဟင့်အင်း.."

အနမ်းတို့သည် တစ်ကိုယ်လုံးကိုနွေးသိမ့်စွာဖြန့်ကျက်လျက် ရင်ထဲ



လှုပ်လှုပ်တုန်ခါစေသော.. ।

မဟုတ်ဘူး.. ငါအဲ့လိုမဖြစ်ဘူး.. ।

ပခုံးလေးကျုံ့ထားမိရင်း အတင်းရုန်းနေမိသည်။ ထိုစဉ်.. ।

"ဟာ..ဟော့ကောင် ဟော့ကောင်၊ မင်းနော်.."

"အာ..အဲ့ဒါ ဆင်ဆာခန်း.."

"ဟေ့..ကောင်မလေးကိုလွှတ်လိုက်စမ်း၊ ဒိုင်း.."

ဝေဒတို့အုပ်စု အိမ်ရှေ့ကိုရောက်လာကြကာ ပစ်ကွင်းထဲဝင်လာမိကြ သလို အကုန်လုံးခြေကားရားလက်ကားရားတွေဖြစ်ကုန်ကြသည်။ ပြန်လှည့် ပြီးတော့မလို မျက်နှာကွယ်တော့မလို။ ပြီးတော့ ဒီတိုင်းစပ်ဖြီးဖြီးကြီးတွေ ဖြစ်ကာ.. ।

"ငါပြောတော့ ဆဲသေးတယ်..ဟွန်း.."

"ဟုတ်လား..မင်းဘာပြောလို့ ဆဲတာလဲ.."

"ဒီကောင်လေ.."

"အေး.."

"ခုထိမအိပ်ရသေးဘူးတဲ့..ကဲ.."

"ဟော့ကောင်.."

ကိုကိုမျက်နှာကြီးနီကာ အချိန်မီလှမ်းအော်ပေမယ့် ဝေဒကမရပ်.. ।

"အဲ့ဒါကြောင့် မင်းတစ်ညလုံးကြီး မလွှန်ဘူးလားလို့ ငါမေးမိတာ.."

"ဟမ်.."

"ဘုတ်.."

ကိုကိုလုံးထွေးပစ်ထည့်လိုက်သည့် စားပွဲပေါ်ကရေနွေးအပူခံပြား ဝေဒ မျက်နှာကို ဘုတ်ခနဲပြေးကပ်၏။

"ဖွီး..ဖရီး ထွီ.."

"ဆက်ပြောလို့ရတယ်..ဒီတစ်ခါပါးစပ်ထဲမဝင်ရင်ပြော.."

မနက်ခင်းက သက်တမ်းရင့်နေပေမယ့် သူတို့ရဲ့ရယ်မောသံတို့ ကြောင့် တစ်ဖန်ပြန်လည်နုပျိုသွားခဲ့ပြီး.. ।

☎

အခန်း(၁၂၄)

ဖုန်းကိုင်ပြီးအထဲဝင်တာတော့ ဒါဒါက ပိုက်ဆံအိတ်လေးတစ်ဖက်ကိုင် လျက် အနက်ရောင်လက်ဆွဲအိတ်လေးက တစ်ဖက်.. ၊

“သွားမယ်..ဒါကြီးကဘာလုပ်ဖို့လဲ..”

“ကျွန်မအတွက်လိုလို့ပေါ့..”

သူဘာမှမမေးတော့ဘဲ သူမလက်လေးကိုဆွဲလိုက်လျှင်.. ၊

“ဘာလုပ်တာလဲ..ရှင်နဲ့သွားမယ်လို့များ ပြောမိလို့လား..”

“ပြောဖို့မှမလိုတာ..လင်နဲ့မယား အတူတူသွားတာ သဘာဝမကျစရာ ဘာရှိလို့လဲ..”

ဒါဒါက အပြင်ကိုလှမ်းကြည့်သည်။ ကိုကိုက ဒါဒါ့မျက်နှာရှေ့မှာ သူ့ကိုယ်နဲ့ကွယ်ပစ်ကာ.. ၊

“ဘယ်သူမှမရှိတော့ဘူး..သူတို့ကိုယ်ကိုကားလာပို့တာ..”

“အဲ့ဒါစီးပြီး ရှင်သွားမယ့်နေရာကိုသွား..ကျွန်မမလိုက်ဘူး၊ ရှင်နဲ့ကျွန်မ လင်မယားလို့လည်း..”

“မင်းမသတ်မှတ်နိုင်တာ ကိုယ်နားလည်ပါတယ်..အခြေအနေတွေက လည်း ရှုပ်ထွေးတယ်၊ ဒါပေမဲ့ အခြေအနေဆိုတာ ကိုယ်လက်ခံနိုင်တာတွေချည်း ပေးလာတာ မဟုတ်ဘူး..ဥပမာ မင်းကိုကိုယ်ပိုင်ဆိုင်ချင်တယ်၊ မင်းကိုပြန်



ရတိုင်း အသည်းတွေယားတာ ရင်ခုန်တာတွေက ကိုယ့်ချစ်သူသာဆို နမ်းခံစ်မိမယ့်အခြေအနေမျိုး..”

“ရှင်နော်..”

“ပြောချင်တာက အဲ့လိုအခြေအနေကို ကိုယ်ဘယ်လောက်လိုချင်လို ချင်မရခဲ့ဘူး..”

ပြောတော့ ကိုယ်ရိုးရိုးသားသားကူညီချင်တာတဲ့..။ ဒီလောက်တောင် ကူညီခဲ့တာတွေ မပြောဖြစ်ကြပေမယ့် တစ်ယောက်အပေါ်တစ်ယောက် တွယ် တာမိခဲ့တာတွေ ဖုံးဖုံးဖိဖိ သူပဲနေနိုင်လွန်းပါသည်။ တစ်ခါတလေ သူ့ဖုန်း ကိုတောင် မျှော်မိလာတဲ့အခါ ကိုယ့်ကိုယ်ကိုလည်း ဒေါသဖြစ်မိသည်။ သတိ ရတိုင်း မျှော်နေမိတော့ ရှက်မိသည်။ ဒါတွေအားလုံးကို မရိုးသားမှုတွေပါလို့ ခေါင်းစဉ်တပ်လိုက်မယ်ဆိုရင် သူပြောနေတဲ့ချစ်လို့ပါဆိုတာ ယုံကြည်ထိုက် သလား မယုံထိုက်ဘူးလား..။ မရိုးသားတဲ့အတွက် ကိုယ့်ကိုဘယ်လိုကြံစည် ဖြားယောင်းခဲ့သလဲဆိုရင်တော့.. ၊

“ရှင့်ကိုကျွန်မကျေးဇူးတင်သင့်နေပါပြီ..”

“ကိုယ်အဲ့ဒါကြားရဖို့ မင်းကိုချစ်ပြနေတာမဟုတ်ဘူး..”

“ဘာကြောင့်ဖြစ်ဖြစ် ကျွန်မဘယ်လောက်မှားနေနေ ရှင်ကဘယ် လောက်ကောင်းနေနေ ကျွန်မနဲ့ရှင်မဖြစ်နိုင်ဘူး..ရှင့်ကိုကျွန်မလက်ခံဖို့ ဘယ် လိုတွေးတွေးမရဘူး၊ ရှင့်ရဲ့သစ္စာမေတ္တာတွေကို အပြည့်အဝထောက်ခံနေကြ တဲ့သူတွေကတော့ ကျွန်မကိုကဲ့ရဲ့ကြလိမ့်မယ်..ဒါပေမဲ့ ကျွန်မ..”

“မင်းကြောက်နေတာပါ..”

မျက်လုံးချင်းဆုံသွားကြသည်။ အတန်ကြာဘာစကားမှမပြောဖြစ်ဘဲ ငေးကြည့်နေမိကြသည်။ ဒါဒါ အရင်မျက်ဝန်းတွေရှေ့ဖယ်သွားတော့ သူမ ကိုင်ထားသည့်အိတ်ကိုဆွဲယူပြီး စားပွဲပေါ်လှမ်းတင်လိုက်ကာ.. ၊

“မင်းဘဝအတွက် ကိုယ့်ကိုရပ်တည်ကာကွယ်ခွင့်ပေးပါ..လိုချင်တာက မင်းရဲ့ခင်ပွန်းအဖြစ် ကြည်ဖြူစွာလက်ခံပေးဖို့ပဲ၊ ညကကြီးကြီးတို့လိုက်လာ ကြတာ ရပ်ကွက်လူကြီးတွေနဲ့ အပ်နှံသွားတာတွေအားလုံး ကိုယ်စီစဉ်တာ လုံးဝမဟုတ်ဘူး..မင်းစိတ်ထဲမှာ အဲ့ဒါကိုကိုယ်ကချောင်ပိတ်ဖမ်းသလို တွေး နေမှာစိုးတယ်၊ ဒါပေမဲ့ အဲ့လိုလုပ်ပေးတဲ့အတွက် ကြီးကြီးကိုကျေးဇူးတင်တာ တော့ အမှန်ပဲ..အဲ့ဒါလည်း မင်းရဲ့ဂုဏ်သိက္ခာအတွက်ပါ..”

သူ ဒါဒါမျက်နှာလွှဲထားတဲ့ဘက်ကို ရွှေ့ရပ်လိုက်ပြီး ပခုံးချင်းထိသွား တဲ့အထိ အနားတိုးသည်။ ပြီးတော့ မျက်နှာငုံ့၍.. ၊

“ဘာဖြစ်လို့လဲဆိုတော့ ဒီအခြေအနေကို ကိုယ်ဘယ်လိုမှလက်လွှတ်

ခံမှာမဟုတ်တဲ့အတွက် မင်းရဲ့ခင်ပွန်းရာထူးကနေ ဘယ်တော့မှပြန်ပြီးနုတ်ထွက်သွားမှာမဟုတ်ဘူး..ဒါကြောင့် မင်းကလက်မခံဘဲ ဒီတိုင်းနေရင် ဟိုမရောက်ဒီမရောက်အခြေအနေမှာ မင်းဂုဏ်သိက္ခာထိခိုက်လာမှာ..”

“အဲ့ဒါလည်း ခြိမ်းခြောက်ခြင်းမည်သေးတယ်ဦးသားကိုကို..”

“မတတ်နိုင်ဘူး..ဘာဖြစ်ဖြစ် ဒီအခြေအနေကိုရလာတဲ့ကိုယ်က မင်းကိုပိုင်ဆိုင်ခွင့်ရှိနေတဲ့သူမို့လို့ပဲ..”

ဒါဒါက ခေါင်းခါပစ်လိုက်ပြီး.. ၊

“မဟုတ်ဘူး..အဲ့ဒါကျွန်မဖန်တီးမိတဲ့အခြေအနေ..ကျွန်မကြောင့်..”

“အဲ့လိုဘာလို့တွေးနေတာလဲချာတိတ်..မင်းဖြတ်သန်းခဲ့ရတဲ့တောက်လျှောက်မှာ ဒီလောက်တော့ပြန်လုပ်သင့်တယ်ဆိုတာ ကိုယ့်ကိုယ်ကိုအမှတ်ပြည့်ပေးလိုက်ပါ၊ ကိုယ်ဘာလုပ်လုပ်မှားတယ်ချည်းထင်နေရင် နောက်ထပ်အမှန်တရား မင်းအတွက်ထပ်ရှိလာမှာမဟုတ်ဘူး..မင်းအဲ့လိုမိန်းကလေးမဟုတ်ပါဘူး၊ ကိုယ်နဲ့မျှဝေရမယ့်အလှည့်ကျမှ သတ္တိနည်းနေတာ မင်းကိုယ်မင်းစဉ်းစားမိရဲ့လား..”

“အဲ့ဒီတော့ ရှင်ဘာပြောချင်တာလဲ..”

“မင်းကိုယ့်ကိုချစ်နေတာ..”

မျက်နှာမှာ ဖျန်းခနဲပူသွားသည်။ မျက်ဝန်းတွေကို ကွယ်ဝှက်လိုက်နိုင်ပေမယ့် တစ်ကိုယ်လုံးပူနွေး၍ ရှိန်းရှိန်းထသွားသောလှိုက်ဖိုခြင်းက ဝဲဘက်ရင်အုံမှာ စည်းတီးမြည်၏။ ထိုစဉ် ကိုကို့ဖုန်းကမြည်သံပေးလာလျှင်.. ၊

“ကြီးကြီးခေါ်နေပြီ..”

“ကျွန်မ မလိုက်..”

“တော်ပါတော့ချာတိတ်ရာ..ကိုယ်ဘယ်လိုတောင်းပန်ရမလဲ..”

သူမကြောက်နေသည်။ သူပြောတဲ့အတိုင်း သူမမှာသတ္တိမရှိတာပဲဖြစ်လေသည်။ ဒီယောကျ်ားကိုယ့်အပေါ်ချစ်နေသည်မှန်လျှင် သူမအိပ်မက်မက်နေပြီ။ စောင့်နေသည့်ကားကြီးပေါ် သူနဲ့လက်တွဲပြီးတက်သွားကြလေသတည်းဆိုရင် အဲ့ဒါလည်းအိပ်မက်ပဲဖြစ်လေသည်။ ထိုအိပ်မက်ကိုဖျက်ဆီးမည့်သူက မြတ်ဧကရီ..။ အမုန်းငြိုးတွေအများကြီးနှင့်ထိုမိန်းမသည် ‘ငါရှုံးခဲ့ပြီ’ဆိုပြီး ရပ်ကျန်ခဲ့မှာမဟုတ်။ ကိုကို့ကိုကွာပေးခဲ့တာတောင် မပြတ်သားနိုင်အောင်တွယ်တာနေသည့်ချစ်ဇောက ကိုယ့်ကိုသတိရတိုင်း မုန်းနေလိမ့်မည်။ ထို့ကြောင့် မုန်းစိတ်နာသမျှ ကျိန်ဆဲနေမည်။ ထို့နောက် မဟုတ်တမ်းတရားမကောင်းပြောခြင်းတို့ဖြင့်.. ၊

“မတေးနဲ့တော..”



ကိုကိုက လက်ကိုဆုပ်ကိုင်လိုက်လျှင် ဒါဒါလန့်သွားပြီး ဆတ်ခနဲရုန်းပစ်မိ၏။ ပြီးတော့ ဘေးတိုက်ခြေလှမ်းဆုတ်မိကာ.. ၊

“ကျွန်မနဲ့သူဖဲကစားခဲ့တယ်..အဖြစ်ကဒါပဲ၊ ရှင်ဘာတွေပြောပြော ဖြစ်သင့်တာ ဘာတွေဖြစ်နေနေ မြတ်ဧကရီဆိုတဲ့မိန်းမကို မမေ့နိုင်ဘဲရှင့်ကို..”

“ဟုတ်ပြီ..မင်းစိတ်ကိုကုစားပါ၊ မင်းမကြည်ဖြူသရွေ့ ကိုယ်စောင့်ထိန်းမယ်လို့ပြောပြီးသားပဲ..ဒါပေမဲ့ ကိုယ်နဲ့ပဲနေရမယ်၊ ကိုယ့်ကိုမင်းယောကျ်ားလိုဆက်ဆံရမယ်..သဘောတူလား..”

ဒါဒါမဖြေခင် သူမလက်လေးတစ်ဖက်ကို ပြန်ဆွဲယူလိုက်သည်။ ဒီတစ်ခါရုန်းထွက်လို့မရတော့အောင် ဖိဆုပ်ထားမိရင်း.. ၊

“ညက မင်းကိုယ့်ကိုပစ်ထားတုန်း ကြီးကြီးဖုန်းဆက်တယ်..ရန်ကုန်ပြန်မယ်၊ မင်္ဂလာပွဲကို တခမ်းတနားလုပ်မယ်တဲ့..သူအရမ်းပျော်နေတာကွ၊ ဧကရီ့ကြောင့် တစ်အိမ်လုံးကြိမ်မီးအုံသလို ပူလောင်ခဲ့ရတာလေ..ပြီးတော့ ပြောသေးတယ်၊ ကြီးကြီးလည်းကိုယ့်လိုပဲ..မင်းမျက်နှာလေးကိုမြင်လိုက်တည်းက ချစ်တယ်တဲ့..”

## အခန်း(၁၂၅)

"အဲ့ဒါညည်းကိုချစ်လွန်းလို့ပေးတယ်မှတ်နေသလားကေရိ..ကွာရှင်းစာချုပ်ကြောင့်ပေးခဲ့တာ၊ ညည်းပေးခဲ့တဲ့တန်ဖိုး ဘယ်လောက်ကြီးသလဲ အခုတွေ့ပြီမို့လား.."

"လိုချင်လို့ပဲ လက်မှတ်ထိုးပေးလိုက်တာမေမေ..ကွာရှင်းပေးပေးမပေးပေး သူ့ကိုကေရီပိုင်ရလို့လား၊ သူ့အနားကပ်ရဖို့မပြောနဲ့ သူ့အရိပ်လေးတောင် နင်းခွင့်ရှိခဲ့သလား.."

"အေး..အဲ့ဒါက ကိုယ်မရတာပဲရှိတာ၊ အခု ဟိုမှာတခြားမိန်းမနဲ့မင်္ဂလာပွဲကြီး ခြိမ့်ခြိမ့်သဲကျင်းပတော့မယ်.."

ရင်ထဲမှာအောင့်သွားသည်။ ဒီလိုသတင်းကို ပြုံးပြုံးလေးနားထောင်ဖို့တော့ အင်အားမဲ့နေသေးသည်ထင်၏။ ပြောသည့်လူကလည်း တစ်ဖက်က အသံပျောက်သွားတဲ့အထိ သတိမထားနိုင်.. ၊

"ရှန်ဂရီလာမှာတစ်ရက် အင်းယားလိတ်မှာတစ်ညတဲ့..ဖျော်ဖြေရေး အစီအစဉ်တွေဆိုတာ.."

"အဲ့ဒါမေမေက အားရလို့လာပြောနေတာလား..ဘယ်သူမှမသိသေး တာကို မေမေအတိအကျသိလာတာပဲ.."

သည်းမခံနိုင်သည့်အဆုံးမှာ ပိတ်ပြောလိုက်မိသည်။ ဒေါ်မာလာခိုင်



လည်း ဆတ်ဆတ်ထိမခံ.. ၊

"မိဘကိုဘယ်လိုမေးလိုက်တာလဲကေရီ..အဲ့ဒါ ညည်းသူ့ကိုကွာရှင်း ပေးလိုက်လို့ဖြစ်ရတာတွေပဲ.."

ဗေဒါဖြူကိုတော့ လက်မထပ်ရဘူးဆိုတဲ့ ကတိပါတောင်းခဲ့တာပါ။ ဒါပေမဲ့ ကိုယ်ကိုယ်တိုင်လင်ကိုချထိုးပြီး ငွေရှာခဲ့မိသည့်အဖြစ်သည် ကစား တာပါလို့ပြောလို့လည်းမဖြစ်။ ငွေနဲ့ပြန်လဲမယ်ဆိုရအောင် ကိုယ်နိုင်ထား တဲ့ငွေတွေပါ သူမကိုပုံအပ်ခဲ့ရသည်။ ဒါ့အပြင် အနားမှာဝိုင်းဝိုင်းလည်ရှိနေ ကြသည့်သက်သေတွေကလည်းအားလုံးက ကိုယ့်လူတွေဆိုပေမယ့် လောင်း ကစားဝိုင်းရဲ့အရှုံးအနိုင်ရလာဒ်ကိုသာ စိတ်ဝင်စားကြသည်။ ဒီပွဲအတွက် သက်သေအဖြစ်ရပ်တည်ကြဖို့သာရှိကြသည့်လူတွေ။ အဖြစ်အပျက်တို့သည် ကိုယ်သာလျှင်အမှားကြီးမှားဖို့ တစ်ခုပြီးတစ်ခု.. ၊

"ခုရော ညည်းအဆင်ပြေသလား..ပြော.."

မေမေ့အသံပြန်ပေါ်လာသည်။

"လူဆိုတာ ရေရှည်စားဖို့ကိုတွေးရတယ်.."

"အဲ့ဒါကြောင့် သားအဖနှစ်ယောက်စလုံးနဲ့လည်း သင့်တင့်မျှတပါ တယ်ဆိုပြီး ကြည့်နေခဲ့တာလား.."

ရုတ်တရက် မေမေ့ဘက်ကအသံတိတ်သွားတော့ မဲ့လိုက်မိသည်။

"ဘယ်လိုပြောလိုက်တာလဲကေရီ..ဦးကိုကိုကိုရအောင်ယူမှာပဲဆိုပြီး ရေမကကြိုးစားတာ ငါတို့သဘောပါတယ်လို့ ညည်းပြောလိုက်တာလား ဟင်.."

"ရတော့ ငြိမ်နေကြတာပဲလေ..ဦးပေးခဲ့တာတွေ နည်းလို့လား၊ မေမေ့ အိတ်ထဲမှာချည်းပဲ..သမီး.."

"ခုချိန်မှာ ဒီလိုပြောခွင့်ရအောင် ပေးခဲ့တာတွေလားကေရီရယ်..ဟင်၊ ကိုကို့ကိုမြင်တော့လည်း ကိုကို..ကိုကိုမို့လို့ ဦးကိုကိုကိုမေ့ပြီလားဆိုတော့ လည်းမဟုတ်ဘူး၊ သားအဖနှစ်ယောက်စလုံးကို လက်မလွှတ်ချင်တာ ငါတို့ အမြှောက်ပေးခဲ့တာလား.."

"မသိဘူး..ဒါပေမဲ့ အပြစ်ရှိလာရင် ထောက်ပြပြီးကဲ့ရဲ့နေတာ မိသား စုမဟုတ်တာ၊ မေမေအခုဘာတွေပြောနေသလဲ..ဟုတ်ပါတယ် ကေရီမမှန် တာတွေရှိတယ်၊ ရှိလာတိုင်းပြေးပြေးအပြစ်တင်ကဲ့ရဲ့နေတာလည်း မေမေ ပဲလေ..ကိုကို့အမေကိုသတ်ခဲ့မိတုန်းကလည်း.."

ဒါတွေပြောရင် မပြောချင်တာတွေပါပါတော့မည်။ ဦးနဲ့သူမကို ဒေါ် ခင်မာလွင်မြင်သွားတော့ ပြဿနာတွေတက်ကြသည်။ ကိုကိုသိသွားမှာစိုး

သည့်ထိတ်လန့်စိတ်နှင့် သူမဘာတွေလုပ်မိမှန်းလည်း မသိခဲ့ပါ။ အတိ
ခံတွေပြောဆိုကြိမ်းမောင်းရင်း ဒေါ်ဇင်မာလွင်က စာအုပ်ထူကြီးနှင့် သူမ
ကောက်ပေါက်သည်။ ထိုအခါ.. ။

"ဒေါသကြောင့် သမီးမှားခဲ့တယ်..ဦးလည်းသိသွားတယ်၊ ဒါ
ဖိပေးတာပဲ..ကိုလင်းကိုပြောပြီး ဒီကိစ္စဖျောက်ဖျက်ခိုင်းခဲ့တာလည်း ပြီး
တာပဲ..ကိုယ့်အမေကျမှ.."

"ခုပြောနေတာ ညည်းနော်ဇကရီ..မအေတစ်ခွန်းမှမဟသေးဘူး.."

"အဲ့ဒီတုန်းကတော့ မေမေပဲလေ..ငါမှားပြီဆိုပြီး ကိုယ့်ကိုယ်ကို
သေချင်အောင် လက်ညှိုးငေါက်ငေါက်ထိုးပြီး အပြစ်တွေတင်၊ အရူးလို
လိုအော်..အဲ့ဒီအချိန်မှာ သမီးသာစိတ်မခိုင်ဘဲဝန်ခံမိရင် မေမေသမီး
လက်သွားအပ်တော့မှာ.."

"အဲ့လိုလုပ်ခဲ့ရင်လည်း ညည်းကိုစိုးရိမ်လို့ပဲ.."

"တော်ပါတော့.."

ဒေါသတွေပွက်ပွက်ဆူလာသဖြင့် အော်ပစ်လိုက်မိသည်။ ဒေါ်မာ
ခိုင်ဘက်ကလည်း တိတ်ဆိတ်မသွားခဲ့ပေ.. ။

"အေးပါ တော်မှာပါ..ညည်းမကြာခင် လောဘကြီးတဲ့ရွှဲကုန်သည်
တော့မယ်၊ မဟုတ်ရင်တော့ ပထဝီမန္တန်ကိုရသွားတဲ့မြေခွေးလို.."

"အဲ့ဒါမေမေ့သမီးပဲ..ဂုဏ်ယူလိုက်တော့.."

မိုက်ရိုင်းပြီဆို စဉ်းစားညဏ်ဆိုတဲ့အကန့်ကို မီးမှောင်ချပြီးသား..

"ခုလည်း မေမေဝမ်းသာလို့ရအောင် ထပ်ပြောလိုက်မယ်..ဇကရီ
ဝန်ယူလိုက်ကာမှ နှစ်ထပ်ခွဲတိုက် ကွန်ဂရစ်တွေအက်ရာပေါ်နေပြီ၊ အ
တိုက်က အိမ်ရာစီမံကိန်းနဲ့ဆက်စပ်နေတော့ ရှေ့ဆက်လို့မရသေးဘူး..အ
တော့ ဇကရီမှားသွားပြန်ပြီ၊ မေမေရဲ့စိုးရိမ်ပူပန်မှုတွေနဲ့ ကျိန်စာတိုက်လို
ပါဦး..ဇကရီဘာနဲ့တူသွားပြီလဲ.."

မေမေ့ဘက်ကဖုန်းချလိုက်တာ ကြိုးဖုန်းသာဆို ဂွက်ခနဲမြည်သွား
သည်။ သူမမဲ့ရွဲ့ပစ်ရင်း ဖုန်းကိုပြန်ကြည့်မိသည်။ အိမ်ရာစီမံကိန်းမှာ အ
ပိုင်ရှင်တချို့အတွက် ဒုတိယအပြီးသပ်ငွေချေခြင်းအရစ်ကို သူမအမိအရ
ချင်ခဲ့သည်။ ဒါကိုရမှ ဘတ်ဂျက်တွေကိုင်၍ လုပ်ချင်တာလုပ်နိုင်မှာဖြစ်
ယောက်ျားတစ်ယောက်အတွက် တွေဝေမှားယွင်းခဲ့သမျှ ကိုယ့်အတွက်မ
နိုင်သည့်အချစ်အတွက် ဘာကိုနောက်ဆံတင်းနေရမှာလဲ..။ ဘာတစ်ခ
ကိုယ့်အပေါ် မသထာကြသည့်လူတွေဆီက တစ်ခုခုရဖို့ ကျောက်ခဲနို့ည
သလို ဒါမှမဟုတ် သူတောင်းစားတောင်းသလိုဖြစ်နေရသည့်ဘဝမှာ ဘ



ပျော်ရမလဲ.. ။

ထို့ကြောင့် သူမစွန့်လွှတ်ခဲ့သည်။ ဒါဒါကိုတစ်သက်လုံးကျွန်ပြုနိုင်
အတွက် ကိုယ်စွန့်လွှတ်ပြီးသည့်လူနဲ့ ချခင်းနင်းဖို့ကြိုးစားခဲ့သည်။ ဒါဘာ
ခဲ့သလဲ..။ ကိုကို့ကိုပေးလိုက်ရခြင်းမပေးလိုက်ရခြင်းအတွက် ကိုယ့်မှာ
ပွားလာဖွယ်မရှိခြင်းသည် ရှုံးရှုံးနိုင်နိုင် ဘာမှမထူး။ ဒါကိုမိခင်တစ်
သက်လုံးက အမြဲတမ်းအပြစ်တင်လက်ညှိုးထိုးနေခဲ့တာ ဘာကြောင့်လဲ..
ဆုံးသတ်အဖြေက နောက်ထပ်လာဘ်ရွှင်ဖွယ်မရှိတော့သည့် ယတြာတစ်
ကို စွန့်ပစ်လိုက်ခြင်းသာ..။ ထိုစဉ်.. ။

"တင်းတောင်.."

တံခါးဘဲလ်သံကြောင့် အတွေးစတို့ပြတ်တောက်သွားခဲ့သည်။ ကိုယ့်
အိမ်ကိုယ့်နေရာပြန်လာခဲ့တာပေမယ့် မန္တလေးမှာအနေကြာခဲ့သည်မို့ အိမ်
အလုပ်သမားတွေလည်း မခန့်နိုင်သေး။ ခြံစောင့်တစ်ယောက်နဲ့လတ်တ
လာခေါ်ထားသည့်အိမ်အကူတစ်ယောက်ကလည်း မနက်လာ ညနေပြန်။
ကြောင့် အိမ်ရှေ့ရောက်လာသည့်ဧည့်သည်ကို ကိုယ်တိုင်တံခါးဖွင့်ပေးရ
သည့်အခြေအနေရှိရာ.. ။

ဟင်.. ။

ထွက်လာခဲ့သည်ခြေလှမ်းက တုံ့ခနဲဖြစ်၏။

"တေဇ.."

လယ်သာဂျာကင်အစိမ်းရောင်နှင့် ဆံပင်ကိုတစ်ခြမ်းစောင်းထောင်
ထားပြီး စတိုင်တစ်မျိုးလုပ်ထားသည်။ ပါးရိုးထောင်တာ အစကကြည့်
ကောင်းပေမယ့် အနည်းငယ်ပိတ်သွားသည်နှင့် ရုပ်ဆိုးသည့်ဘက်ကိုရောက်
လေသည်။

"ကိုယ့်ကိုတံခါးဖွင့်မပေးဘူးလား.."

"ဆောရီးပဲတေဇ..ငါ့မှာလင်မရှိတော့တဲ့အတွက် ပိုပြီးမတင့်တယ်ဘူး၊
နင်ပြန်တော့.."

"ဇကရီရယ်..လင်ရှိတုန်းကလည်း မင်းကိုသူကာကွယ်မပေးခဲ့ပါဘူး၊
ကိုယ်တို့ခိုးစားတာပေါ်တော့လည်း ကိုယ်ပဲရှင်းပေးခဲ့ရတာပါ.."

"တေဇ.."

"ဟား ဟား ဟား .."

တေဇ ပိတ်ထားသည့်ဘာဂျာတံခါးကို ကိုင်ထားရင်း တဟားဟား
ယ်သည်။ မစားရတဲ့အမဲ သဲနဲ့ပက်ဖို့ပြင်ဆင်လာသည့် စိတ်ရိုင်းတို့နှင့်
ဘာဇမျက်လုံးတွေက ဝင်းဝင်းလက်လက်ဖြစ်နေသည်။ ထို့ပြင် ဇကရီ့တစ်

ကိုယ်လုံးကိုကြည့်လိုက် တိုက်ကြီးကိုကြည့်လိုက်နှင့်.. ၊

"ကိုယ့်ကိုတစ်ခါလောက် အခွင့်အရေးပေးဖို့ စဉ်းစားမိရဲ့လား... ကိုယ်တို့ခိုးတွေ့ခဲ့တယ်၊ မင်းချောင်ထိုးခဲ့တော့လည်း ကိုယ်ကျန်ခဲ့ရ... ကိုယ့်ရင်သွေးကိုဖျက်ချပါ့မယ်ဆိုတာတောင် ကိုယ်ကိုယ်တိုင်ကူညီ... ကောင်လေ.."

အဲ့ဒါ နင်ကသောက်သုံးမကျတဲ့ယောကျ်ားမို့ပဲလို့ ပြောပစ်လို... သည်။ ဒါပေမဲ့ မပြောဖြစ်လိုက်ဘဲ.. ၊

"အပိုတွေလာပြီး တယောထိုးမနေနဲ့..နင့်ကိုငါကျေနပ်လောက်... ပေးလိုက်လို့ နင်နောက်ဆုတ်ခဲ့တာ၊ ကိုယ်ဝန်ဆိုတာလည်း နုနုလေးပဲရှိ... တာ..ဟုတ်ချင်မှလည်းဟုတ်မှာကို ငါအကြောက်ကြီးခဲ့လို့ နင့်လိုလူညံ့... ဖွင့်ပြောမိတာ.."

"ဒါကြောင့် အမှားကြီးမှားသွားတာလို့များ တွေးလိုက်မိသေးလား..."

"တွေးမိတာပေါ့..ဒီမှာတေဇ.."

ဇကရီက တံခါးနားပိုနီးအောင် တိုးလိုက်သည်။ ပြီးမှ ဖုန်းတစ်... နှင့်ဆုပ်ကိုင်ထားသည့် တေဇလက်ကိုကြည့်ပြီး နောက်ပြန်ဆုတ်၍.. ၊

"နင့်ကိုငါထပ်ပေးစရာလည်း ဘာမှမရှိတော့ဘူး..ငါ့လုပ်ငန်းအဝေါ... ခံလိုက်ရတာ နင်သိပါတယ်.."

"မင်းနဲ့ပတ်သက်တာအားလုံး ကိုယ်သိတာပေါ့ဇကရီရယ်..မင်းယော... ကျ်ားမပေးခဲ့တာတွေလည်း ကိုယ်ပဲပေးခဲ့တာ မဟုတ်ဘူးလား၊ ကိုယ်က... လူပေမယ့် မင်းလွယ်ထားတဲ့ကိုယ့်ရဲ့ကိုယ်ဝန်လေးကိုတော့ ငါ့ရင်သွေး... ဆိုတဲ့ပီတိနဲ့မြင်ချင်မိတာပဲ..သားကိုကိုကိုအဖေဖော်ပြီး မွေးခဲ့ရင်တော... ကိုယ့်ကလေးအတွက်ငဲ့ပြီး ကိုယ်ကကျေနပ်ပေးဦးမှာ.."

"နေစမ်းပါဦး..နင်ဒါတွေခုမှလာပြောနေတာ ဘာလိုချင်လို့လဲ၊ ဘာ... ဖြစ်ချင်တာလဲ.."

"ကြိုက်တယ်..မင်းအဲ့လိုသိတတ်ဖို့လိုနေတာ၊ ကိုယ်လိုချင်တာ အခု... တံခါးလေးဖွင့်ပေးဖို့ပဲ.."

"တောက်.."

"မင်းတစ်ယောက်တည်းတိုက်ကြီးထဲမှာ ခြွေရံသင်းပင်းတောင်တ... ယောက်မှမရှိဘဲ ပျင်းဖို့ကောင်းတယ်.."

"ဖွင့်မပေးနိုင်ဘူး..နင်အခုမပြန်ရင် ငါရဲကိုဖုန်းဆက်မယ်.."

"ဟား ဟား ဟား.."

တေဇ ဟားတိုက်ရယ်နေသည့်ပါးစပ်ကြီးကိုစိုက်ကြည့်ရင်း လူသ...



ချင်စိတ်တွေပေါက်လာခဲ့သည်။ မလုပ်နဲ့.. ဒီကောင်ကနင့်ထက်ပိုညစ်တတ်တယ်..။ နင်သူနဲ့ရန်သူဖြစ်လို့မဖြစ်ဘူး.. ၊

အံကြိတ်လက်သီးဆုပ်ရင်း ကိုယ့်ဒေါသကိုမချိမဆန့် မျိုသိပ်နေရသည်။ သူမပုံစံကို တေဇကအပြင်ကနေ အကဲခတ်၍.. ၊

"တကယ်ဖုန်းဆက်တော့မှာလား..ကြောက်လိုက်တာကွာ၊ ဟား ဟား ဟား.."

တေဇက ပခုံးတွေတွန့်၍ မုန်းတီးဖွယ်ရယ်မောနေလျက်.. ၊

"ဒါဆိုရင် မင်းအရင်လက်ထိပ်ခတ်ခံရမှာနော်..ဒီမိန်းမ ကျွန်တော့်ရင်သွေးကို ဖျက်ချပါတယ်ဆိုပြီး ဘယ်နေရာ ဘယ်ဆရာမနဲ့ ဘယ်လောက်ကုန်သွားတာကအစ.."

"တေဇ..အဲ့ဒါတွေ နင်အကုန်လုံးခေါင်းဆောင်ခဲ့တာနော်၊ နင်ဘာဖြစ်ချင်တာလဲ..ပြော ခုပြောစမ်း.."

"ဟား ဟား ဟား..ငါကလိုက်လျောခဲ့ရတဲ့ကောင်ပါ၊ ငါ့ရင်သွေးကိုမင်းသတ်နေတာကိုလေ.."

တံခါးလည်းမဖွင့်ရဲဘဲ အထဲကနေလက်ထုတ်၍ တေဇကိုလှမ်းထုသည်။ တေဇက မထိတထိလေးဆုတ်ရှောင်ရင်း ရယ်နေသဖြင့် ကုတ်ဆွဲတာရော ရိုက်နှက်တာရော ဇကရီလက်လေးက လေထဲမှာပဲ ဟိုမမိဒီမမိ..၊

"သနားစရာပဲဇကရီရာ..ကိုယ့်ကိုလုပ်ချင်ရင် တံခါးတော့ဖွင့်မှရမှာပေါ့.."

ဒီကောင် ငါတံခါးဖွင့်လိုက်ရင် ဘာလုပ်မှာလဲ.. ၊

ဘယ်သူ့ကိုမှ အောက်ကျခံမဆက်ဆံတတ်သည့်မာနက သံတံခါးတွေကို ဆုပ်ကိုင်ရင်း ပြင်းပြင်းထန်ထန်တက်ခေါက်၍.. ၊

"နင်ငွေလိုချင်တာလား..ရမယ်.."

သည်းမခံနိုင်သည့်အဆုံးမှာ ဘာစကားမှပြောမနေတော့ဘဲ ကိုယ့်ဘာသာဆုံးဖြတ်၍ ချာခနဲလှည့်ဝင်သွားသည်။ ပြန်ထွက်လာသည်။ လက်ထဲမှာ တစ်တောင်နီးပါးရှိသည့် ပွင့်လျက်သားအနီရောင်လက်ကိုင်အိတ်လေးပါလာသည်။ သူမလှုပ်ရှားသွားပုံက ဖြစ်နိုင်လျှင် တေဇကိုအမှိုက်လိုလွှဲထုတ်ပစ်ချင်နေတာမျိုး.. ၊

"ရော့..ဒါ ငါပေးနိုင်တာအကုန်ပဲ.."

သံပန်းကွက်ကြားထဲကနေ အိတ်ကိုမရမကထိုးထည့်သည်။ ပွင့်နေသည့်အထဲကနေ တစ်သောင်းတန် ငါးထောင်တန်အုပ်တချို့ တဘုတ်ဘုတ်ထွက်ကျကုန်၏။ ထို့နောက် လက်ရောအိတ်ပါ အပြင်ထုတ်လို့ရသွားတာ

နှင့် တေဇကိုအိတ်နဲ့ပစ်ပေါက်လိုက်၏။

"ဒါဘာအတွက်လဲ.."

"နှင့်ပါးစပ်ကိုပိတ်ထားဖို့လေ..အဲ့ဒီကိုယ်ဝန်ဖျက်တဲ့ကိစ္စပေါ်သွားရင် နှင်ရောဂါရောလွယ်မှာမဟုတ်ဘူးဆိုတာ နှင့်ခေါင်းထဲထည့်ထားပြီး ပြန်လိုက်တော့.."

ထိုစဉ် လူရိပ်တစ်ရိပ်ပေါ်လာကာ.. ၊

"မင်းငွေတွေသုံးနေတာ အဲ့လိုတွေလုပ်ဖို့လား.."

"ကိုကို.."

ဇကရီကြက်သေသေ၏။ အဖြူနဲ့နက်ပြာစင်းကျား တီရှပ်လက်ရှည်နှင့် ဘောင်းဘီရှည်နက်ပြာကိုဝတ်ထားသော ကိုကို့ပုံစံက မျက်လုံးထဲမှာ ပြိုးပြတ်လက်သွားသလိုပင်။ သူချောတာသန့်တာတွေကြောင့်မဟုတ်ဘဲ ကိုယ့်ကိုသေစေရှင်စေနိုင်သော လက်နက်ကြီးတစ်ခုကို မြင်လိုက်ရသလိုမျိုး.. ၊

ကိုကိုက သူမပစ်ချပေးထားသည့်ပိုက်ဆံတွေကို အေးဆေးငုံ့ကောက်ရင်း အိတ်ထဲကိုပြန်စုထည့်ကာ မျက်လုံးအပြူးသားနှင့်ရှိနေသည့်သူမလက်ထဲကို ထည့်ပေးလိုက်ရင်း.. ၊

"မင်းပါးစပ်ကိုပဲပိတ်ပြီး အေးဆေးနေ..ဒါကငါ့အပြင်နောက်ထပ်ဘယ်သူမှမသိစေချင်ရင်.."

"ကိုကို.."

သူမဖြေရှင်းဖို့ပြင်လိုက်စဉ် တေဇက သူကိုင်ထားသည့်ဖုန်းကို ကိုကို့လက်ထဲထည့်ပေးလိုက်တာ မြင်လိုက်ရလျှင်.. ၊

"တေဇ..နင် နင်ဘာလို့ဒီလောက်ယုတ်မာတာလဲ၊ ငါ့ကိုဒီလောက်တောင် နင်လုပ်ရက်တယ်..လူယုတ်မာ.."

တေဇမျက်နှာမှာ ခုနကမြင်ရသည့် လှောင်ရယ်ခြင်းတွေ ခနဲ့ပြုံးတွေဘာမှရှိမနေတော့ပေ။ တည်ငြိမ်စိမ်းသက်သောမျက်ဝန်းတို့ဖြင့် သူမကိုစူးစိုက်ကြည့်၍.. ၊

"ယောကျ်ားတစ်ယောက်ကို မင်းချောင်ထိုးလို့ရတယ်..သူ့မာနကိုတော့ စော်ကားလို့မရဘူး၊ မင်းကဘယ်လိုပေးဆပ်မှုနဲ့မှ မထိုက်တန်တဲ့မိန်းမ.."

"နင်..နင်အယုတ်တမာကောင်.."

ကယောင်ကတမ်းတွေဖြစ်ကာ လက်နှစ်ဖက်ကိုပြန်လျှိုသွင်းလိုက်တော့ ကိုကိုထည့်ပေးခဲ့သည့်ပိုက်ဆံအိတ်က ဘုတ်ခနဲပြုတ်ကျ၏။ တံခါးကို



အသည်းအသန်ဆွဲဖွင့်နေပြီးမှ သော့ခတ်ထားတာကိုသတိရသည်။ ကိုကို့ကားသံကြောင့် ကြေကွဲစွာမော့ကြည့်မိရင်း.. ၊

"နင်ယောကျ်ားဖြစ်ပြီး မိန်းမတစ်ယောက်ကို ဒီလောက်တောင်ပက်ပက်စက်စက်လုပ်ကြံရလားဟင်..မစားရတဲ့အမဲ သဲနဲ့ပက်တာလား.."

"ငါအဲ့လောက်မယုတ်မာဘူး..ဒါပေမဲ့ ငါ့လည်ပင်းကိုကြိုးကွင်းစွပ်တော့မယ်ဆိုရင်တော့ လည်ပင်းပြောင်းဖို့ကြိုးစားရမှာပဲ.."

ကိုကိုဆိုတဲ့လူ တော်တော်လည်ပါသည်။ သူ့ဆီရောက်လာပြီး သူ့ကလေးကိုဖျက်ဆီးမှုနဲ့ တရားစွဲဖို့ပြော၏။ ဘယ်သူမဆို ထမင်းရည်ပူစကားတော့ပြောကြမှာပင်။ ဒီထဲမှာ ကိုယ်ကတော့ ခံစားချက်အပြည့်နဲ့ ဖွင့်ဟခဲ့တာပါ။ အမှန်တရားကို သက်သေယူထားဖို့ ကြိုးစားနေသည့်ယောကျ်ားတစ်ယောက်အတွက် ရသလောက်အမြတ်ထုတ်နေသည့် မိန်းမတစ်ယောက်၏အန္တရာယ်ကလွတ်မြောက်ဖို့ သူကူညီဖို့ဆုံးဖြတ်ခဲ့သည်။

ငါမှားတယ်ဆိုရင်တောင် ငါ့ရဲ့အမှားကမင်းပဲဇကရီ.. နောက်ဆိုဘယ်တော့မှ မေတ္တာကိုလှေကြဲ့မစီးနဲ့..

အခန်း(၁၂၆)

“သားဘယ်ကပြန်လာတာလဲ..”

“အင်းယားလိတ်ကဟိုတယ်လ်မန်နေဂျာနဲ့သွားတွေ့တာ..ကျွန်တော်လိုချင်တဲ့ရက်က ဂျန်နဲ့ဖြစ်နေလို့..”

ပြန်ဖြေရင်း မျက်လုံးကတစ်အိမ်လုံးကို ဝေ့ခနဲတစ်ပတ်ပတ်၏။ ပြီးတော့ ထိုင်လိုက်ရင်း.. ।

“ချာတိတ်အဆင်ပြေရဲ့လားကြီးကြီး..သူ့အတွက် ခပ်ငယ်ငယ်အိမ်အကူတစ်ယောက်ခေါ်ထားတယ်၊ နောက်တစ်ပတ်မှလာနိုင်မယ်ဖြစ်နေလို့..တခြားသူတွေကလည်း စိတ်မချရလို့..”

“အဲ့ဒါတွေကြီးကြီးစီစဉ်ပါ့မယ်သားရယ်..ရန်ကုန်ရောက်တာက သူ့အရပ်ဒေသပေမယ့် ဒီအိမ်ကသူ့နေရာမဟုတ်ဘူးလေ၊ ကြီးကြီးကရင်းနှီးအောင်နေပေမယ့်လည်း ခုမှသိကြတာ..”

“အဲ့ဒီတော့ ကျွန်တော်နဲ့ဆိုရင် အဆင်ပြေမယ်လို့ပြောတာလား..”

“အဲ့လိုပဲတော့မဟုတ်ဘူး..ဒါပေမဲ့..”

“မထင်နဲ့ကြီးကြီး..ကျွန်တော်နဲ့မျက်နှာချင်းဆိုင်မိတာနဲ့ မတည့်တာတွေပဲပြောမိကြတာ၊ မသိရင် မျက်စိမပွင့်သေးတဲ့ခွေးပေါက်လေးကျနေတာပဲ..”



ပြောပြီးရယ်နေသည်။ ဆံပင်တွေသပ်ပြီး မျက်နှာမော့လိုက်တော့ မျက်ဝန်းက ချစ်စနိုးကြည်နူးရိပ်တွေကိုမြင်လိုက်ရသည်။ ဒေါ်မေစိုးဦးကျေနပ်သွားသည်။ ခုတော့ ကိုကိုပြုံးနိုင်ရယ်နိုင်ဖြစ်ခဲ့ပြီးလား..။ အပြင်သွားခါနီး ဒါဒါ့ကိုစကားလိုက်ပြော ပြန်လာရင်ဘယ်မှာလဲမေး။ အဆင်မပြေတွေပြောဆိုနေသံကြားလည်း ကိုကို့ကိုမြင်လိုက်ရရင် စိတ်ရှုပ်စိတ်ပျက်နေပုံအလျှင်းမရှိ.. ।

“ကြီးကြီးနဲ့သူ ဈေးလိုက်ဝယ်တာရော အဆင်ပြေလား..”

“ပြေပါ့ရှင်..ကြီးကြီးကိုတော့ ဘာတစ်ခုမှ ငြင်ငြင်ယောင်မရှိဘူး၊ လိုမှာလိုက်တာလည်း ကြီးကြီးမျက်နှာညိုတာနဲ့ ရှူဆေးဘူးပြေးဝယ် ယပ်ခပ်ပေးနဲ့ တချို့ဆိုင်တွေက အတွင်းမှာပူတယ်လေ..”

“ဒါဆိုမင်္ဂလာကိစ္စ သူလက်ခံသွားပြီဆိုတဲ့သဘောပေါ့..”

“မိန်းကလေးပဲသားရယ်..အဖက်ဖက်က ပြည့်စုံသာလွန်နေတဲ့ယောကျ်ားကို လက်မထပ်ချင်ဘဲနေပါ့မလား၊ ဒါဒါဘယ်လိုခံစားနေရတယ်ဆိုတာ ကြီးကြီးနားလည်တယ်..ဒါကြောင့် သနားလည်းသနားတယ်၊ စိတ်လည်းမကောင်းဘူး..စိတ်ဓာတ်ခိုင်မာတယ်၊ စိတ်ဓာတ်စာရိတ္တကောင်းတယ် -ရုပ်ရည်လေးလည်းရှိနေရက်နဲ့ ဒီလိုမိန်းကလေးကျမှ ဘာဖြစ်လို့ဘာမှမရှိရတာလဲ၊ သူရင်ဆိုင်ခဲ့ရတဲ့ဒုက္ခတွေဆိုတာ နည်းတာမှမဟုတ်ဘဲ..”

စကားပြောနေတုန်း ရှေ့မှာကားတစ်စီးဝင်လာတော့ နှစ်ယောက်စလုံးလှမ်းကြည့်မိကြသည်။ ဝေဒက ကားပေါ်ကနေဆင်းပြီး တံခါးနောက်ပြန်ပိတ်၏။ ထိုအမူအရာကိုမြင်လိုက်တည်းက အရေးကြီးကိစ္စရှိလာပြီမှန်း သိလိုက်ကာ ကိုကိုနေရာကထလာခဲ့သည်။

“ဘာဖြစ်လို့လဲ..”

“မြန်မြန်လိုက်ခဲ့..မင်းချာတိတ် လှည်းကူးမှာပြဿနာတက်လိမ့်မယ်၊ ထွန်းထွန်းပြောတာ ရေဆူအမှတ်ရောက်နေတဲ့ပုံ..”

“ဘာဖြစ်လို့လဲ..ဒါဒါက..”

သူပြောမလို့ပြင်ပြီးမှ အိမ်မှာဒါဒါရှိရဲ့လားလို့ တွေးမိသွားသည်။ ထိုအချိန်တွင် ဒေါ်မေစိုးဦးလည်း အနားရောက်လာပြီမို့.. ।

“ကြီးကြီး..ဒါဒါအိမ်မှာလား..”

“ဟော့အေး..မနက်က ဥမ္မာဆိုတဲ့ကောင်မလေး ရောက်လာတယ်လေ၊ ပြန်တော့ ဒါဒါကလိုက်ချင်တယ်ဆိုတာနဲ့..”

“အဲ့ဒါပဲ..”

ဝေဒကလည်း ထွန်းထွန်းတို့ဖုန်းဆက်တာဖြစ်ကာ ဒါဒါဟိုရောက်

နေရသည့်အကြောင်းကို ခုမှသိရတာဖြစ်သည်။ ထို့ကြောင့် တစ်ယောက်
မျက်နှာတစ်ယောက်ကြည့်မိကြကာ မတိုင်ပင်ရဘဲ ခေါင်းညိတ်လိုက်ကြရသည်။

"ကျွန်တော်လိုက်သွားလိုက်ဦးမယ်ကြီးကြီး.."

"သား ဒါဒါက ဇကေရီ့ဆီတမင်လိုက်သွားတာလားဟင်.."

"မဟုတ်ဘူးကြီးကြီး..သူ့ကိုဘာမှမပြောရသေးဘူး.."

"သြော်..ဒီလိုကိစ္စကြီးကိုသားရယ်၊ ဖြည်းဖြည်းမောင်းသွားနော်..ခင်းကဝေးတော့ စိတ်လောနေရင် အန္တရာယ်များမယ်.."

'အဲ့ဒါ ကြီးကြီးထည့်လွှတ်လိုက်လို့ဖြစ်တာ'လို့တော့ အပြစ်မတင်ရက်ပါ။ ဒါပေမဲ့ မင်္ဂလာပွဲကနေ့စ်ရက်ပဲလိုတော့သည်။ ဒီဇရိယာကိုသွားရင် ပြဿနာရှိမှန်းသိရဲ့သားနဲ့။ တစ်ဖက်ကတွေးကြည့်တော့လည်း ဒါဒါနဲ့ကြီးကြီးက သိပ်မရင်းနှီးသေးပေ။ ဒါဒါ့ကိုနားလည်နေသည့်ကြီးကြီးဘက်က စိတ်ကူးခံပြီး မတားဆီးချင်တာလည်းဖြစ်နိုင်သည်။ ဝေဒကတော့ ကားမောင်းနေရင်း သူ့ကိုလှည့်ကြည့်ပြီးမဲ့၍.. ၊

"ငါပြောတယ်..ပြောစရာရှိတာအကုန်ပြောပြထားပါဆိုတာ အခုအများ ပြောမှသိသွားရင် မင်းတော့ခေါင်းဆင်နင်းပြီပဲ.."

"မတတ်နိုင်ဘူး.."

ကိုကိုကတော့ မျက်မှောင်ကြီးကုတ်လျက် ဂျစ်တိဂျစ်ကန်မျက်နှာနှင့်

"ဇကေရီ့အကြောင်းစလိုက်တာနဲ့ သူမျက်နှာညိုသွားမှာကို ငါမမြင်ချင်ဘူး..ဒီမိန်းမအကြောင်းက ပြောစရာရှိလာရင်တောင် ထည့်ပြောချင်စရာမရှိဘူး.."

"အခု ပြောဖို့ရှိနေပြီလေ..မင်းမပြောချင်လည်း မရတော့ဘူး.."

ကိုယ့်ဘက်ကချိတ်ဆက်ပတ်သက်စရာ ဘာမှမရှိတော့တာမို့ အေးဆေးဖြစ်နေခဲ့မိသည်။ ထို့ကြောင့် ဒါဒါ့ဘက်ကမပြီးသေးတာတွေရှိနေသည့် အဖြစ်ကိုလည်း ပေါ့ပေါ့တန်တန်ထားခဲ့မိသည်။ အရာရာဟာ ကိုယ့်အရိပ်အောက်ထဲမှာပဲရှိနေမှာမဟုတ်မှန်း သိလာသည့်အချိန်မှာ စိတ်ပူရဗျာများရ။ သူမကိုဘယ်အချိန်မှများ ချစ်ခြင်းနဲ့သိမ်းပိုက်ခွင့်ရနိုင်မလဲ.. ၊

"မင်းမပြောနဲ့..ငါတောင်စိတ်မရှည်တော့ဘူး၊ ဒီဇကေရီဆိုတဲ့မိန်းမမင်းနဲ့ဝေးရာကို ဘယ်တော့မှထွက်သွားမှာလဲ မသိဘူး၊ ဒီပတ်ဝန်းကျင်မှာပဲ လှည့်ပတ်ခွေနေတယ်..ခွေနေတော့လည်း အေးအေးမနေဘူး၊ ဟိုလူ့လှည့်ကြ ဒီလူ့လှည့်ကြ..မကောင်းကြံရတာကို ဝါသနာကြီးတာလား၊ သူ့အမေကပဲ မကောင်းကြံခြင်းကို အိုဗာစွမ်းအားတွေနဲ့ မွေးလွှတ်လိုက်တာလား..မန္တလေးက အမှုတန်းလန်းနဲ့တောင် ဒီရောက်နေတာကြည့်.."



"ဒေါ်ချစ်မမလက်ထဲ အကုန်ထိုးအပ်ခဲ့ပြီဥစ္စာ..သူ့ဒုက္ခမခံချင်လို့ ဟိုကခွမ်းမိုးသမျှ ခေါင်းလျှိုပြေးလာတာပေါ့.."

"အေး..အဲ့ဒါ မင်းပစ္စည်း မင်းစီးပွားနော်၊ ပြောပုံက.."

"သူ့လက်နဲ့ထိပြီးသမျှ အပျက်အစီးတွေဆို ဘယ်လောက်တန်ဖိုးကြီးကြီး ငါစိတ်မဝင်စားဘူး..ဘာတွေဖြစ်ဖြစ် ဘာတွေကုန်ကုန်.."

ကိုကို့မျက်နှာက စိတ်ပျက်ခြင်းတို့ပြောင်းမြောက်စွာ စွန်းထင်းလျက်..

☎

## အခန်း(၁၂၆)

"ဟယ်..ဟုတ်သားပဲ.."

ဒီလိုအသစ်စက်စက်တိုက်ကြီးက နံရံမှာအက်ရာထင်နေတာကို ခုမှ ပဲမြင်ဖူးသည်လို့ ပြောရမလား..ကိုယ်ဖတ်ခဲ့ဖူးပေမယ့် တအံ့တသြကြီးမြင် နေရကာ.. ၊

"အိမ်မှာတုန်းက စားသောက်ကောင်းနေတာနဲ့ နင်ပြောနေတာကို ဒီ လောက်တောင်မထင်ဘူး.."

ဒါဒါက ဆံပင်ချည်လောက်ကောက်ကြောင်းလေးထင်နေသည့်နံရံ ကို လက်ချောင်းထိပ်လေးနဲ့ ဖွဖွလေးပွတ်ကြည့်နေရင်း အက်ရာထင်တာ ဟုတ်ရဲ့လား ထင်နေသည့်ပုံမျိုး.. ၊

"ငါတို့လည်းအစက အက်ရာထင်နေတာလို့မထင်ဘူး..ကြေးကပ်နေ တာလိုလို ဘာလိုလိုနဲ့မြင်ပေမယ့် အမှတ်တမဲ့ပဲ၊ ပန်းရံသမားတွေကလည်း လှောင်သလိုပြောင်သလိုနဲ့လေ..ဒါအက်ရာထင်နေတာလားမေးမိတာကို အ ရူးလိုလို လူကိုကြည့်တာ.."

"အံမာ..အဲ့လိုပုံစံချိုးလိုက်တာနဲ့ ပါးစပ်ပိတ်နေရမှာလား..ဒါအက်ရာ ထင်တာဟုတ်မဟုတ် စမ်းကြည့်ဖို့လိုရင် ကြည့်ရမှာပဲ.."

"ငါလည်းအဲ့ဒါပြောတာလေ..မကြီးသန်းဝင်းတို့က ဖြစ်ပါတယ်ဆိ



အချည်းပဲ၊ သူတို့အကြောင်းလည်း နင်သိသားနဲ့..အခုသူဌေးက အပြောဆိုး တယ်၊ မာနကြီးတယ်..စကားမပြောချင်ဘူး..ဒါပဲ.."

"အပြောဆိုးတဲ့လူတချို့က သဘောကောင်းတတ်ပါတယ်ဟာ..ဘာ ဖြစ်ဖြစ် ဒါကြီးကိုဒီတိုင်းထားရင် ကျောချမ်းစရာကြီး၊ 'အစကောင်းမှအ နှောင်းသေချာ'တဲ့..ပန်းရံသမားတွေနဲ့ပဲ လမ်းဆုံးနေလို့မဖြစ်ဘူး၊ သူဌေးနဲ့ အက်ပြောမှဖြစ်မယ်.."

"ဒါဒါ.."

ဥမ္မာက ဒါဒါ့လက်လေးကို ဆွဲကိုင်လိုက်ကာ.. ၊

"နင်က သူဌေးနဲ့ညားနေပြီဆိုတော့ ငါတို့အလုပ်မှာမပါတော့ဘူးပေါ့ နော်.."

"ပါမှာပေါ့..ဘာလို့မပါရမှာလဲ၊ ငါသူတို့ကို မှီခိုမနေချင်ပါဘူး..သူ တို့လောက်မရှာနိုင်ရင်တောင် ငါလည်းငါ့အထွာနဲ့ငါ ဝင်ငွေရှာရမှာပေါ့၊ ငါမှငါလုပ်ချင်တာလုပ်နိုင်မှာ..ဟောဒီထိပ်က ဆရာတော့်ကျောင်းဝင်းထဲမှာ အာဝိဉောင်ပင်နားကမြေကွက်မှာ စေတီတည်မယ်..ဒီနေ့ပဲငါသွားလျှောက် မှာ.."

စေတီတည်ဖို့အတွက် အရင်ဆုံးကုန်ကျစရိတ်ထုတ်မည်။ လိုနေသေး ရင်ထပ်စုမည်။ ရှိပြီးသား'မ'တည်မည့်ငွေကိုတော့ တစ်ပြားတစ်ချပ်မှမလျှော့ စေဘဲ ထိန်းချုပ်ထားဖို့ဆုံးဖြတ်၏။

"နင်ကလည်း မနေ့တစ်နေ့ကစကားတွေ ပြောနေပြန်ပြီဒါဒါရယ်.. နင်အခု သူဌေးကတော်ဖြစ်နေပြီလေ၊ ဘုရားဖြစ်ဖြစ် စေတီဖြစ်ဖြစ် နင်စိတ် ကူးတဲ့အတိုင်း စိတ်ကြိုက်သုံးပြီး လှူလို့ရပြီ..မကြီးသန်းဝင်းက ငါ့ကိုဘာ တပ်ပြောလဲသိလား.."

"နင်ဒါဒါ့ကိုဘာလို့ခေါ်လာတာလဲဥမ္မာရယ်..သူ့ဟာသူ မေ့မေ့ပျောက် ပျောက်နေပါစေလား၊ တိုက်မှာအက်ရာထင်တဲ့ကိစ္စ လုံးဝသွားမပြောနဲ့နော်.. သူသိရင် သေချာလိုက်ကြည့်တော့မှာအဲ့ကောင်မလေးတဲ့.."

ပြန်ပြောပြပြီး မျက်နှာလည်းမကောင်း.. ၊

"အဲ့လိုမျိုး ငါ့ကိုဆူတာ..ဒါပေမဲ့ ငါလည်း.."

"ငါသိပါတယ်ဟာ..ဒီလူချင်းမမပြောရင် ဘယ်သူ့သွားပြောမလဲ၊ ဒီ တိုက်ကြီးပြီးဖို့ရယ်..ငါတို့လုပ်ငန်းစရတော့မယ်အဖြစ်ရယ်က ငါရှင်သန်နေ ရတဲ့မျှော်လင့်ချက်ပဲ၊ ငါဘာတွေပြောင်းလဲသွားသွား ဒါကိုတော့မေ့မထား နိုင်ပါဘူး.."

မျက်လုံးက အက်ရာသေးသေးလေးဆီရောက်သွားတော့ မကျေမနပ်

မျက်မှောင်ကုတ်မိလျက်.. ။

"အက်ရာထင်တာက သေချာပေမယ်.."

"ပြောပါဦး..ဘာတွေဖြစ်နိုင်သေးလို့လဲ.."

စကားသံက ရင်းနှီးနေသည်။ ဒါပေမဲ့ ဒီနေရာမှာကြားလိုက်ရသဖြင့် အံ့သြခြင်းက နေရာယူ၏။ ဒါဒါရုတ်တရက်စကားစပြတ်ပြီး ဆွံ့အသွားသည်။ ပြီးမှ ဖျတ်ခနဲလှည့်ကြည့်လိုက်လျှင်.. ။

"ကေရီ.."

ပန်းသွေးရောင်ရဲရဲကိုယ်ကျပ်နှင့် ပန်းသွေးရောင်နှုတ်ခမ်းနီဆိုးထားသည်။ ခေါင်းကပန်းရယ် လည်ပင်းကလည်ကပ်ကြိုး လက်ပတ် ဖိနပ်ကအစ ကိုင်တဲ့လက်ကိုင်အိတ်အထိ ရဲရဲတောက်နေ၏။ သူမရဲ့နောက်မှာ အင်ဂျင်နီယာနှင့်ဆောက်လုပ်ရေးကလူကြီးတွေ သုံးလေးငါးယောက်လည်းပါလာသည်။ သူမတခမ်းတနားရောက်လာပုံအရ ဒီနေရာကိုဖြတ်လျှောက်သွားလာတာ ဘယ်လိုမှမဖြစ်နိုင်။ ချက်ချင်းဝင်လာသည့်အသိကြောင့် တိုက်ဆိုင်မှုကို နောက်ထပ်အံ့သြခြင်းတို့ဖြစ်စေလျက်.. ။

"မြတ်ကေရီ.."

"ဟုတ်တယ်..သိပ်အံ့သြနေရင် သေချာကြည့်၊ နင့်အတွက်ယောက်ျားတစ်ယောက်ကိုရဖို့ ငွေတစ်သိန်းပြည့်အောင်ကိုင်ရဖို့ သူများဆီကမတော်မတရားလုယက်တိုက်ခိုက်ယူရပေမယ့် မြတ်ကေရီကခြေသလုံးမွေးပါ.."

လှလှပပပြောနေပြီး ဒါဒါ့ကိုအထင်မြင်သေးသလိုဝေ့ကြည့်သည်။ ပြီးတော့ ဘေးကဥမ္မာ။ ပြီးတော့ သူမတို့ဘေးက အက်ရာထင်နေသည့်တိုက်နံရံ.. ။

"ဒီနားမှာ ဘာလုပ်နေတာလဲနင်က.."

ပြောပြီး သူမနောက်ကလူတွေကို မျက်နှာငဲ့ရှုလှည့်ကြည့်ကာ.. ။

"ပန်းရုံမှာလူလိုလို့ အသစ်ခေါ်ထားတယ်ဆိုတာ သူတို့လား.."

"ဗျာ.."

"မဟုတ်ဘူးသူဌေး.."

"သြော်..ဒီကသူဌေးကနင်ကိုး.."

သူမချည်းပဲဆက်တိုက်ပြောသွားသဖြင့် ဒါဒါဘာမှမပြောဘဲ ဒီတိုင်းကြည့်နေခဲ့သည်။ ပြောလို့ရပြီဆိုသည့်အချိန်မှာ ရှိခဲ့ပြီးသည့်အမုန်းတို့က လတ်ဆတ်စွာခုန်ပေါက်လျက်.. ။

"ကောင်းတာပေါ့..ငါကလည်းသူဌေးနဲ့ပြောချင်တာ၊ ဒီမှာပေါ်လာတဲ့အက်ကြောင်းကြီးနဲ့ပတ်သက်ပြီး နင်ဘယ်လိုရှင်းပေးမှာလဲ.."



"ဘာအက်ကြောင်းလဲ..အဲ့ဒါအက်ကြောင်းမဟုတ်ဘူး.."

"မဟုတ်ရင်ဘာလဲ..နင့်လက်သည်းနဲ့လာထည့်ကြည့်မလား၊ လာကြည့်လိုက်.."

"ဖယ်စမ်း..ရာရာစစ.."

လက်ကိုဆောင့်ဆွဲလိုက်သဖြင့် ပွိုင့်ဒေါက်စီးထားသည့်ခန္ဓာကိုယ်ကယိမ်းယိုင်သွားသည်။ ကေရီဒေါသတကြီးပြန်ရှန်းပစ်ကာ.. ။

"လူပါးဝလို့ ဒီတိုက်နဲ့နင်ဘာဆိုင်သလဲ..နေရာတကာ လူတတ်ကြီးဝင်လုပ်နေရတာ ဝါသနာပါနေတာလား.."

"ငါ့ဘာသာဝါသနာပါလို့ဖြစ်ဖြစ် အငှားပဲလိုက်လိုက် နင်စိတ်ဝင်စားဖို့မလိုဘူး..ဒီနံရံမှာအက်ရာထင်နေတာ ပိုသေချာချင်ရင် ဒီတိုက်ရဲ့ကွန်ကရစ်ဂရိတ်ကို စစ်မယ်..နင်အစစ်ခံနိုင်လား.."

ကေရီအကြီးအကျယ် တုန်လှုပ်သွားသည်။ ဒါဒါ့ကိုမယုံနိုင်သည့်မျက်လုံးတို့နှင့်ကြည့်ရင်း ဟန်ဆောင်မဲ့လိုက်ဖို့တောင် မေ့၏။ တစ်သိန်းပြည့်အောင်မကိုင်ဘူးခဲ့သည့်မိန်းမက ကားမောင်းတတ်နေတော့လည်းအဟုတ်။ ဘစားဝိုင်းတွေ့တော့လည်း အနိုင်ဝင်ကစားသွားသည်။ ဆောက်လုပ်ရေးအကြောင်းလည်း သင်းကသိနေပြန်တာလား.. ။

စူးရဲလက်တောက်နေသည့်မျက်ဝန်းတို့ ထိပ်တိုက်ဆုံဆည်းနေခဲ့ရင်း..

"နှစ်ထပ်တိုက်အစုတ်ပလုတ်လောက်ကို ကွန်ဂရစ်ဂရိတ်တွေဘာတွေ နင်မေးစရာမလိုဘူး..ဒီတိုက်ကို ကေတူးကစရိတ်ခံပြီးဆောက်ပေးထားတာ၊ ဒီလောက်တခမ်းတနားလှလှပပဖြစ်နေတာကို ကျေးဇူးတင်လိုက်.."

"သြော်..ဟုတ်လား၊ အပြင်သနပ်ခါးလိမ်းပေးထားတာ ကေတူးတာဝန်ကျေတာပေါ့..အံ့သြစရာပဲ.."

ဒါဒါ့အသံကျယ်လာသဖြင့် အလုပ်လုပ်နေကြသည့်ဆိုင်ဒ်ထဲကလူတွေပါ တဖြည်းဖြည်းအနားကပ်လာကြသည်။ တစစများလာကြ၏။ ထိုစဉ်ကိုကိုတို့ကားဝင်လာခဲ့လျက် ထိုနေရာဆီတောက်လျှောက်မောင်းချလာ၏။ ပြီးတော့ ကိုကိုဆင်းလာတော့ ဒါဒါဝတ်ထားသည့် မိုးပြာရောင်နှင့်တစ်ရောင်တည်း.. ။

ကိုကို... မြင်လိုက်တာနှင့် ကေရီရင်နင့်သွားသည်။ ဒီတစ်ခါရောက်လာခြင်းက ကိုယ်ယောက်ျားအဖြစ်နဲ့မဟုတ်။ ကိုယ်ယောက်ျားဖြစ်ခဲ့တုန်းကလည်း ပြဿနာတစ်ခုခုဖြစ်နေချိန် ကိုကိုဘယ်တော့မှရောက်မလာခဲ့ဘူးပါ။ ကူညီဖြေရှင်းပေးဖို့ဆိုတာ အဝေးကြီး..။ ခုကျတော့.. ။

ကိုကို့ကိုမြင်လိုက်သည့် ဒါဒါ့မျက်နှာက ပို၍တင်းသွားခဲ့၏။ ဒီလုပ်

ငန်း ဒီနေရာဟာ ဧကရီပိုင်သည်ဆိုတော့ ဧကရီ့ခင်ပွန်းဖြစ်ခဲ့သည့်သူလည်း အတူတူပိုင်တာပေါ့...။ ဘယ်လောက်တောင်လှည့်ပတ်ရှုပ်ထွေးနေခဲ့တဲ့ ... ကြမ္မာလဲ..။ ဖြစ်လာပြီဆိုတိုင်း ကိုယ့်ဘဝကိုအောက်ခြေကနေ အမြစ်လှန်အ နိုင်ယူပြောသမျှ ခံလာခဲ့ရသည့်နှလုံးသားသည်.. ၊

မျက်နှာကိုရှေ့ပြန်လှည့်ကာ နဖူးပေါ်ကဆံပင်တွေကို လက်နဲ့ဆ... ခနဲဖယ်ထုတ်ပစ်လိုက်ရင်း.. ၊

"အဲ့ဒီတော့ ငါ့စကားကိုဆက်ပြောမယ်..နင်တို့ဒီတိုက်ကိုတာဝန်ယူ ပါမယ်ဆိုတုန်းက ကလိုင်းရန့်နဲ့ဘယ်လိုပေးယူပြီး စာချုပ်ခဲ့သလဲ..ဘယ်အ ချက်တွေပါသလဲ.."

"အဲ့ဒါ နင်ဘာမှမသိဘဲ ငါ့ကိုလေလုံးထွားနေတာလား.."

"သိပ်သိတာပေါ့မြတ်ဧကရီ.."

သူမ ဒီစရောက်တည်းက စားသောက်တဲ့အချိန်မှာတောင် ဥမ္မာထုတ် ယူပြတဲ့စာချုပ်စာတမ်းတွေပဲ ထိုင်ကြည့်နေခဲ့တာ။ ဒါပေမဲ့ ဆရာလုပ်ချင် တာနည်းနည်းမှမဟုတ်ခဲ့ပါ။ ဒီအလုပ်ဟာ ကိုယ့်အလုပ်ပဲလို့ ခံစားထားခဲ့ တဲ့အတိုင်း မထင်မှတ်ဘဲဖြစ်လာသည့်အခက်အခဲကို စိတ်မကောင်းရခြင်း များနှင့် ဟိုလှန်ဒီလှန်လုပ်နေမိတာဖြစ်သည်။ ထို့ပြင် ဒီလိုပြဿနာဖြစ်ရ ခြင်းမှာ ဖြစ်တတ်ကြသောအကြောင်းများအနက် ကိုယ်သိဖူးသည့်အကြောင်း အချက်တွေကို စဉ်းစားရင်း.. ၊

"ငါတို့ပေးထားရတာနဲ့ နင်တို့ပြန်ပေးတာ ဘယ်သူမှမသာဘူး..ပြော ခဲ့တုန်းက စာချုပ်ကိုစကော့ဖ်ဝပ်အပြည့်နဲ့ချုပ်ပေးမယ်လို့ နင်တို့အာမခံခဲ့ တာ၊ ပြီးတော့ဘာမှမဟုတ်ဘူး...အခု ဒီလိုဖြစ်ရတာက လုံးဝတစ်ဖက်စောင်း နင်းဖြစ်သွားပြီ၊ ဒီလိုအန္တရာယ်များနေတာကြီးနဲ့ ငါတို့ဘယ်လိုဆက်သွားရ မလဲ.."

"ဒါဒါ..ခဏလေး ကိုယ်တို့စကားပြောရအောင်..."

ကိုကိုက ဒါဒါ့လက်လေးတစ်ဖက်ကို ဆုပ်ကိုင်၍ တစ်နေရာသွားဖို့ ဆွဲသည်။ ဒါဒါက ဆတ်ခနဲရုန်းပစ်ကာ.. ၊

"အခု စကားပြောနေတာ ရှင်မမြင်ဘူးလား.."

ဝေဒတို့က သူတို့ရှင်းမည့်ဟန်ပြကာ ကိုကို့ကိုနောက်ဆုတ်ဖို့ မျက် ရိပ်ပြ၏။ ကိုကိုကခေါင်းခါပြီး ဒါဒါ့လက်ကို ပြန်ဆွဲ၍.. ၊

"ချာတိတ်..ကိုယ်တို့ခဏပဲလေ.."

"မလိုဘူး...ရှင်နဲ့ပြောဖို့ ဘာမှမရှိဘူး.."

"ဟား ဟား ဟား.."



ဧကရီက ကိုကိုတို့ကိုကြည့်ပြီး လက်လေးပိုက်လိုက်ရင်း အားပါးတ ရရယ်၏။ ထိုအချိန်တွင် သန်းသန်းဝင်းတို့လင်မယားလည်း ရောက်လာကြ ... ဆိုက်ဒ်ထဲမှာရှိသမျှ လူတွေပါအနားမှာစုပြုံဝိုင်းအုံလာကြ၏။ တ ...သောလူတွေက နှစ်ယောက်စလုံးကို သိထားကြလျက် သုံးပွင့်ဆိုင်မေတ္တာ ...နှံယက်ကိုမူကား.. ၊

"ကိုယ့်ကိုယ်ကိုသိလှပြီ တတ်လှပြီထင်နေတာ သနားစရာပဲဗေဒါဖြူ.. ...င်ငါ့ကိုမြင်မှ ငါ့ယောကျ်ားကိုသိသွားတာမို့လား၊ ငါ့ကိုစိန်ခေါ်နေပြီးမှ ကို ...ကိုမြင်လို့ အိုးနင်းခွက်နင်းတွေပြောနေတာ..ဟား ဟား ဟား ခုထိ ကိုယ့် ...ခြေအနေကိုယ်မသိရှာဘူး၊ နင်ကဘာမှမဟုတ်တဲ့မိန်းမပဲ.."

"ငါဘယ်လိုမိန်းမလဲဆိုတာ နင်စိတ်ဝင်စားဖို့မလိုဘူး..အခု ဟိုမှာ ...က်ရာထင်နေတာကို ဘယ်လိုရှင်းပေးမလဲ၊ အဲ့ဒါပြော.."

"နင့်လိုမိန်းမနဲ့ ဘာမှပြောဖို့မလိုဘူး..ဒီတိုက်ပိုင်ရှင်.."

"ပိုင်ရှင်ကကျွန်မပဲ.."

မသန်းသန်းဝင်းက ဒါဒါ့ဘေးမှာလာရပ်ကာ.. ၊

"ဒါပေမဲ့ ကျွန်မကဒီမှာနေတာ မဟုတ်ဘူး..ကျွန်မလုပ်ငန်း ကျွန်မ ...လုပ်တွေအကုန်လုံးနဲ့ပတ်သက်ပြီး ကိုယ်စားစီမံဆုံးဖြတ်ခွင့် သူ့ကိုပေး ...ားပြီးသား..သူပြောတာ ကျွန်မစကားပဲ.."

"အခု ရှင်ရှိနေတာပဲဒေါ်သန်းသန်းဝင်း..ဒါကိုအက်ရာပျောက်အောင်"

"အပြင်သနပ်ခါးထပ်လိမ်းပေးမလို့လား.."

ဒါဒါက ဝင်ပြောလိုက်ပြီး မျက်ခုံးတန်းလေးတွေဆတ်ခနဲပင့်၍.. ၊

"Popyouproshopကထုတ်တဲ့ ညှစ်ဆေးဘူးနဲ့ဆိုရင်တောင် နင့် ...နပ်ခါးလှမှာမဟုတ်ဘူး..အဲ့ဒီတော့ အပိုတွေမပြောနဲ့ဧကရီ၊ အပြင်သနပ် ...းလိမ်းဆောက်ပေးထားတဲ့အတွက် နင့်ကိုငါတရားစွဲမယ်.."

"ဘာပြောတယ်.."

"စကော့ဖ်ဝပ်နဲ့လည်းမဟုတ် ဘာမှမပါဘဲဆောက်ပေးထားတာ နင် ...မ်တာလေ.."

"ငါလိမ်တယ်လို့ နင့်ပါးစပ်ကပြောရဲတယ်ဟုတ်လား..နင်ကဘယ် ...ာက်တောင်သိနေလို့လဲ၊ တစ်ခုပဲသိပြီး အဲ့ဒီတစ်ခုကို ပါးစပ်ကမချဘဲ ...ပြောနေလို့မရဘူး..စကော့ဖ်ဝပ်နဲ့ချုပ်ပြီဆိုရင် တိုက်တစ်လုံးရဲ့ကုန်ကျစရိတ် ...ယ်လောက်ရှိမယ်ထင်နေသလဲ..ဒီလိုအိမ်ကြိုအိမ်ကြားမှာဆောက်မယ့်တိုက် ... စကော့ဖ်ဝပ်နဲ့ချုပ်ပေးရအောင် အရူးမို့လို့လား."

"ထပ်လိမ်ပြန်ပြီ.."

ဒါဒါက စေ့စေ့ကြည့်ပြီး တစ်ခွန်းချင်းပြောသည်။ အားလုံးတိတ်ကျသွားလျှင် ဧကရီ့အကြည့်တွေ ကိုကို့ဆီရောက်သွားသည်။ ကိုကိုတို့တကယ်ပဲ အဲ့လိုချုပ်ပေးခဲ့တာလား.. ဒီလောက်တောင်မှန်ကန်ချင်ရသလား..။ ကိုယ့်စရိတ်နဲ့ဆောက်ပေးရမယ့်တိုက်လေးတစ်လုံးအတွက် စကော့ဖ်ဝပ်နဲ့ချုပ်ပေးထားတယ်ဆိုတာ ရူးနေလို့လား..။ ရုတ်တရက်ဘာပြောရမှန်းလည်းမသိ။

"စာချုပ်အရဖြစ်စေ နင်တို့ရဲ့ညှိဖျင်းမှုကြောင့်ဖြစ်စေ ကွန်ဂရက်မကောင်းလို့ဖြစ်ရတဲ့အမှုနဲ့ပဲ ငါ့ဘက်ကတရားစွဲလို့ရနေပြီ..အဲ့ဒီတော့ပြောမယ်..စကော့ဖ်ဝပ်အပြည့်နဲ့ စာချုပ်ပြန်ချုပ်ပေးမလား၊ ဒါမှမဟုတ်.."

အက်ရာထင်နေသည့်နံရံဘက်ကို ဒါဒါကငဲ့ကြည့်လိုက်ပြီး ပြန်လှည့်ကာ.. ။

"နင်တို့ချပြထားတဲ့ ဟောဒီသရီးဒီဓာတ်ပုံလေးကို လက်ညှိုးထိုးပြီး ငါတရားစွဲရမလား.."

"တစ်ခုမှလုပ်လို့မရဘူး..လုပ်ရဲရင်လုပ်ကြည့်.."

ဒါဒါ တကယ်နားလည်လို့ပြောနေမှန်း သိလိုက်သည်နှင့် သူမအနေကတိုက်ခိုက်တော့မှာကို သိလိုက်ကာ ဧကရီကယောင်ချောက်ချားဖြစ်သွားခဲ့သည်။ စာချုပ်ဘယ်လိုချုပ်ခဲ့မှန်းလည်း သူမမသိခဲ့သလို အခြေအနေက ဒီလောက်အကြီးအကျယ်ရှင်းရခက်မည် မထင်သောကြောင့် ကိုယ်တိုင်လာကြည့်မိတာဖြစ်သည်။ တကယ်တော့ K2ပရော့ဂျက်ထဲကို ခဏတဖြုတ်ဝင်လာပြီး မွှေနှောက်သွားခဲ့တာ သူမပဲဖြစ်သည်။ သို့သော်.. ။

"ကိုကို..ကိုကိုက ဧကရီရဲ့ယောကျ်ား.."

စကားမဆုံးခင် ကိုကိုက သူမရဲ့လက်တစ်ဖက်ကို ဖျတ်ခနဲဆွဲလိုက်ပြီး လူချင်းကပ်ကာ.. ။

"မင်းအဲ့လိုစကားပြောကြည့်လိုက်..ငါ့လက်ထဲက အသံဖိုင်ကို ဒီမှာပဲ ငါဖွင့်ပြလိုက်မယ်.."

ကိုကိုဘာပြောသည်ကို ဒါဒါမသိပါ။ ဘယ်သူမှလည်း ကြားကြမှာမဟုတ်။ သို့သော် လက်ဆွဲ၍ရင်ဘက်ချင်းကပ်လိုက်သည့်မြင်ကွင်းက မျက်လုံးထဲမှာ လျှပ်စီးလက်သွားသလိုပင်။ အားလုံးသည်လည်း ဒါဒါ့နားကပ်နေသည့်ကိုကို့ကို ဧကရီနဲ့ချက်ချင်းပူးတွဲသွားသည့်အဖြစ်အား အံ့သြနေကြ၏။ ဘယ်သူနဲ့ဘယ်လိုတွေပတ်သက်ကြတာလဲဆိုတာ တွေးစရာတွေဖြစ်သွားကြသည်။

ဧကရီ့မျက်နှာလေးမှာ ဒေါသတွေ ချောက်ချားခြင်းတွေနဲ့ ပြည့်နှက်သွားခဲ့ပြီး ကိုကိုပြန်ဆုတ်သွားတဲ့အထိ ငေးကြည့်နေပြီးမှ.. ။



"တောက်.."

နှာနှာကျင်ကျင်တက်ခေါက်၏။ ပြီးတော့ လက်သီးနှစ်ဖက်ဆုပ်ထားလိုက်ကာ.. ။

"ရှင် ကျွန်မကိုချော့မော့နေဖို့ မလိုဘူး..ရှင့်အငယ်မကိုပဲထိန်းထား.."

ကိုယ်ပြောတာတခြား.. သူမကတွန်းပို့လိုက်တာ တစ်နေရာ..။ ကိုကို့မျက်နှာ ရဲခနဲဖြစ်သွားသည်။ ဝေဒတို့အံကြိတ်မိကြ၏။ ဒီမိန်းမ ဘာလဲဟ..

"မင်းကိုချော့နေစရာ ဘာအကြောင်းမှမရှိဘူးဧကရီ..သူကလိုင်းရန့်ဘက်ကပြောနေတာ မှန်တယ်၊ မင်းကဒီပရော့ဂျက်ကို ဦးစီးနေတာဆိုရင် သူတို့ကျေနပ်အောင်လုပ်ပေးလိုက်ပါ.."

"မလုပ်ပေးနိုင်ဘူး.."

ယတိပြတ်ပြောကာ ဒါဒါ့ဘက်ကိုလှည့်၍.. ။

"ဖြစ်သင့်သလောက် ပြုပြင်ပေးမယ်..မကျေနပ်ရင် တရားစွဲလိုက်.."

ပြောရင်း ကိုကို့ကိုမျက်တောင်ဖျားတွေ စင်းကြည့်လိုက်ပြီး.. ။

"တရားစွဲရင်တော့ ကေတူးကရှင်းရမှာလေ..အဟွန်း ငါ့အတွက် အိမ်ရာတစ်ခြမ်းဖယ်ထုတ်ပစ်လိုက်လည်း ဘာမှဖြစ်မသွားဘူး.."

"ဟုတ်လား..ဒီကော့စ်က ငါ့သူငယ်ချင်းနဲ့ပတ်သက်တာနော်၊ နင့်အိမ်ရာမြေထဲမှာ ငါ့အိမ်ပါသေးတယ်.."

ဟင်.. ။

ဘယ်အိမ်လဲ..ဘယ်မှာလဲ..။ သူမသည်အိမ်ယာမဲ့ကလေကချေတစ်ယောက်..

## အခန်း(၁၂၇)

"မင်းနိုင်..ဟုတ်လား.."

"ဟုတ်တယ်..ကျွန်မယောက်ျား.."

"မင်းယောက်ျားကကိုယ်.."

"ရှင်ကခုထိ ကေရီ့ယောက်ျားပဲ.."

"တော်တော့.."

ဒါကိုသူဘယ်လိုမှ သည်းမခံနိုင်။ မင်းနိုင် သူ့သမီးကိုအိမ်ပေးထား ခဲ့သည်။ အိမ်ကိုထိန်းသိမ်းထားခဲ့သည့် ဒေါ်ဖြူဖွေးက အိမ်ရာအတွက်ရှေ့ ယူပြီး ဒါဒါ့အတွက်သေချာသိမ်းထားခဲ့၏။ ခုကျတော့ ဒါဒါကအစဖော်၍

"ဘာဖြစ်တာလဲ..ရှင့်မိန်းမ ရှင့်ကို ငါ့ယောက်ျားငါ့ယောက်ျားနဲ့ ကျွန်မ ရှေ့မှာ မိုးမွှန်အောင်ပြောနေခဲ့တာကျတော့.."

"အဲ့ဒါကိုယ်ပြောခဲ့တာ မဟုတ်ဘူး.."

"ဩော်.."

ဒါဒါက တရားကျသလိုခေါင်းညိတ်လိုက်ပြီး.. ।

"အခု လှည်းကူးတစ်မြို့နယ်လုံးနဲ့အောင် ကျွန်မကသူများလင်ကိုနိုး ထားပါတယ်ဆိုပြီး သတင်းဖြန့်ထားတာရော.."

ကိုကို့မျက်နှာမှာ အံ့သြခြင်းတွေဖြစ်သွားတော့ ဒါဒါကမဲ့လိုက်ပြီး



"မနက်က ကျွန်မရောက်သွားတော့လေ ဘယ်မှကိုမလှည့်လိုက်ရဘူး.. လူစုစုတွေ့ရင် နီးတဲ့လမ်းထဲ တိုးဝင်ရတယ်၊ နောက်ဆုံး ဥမ္မာတို့အိမ်ထဲပြန် ဝင်ပြီး သူတို့ပြောသမျှ ပြသမျှတွေထဲ ထိုင်နားထောင် ထိုင်ကြည့်.."

ဒါဒါ့အသံလေးတွေ တုန်နေသဖြင့် ကိုကိုဘာလုပ်ရမှန်းမသိဖြစ်သွား သည်။ ဒါတွေ သူနည်းနည်းမှလည်း မသိခဲ့။ ဒီလိုဖြစ်နေမယ်လို့လည်း မ ထင်ခဲ့ပေ။ ဒါဒါလိုက်သွားလို့ စိတ်ပူပေမယ့် ရုတ်တရက်တော့ သူ့ရပ်ကွက် ထဲဝင်မှာ မဟုတ်သေးဘူးပဲ တွက်ခဲ့မိ၏။ ကေရီဟာ ဒီလိုတွေလုပ်နိုင်သည့် မိန်းမမှန်းသိသည်။ သို့သော် ဒီလောက်ထိအောက်တန်းကျမယ်လို့ မတွေးမိ ခဲ့.. ।

"အဲ့ဒါ ရှင့်မိန်းမလေ..ရှင်လည်းအရေးကြုံတော့ ရှင့်မိန်းမစကားမမှား အောင် ပြေးပြီးထွေးပွေ့ရတာပဲမို့လား၊ ရှင်တို့နှစ်ယောက်.."

"ဟာ..မဟုတ်ဘူး အဲ့ဒါလုံးဝမဟုတ်ဘူး.."

"ဘာမဟုတ်တာလဲဦးသားကိုကို..ရှင် ကျွန်မရှေ့တင်.."

"အဲ့ဒါ..ကျွတ်.."

သူ ဘယ်လိုပြောရမလဲ..။ ဖမ်းယူထားတဲ့အသံဖိုင်က ကေရီနောက် ထပ်ညစ်ပတ်ဖို့ ခြေလှမ်းပြင်ထားတဲ့ ဂုက်ဖဲမှန်းသိလို့ ကိုယ်ကဦးအောင် ဖော်ထားလိုက်ရုံသာ။ လူကြားမကောင်းသည့်ကိစ္စကြီးကို သူလည်းဖွင့်ချမ ပြချင်။ လိုအပ်လာရင်တောင် ဖွင့်ပြဖို့မသေချာပေ။ ဒါပေမဲ့ သေချာတာက သူကေရီကို ကာကွယ်ချင်လို့ မဟုတ်။ ဘာပဲဖြစ်ဖြစ် ဒါမိန်းမသားတွေပါး စပ်ထဲရောက်ခဲ့ရင်တော့ သူနိုင်ကိုယ်နိုင်အနိုင်လုပြောကြရင်း ရှက်ဖွယ်လိလိ ကိစ္စကြီးတွေ လူတွေကြားမှာ.. ।

"ပြောစရာမရှိတော့ဘူးလား.."

"ရှိတယ်ချာတိတ်..ကိုယ့်ဘက်က မှုမမှန်တာဘာမှမလုပ်ခဲ့ဘူး၊ လုပ် စရာအကြောင်းလည်းမရှိဘူး..သူ့ကိုကိုယ်ပြောစရာရှိလို့.."

"အဲ့ဒါကြောင့် ရင်ခွင်ထဲဆွဲသွင်းလိုက်တာပေါ့.."

"မဟုတ်ပါဘူးချာတိတ်ရာ..မင်းရှေ့တင်ပဲဟာ ကိုယ်သူ့ကို.."

"မလိုဘူး..သိလည်းမသိချင်တော့ဘူး.."

"မသိချင်ရင်လည်း ကိုယ့်ကိုမစွပ်စွဲနဲ့လေ..မင်းကိုယ့်ကိုသဝန်တိုနေ တာလား.."

"ဟား..ရယ်ချလိုက်ရင် ကမ္ဘာကြီးဟက်တက်ကွဲသွားဦးမယ်၊ ဒီမှာ.. ရှင့်ကို ကျွန်မမှားခဲ့တဲ့လုပ်ရပ်အတွက် ကျွန်မဂုဏ်သိက္ခာကို နည်းနည်းလေး ပြန်တွက်ပြီး ခေါင်းညိတ်ခဲ့တာ..ကျန်တာ မပါဘူး၊ ဒီလိုမိန်းမလက်ထဲက

ရှင့်ကို စိတ်ကူးယဉ်မိရင် အဲ့ဒါကျွန်မသွက်သွက်ခါရှူးသွားတဲ့နေ့ပဲ..”

“ဟုတ်ပါပြီ..ကိုယ်မေးတာမှားသွားတယ်..”

သူမျက်နှာပျက်သွားတော့ ဒါဒါဆတ်ခနဲမျက်နှာလွှဲပစ်သည်။ ကိုကိုက ရွှီးကေ့စ်နားကနေ သူမရှေ့ကို တစ်လှမ်းချင်းလျှောက်လာကာ.. ၊

“လက်ထပ်ဖို့က နှစ်ရက်ပဲလိုတော့တယ်..”

“ကျွန်မခေါင်းညိတ်ပြီးပြီပဲ..ပူမနေနဲ့..”

လှည့်မကြည့်ဘဲပြောကာ လုံးလုံးကျောခိုင်းပစ်၏။ ကိုကိုက သူမဘေးမှာ သွားရပ်လိုက်ပြီး.. ၊

“မင်းကိုယ့်ကိုတကယ်ဆိုးတယ်နော်..”

“အဲ့ဒီတော့ ရှင်ဘာဖြစ်ချင်လို့လဲ..ကျွန်မအတွက် သူဌေးကတော်ဖြစ်ရဖို့က အဓိကမကျဘူးနော်၊ ရှင့်ဘက်က ဖျက်သိမ်းမယ်ဆိုဖြစ်တယ်..ဒီမင်္ဂလာပွဲဖြစ်ရင် သူဌေးရဲ့နောက်မိန်းမဖြစ်မယ်၊ မဖြစ်ခဲ့ရင်လည်း ဒုံရင်းပဲ..အနာအဆာဆိုတာ ကျွန်မဘဝမှာ အဆင်တန်ဆာပဲ..ဘာမှမဆန်းဘူး..”

ပြောပြီးတာနှင့် လျှောက်ထွက်သွားသည်။ ကိုကိုက လက်ကိုဖတ်ခနဲဖမ်းဆွဲလိုက်၏။ ပြီးတော့ မျက်နှာချင်းဆိုင်ပါလာအောင် ဆွဲလှည့်လိုက်လျှင် ဒါဒါ့ကိုယ်လေး သူ့ရင်ခွင်ထဲဒယိမ်းဒယိုင်ပြိုကျလေသည်။ ထို့နောက် နှစ်ယောက်ပူးလျက်အတိုင်း ဆိုဖာပေါ်ထိုင်လျက်သား ပစ်ကျသွားကြ၏။

“အား..သေပါပြီ၊ ရှင် ကဲ..ကဲ..”

ဒါဒါ သူ့ရင်ဘက်ကို တံတောင်လေးနဲ့တွတ်လိုက် လက်ပြန်ထုလိုက်နှင့် စိတ်တွေလည်းတိုကာ.. ၊

“ရှင်လုပ်လိုက်ရင် အရမ်းချည်းပဲ..”

“မင်းဘာလို့အသည်းယားအောင် စွာနေလဲ..”

ထုနက်နေသည့်လက်လေးတွေကို လှုပ်မရတော့အောင် သိမ်းပွေ့ထားမိရင်း ဒါဒါ့မျက်နှာလေးကို ကိုကိုအတင်းဖိနှစ်နမ်းသည်။ သူမြတ်နိုးရသည့်ဆံပင်တွေထဲထိ မွှေနှောက်နမ်းပြီး ပါးချင်းကပ်ထားကာ.. ၊

“ချစ်တယ်..”

“နည်းနည်းမှကို မေတ္တာမရှိဘူး..လွှတ်လို့ပြောနေတယ်နော်..”

“မင်းကိုယ့်ကို နည်းနည်းဖြစ်ဖြစ် သဝန်တိုပါတယ်..ဟုတ်တယ်မို့လား..”

ဟုတ်နေတာပဲမို့ ရှက်သွားမိသည်။ သို့သော် ဇေရီ့ကိုသူဆွဲကပ်လိုက်သည့်အဖြစ်က ဒေါသသို့သာတွန်းပို့ခဲ့ပြီး.. ၊

“မဟုတ်ဘူးလို့ ဘယ်နှစ်ခါတောင်ကြားချင်တာလဲ..အစတည်းက



ဇေရီနဲ့ရှင့်ကို ခွဲခြားမရတဲ့စိတ်ထဲမှာ ကျွန်မအမြဲတမ်းမွန်းကျပ်နေခဲ့တာ..”

“အဲ့ဒါကိုယ့်ကိုချစ်နေလို့..”

“ရှင့်..”

စိတ်တိုလို့ မော့ကြည့်လိုက်တော့ နှုတ်ခမ်းကိုနမ်းဖို့ကြိုးစားသည်။ သူမရှောင်တော့ ရှောင်လို့မရအောင် အတင်းလိုက်ကပ်၏။ ထိုစဉ်.. ၊

“သားရေ..ကြီးကြီးဘုရားသောက်တော်ရေ လဲလိုက်ဦးမယ်၊ သားတို့မအိပ်ခင် ကြီးကြီးထုတ်ပေးထားတဲ့လက်ဝတ်လက်စားလေးတွေ ဖွင့်ကြည့်လိုက်ဦး..”

“ဟုတ်ကဲ့ကြီးကြီး..”

“သမီးဘာကြိုက်မှန်းမသိလို့ ကြီးကြီးကရတနာအစုံထုတ်ထားတာ..”

ပြောနေရင်း အသံကဝေးသွားသဖြင့် ကြီးကြီးအပေါ်ထပ်တက်သွားပြီမှန်း သိလိုက်သည်။ ဒါဒါက သူ့ကိုတွန်း၍ နေရာမှထရှောင်သွားကာ.. ၊

“အိပ်တော့မယ်..”

“ကိုယ်ကဘယ်မှာအိပ်ရမှာလဲ..”

ဒါဒါခြေလှမ်းတုံ့သွားသည်။

“မင်းပဲအိမ်ခွဲမနေပါဘူးလို့ ကြီးကြီးကိုပြောခဲ့တာနော်..ဒါကြောင့်ကြီးကြီးကလည်း ပီတိတွေဖြစ်ပြီး သွက်လက်ပျော်ရွှင်နေတာ..ဒါပေမဲ့ ကိုယ်တို့အတူတူမအိပ်ကြဘူးဆိုရင်တော့ ကြီးကြီးစိတ်မကောင်းဖြစ်မှာပဲ..”

“ပြောခဲ့တုန်းကတော့တစ်မျိုး..ခုကျတော့ လက်တောင်မထပ်ရသေးဘူး..”

“နီး..နီး ကိုယ်ကလက်ထပ်ပြီးရင် ပြောတာပါ..”

အဲ့ဒါ ခပြောဖို့လိုလို့လား..။ ဒါဒါမျက်မှောင်ကုတ်ပစ်တော့ သူကဆံပင်တွေကိုသပ်ရင်း ရယ်သည်။ မီးရောင်အောက်မှာ ပြေပြစ်သည့်နဖူးပြင်နှင့် နက်ထင်းနေသောမျက်ခုံးတန်းတို့က ကြည့်ကောင်းနေသည်။ အရိပ်ထင်နေသည့် နံ့တံပေါ်ပေါ်ကို အမှတ်တမဲ့ငေးခနဲဖြစ်သွားပြီးမှ မျက်နှာလွှဲမိကာ.. ၊

“နေဦးလေ..”

သူ့စကားမပြတ်သေးသဖြင့် ကိုကိုကလှမ်းတားသည်။

“လက်ထပ်ဖို့က နှစ်ရက်ပဲလိုတာ..ကြားထဲမှာ မင်းကရန်ပွဲတွေဆက်ဦးမှာ..”

“ဟုတ်တယ်..”

ဒါကျတော့ အတိအကျထောက်ခံပါလား..။ ရန်လိုနေသည့်မျက်နှာ

လေးကိုကြည့်ကာ ကိုကိုမသိမသာပြုံးသည်။ ပြီးမှ.. ၊

"ကိုယ်အစောကြီးတည်းက ကြုံတွေးနေတာ..မင်းကကိုယ့်ကိုဆို ဆတ်ဆတ်ခါနေတော့ လက်ထပ်ပြီးရင် ကိုယ်တို့.."

"ရှင်ကြီးစတိုခန်းမှာအိပ်ရမယ်."

သူ့မျက်ခုံးတွေ ဆတ်ခနဲပင့်တက်သွားသည်။

"ရှင့်လိုပဲ ရှေ့ရေးတွေဘာတွေထည့်ပြောရရင် ကျွန်မခေါ်ရင်လာ..သွားဆိုသွား၊ ကျွန်မမကျွေးဘဲ ဘယ်မှာမှသွားမစားရဘူး..ကျွန်မမသိတဲ့အစား ဘယ်သူကျွေးကျွေးမစားရဘူး၊ ပြောထားတယ်..ဧကရီဆိုတဲ့မိန်းမကို နာမည်တူတောင် မခေါ်နဲ့.."

"နေဦး..ဒါဆို ကိုယ်ကဒီအိမ်မှာဘာလဲ.."

"ကျွန်မကြိုက်သလိုခိုင်းဖို့ယောကျာ်း.."

ရှေ့ရေးဆိုတာမှာ ဧကရီ့နာမည်တောင်မခေါ်နဲ့တဲ့.. ၊

သဝန်မတိုပါဘူးဆိုပြီး စည်းကမ်းကလနားတွေဖြစ်လာပြီ။ အနာဂတ်မှာ သူမဒီတိုင်းချုပ်ချယ်လွှမ်းမိုးချင်ပါသည်ဆိုရင် သူ့ဘဝတစ်ခုလုံးကို ကြိုးဆွဲလိုက်စမ်းပါ..မင်းသာ ကိုယ့်ရဲ့ကကြိုးရှင်ပါဒါဒါ.. ၊

ကိုကို့နှုတ်ခမ်းမှာ ဒေါသမပါသည့်မဲ့ပြုံးတစ်ချက်ဖြစ်၏။ ပြီးတော့ မျက်ဝန်းမှာ ချစ်စနိုးရယ်မြူးရိပ်တို့ စွန်းထင်းနေကြသည်။ ဒါဒါအသည်းတွေယားနေခဲ့လျက်.. ၊

"တောက်..ရုပ်ကြီးကိုက.."

☎



အခန်း(၁၂၈)

"ဘာပြောလိုက်တယ်..နင် ကောင်မ..သွား၊ ခုချက်ချင်း ငါ့ရှေ့က ထွက်သွား.."

"ဝုန်.."

"ဟား ဟား.."

"ကောင်မ..လူပါးဝလို့၊ ကဲဟာ.."

"ဒုန်း..ချလွမ်.."

"ဟား ဟား ဟား.."

ပေါက်ကွဲစင်ထွက်ကုန်သော ပစ္စည်းများနှင့် မှန်ကွဲစတွေက မြင်မကောင်းအောင် ပြန့်ကြဲသွားသည်။ အသက်ရှုတွေပြင်းလျက် မြတ်ဧကရီ၏ နိမ့်ချီမြင့်ချီ လှိုက်ခါနေသည့် ရင်ဘက်တစ်ခုလုံးသည် အထဲကနေ တစ်စုံတစ်ရာပွင့်ကန်ခုန်ထွက်လာတော့မတတ် ပြင်းထန်နေခဲ့၏။ သူမရဲ့ဆံပင်တွေ ပုံပန်းပျက်ကာ ပြေလျော့ကျနေခဲ့သည်။ မိတ်ကပ်ပြေပြေနှင့် ဖူးထွက်လာပနေခဲ့သော မျက်နှာတစ်ခုလုံးက ချွေးတို့ဖြင့် ပြောင်လက်စိုထန်းနေခဲ့ပြီး..

"နင်ကများ လူပါးဝလို့..မှတ်ထား မသေမချင်းမှတ်သွားလိုက်၊ ငါ့နာမည်ကဧကရီ.."

"ဟား ဟား ဟား.."

သူမကရယ်နေသည်။ ပစ္စည်းတစ်ခုကို ကေရီပေါက်ခွဲပစ်လိုက်တိုင်း အပိုင်းအစတို့စင်ထွက်လာလျှင် ခြေဆုတ်ရှောင်သည်။ လက်ပိုက်လေး ဖျတ်ခနဲဖြုတ်၍ ဘေးကိုရှောင်ပစ်လိုက်တာလည်းရှိသည်။ သို့သော် သူ့မျက်နှာက ကြောက်လန့်တကြားတို့သည် တမင်တကာဖန်တီးပြင်ဆင်ထားခဲ့သည့် လှောင်ရယ်ခြင်းတွေသာဖြစ်၏။ မျက်နှာချင်းဆိုင်မှာရှိနေကြသည့် မိန်းမသားနှစ်ယောက်တို့အနက် တစ်ယောက်သည်မခံရပ်နိုင်သော ဒေါသမာနတို့ဖြင့် ပြင်းထန်စွာပေါက်ကွဲနေခဲ့ပြီး တစ်ယောက်သည်.. ।

"ဒေါသတွေပြီးရင် ငါဘာလုပ်ရမလဲဆိုတာ စဉ်းစားလိုက်ဦး ဒေါ်မြတ်ကေရီ..ရှင့်ကိုနောက်ဆုံးဝမ်တိန်ပေးတာ၊ ဒီကနေ သုံးရက်အတွင်း အပြီးပြောင်းပေးဖို့.."

"မပြောင်းနိုင်ဘူး..ဒါ ငါ့နေရာ၊ ငါပိုင်တဲ့နေရာ.."

"အခု ကျွန်မပိုင်ဖြစ်သွားပြီ..ရှင့်ရဲ့ပိုင်ဆိုင်မှုအားလုံးအပြင်.."

"တော်..ခုချက်ချင်းပါးစပ်ပိတ်၊ ကိုကို့ကိုနင်ဘယ်တော့မှမရဘူး ကိုကိုက ငါ့ယောကျ်ား၊ ငါကကိုကို့ရဲ့ဇနီး.."

"ပြောကြည့်လေ..ရှင်စိတ်ချမ်းသာရင် ပြီးတာပဲ၊ တော်ကြာ သွက်သွက်ခါရူးသွားရင် လိုအပ်တဲ့စာချုပ်တွေမှာ လက်မှတ်မထိုးလိုက်ရဘဲ ကျွန်မကရှာလည်ဦးမှာ.."

"တောက်.."

"ဒါဒါ..မင်းတော်တော့.."

ရောက်လာသည့်လူရိပ်သည် ကေရီ့ထံတစ်ချက်ပဲလှမ်းကြည့်ကာ ဒါဒါ့လက်ကိုဆွဲလိုက်သည်။ သူမကလှည့်ကြည့်ပြီးမှ လက်ကိုခါချပစ်လိုက်ကာ.. ।

"ရှင်ဘာလာလုပ်တာလဲ.."

"မင်းကိုလာခေါ်တာ.."

"ကျွန်မအတွက်မလိုဘူး.."

မီးပွင့်တွေလို လက်တောက်နေသည့် ဒါဒါ့မျက်လုံးတွေက ကေရီ့ကိုစူးစိုက်နေလျက်.. ।

"ဘာမှမကျန်တော့တဲ့အထိ မာနအလံထူနေတဲ့ ရှင့်မိန်းမကိုတရားပြလိုက်.."

"ဒါဒါ..ကျွတ်.."

"အထက်စီးက နေချင်လွန်းလို့ ကိုယ့်နာမည်ကို လေတံခွန်မှာရေးပြီးလွှတ်ရင်တောင် အဲ့ဒီလေတံခွန်က ပြတ်နေပြီဆိုတာ.."



သူမချာခနဲလှည့်ထွက်သွားသည်။ သို့သော် မှန်ကွဲစကိုနင်းလိုက်မိကာ လူကတွန့်ခနဲဖြစ်လျက် ခြေထောက်တွေက နေရာမှာတင်ရပ်သွား၏။

"ဒါဒါ.."

"ဟား ဟား ဟား.."

ထိုယောကျ်ားပျာယာခတ်သွားခဲ့လျက် ကေရီကဟားတိုက်ရယ်၏။

"လုပ်ပါ..ဒီလောက်နာကျင်သွားတာကို အော်လေ.."

ရယ်နေသည့်မျက်နှာသည် ဖျတ်ခနဲပြောင်းလဲသွားခဲ့ပြီး.. ।

"ကောင်မ..ကြိတ်ခံတတ်တဲ့နေရာမှာ နင်ကပါရမီရှင်ပဲ၊ ဘယ်လောက်ပြောပြော မကြားသလို ဘယ်နေရာထိထိ မနာသလို ပြီးတော့မှ ကြိတ်ကြဲကြိတ်ခိုး.."

"မြတ်ကေရီ.."

ဒေါသသံနှင့်အတူ ဒါဒါလက်ညှိုးထိုးလိုက်လျှင် ကေရီ့အသံတိတ်ကျသွားသည်။

"ငါဘာလုပ်ခဲ့သလဲဆိုတာ မလိုဘူး..အခု ငါဘာလုပ်နိုင်သလဲဆိုတာ သဘောပေါက်.."

"သူများနေရာကို လုယူနိုင်တာများ သိပ်ဂုဏ်ယူမနေစမ်းပါနဲ့.."

"ငါ့ကိုလုယူတယ်လို့ ပြောလိုက်တာလား.."

နာကျင်နေသည့်ခြေထောက်က ရွှေ့ဖို့ကြိုးစားလိုက်တိုင်း နာသည်။ ထို့ကြောင့် မြင်နေရသည့်မျက်နှာက ပို၍မုန်းတီးဖွယ်ဖြစ်လာခဲ့၏။ ဒီအရိပ်ဒီမျက်နှာတွေကို သူမမုန်းသည်။ ကိုယ့်ရဲ့စိတ်ခန္ဓာ ပြီးတော့အသွေးအသားပြီးတော့ဘဝတစ်ခုလုံးကို အမျိုးမျိုးသောနည်းတို့ဖြင့် ကျိုးကြေပျက်စီးစေခဲ့သော.. ।

"လုယူတဲ့သူက ထွက်ပြေးတယ်..ငါအခု နင့်ရှေ့မှာရပ်နေတယ်ကေရီ၊ ဘာကိုလုယူတယ်ပြောတာလဲ..နေရာဆိုတာ နေတတ်မှမြဲတာ၊ ကိုယ့်ခြေထောက်နဲ့ကိုယ် ခလုတ်တိုက်ရင် ပိုအထိနာတယ်..ငါဘယ်လောက်တောင်ညံ့ဖျင်းသလဲဆိုတာ ကိုယ့်ကိုယ်ကိုမြင်အောင်ကြည့်စမ်းပါ.."

"တော်တော့..ကလေကချေ အောက်တန်းစား..ငမွဲမ.."

အဆင့်အတန်းတွေ ပြောသင့်တာမပြောသင့်တာတွေထား။ အသားတုန်အောင်ထွက်နေသည့်ဒေါသကို ထိန်းချုပ်ဖို့ခက်ခဲနေသည်။ ဒီနေ့ ဒီလိုအချိန်နှင့် သူမရှေ့ကိုရောက်လာခဲ့သည့်အဖြစ်ကို မယုံနိုင်။ အမြဲတမ်း ကိုယ့်အောက်မှာ စုတ်ပြတ်ဆင်းရဲစွာ မြင်နေခဲ့ရသည့်မိန်းမတစ်ယောက်က ကိုယ့်ရဲ့ပိုင်ဆိုင်မှုအားလုံးကို အသာလေးဆွဲထုတ်ယူသွားခဲ့သည့် အဖြစ်အတွက်

ဘယ်လိုပေါက်ကွဲရမလဲ..ဘယ်လိုတုံ့ပြန်ရမလဲ.. ။

ကေရီမျက်လုံးတွေ စိတ်ပျက်သုန်မှုန်စွာရပ်နေသည့် ထိုယောကျ်ားဆီ ရောက်သွားခဲ့သည်။ ကိုယ်မက်မောတွယ်တာခဲ့ရသည့် ကိုယ့်ရဲ့ချစ်လင် အိမ်ဦးသခင်သည် ခုတော့ သူမရဲ့ခင်ပွန်း။ သူမအတွက် အရာရာဖြစ်စေမယ့်သူ၊ အားလုံးပြောင်းလဲကုန်ပြီ။ ဘာတွေဖြစ်ကုန်တာလဲ..၊ လုယူတဲ့သူက ရှုံးလို့ လုခဲ့တာလား..ကိုယ်ကအလုခံရလို့ ရှုံးနေတာလား..။ မဟုတ်ဘူး.. ကြောက်ရင်နစ်ခါသေတယ်..ငါမရှုံးခဲ့ဘူး ..ဘာကြောင့်ရှုံးရမှာလဲ.. ။

"ဟဲ့..ငါ့ကိုလှည့်ကြည့်စမ်း ဗေဒါဖြူမ.."

တောင့်မတ်စွာကျန်ခဲ့ပြီးမှ ထွက်ခွာသွားသည့်သူကို အော်ငေါက်တားဆီးမိသည်။ ဒါဒါကလည်း ခြေလှမ်းရပ်ပစ်၏။ 'မင်းမတော်သေးဘူးလား'ဆိုသည့် ထိုယောကျ်ား၏အကြည့်တွေကိုလည်း ဂရုမစိုက်နိုင်ဘဲ.. ။

"နင်က အမှိုက်ပုံက ထမင်းခြောက်ကောက်စားရတဲ့ ခွေးသာသာအဆင့်..ငါကလူကုံထံမျိုးနွယ်က ဒိတ်ဒိတ်ကြဲသူဌေးတွေရဲ့ တစ်ဦးတည်းသောချွေးမ၊ ငါ့နာမည်ကိုက ကေရီ..နင်ငါ့ကိုဘယ်တော့မှအနိုင်မရဘူး မှတ်ထားလိုက်.."

"ပုံပြင်ထဲမှာလား.."

လှောင်ပြုံးနှင့်ပြန်မေးရင်း ဒါဒါကကျောခိုင်းနေရာကနေ ပြန်ငဲ့ကြည့်သည်။ မေးဖျားသည် ပခုံးစွန်းမှာ မထိတထိဖေးကပ်လျက် ဖားလျားဖြန့်ချထားသည့် ဆံနွယ်တချို့က သူမရဲ့ပါးရိုးလေးပေါ်ထိ ဖြတ်ကွယ်ထားသော်လည်း.. ။

"နင်ကကေရီဆိုရင် ငါကဘုရင်မ..အခြေအနေကို သဘောပေါက်လွယ်အောင် ခေါင်းလေးဘာလေးသုံးဦး.."

တစောင်းပြန်လှည့်ကြည့်တာပေမယ့် တစ်ယောက်မျက်လုံးထဲကို တစ်ယောက်မြင်နေရသည်။ အောက်နှုတ်ခမ်းတို့ကို ဖိကိုက်ထားမိကာ ကေရီ့ဒေါသတို့သည်.. ။

"ကောင်မ..လူပါးဝလို့၊ ကဲဟာ.."

"ဒေါက်..ချွမ်း.."

နောက်ထပ်ရိုက်စမ်းခဲ့ဖို့ ပျံ့လွင့်လာသည်။ ထိုယောကျ်ား၏ကျောပြင်သည် ဒါဒါ့ကိုယ်လေးကို ကာကွယ်ထားလိုက်တာ တံတိုင်းတစ်ခုသဖွယ်..

"တောက်.."

ကေရီ့ရင်ထဲက သဝန်တိုဒေါသတို့သည် အရာရာကိုအမှောင်ဖုံးသွားစေခဲ့လျက်.. ။



"ငါကဘုရင်မ..ငါကအမြဲတမ်းဘုရင်မပဲ၊ နင့်လိုကလေကချေအောက်တန်းစားဘဝက လာတာမဟုတ်ဘူး..ငါကနင့်ထက်မြတ်တယ်၊ နင့်ထက်သာတယ်..နင့်ထက်ငါအားလုံးသာတယ် နားလည်ရဲ့လား၊ ကိုကို့ကို နင်ဘယ်တော့မှမရဘူး..ငါဘယ်လိုမှမပေးနိုင်တာ ကိုကိုပဲ၊ နင်နဲ့ငါ မပြီးသေးဘူးကောင်မ..နင်ငါ့ကိုလှည့်ကြည့်လိုက်စမ်း.."

ဒေါသတကြီးဆောင့်ကန်လိုက်တော့ ခြေထောက်သည်လေဟာနယ်မှာ ဆတ်ခနဲဖြစ်ကာ လူသည်အိပ်မက်ခြင်းမှ နိုးလေသည်။

ငါအိပ်မက်မက်နေတာလား..မဟုတ်ဘူး ဒါအိပ်မက်မဟုတ်ဘူး.. ။

ကေရီအိပ်ရာထဲက ကုန်းကျုံးထထိုင်လိုက်ပြီး တစ်ခန်းလုံးကို ဝေ့ကြည့်သည်။ ပြီးတော့ အိပ်ရာနဲ့အိပ်ရာခင်းကို လျှောက်စမ်းပွတ်သပ်တာလည်း အားမရ။ ကိုယ်ပေါ်ကစောင်ကိုဖြစ်သလို လုံးထွေးလွှဲပေါက်၍ ခုတင်ပေါ်ကဆင်းကာ အိမ်ရှေ့ကိုပြေးထွက်ခဲ့သည်။ ဧည့်ခန်းမှာ ပြိုလဲကွဲရှနေခဲ့လျှင် ဒါအိပ်မက်မဟုတ်.. ။

ဘယ်မှာလဲ..ငါရိုက်ချပေါက်ခွဲထားတာတွေ ဘယ်မှာလဲ.. ။

သူမကိုင်လိုက်သမျှကို မှတ်မိနေသည်။ ကြမ်းပြင်ပေါ်မှာ ကွဲရှရာတွေ ဘာမှမရှိသည့်တိုင် အထပ်စင်ပေါ်က ပစ္စည်းတွေကို ပြေးကိုင်ကြည့်မိသည်။ ပြီးတော့ အလုငါးကန်လေး။ ပြီးတော့ အနက်ရောင်သဲကျောက်လေးတွေ ထည့်ထားသည့် ဖရဲသီးပုံကိုယ်လုံးနှင့် လည်ပင်းရှည်ဖန်အိုးလေး.. ။

ဒါဘာမှမဖြစ်ဘူး..ဘာမှလည်း မကွဲဘူး ငါအိပ်မက်မက်နေတာပဲ..

ချွေးတွေစိုနေသည့် လည်ပင်းကိုပွတ်သပ်မိရင်း ဆိုဖာပေါ်မှာ အိခနဲထိုင်ချလိုက်သည်။ မျက်နှာမော့လိုက်တော့ တချပ်ချပ်မြည်နေသည့် နာရီဟောင်းကြီးက ည၂နာရီတိတိကိုပြနေသည်။ ညကတိတ်ဆိတ်လွန်းနေသော်လည်း သူမနားထဲမှာ အသံတွေမြည်နေသည်။ တစ်နေရာကအသံတွေမဟုတ်ဘဲ သူတို့ပြောနေကြသည့် စကားသံတွေဖြစ်ကာ.. ။

"ချစ်တယ်ဘေဘီလေးရယ်..မင်းကိုဦးအသက်လောက်ချစ်တယ်.."

"မင်းကအသက်လေးငယ်ငယ် ရုပ်လေးလှလှနဲ့ အကျင့်ဆိုးလှချေလားဟင်..ငါ့ယောကျ်ားက ညည်းအဖေအရွယ်.."

"ညည်းကမှအရှက်သိက္ခာမလိုပါဘူးဆိုရင် ငါကဘာမို့လဲကေရီ..ညည်းနောက်ထပ် ငါ့ယောကျ်ားနား ဘယ်တော့မှမကပ်စေရဘူး၊ အဲ့ဒီအတွက် ဘာလုပ်မလဲ ကြည့်နေလိုက်.."

"ရွံစရာကောင်းတဲ့မိန်းမ.."

"မင်းကိုမြင်ရတာ မစင်ပုံလိုပဲ.."

"ဒီကနေ သုံးရက်အတွင်း အပြီးပြောင်းပေး.."

"အထက်စီးကနေချင်လွန်းလို့ ကိုယ့်နာမည်ကိုလေတံခွန်မှာရေးပြီး လွှတ်ရင်တောင် အဲ့ဒီလေတံခွန်က ကြိုးပြတ်နေပြီဆိုတာ.."

"သူပြောတာမှန်တယ်..ပြောသလိုလုပ်ပေးလိုက်.."

"မင်း အဲ့ဒီစကားပြောကြည့်လိုက်..ငါ့လက်ထဲကအသံဖိုင်ကို ဒီထဲမှာပဲ ငါဖွင့်ပြလိုက်မယ်.."

"အား.."

ခေါင်းတွေချာချာလည်ကာ ဘယ်အသံက ဒုက္ခပေးမှန်းမသိခင် နားနှစ်ဖက်အုပ်၍ တအားအော်ပစ်လိုက်သည်။ ကြီးမားထည်ဝါသော နှစ်ထပ်တိုက်မြင့်ကြီးထဲမှာ သူမအော်သံလောက်တည်း။ ဘယ်လောက်အော်နေနေ ပြေးလာကြည့်မယ့်သူမရှိ။ မျက်ရည်သုတ်ပေးမယ့်သူဆိုတာဝေး.. ။

"ဒီ ဒီး..ဒီ.."

ဖုန်းဝင်နေသံကိုနားထောင်ရင်း ဖိဆုပ်ကိုင်ထားသည့်လက်တွေက ဆတ်ဆတ်တုန်နေ၏။ ပြန်ကျသွားလိုက် ပြန်ခေါ်လိုက်နှင့် လေးခါမြောက်ကျမှ တစ်ဖက်ကအိပ်ချင်မူးတူးသံ ပြန်ကြားရကာ.. ။

"ဟလို.."

"တေဇ.."

တစ်ဖက်က အသံတိတ်သွားသည်။

"တေဇ..ကေရီပါ.."

"အင်း..သိပြီ၊ ဘာကိစ္စလဲ.."

တေဇအသံက ချက်ချင်းတင်းတင်းမာမာဖြစ်သွားသည်။ ဒါပေမဲ့ သူမ မာနပြိုင်ချိန်မရ.. ။

"တို့မှားခဲ့တာရှိရင် နားလည်ပေးပါတေဇရယ်..တို့ ငါလေ.. ငါအရမ်းမွန်းကျပ်နေပြီ..ငါဘာလုပ်လုပ် မှားနေတယ်၊ အမှားမှန်သမျှ ငါ့ဘက်ရောက်နေတယ်..ငါဘာဖြစ်သွားတာလဲ.."

တေဇ အသံတိတ်နေပြန်၏။ ကေရီ အဲရ်ကွန်းကိုအားမရဘဲ စတန်းဖန်ဖွင့်၍ ရှေ့မှာတည့်တည့်ကြီး ကပ်ရပ်နေမိကာ.. ။

"ငါဗေဒါဖြူကိုနိုင်ချင်တယ်..အဲ့ဒါ ကိုကိုနဲ့မဆိုင်ပါဘူးတေဇရယ်ယုံပါ၊ ဗေဒါဖြူကို ဒီတစ်ခါရှုံးရရင် ငါ့ဘဝပျက်ပြီသိလား.."

"မင်းဘဝပျက်ရင် ကိုယ့်ဆီလာခဲ့လေ.."

ကေရီ ဟင်ခနဲဖြစ်သွားသည်။ ဒီထိ တေဇသည်းခံနေလိမ့်မယ်လို့ မထင်။ ကိုယ်ရင်ဖွင့်တာကို နားထောင်ပေးဖော်ရတာတောင် ဝမ်းသာနေ



သော်လည်း.. ။

"ဟိုအပင်ခုနှ် ဒီအပင်ခုနှ်နဲ့ ငါမလုပ်ချင်တော့ဘူး.."

"နှစ်ပင်သုံးပင်တောင် ကူးလူးခုန်ပေါက်ခဲ့တာပဲကေရီ..မင်းအတွက် ဆန်းနေလို့လား.."

ရင်ထဲမှာ တင်းခနဲဖြစ်သွားသည်။ ကိုကို့လိုယောကျ်ားကို စွန့်လွှတ်လိုက်ရကာမှ သူ့လိုဘာမဟုတ်တဲ့လူကို အစားထိုးဖို့ဆိုတာ ကေရီဆိုတဲ့မိန်းမအတွက် နိုးပါ။ ဒါပေမဲ့ ဟင့်အင်းလို့လည်းမပြောနိုင်သေး.. ။

"နင်ငါ့ကိုအထင်သေးပါ..ဒါပေမဲ့ ခုချိန်မှာ ငါအရမ်းခံစားနေရလို့ တောင်းပန်ပါတယ်၊ ငါ့ကိုအထင်သေးစကားတွေနဲ့ မပစ်ပေါက်ပါနဲ့.."

"ကိုယ်ကလည်းမပြောချင်ပါဘူး..ဒါပေမဲ့ သားကိုကိုနဲ့ သူ့ရဲ့ပိုင်ဆိုင်မှုတွေကို မင်းမက်မောနေသရွေ့ မင်းဆီကိုဒုက္ခတွေပဲလာမှာဆိုတာ ငါပြောရဲတယ်.."

တေဇအသံက တင်းမာခြင်းတို့ပြေလျော့သွားပြီဖြစ်သော်လည်း.. ။

"မင်းသဘောပေါက်တဲ့နေ့ ဖုန်းဆက်လိုက်လေ..မင်းနဲ့ပတ်သက်ရင် ကိုယ်ကလည်း အထုံအကျင့်စွဲနေတဲ့ကောင်ပါ.."

## အခန်း(၁၂၉)

"ဒါဒါရေ..ငါပပပါ၊ နင်တို့ဟိုတလောက အိမ်ရာဆိုက်ဒ်ထဲမှာ ပြဿနာတက်သွားကြတာ ငါသိတယ်..အဲ့ဒါကြောင့် နင်မသိသေးတာတွေပြောချင်လို့၊ ပြီးတော့ ပေးစရာတွေလည်းရှိတယ်.."

ရင်ထဲမှာ တဆစ်ဆစ်တိုးဆောင့်နေသည့်ဒေါသတို့ဖြင့် ပပဖုန်းဆက်လာသည့်အကြောင်းတွေကို ပြန်တွေးမိသည်။ အမေက သူမအတွက်အိမ်မြေအပေါ်မှာ ဦးဝင်းမောင်နဲ့တစ်ဝက်စီ အကျိုးခံစားခွင့်ရှိသည့်အကြောင်း စာချုပ်ချုပ်ခဲ့သည်။ စုမဲကရသည့်ငွေတချို့တောင်ပါသေးသည်ဟုဆိုသည်။ ဒါကိုဦးဝင်းမောင်နဲ့ ကိုယ့်ကိုမလိုသည့်လူကြီးတချို့ ပူးပေါင်း၍ ဖျောက်ဖျက်ထားခဲ့ကြသည်။ ရင်ထဲမှာ နင့်နေအောင်နာမိလေသည်။ အမေ့ကို သူမ အထင်လွဲခဲ့သည်။ တစ်သက်လုံးတစ်ချက်မှ အကောင်းမမြင်ခဲ့သည့်စိတ်မှာ 'အမေသည်သူ့ယောကျ်ားအတွက်သာ ကျန်အောင်ချန်တတ်သည့် ရက်စက်သောအမေ'ဟု တောက်လျှောက်ထင်ခဲ့၏။ အမေသူမအပေါ်ပြောသမျှ အားလုံးကို အကောင်းဘက်ကဘယ်တော့မှမတွေး.. ၊

"ပြန်ပါတော့အေ.."

"ငါမုန်းလို့မဟုတ်ဘူး..ညည်းငရဲကြီးမှာစိုးလို့.."

"ငါ့ရှေ့ကသွားစမ်းပါဒါဒါရယ်.."



သူမတကယ်သွားဖို့ ဆုံးဖြတ်ပြီး ကလေးလက်ဆွဲထွက်တော့ ငယ်ကျသွားသည့်အမေ့မျက်နှာလေးကို သတိရလိုက်လျှင် မျက်ရည်ကချက်ချင်းပြည့်တက်လာ၏။

"မဟုတ်ဘူးလေ..ငါညည်းကိုနှင်ချတာမဟုတ်ဘူး.."

"ဘွားဘွားကြီးမငိုနဲ့နော်..သမီးဘွားဘွားကြီးဆီ ခဏခဏလာမှာ.."

ကလေးကမှကိုယ်တိုင်လည်း နေမကောင်းဘဲ ဘွားအေကိုလက်လေးကိုင်ပြီး နှစ်သိမ့်ဖော်ရသေးသည်။ သူမ အမေ့ကိုနောက်ထပ်လှည့်မကြည့်ခဲ့။ ဆိုနေရာမှာပဲ အမေလဲသွားခဲ့တာလား.. တအိအိပြိုလဲကြိတ်ငိုနေရင်း သွေးဘက်သွားတာလား.. ၊

ဒါဒါထိုအိမ်ဆီသွားနေရင်း မျက်ရည်စက်တွေ ပိုးပိုးပေါက်ပေါက်ကျလာသည်။ သေဆုံးခါနီးအချိန်မှာ သူမလက်ကိုမလွတ်တမ်းဖိဆုပ်ထားပြီး တစ်ခုခုပြောဖို့ အမေကြိုးစားခဲ့သည်။ မရမကကြိုးစားနေတာ မြင်ခဲ့သည်။ ဒါပေမဲ့ ကိုယ့်ကိုမှာချင်တာလို့မမြင်။ သူ့ယောကျ်ားနဲ့ပတ်သက်တာတစ်ခုခုလို့ပဲ မြင်ခဲ့မိသည်။ ခုတော့ သူမမိဘကိုစော်ကားမိခဲ့သည့်အပြစ်တွေကြောင့် တစ်ပါးသူခြေရင်းမှာ ဝပ်စင်းရသည့် ကျွန်ဖြစ်ခဲ့ရသည်။ မျက်ရည်တွေပင် သယ်ဝေခဲ့သည်။

ဒါဒါမှားခဲ့ပါတယ်အမေ..သမီးဘယ်လောက်ချမ်းသာပါစေ အမေပေးချင်ခဲ့တဲ့အမွေကို သမီးရအောင်ပြန်ယူမယ်.. အမေ့ချွေးနည်းစာနဲ့စုဆောင်းထားခဲ့တဲ့ စုမဲငွေကိုလည်း အတိအကျပြန်ယူမယ်..အမေ့အပေါ်မကောင်းခဲ့တဲ့လူကြီးကိုရင်ဆိုင်တိုက်ခိုက်မှာမို့ အမေခွင့်လွှတ်ပေးပါ.. ၊

"နင်လာရင်ပေးမလို့ ငါအဆင်သင့်ယူဝှက်ထားတယ်သိလား..စာချုပ်လေ၊ ငါ့ဦးလေးကယူသိမ်းထားတာ..ငါနင့်အပေါ်မှာ မကောင်းခဲ့တာတွေရှိလို့ ဒါတော့ပြန်လုပ်ပေးချင်လို့ပါ..နင့်အမေပစ္စည်းကို နင်ရအောင်ပြန်ယူနော်ဒါဒါ၊ နင်လုပ်နိုင်တာ ငါသိတယ်..သိလို့ပေးချင်တာ.."

လက်ထဲမှာ စာချုပ်ပါလာခဲ့ပြီ..။ ထို့ကြောင့် ဒီလမ်းကိုသူမရဲရဲဝံ့ဝံ့လျှောက်လာခဲ့၏။ ရှပ်လက်တိုအနီရဲရဲနှင့် မကျည်းရောင်ဘောင်းဘီရှည်ပွပွလေးကို ဝတ်ထားသည်။ အင်္ကျီရောင်အတိုင်း သူမမျက်နှာလေးကလည်း မာန်မာနတို့ဖြင့် ရဲရဲတောက်ရှိနေခဲ့လျက်.. ၊

"ဒီမှာချလိုက်.."

ကားပေါ်ကဆင်းလာသည့် အလုပ်သမားတွေကို သူမလက်ညှိုးထိုးခိုင်းလိုက်သည်။

"ဒီမြေကွက်ပဲ..ဟိုဘက်ထိပ်ကနေ ဆွဲတိုင်းပြီး တစ်ဝက်တိတိကန့်

မယ်.."

"ဒီမှာဖောင်ဒေးရှင်းတွေပြီးနေပြီ..ကျွန်တော်တို့ဘယ်လိုလုပ်.."

"အဲ့ဒီပေါ်မှာ သွပ်ဆူးကြိုးနဲ့ဖြတ်တားလိုက်ရုံပဲလေ..ရှေ့နောက်နှ
ဖက်ထိပ်မှာ တိုင်ထူရုံပဲ..ဘာလို့မရတာလဲ.."

"အလယ်တိုင်တွေမပါဘဲနဲ့ဆိုရင်.."

"ခိုင်ဖို့ခန့်ဖို့က ကျွန်မအလုပ်ပါ..ရှင်တို့ဆီက ပစ္စည်းဝယ်ခဲ့ပြီးပြီ၊ ရှင်
တို့လက်ခတွေပါရှင်းပြီးသား၊ ခိုင်းတဲ့အတိုင်းလုပ်ပါ.."

လယ်သမားတွေတစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး တွေ
ဆုတ်နေကြသည်။ ပြီးမှ ခေါင်းဆောင်လုပ်သူက ခေါင်းညိတ်ပြီး ပေ
ကိုင်၏။ အိမ်ရာကွင်းကြီးထဲမှာ ဖောင်ဒေးရှင်းဘယ်လောက်အနက်နှင့်ထ
ထားမှန်းမသိပေမယ့် သံချောင်းတွေထိုးထိုးထောင်ထောင်နှင့် ပြီးစီးထာ
သည့်ကွန်ဂရစ်ပြင်ကြီးက တပြန့်တပြော။ ပြီးတော့ အမှတ်အသားတွေအ
ဒီဘက်ကနေ ဆောက်လုပ်ရေးစမှာမို့ ပြီးစီးနေသော တိုင်ပုံးတွေကိုကြည့်
ပြီး ပြုံးမိသည်။ ပြီးတော့ မျက်တောင်တွေဖိခတ်ရင်း ပါးပြင်ကိုလက်ခုံနှ
ပွတ်သုတ်ပစ်သည်။

"ဒါဒါရေ ပြန်လာတာလား.."

"ဒါဒါဘာလုပ်မလို့လဲဟင်.."

သိကြတဲ့လူတချို့ အူရားဖားရားလာမေးပြီး သူ့ထက်ငါဦးအောင်
စုကြ၏။ မနက်ကိုးနာရီမို့ ဆိုက်ဒ်ထဲမှာအလုပ်သမားတွေလည်း စုံနေပြီဖြ
ရာ သူမဘာလုပ်နေသလဲဆိုတာ ကွက်ကြည့်ကွက်ကြည့်ကနေ အနီး
စပ်စုသူပိုများလာ၏။ သတိလက်လွတ်ဖြစ်နေပုံရသည့်ဦးဝင်းမောင်သည်
အတော်ကြာမှရောက်လာပြီး.. ।

"ဟော့..ဟော့ ဘာလုပ်တာလဲ.."

ဒါဒါတို့ကားပေါ်ကချထားသည့် သွပ်ဆူးတွေသံဇကာတွေကိုကြည့်
ခလုတ်တိုက်မတတ်ရောက်လာပြီး.. ।

"ဘာကိုထက်ပိုင်းပိုင်းနေတာလဲ..နင်နဲ့ဘာဆိုင်လို့လဲ.."

"ဘာဆိုင်လို့လဲဆိုတော့ ကျွန်မအမေအိမ်..ကျွန်မနဲ့လည်းဆိုင်တ

"အံမာ..နင့်ကိုဒေါ်အေးဘယ်တုန်းကမှ ခေါင်းထဲမထည့်ခဲ့ဘူး၊ နင်
ကြောင့်ပဲသေတာ..ခုကျမှ 'မရ ထန်းလက်ကချိုင်'ဆိုတာမျိုး လာမလုပ်နဲ့
ဟော့..မရဘူး အဲ့ဒီမှာမစိုက်နဲ့လေ.."

ဒါဒါကိုပြောရင်း တိုင်စိုက်မယ့်နေရာကို လှမ်းအော်ရင်းပြေး၏။ ဒါဒါ
က လက်ပိုက်၍.. ।



"ရတယ်ဦးလေး..ဆက်တူး.."

"ဘာပြောတယ်.."

ဦးဝင်းမောင် ဒါဒါ့ဆီပြန်ပြေးလာပြန်ကာ.. ।

"နင်ဘာလုပ်တာလဲဒါဒါ..ဒါဖောင်ဒေးရှင်းပြီးနေပြီ၊ ငါနဲ့လည်းမဆိုင်
တော့ဘူး..သူဌေးတွေကို အံတုဖို့မကြိုးစားနဲ့.."

တစ်မြန်နေ့က ပြဿနာဖြစ်သွားခြင်းကို သိသူရှိသလို မသိလိုက်သူ
တွေလည်းရှိကာ ကိုကိုရယ် ဒါဒါနဲ့ဧကရီတို့သုံးယောက်ကို ဘာကြောင့်ဖြစ်
ကြသည် ဘယ်လိုပတ်သက်ကြသည်ဆိုတာလည်း သိသူတချို့ မသိသူတ
ချို့နှင့်။ အထူးသဖြင့် ကိုကိုနဲ့ဧကရီကိုတွဲလျက်မသိကြသူတွေပဲ များသော
ကြောင့် အဖြစ်အပျက်ပေါ်မှာ လိုက်မမီအောင်ဖြစ်ကျန်ခဲ့ကြသည်။ ထို့
ကြောင့် ဒီသတင်းကျန်ရစ်ပေမယ့် သတင်းသည်လည်းမချော။ ထိုမချေ
ာမှုကို တစ်ဆင့်ပြန်ကြားခဲ့သည့် ဦးဝင်းမောင်သည်လည်း ကိုကိုနဲ့ဒါဒါတွဲ
လျက်ပေါ်လာသည့်သတင်းကို သတိမထားမိခဲ့။ ထိုအခါ ယခုကဲ့သို့ပြဿ
နာပေါ်သည့်အချိန်တွင်.. ।

"ဟော့..ကျုပ်ပြောနေတာခြိမ်းခြောက်နေတာ မဟုတ်ဘူးနော်၊ စာချုပ်
စာတမ်းနဲ့သေချာလုပ်ထားတဲ့ကိစ္စ ကေတူးကသည်းခံနေမှာမဟုတ်ဘူး.."

ဒါဒါ့ရှေ့ရောက်မှ နောက်ကိုပြန်လှည့်အော်လျက်.. ।

"နင်နေရာတကာ ပြဿနာရှာရတာ ဝါသနာကြီးတယ်ဟုတ်လား..
တစ်နေ့နေ့ အပေါက်ကျဉ်းကျဉ်းနဲ့ သေနေလိမ့်မယ်.."

"ကျွန်မအတွက် ရှင်ပူဖို့မလိုပါဘူး..စာချုပ်မကလို့ သိကြားမင်းလက်
မှတ်ထိုးထားတာဖြစ်ဖြစ် ရှင်ကမယားပစ္စည်း လင်ပိုင်တယ်ပြောပြီး ခွစီး
ထားတယ်..ကျွန်မကရော.."

"နင်က.."

"ဒီအိမ်က ကျွန်မတို့သားအမိလက်ထက်တည်းကအိမ်..ရှင်ပိုင်ရင်
ကျွန်မကပိုင်လို့မရဘူးလား.."

"အဲ့ဒါကိုဒေါ်အေးကဆုံးဖြတ်တာလေ..သူကိုယ်တိုင် နင့်ကိုကန်ထုတ်
ပြီး ငါ့ကိုပေးခဲ့တာ.."

"ဩော်..မိနဲ့ဖနဲ့မကြီးပြင်းခဲ့တော့ မိဘမေတ္တာလည်းမသိဘူးကိုး၊ အ
မေက ကျွန်မကိုကန်ထုတ်ပြီး ရှင့်ကိုပေးခဲ့တယ်ဆိုရင် စာချုပ်ပြလေ.."

ဦးဝင်းမောင်မျက်လုံးကြီးပြူးထွက်လာသည်။ အစတုန်းက ပျောက်
ချင်ရာပျောက် ရောက်ချင်ရာရောက်နေပြီး ခုကျမှဘာဖြစ်လို့ပြဿနာလာရှာ
နေတာလဲ..။ ဒါဒါ့မျက်လုံးတွေက စေ့စေ့မကြည့်ရဲအောင် စူးရဲတင်းမာနေ

ကာ ဘယ်လိုခြောက်ခြောက် ကြောက်သွားမည့်ပုံလည်းမရှိ။ ဒါမလုပ်နဲ့တား လို့လည်း ဆုတ်ပြန်မည်မထင်..။ လှည့်ကြည့်လိုက်တော့ အလုပ်သမားတွေ ကလည်း တိုင်စိုက်ဖို့တူးဆွနေကြပြီဖြစ်လျှင်.. ။

"ဒါဒါ..နင့်ကိုဘယ်သူမြှောက်ပေးလိုက်တာလဲ၊ နင်ရူးနေပြီလား..ဒီ အိမ်ရာကိစ္စက တစ်ရပ်ကွက်လုံးအတိုင်းအတာနဲ့ လုပ်နေတာနော်၊ နင်ဘယ် လိုလူတွေကို ပြဿနာရှာမိနေတာလဲ သိရောသိ့လား.."

"သိပ်သိတာပေါ့..နတ်ပြည်ခြောက်ထပ်ကို မီးတက်ရှို့ရလည်း ဖေဒါ ဖြူကိုဘယ်သူမှတားလို့မရဘူး၊ ဒါကိုသက်ဆိုင်သူအားလုံး တားခွင့်ရှိတယ်.. မိသားစုဝင်တွေကျေနပ်မှလုပ်ရမယ်ဆိုတာ ရှင်ပြောနေတဲ့သူဌေးတွေ ပညာ ရသွားဖို့.."

ဒီကောင်မလေး ဘာအားကိုးနဲ့လဲ..။ ဆံပင်ဒိုင်ကလူတွေကို သတိရ လိုက်တော့ နားလည်သွားသည်။ အဲ့ဒီကနှစ်ထပ်ခွဲတိုက်ကိစ္စနဲ့တောင် သင်း ကသူဌေးတွေကို ရန်ဖြစ်ခဲ့သေးတာ.. ။

"အားကိုးတစ်ခုခုရှိတာနဲ့ ဂန့်ကျယ်မနေနဲ့နော်..နင့်ပြဿနာကြီးသွား ရင် အဲ့ဒီလူတွေ နင့်ကိုဘယ်သူမှ.."

"ရတယ်..အောက်ခြေလွတ်ထားလည်းရတယ်..တင်းတင်းဆွဲပေး၊ အ လယ်တိုင်တွေမရှိလည်း လဲမကျရင်ပြီးရော.."

ဒါဒါက သူ့ကိုဂရုမစိုက်ဘဲ လယ်သမားတွေကိုလှည့်ခိုင်းနေသဖြင့် စကားလည်းမဆက်နိုင်။ ပြီးတော့ သူမကထိုဆီလျှောက်သွားလျှင် ဦးဝင်း မောင်ဒေါသဘယ်လိုမှ ထိန်းမရတော့ဘဲ.. ।

"နင့်ကိုငါရဲနဲ့ဆွဲထုတ်မယ်.."

ဒါဒါကလှည့်လည်းမကြည့်။ ဂရုလည်းမစိုက်။ ဦးဝင်းမောင်စက်ဘီး ဆွဲပြီး ရှူးရှူးရှားရှားထွက်သွားတော့ လက်သမားခေါင်းဆောင်လူကြီးအ ထိတ်လန့်သည့်မျက်နှာနှင့်ကြည့်ကာ.. ।

"ဆက်လုပ်လို့ရပါ့မလားတူမကြီး..ဦးတို့ကလုပ်ဆို လုပ်ပေးမှာပါ ဒါတွေလုပ်ပြီးမှ ပြန်ဖြုတ်ရရင်.."

"ရတယ်..ဆက်သာလုပ်ပါ.."

ဒီနေရာမှာ အမေ့အိမ်လေးရှိခဲ့သည်။ ခုတော့ အိမ်လေးအစား ဖောင် ဒေးရှင်းချထားပြီးသည့် အဆောက်အဦးနေရာကြီးဖြစ်နေခဲ့ပြီ။ သူမတစ်ချက် မှနောက်လှည့်မကြည့်ဘဲ သွားခဲ့တာက အမေစိတ်ချမ်းသာသလို ဆုံးဖြတ် ခဲ့တဲ့အပေါ် ငြိငြင်စိတ်မဖြစ်ချင်တော့တာပါ။ ဒါပေမဲ့ ဒီအချိန်ဟာ အမေ့ နေရာလေးကို ပြန်လိုချင်တာထက် မတရားရယူထားခဲ့သည့် ဦးဝင်းမောင်



နဲ့လူတစ်စု၏လုပ်ရပ်ကို ဖော်ထုတ်ဖို့။ ပြီးတော့ အမေကိုယ့်အတွက် ဒီလို ချန်ရစ်ခဲ့သည်ဆိုတာ အားလုံးကိုသိစေဖို့.. ।

"ဖေဒါဖြူ..ဟေ့ ရပ် ရပ်.."

စက်ဘီးနှစ်စီး အလောတကြီးတိုးဝင်လာကာ ရှေ့စက်ဘီးသည် ရပ် ကွက်လူကြီးဦးမင်းလွင်၏ညီ.. ।

"ဒါကို လုံးဝဆက်မကာရဘူး.."

ပြောပြီး စက်ဘီးပေါ်က ဆင်းလာသည်အထိ ဒါဒါကစောင့်၍.. ।

"ကျွန်မပိုင်တဲ့အခြမ်း ကျွန်မကာတာ ဘာဖြစ်လို့လဲ.."

"နင်ပိုင်တယ်ဆိုတာ ပါးစပ်ကပြောနေလို့ရမလား..ဒါရုံးနဲ့ကနားနဲ့ ဆွေးနွေးညှိနှိုင်းထား ကြတဲ့ကိစ္စ.."

"ကျွန်မပိုင်တာကို ပါးစပ်ကပြောလို့မရရင် ဦးဝင်းမောင်ပိုင်တယ်ဆို တာကို ဘာနဲ့ပြောထားတာလဲ.."

စကားတိတ်သွားသည်။ ပြောစရာမရှိတိုင်း လူကြီးညီက ကွန်ဂရစ် ပေါ် တလွှားလွှားတက်လာ၏။ ဒါဒါ့ဘေးကဖြတ်၍ ဟိုတစ်ဖက်ထိပ်မှာ ကျင်းသွားတူးနေသည့် လက်သမားတွေဆီ ခြေလှမ်းပြင်လိုက်သေးသည်။ ပြီးမှ ပြန်လှည့်ကြည့်ကာ.. ।

"နင့်အမေကိုယ်တိုင် ကိုမင်းလွင်ဆီလာပြီး ပြောသွားတာ..သူကိုယ် တိုင်က နင့်ကိုမပေးဖို့ ဆုံးဖြတ်ပြီးသား.."

"ဟုတ်လား .ဒါဆို အမေလည်းဒီတိုင်းပြောသွားတာပေါ့၊ လွှဲပြောင်း တယ်ဆိုတာ စာချုပ်စာတမ်းရှိမှ တရားဝင်တာ.."

"ပိုင်တဲ့သူက ကြိုက်တဲ့သူကိုလွှဲပေးခဲ့လို့ရတယ်.."

"ဒါကြောင့် စာချုပ်ပြခိုင်းနေတာလေ..ပြနိုင်ရင် ခုချက်ချင်းကျွန်မပြန် သိမ်းသွားမယ်.."

"အံမာ.."

လူကြီးညီက လူကြီးမဟုတ်ပေမယ့် ရပ်ကွက်ထဲမှာတော့ လူကြီးလိုပဲ လူသိများကာ လေးစားသမှုလည်းရှိကြသည်။ ဒါပေမဲ့ ဒါဒါ့ကျမှ သူတို့ဒီလို ပြုမူစော်ကားခံရတာ တစ်ခါနှစ်ခါလည်းမကတော့။ သူတင်မက သူ့အစ် ကိုတောင် ခေါင်းခြောက်ခဲ့ရသည့် မီးပွားတစ်စ.. ।

"အေး..စာချုပ်အကြောင်းပဲပြောနေတာဆိုတော့ နင်ဥက္ကဋ္ဌအိမ်လိုက်ခဲ့ တော့.."

"ဥက္ကဋ္ဌအိမ်ကိုလိုက်ဖို့ ကျွန်မကရှင့်အမိန့်နဲ့လား.."

သင်းလိုက်ဖို့ကို ဥက္ကဋ္ဌကိုယ်တိုင်ကပဲ လာခေါ်ရဦးမှာလား..။ ဦး

မောင်မောင် မချင့်မရဲဒေါသတွေနှင့် မမျိုနိုင်မထွေးနိုင်ဖြစ်နေစဉ် နောက်ထပ် စက်ဘီးသုံးစီးနှင့် ဦးမင်းလွင်ရယ် လူကြီးနှစ်ယောက်ရောက်လာကြသည်။ ပွဲကြမ်းနေပြီဆိုသည့်အမြင်နှင့် ခပ်လှမ်းလှမ်းကလူတွေပါ ပြေးလွှားလာကြည့်ကြ၏။ ထိုပြင် အဖြူရောင် Alphardတစ်စီးပါရောက်လာခဲ့ပြီး ကားပေါ်ကဆင်းလာသူတွေထဲမှတစ်ယောက်က တက်ခေါက်၍.. ။

"တောက်..ဒီဟာမနဲ့ကို မပြီးနိုင်ဘူး.."

အနီရိပ်တွေပါသည့် နက်မှောင်သောကိုယ်ကျပ်ဝတ်စုံနှင့် ကေရီ့မျက်နှာက တင်းမာနေသည်။ တက်ခေါက်ရေရွတ်လိုက်ခြင်းကြောင့် ကြားသည့်လူတွေကလည်း လှည့်ကြည့်ကြ၏။ ပြီးတော့ သူမ၏မျက်လုံးတွေစူးရဲနေသော ဒါဒါ့ထံလိုက်ကြည့်မိရင်း သူမနဲ့ဒါဒါ့ကို စိတ်ဝင်စားကြသည့်စူးစိုက်မှုအားလုံးသည်.. ။

"ဟိုမှာသူဌေးလာပြီ.."

"လူကြီးတွေလည်းပါတယ်ဟ.."

ရုတ်တရက်ပြည့်စုံစွာ ဝန်းရံလာသည့်အင်အားကြောင့် ဒါဒါမျက်နှာပျက်သွားသည်။ ကိုယ့်ဘက်မှာ အမှန်တရားရှိနေပြီဆိုလျှင် ဘယ်လိုပုဂ္ဂိုလ်ကိုဖြစ်ဖြစ် ရင်ဆိုင်ပြောရဲသည့် ကိုယ့်အင်အားကိုပဲ ပင့်သက်ရှိုက်၍ အားတင်းလိုက်သည်။ လွယ်ထားသည့်ဆလင်းဘက်ဒ်ကိုဖွင့်၍ မျက်နှာမော့လိုက်လျှင်.. ။

"စောစောစီးစီး ရပ်ကွက်လူကြီးတွေဘာတွေ ဝိုင်းလို့ပါလားဗေဒါဖြူ ပွဲဆူရတာကို ဝါသနာပါတာလား၊ လူကြည့်ခံရတာကို ကြိုက်တာလား.."

"နှစ်ခုလုံးပဲဆိုပါတော့.."

ဒါဒါက ခပ်ရိရိပြုံး၍ မေးဆတ်ပြကာ.. ။

"ဒါပေမဲ့ ကိုယ့်ကိုယ်ကို ခွေးရူးဖြစ်နေမှန်းမသိဘဲ သူဌေးအခေါ်ခံရတာကို ကျေနပ်နေတဲ့နင့်ထက် ငါအများကြီးသာတယ်ဆိုတာ သဘောပေါက်.."

မျက်နှာဆီ ဆန့်တန်းထိုးလာသည့် လက်ညှိုးကြောင့် ကေရီဆတ်ဆတ်ခါနာသွားသည်။ ထိုစဉ် ပပနဲ့ဥမ္မာတို့ရောက်လာပြီး ဒါဒါ့နောက်မှာ မျက်နှာထိမျက်နှာထားတွေနဲ့ ဝင်ရပ်ကြ၏။ ကေရီကကြည့်ပြီး ရွံရှာသလိုကာ.. ။

"သူခိုးကလူလိုဟစ်လို့..တောက်.."

သူမက ရပ်ကွက်လူကြီးတွေဘက်ကိုလှည့်ကာ.. ။

"ရှင်တို့တွေ ကေတူးနဲ့ကျေကျေနပ်နပ် စာချုပ်ချုပ်ခဲ့ကြတာမို့လား..



ဒီထဲဝင်ဟောင်နေတာမြင်သားနဲ့ ခွေးထခြောက်ဖို့တောင် သတိမရကြဘူးလား.."

အားလုံးက ပြောသင့်တာကိုသိကြသည်။ ပြောပေးဖို့ပဲ လာကြတာဖြစ်ကာ သူမကလက်အောက်ငယ်သားတွေလို လှည့်အော်လိုက်တော့ မျက်နှာတွေပျက်ကုန်ကြ၏။ သို့သော် ဦးမင်းလွင်ရဲ့မကျေနပ်ခြင်းက ဒါဒါ့အပေါ်မှာပဲ စုပုံကာ.. ။

"ဗေဒါဖြူ..ညည်းအစတည်းက လိုချင်ပါတယ်ဆိုရင် သူများတွေလုပ်ကြကိုင်ကြမယ်ဆိုတုန်းက တောင်းပါလား..ဘာဖြစ်လို့ နေရာတကာသူများကိုဒုက္ခပေးဖို့ချည်း ရောက်ရောက်လာတာလဲ.."

ဟိုအရင်တုန်းကလည်း နှစ်ရာတန်လေးတစ်ရွက်ကြောင့် သစ်ပုံတစ်ပုံလုံးကို မြေလှန်ဖွခိုင်းခဲ့သည်။ ဘယ်ကနှစ်ရာတန်ထုတ်ပေးပေး ဒီအောက်ကနှစ်ရာတန်မှနှစ်ရာတန်။ ခုလည်း လုပ်ပြန်ပြီ.. ။

"အစကမလိုချင်ဘူး..အခု လိုချင်တယ်၊ လူတိုင်းကိုယ့်သောကနဲ့ကိုယ်ပဲဦးမင်းလွင်၊ အချိန်ဆိုတာလည်း နှစ်တော့မကူးသေးပါဘူး..ဟော့ဒီခြံတစ်ဝက်မှာ ကျွန်မအိမ်ဆောက်မယ်..ပြီးတော့.."

ပြောပြီး စာချုပ်ကိုထုတ်လိုက်၏။ ဦးမင်းလွင်တို့ မျက်မှောင်ကုတ်သွားကြတော့ သူမကပြုံးလိုက်ပြီး စာချုပ်ကိုလက်တစ်ဖက်မှာဖြန့်ခါပစ်လိုက်ပြီး မြှောက်ပြသည်။

"ဦးမင်းလွင်ကိုယ်တိုင် အသိသက်သေနဲ့ကိုယ်တိုင် လက်မှတ်ထိုးခဲ့တာမှတ်မိပါတယ်နော်.."

ဒါကိုတော့ ဦးမင်းလွင်သာမကဘဲ သူ့အနီးပတ်ဝန်းကျင်ကလူတွေပါ မျက်စိမျက်နှာတွေပျက်ကုန်ကြ၏။ ထိုထဲမှာ ဦးဝင်းမောင်လည်းပါနေကာ မျက်နှာပျက်ခြင်းသည် နားမလည်နိုင်ဖြစ်သွားတာမဟုတ်ဘဲ ထိတ်လန့်အံ့ဩသွားသော သူခိုးလူမိခံရသည့်မျက်နှာပျက်ခြင်းမျိုး.. ။

ဒါဒါ့ရင်ထဲက ကြေကွဲခြင်းသည် ဟိုအရင်က အမေ့ရုပ်အလောင်းကို ဖက်ငိုခဲ့ရသည့်အရှိန်အတိုင်း.. ။

"စာချုပ်အရ ကျွန်မတစ်ဝက်ပိုင်တယ်..ဒါကြောင့် အခုခြံကိုတစ်ဝက်ကန့်သတ်မယ်၊ ပြီးရင်အိမ်ဆောက်မယ်...ပြီးရင် ဒီစာချုပ်မှာထည့်ချုပ်ခဲ့တဲ့ ကျွန်မအတွက်အမေထားခဲ့တဲ့ငွေဆယ်သိန်းကို ခုချက်ချင်းလိုချင်တယ်.."

"ဟော့.."

ဦးမင်းလွင် လှုပ်လှုပ်ရှားရှားကြီးထဖြစ်ကာ လက်ညှိုးထိုးသည်။ ပြီးတော့ တစ်ခုခုပြောတော့မလို အသံထွက်၏။ ပြီးတော့ ဘာမှဆက်မပြော

နိုင်.. ၊

"ဒီမှာ ဦးလေးတို့ကျွန်မလုပ်ခွင့်ရှိလို့လုပ်တာ သိပြီနော်..ခြံခတ်တဲ့ကိစ္စကို ပြီးအောင်လုပ်ပါ.."

အိမ်ဆောက်ပစ္စည်းတွေနဲ့အတူ ခေါ်လာသည့်လက်သမားတွေက ခေါင်းတွေညိတ်ကြလျှင်.. ၊

"လုံးဝမထိနဲ့..ငါ့ကွန်ဂရစ်ပေါ်ကို ခြေတစ်လှမ်းတောင် မတက်ရဘူး"

ဒါဒါ့နားကို ကေရီဆိုးဆိုးဆတ်ဆတ်လျှောက်သွားသည်။ ပြီးတော့ မျက်နှာချင်းဆိုင်ရပ်လိုက်ပြီး စူးစူးဝါးဝါးကြည့်ကာ.. ၊

"နင်တို့ဓာတ်ရှုပ်တွေကြောင့် နင်ကနိုင်ကွက်နင်းနေတယ်ပေါ့..အဲ့ဒီလူကြီးတွေနဲ့နင် ဘာတွေဓာတ်ရှုပ်ပေးယူထားသလဲ ငါမသိဘူး..ဒါပေမဲ့.."

"ကေရီ..နင်စကားပြောတာ လူလိုပြော.."

"အံမာ..လူပါးဝလို့ ငါ့ကိုလူတွေရှေ့မှာ.."

ကေရီက အပြောနဲ့ထပ်တူ ပါးကိုဖြောင်းခနဲရိုက်ချပစ်လိုက်၏။ လူတွေအားလုံး တိတ်ကျသွားစဉ် ဒါဒါ့မျက်နှာဆတ်ခနဲလှည့်လာကာ.. ၊

"ဖြန်း.."

ကေရီ ဒယိမ်းဒယိုင်ဖြစ်သွား၏။ ပြင်းထန်သည့်ရိုက်ချက်တို့နှင့် နှစ်ယောက်စလုံးခြေလှမ်းတွေကိုယ်စီ ပျက်သွားစဉ်.. ၊

"ဟဲ့..တော်ကြစမ်း.."

တစ်ခါမှမဖြစ်ဘူးခဲ့သည့် ဒေါသမျိုးကို ဒေါ်မေစိုးဦးကိုယ့်ဘာသာခံစားမိသည်။ အပြန်အလှန်ရိုက်ချက်တွေကို လှမ်းမြင်လိုက်သည့်အချိန် သူမကားပေါ်ဆင်းလိုက်တုန်းပဲ ရှိသေးကာ ကိုယ့်ကိုယ်ကိုလူကြီးပါလားဆိုတာလည်း သတိမရ။ ပခုံးကနေခြုံထားသည့်အသားရောင်ချည်ဇာတဘက်၏အနားစတို့နဲ့ ထမီကိုခပ်တင်းတင်းဆွဲမ၍ ခလုတ်တိုက်မတတ်လျှောက်ရင်းလှမ်းအော်လိုက်မိသည်။ ဒေါ်မေစိုးဦးလိုက်လာပုံကိုလှည့်ကြည့်ကာ ကေရီ့ပါးပြင်ကိုလက်တစ်ဖက်နဲ့ အုပ်ထားရင်း.. ၊

"ပြောတော့ ကေရီကရန်လိုနေတယ်တဲ့..ခုကျတော့ အသံလေးအသံကြောင်နဲ့ အော်ပြေးလာပါလား၊ ကိုယ့်အသက်ကိုယ်တောင် သတိရသေးရဲ့လား.."

"သတိရရ မရရ မင်းငါ့ကိုမေးခွန်းထုတ်ဖို့မလိုဘူး.."

ဒေါ်မေစိုးဦးက ဒါဒါ့လက်မောင်းလေးကိုဆွဲ၍ သူမဘက်ဆွဲကပ်လိုက်ကာ.. ၊

"ငါ့သမီးကို မင်းလက်ဖျားနဲ့တောင်ထိဖို့ မလိုဘူး..သိဖို့လိုနေတာက



မင်းကိုယ်မင်းပဲ.."

"ဘာကိုသိရမှာလဲ..ကေရီဘာလဲဆိုတာကို ထပ်ပြောစေချင်တာလား"

ဒီလိုစကားစလိုက်တိုင်း ဂုဏ်သိက္ခာအတွက် အသက်ရှူမှားသွားတတ်သည့်ဒေါ်မေစိုးဦးမျက်နှာက ခံပြင်းခြင်းဖြင့် ပို၍တင်းမာသွားခဲ့ပြီး.. ၊

"ပြောလေ..ကိုယ့်ပေါင်ကိုယ်လှန်ထောင်းရင်း မင်းတောင်အထုံအကျင့်စွဲနေတယ်ဆိုရင် ကြည့်နေရုံပဲ၊ ငါတို့ကဘာမှဖြစ်မသွားဘူး..ဘယ်ကိစ္စကစပြီး ပြောချင်သလဲ၊ ဒီနေ့ကစပြီး ရေသောက်ပြောလို့ရတယ်.."

ကေရီ့မျက်နှာလေး ပျက်သွားသည်။ ဒီလုပ်ငန်းကိုတော့ ကိုယ်လည်းနားလည်နေသည်မို့ မရမကကုတ်တွယ်ထားဖို့စိတ်ကူးခဲ့သည်။ သူဌေးဆိုသည့်နေရာက ကျဆင်းမသွားဖို့ သူမအရယူနိုင်မှာ ဒီနေရာပဲရှိသည်မို့ မျက်လုံးမှိတ်ကာကွယ်နေခဲ့သော်ငြား.. ၊

"မင်းလောက်မိုက်လုံးကြီးတဲ့မိန်းကလေးမျိုး မရှိဘူး..မင်းလောက်လောဘကြီးတာလည်းမရှိဘူး၊ လောဘကလွဲပြီး ဆိုးမှန်းကောင်းမှန်းဘာမှနားမလည်တာလည်း မင်းပဲ.."

"ဒီမှာ..ကျွန်မကရှင့်ချွေးမဆိုတာ ထည့်ပြောဖို့လိုသေးသလားဒေါ်မေစိုးဦး.."

"လုံးဝမဟုတ်ဘူး..ဘယ်တုန်းကမှ မဟုတ်ခဲ့ဘူး၊ မင်းလောဘနဲ့မင်းအရှက်မရှိ အတင်းကြီးစာရင်းသွင်းထားတဲ့ကိစ္စ..ငါဘယ်တုန်းကမှ အသိအမှတ်မပြုခဲ့ဘူး၊ ဗေဒါဖြူကမှ သူချစ်ကိုယ်ချစ်မိဘချစ်နဲ့ ငါတို့သဘောတူခဲ့တဲ့ သမီးချွေးမ.."

ပြောပြီး ဒါဒါ့လက်လေးကို ခပ်တင်းတင်းဆွဲကိုင်ထားလိုက်ကာ.. ၊

"ဒီလိုနေရာမှာ အချိန်တွေဖြုန်းမနေနဲ့သမီး..ကြီးကြီးတို့ပြန်မယ်.."

"ဒါဒါပြန်လို့မဖြစ်သေးဘူး.."

"ဟင်.."

ဒါဒါ့မျက်ဝန်းတွေ ဦးဝင်းမောင်နဲ့ဦးမင်းလွင်ဆီ တန်းတန်းမတ်မတ်ရောက်သွားကာ.. ၊

"မိန်းမသားတွေကို အုပ်စုဖွဲ့လိမ်ထားကြတဲ့လူတွေရှိသေးတယ်..ကြံဆို့ရရင်ရ မရရင်မည်းခြေတင်ဖိတောင်းတတ်တဲ့ယောကျ်ားတွေရော.."

ကိုယ့်ကိုကြည့်ပြောနေပေမယ့် နာမည်ခေါ်ပြောတာမဟုတ်တော့ ဦးဝင်းမောင်ဖြေရှင်းရခက် ငြိမ်နေရခက်.. ၊

"ရှင်ကြီးကျွန်မအမေပိုင်တဲ့ပစ္စည်းနဲ့ နည်းနည်းလေးတောင် ငြိမ်ဖို့စိတ်ကူးနဲ့..ဟောဒီအိမ်ရာဝင်းတစ်ခုလုံး ဗေဒါဖြူ့ကြောင့် အပြီးသတ်ခွင့်ရမှာ

မဟုတ်ဘူးဆိုတာ ကျွန်မကျိန်ပြောရဲတယ်.."

ဦးဝင်းမောင် ဧကရီ့ကိုအားကိုးတကြီးလှမ်းကြည့်သည်။ လမ်းခွဲ ဘယ်လိုမှန်သလဲဆိုတာ မတွေးနိုင်။ ဒါဒါအတိုက်အခံလုပ်ပြီဆို ဘယ်တော့မှ နောက်မဆုတ်တတ်တာ သိနေသောကြောင့်.. ।

"ငါတို့ဘက်က တာဝန်ကျေခဲ့ကြတာပဲ..အဲ့ဒါတော့ နင်သူဌေးတွေနဲ့ ရှင်း.."

ဒါဒါက ဧကရီ့ကိုငဲ့ကြည့်ပြီး မဲ့ကာ.. ।

"ရှင်းချင်ရင် ရှင်းမယ့်သူလာပါစေ..ကျွန်မသမီးအတွက် ကိုမင်းနိုင် လွှဲပေးခဲ့တဲ့အိမ်ရှိတယ်၊ ဒီနေရာကိုလည်း ကျွန်မမပေးနိုင်ဘူး..အဲ့ဒီတော့ ဒီမြေကွက်နှစ်ကွက်စာကိုရှောင်ပြီး ဆောက်နိုင်ရင်ဆောက်.."

"နင်ညစ်ပတ်လှချေလားဗေဒါဖြူ.."

"နင့်ဆီမှာအကြာကြီးသင်လာခဲ့တာလေ.."

ဧကရီနောက်ဆုံးအချိန်ထိ လက်လျှော့ဖို့စိတ်မကူးပေ။ ဒါပေမဲ့ မင်းနိုင်ရဲ့မြေကွက်ဆိုတာ ဘယ်ကပါလာတာလဲ.. ဒီမိန်းမနဲ့ပတ်သက်နေတာတွေကို ဘယ်လိုလူတွေက ကိုယ်စားလှယ်လုပ်ပြီး လွှယ်လွှယ်လက်မှတ်ထိုးပေးခဲ့ကြတာလဲ..။ ခုတော့ အိမ်ရာအဆောက်အဦးကြီးက အခန်းဖွဲ့တွေနှင့် တခမ်းတနားပုံပေါ်နေခဲ့ပြီဖြစ်ရာ.. ।

"ကြီးကြီးကြားတယ်နော်..ဒီမိန်းမဒီလောက်ယုတ်ပတ်နေတာ.."

"ကြားတယ်..ဟိုအရင်တည်းက ဒီ့ထက်ယုတ်ပတ်တာတွေ အများကြီးကို ကြားဖူးခဲ့တာ.."

ဒေါ်မေစိုးဦးသည် ဧကရီတောက်လျှောက်အကျပ်ကိုင်အနိုင်ယူခဲ့သမျှ ကိုကို့အနာဂတ်လှဖို့အတွက် ဘာဖြစ်ဖြစ်စတေးလိုက်ဖို့ဆုံးဖြတ်ပြီးဖြစ်သည် အတိုင်း.. ।

"ဒါမင်းပိုင်တဲ့အလုပ်ပဲ ဖြစ်လာရင်မင်းရှင်းပေါ့..ငါတို့ကတော့ ငါ့ချွေးမဘာလုပ်ချင်သလဲ သူလုပ်ချင်တာ ငါတို့ဆန္ဒပဲ.."

ဧကရီ ဒီတိုင်းစူးစိုက်ငေးရင်းကျန်ရစ်၏။ အင်အားမဲ့ခြင်းအတွက် ဘယ်နေရာကနေ စတင်ဆုတ်ခမ်းသည်မသိဘဲ ဧကရီဒီတိုင်းရပ်နေရင်း ယိုင်ခနဲဖြစ်သွားသည်။ သူမရဲ့အနာဂတ်ကျောက်တိုင်ကြီးဟာ ဖုံးခွဲလို့မပြိုဘဲ ခါချဉ်တောင်ဝင်တိုက်လို့လဲရတော့မှာလား..။ မြင်ယောင်လာခဲ့တာက နှစ်ရာတန်တစ်ရွက်ကို မရမကနှိုက်ထုတ်ရှာဖွေနေခဲ့ခြင်း။ ဒီမိန်းမဘာကိုမှ လွယ်လွယ်နဲ့ လက်လျှော့မှာမဟုတ်ပေ။ ပိုသေချာတာက ပြောသလိုဖြစ်အောင် လုပ်မှာ ကျိန်းသေ.. ।



သူမဘာလုပ်လုပ် အားဖြည့်ပေးမည့်လူတွေရှိနေပြီ။ အမှားတွေဘယ်လောက်ဖြစ်သွားပါစေ..။ ကိုကိုဆိုတဲ့ယောက်ျားက ကာကွယ်မည်။ ကိုယ့်မှာ ဘယ်သူရှိသလဲ.. ငွေမရှိ ဖေးမကူညီမယ့်သူမဲ့သောဘဝနှင့် ကိုယ်သည်ဧကရီတစ်ပါးမည်ပါရဲ့လား.. ।

နင့်ဘဝသွားပြီဧကရီ..

## အခန်း(၁၃၀)

"တော်သေးတာပေါ့ သားရယ်..မင်္ဂလာပွဲချိန်အမီရောက်လာလို့.."

လေဆိပ်ကပြန်ရောက်တာနှင့် သူအိမ်ပေါ်တန်းတက်ခဲ့သည်။ လှေကားထိပ်မှာ ဒေါ်မေစိုးဦးက ခုမှစိတ်အေးသွားသည်မို့ သက်ပြင်းလေးချလျက်.. ၊

"သမီးလည်းပြင်နေတယ်..သားရေတန်းမချိုးနဲ့နော်၊ ခဏနားပြီးမှပြင်လို့ရတယ်..အချိန်ရှိပါသေးတယ်.."

ကိုကို့မျက်နှာကို အကဲမခတ်ဘဲ ဒေါ်မေစိုးဦးက သူမချည်းပဲပြောနေကာ.. ၊

"အလုပ်ကိစ္စအရေးကြီးလို့ သားခရီးထွက်သွားရတာ သမီးကိုပြောပြီးပါပြီ.."

"ကျွန်တော်ရှိရှိမရှိရှိ သူ့အတွက်ဘာမှမထူးဘူးလို့ ကြီးကြီးကိုပြန်မပြောဘူးလား.."

ဟင်.. ၊

ဒေါ်မေစိုးဦးဆွံ့အကျန်ရစ်၏။ ကိုကိုကတစ်ချက်မှအပြုံးအရယ်မရှိသည့်မျက်နှာနှင့် သတို့သမီးပြင်နေသည့်အခန်းထဲထိ တောက်လျှောက်တက်သွားခဲ့ပြီး.. ၊



"ပြီးနေပြီပဲ.."

စိုးရိမ်ကြီးနေသည့်ကြီးကြီးရဲ့ လှုံ့ဆော်မှုပဲထင်သည်။ ဒါဒါက ဝုလဲရောင်ဝတ်စုံလေးနှင့် မှန်ထဲမှာငေးနေချင်အောင် လှနေလေသည်။ သူမရဲ့ပါးပြင် မျက်ခွံကျယ်လေးတွေကအစ နှုတ်ခမ်းသားလေးတွေအဆုံးပြောင်အိနေသည့် ပုလဲရောင်တို့ ထုံမွှန်းလျက်.. ၊

"ဆရာမ..အပြင်ခဏထွက်ပေးပါ.."

"အယ်..ဟုတ်ပါပြီ ဟုတ်ပါပြီ.."

မိတ်ကပ်ဆရာမက ဘယ်လိုထင်သွားသည်မသိဘဲ.. ၊

"ခဏလေးနော်..နှုတ်ခမ်းနီအရောင်လေး မေ့မှာစိုးလို့.."

ပြောပြီး တန်းစီရှိနေသည့်ပစ္စည်းတွေထဲမှာ ရွေးဖယ်နေသေးသည်။ ပြီးမှ ကမန်းကတန်းထွက်သွား၏။ ဒါဒါ သူ့မျက်နှာကို မှန်ထဲကနေမြင်နေရသည်။ မကောင်းတာကိုသိလိုက်သဖြင့် နေရာမှထရပ်ကာ သူ့ဘက်လှည့်လိုက်ပြီး.. ၊

"ရှင် ကျွန်မကိုပြောချင်နေတာလား.."

"အင်း.."

မျက်နှာခပ်လွှဲလွှဲနှင့် ခေါင်းညိတ်သည်။ ပုံစံသည် မပြောမိဖို့ကြိုးစားနေတာသိသာလျက် မပြောတော့ဘူးဆိုပြီး လှည့်ထွက်သွားမည့်ပုံလည်းပေါက်၏။ သို့သော် သူမထင်တာတွေအားလုံး မမှန်ခဲ့မှန်းလည်းသိလိုက်ရသည့်နောက်.. ၊

"မင်းဘာလုပ်လိုက်တာလဲဒါဒါ.."

သူဒါဒါ့ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်ပြီး မျက်လုံးချင်းဆုံကြည့်၏။ သူဘာတွေဖြစ်လာမှန်း မသိသော်လည်း အလွန်အမင်းခံစားနေရသည့်အရိပ်တို့ မျက်ဝန်းမှာပြည့်နက်နေလျက်.. ၊

"ကိုယ်မင်းကိုမထားခဲ့ချင်ဘူး..ထားခဲ့ဖို့စိတ်ကိုမချတာ၊ ဒါပေမဲ့ လက်ထပ်ပြီးရင် မင်းအတွက်တစ်လလောက်အချိန်ပေးချင်လို့..ကိုယ်မင်းနဲ့ငြိမ်းချမ်းချင်လို့ဒါဒါ၊ အဲ့ဒါကြောင့် ကိုယ့်ရဲ့အလုပ်လက်စတွေနောက်ပြန်လိုက်နေတာ..အခု မင်းဘာတွေလုပ်လိုက်တာလဲ.."

သူမနားထောင်နေပြီးမှ သူ့လက်တွေကို ဖြုတ်ချပစ်လိုက်သည်။

"ကျွန်မလည်း လုပ်စရာရှိတာတွေကို လက်စသတ်တာ.."

"လုပ်လို့ရတယ်..မင်းဘာလုပ်လုပ် ကိုယ်နားလည်တယ်၊ နားမလည်နိုင်တာတွေလည်း နားလည်ပေးလို့ရတယ်..ဒါပေမဲ့ မင်း.."

ပြောရရင် ကိုယ်ကသဘောထားသေးနုပ်တဲ့သူ ဖြစ်သွားမလား..ဒါ

ပေမဲ့ ရင်ထဲမှာ မခံစားနိုင်ဖြစ်နေခြင်းက ဒါကိုဘယ်လိုမှဖယ်ထုတ်ပစ်လို့မရ.. ၊

"မင်းနိုင်ပေးခဲ့တဲ့အိမ်ကိုအားပြုပြီး မင်းတိုက်ခိုက်ခဲ့တယ်..အဲ့ဒါကို ကိုယ်နားလည်မပေးနိုင်ဘူး.."

ဒီတိုင်းပြောချလိုက်တာနှင့် စူးစူးရဲရဲဖြစ်သွားသည့် ဒါဒါ့မျက်ဝန်းတွေက တုံ့ပြန်ထွက်လာတော့မည့် ဒုံးကျည်တွေလို မလာခင်တည်းက အရှိန်ကို ခန့်မှန်းလို့ရနေ၏။ ထို့ကြောင့် သူမလက်မောင်းလေးတစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်ရင်း.. ၊

"မင်းကအဲ့လိုတိုက်ခိုက်တယ်..မင်းအတွက် ကြီးကြီးကငါ့ချွေးမပါဆိုပြီး ရပ်တည်ခဲ့တယ်၊ မင်းလုပ်လိုက်တဲ့အခြေအနေကို မင်းဘယ်လိုခေါင်းစဉ်တပ်မလဲ..မင်းနဲ့ကိုယ့်ရဲ့အခြေအနေက ဘာလဲ.."

"ခေါင်းစဉ်က ကေရီသိပ်မက်နေတဲ့ အဲ့ဒီပရောဂျက်ကြီးတစ်ခုလုံး ရပ်တန့်သွားအောင်လို့ပဲ.."

"အဲ့ဒါ မင်းမလုပ်လည်းသူ့မှာရှေ့ဆက်ဖို့ အင်အားမရှိဘူး..လုပ်ငန်းမကျွမ်းကျင်ဘူး၊ ကြွေးတွေဝိုင်းနေတယ်..အဆိုးဆုံးက အလုပ်ပေါ်မှာသစ္စာမရှိတာပဲ၊ နှစ်ထပ်ခွဲကိစ္စမှာ ဒီလိုတွေဖြစ်ကုန်အောင် သူဘာတွေလုပ်ခဲ့လဲ ဘယ်သူမှမသိဘူး..ဒါပေမဲ့ ဘာတွေလုပ်ခဲ့လုပ်ခဲ့ အခုဘာတွေပဲဖြစ်နေနေ ကိုယ်တမင်လွှတ်ပေးထားလိုက်တာ၊ ခုဖြစ်နေတဲ့ပြဿနာတွေကလည်း မင်းနဲ့မို့လို့မဟုတ်ဘူး..ဘယ်သူနဲ့ဘာတွေဖြစ်ဖြစ် ကိုယ်ကြည့်နေမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ အဲ့ဒါတွေတစ်နေ့နေ့ ကိုယ့်ဆီပြန်ရောက်မှာပဲဆိုတာ သိနေလို့.."

သူစကားတွေ မနားတမ်းပြောနေပေမယ့် စိတ်လှုပ်ရှားနေတာကို ထိန်းချုပ်နေခဲ့တာလည်း သိသာသည်။ လက်မောင်းတစ်ဖက်ကို ဆွဲကိုင်ထားရင်း အားမရဘဲ လူကိုဆွဲလှည့်ကာ ပခုံးနှစ်ဖက်မှာ လက်တင်လျက်..

"မင်းထင်သလို ကေတူးကရပ်တန့်သွားမှာမဟုတ်ဘူး..ရပ်တန့်သွားတဲ့အထိ ဖြစ်ခဲ့ရင်လည်း ပြန်လည်ပတ်နိုင်အောင် ကိုယ်လုပ်နိုင်တယ်.."

"ရှင်တို့ချင်းအဲ့လောက်ထိ ဆက်သွယ်မှုတွေရှိနေတာလား..ရှင်သူ့ကို ပေးလိုက်ရတယ်ဆိုတာ ကလေးမုန့်ဖိုးပေးသလို ချော့မော့ဖျောင်းဖျပြီးတော့လား.."

"ကျွတ်.."

"သူမနိုင်မနင်းတွေဖြစ်လာရင် ဝင်ကူမယ်ပေါ့..ဒါဆို ကျွန်မကခွေးရူးပဲ.."



"ကိုယ်သူ့ကိုစာချုပ်စာတမ်းနဲ့ လွှဲပေးခဲ့တာ.."

"ဒါဆို ရှုံးရှုံးမြတ်မြတ် သူ့ပြဿနာပဲ..ဘာဖြစ်လို့ ဒီအလုပ်ကဟို ရောက်လိုက် ဒီရောက်လိုက်ဖြစ်ရတာလဲ၊ ကျွန်မကဘာ့ကို တိုက်ခိုက်ခဲ့တာလဲ..ဒါကြောင့် ဒီမိန်းမကျွန်မကို ဟားတိုက်ရယ်နေတာလား၊ ရှင်တို့တော်တော်ဟုတ်ကြပါလားဦးသားကိုကို.."

"မင်းထင်တာတွေ ခဏထားလိုက်ဦးချာတိတ်..ဒီကိစ္စတွေအားလုံးက မင်းပြောသွားသလောက် မရှုပ်ထွေးဘူး၊ သူ့ဆီက ကွာရှင်းပေးဖို့အတွက် ဒီလုပ်ငန်းရဲ့ဘတ်ဂျက်တွေရော အကုန်လုံးကိုပြန်လွှဲခဲ့ရတယ်..ဒါပေမဲ့ ကိုယ်သိနေတာက သူဘယ်လိုမှမလုပ်နိုင်ဘူး.."

"လုပ်နိုင်ခဲ့ရင်ရော..ကဲ မလုပ်နိုင်ဘူးဆိုတော့ရော.."

"လုပ်နိုင်ခဲ့ရင် သူ့လမ်းသူသွားမယ်..မလုပ်နိုင်တဲ့အချိန် ကိုယ့်လက်ထဲပြန်ရောက်မယ် ဒါပဲ၊ ကိုယ့်ဘက်ကဒါကိုဆုံးရှုံးလိုက်ရတဲ့အတွက် လွမ်းလောက်စရာမရှိသလို လက်ထဲပြန်ရောက်လာရင်လည်း အဲ့ဒီအလုပ်အပိုင်းပိုင်းပြတ်နေပေ့စေ ကိုယ်ပြန်စနိုင်တယ်.."

"သိပ်တော်တာပဲ..အခု ရှင့်လက်ထဲပြန်ရောက်လာပြီလား.."

"ရောက်ပြီ.."

ဒါဒါ မျက်မှောင်ကုတ်သွားသည်။ သူရွဲ့ပြောလိုက်တာလား.. ၊

"ကိုယ်လက်ထဲကို စာချုပ်စာတမ်းတွေအကုန် ပြန်အပ်သွားပြီ..သူလည်းမိသားစုလိုက် နိုင်ငံခြားကိုပြောင်းဖို့လုပ်နေပြီ.."

ဒီမိန်းမလား ဦးသားကိုကို..သူဘယ်ရောက်သွားသွား ဘယ်မှာနေနေ ကမ္ဘာကုန်သရွေ့ ရှင့်ကိုပြန်လာရှာမှာလဲ..။ ယောကျ်ားတစ်ယောက်အပေါ်မှာ မိန်းမတစ်ယောက်က ဘယ်လိုအရာတွေပေါ်မှာ တိမ်းညွှတ်ကြသလဲဆိုတာ မိန်းမသားချင်းမို့ သူမသိနေသည်။ အရာရာသည် ချောမောပြည့်စုံခြင်းမှာ သာမိုတည်တာမဟုတ်သော ယောကျ်ားတစ်ယောက်၏ပြည့်စုံခြင်းက စိတ်ဓာတ်ပြည့်ဝ၍ ဦးဆောင်နိုင်ခြင်းသည်ဖြစ်လေသည်။ ဒါတွေအကုန် ကိုကို့မှာရှိသည်။ ဒါကိုကေရီအသေအလဲမက်မောနေသည်။ ကိုယ်တောင်ဒီလောက်ထိဖြစ်မိသေးတာ သူမကအကြာကြီးအတူနေခဲ့တဲ့သူ.. ၊

ဒါပေမဲ့ ဘယ်လိုမှမရပေ။ ကေရီ့ကို သူမစာနာစိတ်နဲ့ကြည်ဖြူပေးကြည့်တာ ဘယ်လိုမှမရ။ လုပ်ငန်းစာချုပ်တွေပေးအပ်ခဲ့တာဖြစ်စေ မပေးဘဲ ဆုံးရှုံးခြင်းတွေနဲ့ လုံးထွေးနေရတာဖြစ်ဖြစ် ဒါတွေအကုန် ကိုယ့်ရဲ့ကွယ်ရာမှာ ဖြစ်နေခဲ့သည်။ ကိုကို့နားထဲအကုန်ရောက်နေသည်။ ဖြေရှင်းဖို့ဥပက္ခာထားဖို့အားလုံးကို ကိုကိုနဲ့သူနဲ့ပဲ ပေးယူဆုံးဖြတ်နေကြသည်။ ဒါဖြစ်

သင့်ရဲ့လား.. ၊

"ကျွန်မတို့လက်ထပ်ဖို့ မဖြစ်နိုင်ဘူး.."

"ဘာ.."

ဒါဒါ သူ့လက်ကိုဆတ်ခနဲဖယ်ချသည်။ ကိုကို့ကို သူမချစ်မိနေပြီမှန်း တိတိကျကျသိလိုက်ရသည်နှင့် ဧကရီနဲ့ပတ်သက်မှုတိုင်းကို ဘယ်လို သည်းခံနားလည်ပေးဖို့ မဖြစ်နိုင်တော့ခြင်းသည်လည်း.. ၊

"ဘာပြောလိုက်တယ်ဒါဒါ.."

"ရှင်နဲ့ဧကရီ အဆင်ပြေသွားမှာပါ..ကျွန်မက.."

"ဟိတ်..မလုပ်နဲ့.."

ဒါဒါက ခေါင်းပေါ်ကသရဖူကို ဆွဲဖြုတ်လိုက်သည်။ ပါလာပေမယ့် ဆံပင်တွေနဲ့ငြိနေသဖြင့် ကိုကိုကလက်ကိုဖမ်းကိုင်ထားလိုက်၏။

"မင်းဘယ်လိုပြောလိုက်တာချာတိတ်.."

သရဖူကိုဆံပင်တွေထဲပြန်ထည့်ကာ လက်လေးကိုပြန်ဆွဲချ၍.. ၊

"မင်းအတွက် ဒီရင်ဘက်ထဲမှာ မီးလောင်နေတာကကိုယ်.."

အရေးထဲမှာ ဖုန်းကထမြည်လာတော့ 'ဒီကောင်မလေး'သီချင်း.. ၊

"မင်းကိုပြောပြချင်တာတွေ နားလည်စေချင်တာတွေ ဒါမလုပ်နဲ့ ဒီလိုမပြောပါနဲ့ပြောဖို့ စကားတွေနဲ့ လာခဲ့တာကကိုယ်မဟုတ်ဘူးလား.."

"ဟုတ်ရင်ဟုတ်မှာပေါ့..ရှင့်မှာကျွန်မမသိတဲ့အကြောင်းကိစ္စတွေ အမြဲတမ်းရှိနေတာကိုး..ကျွန်မကတော့ သူများကလာရိုက်တာလည်း လူသိတယ် သူများကိုဒါဒါသွားရိုက်လည်း အကုန်လုံးသိတယ်..ဒါကြောင့် ဒီမိန်းမက တော်မဝင်တဲ့ဇေဒါဖြူ.."

"ချာတိတ်..တော်တော့.."

"မတော်နိုင်ဘူး..ရှင် ဒါဒါ့ကိုဘာကြောင့်ချစ်ပါတယ် ခင်ပါတယ်တွေ ပြောနိုင်နေသလဲမသိဘူး၊ ကျွန်မကသမိုင်းဟောင်းမကောင်းခဲ့တဲ့မိန်းမ..နထိလည်း ရာဇဝင်ကြွေးတွေဆပ်ဖို့ရှိနေတုန်း..နောက်ထပ်လည်းရှိနေဦးမှာပဲ.."

ပြောလက်စကိုမရပ်သေးဘဲ ကိုကို့အင်္ကျီရင်ဘက်ကို လက်နှစ်ဖက်နဲ့ ဆုပ်ဆွဲပစ်လိုက်ပြီး မော့ကာ.. ၊

"အခု ရှင်နဲ့တိုက်ရတော့မယ်..ရှင့်ရဲ့ကေတူးဖြစ်သွားလို့ ဒါဒါနောက်ဆုတ်သွားမယ်ထင်နေလို့လား၊ ကျွန်မကဆပ်ရမယ့်ကြွေးကို ဆပ်ကိုဆပ်မှာ..ပြန်ရဖို့ရှိရင်လည်း မရမချင်းမရပ်ဘူး၊ မရရအောင်ယူမှာ..အဲ့ဒါကြောင့် ဧကရီလက်တွဲဖြုတ်ရေး ပြုတ်ရေးကအရေးမပါပါဘူး၊ ရှင်နဲ့ကျွန်မလင်မ



ယားမတော်မှဖြစ်မယ်.."

"ကိုယ်ကအဲ့လိုအဖြစ်ခံမယ် မင်းထင်နေလား.."

......ဒီကောင်မလေးရဲ့ ရင်ထဲကမီးလောင်ကျွမ်းနေတယ်......

......ဒီကောင်မလေးရဲ့ ကြေကွဲခြင်းအတိတ်တွေ ဘယ်သူသိလဲ......

......ဒီကောင်မလေးရဲ့ ငိုကြွေခြင်းသမိုင်းဟောင်းတွေ........

......ဒီကောင်မလေးရဲ့ ကိုယ်စားမျှဝေလို့........

တစ်ယောက်မျက်လုံးထဲကိုတစ်ယောက်စူးစိုက်ငေးနေရင်းဒါဒါဖျတ်ခနဲမျက်နှာလွှဲပစ်သည်။ သို့သော် ကိုကိုက သူမမျက်နှာလေးကို ပြန်ဆွဲယူကာ၊

......ဒီကောင်မလေးရဲ့ ရင်ထဲကမီးလောင်ငြိမ်းစေမယ်.........

......ဒီကောင်မလေးရဲ့ နာကျည်းခြင်းငါ့အပေါ် ပုံချလို့..........

......ဒီကောင်မလေးရဲ့ မကျေသေးတဲ့အမုန်းကြွေးတွေ.........

......ဒီကောင်မလေးရဲ့ ကိုယ်စားမျှဝေလို့..........

ချစ်ဇောဖြင့်လောင်ကျွမ်းသမျှအရာရာသည် ရှည်ကြာသောအနမ်းတို့ကြောင့် အလဲလဲအပြိုပြိုကျိုးပြတ်လွင့်စင်ခဲ့ရင်း.. ၊

"မင်းကိုအရမ်းချစ်တယ်.."

သူမတစ်ကိုယ်လုံး လှုပ်လို့မရတဲ့အထိ သိမ်းပိုက်ပွေ့ဖက်ထားမိရင်း..

"ကိုယ့်ကိုမငြင်းပါနဲ့..ကိုယ့်ကိုလက်ထပ်ပါ၊ ပြီးရင် ကြိုက်သလိုဆုံးဖြတ်ပါ..မင်းကိုကွယ်ရာကနေ ပူပန်နေရတဲ့ကိုယ် ထပ်မဖြစ်ချင်တော့ဘူး၊ မင်းကိုချစ်တယ်.."

အနမ်းတို့နှင့် ဒူးထောက်နေသူအပေါ် သူမဥပေက္ခာထားဖို့မေ့ခဲ့သည်၊ ဒါမှမဟုတ် မေ့ချင်တာလား တကယ်မေ့ခဲ့တာလား..

အချစ်သည်မေ့လျော့ခြင်းကလာသည် မဟုတ်။ အချစ်ကြောင့်မေ့လျော့ခြင်းသာဖြစ်၏။ ဤသို့ဆိုလျှင် သူ့အပေါ်ကျွန်မ ဥပေက္ခာထားဖို့ ဘယ်တုန်းကမှ စိတ်မကူးခဲ့ကြောင်း.. ၊

## အခန်း(၁၃၁)

အပျိုဖော်ဝင်ပြီဆိုတည်းက စိတ်ကူးယဉ်ခဲ့ရတဲ့ မင်္ဂလာပွဲမျိုး.. ကိုယ့်ဘဝအခြေအနေနဲ့ မအပ်စပ်မှန်းသိနေခဲ့ပါလျက် လွှတ်ချလိုက် ပြန်ကောက်မိလိုက်။ အကြိမ်ကြိမ်စွန့်လွှတ်ဖို့ကြိုးစားရင်း ဘယ်တော့မှလည်း မစွန့်လွှတ်နိုင်ခဲ့တဲ့ ဒီအိမ်မက်.. ।

သူမအားလုံးကို တကယ်ပိုင်ဆိုင်ခဲ့ပြီလား..။ ဒါတကယ်ဆိုရင် သူမရဲ့အကြီးမားဆုံးရည်ရွယ်ချက် အမေနဲ့သမီးလေးအတွက် ဘုရားတည်ရေစက်ချဖို့ အလှူကြီးလည်းပေးနိုင်တော့မည်။ တစ်ကိုယ်လုံးသည် ကြည်နူးရင်ခုန်ခြင်းများနှင့် မြောက်ကြွလန်းဆန်းနေ၏။ သူမရည်ရွယ်ခဲ့သမျှ ဘာတွေပဲမပြည့်ဝနိုင်ပါစေ။ ကျိုးပြတ်ခဲ့တဲ့ မျှော်လင့်ချက်တွေကိုလည်း ထားခဲ့နိုင်သည်။ သူမအမေတို့အတွက် အလှူကြီးပေး ရေစက်ချနိုင်ဖို့ အခွင့်အရေးရခဲ့သည့်အတွက် ပျော်နေ၏။ ပြီးတော့ သူမကိုယ်မှာ စိန်ထည်တွေနဲ့လက်လက်ဖြာတောက်ပနေသည်။ ပုလဲရောင်ဇာအကျဲလက်အိတ်လေးထက်မှာ ကိုကိုကိုယ်တိုင်ဝတ်ပေးခဲ့သည့် လက်ထပ်လက်စွပ်လေးကို ခဏခဏငုံ့ကြည့်မိကာ ကြည့်လိုက်မိတိုင်း ရင်ခုန်လေသည်။ ထိုအခါကျမှ သတိရသွားသည်။ ကိုကိုဘယ်မှာလဲ..

သူမ ဘေးလူတွေကိုသတိရသွားသည်နှင့် ဖြန့်ကြည့်နေမိသည့်လက်



ချောင်းတို့ကို ချက်ချင်းဖိဆုပ်ထားလိုက်သည်။ ပြီးတော့ သူ့ကိုမျက်လုံးဒေ့ရှာမိသည်။ မြန်မြန်ဆန်ဆန်လှည့်လိုက်မိတိုင်း ဖြန့်ချထားသည့်ဆံပင်တွေတနွဲ့နွဲ့ခါသွားတတ်ကာ ဒီဆံပင်တွေကို ဒီလိုချထားတဲ့ပုံအတိုင်းပြင်ပေးဖို့ပြောခဲ့တာကိုလည်း သတိရသည်။ ထိုစဉ်က ကိုယ့်ဆံပင်တွေကို သူမကြာမကြာနမ်းတတ်တာပဲတွေးပြီး ဆံပင်ဖြန့်ထားတဲ့ပုံကိုပဲ သူကြိုက်လို့လို့တွေးခဲ့တာရိုးရိုးလေး။ သူအကြာကြီးပျောက်နေတာ သတိထားမိကာမှ လက်မထပ်ပါဘူးပြောပြီး ဆံထုံးကိုသူမဖြုတ်ချဖို့လုပ်ခဲ့တာကို သတိရသည်။

သူဒါကြောင့် ငါ့ကိုရွဲ့ပြီး ဆံထုံးမထုံးတော့ဖို့ ခိုင်းတာလား.. ।

"သမီးရေ..ခဏနားလိုက်ပါလား၊ ဧည့်သည်တွေက ဖိတ်ထားသမျှအားလုံးလာကြတော့ အရမ်းများနေတာ.."

ဒေါ်မေစိုးဦးက ခြုံပဝါကြီးတလွင့်လွင့်နှင့် ဒါဒါ့နားရောက်လာသည်။ ဒီပွဲမစခင်တည်းက စနေတဲ့အချိန်ထိ သူမအနားရောက်လာတိုင်း ပြုံးကြည့်နေတတ်ကာ.. ।

"ကြီးကြီးသမီးက လှလိုက်တာကွယ်"ဆိုသည့်စကားကိုလည်း မမေ့မလျော့ပြောသွားတတ်လေသည်။ ဧည့်ပရိသတ်တွေလည်း ပြောကြပါသည်။ 'လှလိုက်တာ နုနုဖက်ဖက်လေး'တဲ့။ တချို့က မကြားတကြားကွယ်၍ 'မိန်းကလေးကကလေးအမေဆို မထင်ရဘူးနော်'ဆိုတာမျိုး။ 'ဧကရီလှတာက ပူလောင်လွန်းတယ် ကောင်မလေးမျက်နှာက အေးချမ်းတယ်' 'ထက်မြက်တဲ့ပုံလေးရယ်နော်' 'မျက်လုံးလေးတွေက ကလေးဆန်တယ်'ဆိုတာမျိုးကိုယ့်လက်ကိုဆွဲထားပြီး မျက်နှာကိုသေချာကြည့်၍ ပြောတဲ့လူတွေလည်းရှိကြသေးသည်။ ဒါပေမဲ့ ကိုကိုကတိတ်ဆိတ်နေသည်။ ဧည့်သည်တွေနဲ့ဒါဒါ နှုတ်ဆက်နေလျှင် ပြုံးရယ်နေပေမယ့် ဒါဒါ့ကိုလည်း စိုက်ကြည့်ငေးနေတာမျိုးရှိသော်ငြား ဘာစကားမှဟက်ဟက်ပက်ပက်ပြောခဲ့တာမရှိ။ သူပြောတာရှိသည်။ 'မျက်နှာလေးကိုပြုံးထားပါ'တဲ့..

ဖျတ်ခနဲကြားလိုက်မိကာ ဒါဒါသတိဝင်လာသည်။ ဟုတ်တယ်..ကိုကို အဲ့လိုပြောခဲ့သေးတယ်.. ဒါဆို ဒီပွဲကိုကိုယ်ကစိတ်ဆင်းရဲကိုယ်ဆင်းရဲပါဝင်နေရတာလို့ ထင်နေတာပေါ့..

"သမီး.."

"ဟင်..ရှင် ကြီးကြီး.."

"သမီးပင်ပန်းနေတာလားဟင်..မူးမိုက်လဲပါဦးမယ်သမီးရယ်၊ သွားခဏလောက်နားလိုက်ဦး.."

"ကြီးကြီး.."

"ဟင်.."

"ဦးသားကိုကိုရော.."

"ကိုကိုလို့ခေါ်ကြည့်ပါလားသမီးရယ်..သမီးကချစ်စရာလေး၊ သားက သမီးကိုအရမ်းအလိုလိုက်ပြီး ချစ်တဲ့သူ..သမီးက ကိုကိုလို့ခေါ်ရင် သိပ်ကို နားဝင်ချိုမှာပဲ၊ သူများတွေလည်းခေါ်ခဲ့ပေမယ့် ကိုယ်ချစ်တဲ့သူစကားက နားဝင်ချိုဆုံးပဲလေ.."

အဲ့ဒီလိုချွဲနွဲ့ဖို့ဆိုတာ ကိုယ်ချစ်တဲ့သူလို့ သတ်မှတ်ရမှာမဟုတ်ဘူးလား.. ကိုကို့ကိုသူမရဲ့မသိစိတ်မှာ တွယ်တာနေမိပေမယ့် ဒီလိုနေ့ဟာ သူမအတွက်တကယ်ဖြစ်လာတဲ့ပထမဆုံးအိပ်မက်မို့.. ၊

"ဒါဒါနောက်တော့အကျင့်ဖြစ်အောင် ခေါ်ကြည့်ပါ့မယ်.."

ပြောနေရင်း ဟိုဒီလိုက်ရှာမိကာ.. ၊

"ဦးသားကိုကို ဘယ်ရောက်နေလဲကြီးကြီးသိလားဟင်.."

"ခုနကတော့ အပြင်မှာဖုန်းပြောနေတယ်..သူ့သမီးနဲ့ဟန်းနီးမွန်းထွက်ဖို့အတွက် အလုပ်ရှုပ်ခံနေတာ သမီးရဲ့၊ နားတဲ့အခါ အလုပ်တွေအကုန်လက်စသတ်ထားနိုင်အောင်လေ..အဟွန်း တောင်တွေးမြောက်တွေးတွေ မတွေးနဲ့နော်.."

ခြေလှမ်းပြင်မိပေမယ့် ကိုယ်နဲ့ဆိုင်လို့လားဆိုသည့်အတွေးက ရှေ့ဆက်ခြင်းကို တားဆီးနေ၏။ သူဒီပွဲကို အများကြီးမျှော်လင့်ခဲ့ပါသည်လို့ ပြောသည်။ သူပျော်နေတာတွေလည်း ရှိခဲ့သည်။ ခုဘာဖြစ်လို့ ပုံစံပြောင်းသွားတာလဲ..။ ကြီးကြီးပျော်နေတာကိုတွေ့တော့ ရင်ထဲမကောင်းဖြစ်မိသည်။ ကိုယ့်ကိုစေတနာထားနေသူအပေါ် စော်ကားသလိုဖြစ်နေမှာပေမယ့် ကိုကို့ပုံစံပြောင်းသွားခြင်းအပေါ် သူမခံရခက်နေခဲ့တာ အမှန်ပင်။ ပြီးတော့ သိသာစွာဖြစ်တည်နေသည်က ကြေကွဲစိတ်။ ပြဿနာဖြစ်ခဲ့သည့်အပေါ်မှာ သူပြောင်းလဲသွားတာလို့ပဲ စိတ်ကသိနေသည်။ ဒါဆို သူမဘယ်လိုဆုံးဖြတ်မလဲ.. သူနမ်းခဲ့တဲ့အနမ်းတွေပေါ်မှာ သူမကြွေဆင်းသွားခဲ့သည်။ သူ့အပေါ်မှာ မကျေနပ်ဖြစ်မိခြင်းမှန်သမျှ ဒီအနမ်းတွေနဲ့ပဲ ကျေနပ်နိုင်ခဲ့သည်။ ဒါကို သူရှိနေတဲ့နေရာထိ လိုက်ပြောရမှာလား.. ၊

နှုတ်ခမ်းလေးဖိကိုက်ရင်း မျက်ရည်ကအလိုလိုဝေ့တက်လာသည်။ လူကွယ်ရာထိ တစ်လှမ်းချင်းလျှောက်လာခဲ့ရင်း လက်စွပ်ကိုငုံ့ကြည့်နေမိသည်။

"ဒီလက်စွပ်လေးကိုလေ သမီးအတွက်သူကိုယ်တိုင်သွားအပ်ထားတာ..တော်ပါ့မလားသားရယ် သူ့လက်အတိုင်းနဲ့ ဟုတ်ရဲ့လားဆိုတော့ ပြုံးနေတယ်သိလား၊ သမီးနဲ့တော်မှာပဲဆိုတာ သူအတိအကျသိနေတဲ့အပြုံးမျိုး



ပေါ့..တော်မတော်တော့ စင်ပေါ်မှာ စောင့်ကြည့်ရမှာပဲ.."

မိတ်ကပ်ပြင်ကာစက လက်စွပ်ဘူးလေးကို လာဖွင့်ပြပြီး ကြီးကြီးက ပြောပြသည်။ သူမနဲ့ကိုကိုဘယ်လိုအတားအဆီးကြောင့်မှ ပြန်ပြီးကွဲကွာမသွားစေချင်ကြောင်းတွေလည်း ပြောခဲ့၏။ ဒါပေမဲ့ ရှုးသွပ်မေ့မူးစေလောက်တဲ့အနမ်းတွေပေးပြီး သူကတော့နှုတ်ဆက်နေနိုင်ခဲ့သည်။ အကယ်၍ ကိုယ်ကတကောက်ကောက်လိုက်ပြီး သူကြည်ဖြူလာမလား မျှော်လင့်ရတော့မည့်အဖြစ်ကိုရောက်ခဲ့မယ်ဆိုရင်ရော.. ၊

ရင်ထဲမှာ ဖျင်းခနဲထိရှသွားသည်။ သားကိုကိုဆိုတဲ့သူ့ဒွေးကို ဗေဒါဖြူဆိုတဲ့သူဆင်းရဲမက ချစ်လို့ပါဆိုတာ ယုံတမ်းစကားသာဖြစ်တော့မည်။ အဲ့ဒီလို ကျွန်မဘယ်တော့မှ အဖြစ်ခံမှာမဟုတ်ဘူးသားကိုကို..ရှင်နဲ့မပေါင်းရလို့ ကွယ်ရာမှာ ရင်ကွဲနာကျပြီး ဗုန်းဗုန်းလဲသွားပါစေ အောင်မြင်မှုတွေ စည်းစိမ်ချမ်းသာတွေနဲ့ရှင့်ကို ကျွန်မဘယ်တော့မှ ခယမှာမဟုတ်ဘူး.. ၊

နောက်ထပ်တစ်ခါ ငုံ့ကြည့်မိခြင်းသည် နှုတ်ဆက်ခြင်းသာဖြစ်ကာ လက်စွပ်ကိုအသာလေးပွတ်သပ်မိသည်။ ပြီးတော့ လက်အိတ်ပေါ်မှာပြုံးပြတ်လက်နေသည့်လက်စွပ်ကို ခိုင်မာသည့်ဆုံးဖြတ်ချက်နှင့် ဆွဲချွတ်ပစ်၏။

"ဟာ..ဟေ့ ဟေ့မလုပ်ကောင်းဘူးလေ၊ မလုပ်နဲ့.."

အလန့်တကြားအော်သံနှင့် ဝေဒပြေးလာသည်။ သူ့နောက်မှာ မျိုးခိုင်ပါလာကာ.. ၊

"ငါပြောသားပဲ..ကိုကိုပြောတာလည်း ဖြစ်နိုင်တယ်လို့.."

နှစ်ယောက်သားအနားရောက်လာကြကာ လက်ဆစ်နားထိ ကျွတ်ထွက်နေပြီဖြစ်သည့်လက်စွပ်ကို လက်နဲ့လက်ချင်းတွန်းဖယ်ထားလိုက်ပြီး..

"လက်ထပ်လက်စွပ်ကို အဲ့လိုမလုပ်ရဘူးလေ..နင်တို့နှစ်ယောက်တော်တော်ခက်ပါလား.."

နင်တို့နှစ်ယောက်ဆိုသည့်စကားကြောင့် မျက်နှာကိုမော့ကြည့်သည်။ ပြီးတော့ လက်စွပ်ကို ဒီတိုင်းကိုင်ထားရင်း.. ၊

"သတို့သားမရှိတဲ့ပွဲကို ကျွန်မကဘာလုပ်ရမှာလဲ.."

"သူခုနလေးတင် ဖုန်းပြောနေတာပါ.."

"ခုနမဟုတ်ဘူး..သူမရှိတာ မိနစ်နှစ်ဆယ်ကျော်ပြီ.."

ဒါဒါ့မျက်ဝန်းမှာ မျက်ရည်တွေပြည့်သိပ်လာသည်။ ပြီးတော့ ခဏလေးအတွင်းမှာပဲ ဖြိုင်ဖြိုင်ကျဆင်းလာခဲ့လျက်.. ၊

"သူအမြင်မှန်ရသွားတာပါ..ကျွန်မလိုမိန်းမက ဒီပွဲရဲ့သတို့သမီးမဖြစ်ထိုက်ပါဘူး.."

"ဟား..ခက်တော့တာပဲ.."

ဝေဒ ကိုယ့်နဖူးကိုယ်ရိုက်၏။ ပြီးတော့ မျက်နှာကြီးမဲ့ကာ.. ၊

"ဒီပွဲက သတို့သမီးဘယ်သူဖြစ်မလဲ မဲနှိုက်ပြီးရွေးနေတာလား..နင့်ကိုသူမြတ်နိုးလို့ အခက်အခဲမျိုးစုံကြားက မရမနေတိုက်ပွဲဝင်ပြီး လက်ထပ်ဖို့ကြိုးစားခဲ့တာ.."

ဒါပေမဲ့ သူမကအဆုံးစွန်ထိ အခက်အခဲအမုန်းကြွေးတွေနဲ့ လုံးထွေးနေခဲ့သည်။ ခင်ပွန်းဟောင်းမင်းနိုင်နာမည်နဲ့ အနိုင်ယူဖို့ကြိုးစားခဲ့၏။ ဒါတွေကို ဘယ်လိုမှခွင့်မလွှတ်နိုင်တော့တာလည်း သူ့ဘက်ကတရားပါသည်။ မျက်လွှာချ အံကြိတ်နေသည့်ကြားက မျက်ရည်တွေက ရေတံလျှောက်လိုကျ၏။ ဝေဒသေချာကြည့်ပြီး မျိုးခိုင်ကိုမျက်စပစ်သည်။ ပြီးတော့ ခေါင်းကုတ်လိုက်ရင်း.. ၊

"ကိုကို့လောက်နင့်ကိုချစ်နိုင်တဲ့သူ ဒီတစ်သက်မပြောနဲ့ နောက်ဆယ်သက်တောင် နင်တွေ့မှာမဟုတ်ဘူးဒါဒါ..ဒီကောင် နင့်ကိုဂရုစိုက်ပံ့ပိုးလာခဲ့တာ ခုမှမဟုတ်ဘူး၊ နင့်ကိစ္စတွေတည်းက ရပ်ကွက်ထဲမှာ နှစ်ရာတန်တစ်ရွက်ကြောင့် ရှိသမျှလူတွေကိုပတ်ပြီး ပြဿနာရှာနေတည်းက.."

ဒါဒါ့မျက်နှာလေးမော့လာတော့ သက်ပြင်းချလိုက်မိကာ.. ၊

"နင့်ကို ငါတို့ဖုန်းကိစ္စလိုက်လုပ်တာတွေ အဲ့ဒီဖုန်းပြဿနာနင့်မောင်နှမတွေဆီမှာ ဖြစ်လာတာတွေ..အဲ့ဒါတွေက တိုက်ဆိုင်မှုလို့ နင်ထင်နေသလား၊ နင်ဒုက္ခဖြစ်နေတိုင်း ရောက်ရောက်လာတာတွေရော အဲ့ဒီလောက်တောင် တိုက်ဆိုင်နေတာဖြစ်နိုင်လို့လား..သူတစ်ယောက်တည်းမတတ်နိုင်လို့ ငါတို့ကိုခိုင်းတယ်၊ မန္တလေးနဲ့ရန်ကုန် သူလှမ်းမမြင်နိုင်လို့ မန္တလေးက လူငှားတယ်..နင့်ကိုဧကရီအန္တရာယ်ပေးမှာစိုးလို့လေ၊ အဲ့လောက်ထိထုထည်ခိုင်မာခဲ့တဲ့မေတ္တာတွေကို နင်ဘယ်လိုအတွေးနဲ့ ပေါ့ပေါ့လေးဖယ်ချခဲ့တာလဲ.."

ဒါဒါဘာမှမပြောနိုင်ပါ။ ဒါပေမဲ့ ဒီအချစ်တွေကို သူမနင်းချေဖျက်ဆီးခဲ့ပြီဆိုတာတော့ နားလည်နေသည်။ ကိုယ့်အပေါ် သူစိတ်ပျက်သွားပြီဆိုသည့်သက်သေက ဧည့်ခံပွဲမှာ ကိုယ့်ကိုငေးကြည့်နေတတ်သည့်မျက်ဝန်းတွေ..

"ကိုယ့်ကိုလက်ထပ်ပါ..ပြီးရင် မင်းကြိုက်သလိုဆုံးဖြတ်ပါ"လို့ သူပြောခဲ့သည်။ သူမကရော သူ့ကိုဘာလို့ငြင်းချင်ခဲ့တာလဲ.. ကျွန်မရှင့်ကိုချစ်လို့ပါကိုကို.. ဧကရီနဲ့ရှင် ဘယ်တော့မှပြတ်တောက်ကြမှာမဟုတ်ဘူးဆိုတဲ့သဝန်တိုစိတ်ကို မခံစားနိုင်လို့ပါ..



"နင့်ရဲ့ခင်ပွန်းဟောင်းပေးခဲ့တဲ့အိမ်ကို နင်မက်မက်မောမောလက်ခံခဲ့တယ်.."

ဟင်..

ဝေဒနှုတ်ဖျားကပြောလာသည့်စကားကြောင့် ဒါဒါဆတ်ခနဲဖြစ်သွားသည်။

"သူနင့်ကိုသူပိုင်ဆိုင်သမျှ ပုံပေးနေတာပဲ..သူ့ဘဝကိုရော သူပိုင်သမျှအကုန်လုံးရောပဲ၊ ဒါကျတော့ နင့်ဘက်ကတုံ့ပြန်မှုမကောင်းခဲ့ဘူး..မင်းနိုင်ဆိုတဲ့လူပေးတာကျတော့.."

"မဟုတ်ဘူး..ကျွန်မဧကရီ့ကိုနိုင်ချင်လို့ ရရာလက်နက်ဆွဲခဲ့တာ အဲ့လိုသဘောမပါဘူး.."

"ဒါပေမဲ့ သူအရမ်းခံစားသွားရတယ်ဒါဒါ.."

သူမ ချောက်ကမ်းပါးထိပ်ကနေ ခြေလွတ်လက်လွတ်ပြုတ်ကျသလို ဗွယ်ရာမဲ့ခြင်းကို ခံစားလိုက်ရ၏။ ထို့ပြင်.. ၊

"မင်းနိုင်ပေးခဲ့တဲ့ အိမ်ကိုအားပြုပြီး မင်းတိုက်ခိုက်ခဲ့တယ်..အဲ့ဒါကိုကိုယ်နားလည်မပေးနိုင်ဘူး.."

"မင်းနဲ့ကိုယ့်ရဲ့အခြေအနေကဘာလဲ.."

"မဟုတ်ဘူး.."

ဒါဒါခေါင်းလေးခါပြီး အင့်ခနဲရှိုက်သည်။

"နောက်ပြီး မင်းနိုင်ဆိုတဲ့လူက သူပိုင်ဆိုင်သမျှ ကားလုပ်ငန်းအရင်းအနှီးနဲ့ မင်းတို့အတွက်စုဆောင်းထားတဲ့ငွေတွေပါ သူ့အသိအကူအညီနဲ့ ရှေ့နေနဲ့စာချုပ်ပေးခဲ့သေးတယ်.."

"ဒါဒါ အဲ့ဒါတွေကိုလက်မခံခဲ့ဘူး.."

"တစ်ဖက်စွန်းကိုကိုင်လိုက်ရင် တစ်ခုလုံးက ငါ့ဟာလို့ပြောတဲ့အဓိပ္ပာယ်ပဲ.."

"မဟုတ်ဘူး..အဲ့လိုလုံးဝမဟုတ်ဘူး၊ မင်းနိုင်က မရှိတော့တဲ့လူပါ..အဲ့ဒါကြောင့် ကျွန်မဘာမှ.."

"ချစ်ခြင်းမေတ္တာဆိုတာ အကောင်အထည်မြင်နေရမှ ချစ်လို့ရတာမဟုတ်ဘူးလေ..ချစ်နေကြရင် နီးနေဖို့လည်းမလိုဘူး၊ နင်ရှိုးသားနေရင်တောင် သူ့ကိုကျတော့ ဥပေက္ခာတွေပဲပေးခဲ့တာ.."

"ဒါကြောင့် အခုဘာဖြစ်မှာလဲ..သူဆုံးဖြတ်လို့ရတယ်၊ ကျွန်မကိုသူရှောင်နေဖို့ မလိုဘူး.."

"ရှောင်နေတာမဟုတ်ဘူးဒါဒါ..သူငိုခဲ့တာ.."

"ဟင်.."

ဝေဒက စိတ်မသက်သာသည့်မျက်နှာနှင့် မျိုးခိုင်ကိုင်ထားသည့်လက်ထဲက ဖိုင်တွေကိုဆွဲယူလိုက်သည်။ ပြီးတော့ လက်ထဲမှာ သေချာထပ်ပြီး ဒါဒါ့လက်ထဲထည့်ပေးလိုက်ပြီး.. ။

"အဲ့ဒါတွေ သူပေးလိုက်တာ..စာချုပ်တွေပဲထင်တယ်၊ ဘာအတွက်လဲဆိုတာတော့ နင်တို့ဘာတွေလုပ်ခဲ့သလဲ နင်တို့ချင်းပဲသိမှာပေါ့.."

စာချုပ်တွေ.. ဒါဒါမယုံနိုင်အောင် ဖြစ်သွားသည်။ မင်းနိုင်ပေးတာတွေကို ယူလိုက်လို့ သူပေးတာကို ယူရမယ့်သဘောလား.. ။

"တည်ငြိမ်ရင့်ကျက်တဲ့ယောကျ်ားတစ်ယောက် မင်းအတွက်ငိုနေတယ်..မင်းဆုံးဖြတ်လို့ရအောင် ဒါတွေပေးခဲ့တယ်၊ အဲ့ဒီတော့ မင်းပျော်နေလား"

"ရှင်ကျွန်မကို မစော်ကားနဲ့.."

"ဘုန်း.."

ဒါဒါစာချုပ်တွေကို ရောက်ချင်ရာရောက် လွှဲပေါက်ပစ်သည်။

"အဲ့ဒါဘာတွေလဲ..ဘာအတွက်ပေးတဲ့စာချုပ်တွေလဲ၊ ကျွန်မအတွက် ဘာမှမလိုဘူးကိုဝေဒ..အဲ့လိုလူကိုချစ်ဖို့ တွေဝေနေခဲ့တာ ကျွန်မမှန်တယ် ဇကေရီ့လို တကောက်ကောက်လိုက်နေရမယ့်ဘဝမျိုး ကျွန်မမဖြစ်ခင် သူ့ထက်အဆတစ်ရာလောက် အကျည်းတန်မယ့်အဖြစ်မျိုးမရောက်သေးခင် စောစောစီးစီးသိလိုက်ရတာ ကျေနပ်တယ်..ပြောလိုက်စမ်းပါ၊ ဗေဒါဖြူကဆင်းရဲပေမယ့် အချစ်ကိုဘယ်တော့မှပြိုင်မလုဘူးလို့.."

မျက်နှာကိုမော့ပစ်လိုက်ပြီး မျက်ရည်ကြောင်းကို ရပ်တန့်စေသော်လည်း.. ။

"နေရာတစ်ခုကို ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် လုလို့ရတယ်..ရင်ခွင်ဆိုတာ လုဝင်လို့ကောင်းတဲ့နေရာမဟုတ်ဘူး..အထူးသဖြင့် တွေဝေတတ်တဲ့ရင်ခွင်တစ်ခုက အချစ်ကြီးတဲ့နှလုံးသားနဲ့ မတန်ပါဘူး.."

ဒါဒါလက်လေးနှစ်ဖက်နဲ့ ဂါဝန်ပွပွကြီးကို မရမကလုံးသိပ်'မ'သည်။ ပြီးတော့ နေရာမှခွာလျှင်.. ။

"နေဦး..ဒါဒါ ကိုကိုသွားတော့မယ်.."

သူမခြေလှမ်းတုံ့သွားသည်။ ထွန်းထွန်းက ဓာတ်လှေကားဘက်ကနေပြေးလာကာ.. ။

"ဖုန်းဆက်တာကို အရေးထဲမှာ ဘက်ထရီဒေါင်းနေတယ်..ကိုကိုလေ ကိုကို့ကိုဇကေရီဖုန်းဆက်တယ်.."

သူတို့ဒီလိုပဲ အချိန်မရွေးဆက်သွယ်နေကျ.. ဒါကြောင့် သူမခံစား



ရသည်။ ဒါကြောင့်ပဲ စကားတွေမှားခဲ့သည်။ ယောကျ်ားတစ်ယောက်ငိုကြွေးတော့ မျက်ရည်ကတန်ဖိုးပိုကြီးသွားတာလား.. မိန်းမတွေကတော့ ငိုတတ်တဲ့အမျိုးမို့ တန်ဖိုးမဲ့ခဲ့တာလား..။ ဘာတွေဖြစ်နေနေ နားလည်သွားသည့်နှလုံးသားက ဝေဒနာကိုယူ၍ အားလုံးကိုဥပေက္ခာထားလိုက်ဖို့ ဆုံးဖြတ်၏။

"ဒါဒါ နင်ဘာမှမလုပ်ဘူးလား..ကိုကိုမလာရင် သူတိုက်ပေါ်ကနေခုန်ချတော့မယ်လို့ ဖုန်းဆက်အကျပ်ကိုင်နေတာနော်.."

ဖွတ်ပြင်လိုက်သည့်ခြေလှမ်းက တုံ့ခနဲပြန်ဖြစ်၏။

"ဒီမိန်းမလုပ်ပြန်ပြီကွာ.."

"အေးလေ..နောက်ဆုံးဘယ်အချိန်ထိ လိုက်နှောက်နေမယ်မသိဘူး"

"သူကလေးမဟုတ်ဘူးထွန်းထွန်း..ပူမနေနဲ့၊ လိုက်သွားသွား ညာနေနေ ဒီမှာလည်းရှင်းလို့မရ..သင်းတို့ကတစ်မျိုး၊ ဒီထက်ဦးနှောက်ခြောက်ရရင် ငါရူးတော့မယ်.."

"ဒါကတော့ကွာ..ချစ်တာခင်တာတွေ ပြချင်တာမဟုတ်ပေမယ့် အသက်တစ်ချောင်းနဲ့ပြောလာတော့ ဘယ်လိုလုပ်ကြည့်နေနိုင်မှာလဲ.."

"အဲ့ဒါသူပြောတာလား.."

ထွန်းထွန်းကခေါင်းညိတ်လျှင် ဒါဒါလက်ချောင်းတို့ကို ကျိုးကြေမတတ်ဖိဆုပ်ထားမိ၏။ ဝေဒကခေါင်းခြောက်သွားသလို ဆံပင်တွေတွင်တွင်ဆွဲဖွရင်း.. ။

"သူကငါတို့ထက်ပိုပြီး စိတ်ရှုပ်မှာပေါ့.."

"စိတ်ရှုပ်တာနဲ့ပဲ ဘယ်သူဖုန်းဆက်ခေါ်ခေါ် ထလိုက်သွားလို့ရလား"

ကျောခိုင်းဖို့ ဘယ်လိုဆုံးဖြတ်ခဲ့မိတာလဲမသိ။ တကယ်တမ်းစွန့်လွှတ်ရတော့မည်ဆိုတော့ သွားပါစေဆိုပြီးမထားလိုက်နိုင်။ လူကိုချစ်ပါတယ်ခင်ပါတယ်ဆိုပြီး နားလည်လွဲတာလေးတစ်ချက်တည်းနဲ့ 'နင်နေခဲ့ ငါသွားမယ်' ဆိုလို့ ရမလား..

သူမဂါဝန်ကို ထပ်ဆွဲတင်သည်။ ပြီးတော့ အားလုံးရှေ့ကနေပြေးထွက်ခဲ့၏။ သန့်စင်ခန်းဘက်ကို ဦးတည်ခဲ့ရင်း ဓာတ်လှေကားထဲပြေးဝင်သည်။ ဒီနေ့ဟိုတယ်လ်မှာ ကားတွေတော်တော်များနေသည်။ ပါကင်မှာကားတွေကျပ်ပြီး ကိုကိုထွက်လို့မရပါစေနဲ့..။ ရင်တစ်ခုလုံးကတုန်ကယင်ဖြစ်နေသည်။ ကိုကိုငါ့ကိုပဲချစ်တာ..၊ ပထမဆုံးဖြစ်လာသည့်စိတ်သည် အမြဲတမ်းနောက်ကွယ်ရောက်နေတတ်သော ယုံကြည်စိတ်ဖြစ်နေခဲ့လျက် ကိုကိုသာမရှိတော့ရင်.. ။

မဖြစ်ဘူး..ရှင်မထွက်သွားရဘူး..

မသိစိတ်မှာ ကိုကိုဘယ်လောက်ထိ အခိုင်အမာဖိုလ်စွဲနေခဲ့သလဲဆို လျှင် ဆုံးရှုံးရတော့မည့်အသိနဲ့တင် သူမရူးသွားနိုင်၏။ ဓာတ်လှေကားတံ ခါးပွင့်သွားသည်နှင့် ပြေးထွက်ခဲ့သည်။

ကိုကိုဘယ်မှာလဲ.. ကိုကိုထွက်သွားပြီလား၊ ဟင့်အင်း..မဟုတ်ဘူး ကိုကိုရှိသေးတယ်..ငါ့ကိုဒီတိုင်းကိုကိုမထားခဲ့ဘူး..

ကားပါကင်ကအကျယ်ကြီးဖြစ်လျက် ကားတွေကစီရီညပ်သပ်နေ သည်။ သူမတို့စီးလာသည့်မင်္ဂလာကြီးနဲ့တော့ ကိုကိုပြန်ထွက်မှာမဟုတ်တာ မို့ အိမ်ကကားတွေဘယ်မှာလဲဆိုတာ လှည့်ပတ်ရှာမိ၏။ ထိုစဉ်.. ၊

ဟိုမှာ ကိုကိုရယ်..

အသက်ငါးဆယ်ခန့်လူကြီးသုံးယောက်နှင့် တိုင်အကွယ်ကကားတစ် စီးဘေးမှာ စကားရပ်ပြောနေ၏ ဘယ်တုန်းကမှ သတိထားမကြည့်ခဲ့သည့် ကိုကို့မျက်နှာက ချောလိုက်ပါဘိခြင်း။ ဒါဒါကျောက်ရုပ်လေးဖြစ်သွားကာ ကိုကို့မျက်နှာတစောင်းကိုငေးကြည့်နေမိသည်။ ပြီးတော့ မျက်ရည်တွေက လိမ့်လိမ့်စီးကျ၏။

ဧကရီဆိုတဲ့မိန်းမကိုလည်း သံယောဇဉ်ရှိနေသည်ဆိုရင် နင်ခွင့်လွှတ် မှာလား.. ပင့်သက်ရှိုက်ရင်းခေါင်းခါလိုက်မိသည်။ မချစ်ရဘူး....

"ကိုကို.."

ကိုကိုတံခါးဖွင့်လိုက်တော့ ဒါဒါအသည်းအသန်ခေါ်ပြီး ပြေးသွား သည်။ သုံးယောက်စလုံးလှည့်ကြည့်ကြ၏။ ကိုကို့မျက်နှာက အားလုံးထက် ပို၍ အံ့အားသင့်ဟန်ရှိနေကာ.. ၊

"ချာတိတ်.."

"ရှင်ကဘယ်သွားမလို့လဲ..ဒါဒါ့ကိုဘာမှမပြောဘဲနဲ့ရှင်..ရှင်အဲ့လို သွားလို့မရဘူး.."

ဒါဒါ သူ့ရင်ခွင်ထဲပြေးဝင်လိုက်လျှင် ကိုကိုနောက်ပြန်ယိုင်သွားကာ ကားပေါ်ကိုပခုံးစောင်းတစ်ဖက်ကျသွား၏။ သူမကိုပြန်ထိန်းဖက်လိုက်တော့ တစ်ယောက်ကိုတစ်ယောက်ဖက်ထားကြသလို ဖြစ်သွားခဲ့ပြီး.. ၊

"ဟုတ်ပါ့ဗျာ..ကျုပ်တို့လေကြောမိနေတာနဲ့၊ ကိုင်း..သွားလိုက်ဦးမေ မောင်ကိုကိုရေ.."

လူကြီးသုံးယောက်စလုံး ကားပေါ်တက်ပြီး ခဏအတွင်းကားကထွက် သွား၏။

"ချာတိတ်.."



"ရှင်ကျွန်မကိုချစ်တယ်ဆိုတာတွေက ညာခဲ့တာတွေလားဟင်.."

"ကိုယ်.."

"ချစ်တာတွေကျတော့ပြောရဲပြီး မချစ်တာတွေကျမှ စာချုပ်တွေပေး ပြီး အသံတိတ်လစ်ထွက်တာလား.."

"ကိုယ်အလုပ်ကိစ္စပြောနေတာ.."

"အဲ့ဒါကျွန်မလိုက်လာလို့ လျှော့ချတာ.."

"အရေးကြီးအချိန်မို့လို့ နောက်ကျမခံနိုင်တာ ဒီစာချုပ်ကိစ္စပျက်သွား ရင်.."

"ကျွန်မအတွက်ဘာမှမလိုဘူး..အဲ့ဒီစာချုပ်တွေ ပိုင်ဆိုင်မှုတွေ ဘာမှ မလိုဘူးကိုကို.."

ဒါဒါ သူ့မျက်နှာကိုမော့ကြည့်ကာ ကလေးငိုသလိုရှိုက်သည်။ ပြီး တော့ သူ့ရင်ဘက်ကိုထု၏။

"ရှင်မသွားရဘူး..သူ့ဟာသူသေသေ တိုက်ပေါ်ကဖြစ်ဖြစ် ဝေရတ် ဘောင်ထိပ်ကဖြစ်ဖြစ် ဘယ်ကခုန်ချချ၊ ဘယ်လိုသေသေ.."

"ချာတိတ် ဘယ်သူ့ကိုပြောနေတာလဲ.."

ဒါဒါ့ကိုယ်လေးကို ရင်ခွင်ထဲကဆွဲခွာပြီး မေးဖျားလေးကို မော့ယူ လိုက်သည်။

"ပြော..ကိုယ်ဘယ်သွားမယ်ထင်လို့လဲ.."

"ဟား ဟား ဟား ဟား.."

"ခိ ခိ ခိ..သရုပ်ဆောင်ကြေးမရပေမယ့် တန်တယ်နော်.."

ရယ်သံတွေထွက်လာကြသည်။ ဝေဒတို့တွေထွက်လာကြတာ လေး ယောက်။ ထွန်းထွန်းလက်ထဲမှာ ဒါဒါလွှတ်ပစ်ခဲ့သည့် ဖိုင်တွေပြန်ကိုင်လျက် ပါလာကာ သူတို့ဘယ်လောက်ထိပြောခဲ့တာတွေ ပြောပြကြရင်း လျှောက် လာရင်းဖြင့်.. ၊

"ပိုင်ဆိုင်မှုတွေ မင်းလွှဲပေးခဲ့သလို ဒါလေးပဲပေးလိုက်ရတယ်.."

"ဧကရီခေါ်နေပြီလို့ နည်းနည်းလေးပဲကျပ်လိုက်ရတယ်ဗျာ.."

"ဘာ.."

ကိုကို့မျက်နှာမှာ ဝမ်းသာသွားရမည့်အစား အတော်ကြီးစိုးရိမ်ထိပ် လန့်သွားခဲ့ပြီး.. ၊

"မင်းတို့ ဒါနောက်စရာလား..အဲ့ဒီစကားတွေကြောင့် ဘယ်ထိရောက် သွားနိုင်လဲ၊ ဟား တော်တော်စိတ်ပျက်ဖို့ကောင်းတယ်..မင်းတို့.."

"အံမာ..စိတ်ပျက်အောင်တော်တယ်လုပ်လိုက်ဟော့ကောင်၊ အခု မင်း

ရဲ့ချာတိတ် မင်းရင်ခွင်ထဲရောက်နေပြီမို့လား..”

“အေးလေ..ထမင်းပွဲကြီးကြည့်ပြီး ထမင်းမစားရဖြစ်နေမယ့်မင်းရဲ့ ဟန်းနီးမွန်းအတွက် အနစ်နာခံပြီး စီစဉ်ပေးလိုက်တာနော်..တိမ်းစောင်းသွား ရင် အလုပ်ပါပြုတ်ဖို့ရှိတာကို..”

“ဟုတ်တယ်..အခု မတိမ်းမစောင်းဘူးဆိုတော့ မင်းဟန်းနီးမွန်းထွက် ရင် ငါတို့လည်းခွင့်ရက်ရှည်ယူမယ်..”

“မရဘူး..”

“သိတယ်..အဲ့လိုသဘောကောင်းမယ်ဆိုတာ..”

ဝေဒတို့မျက်စောင်းတွေခဲပြီး ပြန်လှည့်သွားကြသည်။ ပြီးတော့ ပြန် လှည့်အော်သွားသေးသည်။

“ကြီးကြီးတို့စိတ်ပူနေမယ်..မြန်မြန်တက်ခဲ့ကြဦး..”တဲ့.. ၊

“သူများလဲသေချင်အောင် စိတ်ပူသွားတာကျတော့ မစာနာဘူး..”

ဒါဒါ့အသံကြားမှ ကိုကိုလှည့်ကြည့်မိသည်။ ဒါဒါက ဂါဝန်လေးဝ ထားသည့်အတိုင်း သူ့ကိုစူးစိုက်ကြည့်နေကာ သူရှေ့တိုးလိုက်မှ ဖျတ်ခနဲ လှည့်ပြေး၏။ သူမလက်ကို ကိုကိုကမိမိရရ ဖမ်းဆွဲလိုက်ပြီး.. ၊

“ခုနကတော့ ကိုယ့်ကိုဗွတ်ဝင်ဖက်ပြီး..”

“ခုသိသွားပြီလေ..ကိုဝေဒက နီးစပ်စေချင်လို့ညာပြောတာ အပြစ်မရှိ ဘူး၊ ရှင်ကတော့..”

“ကိုယ်ဘာလုပ်လို့လဲ..”

“ခုမှအားနာပါးနာ ရောမချနဲ့ကိုကို..ရှင်လည်း ဒါဒါ့ကိုစိတ်ပျက်သွား တာပဲမို့လား၊ မင်္ဂလာပွဲတောက်လျှောက် ရှင့်မျက်နှာပုတ်ကြီးချနေခဲ့တာ..”

“မဟုတ်တာကွာ..မျက်နှာပုတ်ချရလောက်အောင် ကိုယ့်ရင်ထဲမှာ လတ်ဆတ်တာ ဘာမှမရှိဘူး..”

“ခု ကျွန်မရောက်လာတာကိုး..”

“မင်းရောက်လာမှာကို ကိုယ်စောင့်နေတာမှမဟုတ်တာ..စာချုပ်ကိစ္စ ပြီးပြတ်အောင်လုပ်ချင်လို့ မီတင်ရွှန်းမ်ကို ခဏပြေးရတယ်၊ သူတို့ကလည်း ကိုယ့်ပွဲရှိမှန်းမသိကြဘူး..သိတော့ မြန်မြန်လုပ်ပေးကြတယ်၊ အခု သူတို့ကို ပြန်ပို့ပြီး ကိုယ်တက်လာမှာ..”

ဒါဒါက သူကိုင်ထားသည့်လက်ပေါ်ကနေ ထပ်အုပ်ကိုင်လိုက်ရင်း..

“အဲ့ဒါတွေမသိချင်ဘူး..နေ့လည်ကကိစ္စ ဒါဒါ့ကို ကိုကိုတင်းသွား တယ်မို့လား”

သူမဘာပြဿနာကို ဦးတည်နေတာထက် ကိုကို့လိုခေါ်တာလေးက



သူကျေနပ်နေမိသည်။ ထို့ပြင် ဒါဒါလို့သူမကိုယ်သူမ ပြောလာတာလေးက သူ့အပေါ်မှာ ဘယ်လောက်ထိရင်းနှီးသွားပြီလဲဆိုတာကို ဖော်ပြနေတာမို့..

“မင်းသိချင်တာကိုဖြေရရင် ဟုတ်တယ်..ဒါပေမဲ့..”

“မညာဘဲမှန်မှန်ဖြေ..ကိုကိုငိုတယ်ဆိုတာ တကယ်လား..”

အနီရောင်သမ်းသွားသည့်မျက်နှာက ဒါအမှန်ပဲဆိုတာ ဖော်ပြလိုက် သလိုရှိကာ ကိုကိုက ချောင်းဟန့်လိုက်ရင်း ဆံပင်တစ်ချက်သပ်သည်။ ပြီး မှ ဒါဒါ့လက်လေးကို ဆွဲခေါ်လာခဲ့ပြီး ကားနားရောက်မှတံခါးဖွင့်ကာ.. ၊

“အထဲဝင်ထိုင်..ကိုယ်တို့ကမင်္ဂလာဝတ်စုံတွေနဲ့..”

ဒါဒါ ကားထဲဝင်ထိုင်လိုက်တော့ ကျန်ရစ်သည့်ဂါဝန်အနားစတွေကို သူကသေချာလိုက်သိမ်းပေးသည်။ ပြီးမှ သူဝင်ထိုင်လိုက်ကာ.. ၊

“ရပြီ ပြန်မေး..”

“မေးပြီးပြီ..ကိုကိုဖြေ..”

“မဖြေခင် တစ်ခုမေးမယ်..ကိုကိုလို့ခေါ်တာ ဘယ်သူခေါ်ခိုင်းလို့လဲ ဒါမှမဟုတ် ချာတိတ်ရင်ထဲကလာတာလား..”

ဒါဒါ မျက်ခုံးတန်းလေးတွေ ကုတ်သွားခဲ့၏။

“ခေါ်ခိုင်းခိုင်းမခိုင်းခိုင်း ကိုယ်ခေါ်ချင်မှဖြစ်တာပါ..”

သူ့မျက်နှာပြုံးသွားသည်။ ဒီ့ထက်ပိုနီးစပ်တဲ့အဖြေကို ကြားချင်သေး မယ့် နောက်ထပ်မေးရင် သူမရှက်သွားတော့မှာမို့ ခဏတဖြုတ်လက်လျှော့ ဖို့ စိတ်ကူးလိုက်ပြီး.. ၊

“ကိုယ်ငိုတယ်ဆိုရင် ဘာဖြစ်သွားနိုင်လို့လဲ..မင်းပျော်သွားမှာလား လှောင်ရယ်ချင်လား..ဒါမှမဟုတ်..”

“လက်ခုပ်တီးပြီး ရယ်ပစ်ချင်လို့..”

ပြောပြီး သူကိုင်ထားသည့်လက်ကို ခါချပစ်သည်။ ပြီးတော့ ဟိုဘက် လှည့်၏။ ကိုကိုကအနားကပ်ပြီး ပခုံးလေးကို ဆွဲလှည့်လိုက်မှ ဟီးခနဲငို ပစ်ကာ.. ၊

“ကိုကိုအရမ်းရက်စက်တယ်သိလား..မင်္ဂလာပွဲတောက်လျှောက် ဒါဒါ့ ကိုရှင်ပစ်ထားတယ်၊ သူများတွေရယ်စရာတွေပြောလည်း ဒါဒါ့ကိုကြည့်ရင် မျက်နှာတည်ကြီးနဲ့..သူများတွေလှတယ်ပြောနေကြလည်း ရှင်တစ်ခွန်းမှ မပြောဘူး၊ ပြဿနာဖြစ်ထားပြီးမှ ရှင်အဲ့လိုလုပ်ပစ်တာ..ဒါဒါဘယ်လောက် စားရလဲ ရှင်သိရဲ့လား..”

“ဆောရီးပါချာတိတ်ရာ..ကိုယ်လည်း..”

သူဒါဒါ့ကိုရင်ခွင်ထဲမှာ ပွေ့ဖက်ထားလိုက်ပြီး ဖြေရှင်းဖို့ကြိုးစား

သည်။ ဒါပေမဲ့ စကားသံကရှေ့ဆက်ထွက်မလာခဲ့။ သူတကယ်ခံစားခဲ့ရသည်။ ဒီမင်္ဂလာပွဲပြီးသွားရင် သူ့ရင်ခွင်ထဲကနေ ပျံထွက်ဖို့သူမကြိုးစားမှာပဲလို့ တစ်ထစ်ချတွက်မိခဲ့၏။

"ရှင်ထင်နေတာတွေ ဒါဒါတကယ်ဖြစ်နေသလားလို့ ရှင်မေးလေ.."

"မင်းပဲကိုယ့်ကိုလက်မထပ်နိုင်ဘူးလို့ ပြောခဲ့တာချာတိတ်..ညနေပွဲစတော့မယ်၊ မင်းလည်းပြင်ဆင်ပြီးနေပြီ..အဲ့ဒီအချိန်ထိ မင်းပြောနေတုန်း၊ မင်းကိုယ့်ကိုဆို နည်းနည်းလေးတောင် ငဲ့ညှာစကားမပြောခဲ့ဘူး..လက်ထပ်ပွဲမှာ ကိုယ်ဘယ်လိုပြုံးပျော်နေရမလဲ၊ ဒီပွဲဖြစ်ဖို့အတွက် မင်းကိုကိုယ်တောင်းပန်ခဲ့ရတယ်..ပြီးရင် ကိုယ့်စကားအတိုင်း မင်းစိတ်ကြိုက်လိုက်လျောရမယ်၊ အဲ့ဒါပျော်ဖို့ကောင်းနေလို့လား.."

ဒါဒါ့ရှိုက်သံလေးပျော့ကျသွားသည်။ ပြီးတော့ သူ့မျက်နှာကို မျက်တောင်ဖျားလေးတွေပင့်ကပ်နေအောင် မော့ငေး၏။

"ကျွန်မရင်ထဲမှာရော မပြောင်းလဲရတော့ဘူးလားဟင်..ရှင်ပေးသမျှထဲမှာ ရှင့်ရဲ့ဂရုစိုက်မှုတွေ လိုက်လျောညှာတမှုတွေ၊ အဲ့ဒါတွေက ကျွန်မရင်ထဲမှာ ဘယ်လောက်ထိနေရာယူနေပြီလဲ ရှင်သိရဲ့လား.."

သူမကိုယ်လေးနွဲ့ကျလာတော့ သူပွေ့ဖက်ထားလိုက်သည်။

"ကျွန်မကြောက်သွားတယ်..ဧကရီလုပ်သမျှ ရှင်မျိုသိပ်ခဲ့တယ်၊ သူ့ရှေ့ကမှားယွင်းသမျှ.."

"အဲ့ဒါ ကိုယ်လိုက်လျောချင်လို့မဟုတ်ဘူး..မဖြစ်သာတဲ့လိုက်လျောမှုတွေပါ..ကိုယ်မလိုက်လျောရင်.."

"ကြီးကြီးအားလုံးပြောပြပြီးပြီ.."

"ဒါတောင်မှချာတိတ်ရာ.."

"အဲ့ဒါ ရှင်ထွက်သွားမှပြောတာလေ..ပွဲမစခင်အထဲမှာထိုင်နေတုန်း ဒါဒါငိုနေလို့.."

ဧကရီနဲ့ဦးကိုကိုအဖြစ်တွေကနေစပြီး 'သမီးလည်းမိသားစုဝင်ဖြစ်လာပြီဆိုတော့ ဘာမှကွယ်ဝှက်ထားဖို့မလိုတော့ပါဘူး..ကြီးကြီးသားလေးကသိပ်ကိုသနားစရာကောင်းတဲ့ကလေးပါ၊ သူ့အဖေအတွက် မိသားစုဂုဏ်သိက္ခာအတွက် သူအများကြီးပေးဆပ်ခဲ့ရတာ'ဆိုပြီး အဖြစ်အပျက်အားလုံးကိုပြောပြခဲ့သည်။ ဒါပေမဲ့ ဧကရီဆိုတဲ့မိန်းမက ဉာဏ်များလွန်းသည်။ သဘောထားကြီးသည့်ယောကျ်ားတွေက မိန်းမတစ်ယောက်အပေါ် နိုင်ကွက်တွေ့တာနဲ့ ဖိနင်းတဲ့အလုပ်မျိုးမလုပ်တတ်ကြ။ ထိုအခါ အပလီချရာတွေနဲ့ ဧကရီအပေါ် ကိုကိုမပြတ်သားနိုင်တာတွေ ရှိလာခဲ့ရင်.. ။



"အဲ့လိုတွေရှိခဲ့ရင်တောင် ကိုယ့်အချစ်တွေက မင်းဆီမှာအကုန်လုံးလေ..မစင်ပုံတစ်ပုံကို မတော်တဲ့နေရာမှာတွေ့ရင် ဖုတ်နဲ့ဖြစ်ဖြစ် သဲနဲ့ဖြစ်ဖြစ် ကောက်ဖုံးမိမှာပဲ..အဲ့ဒါကို တယုတယသိမ်းဆည်းပါတယ်လို့ ပြောလို့ရလား.."

"မသိဘူး..ကျွန်မကတော့ မိန်းမပီပီပြောရမှာပဲ၊ ကိုယ့်ယောကျ်ားက ကိုယ့်မိန်းမအပေါ်ကလွဲပြီး ဘယ်မိန်းမကိုမှ လိုက်လျောတာ မကြိုက်ဘူး..ဘယ်မိန်းမကိုမှညှာတာနဲ့ မရဘူး၊ အဲ့ဒီနေရာမှာ ယောကျ်ားပီသတာမျိုးတော့ အသေမုန်းပဲ.."

"ဒါဆို ကိုယ့်ကိုချစ်နိုင်မလား.."

ရှုတ်တရက်ကောက်မေးကာ ပါးလေးနှစ်ဖက်ကို လက်ချောင်းလေးနဲ့ ညှပ်ကိုင်ပြီး ဆွဲမော့လိုက်ရင်း.. ။

"ကိုယ့်ကိုချစ်လား.."

"ဘာမှမဆိုင်ဘဲနဲ့.."

"ကိုယ့်ကိုမင်းသဝန်တိုနေတာလေ..တခြားမကျေနပ်တာတွေ နောက်မှပြောရအောင်ကွာ၊ အခု ကိုယ်မင်းဆီကလိုချင်နေတာအချစ်.."

"ဒီကလည်းမေးစရာရှိတယ်.."

"အိုခေ..မေး ရန်ဖြစ်ဖို့မပါကြေး.."

ဒါဒါက သူ့မျက်နှာကို အနီးကပ်ငေးနေပြီး နှုတ်ခမ်းလေးတွေကို ဖိကိုက်နေသည်။ ပြီးမှ.. ။

"ဒါဘာမှမဟုတ်ဘူးဆိုပေမယ့် ဒါဒါအရမ်းခံစားလိုက်ရတာ အဲ့ဒါကြောင့် သေချာသိချင်လို့.."

"အင်း..မေးလေ.."

"ခုနေ ဧကရီက ကိုကိုမလာရင် သူ့ကိုယ်သူသက်သေပါတော့မယ်ဆိုပြီး ဖုန်းဆက်ရင် ကိုကိုဘာလုပ်မှာလဲ.."

"မင်းပြောလေ..မင်းကမသွားနဲ့ဆို တစ်လှမ်းမှမသွားဘူး.."

"သွားဆိုရင်တော့ သွားမယ်ပေါ့.."

ရင်ထဲမှာ ဆို့နင့်နင့်ကြီးဖြစ်သွားသည်။ သူမဒီလောက်ထိပြောခဲ့ပြီးတာတောင် ယောကျ်ားတွေဒီလိုနေရာမှာ သဘောထားမကြီးရင် မနေနိုင်ကြဘူးလား.. ။

"မင်းကတောင် သွားခိုင်းနေရင်.."

"စိတ်ထဲမှာလက်မခံနိုင်ပေမယ့် ရှင့်ကိုဟန်ဆောင်ပန်ဆောင်သွားပါပြောရတာမျိုးဖြစ်နေရင်ရော.."

ကိုကိုက အရိုးခံမျက်နှာထားနှင့် ခေါင်းညိတ်၍.. ၊

"မသိဘဲကိုယ်ထွက်သွားမိနိုင်တယ်.."

"အဲ့ဒါ ဒါဒါ့ကို ကိုကိုနားလည်တာလား.."

မျက်လုံးချင်းဆုံသွားတော့ ကိုကို့မျက်ဝန်းထဲမှာပြေးနေသည့် အဓိပ္ပာယ်များစွာကို သူမမသိခဲ့။ စက္ကန့်များစွာကျော်ဖြတ်သွားခဲ့ပြီး.. ၊

"မင်းလည်းကိုယ့်ကိုဟန်ဆောင်ပန်ဆောင်တွေ မပြောဖို့သိသင့်တယ် မဟုတ်ဘူးလား.."

သူကမေးခွန်းပြန်ထုတ်ပြီး ဒါဒါ့မျက်နှာလေးကို လက်ဖဝါးနှစ်ဖက်ထဲမှာထည့်၍ မြတ်နိုးမှုများနဲ့ကြည့်သည်။

"ဧကရီ့ကို မင်းမကျေနပ်နိုင်တာ ကိုယ့်ကိုသဝန်တိုတဲ့စိတ်လေး နည်းနည်းတော့ပါနိုင်တယ်လို့တွေးပြီး ကိုယ်ကျေနပ်ခဲ့တယ်..အဲ့ဒါကြောင့် သူ့အပေါ်မင်းတို့ပြန်ချင်တာ ဘာဖြစ်ဖြစ် ကိုယ်နေရာတကာမတားခဲ့ဘူး၊ သူ ဖြုန်းတီးသမျှ မျိုးသိပ်ပေးကမ်းနေရတာက မီးလိုပူခဲ့ရင် မင်းအတွက်ကိုယ် ဖြန့်ခင်းပေးခဲ့တာတွေက တစ်ကျပ်တစ်ပြားဖြစ်စေ အဲ့ဒါရင်ထဲကလာတဲ့မေတ္တာစိမ့်စမ်းပါ.."

ဒါဒါ့မျက်ဝန်းလေးတွေ ကြည်စင်သွားသည်။ ပြီးတော့ သူ့လက်ကို ထပ်ကိုင်ပြီး ကတုန်ကယင်လေးပွတ်သပ်ရင်း.. ၊

"ဒါဒါလေ..ရှင့်ကိုပြောခဲ့သမျှတွေက ရင်ထဲကပါတဲ့စကားတွေမဟုတ်မှန်း ခုနကမှနားလည်ခဲ့ဘာ..ရှင့်ကိုအရမ်းချစ်တယ်.."

ပြောနေရင်း မျက်ရည်တို့ဝေ၏။ ပြီးတော့ သူ့ရင်ခွင်ထဲကို တိုးဝင်မိသည်။ ကိုကိုက သူမကိုယ်လေးကို လွတ်ထွက်သွားမှာစိုးသလို ပြန်ဖက်ထားမိရင်း.. ၊

"ကိုယ့်ကိုဒီ့ထက်သဝန်တိုစေချင်တာ..ဧကရီ့ကိုမုန်းနေတာက မင်းရဲ့ သီးသန့်အကြောင်းတွေနဲ့မဟုတ်ဘဲ ကိုယ့်ကိုသဝန်တိုလို့ဖြစ်ပါစေလို့ ကြိတ်ပြီးဆုတောင်းမိတယ်.."

ကိုယ်ကဒီလောက်ဖြစ်ခဲ့ရပြီး သူမကတော့ မင်းနိုင်နဲ့ပတ်သက်မှုမှာ သူ့ကိုနည်းနည်းလေးတောင် ဂရုမစိုက်ခဲ့။ နာကျင်ခြင်းက ထိုနေရာမှာတော့ ဘရိတ်လွတ်ခဲ့တာ ဝန်ခံပါသည်။ ဒါပေမဲ့ သူမကို သူမမုန်းရက်ခဲ့.. ၊

"မင်းအဲ့ဒီပရော့ဂျက်မှာ နှစ်ထပ်ခွဲနဲ့မှီပြီး စီးပွားရေးလုပ်ချင်တာရော အဲ့ဒါဘာလို့လုပ်ချင်နေတယ်ဆိုတဲ့ မင်းရဲ့ရည်ရွယ်ချက်ကိုရော ဥမ္မာကိုယ်ကို သေချာပြောပြတယ်.."

"ဟုတ်တယ်.."



သူခေါင်းညိတ်ပြရင်း ဒါဒါ့ဆံစလေးတွေကို နှုတ်ခမ်းနဲ့ဖိကပ်နမ်း၏၊ ပြီးတော့.. ၊

"ကိုယ်ရည်ရွယ်လိုက်တာ မင်းရဲ့ရပ်ကွက်လည်းဖြစ်တယ်..မင်းလည်း အဲ့ဒီအလုပ်ကို စိတ်ဝင်စားတယ်ဆိုတော့ ကိုယ့်ရဲ့ကွတ်စထရပ်ရှင်လုပ်ငန်းတွေ မင်းကိုသင်ပေးပြီး ဦးဆောင်ခိုင်းမယ်..အခု ဒီပရော့ဂျက်ကစပြီးပေါ့.."

"ဒါဒါ့ကို.."

"အင်း.."

"ဒါဒါမှာဘာမှမသိတာ.."

"မင်းသိပါတယ်..ဧကရီ့ကိုမင်းပြောနေတာတွေ ဘာမှမသိဘဲပြောလို့ မရပါဘူး.."

"အဲ့ဒါ ဒါဒါစာတွေဖတ်ထားတာ.."

"ဟုတ်တယ်..ကိုယ်တို့လည်းစာတွေဖတ်ပြီး အောင်မြင်ခဲ့တာလေ.."

"အမြဲတမ်းလုပ်လာတဲ့ဧကရီတောင်.."

"အလုပ်တစ်ခုအပေါ်မှာ စူးစိုက်တာထက် သူ့ငွေနေရာရဖို့ပဲ သူကြိုးစားခဲ့တာ..အဲ့ဒီအလုပ်မှာ သူဒီလိုဖြစ်လာမှာကိုလည်း ကိုယ်သိတယ်၊ ဒါကြောင့် စီးပွားရေးလုပ်မယ်လို့သူပြောတိုင်း ဘာဖြစ်ဖြစ်ကိုယ်ထုတ်ပေးနေခဲ့တာ..ပျက်စီးပါစေဆိုတဲ့စိတ်နဲ့တော့ မဟုတ်ဘူး၊ ဒါပေမဲ့ ပျက်စီးမှာပဲဆိုတာသိနေတယ်.."

"သူကရှင်နဲ့အတူလုပ်ပြီး ရှင်သင်ပြတာကို လိုချင်တာရော မဖြစ်နိုင်ဘူးလား.."

"သူဒီတိုင်းပြောခဲ့တာပဲ.."

ဒါပေမဲ့ သင်ပြတဲ့ခေါ်ဖို့ဆိုတာ အတူတကွဖြတ်သန်းကြမယ့်ခရီးကို ကိုယ်တိုင်လိုလားမှုဖြစ်လိမ့်မည်။ ဧကရီ့ကိုသူပြောချင်စိတ်လည်းမရှိ၊ တွဲချင်စိတ်ဆိုတာ အဝေးကြီး..။ ထို့ကြောင့် သူမနဲ့သူဘယ်အချိန်အခါကမှ အတူတကွလုပ်ခဲ့တယ်ဆိုတာ မရှိ။ လှည်းကူးအိမ်ရာကိစ္စမှာလည်း ကိုယ်သွားတိုင်း လိုက်ပါ့မယ်ဖြစ် ကိုယ်ပါပါမပါပါ သူမဘာသာနေရာဝင်ယူ၊ ဒါ့ကြောင့်လည်း ဒါဒါတို့ရပ်ကွက်မှာ သူနဲ့ဧကရီ့ကိုတွဲလျက် သိတဲ့လူနည်းကြသည်။ ဒါဒါနဲ့မဆုံဖြစ်သည့်ကာလအထိ ဧကရီလည်း သူမကိုယ်သူမ သားကိုကိုရဲ့ဇနီးဖြစ်ကြောင်း နေရာတကာချပြတာတွေမလုပ်တော့ ဗိုဆိုးသည်။ ဒါမှမဟုတ် ထိုစဉ်တည်းက ကံကြမ္မာဤသို့ရှိခဲ့သည်လို့ပဲ ပြောရမလား.. ၊

"အခု ကိုယ်မင်းကိုလက်ထပ်သင်ပေးမယ်.."

"ဒါဒါက ဘွဲ့ရလည်းမဟုတ်ဘဲနဲ့ ဖြစ်ပါ့မလားဟင်.."

"လုပ်ငန်းကျွမ်းကျင်တယ်ဆိုတာ ဘွဲ့ရထားပြီး ဘာမှမသိသေးတဲ့လူတွေထက် အများကြီးသာတယ်ကွ..မင်းကျွမ်းကျင်အောင် ကိုယ်သင်ပေးမှာပေါ့၊ နောက်ပြီး မင်းဘုရားတည်ချင်တယ်ဆိုတာ ကိုယ်လုပ်ပေးမယ်.."

"အဲ့ဒါဆို ဒါဒါကကိုယ့်ချွေးနည်းစာနဲ့ မဟုတ်တော့ဘူးလားဟင်.."

"အဟွန်း.."

ကလေးဆန်လိုက်တာဆိုသည့်အကြည့်တို့နှင့် ဒါဒါ့နှာခေါင်းလေးကို ဆွဲလိမ်သည်။

"ချာတိတ်လို့ခေါ်ရင်မကြိုက်ဘူး..ဘေဘီလို့ပြောင်းခေါ်ရမလားပြော"

ဒါဒါနှုတ်ခမ်းလေးစူသွားသည်။

"မေးကြည့်တာလေ..ဒါဒါက ကိုယ့်ဘာသာချွေးနည်းစာနဲ့လှူနိုင်တာကို ပီတိဖြစ်ချင်တာ၊ ကိုကို့ပိုက်ဆံနဲ့ဆိုရင်.."

"ပြောပါဦး..ကိုကိုပါကုသိုလ်ရသွားမှာစိုးလို့လား.."

"အဟွန်း.."

ဒါဒါရှက်သလိုလေးရယ်တော့ ပါးပြင်လေးကိုငုံ့နမ်းသည်။ သူမလေးကိုဒီလိုပိုင်ပိုင်နိုင်နိုင် ချစ်ခွင့်ရလာလိမ့်မည်လို့ သူမျှော်လင့်နေခဲ့ပေမယ့် ဖြစ်လာဖို့ဆိုတာ အိပ်မက်လေလားမေးရမလို။ ခုတော့ သူပိုင်ဆိုင်ခွင့်ရခဲ့ပြီ။ ကြည်နူးစိတ်တို့နှင့် သူမမျက်နှာနားလေးကပ်လိုက်တော့ သူ့ရင်ခွင်မှာ ငြိမ်ငြိမ်သက်သက်လေးကပ်နေသဖြင့်.. ၊

"ချာတိတ်..ဘာတွေတွေးနေတာလဲကွာ၊ ခဏတဖြုတ်ငြိမ်သွားရင်လည်း အဲ့ဒါကိုယ့်အကြောင်းပဲတွေး.."

"အဟွန့်.."

"ဘာလဲ..ဘာရယ်တာလဲ.."

"အမှန်အတိုင်းဝန်ခံရရင် ကိုကို့အကြောင်းတွေးတာ မဟုတ်ဘူး.."

"ဟင်.."

"အားနာပါးနာပြောရရင်တော့ နည်းနည်းပါတယ်.."

"ကိုယ့်ကိုရန်စတာဟုတ်လား.."

"အာ..ကိုကိုနော်.."

မျက်နှာလေးကိုဆွဲမော့လိုက်တော့ ဒါဒါအတင်းပြန်ငုံ့ဖို့ကြိုးစားရင်း ကိုကို့ရင်ဘက်ကိုထု၍.. ၊

"ဟန်းနီးမွန်းအကြာကြီးမထွက်ဘူးလို့ ပြောမလို့..ဒါဒါဘုရားတည်ဖို့နောက်ကျမခံနိုင်ဘူးလို့၊ အဲ့ဒါ..ကိုကိုလွတ် နှုတ်ခမ်းနီတွေပျက်ကုန်လိမ့်မယ်.."

"နှုတ်ခမ်းနီက မင်းနှုတ်ခမ်းတွေဘယ်လောက်တောင်ကိုက်ပြီး အံကြိတ်နေခဲ့မှန်းမှမသိဘဲနဲ့ အစတည်းကမရှိတော့တာ.."

"အံကြိတ်တာ နှုတ်ခမ်းနီပျက်စရာလား.."

"ကိုယ်တော့ပါသွားပြီဆိုပြီး မင်းမငိုခဲ့ဘူးလား.."

"အဲ့ဒါလည်း နှုတ်ခမ်းနီနဲ့မဆိုင်ဘူး..ကိုကိုနော်.."

"ဒါဆို အဲ့ဒီနှုတ်ခမ်းနီပျက်ဖို့အရေးအခင်းက ကိုယ်နဲ့အဓိကသက်ဆိုင်သွားပြီ.."

"ဟင့်အင်း..မညစ်နဲ့၊ ကိုကိုနော်.."

ဒါဒါရှန်းနေရင်း ရယ်နေမိသည်။ ပြီးတော့ သူ့မျက်နှာကိုရှောင်နေရင်း သူ့ခါးကိုဖက်ထားမိ၏။

"ဟား ဟိုမှာ ဟိုမှာ..ကားဒန့်ဇင်း.."

"ကိုကို..ဟိတ်ကောင် မင်းနော်.."

ဝေဒတို့နောက်တစ်ခေါက်ပြန်ရောက်လာကြတာကို ကိုကိုမြင်နေရသည်။ ဘာပြောတာလဲဆိုတာ မကြားပေမယ့် သိနေ၏။ ထင်ချင်သလိုထင် ကိုယ်ထင်တာလုပ်ခွင့်ရရေး ဒို့အရေး.. ၊

ထိုကိစ္စနဲ့ပတ်သက်၍ ကျွန်တော်မက်မောခဲ့သည့်နှုတ်ခမ်းတစ်စုံအား ဟုတ်ကဲ့..နမ်းမိပါ၏........

ပရိတ်သတ်အတွက်

ထာဝရ

သျှင်မ